# ဗုဒ္ဓ၏
# ကိုယ်တော်ဝတ္ထုများ-၂

ဓမ္မာစရိယ ဦးမောင်မောင်လေး



၉၂

ပညာပြည့်ဝ
နှလုံးလှ

“ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်တွင်းဖောက်၊ ဖြတ်တောင်ကိုမူ
ပြီးနိုင်စွာ၏”    (မဃဒေဝ)

၁၃၄၂၈

## ဓမ္မာစရိယ ဦးမောင်မောင်လေး

# ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ

[ဓမ္မပဒဇာတ်လမ်းစုံ]

[ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၃၇၉)အရ ထုတ်ဝေသည်။]

နှလုံးလှစာပေဖြန့်ချိရေး၊ အမှတ် ၅၊ လမ်း ၁၀၀၊
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း-၁၂၉၇၁

## ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၇၇-ခု၊ ဇန်နဝါရီလ အုပ်ရေ ၂၀၀၀။

## မျက်နှာဖုံးပုံနှင့် အတွင်းပုံများ

ပန်းချီ — စံတိုး

## ဘလောက်

ဘသစ်-ဘလောက်တိုက်

## အဖုံးရိုက်

ချင်းတွင်း — ပုံနှိပ်တိုက်

ဦးချစ်အောင် [၀၂၀၇]၊ လုံပ်အား ပုံနှိပ်တိုက်နှင့် [၀၁၅၂၂]
နှလုံးလှစာပေတိုက်၊ အမှတ် ၅၊ လမ်း ၁၀၄၊ ကန်တော်လေး၊
ရန်ကုန်က ရိုက်နှိပ် ထုတ်ဝေသည်။

သံချေးသည် သံကပင် ဖြစ်လာ၏။ တက်လာသော သံချေးသည် သံကိုပင်စား၍ ဖျက်ဆီးပစ်၏။

မကောင်းမှုဟူသည်မှာ ကျူးလွန် ဖြစ်မှားသူကြောင့် ဖြစ်ပေါ်၏။ ထိုမကောင်းမှုသည် ပြုလုပ်သူကိုပင် နှိပ်စက်ဖျက်ဆီး၏။

(ဓမ္မပဒပါဠိတော်၊ တိဿထေရဝတ္ထု၊)

ပညာမဲ့သောသူတို့သည် သူတပါး၏ အပြစ်ကို မြင်လွယ်၏။ မိမိ၏အပြစ်ကိုမူ မမြင်နိုင်တတ်ကြ။

ထိုသူမျိုးသည် ဖွဲ့အမှိုက်လွှင့်မြှောက်သကဲ့သို့ သူတပါး၏ အပြစ်ကို ဖော်ထုတ်တတ်၏။

(ဓမ္မပဒပါဠိတော်၊ မေဏ္ဍကသေဋ္ဌိဝတ္ထု)

# မာတိကာ


စာရေးသူ၏ရည်ညွှန်းချက် ၁၀

၁။ လူပြိတ္တာ ၁၇
၂။ သမားတော် ဇီဝက ၂၃
၃။ မိန်းမမုန်းသူ ၄၅
၄။ ဦးရိုးတော်၏ ရန်ငြိုး ၅၁
၅။ ကြာဖက်ပေါ်တွင် ရေမတင်သို့ ၅၇
၆။ ဘဝဝဋ်ရှိကြွေး ပြေးလွဲမလွတ် ၆၄
၇။ ကိုးကွယ်ရာ ၇၂
၈။ နောက်ဆံတမြင် ၇၉
၉။ လူမိုက်၏ နောင်တ ၈၃
၁၀။ ကြာပန်းအသွင် ၈၇
၁၁။ အကြံသမား ၉၂

မာတိကာ


၁၂။ မ,ဖက်လိုက် မိုက်ဖက်ပါ ၉၇
၁၃။ တန်ခိုးပြိုင်ပွဲ ၁၀၅
၁၄။ ရဟန်းသူကြွယ် ၁၂၇
၁၅။ နာဂမယ်နှင့် လုလင်ပျို ၁၃၅
၁၆။ တန်ဘိုးကြီးသော ထမင်းတနပ် ၁၄၁
၁၇။ ရောဟိနီ မင်းသမီး ၁၄၉
၁၈။ ပျောက်သောသားအား ပြန်တွေ့ခြင်း ၁၅၂
၁၉။ ဥပါဒါန် ၁၅၆
၂၀။ မိုးပျံနန်းရှင် ၁၆၀
၂၁။ ဆိတ်ရုပ် သူဌေး ၁၆၆
၂၂။ မိခင်မေတ္တာ ၁၇၃
၂၃။ ဝက်ပြိတ္တာ ၁၈၀
၂၄။ အဖြေမှန် ၁၈၇
၂၅။ အကာအကွယ် ၁၉၂
၂၆။ စိဥ္စမာဏ ၁၉၇
၂၇။ သုန္ဒရီ ၂၀၄
၂၈။ သားလေးယောက်၏ ဖခင် ၂၁၂
၂၉။ လူပျင်းလုံ့လ ၂၁၉
၃၀။ ဘုံခုနစ်ဆင့်ပြာသာဒ်ပေါ်မှ စစ်ပွဲ ၂၂၇
၃၁။ မကျသင့်သော မျက်ရည် ၂၃၅
၃၂။ ရွှေတောင်သူဌေး ၂၄၀
၃၃။ တံလျှပ်ကို ရေထင်၍ ၂၄၈
၃၄။ ပတ္တမြားသူဌေး ၂၅၆
၃၅။ အဆိပ်ပြင်းသော မြွေ ၂၆၈

၃၆။ သဒ္ဒါလွန်သူ ၂၇၃
၃၇။ စိတ်ကြမ်းမာန်လျော့ ၂၇၆
၃၈။ ခေမာဒေဝီ ၂၈၄
၃၉။ သူဌေးသားနှင့် ကချေသည် ၂၉၁
၄၀။ ခုနစ်နှစ်အရွယ် တန်ခိုးရှင် ၃၀၀
၄၁။ အန္တရာယ် ၃၀၃
၄၂။ လရောင်ထွက်သော ပုဏ္ဏားပျို ၃၁၈
၄၃။ လက်ညှိုးပန်းနှင့် သောင်းကျန်းသူ ၃၂၄
၄၄။ လင်ထက်သာသော မယား ၃၃၇
၄၅။ ဘဝဲဟောင်းမှ မိခင် ၃၄၃
၄၆။ ဝေသာလီသို့ တခေါက် ၃၄၈
၄၇။ အလှူပြိုင်ပွဲ ၃၅၈



# စာရေးသူ၏ ရည်ညွှန်းချက်

ဗုဒ္ဓရှင်တော်မြတ် ဟောကြားဆုံးမတော်မူခဲ့သည့် တရားဒေသနာများ၏ ဦးတည်ချက်သည်-

မကောင်းသော အပြုအမူ၊ အပြောအဆိုဟူသမျှကို ရှောင်ရှားခြင်း။
ကောင်းသောအပြုအမူ၊ အပြောအဆိုဟူသမျှကို ပြုလုပ်ပြောဆိုခြင်းနှင့်-
မိမိစိတ်ကို ဖြူစင်သန့်ရှင်းအောင် ပြုပြင်ထိန်းသိမ်းခြင်း
တို့ပင် ဖြစ်ပေသည်။

ဗုဒ္ဓသည် လေးဆယ့်ငါးဝါမျှသော အချိန်ကာလ အတွင်း ထိုထိုသော သတ္တဝါတို့အား တရားဒေသနာများကို ဟောကြားသည့်အခါ အထက်ပါ ဦးတည်ချက်သုံးရပ်ကို ဦးတည်၍သာ အစဉ်အမြဲဟောကြားလေ့ ရှိပေသည်။

သို့သော်လည်း ပုဂ္ဂိုလ်ကြီးငယ် ရွေးချယ်ခွဲခြားခြင်း မပြု၊ အချိန်အခါ အခြေအနေကိုလည်း ဆင်ခြင်သုံးသပ်ခြင်း မပြုဘဲ မိမိဟောလိုသည့်တရားကိုသာ တမျိုးတည်း၊ တပုံစံတည်းဖြင့် ဒလဟောသွန်ချဟောပြောသည်ကား မဟုတ်ချေ။ နာယူမည့် ပုဂ္ဂိုလ်၏စိတ်ပိုင်းဘဝနှင့် ကာလ ဒေသအခြေအနေတို့ကို ဝေဖန် သုံးသပ်၍ဆီလျော်မည့်ပုံသဏ္ဍာန်၊ ဆီလျော်မည့် အနေအထား ဖြင့်သာ ဟောကြားခြင်းပြုခဲ့လေသည်။

ဗုဒ္ဓ၏ ဟောကြားချက်များကို အခြေခံအားဖြင့် 'ဓမ္မ' နှင့် 'ဝိနယ' ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ယင်းနှစ်မျိုးတွင် 'ဓမ္မ' ဟူသည် တရားသဘောကို ဆိုလိုခြင်းဖြစ်ပြီး 'ဝိနယ' မှာကား သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ လိုက်နာကျင့်ကြံရမည့် စည်းကမ်းဥပဒေများ ဖြစ်လေသည်။

တနည်းဆိုသော် ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါတို့၏ကိုယ်မှု နှုတ်မှုမှန်ကန်ကောင်းမွန်ရေး၊ စိတ်ထား ဖြူစင်ဖြောင့်မတ်ရေး အတွက် တခါတရံတရားဓမ္မကို ဟောကြား ညွှန်ကြားပြခဲ့သည်။ တခါတရံတွင်မူ ဝိနည်းဆိုင်ရာစည်းကမ်းဥပဒေတို့ကို ချမှတ်ပေး ခဲ့သည်။

တရားဓမ္မတို့ကို ဟောကြားညွှန်ပြရာတွင် နာယူရမည့် ပုဂ္ဂိုလ် ၏အနေအထားကိုလိုက်၍၎င်း၊ အချိန်အခါ၊ နေရာဒေသ စသည့် ပတ်ဝန်းကျင်အခြေအနေများကိုလိုက်၍၎င်း ကွဲပြားခြားနားမှု များရှိလေသည်။ ရှည်လျားစွာ ဟောကြားသင့်သည့် အခါ ရှည်လျားစွာဟောကြား၍ တိုတိုကျဉ်းကျဉ်းမျှသာ ဟောကြား သင့်သည့်အခါ၌လည်း တိုတိုကျဉ်းကျဉ်းမျှသာ ဟောကြားခဲ့ ပေသည်။

# စာရေးသူ၏ ရည်ညွှန်းချက်

တရံရောအခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်သည် ဗုဒ္ဓရှင်တော်မြတ်ထံသို့ ချဉ်းကပ်၍ ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးများကို မေးလျှောက်သည်။ ထိုအခါ ဗုဒ္ဓက ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးများကိုတခုပြီးတခု အသေးစိတ်ရှင်းလင်း ဟောပြရာ ရှည်လျားသော သုတ္တန်ကြီးတခု ဖြစ်သွားလေသည်။ ဤကဲ့သို့ တခမ်းတနား ဟောကြားခဲ့သော သုတ္တန်ကြီးသည် ဒီဃနိကာယ်၌ သာမညဖလသုတ်ဟူသော အမည်ဖြင့် ထင်ရှား လျက်ရှိသည်။

လင်သေ သားဆုံးဖြစ်၍ ဒုက္ခမီးဝိုင်းဝိုင်းလည်နေသောသူဌေး သမီးပဋာစာရီကိုမူ ဗုဒ္ဓက တပုဒ်တည်းသော ဂါထာဖြင့်ပင် သောကမီးငြိမ်းအေးစေခဲ့သည်။ ဤကဲ့သို့သော အခြေအနေတွင် ရှည်လျားထွေပြားသော တရားဒေသနာများကို ဟောကြားမည် ဆိုလျှင် ခံယူနိုင်စွမ်းရှိမည် မဟုတ်သည်ကို ဗုဒ္ဓက ကောင်းစွာ ပိုင်းခြား၍ သိမြင်တော်မူခဲ့သည်။ ထို့ကြောင့် ဘဝနာနေသော ပဋာစာရီအား သူမ၏ ဘဝဇာတ်လမ်းနှင့် တိုက်ဆိုင်မှုရှိသော အကြောင်းတရပ်ကိုသာ ထောက်ပြတော်မူခဲ့သည်။

ဤကဲ့သို့ တပုဒ်တဂါထာမျှသော တရားဖြင့် အမှန်တရားကို သိမြင်၍ ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်သွားခဲ့ကြသော ပုဂ္ဂိုလ်တို့၏ ဘဝဇာတ်လမ်းများသည် ပါဠိတော်၊ အဋ္ဌကထာ စသည် ဗုဒ္ဓစာပေဆိုင်ရာကျမ်းဂန်တို့၌ အမြောက်အမြား ပါဝင် လျက်ရှိသည်။

အထူးအားဖြင့် ဓမ္မပဒအဋ္ဌကထာ၊ ထေရဂါထာ၊ထေရီဂါထာ အဋ္ဌကထာတို့၌ ယင်းသို့သော ဇာတ်လမ်းများကို တစုတစည်းတည်း တွေ့မြင်ရပေသည်။

ထိုကဲ့သို့သော ဘဝဇာတ်လမ်းများသည်လူသားတို့၏ ဘဝအတွေ့အကြုံများဖြစ်၍ စိတ်ဝင်စားဘွယ် ကောင်းလှပေသည်။ အသိထူး၊ အမြင်ထူးကို ရရှိကြပုံနှင့် ဆက်စပ်နေသောကြောင့် မှတ်သားစရာ၊ သင်ခန်းစာ ယူစရာများလည်း ပါဝင်လျက်ရှိကြသည်။

ဤအချက်ကို ကောင်းစွာသိမြင်ခဲ့ကြသော ရှေးခေတ်ပုဂ္ဂိုလ်ကြီးတို့သည် မြန်မာစာဖတ်ပရိသတ်အတွက် ဓမ္မပဒအဋ္ဌကထာစသော ကျမ်းကြီးများကို မြန်မာမှုပြုပေးခဲ့ကြလေသည်။

သို့ရာတွင် မူရင်းပါဠိကျမ်းများ၏ အနေအထား အတိုင်း ရှေးနည်းရှေးဟန်၊ ရှေးပုံစံဖြင့်သာ ရေးသားထားသည့် အဆိုပါကျမ်းများသည် ယခုခေတ်စာဖတ်ပရိသတ်အများစုနှင့် အတော်ပင် အလှမ်းကွာလျက်ရှိလေသည်။

သို့ဖြစ်၍ "ဓမ္မပဒအဋ္ဌကထာ"မှစိတ်ဝင်စားဘွယ်ကောင်းသည့် ဝတ္ထုအချို့ကို ခေတ်လူတို့ ဖတ်ရှုလွယ်ကူမည့် အစီအစဉ်ဖြင့် စာအုပ်တအုပ် ရေးသားပြုစုခဲ့ပေသည်။ ယင်းစာအုပ်ကိုလည်း "ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ"ဟူ၍ ခပ်လွယ်လွယ် အမည်ပေးခဲ့လေသည်။

အမှန်စင်စစ်"ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ" သည်ဗုဒ္ဓရှင်တော်မြတ်၏ဖြစ်စဉ်များမဟုတ်။ ငါးရာငါးဆယ်နိပါတ်တော်ကဲ့သို့ ဗုဒ္ဓလောင်းလျာ၏ ဘဝဖြစ်စဉ်များလည်း မဟုတ်ပေ။ ဗုဒ္ဓကို အကြောင်းပြု၍အသိမှန်အမြင်မှန်ကို ရရှိသွားကြသော အမျိုးသား၊ အမျိုးသမီးတို့၏ ဘဝဇာတ်လမ်းများသာ ဖြစ်ပေသည်။

# စာရေးသူ၏ ရည်ညွှန်းချက်

သို့ရာတွင် ဇာတ်လမ်းအသီးသီးကို အဆုံးအဖြတ်ပေးသည့် ပုဂ္ဂိုလ်မှာ ဗုဒ္ဓရှင်တော်မြတ်ပင် ဖြစ်နေသောကြောင့် "ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ" ဟူ၍ အမည်တပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်ဤစာအုပ်တွင် ဖော်ပြထားသော ဝတ္ထုများသည် အကြောင်းအရာအားဖြင့်ရင်း၊ အသွင်အပြင် အနေအထားအားဖြင့်ရင်း မည်သို့ပင်ကွဲပြားခြားနားကြစေကာမူဦးတည်ချက်မှာမူ တခုတည်းပင်ဖြစ်သည်။ ယင်းဦးတည်ချက်ကားအခြားမဟုတ်။ ဗုဒ္ဓ၏ ဟောကြားလမ်းညွှန်ချက်ကို ကြားနာရသဖြင့် အသိမှန် အမြင်မှန်ကို ရရှိသွားကြခြင်းပင် ဖြစ်သည်။

ကျွန်တော်သည် ဤစာအုပ်ကို ရေးသားပြုစုရာ၌ အထက်ပါ ဦးတည်ချက်ကို အတတ်နိုင်ဆုံး ဖော်ညွှန်းခဲ့ပါသည်။ သို့ရာတွင် သမိုင်းကျပုံစံအတိုင်း တိုက်ရိုက်ကျလွန်းသောနည်းဖြင့်ဖော်ညွှန်းခြင်းမဖြစ်ရန်လည်း အထူးသတိပြုခဲ့လေသည်။

မူရင်း "ဓမ္မပဒကျမ်း" တွင် ဝတ္ထုနှင့်ဂါထာဟူသည် တသီးတသန့်စီကွဲ့သို့တည်ရှိနေ၏။ အများအားဖြင့် ဝတ္ထုများကိုဂါထာတို့၏ အနက်အဓိပ္ပာယ် ဖော်ဆောင်နိုင်ရန် နိဒါန်းသွယ်ပေးသည့် အကြောင်းအရာများဟူ၍သာ ယူဆခဲ့ကြလေသည်။

ကျွန်တော်သည် ဗုဒ္ဓစာပေကို နှစ်ပေါင်း အတော်များများ လေ့လာမှတ်သားခွင့် ရရှိခဲ့သူ တဦးဖြစ်ပါသည်။ မိမိ၏လေ့လာချက်အရ ဓမ္မပဒဝတ္ထုများတွင် ဓမ္မကြောင်း ဦးတည်ချက်တခု ပါရှိရုံသာမကဘဲ လောကအမြင်ဖြင့် မှတ်သားစရာ၊ အတုယူစရာ

လည်းအပြည့်အဝ ပါဝင်နေသည်ဟု ခံယူ သဘောပေါက်ခဲ့ရပေသည်။

ပွင့်ပွင့်လင်းလင်းဆိုရသော် ဤဝတ္ထုများကို–
ဘာသာရေးအမြင်ဖြင့် ဖြစ်စေ၊
လောကအမြင်ဖြင့် ဖြစ်စေ၊
ဖတ်ရှုလေ့လာနိုင်ကြောင်း အညွှန်းပြုလိုပေသည်။

ယင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဝတ္ထုများကို မူရင်းသို့ မလိုက်ဘဲလွတ်လပ်စွာ အမည်တပ်၍ ဖော်ပြထားပေသည်။

ထို့ပြင်ဂါထာများကိုလည်း တသီးတသန့် ခွဲခြားဖော်ပြခြင်း မပြုဘဲ ဝတ္ထုဇာတ်လမ်းနှင့် တသားတည်း၊ တစပ်တည်း ဖြစ်အောင် သွင်း၍ရေးသားထားပေသည်။

နောက်ဆုံးအနေဖြင့် ကျွန်တော်၏ရည်ညွှန်းချက်ကို ချုပ်၍ တင်ပြလိုပေသည်။

ဤ"ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ-၂"သည် ဓမ္မပဒမှ သိမှတ်ဖွယ်ကောင်းသည့် ဝတ္ထုတို့ကို ခေတ်လူတို့ လက်လှမ်းမှီနိုင်မည့် အစီအစဉ်ဖြင့် ပုံပြင်ရေးသားထားခြင်း ဖြစ်လေသည်။

ယင်းသို့ ပုံပြင်ရေးသားရာတွင် မူရင်းဝတ္ထု၏ အနှစ်သာရနှင့် ဦးတည်ချက်များ ပျက်ပြယ်မသွားစေရန် အထူးသတိထားခဲ့ပေသည်။ လိုအပ်သည့် နေရာများတွင် သက်ဆိုင်ရာ အခြား

## စာရေးသူ၏ ရည်ညွှန်းချက်

ပိဋကတ်ကျမ်းဂန်တို့နှင့်လည်း ညှိနှိုင်းခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်ထားကြောင်း အသိပေးလိုပေသည်။

ထို့ကြောင့် ဤ"ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ-၂"သည် ယခင် ထုတ်ဝေခဲ့ပြီးသော ပထမပိုင်းကဲ့သို့ပင် ဗုဒ္ဓစာပေကို လေ့လာ သုံးသပ်လိုသော စာဖတ်ပရိသတ်၏အကြိုက်နှင့် ကိုက်ညီလိမ့်မည် ဟု မြော်လင့်ရပေသည်။

ဦးမောင်မောင်လေး
၂၉-၁၂-၇၆။



# လူပြိတ္တာ

သာဝတ္ထိပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသည့် အာနန္ဒာ အမည်ရှိသော သူဌေးကြီးတဦးရှိ၏။ ထို သူဌေးကြီးသည် သုံးမကုန် စွဲမကုန်အောင် ကြွယ်ဝသော်လည်း အလွန်နှမြောတွန့်တိုသူ ဖြစ်၏။ ပစ္စည်း ဥစ္စာများကို သူတပါးတို့အား ပေးလှူရန် မဆိုထားဘိ မိမိကိုယ်တိုင်ပင် မသုံးရက် မစွဲရက်ချေ။ သူ၏သားမယားများမှာလည်း သူဌေးကတော်, သူဌေးသား-သမီးများဖြစ်ကြစေကာမူ ကောင်းကောင်းမွန်မွန် လှလှပပ ဝတ်စားဆင်ယင်ခွင့် မရကြပေ။

ထိုသူဌေးကြီး၏သားကား 'မူလသိရိ' ဟုအမည်တွင်၏။ သူဌေးကြီးသည် ထိုသားအား ပစ္စည်းဥစ္စာနှင့် စပ်၍ အမြဲမပြတ် ဆုံးမဩဝါဒ ပေးလေ့ရှိ၏။

"ချစ်သား..၊ ငါတို့မှာရှိတဲ့ ပစ္စည်းတွေကို များလှပြီဟု မထင်နှင့်။ မချွေတာရင် လွယ်လွယ်နဲ့ ကုန်သွားနိုင်တယ်။ ရှိပြီး

ပစ္စည်းကို တပြားတချပ်မှ မကုန်အောင်လုပ်ပါ။ မရသေးတဲ့ ပစ္စည်းကိုလဲ ရအောင်လုပ်ပါ”

ဖခင်၏ သတိပေးဆုံးမမှုကို အမြဲမပြတ် ကြားနာခံယူနေရ သည့်အတွက် သူဌေးသား မူလသိရှိမှာလည်း ဘာကိုမျှ လွတ် လွတ်လပ်လပ် သုံးစွဲခွင့်မရ၊ ဘခင်ခိုင်းသမျှ အလုပ်များကို သာ ကုန်း၍ လုပ်ပေးနေရရှာလေသည်။

အမှန်အားဖြင့် သူဌေးကြီး အာနန္ဒာသည် သူစိမ်းတရံဆာ များ အပေါ်၌သာ နှမြောတွန့်တိုသည်မဟုတ်။ ပစ္စည်းနှင့် ပတ် သက်လျှင် မိမိ၏ သားမယားများကိုပင် မယုံကြည်နိုင်သူ ဖြစ် ၏။ ထို့ကြောင့် သူသည် အဖိုးထိုက်တန်သော ရွှေ၊ ငွေ၊ ရတနာ အချို့ကို သား မယားများအား အသိမပေးဘဲ မိမိဘာသာ လျှို့ဝှက်သိမ်းဆည်းထား၏။

ယင်းသို့ မစားရက် မသုံးရက်ဖြင့်ပင် သူဌေးကြီး ကွယ်လွန် သွားရာ သားကြီး မူလသိရှိသည် ဖခင်၏ ပစ္စည်းများနှင့် သူဌေး ရာထူးကို ဆက်ခံရရှိလေသည်။

ကွယ်လွန်သွားသော သူဌေးကြီးကား သာဝတ္ထိမြို့တော် အနီးရှိ ဒွန်းစဏ္ဍားရွာဝယ် တဦးသော ဒွန်းစဏ္ဍားမ၏ ဝမ်း၌ ပဋိ သန္ဓေ နေလေ၏။ ထိုကလေး ပဋိသန္ဓေနေသည့် အချိန်မှစ၍ ဒွန်းစဏ္ဍားရွာ၌ ထူးခြားမှုတခု ဖြစ်ပေါ်လာ၏။

ယင်း ထူးခြားမှုကား ဒွန်းစဏ္ဍားများအတွက် စားဝတ် နေ ရေး အလွန်းအကြူး ကျပ်တည်းလာခြင်းဖြစ်၏။ ထိုရွာ၌ နေ သော ဒွန်းစဏ္ဍားတို့တွင် အချို့သည် ရရာအလုပ်ကို ရှာဖွေ လုပ်ကိုင်၍ ရသောလုပ်ခဖြင့် အသက်မွေးကြ၏။ အချို့ကမူ

ခွက်လက်စွဲကာ မြို့တွင်း၌လှည့်လည်၍ တောင်းရမ်း စားသောက်ကြ၏။ ထိုကာလေး ပဋိသန္ဓေ နေသောအချိန်မှစ၍ အလုပ်လုပ်ကိုင်သော ဒွန်းစဏ္ဍားများသည် ယခင်ကကဲ့သို့ အလုပ်ရှာဖွေ၍ မရတော့သဖြင့် များစွာ ဆင်းရဲဒုက္ခ ရောက်ကြလေ၏။ တောင်းရမ်း စားသောက်သူများမှာလည်း မြို့တွင်း၌ တနေကုန် လှည့်လည်ကြသည့်တိုင်အောင် တနပ်စာပင်ဝအောင် တောင်းရမ်း၍ မရကြချေ။

ယင်းသို့ တရွာလုံး အတိဒုက္ခ ရောက်ရခြင်းနှင့် ပတ်သက်၍ ရွာသားများသည် အကြောင်းရင်းကို ရှာကြံ စဉ်းစားကြသော်လည်း ရှာတရက်သော် စဉ်းစား၍ မရနိုင်ကြချေ။ ရက်အတန်ကြာသော အခါ၌ကား ယင်းကိစ္စ၏ လက်သည်မှာ အလိုလိုထင်ရှားပေါ်ထွက်လာလေ၏။

ဒွန်းစဏ္ဍားများအလုပ်လုပ်ရန်ထွက်ကြသည့်အခါ ထိုကလေး၏ ဖခင်ပါသည့်နေ့၌ အလုပ်ရှာ၍မရ။ မပါသည့် နေ့၌ကား အလွယ်တကူပင် အလုပ်ရကြ၏။ မြို့ထဲ၌ လှည့်လည်၍တောင်းရမ်းကြသူများတွင်လည်း ထိုကလေး၏ မိခင်ပါသည့်နေ့တွင် တောင်း၍ မရသဖြင့် ခွက်ဟောင်းလောင်းနှင့်သာ ပြန်လာကြရ၏။ သူမ မပါသည့်နေ့၌ကား စားစရာ သောက်စရာများကို လွယ်လွယ်ဖြင့် ပင်ရရှိကြလေသည်။

ယင်းသို့သော ထူးခြားမှုကို ထင်ရှားစွာ တွေ့ရှိလာကြသဖြင့် ရွာသားတို့သည် ထိုကလေး၏ မိသားစုကိုပင် ပစ်ပယ်လာကြ၏။ “လပ်တိတ်သော အိမ်ထောင်စု”ဟု သတ်မှတ်၍ အပေါင်းအသင်း မလုပ်ဘဲ ရှောင်ရှားလာကြ၏။

ထိုဒွန်းစဏ္ဍားမကား ဤသို့ ဆင်းဆင်းရဲရဲ စားသောက်နေထိုင်ရင်းဖြင့်ပင် ကိုးလလွန် ဆယ်လရောက်၍ သားယောကျ်ားကလေးကို ဖွားလေသည်။

မိဘများသည် သားယောကျ်ားလေးကို ရရှိစေကာမူ မပျော်နိုင်ကြပေ။ အဘယ့်ကြောင့်ဆိုသော် ထိုကလေး ကိုယ်ဝန်ရှိသည့်အချိန်မှစ၍ မိမိတို့ စားဝတ်နေရေး ကျပ်တည်းခဲ့ရာ နောင်တွင်လည်း ဆက်၍ ဒုက္ခရောက်ဦးမည်ဟု တွေးမိကြသောကြောင့်ဖြစ်ပေသည်။

ထို့ပြင် ကလေးမှာ အလွန် အရုပ်ဆိုး၏။ ခေါင်းသည် ကိုယ်နှင့် မမျှအောင် သေးပြီး ခြေလက်များမှာလည်း ကွေးကောက်နေကြ၏။ အသားမဲမဲ၊ နှာရောင်ကောက်ကောက်၊ နဖူးမောက်မောက်ဖြင့် မြေဘုတ်ဘီလူးကလေး ပေလောဟုပင် ထင်မှားရလေသည်။

ဤသို့ အခြားကလေးများနှင့် မတူအောင် ထူးခြားစွာအကျည်းတန် အရုပ်ဆိုးလှသော်လည်း မိခင်ကား မိမိရင်သွေးကို မပစ်ရက်ဘဲ ကျွေးမွေး စောင့်ရှောက်လာခဲ့၏။ သို့ရာတွင် ယင်းကလေးကို ကျွေးမွေးစောင့်ရှောက်ရသည်မှာ ကိုယ်ဝန်သည်ဘဝထက်ပင် ဆင်းရဲပင်ပန်းလှပေသည်။ ကလေးကို ပွေ့ချီ၍ ခေါ်သွားကာ လှည့်လည်တောင်းရမ်းသည့် နေ့များ၌ စားစရာလုံးဝမရ။ ထို့ကြောင့် အိမ်မှာပင် ဖြစ်သလို ပစ်၍ ထားခဲ့ရ၏။

ထိုကလေး လေး-ငါးနှစ်သား အရွယ်သို့ ရောက်လာသောအခါတွင် ခွက်တလုံးပေး၍ တယောက်တည်း အတောင်းလွှတ်လိုက်၏။ ကလေးငယ်သည် မြို့ထဲ၌ လှည့်လည်တောင်းရမ်းစဉ် မူလသိရှိ သူဌေး၏ အိမ်အနီးသို့ ရောက်လာ၏။ ယခင်ဘဝက

မိမိ နေခဲ့ရဘူးသော အိမ်ကြီးကိုမြင်လျှင် ကလေး ငယ်သည် ဇာတိဿရ ဉာဏ်ကို ရ၍ မိမိ၏ ဘဝဟောင်းက အဖြစ်အပျက် များကိုပြန်ပြောင်း သတိရလာ၏။ ထို့ကြောင့် အိမ်ထဲသို့ ဝင် သွားရာသူဌေး၏ တံခါးစောင့်များသည် အမှတ်တမဲ့နေခိုက်ဖြစ်၍ မမြင်လိုက်ကြချေ။

မဲမဲတုတ်တုတ်ဖြင့် ပုဆိုးစုတ်ကလေးကို ဝတ်၍ အိမ်ထဲသို့ ရုတ်တရက်ဝင်လာသော ဒုန်းစဏ္ဍားကလေးကို သူဌေး၏ ကလေး ငယ်များမြင်လျှင် ထိတ်လန့်ကြောက်ရွံ့၍ အော်ဟစ်ငိုကြွေးကြ လေသည်။ ထိုအခါ ကျေးကျွန်အစောင့်အရှောက်တို့က "ဟယ်- ကျက်သရေတုံးသော သူယုတ်၊ အဘယ့်ကြောင့် အိမ်ထဲသို့ ဝင် လာဘိသနည်း" ဟု ဆိုကာ ရိုက်နှက်မောင်းထုတ်လိုက်ကြ၏။

ထိုအချိန်တွင် ရှင်အာနန္ဒာနှင့်အတူ မြို့တွင်းသို့ ဆွမ်းခံကြွလာ သော ဗုဒ္ဓရှင်တော်မြတ်သည် မူလသိရိ သူဌေး၏ အိမ်အနီးသို့ ဆိုက်ရောက်လာ၏။ ထိုဒုန်းစဏ္ဍားကလေးကို မြင်လျှင် ဗုဒ္ဓသည် ရှင်အာနန္ဒာအား ကလေး၏ ဘဝဖြစ်စဉ်ကို ထုတ်ဖော် မိန့်ကြား လေသည်။

ထိုအခါ ရှင်အာနန္ဒာသည် မူလသိရိသူဌေးကို ခေါ်စေ၏။ သူဌေးသည် အိမ်မှထွက်လာပြီး ဗုဒ္ဓအား ရှိခိုးနေလေရာ ဗုဒ္ဓက ဤသို့ မိန့်ကြားတော်မူ၏။

"သူဌေးကြီး၊ ဤသူငယ်ကို သင်သိ၏လော"

"မသိပါ ဘုရား"

"သူဌေးကြီး၊ ဤသူငယ်ကား အခြားသူမဟုတ်၊ သင့်ဖခင် အာနန္ဒာသူဌေးကြီးပင် ဖြစ်၏"

၁၃၄၂၈

မူလသိရိသည် ရုတ်တရက်သော် ဗုဒ္ဓ၏စကားကိုမယုံကြည်နိုင်သကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့် ဗုဒ္ဓက ဒုန်းစလွှားကလေးအား–

"အို–သူငယ်၊ အရင်ဘ၀က သင်လျှို့ဝှက် မြှုပ်နှံထားခဲ့တဲ့ ပစ္စည်းတွေကို သင့်သားအား ပြလိုက်လော"ဟု မိန့်ကြားတော်မူသည်။


သူငယ်သည် အိမ်ထဲသို့ လိုက်သွားပြီး မိမိလျှို့ဝှက်စွာ မြှုပ်နှံထားခဲ့သည့် ရွှေအိုးကြီးငါးလုံးကို ညွှန်ပြလေသည်။ ထိုအခါတွင်မှ မူလသိရိလည်း အကြွင်းမဲ့ ယုံကြည်သွားတော့၏။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် မူလသိရိသူဌေးအား တရားဒေသနာကို ဟောတော်မူ၏။

"ဒါယကာ....၊ ငါ့မှာ သားသမီးတွေရှိ၏။ ပစ္စည်းဥစ္စာတွေရှိ၏ ဟု စွဲစွဲလမ်းလမ်းနေသူကား စိတ်ပင်ပန်းဆင်းရဲရ၏။ အမှန်အားဖြင့် ထိုသားသမီး ပစ္စည်းဥစ္စာများသည် ကိုးကွယ်အားထားရာ မဟုတ်။ မိမိသည်သာ မိမိ၏ ကိုးကွယ်ရာပင် ဖြစ်ပေ၏။"

တရားအဆုံး၌ များစွာသော လူတို့ အကျွတ်တရား ရရှိသွားကြ၏။

[ဗာလဝဂ်၊ အာနန္ဒသေဋ္ဌိဝတ္ထု]



# သမားတော် ဇာတက

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင် တချိန်က ထင်ရှားခဲ့သည့် တိုင်းကြီး သောဠသတို့တွင် အပါအဝင်ဖြစ်သော မဂဓတိုင်း၏ မြို့တော် ရာဇဂြိုဟ်နှင့် ဝဇ္ဇီတိုင်း၏မြို့တော် ဝေသာလီတို့ကား အပြိုင်အဆိုင် သဘောဖြင့် တည်ရှိခဲ့ကြ၏။

ဘုရင်ဗိမ္ဗိသာရ စိုးစံရာ ရာဇဂြိုဟ်မြို့တော်သည် ဧနအင်အား ပြည့်စုံကြွယ်ဝဘိသကဲ့သို့ လိစ္ဆဝိမင်းသားတို့၏ စုပေါင်းအုပ်ချုပ် သည့် ဝေသာလီမြို့တော်မှာလည်း အင်အားတောင့်တင်းသော မြို့နိုင်ငံတခု ဖြစ်ခဲ့ပေသည်။

ရာဇဂြိုဟ်သည် ဂင်္ဂါမြစ်၏တောင်ဘက် ငါးယူဇနာအကွာ၌ တည်ရှိ၍ ဝေသာလီကား ဂင်္ဂါမြစ်၏မြောက်ဘက် သုံးယူဇနာ ခရီးတွင် တည်ရှိလေသည်။ နယ်နိမိတ်ချင်းဆက်စပ်နေသည့်နိုင်ငံ နှစ်ခုဖြစ်၍ တနိုင်ငံမှ တနိုင်ငံသို့ ဖောက်ကားရောင်းဝယ် ကုန် သွယ်မှု ပြုလုပ်နေသူများလည်း အဆက်မပြတ် ရှိခဲ့ကြ၏။

တရံရောအခါ ရာဇဂြိုဟ်မှ ကုန်သည်ကြီးတဦးသည် အရောင်းအဝယ်ကိစ္စဖြင့် ဝေသာလီသို့ဆိုက်ရောက်သွားလေ၏။ထိုကုန်သည်ကြီးသည် အိုးအိမ်တိုက်တာ အဆောက်အဦများဖြင့် ခမ်းနားကြီးကျယ်သောဝေသာလီမြို့တော်ကြီးကိုမြင်ရလျှင်ရင်သပ်ရှုမောအံ့သြမဆုံးရှိလေသည်။ မြို့ရိုး၊ကျုံး၊မြောင်း၊ ရေမြောင်း၊ တံတားစသည့် မြို့ပြအင်္ဂါရပ်များမှာ ရာဇဂြိုဟ်၌လည်းရှိသဖြင့် ထူးခြားလှသည်ဟု မဆိုသာ။ ၇၇၀၇ ယောက်သော လိစ္ဆဝီမင်းသားတို့စံပျော်ရာ နန်းပြာသာဒ်ဆောင်များနှင့် အစည်းအဝေးကျင်းပရာလွှတ်တော် အဆောက်အဦကြီးမှာမူ သူ့အတွက် အသွင်အပြင်သစ်တရပ်ဖြစ်၍ နေပေသည်။

ရာဇဂြိုဟ်သား ကုန်သည်ကြီးသည် ထို့ထက်ပို၍ စိတ်ဝင်စားဘွယ်ကောင်းသည့် အခြင်းအရာတရပ်ကိုလည်း တွေ့မြင်မိပြန်လေသည်။ ထိုအခြင်းအရာကား တခြားမဟုတ်။ အမ္ဗပါလီအမည်ရှိသော ပြည့်တန်ဆာမပင်ဖြစ်၏။ အမ္ဗပါလီသည် ပျိုမျစ်နုနယ် အလှကြွယ်သူကလေး ဖြစ်ရုံသာမက အဆိုအက စသည်တို့ဖြင့် ယောကျ်ားများ စွဲလမ်းနှစ်သက်အောင် ဆွဲဆောင်နိုင်သူလည်း ဖြစ်ပေသည်။

သူမသည် ပြည့်တန်ဆာမဟု ဆိုစေကာမူ သာမန်အပေါစားပြည့်တန်ဆာမတဦး မဟုတ်။ လိစ္ဆဝီမင်းသားတို့ ကိုယ်တိုင်ကနေအိမ်၊ ယာဉ်ရထား စသည့် အဆောင်အယောင်များဖြင့်တခမ်းတနား မြှောက်စားထားခြင်း ခံရသူဖြစ်၏။ တနည်းဆိုသော် အမ္ဗပါလီသည် လိစ္ဆဝီမင်းသားများနှင့် အထက်တန်းစားသူဌေးသူကြွယ်တို့အတွက် သီးသန့်ထားရှိသော ပျော်တော်ဆက်မယ်ကလေး ဖြစ်ပေသည်။ထို့ကြောင့် သူမနှင့် ပျော်ပါးလိုလျှင်

တညတာအတွက် အသပြာငွေငါးဆယ်ပေးနိုင်မှသာ ပျော်ပါးခွင့်ရရှိကြလေသည်။

ရာဇဂြိုဟ်သား ကုန်သည်ကြီးများသည် ဝေသာလီ၌အရောင်းအဝယ်ကိစ္စ ပြီးစီး၍ ရာဇဂြိုဟ်သို့ ပြန်ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီးထံ ဝင်ရောက် ခစားလေ၏။ မိမိမြင်တွေ့ခဲ့ရသောဝေသာလီမြို့တော်၏ ကြီးကျယ်စည်ကားပုံကို ချီးကျူးလျှောက်တင်ပြီး ရာဇဂြိုဟ်၌လည်း၊ ပြည့်တန်ဆာမတဦးထားသင့်ကြောင်းအကြံပေး တင်ပြလေသည်။

မင်းကြီးသည် ထိုကုန်သည်ကြီး၏ အကြံပေး တင်ပြချက်ကိုနှစ်သက်သဖြင့် မှူးမတ်တို့အား သင့်လျော်သော အမျိုးသမီးတဦးကို ရှာဖွေရန် ညွှန်ကြားလေသည်။ မှူးမတ်တို့သည် မင်းကြီး၏ ညွှန်ကြားချက်အရ ရှာဖွေကြရာ သာလဝတီ အမည်ရှိသောမိန်းမပျိုတဦးကို ရရှိကြ၏။ သာလဝတီသည် အဆင်းလှခြင်း၊ အရွယ်နုပျိုခြင်း စသော အရည်အချင်းများနှင့် ပြည့်စုံရုံသာမက ဆွေကြီး မျိုးကြီးမှ ဆင်းသက်လာသူလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ သာလဝတီအား ပြည့်တန်ဆာမ အဖြစ် အများသဘောတူ ရွေးချယ်တင်မြှောက်ကြသည်။ မင်းကြီးက အသပြာတသိန်း၊ ပြည်သူတို့က အသပြာငွေနှစ်သိန်းအားဖြင့် သုံးသိန်းသော အသပြာတို့ကို ပေး၍ ယာဉ်ရထား၊ နေအိမ် စသည့်အဆောင်အယောင်များဖြင့် မြှောက်စားချီးမြှင့်ခြင်းပြုကြသည်။ သူမနှင့် ပျော်ပါးလိုလျှင် တညတာအတွက် အသပြာငွေတရာပေးရမည်ဟု သတ်မှတ်ထားလေသည်။

သာလဝတီသည် ပြည့်တန်ဆာမဖြစ်၍ မကြာမြင့်မီမှာပင် ဗိမ္ဗိသာရမင်းကြီး၏ သားတော်တဦးဖြစ်သော အဘယမင်းသား

နှင့် ပျော်ပါးရာမှ ကိုယ်ဝန်ရှိလာ၏။ ကိုယ်ဝန်ရင့်လာသော အခါ သူမသည် ယောကျ်ားများနှင့်အတွေ့မခံတော့ဘဲအိမ်တွင်း ပုန်းလုပ်၍ နေလေသည်။ ဆယ်လစေ့လျှင် လှပ တင့်တယ် ချစ်စဖွယ် ကောင်းသော သားယောကျ်ားလေးကို ဖွားမြင် လေသည်။

သာလဝတီသည် ကလေးရှိလျှင် မိမိအလုပ်ကို ထိခိုက်မည် စိုးသဖြင့် ကျွန်မတယောက်အား ကလေးကို စွန့်ပစ်ခိုင်းလိုက်၏။ ထိုကျွန်မသည် မွေးစကလေးငယ်ကို ဗန်းငယ်ဖြင့်ထည့်၍ လမ်းမ ဘေးရှိ အမှိုက်ပုံတခုထဲ၌ စွန့်ပစ်ထားလေသည်။

ထိုနေ့ နံနက်စောစောတွင် ဘုရင်မင်းမြတ်ထံ အခစားဝင်ရန် အတွက် ရွှေနန်းတော်သို့ ထွက်လာသော အဘယမင်းသားလေး သည် လမ်းဘေး အမှိုက်ပုံအတွင်း၌ ကျီးများ ဝိုင်းရံနေသည်ကို မြင်၍ မိမိနောက်မှ လိုက်ပါလာသည့် မင်းချင်းယောကျ်ားကို သွားရောက် ကြည့်ရှုစေ၏။ ကလေးငယ်တယောက် ဖြစ်ကြောင်း မင်းချင်းယောကျ်ားက ပြောလျှင်-

"အသက်ရှင်ပါသေး၏လော"ဟု မင်းသားကမေးလေသည်။ အသက်ရှင်သေးကြောင်း သိရှိသောအခါကလေးငယ်ကို ကောက် ယူစေပြီး မိမိအိမ်၌ မွေးစားထား၏။ "အသက်ရှင်ပါသေး၏ လော"ဟု မေးခဲ့ခြင်းကိုအစွဲပြု၍ ကလေးငယ်၏ အမည်ကိုလည်း 'ဇီဝက'ဟု မှည့်ခေါ်လေသည်။

ဇီဝကကလေး ကြီးပြင်းလာသော အခါ၌ မိမိ၏ မိရင်း ဘရင်း မရှိကြောင်း သိရှိလာ၏။ "မိဘမဲ့ ဖြစ်သော ငါကား အတတ်ပညာတခုခုကို တတ်မြောက် မထားလျှင် အားကိုးစရာ ရှိမည် မဟုတ်၊ မည်သည့်အတတ်ပညာကို သင်ကြားလျှင် သင့်

တော်မည်နည်း”ဟု စဉ်းစားရာ လူအများ၏ အသက်ကို ကယ်တင်နိုင်သည့် ဆေးပညာကို သင်ကြားရန် ဆန္ဒဖြစ်ပေါ်လာလေသည်။

ယင်းသို့ စိတ်ဆန္ဒ ဖြစ်ပေါ်လာသည့်နေ့မှ စ၍ ဇီဝကသည် ဆေးပညာ သင်ကြားပေးနိုင်မည့် ဆရာကောင်း သမားကောင်းများကို စုံစမ်းရှာဖွေနေလေ၏။ တနေ့သ၌ တက္ကသိုလ်ပြည်မှ လာသည့် ကုန်သည်များနှင့် တွေ့၍ တက္ကသိုလ်ပြည်တွင် ဆေးပညာကို အထွဋ်အထိပ်ရောက်အောင် ကျွမ်းကျင် တတ်မြောက်သည့် ဒိသာပါမောက္ခဆရာကြီးတဦး ရှိကြောင်း စုံစမ်းသိရှိရလေသည်။

ထိုအခါ ဇီဝကသည် မိမိ၏ မွေးစားဖခင်ဖြစ်သော အဘယမင်းသားကိုပင် ပန်ကြားခြင်း မပြုဘဲ ကုန်သည်တို့နှင့် အတူ တက္ကသိုလ်ပြည်သို့ လိုက်ပါသွားလေ၏။ တက္ကသိုလ်ပြည်သို့ရောက်လျှင် ဒိသာပါမောက္ခ ဆရာကြီးထံ ချဉ်းကပ်၍ ဆေးပညာ သင်ကြားပေးရန် တောင်းပန်ရာ ဆရာကြီးက အလွယ်တကူပင် သဘောတူ လက်ခံလိုက်၏။

ဇီဝကသည် ထိုနေ့မှစ၍ ဆေးပညာကို အပတ်တကုတ်သင်ယူမှတ်သား၏။ ပင်ကိုယ်ဉာဏ်အားဖြင့်လည်း ထက်မြက်သူ ဖြစ်၍ ဆရာကြီး၏တပည့်များအနက် ပညာအတော်ဆုံးဖြစ်၍လာသည်။

အခြားသော တပည့်တို့သည် မင်းညီမင်းသား သူဌေးသူကြွယ်တို့၏ သားများဖြစ်ကြ၍ အခကြေးငွေပေးကာ ဆရာ့ထံ၌ပညာသင်ကြ၏။ ဇီဝကမှာမူ ယင်းသို့ အခကြေးငွေ ပေးနိုင်သူမဟုတ်သဖြင့် အားလပ်သည့် အချိန်များတွင် ဆရာ၏ ဝေယျာဝစ္စကိစ္စများကို ပြုလုပ်ဆောင်ရွက်ပေးရလေသည်။ ဝေယျာဝစ္စများ

ဆောင်ရွက်ရာတွင်ဇီဝကသည် ဝတ်ကြေတန်းကြေသဘောမထား ဘဲ လိုလိုလားလား ဆောင်ရွက်ပေး၏။ ထို့ကြောင့် ဆရာကတော် နှင့် တကွ ဆရာကြီး၏ အရေးပေးခြင်းကို များစွာ ခံယူရရှိလာ ခဲ့သည်။

ဤသို့ဖြင့် ဇီဝကသည် ဆရာကြီးကိုယ်တိုင်ကလည်း အထူး ဂရုစိုက်၍ သင်ကြားပေးခြင်းကို ခံယူရသဖြင့် ခုနစ်လအတွင်း၌ ပင် ဆေးပညာကို ဆုံးခန်းတိုင် တတ်မြောက်လေသည်။ ထိုအခါ ဆရာကြီးသည် ဇီဝကကို ခေါ်၍ "ငါ့တပည့် ဇီဝက၊ သင်သည် တက္ကသိုလ်ပြည်၏ အရှေ့မျက်နှာ တယူဇနာအတွင်း၌ လှည့်လည် ၍ ဆေးဘက်မဝင်သော သစ်ပင်ကို ရှာချေလော့"ဟု စေခိုင်း၏။ ဇီဝကသည် တူရွင်းတချောင်းဖြင့် တနေကုန် လှည့်လည်ရှာဖွေ သော်လည်း ဆေးဘက်မဝင်သော သစ်ပင်ဟု တပင်မျှ မတွေ့ သဖြင့် ဆရာကြီးထံ ပြန်၍ ပြောလေ၏။

ဆရာကြီးသည် နောက်နေ့များတွင် မြို့၏ တောင်အရပ်၊ မြောက်အရပ်နှင့် အနောက်အရပ်များသို့လည်း ဇီဝကအား အလားတူ စေလွှတ်ပြန်၏။ ဇီဝကသည် ထိုအရပ်၌လည်း ဆေး ဘက်မဝင်သည့် သစ်ပင်တပင်မျှ မတွေ့ခဲ့ကြောင်း ပြန်လည် ဘင်ပြလေသည်။

ထိုအခါ ဒိသာပါမောက္ခဆရာကြီးက-"တပည့် ဇီဝက၊ သင် ကား ဆေးပညာကို ကောင်းစွာ တတ်မြောက်ပေပြီ။ ဤပညာ ကို မှီ၍ အသက်မွေးလေတော့"ဟု ဆို၍ ဇီဝကအား ရာဇဂြိုဟ် ပြည်သို့ ပြန်ခွင့်ပြုလိုက်လေသည်။

ဇီဝကသည် ဆရာကြီး ပေးလိုက်သည့် အနည်းငယ်သော ရိက္ခာဖြင့် တက္ကသိုလ်ပြည်မှထွက်ခဲ့ရာသာကေတမြို့သို့ ဆိုက်ရောက်

လာ၏။ ထိုအခါ စားသုံးရန် ရိက္ခာကုန်သွားသဖြင့် မြို့တွင်း၌ လှည့်လည်၍ ဆေးကုသခံလိုသည့် လူနာများကို စုံစမ်း ရှာဖွေလေ၏။

သာကေတမြို့မှ သူဋ္ဌေးကတော်တယောက်၌ ခေါင်းခဲရောဂါ စွဲကပ်လျက်ရှိရာ ခုနစ်နှစ်တိုင်အောင် မပျောက်ကင်းဘဲ ဖြစ်နေ၏။ ငွေကို ရေလိုသုံး၍ ဆရာကောင်း သမားကောင်း များစွာတို့နှင့် ကုသသော်လည်း အနည်းငယ်မျှ သက်သာခွင့် မရခဲ့ချေ။ ဇီဝကသည် ထိုသူဋ္ဌေးကတော်၏ သတင်းကို ကြားသိရသဖြင့် သူ့အိမ်သို့ ဝင်သွားရာ တံခါးစောင့်နှင့် တွေ့ရှိလေသည်။

တံခါးစောင့်သည် သူဋ္ဌေးကတော်ထံသို့ ဝင်၍ သူမ၏ရောဂါကို ကုသလိုသည့် ဆေးဆရာတယောက် ရောက်နေကြောင်းပြောကြား၏။ "ထိုဆရာသည် အရွယ်ဘယ်မျှ ရှိပြီနည်း" ဟု မေးလျှင် အသက်နှစ်ဆယ်ကျော်မျှသာ ရှိသေးကြောင်း ပြောကြားလေ၏။

"အချင်းတံခါးစောင့်၊ အလွန်ဝါရင့်သော သမားတော်ကြီးများပင် ငါ့ရောဂါကို ပျောက်ကင်းစေရန် မစွမ်းနိုင်ခဲ့ကြ။ ဤသမားငယ်ကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ ငွေကြေးကုန်ရုံမျှသာ ဖြစ်ပေရာ၏"

သူဋ္ဌေးကတော်က ဤသို့ ဆိုလိုက်ကြောင်း တံခါးစောင့်သည် ဇီဝကအား ပြန်၍ ပြော၏။ ထိုအခါ ဇီဝကသည် "အသက်ငယ်ခြင်း၊ ကြီးခြင်းသည် အဓိကမဟုတ်။ ပညာသာ အဓိကဖြစ်ကြောင်း၊ မိမိသည် ရောဂါမပျောက်လျှင် အဖိုးအခ တပြားမျှ ယူမည်မဟုတ်ကြောင်း" ပြောကြား၍ ကုသခွင့်တောင်းရာသူဋ္ဌေးကတော်လည်း မလိုလဲလိုလဲဖြင့် လက်ခံလိုက်ရတော့သည်။

ယင်းသို့ လက်ခံလိုက်လျှင် ဇီဝကသည် သူဌေးကတော်ထံသို့ ဝင်၍ ရောဂါ၏အခြေအနေကို သေချာစွာ မေးမြန်း စမ်းသပ်လေ၏။ ထို့နောက် တလက်ဆုပ်မျှသော ထောပတ်နှင့် အစွမ်းထက်သော ဆေးများကို ထည့်၍ ကောင်းစွာချက်၏။ ဆေးကျက်သောအခါ သူဌေးကတော်ကို ပက်လက်အိပ်စေပြီး ထိုဆေးရည်ဖြင့် နှာနှပ်လေသည်။ ဆေးရည်သည် နှာခေါင်းဖြင့် ဝင်ပြီး ပါးစပ်မှ အန်ထွက်ရာ သူဌေးကတော်က ကျွန်မတယောက်အား ဝါဂွမ်းဖြင့် တို့၍ ယူစေသည်။

ထိုအခြင်းအရာကိုဆရာဇီဝကကမြင်လျှင်"ဤသူဌေးကတော်ကား လွန်စွာ နှမြောတွန့်တိုဘိ၏။ ရောဂါပျောက်သော်လည်း ငါ့အား ဆေးဘိုးဝါးခ ပေးမည် မဟုတ်"ဟု စဉ်းစားကာ မျက်နှာမကောင်း ဖြစ်သွားလေသည်။

သူဌေးကတော်ကား လိမ်မာပါးနပ်လှသူဖြစ်၍ ဆရာဇီဝက အနည်းငယ်မျှ မျက်နှာ ပျက်သွားသည်ကို ချက်ခြင်း အကဲခတ်မိ၏။ ထို့ကြောင့် "ဆရာ....စိတ်မချမ်းမသာ မရှိပါလင့်၊ ဤထောပတ်သည် ခြေပူနာ လိမ်းသုတ်ရန်ဖြစ်စေ၊ ဆီမီး ညှိထွန်းရန်ဖြစ်စေ အသုံးဝင်ပါသေးသည်။ သို့ဖြစ်၍ အလဟဿ မကုန်စေရန် ဝါဂွမ်းဖြင့် တို့ယူစေခြင်း ဖြစ်ပါသည်။ ကျွမရောဂါပျောက်လျှင် ဆရာ့ကျေးဇူးကို ထိုက်တန်စွာ ပေးဆပ်ပါမည်"ဟု ထုတ်ဖော်ပြောဆိုလေသည်။ ထိုစကားကိုကြားမှ ဇီဝကလည်း "ဤသူဌေးကတော်ကား စဉ်းစား ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံပေစွ" ဟု တွေးတောကာ စိတ်စနောင့်စနင်းဖြစ်မှု ကင်းရှင်းသွားတော့သည်။

သူဌေးကတော်၏ခေါင်းခဲဝေဒနာကား တကြိမ်နှာနှပ်လိုက်ရုံဖြင့်ပင်ရှင်းရှင်းကြီးပျောက်သွားလေရာသူဌေးကြီးနှင့်တကွမိသားတစုလုံး အံ့သြဝမ်းမြောက်၍မဆုံးအောင်ရှိကြသည်။ ထို့ကြောင့် ဇီဝကအား ဆေးဘိုးအဖြစ်ဖြင့် သူဌေးကြီးက အသပြာလေးထောင်၊ သူဌေးကတော် သူဌေးသားနှင့် ချွေးမတို့ကလည်း အသပြာလေးထောင်စီပေးကြသည်။ ထို့ပြင်ဆရာဇီဝကစီးနင်းရန်မြင်းလေးကောင်ကသော ရထားတစီးနှင့် ကျွန်ယောကျ်ား ကျွန်မိန်းမ နှစ်ယောက်စီကိုပါ ချီးမြှင့်လိုက်လေသည်။

ဇီဝကသည် တသောင်း ခြောက်ထောင်သော အသပြာတို့ကိုယူ၍ ရထားကျေးကျွန်တို့ဖြင့် ထည်ဝါခန့်ညားစွာ ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့၏။ ရာဇဂြိုဟ်သို့ရောက်လျှင် အဘယမင်းသားထံ ချဉ်းကပ်၍ "အရှင်မင်းသား....၊ ကျွန်ုပ်၌ ယခုပါလာသော ပစ္စည်းဥစ္စာတို့သည် တကြိမ်ဆေးကုရုံမျှဖြင့် ရခဲ့သောလပ်ဦးဖြစ်ပါသည်။ ကျွန်ုပ်အား ကျွေးမွေးခဲ့သည့် ကျေးဇူးကို ဆပ်သည့်အနေဖြင့် ဤပစ္စည်းဥစ္စာတို့ကို အရှင်မင်းသားအား အပ်နှင်းပါသည်။ လက်ခံသိမ်းယူပါလော" ဟူ၍ လျှောက်တင်လေလေသည်။

အဘယမင်းသားကား ထိုပစ္စည်းများကို လက်ခံခြင်းမပြုဘဲ ဇီဝကကိုလည်း မိမိ၏ အိမ်၌ပင် နေစေ၏။

ယင်းသို့နေစဉ် ဗိမ္ဗိသာရမင်းကြီးအား မြင်းသရိုက်ရောဂါစွဲကပ်လေ၏။ ဝတ်လဲတော်တို့၌ သွေးများပေကျံနေသည်ကို မြင်ကြလျှင် မိဖုရားငယ်များနှင့် မောင်းမတို့က ပြောင်လှောင်ကျီစယ်ခြင်း ပြုကြလေရာ မင်းကြီးမှာ မျက်နှာမသာရှိလေ၏။

တနေ့သ၌ မင်းကြီးသည် အဘယမင်းသားကို ခေါ်၍ မိမိ အနာ ပျောက်ကင်းစေနိုင်မည့် ဆေးကောင်း ဝါးကောင်းများ ရှာဖွေဆက်သရန် မိန့်ကြားလေ၏။ ထိုအခါ အဘယမင်းသားသည် ဇီဝကကို မင်းကြီးထံစေလွှတ်၍ ကုသစေရာ လက်သည်းတဖျားစာ မျှသာရှိသော ဆေးမှုန့်ကို လိမ်းရုံဖြင့်ပင် အနာပျောက်ကင်းသွား လေ၏။ မင်းကြီးလည်း အလွန်ဝမ်းမြောက်လှသဖြင့် မောင်းမ ငါးရာတို့ ဝတ်ဆင်သည့် လက်ဝတ်တန်ဆာ ရတနာတို့ကို စုပုံ၍ ဇီဝကအား ပေးလေ၏။ ဇီဝကသည် ထိုပစ္စည်းများကို လက်ခံခြင်း မပြုဘဲ "အရှင်မင်းကြီး၊ မင်းကြီးသည် ကျွန်ုပ်၏ ဘိုးတော်ဖြစ် ပါသည်။ ဆေးဘိုးဝါးခ ပေးရန်မလိုပါ။ ကျေးဇူးကိုသာ အစဉ် သတိရတော် မူပါလော" ဟူ၍ လျှောက်တင်၏။

ဤသို့လျှောက်တင်လျှင် မင်းကြီးသည် ဇီဝကအပေါ်၌ ပို၍ ကျေနပ်သွား၏။ ထို့ကြောင့် နန်းတွင်း သမားတော်ကြီးအဖြစ် ခန့်ထား၍တနှစ်လျှင် အခွန်ငွေတသိန်းသွက်သောရွာကြီးတရွာနှင့် သရက်ဥယျာဉ်တခုကို အပိုင်စားပေးလေသည်။

ထိုအတွင်း ရာဇဂြိုဟ်ပြည်၏ မြောက်ဖက်ရှိ မြို့ငယ်တမြို့၌နေ သော မဟာသာလ သူဌေးကြီး၌ ခေါင်းခဲရောဂါစွဲကပ်လျက်ရှိ ၏။ ထိုရောဂါမှာ မခံသာအောင် ဆိုးဝါးလာသဖြင့် သမားတော် များကို ပင့်ခေါ် ကုသသော်လည်း မသက်သာချေ။ လူနာ၏ လက္ခဏာကိုကြည့်၍ အချို့ဆရာတို့က "သူဌေးကြီးသည် ခုနစ်ရက် အတွင်း သေလိမ့်မည်" ဟုဆိုကြ၏။ အချို့ကမူ "ငါးရက်အတွင်း သေလိမ့်မည်" ဟု ဆိုကြ၏။

ယင်းသို့သော အခြေအနေတွင် သူဌေးကြီး၏ မိတ်ဆွေ တယောက်ကဗိမ္ဗိသာရ မင်းကြီးထံ၌ ခွင့်တောင်း၍ သမားတော်

ဇီဝကကိုပင့်ခေါ်ပေးလေသည်။ ဆရာဇီဝကသည် ရောဂါကိုစမ်းသပ်ကြည့်ရှု၍ "သူဌေးကြီး၊ သင့်ရောဂါပျောက်လျှင် ကျွန်ုပ်အား ဆေးဘိုးဝါးခ မည်မျှ ပေးမည်နည်း"ဟုမေး၏။ သူဌေးကြီးက— "ကျွန်ုပ်၌ ရှိသမျှ ပစ္စည်းအားလုံး ပေးပါမည်။ ကျွန်ုပ်ကိုယ်တိုင်လည်း သားမယားနှင့်တကွ ဆရာ့အိမ်၌ ကျွန်ပြုပါမည်"ဟုပြောလေသည်။

ထို့နောက် ဆရာဇီဝကသည် သူဌေးကြီးအား "သင်သည် ညာဘက်သို့စောင်း၍ ခုနစ်လ၊ ဘယ်ဘက်သို့စောင်း၍ ခုနစ်လ၊ ပက်လက်အိပ်၍ ခုနစ်လ၊ လျောင်းနေနိုင်ပါမည်လော" ဟု မေးပြန်ရာ သူဌေးကြီးက "နေနိုင်ပါသည်" ဟုဖြေကြားလေ၏။

ထိုအခါ ဇီဝကသည် သူဌေးကြီးကို အိပ်ရာပေါ်၌ ညာဘက်သို့စောင်း၍ လဲလျောင်းစေပြီး အိပ်ဆေးတိုက်လေ၏။ သူဌေးကြီး အိပ်ပျော်လျှင် ဦးခေါင်းရေကို ဓားငယ်ဖြင့်ခွဲ၍ ဦးနှောက်တွင်းသို့ ရောက်နေသည့် ပင့်ကူကောင်မျှ အရွယ်ပမာဏရှိသော ပိုးနှစ်ကောင်ကို ထုတ်ပြလေသည်။

"အချင်းတို့၊ ရှုကြကုန်လော့၊ ဤပိုးနှစ်ကောင်တွင် အကြီးဖြစ်သောပိုးကဦးနှောက်ကိုစားလျှင်ငါးရက်နှင့်ကုန်မည်။ အငယ်ဖြစ်သော ပိုးကဦးနှောက်ကိုစားလျှင် ခုနစ်ရက်နှင့်ကုန်မည်။ ဤအကြောင်းကို မြင်၍အချို့ဆရာတို့က သူဌေးကြီးသည် ငါးရက်နှင့် သေမည်ဟူ၍၎င်း၊ အချို့ဆရာတို့က ခုနစ်ရက်နှင့် သေမည်ဟူ၍၎င်း၊ ဆိုခဲ့ကြခြင်း ဖြစ်ပေသည်။ ထိုသမားတို့လည်း အသိအမြင်နှင့် ပြည့်စုံကြပါစေ"

ယင်းသို့ ပြောဆိုပြသသည်ကို ရှုမြင်ကြရသူများမှာ ဆရာဇီဝက၏စွမ်းရည်ကို အံ့သြချီးကျူး၍ မဆုံးအောင် ရှိကြသည်။ဇီဝက

လည်း မိမိခေါးဖြင့် ခွဲထားသောဦးခေါင်းရေကို ပြန်စေ့ပြီးဆေးဖြင့် လိမ်းသုတ်ပေးရာ ခုနစ်ရက်မျှဖြင့်ပင် အနာပျောက်ကင်းသွား၏။ ခုနစ်ရက်သုံးပတ် ကြာသောအခါ၌ကား သူဌေးကြီးမှာ လူကောင်းပကတိ ဖြစ်လာလေသည်။

အမှန်စင်စစ် ဇီဝကသည် သူဌေးကြီး၏ ရောဂါကို ခုနစ်ရက်သုံးပတ်ခန့်ပင် ပျောက်ကင်းအောင် ကုသနိုင်မည်ဖြစ်ကြောင်းကိုတင် သိရှိခဲ့ပေ၏။ သို့သော်လည်း မိမိစကားကို လူနာဖြစ်သူက ကြိုးနှ ဖြာ လိုက်နာစေရန်အတွက် "ခုနစ်လသုံးလီ အိပ်နိုင်ပါမည်လော" ဟု ဒေးခဲ့ခြင်း ဖြစ်လေသည်။

ရောဂါ ပျောက်ကင်းသောအခါ သူဌေးကြီးသည် စောစောက မိမိပြောခဲ့သည့် အတိုင်း ရှိသမျှစည်းစိမ်ဥစ္စာ အားလုံးနှင့်တကွ မိမိတို့တအိမ်သားလုံးကိုပါ ဆရာဇီဝကအား အပ်နှံလေ၏။ ဇီဝကကား ယင်းတို့ကို လက်မခံ။ မိမိအတွက် အသပြာငွေတသိန်းနှင့် ဗိမ္ဗိသာရမင်းကြီးအတွက် အသပြာတသိန်းမျှကိုသာ ယူ၍နန်းတော်သို့ ပြန်လာခဲ့လေသည်။

တရံရောအခါ၌လည်း ဗာရာဏသီပြည်မှ သူဌေးသား တယောက်သည် ဂျွမ်းထိုး၍ ကစားရာမှ အူသုံးသည့်ရောဂါရရှိ၍ မစားနိုင် မသောက်နိုင်ဖြစ်နေ၏။ သူစားသမျှ အာဟာရများသည် ဝမ်းထဲသို့ မဝင်ဘဲ အပြင်သို့သာ အန်ထွက်၏။ ကျင်ကြီးကျင်ငယ်တို့ကိုလည်း ဖြောင့်ဖြောင့်တန်းတန်း မစွန့်နိုင်သဖြင့် တနေ့တခြား အသွေးအသား ခန်းခြောက်၍ ကမ္ဗဍာန်းရုပ် ပေါက်လာလေသည်။

ဘခင် သူဌေးကြီးသည် ဗာရာဏသီပြည်ရှိ ထင်ရှားသော သမားတော်များကို ပင့်ခေါ်၍ အစွမ်းကုန် ကုသ၏။ သို့ရာတွင်

ရောဂါကား အနည်းငယ်မျှ မသက်သာ။ တနေ့တခြား ပို၍သာ ဆိုးလာ၏။ ထိုစဉ်အတွင်း ရာဇဂြိုဟ်ပြည်မှ သမားတော်ဇီဝကာ၏ သတင်းကိုကြားသဖြင့် ဗိမ္ဗိသာရမင်းကြီးထံ စာဆက်သ၍ ဇီဝက ကို စေလွှတ်ပေးရန် တောင်းပန်လေ၏။

ဇီဝကသည်ဘုရင်၏အမိန့်ဖြင့် ဗာရာဏသီပြည်သို့ရောက်ရှိလာ ပြီး သူဌေးသား၏ရောဂါကို ကြည့်ရှု စမ်းသပ်၏။ ထို့နောက် သူဌေးသားအား မေ့ဆေးပေး၍ ဝမ်းဗိုက်ကို ခွဲကာ အထဲ၌ ထုံးနေ သောအူခွေကိုထုတ်ပြသည်။ ယင်းနောက် အူထုံးကိုဖြေ၍ အထဲသို့ ပြန်သွင်းပြီး အပေါ်ရေကို ချုပ်ကာ ဆေးဖြင့် လိမ်းကျံလေ သည်။ သူဌေးသားကား ၄-၅ ရက်မျှဖြင့်ပင် လူကောင်းပကတိ ဖြစ်လာသည်။ ထို့ကြောင့် အလွန် ဝမ်းမြောက်လျက် ဆရာ ဇီဝကအား တသောင်းခြောက်ထောင်သော အသပြာငွေတို့ဖြင့် ကန်တော့လိုက်လေသည်။

ဤသို့ဖြင့် သမားတော် ဇီဝက၏ဂုဏ်သတင်းသည် ရာဇဂြိုဟ် ပြည်၌သာ မကတော့ဘဲ မဇ္ဈိမဒေသရှိ အတိုင်းတိုင်းအပြည်ပြည် သို့ ပျံ့နှံ့သွားလေသည်။ ထိုအချိန်တွင် ဥဇ္ဇေနီပြည့်ရှင် ဘုရင် ပဇ္ဇောတ၌ စားမဝင် အိပ်မပျော်သည့် ရောဂါတမျိုး စွဲကပ်နေ ၏။ ထိုရောဂါကြောင့် ဘုရင်သည် တနေ့တခြား ညှိုးခြောက် ပိန်ချုံးလျက် အိပ်ရာမှ မထနိုင်ဘဲ ရှိနေ၏။

ဥဇ္ဇေနီနှင့် ရာဇဂြိုဟ်သည် ခရီးအားဖြင့် အတန်ငယ်ကွာလှမ်း သော်လည်း နှစ်ပြည်ထောင်ဘုရင်များကား မဟာမိတ်အဖြစ် ဖြင့် ဆက်သွယ်မှု ရှိနေကြ၏။ သို့ဖြစ်၍ ဥဇ္ဇေနီပြည့်ရှင်ဘုရင် ပဇ္ဇောတသည် သမားတော်ဇီဝက၏ သတင်းကို ကြားလျှင်

ဘုရင်ဗိမ္ဗိသာရထံသို့ သဝဏ်လွှာတစောင် ပေးပို့၍ သမားတော် ဇီဝကကို စေလွှတ်ပေးရန် အကြောင်းကြားလေသည်။

ဇီဝကသည် ဘုရင်၏အမိန့်ဖြင့် ဥဇ္ဇေနီပြည်သို့ ရောက်ရှိလာပြီး ပဇ္ဇောတမင်းကြီး၏ ရောဂါကို စမ်းသပ်ကြည့်ရှု၏။ ရောဂါ၏ ဇစ်မြစ်နှင့် အခြေအနေကို သိရှိသောအခါ ထောပတ်နှင့် ချက်သည့် ဆေးတမျိုးကို တိုက်ကျွေးရန် ပြင်ဆင်လေသည်။ ထိုအခါ မင်းကြီးက "အချင်း ဇီဝက၊ ငါသည် ထောပတ်နှင့် မသင့်၊ ထောပတ်မပါသည့် အခြားဆေး တမျိုးမျိုးဖြင့်သာ ငါ့ရောဂါကို ပျောက်ကင်းအောင် ကုသပါလော" ဟု မိန့်ကြားလေသည်။

ပဇ္ဇောတမင်း၏ မယ်တော်သည် အိပ်စက်နေစဉ် ကိုယ်ပေါ်သို့ တက်လာသည့် ကင်းမြီးကောက်၏ အတွေ့ကို သာယာမိလေ၏။ ယင်းသို့ သာယာခိုက်တွင် ကိုယ်ဝန်ရရှိလာခဲ့၏။ ကင်း၏ အဆိပ်သည် ထောပတ်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ထိုမင်းသည် ထောပတ်ကို အလွန်စက်ဆုပ်၏။ ထို့ကြောင့် ထောပတ်ပါသည့် ဆေးကို မသောက်လိုခြင်းဖြစ်သည်။

ဇီဝကကား ထိုမင်း၏ရောဂါမှာ ထောပတ်မပါဘဲ ပျောက်ကင်းနိုင်မည် မဟုတ်ကြောင်း ကောင်းစွာသိရှိ၏။ သို့ဖြစ်၍ ထောပတ်ကို အနံ့အရသာပျက်အောင် အဖန်အခါး စသော ဆေးအမျိုးမျိုးဖြင့် ရောစပ်၍ ချက်ပြီး မင်းကြီးအား ဆက်သရန် စီစဉ်ထားလေသည်။

ထိုဆေးကို မဆက်သမီ ဇီဝကသည် မင်းကြီးထံ၌ အခွင့်အရေး တရပ်ကို တောင်းဆိုထား၏။

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့ သမားမည်သည်ကား အသုံးလိုသည့် ဆေးမြစ် ဆေးရွက်တို့ကို အချိန်မရွေး ရှာဖွေရပါသည်။

သို့ဖြစ်ပါ၍ ဆင်တင်းကုပ်၊ မြင်းတင်းကုပ်တို့၌ ကျန်ိုပ်အလိုရှိရာ ယူစေ ဟူ၍ရင်း၊ တံခါးလေးမျက်နှာတို့၌ အချိန်မရွေး ဝင်စေ ထွက်စေဟူ၍ရင်း၊ အမိန့် ပေးထားတော်မူပါ”

မင်းကြီးသည် ဇီဝက တောင်းဆိုသည့်အတိုင်း ဆင်ထိန်း၊ မြင်းထိန်းနှင့် တံခါးစောင့်တို့အား ဆင့်ဆိုထားလေသည်။ ထို အချိန်တွင် မင်းကြီး၌ ထူးခြားသော အစွမ်းသတ္တိနှင့် ပြည့်စုံ သည့် ခြေလျင်တော် ငါးဦးရှိနေ၏။ ယင်းတို့ကား–

(၁) ယူဇနာ ငါးဆယ် ခရီးကို နေ့ချင်းပေါက် သွားနိုင် သည့် ဘဒ္ဒဝတီ ဆင်မ။

(၂) ယူဇနာတရာ ခရီးကို နေ့ချင်းပေါက် သွားနိုင်သည့် နာဠာဂိရိ ဆင်ပြောင်။

(၃) ယူဇနာ တရာ့နှစ်ဆယ် ခရီးကို နေ့ချင်းပေါက် သွား နိုင်သည့် စေဠကဏ္ဍ အမည်ရှိသော မြင်း။

(၄) ထို့အတူပင် သွားနိုင်သည့် မုဠကာသိ အမည်ရှိသော မြင်း။

(၅) ယူဇနာ ခြောက်ဆယ် ခရီးကို နေ့ချင်းပေါက် သွား နိုင်သည့် ကာကအမည်ရှိသော ခြေမြန်တော်တို့ ဖြစ် ပေသည်။

ပဇ္ဇောတမင်းကြီးသည် တခုသော အတိတ်ဘဝ၌ ဆွမ်း လောင်းလိုသည့် အိမ်ရှင်တဦးအတွက် ပစ္စေကဗုဒ္ဓါနောက်သို့ အပြေးလိုက်၍ သပိတ်ကို ယူဆောင်ပေးခဲ့၏။ ယင်းကောင်းမှု ကြောင့် ဤဘဝ၌ ခြေလျင်တော် ငါးဦးကို ပိုင်ဆိုင်နေခြင်း ဖြစ်ပေသည်။

ဇီဝကသည် မိမိ ချက်ထားသည့် ဆေးကို မင်းကြီးအား ဆက်သပြီးသည်နှင့် တပြိုင်နက် ဆင်တင်းကုပ်သို့သွား၍ ဘဒ္ဒဝတီ ဆင်မကို စီးကာ ဥဇ္ဇေနီပြည်မှ ထွက်ခွာခဲ့၏။ မင်းကြီးသည် ဆေးသောက်ပြီးနောက် အချိန်အနည်းငယ် ကြာသောအခါ လေတက်သဖြင့် ဆေးတွင် ထောပတ်ပါမှန်း သိရှိသွားတော့သည်။

ထိုအခါ လွန်စွာစိတ်ဆိုးလျက် ဇီဝကကို ချက်ခြင်း အခေါ် ...င်းလေသည်။ ဇီဝကသည် ဘဒ္ဒဝတီဆင်မကို စီး၍ မြို့မှ ထွက်ခွာသွားကြောင်း သိရှိလျှင် ကာကအမည်ရှိသော ခြေမြန်တော်အား ဇီဝကနောက်သို့ အမှီလိုက်၍ ခေါ်ရန် အမိန့်ပေးလေသည်။

ခြေမြန်တော်ကာကသည် မင်း၏ အမိန့်ဖြင့် မနားတမ်းလိုက်သွားရာ ကောသမ္ဗီပြည်၏အနီး၌ နံနက်စာစားရန် ပြင်ဆင်နေသော ဇီဝကကို မှီလေတော့သည်။ ထိုအခါ ကာကသည်- "ဆရာ၊ မင်းကြီး၏ အမိန့်ဖြင့် ကျွန်ုပ်လိုက်လာခြင်း ဖြစ်ပါသည်။ အမြန် ပြန်လိုက်ခဲ့ပါလော" ဟု ဆို၍ ဇီဝကလက်ကို ဆွဲခေါ်လေသည်။

"အချင်း.... ကာက၊ စောဆိုင်းပါဦး။ ငါထမင်းစားပါဦးမည်။ သင်လဲ ထမင်းစားပါဦးလော့"

ယင်းသို့ ဇီဝကက ပိတ်ခေါ်လျှင် ကာကသည် တမနက်လုံး မနားတမ်း လာခဲ့ရသည်ဖြစ်၍ မောပန်း ဆာမွတ်နေသောကြောင့် အတော်ပင် စားချင်လာ၏။ သို့သော်လည်း ဇီဝကက ဘာမှ ကျွေး မစားနှင့်ဟူ၍ မင်းကြီးက မှာလိုက်သောကြော... ...း လိုကြောင်း ပြန်ပြောလေသည်။

ဇီဝကသည် ထမင်းစားပြီးသောအခါ လက်သည်းကြား၌ ဆေးမှုန့်အနည်းငယ်ထည့်၍ ယင်းဆေးနှင့်အတူ သျှိသျှားသီး တခြမ်းကို စားပြီးရေသောက်၏။ ကျန်သော သျှိသျှားသီး တခြမ်းကို ကာကအား ပေးရာ ကာကလည်း "ဤဆရာပင် ထက်ဝက်စားပြီးဖြစ်သည်။ ငါစားသော်လည်း အန္တရာယ်မရှိ တန်ရာ"ဟု ကြံလျက် ယင်းသျှိသျှားသီး တခြမ်းကိုစားပြီး ရေသောက်လေသည်။

စားသောက်ခြင်းကိစ္စ ပြီးစီး၍ ပြန်ကြရန် ပြင်ဆင်သောအခါ ကာကမှာ ရုတ်တရက် ဗိုက်နာလာပြီး ဝမ်းအပြီးအကျ သွားလေ၏။ "ဆရာ...ကျွန်ုပ်ကို ကယ်ပါအုံး"ဟု စိုးရိမ်တကြီး ဆိုသဖြင့် ဇီဝကက ဆေးတိုက်ပေးလေသော် ချက်ခြင်းလိုပင် ပျောက်ကင်းသွားလေသည်။

ထို့နောက် ဇီဝကသည် "အချင်း-ကာက၊ သင်တို့မင်းကြီး ကား အလွန် ရက်စက်ကြမ်းကြုတ်သူဖြစ်၏။ ငါပြန်လိုက်လျှင် သူ့ကို ထောပတ်တိုက်သည့်အတွက် နှိပ်စက်သတ်ဖြတ်ခြင်း ပြုလိမ့်မည်။ ထို့ကြောင့် ငါမလိုက်ဝံ့။ ဤဘဒ္ဒဝတီ ဆင်မကို ယူ၍ သင်ပြန်လော့"ဟူ၍ ချော့မော့ပြောဆိုပြီး ကာကကို ပြန်လွှတ် လိုက်လေသည်။

ရာဇဂြိုဟ်ပြည်သို့ ပြန်ရောက်လျှင် ဇီဝကသည် ဗိမ္ဗိသာရ မင်းကြီးအား အကြောင်းစုံကို လျှောက်တင်၏။ မင်းကြီးက လည်း "အချင်း ဇီဝက၊ သင်ပြန်ခဲ့သည်မှာ သင့်မြတ်ပေ၏။ ပြန်မလာလျှင် ပဇ္ဇောတမင်းသည် သင့်အား ညှဉ်းဆဲသတ်ဖြတ် ခြင်း ပြုလိမ့်မည်"ဟု မိန့်ကြား၏။

ပဇ္ဇောတမင်းကြီးသည် မိမိအား ထောပတ်ကို တိုက်ကျွေးသည့်အတွက် အခိုက်အတန့်အားဖြင့် ဇီဝကအပေါ်ဝယ် စိတ်ဆိုးခဲ့သော်လည်း ရောဂါပျောက်သည့်အခါ အမျက်ပြေသွားလေ၏။ ထို့ကြောင့် "ဆရာ့အား ပူဇော် ကန်တော့လိုပါသည်။ ကျွန်ုပ်ထံသို့ ကြွခဲ့ပါ"ဟု ဇီဝကထံသို့ တမန်စေလွှတ်၍ဖိတ်ခေါ်၏။ ဇီဝကကား "အရှင်မင်းကြီး....၊ ကျေးဇူးကိုသာ အောက်မေ့တော်မူပါ။ ကျွန်ုပ်ကား မလာနိုင်ပါ"ဟူ၍ စကားပြန်လိုက်လေသည်။

ထိုအခါ ပဇ္ဇောတ မင်းကြီးသည် အဘိုးများစွာ ထိုက်တန်သည့် သိဝိတိုင်းဖြစ် အဝတ်တစုံကို ဇီဝကထံသို့ ပို့လိုက်၏။ ဇီဝကသည် ထိုဝတ်စုံကို မိမိဝတ်ရုံသုံးစွဲခြင်း မပြုဘဲ သိမ်းဆည်းထားလေသည်။

တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် စခြင်းဒေါသ ထူပြော၍ ကိုယ်လက် မအီမသာ ဖြစ်နေသောကြောင့် ဝမ်းလျှောဆေး သောက်သုံးလိုကြောင်း ရှင်အာနန္ဒာအား မိန့်ကြား၏။ ရှင်အာနန္ဒာသည် ဇီဝကအိမ်သို့ ကြွသွား၍ ထိုအကြောင်းကို မိန့်ကြားရာ ဇီဝကက "အရှင်ဘုရား၊ ဗုဒ္ဓရှင်တော်မြတ်အား ငမ်းနူးစေရန် သုံးရက်တိတိဆီနှင့်ရော၍ ဆွမ်းဆက်ကပ်ပါ။ လေးရက်မြောက်သည့်နေ့တွင် တပည့်တော်လာ၍ ဆေးကပ်ပါမည်"ဟူ၍ လျှောက်တင်လိုက်၏။

ရှင်အာနန္ဒာသည် သမားတော် ဇီဝက လျှောက်တင်လိုက်သည့်အတိုင်း ဗုဒ္ဓအား ဆီနှင့်ရော၍ သုံးရက်တိတိ ဆွမ်းကပ်၏။ ဇီဝကသည် "ဗုဒ္ဓအား ကြမ်းတမ်းသောဆေးဖြင့် ဝမ်းလျှောစေရန် မသင့်။ ငြိမ်မွေ့သော ဆေးကိုသာ ဆက်ကပ်အံ့"ဟု ကြံ၍

လေးရက်မြောက်နေ့တွင် ဆေးဖြင့်ထုံအပ်သော ကြာသုံးလက်ကို ယူ၍ ကျောင်းတော်သို့ လာခဲ့လေ၏။

ကျောင်းတော်သို့ရောက်လျှင်ဗုဒ္ဓအား ကြာသုံးလက်ကို ဆက်ကပ်၍ "အရှင်ဘုရား၊ ပထမကြာလက်ကို သုံးကြိမ်နမ်းလျှင် ကြမ်းသော စမြင်းဒေါသများ ဆယ်ကြိမ် သက်ပါလိမ့်မည်။ ဒုတိယ ကြာလက်ကို သုံးကြိမ်နမ်းလျှင် အလယ်အလတ်ဖြစ်သော စမြင်းဒေါသများ ဆယ်ကြိမ် သက်လာပါလိမ့်မည်။ တတိယ ကြာလက်ကို သုံးကြိမ်နမ်းလျှင် နူးညံ့သော စမြင်းဒေါသများ ဆယ်ကြိမ်သက်လာပါလိမ့်မည်" ဟူ၍ လျှောက်တင်လေ၏။

ဤသို့လျှောက်တင်၍ ပြန်လာခဲ့သော ဇီဝကသည် ကျောင်းပရိဝုဏ်၏ အပြင်ဘက်သို့ ရောက်သည့်အခါ ကြာသုံးလက် အနက် တတိယ ကြာလက်တွင် ဆေးတမျိုး လျော့နေသောကြောင့် ဗုဒ္ဓသည် နှစ်ဆယ့်ကိုးကြိမ်သာ ဝမ်းသက်မည် ဖြစ်ကြောင်း စဉ်းစားမိလေ၏။ သို့ရာတွင် "အကယ်၍ ဗုဒ္ဓရှင်တော်မြတ်သည် ရေသပ္ပာယ်ခြင်း ပြုလိုက်ပါမူကား အကြိမ် သုံးဆယ် တိတိပင် ဝမ်းသက်ပေလိမ့်မည်" ဟူ၍ စဉ်းစားမိပြန်သောကြောင့် ဗုဒ္ဓထံသို့ ပြန်၍လျှောက်ထားခြင်း မပြုတော့ဘဲ အိမ်သို့ပင် ပြန်ခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်ကား ဇီဝက၏ စိတ်အကြံကို သိရှိတော်မူလေသည်။ ထို့ကြောင့် ဝမ်းလျှောသက်၍ နှစ်ဆယ့်ကိုးကြိမ်စေ့သောအခါ ရှင်အာနန္ဒာအား ရေနွေးကို စီရင်စေပြီး ရေသပ္ပာယ်ခြင်း ပြုလိုက်ရာ အကြိမ်သုံးဆယ် တိတိပင် ဝမ်းလျှောသက်ခြင်း ဖြစ်သွားတော့၏။

နောက်နေ့တွင် ဇီဝကသည် နံနက်စောစော ဆန်ပြုတ်ကို စီရင်၍ ကျောင်းတော်သို့ လာခဲ့၏။ "အရှင်ဘုရား၊ တပည့်တော် လျှောက်သည့်အတိုင်း ဝမ်းလျှောပါ၏လော"ဟု မေးလျှောက် လျှင် ဗုဒ္ဓက အကြိမ်သုံးဆယ် တိတိပင် ဝမ်းလျှောခဲ့ကြောင်း မိန့်ကြားတော်မူသည်။

ဇီဝကသည် မိမိယူဆောင်ခဲ့သည့် ဆန်ပြုတ်ကို ဗုဒ္ဓအား ဆက် ကပ်၏။ ထို့နောက် မကြာမီပင် ရှင်မောဂ္ဂလ္လာန် မထေရ်မြတ် ကလည်း သောဏ သူဌေးသား၏အိမ်မှ မွန်မြတ်သော ဆွမ်းကို ခံယူခဲ့ပြီး ဗုဒ္ဓအား ဆက်ကပ်ပြန်သည်။

ရောဂါကင်းစင်၍ ကြည်ကြည်လင်လင် ဖြစ်လာသော ဗုဒ္ဓ ရှင်တော်မြတ်အား ဖူးတွေ့ရသောအခါ ဇီဝကစိတ်တွင်ကြည်ညိုမှု၊ မြတ်နိုးမှုများ ပို၍တိုးပွားလာ၏။ ထို့ကြောင့် ပဇ္ဇောတ မင်းကြီး ထံမှ ရရှိထားသော သိဝိတိုင်းဖြစ် ဝတ်စုံကို မိမိ နောက်လိုက် ကျေးကျွန်တယောက်အား ပြန်၍ အယူခိုင်းလိုက်ပြီး ဗုဒ္ဓအား ဆက်ကပ်လျှုဒါန်း လေသည်။

"ရှင်တော်မြတ်ဘုရား၊ ဤဝတ်စုံသည် ဥဇ္ဇေနီပြည့်ရှင် ဘုရင်ပဇ္ဇောတထံမှ လက်ဆောင် ရရှိထားသည့် ပစ္စည်းဖြစ်ပါ သည်။ တပည့်တော်အား ချီးမြှောက်သောအားဖြင့် ဤဝတ်စုံ ကို အလှူခံတော်မူပါ။ ရှင်တော်မြတ်၏ တပည့်သံဃာတို့မှာ လည်း ပံ့သကူ သင်္ကန်းကိုသာ ဆောင်ကြရသဖြင့် ဆင်းရဲပင်ပန်း ကြပါသည်။ ထို့ကြောင့် ဒါယကာတို့ လှူဒါန်းသည့် အဝတ် သင်္ကန်းကို ခံယူသုံးစွဲခွင့် ပြုတော်မူပါ။ သို့မှသာ လူဒါယကာ များလည်း ကုသိုလ်ပွားခွင့် ရကြပါလိမ့်မည်"

ဇီဝက၏ယင်းသို့ လျှောက်လားတောင်းပန်ချက်အရ ဗုဒ္ဓသည် ရဟန်းတို့အား လှူဒါယကာတို့ လှူဒါန်းသည့် အဝတ်သင်္ကန်း ကို ခံယူသုံးစွဲရန် ခွင့်ပြုတော်မူသည်။ ထိုသတင်းကို ကြားလျှင် ရာဇဂြိုဟ် မြို့သူ မြို့သားတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် များ စွာသော အဝတ်သင်္ကန်းကို လှူဒါန်းကြရလေသည်။

တရံရောအခါ ဗုဒ္ဓအား လုပ်ကြံသတ်ဖြတ်၍ မိမိကိုယ်တိုင် ဘုရားလုပ်လိုသော ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ခြေ၌ ဗုဒ္ဓ ရှင်တော်မြတ်စင်္ကြံကြွနေစဉ် တောင်ထိပ်ပေါ်မှနေ၍ ကျောက် တုံးကြီးတခုကို လှိမ့်ချလိုက်လေ၏။ ကြားမှ ကျောက်ဆောင်တခု က ဝင်၍ ခံနေသောကြောင့် ထိုကျောက်တုံးသည် ဗုဒ္ဓအား တိုက်ရိုက်မထိမှန်ချေ။ သို့သော် ယင်းကျောက်ဆောင်မှ ကွာကျ သည့် ကျောက်ချပ်တခုသည် ဗုဒ္ဓ၏ ခြေတဖက်ပေါ်သို့ ကျသွား သဖြင့် ခြေမတော်ကွဲသွားလေသည်။

ထိုအကြောင်းကို ကြားသိကြသော ရဟန်းတို့သည်ဗုဒ္ဓထံ သို့ စုဝေး ရောက်ရှိလာကြပြီး၊ ဗုဒ္ဓကို မဒ္ဒကုစ္ဆိတောင်သို့ ပင့်ဆောင်သွားကြ၏။ ဗုဒ္ဓသည် ထိုမှတဆင့် တောင်ခြေရှိ ဇီဝက ၏ သရက်ဥယျာဉ်သို့ ဆက်လက် ကြွတော်မူပြန်၏။ ဇီဝကသည် ဗိမ္ဗိသာရမင်းကြီးထံမှ အပိုင်စား ရရှိထားသော သရက်ဥယျာဉ် တွင် ကျောင်းဆောက်၍ ဗုဒ္ဓအား လှူဒါန်းထားခဲ့၏။

ဗုဒ္ဓ၏ခြေမတော်တဖက်၌ထိခိုက်ဒဏ်ရာရသွားကြောင်း ကြား သိလျှင်ဇီဝကသည် ကျောင်းတော်သို့ ချက်ခြင်း ရောက်ရှိလာပြီး၊ အနာကို ဆေးလိမ်း၍ ပတ်တီးစည်းပေးလေသည်။ ထို့နောက် ဇီဝကသည် "ဤပတ်တီးကို ညနေမှ တပည့်တော် လာ၍ ဖြေပေးပါမည် ဘုရား"ဟု လျှောက်၍ မြို့တွင်းသို့ ပြန်ခဲ့၏။

ညဖန်ပိုင်းတွင် လူနာတဦးကို ကြည့်ရှု ကုသနေစဉ်မှာပင် မိုးချုပ်၍ မြို့တံခါးပိတ်သွားသောကြောင့် ဇီဝကသည် ကျောင်းတော်သို့ မသွားနိုင်တော့ချေ။ ထိုအခါ ဇီဝကသည် "ဗုဒ္ဓ၏ ခြေအနာကို ငါ စည်းပေးခဲ့သော ဆေးကား ပြင်းထန်သောဆေး ဖြစ်၏။ ပတ်တီးကို ယနေ့ည မဖြေလျှင် ဗုဒ္ဓသည် တညလုံး ပြင်းပြစွာ ပူလောင်သော ဝေဒနာကို ခံစားနေရရှာတော့မှပေတော့မည်" ဟု တွေးတော စိုးရိမ်ကာ စိတ်မချမ်းမသာ ဖြစ်နေခဲ့လသည်။

ဗုဒ္ဓသည်ဇီဝက၏စိတ်အကြံကိုသိမြင်တော်မူသဖြင့် ရှင်အာနန္ဒာကို ခေါ်၍ အနာမှ ပတ်တီးကို ဖြေစေတော်မူ၏။ နောက်နေ့တွင် နံနက်စောစောအိပ်ရာမှထ၍ ကျောင်းတော်သို့ ရောက်လာသော ဇီဝကသည် ဗုဒ္ဓအား "ပူလောင်ခြင်း ဝေဒနာကို ခံစားရပါသလော" ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက "ဒကာတော်ဇီဝက၊ ငါဘုရားအား ကိုယ်၏ ပူလောင်ခြင်းလည်းမရှိ။ ကိလေသာတို့မှ ကင်းလွတ်ပြီးဖြစ်၍ စိတ်၏ပူလောင်ခြင်းလည်းမရှိ" ဟု မိန့်ကြား၍ တရားဟောတော်မူလေသည်။

[အရပတ္တဂ် ဇီဝကပဥ္စဝတ္ထုကို စူဠဝဂ္ဂပါဠိတော် ဇီဝကဝတ္ထုဖြင့် ဖြည့်စွက်ရေးသားပါသည်။]



# မိန်းမ မုန်းသူ

သာဝတ္ထိပြည်၌ အတော်အတန် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည့် သူကြွယ်ဇနီးမောင်နှံနှစ်ယောက်ရှိ၏။ ထိုဇနီးမောင်နှံတို့သည် နှစ်ပေါင်းများစွာ ပေါင်းသင်းနေထိုင်လာခဲ့ကြသော်လည်း သားသမီး တဦးတလေမျှ မထွန်းကားသဖြင့် သားသမီးကို အလွန်အမင်း လိုချင်နေကြ၏။ ထိုအချိန်တွင် သူကြွယ်ကတော်၌ မမြော်လင့်ဘဲ ရုတ်တရက် ကိုယ်ဝန်ရှိလာပြီး၊ ကိုးလကျော် ဆယ်လ ရောက်သောအခါ သားကလေးတယောက်ကို ချောမောစွာ ဖွားမြင်လေသည်။ အိမ်ထောင်ဦးဘဝဖြင့် သားယောကျ်ားလေးတဦး ရရှိလာသဖြင့် ဇနီးမောင်နှံနှစ်ယောက်လုံး ပျော်မဆုံး မော်မဆုံး ရှိကြလေသည်။

သို့သော် ထိုကလေးငယ်သည် မွေးဖွားပြီး၍ မကြာမြင့်မီမှာပင် တခြား ကလေးများနှင့်မတူ တမူထူးခြားသော အခြင်း

အရာတခုကို ပြသလေ၏။ ထိုအခြင်းအရာကား အခြားမဟုတ်။ မိန်းမများ၏ ထိတွေ့ကိုင်တွယ်မှုကို မခံလိုခြင်းဖြစ်၏။ မိခင်သည် ထုံးစံအတိုင်း ကလေးငယ်ကို ရင်ခွင်၌ ပွေ့ပိုက်၍ နို့ချိုတိုက်ကျွေးရာ ကလေးငယ်သည် ကောင်းစွာ မစို့ဘဲ တစာစာ ငိုမြည်နေ၏။ အိပ်ရာပေါ်၌ ချ၍တိုက်မှအငိုတိတ်သွားလေ၏။ အထိန်းအယ မိန်းမများက ပွေ့ချီသောအခါ၌လည်း ချော့မရအောင် ငိုနေသောကြောင့် ထိုကလေးအား ယောကျ်ားများကသာ ပွေ့ချီ ထိန်းကျောင်းကြရ၏။

ရင်သားမှ လသားအရွယ်သို့ ရောက်လာသောအခါ၌ကား ကလေးငယ်သည် မိခင်မှတပါး တခြားသော မိန်းမတို့၏ အချီအပွေ့ကို လုံးဝ လက်မခံတော့ချေ။ ဤသို့ နို့စို့အရွယ်မှ စ၍ မိန်းမ မုန်းသူဖြစ်ခြင်းကြောင့် ထိုကလေးငယ်အား 'အနိတ္ထိဂန္ဓ' ဟု နာမည် မှည့်ထားကြ၏။

အနိတ္ထိဂန္ဓသတို့သား လူပျိုအရွယ်သို့ ရောက်လာသောအခါ မိဘနှစ်ပါးတို့သည် မိမိတို့ သား၏ အိမ်ထောင်ရေးကို စဉ်းစားကြလေ၏။ ဆွေဂုဏ်မျိုးဂုဏ်နှင့် ပြည့်စုံ၍ ရုပ်ရည်လှပသော မိန်းကလေးများကို တယောက်ပြီးတယောက် ပြသ၍ သားအား တိုက်တွန်းနားချကြ၏။ သတို့သားကား "ကျွန်တော်အိမ်ထောင်ပြုဘို့ လုံးဝစိတ်မဝင်စားပါ" ဟု ပြော၍ တယောက်မျှ လက်မခံဘဲ ငြင်းဆန်နေလေသည်။

သို့သော် မိဘများကား လွယ်လွယ်နှင့် အလျှော့မပေးကြ။ တဦးတည်းသော သားဖြစ်၍ မိမိတို့ မျိုးဆက်မပြတ်စေရန် အခွင့်သင့်တိုင်း ထပ်မံ တိုက်တွန်းနေကြ၏။ နောက်ဆုံးတွင်မူ မိဘတို့၏ နားပူမှုကို မခံနိုင်သောကြောင့် သတို့သားသည် အလွန်လှပ

သော မိန်းမပျိုရုပ်တခုကို ရွှေသားဖြင့် ထုလုပ်စေ၏။ နောက် တကြိမ် မိဘများက တိုက်တွန်းသည့်အခါ ရွှေရုပ်ကို ထုတ်ပြ၍ "ဒီလောက်လှတဲ့ မိန်းမကိုရရင် ကျွန်တော်အိမ်ထောင်ပြုပါတော့မည်" ဟူ၍ ပြောလေသည်။

ထိုအခါ မိဘများသည် "ငါတို့သားကား သာမညသားမဟုတ်၊ ဘုန်းကံရှင်တဦးဖြစ်၏။ သူနှင့်ပါရမီဖြည့်ဘက်မိန်းကလေး တဦးကား အမှန်ပင် ရှိရမည်" ဟု ယူဆလျက် တတ်ကျွမ်းလိမ္မာသော ပုဏ္ဏားတို့အား ရွှေရုပ်ကို အပ်၍ သတို့သမီးလောင်းအရှာ လွှတ်လိုက်၏။

ထိုပုဏ္ဏားတို့သည် တမြို့ဝင်တမြို့ထွက် လှည့်လည် ရှာဖွေရင်း မဒ္ဒတိုင်း သာဂလမြို့သို့ ဆိုက်ရောက်သွားကြ၏။ မဒ္ဒတိုင်းကား ရာသီဥတု မျှတ၍ ရေမြေ ကောင်းမွန်သောကြောင့် မိန်းမချော မိန်းမလှ ပေါများလှ၏။ ပုဏ္ဏားတို့သည် မြစ်ဆိပ်၌ စောင့်၍ ရေချိုးလာသည့် သာဂလမြို့သူများကို လေ့လာ အကဲခတ်နေစဉ် မိမိတို့ ယူဆောင်လာသည့် ရွှေရုပ်နှင့် ရုပ်ဘာရက် ခွဲခြား မရအောင်တူသည့် မိန်းမပျိုတယောက်ကို တွေ့ရှိကြလေသည်။

ပုဏ္ဏားတို့သည် ထိုမိန်းမပျို၏ မိဘများထံသို့ သက်ဆောင် ပဏ္ဏာများဖြင့် ချဉ်းကပ်ပြောဆို၍ သတို့သမီးကို သာဝတ္ထိပြည်သို့ ခေါ်ဆောင်ခဲ့ကြ၏။ သတို့သမီးရခဲ့ကြောင်း သတင်းကောင်းကို သာဝတ္ထိသို့ ကြိုတင်လူလွှတ်၍ သတင်းပို့စေရာ သတို့သား၏ မိဘများသည် ဝမ်းမြောက်ဝမ်းသာဖြင့် ချွေးမချောကို ကြိုဆိုရန် ပြင်ဆင်နေကြ၏။ မိန်းမများကို စိတ်မဝင်စားခဲ့သော အနိတ္ထိဂန္ဓသတို့သားမှာလည်း ထိုသတင်းကို ကြားရသည့်အခါ ထူးခြားစွာ စိတ်လှုပ်ရှားလာ၏။ မိမိစိတ်ကြိုက် ထုလုပ်ခဲ့သည့်

ရွှေရုပ်လိုလှသော မိန်းမကိုရခဲ့သည်ဆိုသောကြောင့် လူကိုမမြင်ရသေးဘဲ သတင်းကြားရုံဖြင့်ပင် ထိုမိန်းကလေး အပေါ်၌ ချစ်ခင်စုံလမ်းသည့် စိတ်များ တဖွားဖွား ပေါ်လာ၏။ ထို့ကြောင့် သူသည် သတို့သမီးလောင်း ဆိုက်ရောက်မည့်နေ့ကို လက်ချိုးရေတွက်၍ နေလေသည်။

သာဂလမြို့နှင့် သာဝတ္ထိကား ယူဇနာပေါင်း များစွာဝေးကွာ၏။ ခရီးလမ်းပန်းကလည်း ကြမ်းတမ်းလှ၏။ ပုဏ္ဏားတို့သည် သတို့သမီးအား လှည်းယာဉ်ဖြင့် တင်ဆောင်၍ ခေါ်လာကြရာ တခါတရံ လမ်းပန်း မကောင်းသည့် နေရာများ၌ ခြေလျင်ဆင်း၍ လျှောက်ကြရ၏။ ပင်ကိုယ်အားဖြင့် အလွန်နုနယ် သိမ်မွေ့လှသော သာဂလ မြို့သူကလေးသည် ရာသီ အပြောင်းအလဲနှင့် ခရီးပန်းမှု ဒဏ်များကို ခံစားရသဖြင့် လမ်းတဝက်၌ပင် နာမကျန်း ဖြစ်ရှာလေ၏။ အဖွဲ့ခေါင်းဆောင် ပုဏ္ဏားကြီးသည် သတို့သမီးလောင်း၏ ကျန်းမာချမ်းသာရေးနှင့် ပတ်သက်၍ မိမိ၌ လုံးဝ တာဝန်ရှိသည့်အတိုင်း လမ်းခရီး၌ရနိုင်သမျှသော ဆေးဝါးများကို ရှာဖွေတိုက်ကျွေး၍ အငမ်းကုန် ပြုစု ကုသ၏။ သို့သော်ထိုပြုစု ကုသမှုများကား အချည်းနှီးသာဖြစ်တော့၏။ သတို့သမီးမှာ သာဝတ္ထိသို့ မရောက်မီ လမ်းတဝက်မှာပင် ကွယ်လွန်ရှာတော့၏။

လမ်းတဝက်၌ သတို့သမီးလောင်း ကွယ်လွန်သည့် သတင်း သာဝတ္ထိသို့ ဆိုက်ရောက်လာသောအခါ အနိတ္ထိဂန္ဓ သတို့သားမှာ အကြီးအကျယ် စိတ်ထိခိုက်သွားလေ၏။ မိန်းမချော မိန်းမလှ တွေ့ပေါ်သည့် မဒ္ဒရာဇ်တိုင်း သာဂလမြို့သူကလေး၊ မိမိကိုယ်တိုင် စိတ်ကြိုက်တုလုပ်ခဲ့သည့် ရွှေရုပ်လို လှသူကလေး၊ ထိုမိန်းကလေး

နှင့် ရွှေလည်တွဲ၍ ချစ်ပွဲဆင်ရန် တမြော်မြော်နေခဲ့သော သတို့သားအဘို့ စိတ်ကူးယဉ် အိပ်မက်ကြီး ရုတ်တရက် ပြိုကျပျက်စီးသွားလေ၏။

တနေ့တရက်မျှ ပေါင်းဖက်ခွင့်မရလိုက်သော၊ မျက်နှာကိုမျှ မမြင်လိုက်ရသော ချစ်သူအတွက် တခါက မိန်းမမုန်းခဲ့သော အနိတ္ထိဂန္ဓ သတို့သားမှာ ပရိဒေ့ဝမီး ကြီးစွာတောက်လောင်လေတော့၏။ မိဘနှစ်ပါးတို့သည် မိန်းမကံဆိုးသော သားအား အမျိုးမျိုးတရားပြ၍ ဖျောင်းဖျဖြေသိမ့်ကြ၏။ "ဧတယောက်နှင့် အဆင်မပြေလျှင် နောက်တယောက် ရှာဖွေပေးပါမည်"ဟူ၍ အားပေးစကား ပြောကြ၏။

သို့သော် အစွဲအလမ်း ကြီးလှသော အနိတ္ထိဂန္ဓကား မိဘတို့စကားကို နားမဝင်။ မမြင်လိုက်ရသော ဇနီးလောင်း အလှကလေးကိုသာ တသသ တွေးတောလျက် မစားနိုင်၊ မအိပ်နိုင်၊ တမှိုင်မှိုင် တတွေတွေဖြင့် အိမ်တွင်းပုန်း၍ နေလေသည်။

ယင်းသို့ ဖြစ်ပျက်၍ ခုနစ်ရက်ခန့် ရှိသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် အနိတ္ထိဂန္ဓ သတို့သားအိမ်သို့ အမှတ်မထင် ကြွရောက်လာ၏။ သူကြွယ် ဇနီးမောင်နှံတို့သည် ဗုဒ္ဓအား အိမ်တွင်းသို့ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူရန် ပြင်ဆင်နေကြ၏။

ထိုအချိန်တွင် ဗုဒ္ဓက "အို...သူကြွယ်၊ သင်တို့၏သား အနိတ္ထိဂန္ဓကို မမြင်ပါတကား"ဟု မိန့်ကြားရာ သူကြွယ်သည် သား၏ အဖြစ်အပျက် အလုံးစုံကို ဗုဒ္ဓအား ထုတ်ဖော် လျှောက်ကြားလေသည်။ ထိုအခါ ဗုဒ္ဓသည် အိမ်တွင်း၌ အောင်းနေသည့် အနိတ္ထိဂန္ဓအား ခေါ်စေပြီး "ချစ်သား၊ ယခုကဲ့သို့ သင် ပူဆွေး

သောက ရောက်ရသည်မှာ ဘာ့ကြောင့်ဟု သင်ထင်သနည်း”ဟူ၍ မေးမြန်းတော်မူ၏။

“တပည့်တော်၏ ဇနီးလောင်းကလေး ကွယ်လွန်သွားသည့် အတွက် ဖြစ်ပါသည်ဘုရား”

“ချစ်သား အနိတ္ထိဂန္ဓ....၊ အမှန်စင်စစ် ဤသို့ပူဆွေးသောက ရောက်ရခြင်းမှာ ချစ်ခင်စွဲလမ်းမှု ရှိခြင်းကြောင့်သာ ဖြစ်၏။ ချစ်ခင်စွဲလမ်းမှု မရှိသူသည် မည်သည့် အကြောင်းကြောင့်မျှ ပူဆွေးသောက မရောက်နိုင်တော့ပေ”

ဗုဒ္ဓရှင်တော်မြတ်သည် ဤသို့ စသည်ဖြင့် တရားရေအေးကို တိုက်ကျွေး ဟောကြားတော်မူ၏။ တရားအဆုံး၌ အနိတ္ထိဂန္ဓ သတို့သားသည် ကာမအပူမီး ငြိမ်းအေးလျက် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုသွားလေတော့သည်။

[ပိယဝဂ်၊ အနိတ္ထိဂန္ဓကုမာရဝတ္ထု]

# ဦးရိုးတော်၏ ရန်ငြိုး

သက္ကတိုင်း ဒေဝဒဟမြို့ကို အုပ်ချုပ်သည့် သုပ္ပဗုဒ္ဓ သာကီဝင် မင်းကြီးအား သားတော် ဒေဝဒတ်နှင့် သမီးတော် ယသောဓရာ ဟူ၍ သား-သမီးနှစ်ယောက် ထွန်းကားခဲ့၏။

သမီးတော် ယသောဓရာ အရွယ်ရောက်သောအခါ ဗုဒ္ဓ လောင်းလျာ သိဒ္ဓတ္ထမင်းသားနှင့် လက်ဆက်၍ ရာဟုလာ ဟူသော သားတယောက် ဖွားမြင်၏။

သိဒ္ဓတ္ထမင်းသားကား မကြာမီ စကြာမင်း ဖြစ်လိမ့်မည်ဟု သက်ျ မင်းမျိုးမင်းနွယ်တို့ လောက၌ သတင်းပြေးလျက်ရှိရာ သုပ္ပဗုဒ္ဓမင်းကြီးသည် စကြာမင်း၏ ယောက္ခမ ဟူသောဘွဲ့ကို ရရှိရန် မြှော်လင့်တကြီး ရှိခဲ့ပေသည်။

သို့သော်လည်း သိဒ္ဓတ္ထ မင်းသားကား ဆွေတော်မျိုးတော် များ မြှော်လင့်သကဲ့သို့ စကြာမင်း ဖြစ်မလာခဲ့။ ကြင်ယာတော် ယသောဓရာအား သားတယောက်နှင့် ပစ်ထားခဲ့ပြီး တောထွက်

သွားရာ "ဗုဒ္ဓဂေါတမ" ဟူသော ဘွဲ့အမည်ဖြင့် မဇ္ဈိမဒေသ တဝှန်းလုံးတွင် ထင်ပေါ် ကျော်ကြားလာခဲ့ပေသည်။

ဤသို့ သိဒ္ဓတ္ထမင်းသား ဗုဒ္ဓအဖြစ်သို့ရောက်သောအခါ သာကီဝင်မင်းမျိုးမှ မြောက်မြားစွာသော မင်းညီ မင်းသားတို့သည် ဗုဒ္ဓထံသို့လိုက်၍ ရဟန်းပြုကြလေ၏။ ယင်းသို့ ရဟန်းပြုကြသူများတွင် သုပ္ပဗုဒ္ဓ မင်းကြီး၏ သားတော် ဒေဝဒတ် မင်းသားလည်း တဦးအပါအဝင် ဖြစ်၏။

ဒေဝဒတ်မင်းသားသည် ရဟန်းပြုပြီးနောက် စောစောပိုင်းကာလတွင် ဗုဒ္ဓ၏ ညွှန်ကြားဆုံးမချက်များကို ရိုသေလေးစားစွာ လိုက်နာကျင့်ကြံသဖြင့် စျာန်အဘိညာဉ် တန်ခိုးများကိုပင် ရရှိခဲ့၏။ သို့သော်လည်း နောက်ပိုင်းတွင်မူ ထင်ပေါ်ကျော်ကြားမှုကို လိုလားသည့်စိတ်ဖြင့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်နှင့် ပူးပေါင်း၍ ဗုဒ္ဓအား ရန်ပြုခဲ့၏။

မသိမလိမ္မာသည့် ရဟန်းငယ် ငါးရာကို သွေးဆောင်ခေါ်ယူသွားပြီးဗုဒ္ဓနှင့် စင်ပြိုင် သံဃာဂိုဏ်းကြီးကာခုကိုပင် တည်ထောင်ရန် ကြိုးပမ်းခဲ့၏။ သို့သော်လည်း သူ၏ကြိုးပမ်းချက် မအောင်မြင်ဘဲ နောက်ဆုံးတွင် အရှင်လတ်လတ် မြေမျို၍ ဘဝ ဇာတ်သိမ်းခဲ့လေသည်။

သုပ္ပဗုဒ္ဓမင်းကြီးကားသိဒ္ဓတ္ထမင်းသားက သမီးတော်ယသောဓရာအား စွန့်ပစ်သွားသည့်အခါ စကြာမင်း၏ ယောက္ခမဖြစ်ရန် မျှော်လင့်ချက်ပျက်သွားသဖြင့် အတော်ပင် စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရ၏။

ထို့နောက် သားတော်ဒေဝဒတ်နှင့် ဗုဒ္ဓတို့ အဆင်မပြေဖြစ်နေသည့်သတင်းကို ကြားရပြန်လျှင် ဗုဒ္ဓအပေါ်၌ နာကြည်းမုန်းတီးသည့်စိတ် ပိုမို ပြင်းထန်လာတော့၏။

ယင်းသို့သော အခြေအနေကြောင့် သုပ္ပဗုဒ္ဓသည် မိမိ၏တူအရင်း ခေါက်ခေါက်ဖြစ်ရုံသာမက သားမက်တော်ဟောင်းလည်းဖြစ်သည့် ဗုဒ္ဓရှင်တော်မြတ်အား ရန်သူဟု သတ်မှတ်လျက် တုံ့ပြန်လက်စားချေရန် အခွင့်အလမ်းကိုသာ ရှာကြံနေ၏။

တရံရောအခါ ဗုဒ္ဓသည် ကပိလဝတ်ပြည်သို့ကြွလာ၍ နိဂြောဓာရုံကျောင်း၌သီတင်းသုံးနေ၏။ထိုအချိန်တွင်သုပ္ပဗုဒ္ဓသည်လည်း ကပိလဝတ်ပြည်သို့ ရောက်နေခိုက် ဖြစ်၍ ဗုဒ္ဓအား အနှောက်အယှက် ပေးရန်နည်းလမ်းတခုကို စဉ်းစားမိလေ၏။

တခုသော နံနက်ခင်းဝယ် ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းပရိသတ် မြောက်မြားစွာနှင့်အတူ ကပိလဝတ်ပြည်သို့ ဆွမ်းခံဝင်လာ၏။ ဆွေတော်မျိုးတော်များနှင့်တကွ ကပိလဝတ် မြို့သူမြို့သားတို့သည် ဆွမ်းလောင်းလှူရန်အတွက် တလှုပ်လှုပ်တရွရွဖြင့် ပြင်ဆင်စီမံနေကြ၏။

ထိုအချိန်တွင် ဗုဒ္ဓကြွလာမည့် လမ်းမ တနေရာ၌ သုပ္ပဗုဒ္ဓသည် မိမိ၏ နောက်လိုက် လက်သားများနှင့် အတူ မဏ္ဍပ်ကြီးထိုး၍ သေသောက်ပွဲကြီး တခုကိုလမ်းနားစွာကျင်းပနေ၏။ ဗုဒ္ဓနှင့် ရဟန်းသံဃာများ ကြွလာမည့် လမ်းမဝယ် ဆူညံစွာ သောက်စားမူးယစ်နေသည့် မြင်ကွင်းကား လွန်စွာပင် အရုပ်ဆိုးလှတော့၏။

ထိုမြင်ကွင်းကို မြင်တွေ့ကြသည့် မြို့သူမြို့သားအချို့တို့သည် သုပ္ပဗုဒ္ဓ မင်းကြီးထံ ချဉ်းကပ်၍ သတိပေးစကား ပြောဆိုကြ၏။ "အရှင်မင်းကြီး ဗုဒ္ဓနှင့် ရဟန်းသံဃာများ မကြာခင် ဆွမ်းခံ

ကြွလာ ပါတော့မယ်၊ သေသောက်ပွဲကြီးကို အမြန်ရုပ်သိမ်း ပါလော့”

သုပ္ပဗုဒ္ဓကား ထိုသူတို့၏ စကားကို ဂရုမစိုက်ချေ။

“သိဒ္ဓတ္ထဟာ ငါ့တူပါကွယ်၊ ငါက သူ့အတွက် လမ်းဖယ်ပေးဘို့ မလိုပါဘူး၊ သူ့ဟာသူ တခြားလမ်းက သွားပါလိမ့်မယ်”

ဤသို့ပြန်ပြောကာ သေသောက်ပွဲကို အရှိန်မပျက် ဆက်လက်ပြုလုပ်၍သာနေ၏။ ဗုဒ္ဓနှင့် သံဃာတန်းကြီး နီးလာပြန်သောအခါ ၊မြို့သူမြို့သားများသည် နောက်တကြိမ် ထပ်၍ သတိပေးကြပြန်သည်။ သို့သော် သုပ္ပဗုဒ္ဓကား လုံးဝမဖြုံချေ။

ဗုဒ္ဓရှင်တော်မြတ်သည် မြို့တော်လမ်းမကြီးအတိုင်း ကြွလာ၍ သေသောက်ပွဲကြီးကို မြင်သောအခါ အနီးငယ်ပြုံး၍ ရှေ့သို့ခရီးမဆက်တော့ဘဲ နောက်ကြောင်းပြန် ကြွတော်မူလေသည်။

သုပ္ပဗုဒ္ဓကား “ငါအနိုင်ရပြီ”ဟူသော သဘောဖြင့် ကျေနပ်ပျော်ရွှင်၍ မဆုံးအောင်ရှိတော့၏။ သို့သော်လည်း “ဂေါတမဟာ ငါ့အကြောင်း ဘာများ ပြောအုံးမလဲ”ဟု တွေးမိသဖြင့် မိမိ၏အတွင်းလူတယောက်ကို ဗုဒ္ဓ၏ နောက်သို့လိုက်၍ နားထောင်ရန် စေလွှတ်လိုက်၏။

ကျောင်းတော်သို့ ရောက်သောအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓအား ဤသို့မေးလျှောက်လေ၏။

“ဦးရီးတော် သုပ္ပဗုဒ္ဓအား တွေ့မြင်စဉ်က ဗုဒ္ဓရှင်တော်မြတ်ပြုံးတော်မူသည်မှာ ဘာအကြောင်းကြောင့်ပါလဲ ဘုရား”

“အာနန္ဒာ ဦးရီးတော် သုပ္ပဗုဒ္ဓသည် ငါဘုရားနှင့် ရဟန်းသံဃာတို့အား လမ်းပိတ်ဆို့ခဲ့ခြင်းမှာ အလွန်ကြီးလေးသော ပြစ်မှုကြီးတရပ်ဖြစ်၏။ ဦးရီးတော်သည် နောင်ခုနစ်ရက် မြောက်သော

နေ့တွင် မိမိနေထိုင်ရာ နန်းပြာသာဒ်ဆောင်ခြေရင်းရှိ စင်္ကြံဦး၌ မြေမျိုခြင်း ခံရလိမ့်မည်။ ဤအကြောင်းကို မြင်၍ ငါဘုရား ပြုံးခြင်း ဖြစ်ပေသည်။"

သုပ္ပဗုဒ္ဓ၏ လူယုံတော်သည် ဤမိန့်ကြားချက်ကို ကြားလျှင်ပြန်လာခဲ့ပြီး သူ့သခင်အား အစီရင်ခံလေ၏။ ဗုဒ္ဓ၏မိန့်ကြားချက်တို့သည်မှန်ကန်မှုရှိတတ်ကြောင်းသုပ္ပဗုဒ္ဓစဉ်းစားမိ၏။သို့သော်လည်း ဤအကြိမ်တွင်မူ သူပြောသည့်အတိုင်း အားလုံးမမှန်နိုင်၊ ယင်းသို့မမှန်အောင်လည်း ငါလုပ်မည်ဟု စဉ်းစား ဆုံးဖြတ်လိုက်၏။

ထို့နောက်သူသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ဆောင်ထက်သို့ တက်၍ မိမိစားသောက် သုံးစွဲရန် ပစ္စည်း ပရိဘောဂများကိုလည်း အလုံအလောက်တင်စေ၏။ ထို့ပြင် တံခါးခုနစ်ခုလုံးကို မင်းတုံးသော့တို့ဖြင့် အခိုင်အမာ ပိတ်စေ၍ လှေကားများကိုလည်း ဖြုတ်ထားစေ၏။ တံခါးတခုစီတွင် အလွန်သန်မာအားကောင်းသည့် ယောကျ်ားနှစ်ယောက်စီ တာဝန်ချထားကာ မိမိသတိမေ့လျော့၍ အောက်ဆင်းမည် လုပ်ပါက တားဆီးကြရန် ပြောဆိုမှာထားလေသည်။

ဤသို့သုပ္ပဗုဒ္ဓသည် ဘုံခုနစ်ဆင့်ရှိသော နန်းပြာသာဒ်ထက်သို့ တက်၍ အစောင့်အကြပ်များဖြင့် နေသည့်သတင်းကို တဆင့်စကား တဆင့်နားဖြင့် ရှင်အာနန္ဒာကြားသိလျှင် ဗုဒ္ဓအား လျှောက်တင်၏။ ထိုအခါ ဗုဒ္ဓက-

"အာနန္ဒာ .... ကောင်းကင်သို့ ပြန်တက် နေသူသည်ရင်း၊ သမုဒ္ဒြာ ပင်လယ်ထဲ၌ ခရီးသွားနေသူသည်ရင်း၊ လိုဏ်ခေါင်းတွင်း၌ ဝင်နေသူသည်ရင်း သေခြင်းမှ မလွတ်နိုင်၊ ဤလောက၌ သေမင်းရန်မှ လွတ်နိုင်မည့် နေရာဟူ၍ တလက်မမျှ မရှိပေ"

ဤသို့ မိန့်ကြားတော်မူ၏။

ခုနစ်ရက်မြောက်သောနေ့၌ သုပ္ပဗုဒ္ဓမင်းကြီး၏ မင်္ဂလာ စီးတော်မြင်းသည်ရုတ်တရက် အထိတ်တလန့်ဖြစ်လျက်မြင်းစောင်း အကာအရံတို့ကို ကန်ကျောက် ခုန်ပေါက်နေလေသည်။

သုပ္ပဗုဒ္ဓသည် ပြာသာဒ်ပေါ်မှနေ၍ စီးတော်မြင်း၏မြည်ဟည်း သံကိုကြားလျှင် တံခါးပေါက်ရှိရာသို့ ချက်ခြင်းထပြေးရာ တံခါး ပေါက်သည် အလိုအလျောက် ပွင့်သွား၏။ ဖြုတ်ထားသည့်လှေ ကားသည်လည်း မူရင်းနေရာသို့ အလိုအလျောက်ရောက်ရှိလာ၏။ တံခါးပေါက်နား၌ တာဝန်ချထားသည့် ယောကျ်ားနှစ်ယောက် တို့သည်လည်း မင်းကြီးအားတားဆီးရမည့်အစား အောက်သို့သာ အတင်းတွန်း၍ ပို့နေကြလေသည်။

နန်းပြာသာဒ်၏ အောက်ထပ်တို့၌လည်း ဤနည်းတူပင်ဖြစ် လေရာ မင်းကြီးသည် တခဏအတွင်း၌ပင် စင်္ကြံဦးသို့ ရောက် ရှိသွားလေ၏။ ယင်းသို့ ရောက်ရှိသည်နှင့် တပြိုင်နက်မှာ ပင် ထိုနေရာမှ မြေကြီးကွဲအက်၍ အထဲသို့ နစ်ဝင်သွားလေတော့ သည်။

[ပါပဂေါ် သုပ္ပဗုဒ္ဓသကျဝတ္ထု]



# ကြာဖက်ပေါ်တွင် ရေမတင်သို့

ဥပ္ပလဝဏ်သည် သာဝတ္ထိပြည် သူဌေးကြီးတဦး၏ သမီးရတနာ လှကညာတပါးဖြစ်၏။ ကြာညိုပန်းကဲ့သို့ ညိုညက်သော အသား အရေရှိ၏။ ကြည်လင်ရှင်ပျသော မျက်နှာ၊ တင့်တယ်ပြေပြစ်သော ကိုယ်ခန္ဓာတို့ကြောင့် ယောကျ်ားဘကာတို့၏ စိတ်နှလုံးကို သိမ်း ကြုံးဆွဲဆောင်နိုင်သူလည်း ဖြစ်ပေသည်။

သူဌေးသမီး ဥပ္ပလဝဏ်၏ အလှကို မက်မောတွယ်တာမိကြ သော သာဝတ္ထိမြို့တော်သား ယောကျ်ားပျိုတို့သည် သူမ၏ မေတ္တာကို ပိုင်ဆိုင်နိုင်ရန် အလုအယက် ကြိုးပမ်းကြသည်။

သာဝတ္ထိမြို့တော်သား ယောကျ်ားပျိုမှန်သမျှတို့သည် သူဌေး သမီးဥပ္ပလဝဏ်၏ ရူပါရုံကို မက်မောတွယ်တာကြ၏။ သူမနှင့် အဆင့်အတန်းချင်းတူသည့် သူဌေးသားများသာမက မင်းညီ မင်းသားများပင် ပါဝင်ကြ၏။ ထိုအထဲတွင် သူဌေးကြီး၏တူတော် သည့် နန္ဒိယလုလင်ကား အကဲဆုံးဖြစ်၏။

နန္ဒိယလုလင်သည် ဥပ္ပလဝဏ်၏ မေတ္တာပန်းကို ဆွတ်လှမ်းနိုင်ရန်အစွမ်းကုန် ကြိုးပမ်းခဲ့၏။ ဦးရိုးတော် သူဌေးကြီး၏မျက်နှာသာပေးမှုကိုရရှိရန်လည်းသူဌေးကြီး၏အလိုကို လိုက်၍ အကြိုက်ကို ဆောင်ရွက်ခဲ့၏။ သို့သော်လည်း သူ၏ ကြိုးပမ်းချက်ကား အရာမထင်ခဲ့ချေ။

ဥပ္ပဝဏ်၏ အလှဂုဏ်သတင်းသည် သာဝတ္ထိမြို့တော်၌သာမက ရာဇဂြိုဟ်၊ ဝေသာလီစသော မြို့နိုင်ငံများအထိ ပျံ့နှံ့ကျော်ကြားခဲ့၏။ ထိုမြို့နိုင်ငံတို့မှ မင်းညီ မင်းသား သူဌေးသားများကလည်း ကမ်းလှမ်းချက်များ ပြုလာကြ၏။

သို့သော် ဥပ္ပလဝဏ်ကား အိမ်ထောင်ရေး၌ စိတ်မဝင်စား၊ ကမ္ဘာတသိန်းပတ်လုံး ဖြည့်ဆည်းခဲ့သော ပါရမီဓာတ်ခံရှိသူဖြစ်၍ ဖြူစင်သန့်ရှင်းသော အကျင့်ဖြင့် တည်ငြိမ်အေးချမ်းစွာသာ နေထိုင်ခဲ့၏။

ဖခင် သူဌေးကြီးသည် သမီးအတွက် ကမ်းလှမ်းချက်များစွာတို့ကို ရရှိသော်လည်း တဦးတယောက်၏ ကမ်းလှမ်းချက်ကိုမျှ လက်မခံဝံ့ချေ။ အကြောင်းကား သမီး၏သဘောထားကို ခန့်မှန်းတွက်ဆ၍ မရသောကြောင့် ဖြစ်၏။

တနေ့သ၌သူဌေးကြီးနှင့်သူဌေးကတော်ကြီးတို့သည်ဥပ္ပလဝဏ်ကို ခေါ်၍ မေးမြန်းစုံစမ်းကြ၏။

"ချစ်သမီး....သင်ကား အိမ်ထောင်ပြုရန်အရွယ်သို့ ရောက်ပြီ။ ဘခင်တို့ထံ လာရောက် ကမ်းလှမ်းသူများလည်း များစွာပင်ရှိ၏။ သမီး၏ ဆန္ဒကား မည်သို့ရှိပါသနည်း"

"ဘခင်....သမီးကား အိမ်ထောင်ပြုရန် အနည်းငယ်မျှ မလိုလားပါ"

"သို့ဖြစ်လျှင်သာသနာ့ဘောင်သို့ ဝင်၍ရဟန်းမ ပြုနိုင်ပါမည်လော ချစ်သမီး"

"ပြုနိုင်ပါသည် ဘခင်"

သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့မှာလည်း မြင့်မြတ်သော စိတ်ထား ရှိသူများဖြစ်၍ သမီး၏ဆန္ဒကို မဖျက် လိုကြပေ။ ထို့ကြောင့် ဥပ္ပလဝဏ်အား ဘိက္ခုနီကျောင်းသို့ ပို့ဆောင်၍ ရဟန်းမ ပြုပေးလိုက်ကြသည်။

လူ့ဘဝ အနှောင်အဖွဲ့မှ ကင်းလွတ်၍ အေးချမ်းသောဘိက္ခုနီအဖြစ်သို့ ရောက်ရှိလာသော ဥပ္ပလဝဏ်ထေရီမသည်ကမ္မဋ္ဌာန်းတရားကိုနေ့ညမပြတ် ပွားများအားထုတ်ခဲ့၏။ ယင်းသို့အားထုတ်နေစဉ်တခုသော လပြည့်နေ့၌ သူမသည် ရဟန်းမများ ဥပုသ်ပြုရာဌာနဖြစ်သည့် ဥပုသ်ကျောင်းဆောင်ကို ရှင်းလင်းသုတ်သင်ရန်အလှည့်တာဝန်ကျလေသည်။

ထေရီမသည် ရှေးဦးစွာ ကျောင်းဆောင်အတွင်း၌တံမြက်စည်းလှည်း၍ ရှင်းလင်းသုတ်သင်ခြင်းပြု၏။ နေရာ ထိုင်ခင်းများကိုလည်း ခင်းကျင်းပြင်ဆင်၏။ ထို့နောက် ညနေဆည်းဆာအချိန်ဖြစ်၍ အလင်းရောင်ကောင်းစွာရရှိရန် ဆီမီးအိမ်များကို ညှိထွန်းလေသည်။

ဤသို့ သံဃဝေယျာဝစ္စ ကိစ္စများကို ပြုလုပ်နေသော်လည်း ထေရီမကား တရားအာရုံကို လက်မလွှတ်။ မိမိပွားလက်စဖြစ်သော တေဇောကသိုဏ်းကို စိတ်မှ အဆက်မပြတ် ဆင်ခြင်ပွားများ၍သာနေခဲ့၏။ တစတစအလင်းရောင်အားကောင်းလာသော ဆီမီးလျှံကိုမြင်သောအခါ ထေရီမ၏စိတ်သည် ထိုဆီမီးလျှံဆီသို့ ရောက် ရှိသွားလေသည်။

ထိုအခါ ထေရီမသည် ရပ်လျက်ဖြင့်သာ ဆီမီးလျှံကို အာရုံပြု၍ စူးစိုက်စွာ ရှုမှတ်ခြင်း ပြုလေ၏။ ယင်းသို့ရှုမှတ်၍ မကြာမြင့်မီ ကာလအတွင်း၌ပင် ထေရီမ၏စိတ်သည် တေဇောကသိုဏ်းလျှင်အာရုံရှိသောလောကီစျာန်အဆင့်သို့ ရောက်ရှိခဲ့သည်။

ထို့နောက် ထိုစျာန်ကိုပင် အခြေခံပြုလျက်ဆက်၍ ဆင်ခြင်ပွားများပြန်ရာ အာသဝကင်းစင်သော ရဟန္တာမအဖြစ်သို့ ဆိုက်ရောက်သွားတော့သည်။

တေဇောကသိုဏ်းကို အလေ့အလာ များခဲ့သော ဥပ္ပလဝဏ်ထေရီမကား လျင်မြန်ထက်မြက်သော အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံခဲ့၏။ တန်ခိုးဖန်ဆင်းခြင်းအရာ၌ အထူးချွန်ဆုံး ဘိက္ခုနီဟူသော "ဧတဒဂ်" ဘွဲ့ထူးကိုပင် ရရှိခဲ့၏။ ဗုဒ္ဓ၏လက်ဝဲရံ အဂ္ဂသာဝိကာမအဖြစ်ဖြင့်လည်း ထင်ရှားခဲ့၏။

တရံရောအခါ ဥပ္ပလဝဏ်ထေရီမသည် ဆိတ်ငြိမ် အေးချမ်းသောအရပ်၌လွတ်လပ်စွာနေလိုသောကြောင့်သာဝတ္ထိမြို့တော်အနီးအန္ဓဝနတောအုပ်သို့ တပါးတည်းထွက်လာခဲ့၏။ တောအုပ်တနေရာတွင် သစ်ရွက်မိုး တဲကျောင်းတခုကို အဆင်သင့် တွေ့ရှိ၍ ထိုကျောင်းကလေး၌ပင် နေထိုင်ခြင်းပြု၏။ သစ်ပင်ဝါးပင်ကြီးများလူထပ်၍ လူသူကင်းဆိတ်သော တောအုပ်ကြီးအလယ်သို့ ရောက်နေလင့်ကစား ထေရီမကား ထိတ်လန့်ကြောက်ရွံ့ခြင်း အလျှင်းမရှိ။ ဖလသမာပတ်ကို ဝင်စား၍ချမ်းသာစွာ နေထိုင်၏။

သူဌေးကြီး၏တူဖြစ်သော နန္ဒိယလုလင်ကား ဘိက္ခုနီဘဝသို့ကူးပြောင်းသွားသော်လည်း ဥပ္ပလဝဏ်ထေရီမအပေါ်၌ စိတ်မကုန်ချေ။ ထို့ကြောင့် ထေရီမ၏ သွားလာလှုပ်ရှားမှု သတင်းများ

ကို အမြဲနားစွင့်နေခဲ့၏။ အခွင့်ကောင်းကို ရှာကြံစောင့်စားနေခဲ့၏။

အန္တဝန တောအုပ်ထဲ၌ ထေရီမတပါးတည်း နေထိုင်လျက်ရှိကြောင်းကို ကြားလျှင် နန္ဒိယ လုလင်သည် အကြံတခုရရှိလေ၏။ ထိုအကြံဖြင့် သူသည် ထေရီမမြို့ထဲသို့ ဆွမ်းခံဝင်လာချိန်တွင် ထေရီမ၏ ကျောင်းသင်ခမ်းဆီသို့ ထွက်ခဲ့၏။

ဆွမ်းခံရာမှ ပြန်ကြွလာသော ထေရီမသည် ကျောင်းသင်ခမ်းအတွင်းသို့ဝင်၍ ခေတ္တအနားယူရန် ကုတင်ညောင်စောင်း ပေါ်၌ လဲလျောင်းလိုက်၏။ ထိုအချိန်တွင် ညောင်စောင်းအောက်၌ ပုန်းအောင်းနေသော နန္ဒိယလုလင်သည် ရုတ်တရက်ထွက်လာပြီး ထေရီမအား ဗလက္ကာရ ပြုကျင့်လေသည်။ အမှတ်တမဲ့ နေခိုက်ဖြစ်၍ ထေရီမလည်း ရှောင်ရှားခြင်းငှာ မစွမ်းနိုင် ရှာတော့ချေ။

နန္ဒိယလုလင်ကား မိမိလိုဘပြည့်လျှင် ကျောင်းတွင်းမှ ထွက်လာခဲ့၏။ သို့သော်သူတော်စဉ် ရဟန္တာမတပါးအား စော်ကားခဲ့သော ငမိုက်သားလုလင်ကို မဟာပထဝီမြေကြီးသည် သည်းမခံနိုင်တော့ချေ။ သူ၏ခြေထောက် နင်းလိုက်သည့်နေရာ၌ ရုတ်တရက် ကွဲအက်၍ တကိုယ်လုံးကို ဝါးမျိုကာ အဝီစိငရဲသို့ ပို့ဆောင်လိုက်လေသည်။

ဤကိစ္စ ဖြစ်ပျက်ပြီးနောက် ထေရီမသည် တောကျောင်း၌ ဆက်မနေတော့ဘဲ ဘိက္ခုနီမအများနေထိုင်ရာ ကျောင်းသို့ပြန်ကြွသွား၏။ မိမိအဖြစ်အပျက်ကိုလည်း ရဟန်းမများအား ဖွင့်ဟပြောကြားလေသည်။ ထိုအကြောင်းကို ဗုဒ္ဓရှင်တော်မြတ်ကြားသိတော်မူလျှင်–

“ချစ်သားတို့ လူမိုက်ဟူသည် မိမိပြုလုပ်သည့် မကောင်းမှု အကုသိုလ် အကျိုးမပေးမီ ပျားရည်ကို စားရသကဲ့သို့ ကြည်လင် ရွှင်ပျ၍ နေ၏။ မကောင်းမှု အကျိုးပေးလာသည့် အခါ၌ကား ဆင်းရဲဒုက္ခကို မုချခံစားရမည်သာ ဖြစ်၏။

ဤသို့ ဟောကြား မိန့်မြွက်တော်မူသည်။ ထို့နောက် ဗုဒ္ဓသည် ကောသလမင်းကြီးကို ခေါ်စေပြီး ဘိက္ခုနီတို့နေထိုင်ရာ ကျောင်း သင်ခမ်းများကို မြို့တွင်း၌သာ ပြုလုပ်ပေးသင့်ကြောင်း မိန့်ကြား ၏။ မင်းကြီးလည်း မြို့တွင်း သင့်လျော်သော နေရာကို ရှာဖွေ ရွေးချယ်၍ ဘိက္ခုနီမကျောင်းများကို ရွှေ့ပြောင်းဆောက်လုပ် စေ၏။ ထိုအချိန်မှစ၍ ဘိက္ခုနီမတို့သည် မြို့တွင်း ရွာတွင်း၌သာ နေထိုင်ခွင့်ရကြသည်။

တနေ့တွင် ဓမ္မသဘင်၌ စုဝေးမိကြသော ရဟန်းများသည် ဥပ္ပလဝဏ် ထေရီမ၏ အဖြစ်အပျက်ကိုပင် ပြောဆိုဆွေးနွေး နေကြသည်။ ထိုအခါ အချို့ရဟန်းက—

“ငါ့ရှင်တို့ အာသဝေါကင်းစင်ပြီးသောအရိယာပုဂ္ဂိုလ်များလဲ ကာမစည်းစိမ်ကို သာယာမှုရှိကြပါသလား”

ဤသို့ ပြဿနာတင်ကြသည်။ ထိုပြဿနာနှင့် ပတ်သက်၍ အချို့ရဟန်းများကလည်း မိမိတို့ထင်မြင်ချက်ကို ပြန်လည်ပြော ကြားကြ၏။

“ငါ့ရှင်တို့၊ ထိုပုဂ္ဂိုလ်များလဲ သွေးသားကင်းသူများ မဟုတ်ကြသေးပါ။ သစ်တုံးများ တောင်ပို့များလဲ မဟုတ် ကြပါ။ ထို့ကြောင့် ဒီခန္ဓာကိုယ်ကြီးရှိနေသမျှတော့ ကာမစည်းစိမ် ကို သာယာမှုရှိကြဦးမည်သာ ဖြစ်ပါသည်။

ထိုအချိန်တွင်ဗုဒ္ဓရှင်တော်မြတ်ကြွရောက်လာ၍ ဆွေးနွေးနေသည့်အကြောင်းကိုမေးမြန်းတော်မူသည်။ ရဟန်းတို့၏လျှောက်ကြားချက်ကိုကြားသိရလျှင်ပြဿနာ၏အဖြေမှန်ကို ရှင်းလင်းမိန့်ကြားတော် မူလေသည်။

“ချစ်သားတို့ ပဒုမ္မာကြာဖက်ပေါ်တွင် ရေပေါက်များတင်မနေနိုင်သကဲ့သို့၎င်း၊ ပွတ်ဆောက်ဖျားပေါ်၌ မုန်ညင်းစေ့သည်တင်မနေနိုင်သကဲ့သို့၎င်း၊ ထို့အတူပင် ရဟန္တာတို့၏စိတ်၌ ကာမတဏှာသည် ကပ်ငြိမနေနိုင်ပေ”

ထိုမိန့်ကြားချက်ကို ကြားနာရသောအခါ ရဟန်းများအားလုံးသံသယကင်းရှင်းသွားကြ၏။ များစွာသောရဟန်းတို့သည်လည်းအကျွတ်တရား ရရှိသွားကြလေသည်။

[ဗာလဝဂ်နှင့် ဗြဟ္မဏဝဂ်တို့မှ ဥပ္ပလဝဏ္ဏာ ထေရီဝတ္ထုနှစ်ခုကိုပေါင်းစပ် ၍ ရေးသားပါသည်]

# ဘဝ ဝဋ်ကြွေး ပြေးလဲမလွတ်

ဗုဒ္ဓရှင်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဇနပုဒ်တခု၌ နေထိုင်သည့် ရဟန်းတစုတို့သည် ဗုဒ္ဓအား ဖူးမြင်ရန် သာဝတ္ထိပြည်သို့ ထွက်ခွာလာကြ၏။

ထိုရဟန်းတို့သည် လမ်းခရီးအကြားရှိရွာတရွာသို့ဝင်၍ဆွမ်းခံကြရာရွာသူရွာသားများသည် ရဟန်းတို့အား ရွာလယ်ရှိ စရပ်၌ ခေတ္တနေထိုင်စေပြီး ဆွမ်းဆက်ကပ်ရန် ချက်ပြုတ်စီစဉ်နေကြ၏။

ထိုစဉ်အခိုက်ဝယ်ဆွမ်းဟင်းချက်ပြုတ်နေသည့်မိန်းမတယောက်၏မီးဖိုမှ မီးထ၍တောက်ကာ အိမ်မိုးကို မီးစွဲလေသည်။ ထိုအခါ အိမ်မိုးပေါ်ရှိ မြက်ကရွတ်ခွေ တခုမှာလည်း မီးစွဲလောင်လျက် ကောင်းကင်သို့ ပျံတက်သွား၏။

ထိုခဏ၌ ကောင်းကင်၌ ပျံသန်းနေသော ကျီးငှက်တကောင်သည်မြက်ကရွတ်ခွေကိုဝင်းတိုးမိ၍ မီးကူးစက် လောင်ကျွမ်းကာ မြေပြင်သို့ကျလာလေသည်။

ထိုအခြင်းအရာကို ရဟန်းများနှင့် ရွာသူရွာသားတို့ မြင်ကြလျှင် "အော်....အလွန်ထူးဆန်းပေစွတကား" ဟု အံ့ဩမဆုံးရှိကြ

လေသည်။ ရဟန်းများသည် ထိုကျိုးငှက်၏ အတိတ်ကံကို ဗုဒ္ဓထံ ရောက်မှ မေးလျှောက်ကြည့်ကြမည်ဟူ၍ အကြံပြုကာ အထူးမှတ် သားခဲ့ကြ၏။

အခြားသော ရဟန်းတစုတို့ကား ရေလမ်းခရီးဖြင့် လှေစီး ၍လာကြရာ ထိုလှေသည် သမုဒ္ဒရာအလယ်သို့ ရောက်သောအခါ မည်သို့မျှလှော်ခတ်၍မရဘဲ ရပ်တန့်နေ၏။ ဤသို့လှေရပ်တန့်နေ ခြင်းမှာလှေပေါ်၌လိုက်ပါလာသူများတွင် လူယုတ်မာတယောက် ပါဝင်နေခြင်းကြောင့် ဖြစ်သည်ဟူ၍ ဝေဖန်ပြောဆိုကြလေသည်။

သို့ဖြစ်၍ နောက်ဆုံးတွင် ထိုလူယုတ်မာကို မဲလိပ်နှိုက်၍ ရှာ ဖွေရွေးချယ်ရန် အများသဘောတူ ဆုံးဖြတ်ကြ၏။ မဲလိပ်နှိုက် သောအခါ သုံးကြိမ်တိုင်အောင်ပင် လှေသူကြီးကတော်အား သာ မဲကျလေသည်။

ထိုအခါလှေသူကြီးမှာ အကြီးအကျယ် မျက်နှာပျက်သွား၏။ လှေသားများနှင့် ခရီးသည်တို့မှာလည်း လှေသူကြီး၏ မျက်နှာကို ကြည့်၍ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြ၏။ လှေသူကြီး ကတော်ကား အရွယ်လည်း နုနုငယ်ငယ် ရုပ်ရည်လည်း တင့် တယ်လှသူဖြစ်၍ အားလုံးကပင် စိတ်မကောင်းဖြစ်နေကြ၏။

သို့သော်လည်း နောက်ဆုံးတွင် မိန်းမတယောက်အတွက် တလှေလုံး အသက်ဆုံးရတော့မည်ဖြစ်၍ သံသာအား ဘုရားမဆံ သာ ဆိုသကဲ့သို့ လှေသူကြီးမှာ ချစ်ဇနီးကို လုံးဝမျက်နှာလွှဲ လိုက်ရတော့သည်။

လှေသားတို့သည် လှေသူကြီးကတော်အား အဝတ်တန်ဆာ တို့ကို ချွတ်ယူ၍ လည်ပင်း၌ အိုးတလုံးဆွဲကာ ရေထဲသို့ ပစ်ချ

လိုက်ကြသည်။ သူမသည် မကြာမီပင် ငါးလိပ်တို့၏အစာ ဖြစ်သွားတော့သည်။

ဤအခြင်းအရာကိုမျက်ဝါးထင်ထင်မြင်တွေ့ကြရသောရဟန်းတို့သည် ကံကြမ္မာ၏ ဆန်းကြယ်ပုံကို တွေးတောအံ့သြကြလျက် သာဝတ္ထိပြည်သို့ရောက်အောင် ခရီးဆက်ခဲ့ကြလေသည်။

ဇနပုဒ်ကျေးရွာ၌ နေထိုင်သည့် အခြားသော ရဟန်းခုနစ်ပါးတို့ကား ဗုဒ္ဓအား ဖူးမြင်ရန်အတွက် သာဝတ္ထိမြို့သို့ အလာဝယ် လမ်းခရီးအကြားရှိကျောင်းတကျောင်းသို့ ညအိပ်တည်းခိုရန် ဝင်ရောက် လာကြ၏။ ကျောင်းခံ ရဟန်းတို့သည် အာဂန္တုရဟန်းများ တည်းခိုအိပ်စက်ရန် အတွက် လိုဏ်ဂူတခုအတွင်း၌ နေရာထိုင်ခင်း ခင်းကျင်းပြင်ဆင်ပေးကြသည်။ ညအချိန်၌ ရဟန်းများ အိပ်စက်နေကြစဉ် အိမ်လုံးတမျှရှိသော ကျောက်တုံးကြီးတတုံးသည် ထူးဆန်းစွာလိမ့်လာပြီး လိုဏ်ဂူဝကို ပိတ်နေလေ၏။

နံနက်လင်းသောအခါ ကျောင်းခံရဟန်းများသည် လိုဏ်ဂူဝ၌ ကျောက်တုံးကြီး ပိတ်ဆို့နေသည်ကို မြင်၍ အနီးအနားရှိ ရွာသူရွာသားများကို စုရုံးခေါ်ဆောင်ကာ ကျောက်တုံးကြီးကို ဖယ်ရှားပစ်ရန် ကြိုးစားကြ၏။ သို့သော်လည်း ကျောက်တုံးကြီးကား တုတ်တုတ်မျှ မလှုပ်ချေ။

လိုဏ်ဂူတွင်းမှ အာဂန္တုရဟန်းများမှာလည်း ခုနစ်ရက်ပတ်လုံး အစာရေစာပြတ်လျက် ဒုက္ခကြီးစွာ ခံစားနေကြရလေသည်။ ခုနစ်ရက်မြောက်သောနေ့၌ကား ကျောက်တုံးကြီးမှာ သူ့အလိုလို လိမ့်သွားပြီး လိုဏ်ဂူတံခါး ပွင့်လာလေ၏။

ခရီးသွားရဟန်းခုနစ်ပါးတို့သည် လိုဏ်ဂူတွင်းမှ ဝမ်းပန်းတသာ ထွက်လာပြီး မိမိတို့ကံကြမ္မာကို အံ့ဩတွေးတော၍ မဆုံးအောင် ရှိကြတော့သည်။ ထို့နောက် ခရီးဆက်၍ ထွက်ခဲ့ကြရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ အထက်ပါရဟန်းသုံးစုတို့သည် ဗုဒ္ဓရှေ့မှောက်၌ တချိန်တည်း ဆုံဆည်းမိကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အာဂန္တုရဟန်းတို့နှင့် လောကဝတ်စကားပြောကြားလျက် လမ်းခရီးအခြေအနေကို မေးမြန်းတော်မူ၏။ ရဟန်းတို့ကလည်း မိမိတို့တွေ့ကြုံခံစားခဲ့ရသည့် ဖြစ်ရပ်များကို အသီးသီးလျှောက်တင်ကြ၏။

မီးလောင်ခံရသောကျီးငှက်၊ ရေနစ်ခံရသော လှေသူကြီးကတော်နှင့် လိုဏ်ဂူတွင်း၌ ခုနစ်ရက်အပိတ်ခံရသော ရဟန်းခုနစ်ပါးတို့သည် အတိတ်ဘဝက မည်ကဲ့သို့သော မကောင်းမှု အကုသိုလ်ကို ပြုလုပ်ခဲ့ခြင်းကြောင့် ယင်းကဲ့သို့ တွေ့ကြုံ ခံစားရခြင်းဖြစ်ကြောင်းကိုလည်း ဖော်ထုတ်ဟောကြားရန် ဗုဒ္ဓအား လျှောက်ထား တောင်းပန်ကြ၏။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် ထိုပုဂ္ဂိုလ်သုံးမျိုးတို့၏ အတိတ်ဇာတ်ကြောင်းကို အောက်ပါအတိုင်း ပြန်ပြောင်း ဟောကြားတော်မူလေသည်။

ရှေးအခါက ဗာရာဏသီပြည်၌ နေသော လယ်သမားတယောက်သည် လယ်ထွန်နေစဉ် နွားကိုမောင်း၍ မရသဖြင့် တအားကုန် ရိုက်နှက်မောင်းနှင်၏။ ယင်းသို့ ရိုက်နှက်သော်လည်း ထိုနွားသည် အနည်းငယ်သာသွားပြီး တဖန်ဝပ်နေပြန်၏။

ဤသို့ အနည်းငယ်သွားလိုက်၊ ပြန်ဝပ်နေလိုက် ဖြစ်နေသော အခါ ထို လယ်သမားသည် အကြီးအကျယ်စိတ်ဆိုးလျက် နွား လည်ပင်းတွင် ကောက်ရိုးမျှား ရစ်ပတ်ကာ မီးရှို့လေသည်။ ထို နွားသည် မီးလောင်သဖြင့် ထိုနေရာ၌ပင် သေဆုံးလေတော့၏။ လယ်သမားသေလွန်သောအခါ ငရဲသို့ကျရောက်၍ နှစ်ပေါင်း များစွာ ခံစားရ၏။

ထို့နောက် ဗုဒ္ဓ၏လက်ထက်၌ ကျီးငှက်ဘဝသို့ရောက်ရှိလာ၏။ ထိုကျီးငှက်သည် နွားအားမီးရှို့ခဲ့သော မကောင်းမှုကြောင့် ကောင်းကင်၌ ပျံသန်းနေစဉ်မှာပင် မြက်ကရွတ်ခွေစွပ်မိ၍ မီး လောင် သေဆုံးရရှာလေသည်။

ဤသို့ ကျီးငှက်အဖြစ် မီးလောင်သေဆုံးရသည်မှာလည်း ဤ ဘဘဝမျှသာမဟုတ်။ ခုနစ်ဘဝတိုင်တိုင်ပင် ခံစားရလေသည်။

ဤကား မီးလောင်ခံရသော ကျီးငှက်၏အတိတ်ဘဝ ဇာတ် လမ်းပေတည်း။

ရေနစ်ခံရသော လှေသူကြီးကတော်၏အတိတ်ဇာတ်ကြောင်း ကား ဤသို့ဖြစ်၏။

ရှေးအခါက ဗာရာဏသီပြည်၌နေသော သူကြွယ်တယောက် ၏အိမ်၌ ခွေးတကောင် မွေးထား၏။ ထိုခွေးသည် သူကြွယ် ကတော်အား အလွန်ခင်မင်လျက် အမြဲတမ်း တပူပူးတကပ်ကပ် နောက်က လိုက်ပါနေ၏။ သူကြွယ်ကတော် လယ်တောသို့ထမင်းပို့ သွားသည့်အခါ သူမနောက်မှ ထိုခွေးသည် အမြဲလိုက်ပါလေ့ ရှိ၏။

ထိုအခြင်းအရာကို အမြဲလို တွေ့မြင်ရသော လူငယ်တစုက "ခွေးမုဆိုးကြီး လာပြီဟေ့" စသည်ဖြင့်မကြာခဏနောက်ပြောင်

ကြ၏။ သူကြွယ်ကတော်လည်း ရှက်သဖြင့် ခွေးကိုခဲဖြင့်ပေါက်၍ မောင်းထုတ်၏။ သို့သော် ထိုခွေးကား ခဏသာ ထွက်ပြေးပြီး မကြာခင်မှာပင် ပြန်၍လိုက်လာပြန်၏။

အမှန်စင်စစ် ထိုခွေးမှာ သူကြွယ်ကတော်နှင့် ဘဝအဆက်ဆက်၌ ရေစက်ဆုံခဲ့ဘူးသူဖြစ်၍ သူမအား ဤမျှတွယ်တာနေခြင်းဖြစ်၏။

ဤသို့မောင်းထုတ်၍ မရသောအခါ သူကြွယ်ကတော်သည် ခွေးကို အပြတ်ရှင်းရန် ကြံလေ၏။

တနေ့သ၌ လယ်တောသို့ ထမင်းပို့အသွားဝယ် ထိုခွေးကို ရေအိုင်တခုအနီးသို့ ခေါ်သွားပြီး အိမ်မှအသင့်ယူလာသည့်ကြိုးဖြင့် လည်ပင်းတွင် ချည်နှောင်၏။ ထို့နောက် ကြိုး၏အခြားတဖက်၌ သဲအပြည့်ထည့်ထားသော အိုးတလုံးကို ချည်၍ ရေထဲသို့ချလိုက်၏။ ထိုခွေးသည် အိုးဆွဲရာသို့ လိမ့်ပါလျက် ရေနစ်သေဆုံးရှာလေတော့သည်။

သူကြွယ်ကတော်သည် သေဆုံးသောအခါ ငရဲသို့ကျရောက်၍ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခခံစားရ၏။ ငရဲမှလွတ်၍ လူ့ဘဝသို့ ရောက်သောအခါ၌လည်း ဘဝပေါင်းများစွာ ရေနစ်ခြင်းခံခဲ့ရ၏။

ယခု လှေသူကြီးကတော်ဘဝ၌ ပင်လယ်ထဲသို့ အချခံရခြင်းမှာလည်း ဤအတိတ်ကံ၏ အကျိုးဆက်ပင်ဖြစ်ပေသည်။

ထို့နောက်ဗုဒ္ဓသည် လိုဏ်ဂူအတွင်း၌ပိတ်လှောင်ခြင်းခံရသည့် ရဟန်း ခုနစ်ပါးတို့၏ အတိတ်ကံကို ဟောဘ်ဖော်ဟောကြားတော်မူပြန်သည်။

ရှေးအခါက ဗာရာဏသီပြည်၏အနီး တောရွာတရွာ၌ နေသော နွားကျောင်းသား ခုနစ်ယောက်တို့သည် နွားကျောင်း နေစဉ် ဖွတ်ကြီးတကောင်ကိုမြင်၍ လိုက်လံဖမ်းဆီးကြ၏။ ဖွတ်ကြီးသည် လျင်မြန်စွာ ထွက်ပြေး၍ တောင်ပို့တခုအတွင်းသို့ ဝင်သွားလေ၏။ နွားကျောင်းသားများသည် ထိုနေ့တွင် တောင်ပို့ကို တူးရန်အချိန်မရှိတော့သဖြင့် နောက်နေ့မှ တူးတော့မည်ဟု ကြံ၍ တောင်ပို့၏ ဝင်ပေါက် ထွက်ပေါက်တို့ကို သေချာစွာ ပိတ်ထားခဲ့ပြီး အိမ်သို့ ပြန်ခဲ့ကြ၏။

ထိုနွားကျောင်းသားတို့သည် နောက်ရက်များတွင် တောင်ပို့ရှိသည့်တောသို့ ရှင်တရက် မသွားဖြစ်ကြဘဲ ခုနစ်ရက်မြောက်သောနေ့တွင်မှ ထိုတောသို့ တဖန်ပြန်ရောက်သွားကြ၏။ တောင်ပို့ကိုမြင်၍ ဖွတ်ကြီးကို သတိရလာသောကြောင့် တောင်ပို့အပေါက်ကို ဖွင့်လိုက်သောအခါ ခုနစ်ရက်ပတ်လုံး အစာပြတ်နေသော ဖွတ်ကြီးသည် တုန်တုန်ရီရီဖြင့် အပြင်သို့ ထွက်လာ၏။ နွားကျောင်းသားတို့သည် ဖွတ်ကြီးအား သနားလှသောကြောင့် ဖမ်းဆီး သတ်ဖြတ်ခြင်း မပြုတော့ဘဲ ဘေးမဲ့လွှတ်ပေးလိုက်ကြလေသည်။ ထို နွားကျောင်းသားများသည် သေလွန်သောအခါ တဆဲ့လေးဘဝတိုင်အောင် ဂူလိုဏ်ခေါင်းစသည်တို့၌ ပိတ်လှောင်၍ ခုနစ်ရက်ပတ်လုံး အစာရေစာငတ်ပြတ်ခြင်းခံကြရ၏။

ဤရဟန်းဘဝ၌ကား ထိုဝဋ်ကြွေးကို နောက်ဆုံး ခံစားရခြင်း ဖြစ်ပေသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်သည် မီးလောင်သော ကျီးငှက်၊ ရေနစ်သေသော လှေသူကြီးကတော်နှင့် လိုဏ်ဂူတွင်း၌ ပိတ်

လှောင်ခြင်း ခံရသော ရဟန်း ခုနစ်ပါးတို့၏ အတိတ်ဇာတ်ကြောင်းကို· ပြန်ပြောင်း ဟောကြားတော်မူ၏။

ထို့နောက် "မကောင်းမှု အကုသိုလ် ပြုလုပ်ခဲ့သူများသည် ကောင်းကင် သမုဒ္ဒရာ လိုဏ်ဂူတွင်းစသည်တို့၌ ရောက်ရှိနေခိုက်·ပင်ဖြစ်စေကာမူ ထိုမကောင်းမှု အကုသိုလ်တို့မှ မလွတ်နိုင်ကြောင်း" ဟောကြားကာ တရားပွဲကို အဆုံးသတ်တော်မူသည်။ ဇနပုဒ်မှလာသော ရဟန်းတို့သည်လည်း သစ္စာလေးပါးကို ထင်ရှားစွာ ထိုးထွင်းသိမြင် သွားကြလေသည်။

[ပါပဝဂ်၊တယောဇနဝတ္ထု။]



# ကိုးကွယ်ရာ

အင်္ဂတိုင်း၊ မဂဓတိုင်းနှင့် ကုရုတိုင်းဟူသော တိုင်းကြီးသုံးတိုင်းတို့၏အကြားရှိ တောအုပ်ကြီးတခု၌ အင်္ဂုဒတ္တ အမည်ရှိသော ရသေ့ကြီးတပါးနေထိုင်၏။ ထိုရသေ့ကြီးကား ရသေ့မဝတ်မီ လူဘဝဝယ် သာဝတ္ထိပြည့်ရှင် မဟာကောသလ မင်းကြီး၏ဆရာပုရောဟိတ်ပုဏ္ဏားဖြစ်ခဲ့၏။ မဟာ ကောသလမင်းကြီး နတ်ရွာစံသောအခါ ထီးနန်းကိုဆက်ခံသော သားတော် ပသေနဒီကောသလမင်းကလည်း သူ့အား မင်းဆရာအဖြစ် ဆက်လက်တင်မြှောက်ခဲ့၏။ သို့သော်လည်း အင်္ဂုဒတ္တကား အသက်ကြီးရင့်ပြီဖြစ်၍ ပုရောဟိတ်အဖြစ် ဆက်လက်မဆောင်ရွက် လိုသောကြောင့် တောထွက်ကာ ရသေ့လုပ်ခဲ့ခြင်း ဖြစ်ပေသည်။

မင်းဆရာတဆူလုပ်ခဲ့သူဖြစ်၍ အင်္ဂုဒတ္တရသေ့ကြီးသည် ဘုန်းတန်ခိုးကြီးလှ၏။ သူ့ကိုအားကျ၍ ရသေ့ဝတ်သူများလည်း

တယောက်ပြီးတယောက် ပေါ်ထွက်လာခဲ့ရာ တပည့်ပရိသတ် ပေါင်း တသောင်းကျော်မျှ ရှိလာ၏။ တိုင်းကြီးသုံးတိုင်း၌ နေထိုင်သောလူတို့သည် ထိုရသေ့တသောင်းတို့အား တလလျှင် တကြိမ် ပူဇော်ပွဲကြီး ပြုလုပ်ကျင်းပလေ့ ရှိကြ၏။

အဂ္ဂိဒတ္တ ရသေ့ကြီးကား ရသေ့တသောင်းတို့အား ဆရာလုပ်၍ တိုင်းသူပြည်သားတို့၏ပူဇော်မှုကို ခံယူနေသော်လည်း မည်သည့် တရားထူးဝိသေသကိုမျှ မရရှိပေ။ ထို့ကြောင့် မိမိကို ကိုးကွယ်နေသူများအားလည်း မှန်ကန်သော ညွှန်ကြားဆုံးမမှုကို မပေးနိုင်ချေ။ ထိုအချိန်က လူတို့သည် အများအားဖြင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးစသည်တို့ကိုသာ ကိုးကွယ်ရာဟူ၍ မှတ်ယူနေကြ၏။ ပူဇော် ပသနေကြ၏။ အဂ္ဂိဒတ္တရသေ့ကြီးကိုယ်တိုင်လည်း ထိုအတိုင်းပင် ယုံကြည်လျက် လူတို့အား အားပေး အားမြှောက်ပြုနေလေသည်။

ထိုအချိန်ဝယ် ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာ၍ အဂ္ဂိဒတ္တရသေ့ကြီးအကြောင်းကို ကြားသိတော်မူလေသည်။ တနေ့သောအခါ ဗုဒ္ဓသည် ရှင်မောဂ္ဂလ္လာန်မထေရ်ကို ခေါ်၍ "ချစ်သား မောဂ္ဂလ္လာန်၊ လူအပေါင်းအား လမ်းမှားသို့ ပို့ဆောင်နေသည့် အဂ္ဂိဒတ္တကို သင်သွား၍ ဆုံးမချေလော" ဟု မိန့်ကြားတော်မူ၏။

"အရှင်ဘုရား၊ အဂ္ဂိဒတ္တကား တပည့်ပရိတ်သတ်များပြားလှပါသည်။ တပည့်တော်တပါးတည်းသွားရန် သင့်မည်မထင်ပါ"

"ချစ်သား မောဂ္ဂလ္လာန်၊ သင်မစိုးရိမ်လင့်၊ ငါဘုရားလည်း နောက်က လိုက်တော်မူခဲ့မည်"

ထိုနေ့ နေဝင်မိုးချုပ်အချိန်တွင် ရှင်မောဂ္ဂလ္လာန်သည် ရသေ့တို့နေရာတောအုပ်ဆီသို့ထွက်ခဲ့လေ၏။ထိုအချိန်တွင် မိုးသည်းထန်စွာ ရွာလျက်ရှိရာ ရသေ့များသည် မိမိတို့ ကျောင်းသခ်မ်းများအတွင်း၌ ဆိတ်ငြိမ်စွာ နေထိုင်လျက်ရှိကြ၏။ ရှင်မောဂ္ဂလ္လာန်သည် အဂ္ဂိဒတ္တရသေ့ကြီး၏ ကျောင်းသခ်မ်းတံခါးဝ၌ ရပ်၍ "အဂ္ဂိဒတ္တ"ဟု ခေါ်လိုက်၏။ ရသေ့ကြီးကား မိမိအား နာမည်တပ်၍ ပိုင်စိုးပိုင်နင်းခေါ်သည်ကို မကြိုက်။ ထို့ကြောင့် "ကျုပ်ကို ခေါ်တာ ဘယ်သူလဲ"ဟု ခပ်ဆတ်ဆတ် ပြန်မေး၏။

"ကျုပ် ရှင်မောဂ္ဂလ္လာန်ပါ"

"ဘာကိစ္စနဲ့ ကျုပ်ကိုခေါ်ပါသလဲ"

"ဒီနေ့ည ဒီမှာ တည်းခိုချင်လို့ပါ ရသေ့ကြီး"

"ကျုပ်တို့ဆီမှာ သင်တည်းခိုဘို့နေရာ မရှိပါဘူး။ ကျောင်းတိုင်းမှာ ရသေ့တပါးဆီ ရှိနေကြပါတယ်"

"ဒီလိုဆို ဟိုဘက်သဲပုံကြီးနားက သစ်ပင်အောက်မှာ ကျုပ်သွားနေပါ့မယ်"

"အဲဒီနားမှာ အလွန်ကြမ်းကြုတ်ဆိုးဝါးတဲ့ နဂါးတကောင်ရှိပါတယ်၊ သင့်ကို အန္တရာယ်ပြုလိမ့်မယ်"

"နဂါးအတွက်တော့ ကိစ္စမရှိပါ။သင်ခွင့်ပြုဘို့ဘဲ အရေးကြီးပါတယ်"

"ဒီလိုဆိုလဲ သင့်သဘောပါဘဲ"

ဤသို့ဖြင့် ရသေ့ကြီးသည် မလွဲမရှောင်သာသည့် အဆုံး၌ ရှင်မောဂ္ဂလ္လာန်အား မိမိကျောင်းပရိဝုဏ်အတွင်း၌ တည်းခိုခွင့်ပေးလိုက်ရတော့၏။ ရှင်မောဂ္ဂလ္လာန်သည် သဲပုံအနီးရှိ သစ်ပင်အောက်သို့ကြွ၍ ဣန္ဒြေရစွာပင် သီတင်းသုံးနေလေသည်။

ရသေ့ကြီးပြောလိုက်သည့်အတိုင်းပင် ထိုသစ်ပင်အနီး၌ အပဲ ဆတ္တမည်သော နဂါးတကောင်ရှိ၏။ ထိုနဂါးသည် ရှင်မောဂ္ဂလ္လာန်ကိုမြင်လျှင် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် မိမိကိုယ်မှအခိုးအငွေ့များကိုထုတ်လွှတ်လေသည်။ထိုအခါ ရှင်မောဂ္ဂလ္လာန်ကလည်း ဈာန်အဘိညာဉ်တန်ခိုးဖြင့် ပို၍ပြင်းထန်သော အခိုးအငွေ့များကို တန်ပြန်ထုတ်လွှတ်လေ၏။ နှစ်ဦးလုံးက ထုတ်လွှတ်သည့်အခိုးအငွေ့များသည် ရှင်မောဂ္ဂလ္လာန်အား မည်သို့မျှ အန္တရာယ်မပြုဘဲ နဂါးကိုသာ ညှဉ်းပန်း နှိပ်စက်ကြလေ၏။

နဂါးသည်အခိုးအငွေ့များကြား၌၊နှစ်မွန်းလုံးတတ်ရှိနေရာမှ ပို၍ ဒေါသထွက်လာသဖြင့် မီးတောက် မီးလျှံတို့ကို လွှတ်ပြန်၏။ ရှင်မောဂ္ဂလ္လာန်ကလည်း တေဇောကသိုဏ်းကို ဝင်စားလျက်ပို၍ ပြင်းထန်သည့် မီးတောက်မီးလျှံတို့ကို လွှတ်ပြန်ရာ သဲပုံစုအနီးဝယ်မီးဟုန်းဟုန်းတောက်လောင်နေသကဲ့သို့ ရှိတော့၏။ အဂ္ဂိဒတ္တနှင့် တပည့်များသည် ထိုမီးတောက်မီးလျှံတို့ကိုမြင်လျှင် "ငါတို့စကားကို နားမထောင်သည့် ရဟန်းကြီးကား နဂါးလက်ချက်နဲ့ ပျက်စီးရှာလေပြီ" ဟုဝေဖန် ပြောဆိုနေကြ၏။ သူတို့ကိုယ်တိုင်လည်း နဂါးကိုကြောက်သဖြင့် အနားသို့ မကပ်ဝံ့ကြချေ။

ရှင်မောဂ္ဂလ္လာန်က လွှတ်လိုက်သည့် မီးတောက် မီးလျှံများကြောင့် နဂါးတကိုယ်လုံးမှာ ချက်ခြင်းလောင်ကျွမ်းသွားတော့မတတ် ရှိလေ၏။ နောက်ဆုံးတွင်မူ နဂါးသည် ဆက်လက်ခုခံခြင်း မပြုနိုင်တော့ဘဲ ရှင်မောဂ္ဂလ္လာန်အား အရှုံးပေးလိုက်ရတော့၏။

ရှင်မောဂ္ဂလ္လာန်သည် အဟိဆတ္တနဂါးအား ဆုံးမ၍ ထိုသစ်ပင်အောက်၌ပင် တညလုံး သီတင်းသုံးနေ၏။ နဂါးသည် မထေရ်၏ကိုယ်ပေါ်သို့ မိုးရေများ မကျအောင် ပါးပျဉ်းဖြင့် မိုးကာ၍ပေးလေသည်။

နံနက်လင်းသောအခါ အဂ္ဂိဒတ္တရသေ့ကြီးနှင့် တပည့်များသည် ရှင်မောဂ္ဂလ္လာန်သီတင်းသုံးနေရာသို့ လာရောက်ကြည့်ရှုကြ၏။ "ရဟန်းကြီးတော့ နဂါးလက်ချက်နဲ့ သေရှာပြီထင်ပါရဲ့" ဟူသောအတွေးဖြင့်လာရောက်ကြခြင်းဖြစ်၏။ သို့သော်လည်း သဲပုံစုအနီးသို့ရောက်သောအခါသစ်ပင်အောက်၌ ဣန္ဒြေမပျက်ထိုင်နေသော ရှင်မောဂ္ဂလ္လာန်ကို တွေ့မြင်ရသောကြောင့် အလွန်ပင် အံ့သြသွားကြလေသည်။ ထို့ကြောင့် "ရဟန်းကြီး၊ သင့်ကိုနဂါးက ဘာမှ မလုပ်ဘူးလား" ဟု မေးကြရာ ရှင်မောဂ္ဂလ္လာန်က "သင်တို့ရဲ့နဂါးကြီးက ငါ့ကိုပါးပျဉ်းနဲ့မိုးကာပေးနေတာ သင်တို့အမြင်ပါဘဲ" ဟုဖြေကြားလေသည်။

ရသေ့တို့သည် မိမိတို့အလွန်အထင်ကြီးနေခဲ့သောနဂါးအား ဆုံးမနိုင်သည်ကို တွေ့ရသောကြောင့် ရှင်မောဂ္ဂလ္လာန်ကို အလွန်ကြည်ညိုလေးစားလာကြ၏။ ထို့ကြောင့်ရှင်မောဂ္ဂလ္လာန်ကို ခြံရံ၍ ထိုင်နေကြ၏။ ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်ကြွရောက်လာရာ ရှင်မောဂ္ဂလ္လာန်သည် နေရာမှထ၍ ခရီးကြိုဆိုအရိုအသေပေးခြင်းများပြုလုပ်လေသည်။

ရသေ့တို့အားလည်း "ဤပုဂ္ဂိုလ်ကား ငါ၏ဆရာဗုဒ္ဓရှင်တော်မြတ်ပင်တည်း" ဟု ထုတ်ဖော် မိန့်ကြား လေသည်။ ရသေ့များကားရှင်မောဂ္ဂလ္လာန်၏ တန်ခိုးအာနုဘော်ကိုမျက်ဝါး

ထင်ထင် မြင်တွေ့နေကြပြီဖြစ်ရာ သူ၏ဆရာ ဖြစ်သည်ဆိုသော ဗုဒ္ဓရှင်တော်မြတ်အားလည်း အလွန် လေးစား ကြည်ညိုစွာဖြင့် အရိုအသေ ပေးကြလေ၏။

ဗုဒ္ဓရှင်တော်မြတ်သည် နေရာ၌ ထိုင်တော်မူပြီးနောက် အဂ္ဂိဒတ္တရသေ့ကြီးအား ဤသို့မိန့်ကြားတော်မူ၏။

"အဂ္ဂိဒတ္တ၊....သင်သည် ရသေ့တသောင်းနှင့်တကွ တိုင်းကြီးသုံးတိုင်း၌နေသော လူတို့၏ ဆရာဖြစ်ကြောင်း ငါကြားရ၏။ သင်သည် ထိုတပည့် သာဝကတို့အား မည်သို့သောဆုံးမသြဝါဒများဖြင့် သွင်သင်ဆုံးမလေ့ ရှိသနည်း"

"တပည့်တော်သည် မိမိ၏တပည့်သာဝကများအား ဤတောကို ကိုးကွယ်ဆည်းကပ်လော့၊ ဤတောင်ကို ကိုးကွယ်ဆည်းကပ်လော၊ ဤသစ်ပင်ကိုကိုးကွယ်ဆည်းကပ်လော၊ ယင်းသို့ကိုးကွယ်ဆည်းကပ်လျှင် ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက် လိမ့်မည်စသည်ဖြင့် သွန်သင်ဆုံးမလေ့ ရှိပါသည်ဘုရား"

ဤသို့ အဂ္ဂိဒတ္တက လျှောက်ထားသောအခါ ဗုဒ္ဓရှင်တော်မြတ်က "တော တောင် သစ်ပင် တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် ဆင်းရဲဒုက္ခမှ မလွတ်နိုင်၊ ဘုရား တရား သံဃာတို့ကို ကိုးကွယ်ဆည်းကပ်၍ သစ္စာလေးပါး အမှန်တရားကို သိမြင်သူများသာလျှင် ဒုက္ခမှလွတ်မြောက်နိုင်ကြောင်း" ဟောကြားတော်မူလေ၏။ တရားအဆုံး၌ ရသေ့တသောင်းလုံး ရဟန္တာအဖြစ်သို့ ဆိုက်ရောက်၍ ဟေဘိက္ခု ရဟန်းအဖြစ် ခံယူသွားကြလေသည်။

ဤသို့ ရသေ့တသောင်း အကျွတ်တရား ရရှိသောနေ့ကား ရသေ့တို့အား လစဉ် ပူဇော်ပွဲကျင်းပမည့် နေ့ဖြစ်၍ တိုင်းကြီး

သုံးတိုင်းတို့မှ လူအပေါင်းတို့ စုဝေးရောက်ရှိလာကြ၏။ ထိုလူတို့သည် မိမိတို့ ဆရာ ရသေ့များမှာ ဗုဒ္ဓ ရှင်တော်မြတ်၏ တပည့်သာဝကအဖြစ် ခံယူသွားကြပြီဖြစ်ကြောင်း တွေ့ရှိကြရသဖြင့် ဗုဒ္ဓနှင့် တပည့် သံဃာများအားပင် ဝမ်းပန်းတသာ လှူဒါန်း ပူဇော်ခြင်း ပြုကြလေသည်။

[ဗုဒ္ဓဝင်၊ အင်္ဂုတ္တ ( ထွ)]

# နောက်ဆံတမြှင်

ဗုဒ္ဓရှင်တော်မြတ် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နေစဉ် ခိုကိုးရာမဲ့သဖြင့် ခွက်လက်စွဲကာ တောင်းရမ်းစား သောက်နေရသည့် သူငယ်တယောက် သာဝတ္ထိမြို့၌ ရှိ၏။ တနေ့ သော် ရှင်အာနန္ဒာ မထေရ်သည် ဆွမ်းခံလှည့်လည်ရင်း ထို သူငယ်ကို တွေ့မြင်၍ သနားကြင်နာလှသောကြောင့် ကျောင်းသို့ ခေါ်လာပြီး ရဟန်းပြုပေးလိုက်၏။ ထိုသူငယ်သည် ရဟန်းမပြုမီ မိမိဝတ်ဆင်သည့် ပုဆိုးဟောင်းနှင့် ခွက်စုတ်ကလေးကို သစ်ပင် တပင်၏ အကြား၌သိမ်းဆည်းထားခဲ့၏။ ထို ရဟန်းသစ်ကလေး အား ရှင်အာနန္ဒာမထေရ်က "ပိလောတိကတိဿ" ဟူ၍ နာမည် ပေးထားလေသည်။

ရှင်ပိလောတိကတိဿသည် ရဟန်းဘဝသို့ ရောက်သည့် အချိန်မှစ၍ ကောင်းမွန်သော အဝတ်သင်္ကန်းများကို ဝတ်ဆင်

လျက် ဝဝလင်လင် စားသောက်နေရသောကြောင့် တသွေး တမွေး ဖြစ်ရှိလာ၏။ သို့သော်လည်း ရဟန်းဘဝ၌ ပျော်ပိုက်ခြင်း မရှိဘဲ လူ့ဘဝကို မကြာခဏ တမ်းတ သတိရနေလေ၏။ လူ့ဘဝ၌ အခြား မှီခိုအားထားစရာ ဘာမျှမရှိစေကာမူသစ်ပင် ခွကြား၌ သိမ်းဆည်းထားခဲ့သည့် ပုဆိုးဟောင်းတထည်နှင့် ခွက်စုတ်ကလေးရှိလျှင် ထမင်းမငတ်နိုင်ဟူ၍ သူတွက်ဆမိ၏။

ထို့ကြောင့် ရှင်ပိလောတိကသည် ထိုသစ်ပင်ရှိရာသို့ သွား၍ ပုဆိုးဟောင်းနှင့် ခွက်စုတ်ကလေးကိုကြည့်ကာ လူထွက်ရန် ကြံလေ၏။ ယင်းသို့ ကြံစည်နေစဉ်မှာပင် "ပုဆိုးဟောင်းနှင့် ခွက်စုတ်ကလေး အားကိုးဖြင့် မြင့်မြတ်သော ရဟန်းဘဝကို စွန့်လွှတ်ရန် ကြံစည်ခြင်းမှာ ပိုက်မဲလှချေတကား" ဟူ၍ မိမိကိုယ်ကို သတိပေး ဆုံးမပြန်၏။

ဤသို့ အသိတရား ဝင်လာသောကြောင့် သူသည် လူမထွက်ဖြစ်တော့ဘဲ ကျောင်းသို့ ပြန်လာလေ၏။ နောက် နှစ်ရက် သုံးရက် ကြာသောအခါ ရှေးနည်းတူပင် လူထွက်ချင်စိတ် ပေါ်လာပြန်၏။ ထို့ကြောင့် ယင်းသစ်ပင်ရှိရာသို့ သွားပြီးမှ မိမိကိုယ်ကို ထိန်းသိမ်းဆုံးမကာ ကျောင်းသို့ ပြန်လာပြန်၏။

ဤသို့သော နည်းဖြင့် ရှင်ပိလောတိကသည် လူထွက်ရန် ခိုတုံ ချတုံဖြစ်လျက် ကျောင်းနှင့်သစ်ပင်ကို အခေါက်ခေါက် အပြန်ပြန် ကူးသန်းသွားလာ၍ နေလေ၏။ ထိုအခါ ဇေတဝန်ကျောင်း တော်၌နေသည့် အချို့သော ရဟန်းများမှာ ရှင်ပိလောတိက အကြောင်းကို ကောင်းကောင်းကြီး သိရှိနေကြတော့၏။ သူ့ ကို မြင်လျှင် "ပိလောတိကတော့ သွားပြန်ပြီ" "ပိလောတိက

တော့ တခေါက်ပြန်လာပြန်ပြီ” စသည်ဖြင့် အချင်းချင်း တီးတိုး စကားပြောစရာ တခု ဖြစ်နေလေသည်။

ယင်းသို့ သွားလိုက် ပြန်လိုက် ဖြစ်နေရာမှ တနေ့သောအခါ တွင်မူ ရှင်ပိလောတိကသည် ပုဆိုးဟောင်းကို အာရုံပြု၍ အနိစ္စ သဘောကို ဆင်ခြင်သုံးသပ်ပြီး သစ္စာလေးပါးကို ထိုးထွင်း သိမြင်သွားလေ၏။ ထိုအချိန်မှစ၍ လူထွက်ချင်စိတ် ကုန်ခန်း သွားသောကြောင့် ထိုသစ်ပင်ရှိရာသို့လည်း လုံးဝ သွားရောက် ခြင်းမပြုတော့ချေ။ ထို့ကြောင့် ရဟန်းများသည် ရှင်ပိလော တိကကိုမြင်လျှင် “ဘယ့်နှယ်လဲ ငါ့ရှင်ပိလောတိက* သင့်ဆရာဆီ ကို မသွားတော့ဘူးလား” စသည်ဖြင့် မေးကြ၏။

* (ဆရာဆိုသည်မှာ ပုဆိုးဟောင်းနှင့် ခွက်စုတ်ကလေးကို ရည်ညွှန်းခြင်း ဖြစ်သည်။)

ထိုအခါ ရှင်ပိလောတိကက “ငါ့ရှင်တို့၊ တပည့်တော်မှာ ဆရာနှင့် ပတ်သက် ဆက်ဆံခြင်း လုံးဝ မရှိတော့ပါ”ဟု ပြန် လည် ဖြေကြားလေသည်။ ရဟန်းများသည် ရှင်ပိလောတိက၏ စကားကို မယုံကြည်ကြသောကြောင့် ဗုဒ္ဓထံသို့ သွားရောက် လျှောက်ထားကြလေ၏။ ဗုဒ္ဓရှင်တော်မြတ်သည် ရှင်ပိလောတိက ၏ စကားကို ထောက်ခံသည့် အနေဖြင့် ရဟန်းတို့အား ဤသို့ မိန့်ကြားလေသည်။

“ချစ်သား ရဟန်းတို့၊ ပိလောတိက၏ စကားသည် အမှန် ပင် ဖြစ်ပေ၏။ သူသည် မိမိ၏ မကောင်းသော စိတ်အကြံအစည် များကို ရှက်ကြောက်ခြင်း ဟိရိဩတ္တပ္ပဖြင့် ပိတ်ဆို့တားဆီး နိုင်ပြီဖြစ်သောကြောင့် လူ့ဘဝနှင့် ပတ်သက် ဆက်ဆံခြင်း လုံးဝ မရှိတော့ပေ”

ဤမိန့်ကြားချက်ကို ကြားရသောအခါ ရဟန်းများသည် ပုဆိုးဟောင်းနှင့် ခွက်စုတ်တလုံးအတွက် နောက်ဆံ တင်ငင်ငင်ရှိခဲ့သော ရှင်ပိလောတိကမှာ ယခုအချိန်တွင် အရဟတ္တဖိုလ်သို့ပင် ဆိုက်ရောက်နေပြီ ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်သွားကြ လေတော့သည်။

[ဒဏ္ဍဝဂ် ပိလောတိကတိဿထေရ ဝတ္ထု]



# လူမိုက်၏ နောင်တ

ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးနေစဉ် တခုသော နံနက်ခင်းဝယ် ရှင်မောဂ္ဂလ္လာန် မထေရ်နှင့် ရှင်လက္ခဏ မထေရ်တို့သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာကြ၏။

တောင်ခြေသို့ အရောက်တွင် ရှင်မဟာ မောဂ္ဂလ္လာန်သည် ဒိဗ္ဗစက္ခုဖြင့်အလျား ၂၅-ယူဇနာခန့် ရှိသော စပါးကြီးမြွေ ပြိတ္တာကြီး ကိုတွေ့မြင်လေ၏။ ပြိတ္တာကြီး၏ကိုယ်ပေါ်၌ မီးတောက်မီးလျှံကြီးတခု မကြာမကြာ တက်၍လာပြီး ခေါင်းပိုင်းမှ အမြီးပိုင်းသို့ ၎င်း၊ အမြီးပိုင်းမှ ခေါင်းပိုင်းသို့၎င်း ရွေ့လျားနေ၏။

ထူးခြားဆန်းကြယ် ကြောက်မက်ဘွယ် ကောင်းလှသော ထိုသတ္တဝါကြီးကိုမြင်လျှင် မောဂ္ဂလ္လာန်သည် အနည်းငယ် ပြုံးလေ၏။ ထိုအခါ ရှင်လက္ခဏက—

"ငါ့ရှင် ဘာ့ကြောင့်ပြုံးသလဲ"ဟုမေး၏၊ရှင်မောဂ္ဂလ္လာန်က-
"ငါ့ရှင် ဗုဒ္ဓ၏ ရှေ့မှောက်သို့ရောက်မှ ပြုံးခြင်း၏အကြောင်းကို ငါဖြေမည်"ဟု ပြောကြားကာ မြို့ထဲသို့ ဝင်ကြလေ၏။

မထေရ် နှစ်ပါးသည် ညနေပိုင်းသို့ ရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်ထံ အတူတကွ သွားကြ၏။ ဗုဒ္ဓရှေ့မှောက်၌ ထိုင်နေကြစဉ် ရှင်လက္ခဏသည် ရှင်မောဂ္ဂလ္လာန်အား နံနက်ပိုင်းက မေးသည့် မေးခွန်းကို ထပ်မံ မေးမြန်းပြန်၏။ ထိုအခါ ရှင်မောဂ္ဂလ္လာန်က-

"မိမိသည် ပြိတ္တာကြီးကိုမြင်၍ ကံတရား၏ ဆန်းကြယ်ပုံကို တွေးတောမိသောကြောင့် ပြုံးခြင်းဖြစ်ကြောင်း" ဖြေကြားလေသည်။ ထို့နောက် မထေရ်နှစ်ပါးတို့သည် ဗုဒ္ဓရှင်တော်မြတ်အား-

"အရှင်ဘုရား၊ ဒီပြိတ္တာကြီးဟာ ရှေးဘဝက ဘယ်လိုမကောင်းမှု အကုသိုလ်ကို ပြုလုပ်ခဲ့ပါသလဲ"ဟု မေးလျှောက်ကြ၏။ ဗုဒ္ဓသည် အောက်ပါ အတိတ် ဇာတ်လမ်းကို ဖော်ထုတ်ဟောကြားတော်မူလေသည်။

ကဿပ ဗုဒ္ဓ၏ လက်ထက်က ဗာရာဏသီပြည်၌ သုမင်္ဂလအမည်ရှိသော သူဌေးကြီးတယောက်ရှိ၏။ ထိုသူဌေးကြီးသည် ကုဋေပေါင်း များစွာသော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ ဗုဒ္ဓရှင်တော်မြတ်အတွက် ကြီးကျယ်ခမ်းနားသော ကျောင်းကြီးတဆောင်ကို ဆောက်လုပ် လှူဒါန်းလေသည်။ သူဌေးကြီးသည် နေ့စဉ် ကျောင်းတော်သို့ သွား၍ ဗုဒ္ဓအား ဆည်းကပ်ပူဇော်ဆည်းကပ်ခြင်း ပြုလေ့ရှိ၏။

တနေ့သ၌ နံနက်စောစောထ၍ ကျောင်းတော်သို့သွားရာ

မြို့တံခါးအနီး ဇရပ်တဆောင်၌ ခေါင်းမြီးခြုံ၍ အိပ်နေသော ခိုးသူတယောက်ကို တွေ့မြင်လေ၏။ သူဌေးကြီးသည် ထိုခိုးသူ၏ ခြေထောက်၌ ရွှံ့ညွန်များလိမ်းကျံနေသည်ကိုမြင်၍—

"ဒီလူဟာ ညအချိန်မှာ လှည့်လည်သွားလာနေတဲ့လူ ဖြစ်မှာဘဲ" ဟူ၍ အဖော်များအား ပြောကြားလေသည်။

ထိုခိုးသူသည် သူဌေးကြီးပြောသည့်စကားကို လှမ်း၍ကြားလိုက်သဖြင့် သူဌေးကြီးအပေါ်၌ ရန်ငြိုးထားလေ၏။ ထို့နောက် သူသည် သူဌေးကြီးပိုင်သည့် လယ်ခင်းများနှင့် နွားခြံတို့ကို ညအချိန်၌ လိုက်လံမီးရှို့၏။ သူဌေးကြီးကား မိမိ၏လယ်နှင့် နွားများပျက်စီးကြောင်း ကြားသိရသော်လည်း မည်သို့မျှ စိတ်ထိခိုက် တုန်လှုပ်ခြင်းမရှိ။

ထိုအခါ ခိုးသူသည် သူဌေးကြီး အမြတ်နိုးဆုံးဖြစ်သည့် ဗုဒ္ဓ၏ ကျောင်းတော်ကို အလစ်ဝင်၍ မီးရှို့လေသည်။

ကျောင်းတော်ကို မီးလောင်ကြောင်း ကြားသိသောအခါ သူဌေးကြီးသည် ဝမ်းနည်းစိတ်ပျက်ရမည့်အစား ဝမ်းမြောက်ဝမ်းသာဖြင့် တ၍ လက်ပန်းပေါက်ခတ်လေ၏။

အကြောင်းကား မိမိ၏ပစ္စည်းဥစ္စာများကိုသုံး၍ နောက်ထပ် ကျောင်းဆောက်ခွင့်ရဦးမည်ကို တွေးမိသောကြောင့် ဖြစ်၏။ ထို့နောက်မကြာမီပင် ကျောင်းတော်ကို သပ်သပ်ဆောက်လုပ်၍ ကျောင်းရေစက်ချပွဲကြီးကို ခမ်းနားစွာ ကျင်းပ၏။

သူဌေးကြီးအပေါ် ရန်ငြိုးထားခဲ့သော ခိုးသူကား မိမိက မည်မျှပင် အနှောက်အယှက် ပေးသော်လည်း သူဌေးကြီးမှာမူ အပြုံးမပျက်ပင် ရှိနေသည်ကိုတွေ့ရသောအခါ ငိုချင်ပင် မခံချိ မခံသာဖြစ်၍ လာ၏။ ထို့ကြောင့် သူဌေးကြီးအား အလစ်တွင်

ဝင်၍ ဓားနှင့်ထိုးမည်ဟူသောအကြံဖြင့် ကျောင်းတော်သို့ရောက် ရှိနေ၏။ သူဌေးကြီးသည် ကျောင်းတော်ကို ဗုဒ္ဓအား ရေစက်ချ လှူဒါန်းပြီး၍ အမျှဝေသောအခါ-

"ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ဤကောင်းမှုကို တပည့်တော်၏ လယ်ခင်းနှင့်နွားခြံများကိုသာမက ကျောင်းတော်ကိုပင် မီးရှို့ ဖျက်ဆီးခဲ့သူအားလည်း အမျှပေးဝေပါ၏"ဟူ၍ လျှောက်တင် လေ၏။

ထိုစကားကို ခိုးသူယောကျ်ား ကြားလျှင် "ငါကား အလွန် စိတ်ထားမြင့်မြတ်သည့် သူတော်ကောင်းကြီးအား ပြစ်မှားမိလေ ပြီ"ဟူ၍ နောင်တရလျက် သူဌေးကြီးရှေ့မှောက်၌ ဒူးထောက်၍ ဝန်ချတောင်းပန်လေသည်။ သူဌေးကြီးကလည်း ထိုခိုးသူအား ကြည်ဖြူစွာ ခွင့်လွှတ်လိုက်၏။ ထိုခိုးသူသည် သေသောအခါ အဝီစိငရဲသို့ ကျရောက်လေ၏။ ငရဲမှလွတ်ပြီးသည့် နောက်တွင် လည်း ဂိဇ္ဈကုဋ်တောင်ခြေ၌ မြွေပြိတ္တာကြီး ဖြစ်ရပြန်လေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် မြွေပြိတ္တာကြီး၏ အတိတ်ဇာတ်လမ်း ကို ထုတ်ဖော်ဟောကြားပြီးနောက် မှတ်သားဖွယ်ကောင်းသော ဤဝါဒဂါထာတပုဒ်ကိုလည်း မိန့်မြွက်တော် မူခဲ့လေသည်။

"ရဟန်းတို့၊ မိုက်မဲသောသူသည် မကောင်းမှုဒုစရိုက်တို့ကို ပြု လုပ်နေစဉ်ဝယ် 'ငါ မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်နေပါက လား'ဟူ၍ မသိချေ။ သို့သော်လည်း ထိုမကောင်းမှုဒုစရိုက် တို့ ကြောင့် ပူလောင်ခြင်း ပြင်းပျသည့် ဆင်းရဲဒုက္ခကိုခံစားရသည့် အခါတွင်မူ မိမိကိုယ်ကို နောင်တ တရား ကြီးစွာ ရရှိဘတ်ပေ သည်"

[ဒဏ္ဍဝဂ်၊ အဇဂရ ပေတဝတ္ထု]



# ကြာပန်းအသွင်

သာဝတ္ထိပြည်မှရုပ်ရည် အလွန် ချောမောလှပသော ရွှေပန်းထိမ်သည်၏ သားတယောက်သည် အိမ်ရာထောင်သော လူ့ဘောင်ကို ငြီးငွေ့သဖြင့် ရှင်သာရိပုတ္တရာမထေရ်၏ ထံဝယ် ရဟန်းပြုလေ၏။ မထေရ်သည် "ဤရဟန်းငယ်ကား အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်နုပျို၏။ ရုပ်ရည်အဆင်းလည်းတင့်တယ်လှပ၏။ ထို့ကြောင့် တဏှာရာဂ ထူပြောသူဖြစ်ရာ၏" ဟုကြံဆ၍ အသုဘကမ္မဋ္ဌာန်းကို ပေးလေသည်။ အသုဘကမ္မဋ္ဌာန်းကား ကိုယ်ခန္ဓာ၏ စက်ဆုပ် ရွံရှာဖွယ်သဘောကို ဆင်ခြင်သုံးသပ်ခြင်းဖြစ်၍ တဏှာရာဂစိတ်ကို ခေါင်းပါးစေနိုင်သော အကျင့်ဖြစ်၏။

ရဟန်းငယ်သည် ဆရာမထေရ်၏ ဟောကြားညွှန်ပြသည့် နည်းအတိုင်း တခုသော တောကျောင်းသို့ သွား၍အသုဘကမ္မဋ္ဌာန်း

ကို ပွားများအားထုတ်၏။ သို့သော်လည်း သုံးလကြာသည့်တိုင်အောင် တိုးတက်မှုမရှိ။ စိတ်တည်ငြိမ်မှု သမာဓိမျှကို မရနိုင်ဘဲဖြစ်နေ၏။ ထို့ကြောင့် ရဟန်းငယ်သည် ဝါကျွတ်သောအခါ သာဝတ္ထိပြည်သို့ ပြန်လာ၍ ရှင်သာရိပုတ္တရာအား မိမိ၏ အခြေအနေကို လျှောက်ကြားလေ၏။

ရှင်သာရိပုတ္တရာကား တရားအားထုတ်ရာတွင် နည်းနိသျကျနမှန်ကန်ခြင်း မရှိ၍သာ ရဟန်းငယ် တရားမပေါက်ခြင်း ဖြစ်သည်ဟု ယူဆ၏။ ထို့ကြောင့်အသုဘကမ္မဋ္ဌာန်းကိုပင် ပို၍ပြည့်စုံတိကျသော အသေးစိတ် အချက်အလက်များဖြင့် ထပ်မံရှင်းလင်းဟောကြားကာ ရဟန်းငယ်ကို တောကျောင်းသို့ စေလွှတ်လိုက်ပြန်၏။ ရဟန်းငယ်သည် မထေရ်ညွှန်ပြလိုက်သည့် နည်းအတိုင်း တိကျစွာ လိုက်နာ၍ အားကြိုးမာန်တက် ပွားများ ဆင်ခြင်၏။ သို့သော် သုံးလမျှ အချိန်ကြာသွား၏။ တရားထူး အရိပ်အယောင်မျှပင် ပေါ်ပေါ်လာသေးချေ။

ဒုတိယအကြိမ် ရဟန်းငယ်ပြန်လာ၍ လျှောက်ကြားသောအခါ၌လည်း ရှင်သာရိပုတ္တရာကား လက်မလျှော့သေးချေ။ ထိုအသုဘကမ္မဋ္ဌာန်းကိုပင် ဥပမာပုံခိုင်းတို့ဖြင့် ပို၍ပြည့်စုံကျယ်ဝန်းစွာ ဟောကြား၍ ထပ်မံအားထုတ်ရန် ညွှန်ကြားလိုက်ပြန်၏။ ရဟန်းငယ်ကလည်း ဆရာ့စကားကို ယုံကြည်လျက် အပြည့်အဝဖြင့် မနေမနား ကြိုးစားအားထုတ်ပါ၏။ သို့ပင်အားထုတ်လင့်ကစား အခြေအနေမှာ ထူးမခြားနားပင် ရှိနေ၏။

တတိယအကြိမ် ပြန်လာသော ရဟန်းငယ်၏ လျှောက်ကြားချက်ကို ကြားရသောအခါတွင်မူ ရှင်သာရိပုတ္တရာသည်

ဤကိစ္စကို အလေးအနက် ထား၍ စဉ်းစား ရလေတော့သည်။

"ဤရဟန်းငယ်ကား ငါညွှန်ကြားသည့်အတိုင်း လိုက်နာအားထုတ်သူဖြစ်၏။ သို့ပါလျက် အရိပ်အယောင်မျှပင် တရားထူးမထင်ခြင်းမှာ အဘယ့်ကြောင့်နည်း။ ဤအသုဘကမ္မဋ္ဌာန်းသည် သူ၏ အတွင်းစိတ်ခံနှင့် မကိုက်ညီ၍ ပေလော"

ယင်းသို့စဉ်းစားပြီးနောက် ရှင်သာရိပုတ္တရာသည် ရဟန်းငယ်ကို ဗုဒ္ဓထံသို့ခေါ်ဆောင်သွားကာ အကြောင်းစုံကိုဖွင့်ဟလျှောက်ထား၏။ ဗုဒ္ဓသည် ရဟန်းငယ်ကို ကြည့်၍ စဉ်းစားဆင်ခြင်တော်မူ၏။

"ဤရဟန်းငယ်ကား ရွှေပန်းထိမ်သည်ဘဝမှ ရဟန်းပြုလာသူဖြစ်၏။ ရှေးရှေးသောဘဝတို့၌လည်း ရွှေပန်းထိမ်သည်အဖြစ်ဖြင့် ကြိမ်ဖန်များစွာ ကျင်လည်ခဲ့သူဖြစ်၏။ ထို့ကြောင့်မတင့်မတယ် စက်ဆုပ်ဘွယ်အာရုံများသည် ဤရဟန်းနှင့် မလျှောက်ပတ်။ လှပတင့်တယ်သော အာရုံများသည်သာ သူနှင့်လျှောက်ပတ်၏"

ဤသို့ စဉ်းစားဆင်ခြင် သိမြင်တော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် "ချစ်သား သာရိပုတ္တရာ၊ သင့်တပည့်ကို ငါ့ထံ၌ ထားခဲ့လော့"ဟူ၍ မိန့်ကြား၍ ရှင်သာရိပုတ္တရာကို ပြန်လွှတ်လိုက်၏။ ထို့နောက် ပဒုမာကြာနီပန်းတပွင့်ကို ဖန်ဆင်းပြီး "ချစ်သား၊ ဤကြာနီပန်းကို ရှု၍ 'လောဟိတကံ၊ လောဟိတကံ=နီသောအဆင်း၊ နီသောအဆင်းဟု ဆင်ခြင်ပွားများလော့"ဟူ၍ ညွှန်ကြားတော်မူလေ၏။

ရဟန်းငယ်သည် ကြာနီပွင့်ကိုယူခဲ့ပြီး ကျောင်းတိုက်၏ အစွန်အဖျား တနေရာ၌ရှိသော သဲပုံပေါ်၌ စိုက်ထား၏။ တင်ပလင်ဖွဲ့ကာ အနီး၌ထိုင်ပြီး ထိုကြာပွင့်ကိုကြည့်၍ "လောဟိတကံ၊ လောဟိတကံ=နီသောအဆင်း၊နီသောအဆင်း" ဟု ဆင်ချင်ပွားများ၏။

နီမြန်းသောအဆင်းဖြင့် လန်းဆန်းလှသော ကြာပွင့်ကို မြင်ရုံမျှဖြင့်ပင် ရဟန်းငယ်၏စိတ်သည် ကြည်လင်ရွှင်ပျခဲ့၏။ ထိုကြာပွင့်ကို ကြည့်ရှု၍ အဖန်တလဲလဲ ဆင်ခြင် ပွားများသောအခါ၌ကား ဆောလျင်စွာပင် တည်ငြိမ်အေးချမ်းမှုကို ရရှိ၍ တဆင့်တဆင့်တက်ကာ စတုတ္ထ စျာန်သို့တိုင် ဆိုက်ရောက် သွားလေသည်။

ယင်းသို့ ကသိုဏ်းစျာန်ကို ရရှိသော်လည်း ရဟန်းငယ်ကား ပွားများဆင်ခြင်မှုကို မရပ်။ ကြာနီပန်းကို ဆက်လက်ရှုမှတ်၍ သာနေ၏။

ဤသို့ရှုမှတ်နေစဉ် ကြာနီပွင့်သည် တဖြည်းဖြည်း ညှိုးနွမ်းခြောက်သွေ့၍အရောင်အဆင်းလည်း မဲညစ်ညစ်ဖြစ်လာ၏။ ထိုအခါ၊ "သက်မဲ့ဖြစ်သော ကြာပွင့်သည်ပင် ဖောက်ပြန်ပျက်စီးတော့သေး၏။သက်ရှိဖြစ်သော သတ္တဝါတို့၏ ကိုယ်ခန္ဓာကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း" ဤသို့သော စဉ်းစားဉာဏ်သည် တဖွားဖွား ပေါ်ပေါက်လာ၏။

ဂန္ဓကုဋိတိုက်တွင်း၌ သီတင်းသုံးနေသော ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းငယ်၏ အခြေအနေကို သိမြင်တော်မူသဖြင့် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်ကာ ဩဝါဒစကား မိန့်ကြားတော်မူ၏။

"ချစ်သား၊ ကြာပွင့်ကို လက်ဖြင့် ဖြတ်ယူသကဲ့သို့ ချစ်ခြင်း တဏှာကိုလည်း ဉာဏ်ဖြင့် ဖြတ်လော့၊ ကိလေသာ ငြိမ်းအေး ကြောင်း အကျင့်ကိုသာ ပွားများလော့"

ဗုဒ္ဓ၏ ဩဝါဒစကားကို ကြားနာရလျှင် ရဟန်းငယ်သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

[မဂ္ဂဝဂ်၊ သုဝဏ္ဏကာရပုတ္တဝတ္ထု]

# အကြံသမား

သာဝတ္ထိပြည်၌ ဘုရားတရားကို အလွန်လေးစား ကြည်ညိုသည့် မဟာကာလအမည်ရှိသော ဥပါသကာ တယောက်ရှိ၏။ သူသည် နေ့စဉ်မပြတ် ကျောင်းတော်သို့သွား၍ တရားနာလေ့ရှိ၏။ တလလျှင် ရှစ်ရက်မျှ ဥပုသ်စောင့်သုံးလေ့ရှိ၏။

တနေ့သ၌ မဟာကာလသည် ဇေတဝန်ကျောင်းတော်သို့ သွား၍ တနေ့ပတ်လုံးဥပုသ်စောင့်သုံးကာ ညဉ့်အခါ၌လည်း တရားနာရင်း ကျောင်းတော်၌ပင် အိပ်နေလေသည်။ သူသည် နံနက်စောစော အိပ်ရာမှထလျှင် ကျောင်းအနီးရှိ ရေကန်သို့သွား၍ မျက်နှာသစ်၏။ ထိုအချိန်တွင် မြို့တွင်းရှိအိမ်တအိမ်ကို ဖောက်ထွင်းခိုးယူခဲ့သောသူခိုးတယောက်သည် အိမ်ရှင်များနှိုး၍ နောက်မှလိုက်လာကြသောကြောင့် ခြေဦးတည့်ရာသို့ထွက်ပြေးလာခဲ့၏။ ထိုသူခိုးသည် ကျောင်းဘေး ရေကန်အနီးသို့ရောက်လျှင် မိမိခိုးယူ

ရရှိလာခဲ့သော ပစ္စည်းထုပ်ကို မျက်နှာသစ်နေသည့် မဟာကာလ အနီး၌ မသိမသာ ပစ်ချထားခဲ့ပြီး ရှေ့သို့ ဆက်လက်ထွက်ပြေး လေသည်။

နောက်မှလိုက်လာသော အိမ်ရှင်တို့သည် ရေကန်အနီးသို့ ရောက်၍ ပစ္စည်းထုပ်ကိုတွေ့လျှင် မဟာကာလကို သူခိုးဟု စွပ်စွဲ ကြသည်။ မဟာကာလက မိမိသည် တရားနာရင်း ကျောင်း၌ ည အိပ်နေသည့် ဥပုသ်သည်တဦးဖြစ်ကြောင်း ရှင်းလင်းပြောပြ၏။ သို့သော် ထိုလူများကား သူ့စကားကို မယုံကြည်ကြချေ။ သူခိုး က လူယောင်ဆောင်နေခြင်းသာ ဖြစ်၏ဆိုကာ မဟာကာလကို ဝိုင်းဝန်းရိုက်နှက်ကြလေသည်။ မဟာကာလသည် ပြင်းထန်စွာ ရိုက်နှက်မှုကိုခံရသဖြင့် ထိုနေရာ၌ပင် လဲကျသေဆုံး ရှာတော့၏။

နံနက်စောစော ရေကန်သို့ရောက်လာသော ရဟန်းငယ် သာ မဏေတို့သည် မဟာကာလ၏ အလောင်းကိုမြင်လျှင် ကျောင်းသို့ ပြန်သွားကာ မထေရ်ကြီးများအား လျှောက်ကြားကြ၏။ မထေရ် ကြီးများကလည်း မဟာကာလ၏ဆွေမျိုးများအား တဆင့်ပြော ကြားကြသည်။ ဆွေမျိုးများသည် မျက်ရည်စက်လက်ဖြင့် ကျောင်းတော်သို့ လိုက်လာကြပြီး သူ့ကြွယ်၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ခြင်း ပြုလိုက်ကြလေသည်။

ဇေတဝန်ကျောင်းတော်ရှိရဟန်းသံဃာများလောက၌ မဟာ ကာလသူကြွယ်၏ အကြောင်းမှာ ပြော၍မဆုံး ဖြစ်နေကြ၏။ "ဥပုသ်စောင့်ခြင်း၊ တရားနာခြင်းဖြင့်သာ အပြစ်ကင်းစွာ နေ ထိုင်သော ဥပါသကာကြီးသည် အသေဆိုးဖြင့် သေရရှာလေပြီ တကား"ဟူ၍ ရဟန်းအများပင် ယူကျုံးမရ ဖြစ်နေကြ၏။ ထို

အကြောင်းကို ဗုဒ္ဓရှင်တော်မြတ် ကြားသိတော်မူလေသော် ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူသည်။

"ချစ်သား ရဟန်းတို့၊ မဟာကာလသည့် ဤဘဝ၌ အသေဆိုးဖြင့် သေရသည်မှာ မှန်၏။ သို့သော်လည်း အတိတ်ဘဝက သူပြုခဲ့သော ကံနှင့်မူ လျော်ကန်သော သေခြင်းသာ ဖြစ်ပေ၏"

"အရှင်ဘုရား၊ မဟာကာလသည် ရှေးဘဝက မည်ကဲ့သို့သော မကောင်းမှုကံကို ပြုလုပ်ခဲ့ပါသနည်း"

ရဟန်းတို့က ဤသို့ မေးလျှောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်သည် အတိတ်ကို ဆောင်တော်မူ၏။

× × ×

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ ဗာရာဏသီပြည်၏နယ်စပ်ရှိ တောအုပ်တခုအတွင်း၌ ခိုးသားဓားပြများခိုအောင်း၍ လာသမျှခရီးသွားတို့ကို လုယက်နေကြ၏။ ထိုအကြောင်းကို မင်းကြီးကြားသိလျှင် မင်းချင်းယောကျ်ားတယောက်အား ထိုတောအုပ်ကို စောင့်ရှောက်ရန် တာဝန်ပေးလိုက်၏။ မင်းချင်းယောကျ်ားသည် နောက်လိုက်စစ်သည်များနှင့်အတူ တောအုပ်ဝရှိရွာ၌ နေထိုင်၏။ တောအုပ်ကို ဖြတ်သန်းသွားလာလိုသူများအား အခကြေးငွေဖြင့် စောင့်ရှောက်ပို့ဆောင်ပေး၏။

တနေ့သ၌ ခရီးသွားဇနီးမောင်နှံနှစ်ယောက် လှည်းယာဉ်တစီးဖြင့် တောအုပ်ဝသို့ ဆိုက်ရောက်လာ၏။ ဇနီးဖြစ်သူမှာ အတော်ပင် ရုပ်ရည်ချောမောလှပ၏။ မင်းချင်းယောကျ်ားသည် ထိုမိန်းမကိုမြင်လျှင်မြင်ချင်း စွဲလမ်းနှစ်သက်သွား၏။ မိမိတို့အား

တောလမ်းခရီး၌ လိုက်ပါစောင့်ရှောက်ပေးရန် ပြောဆိုသောအခါ မင်းချင်းယောကျ်ားက "ယခုနေ မိုးချုပ်နေပါပြီ၊ နက်ဖြန်မှ ပို့ပေးပါမည်"ဟုပြော၍ အချိန်ဆွဲထားသည်။

သို့အားဖြင့် ဇနီးမောင်နှံနှစ်ယောက်မှာ ရွာငယ်၌ ညအိပ်တည်းခို၍နေရလေသည်။ နံနက်လင်းသောအခါ အကြီးအကဲဖြစ်သောမင်းချင်းယောကျ်ားအိမ်မှ ပတ္တမြားရတနာပျောက်ဆုံးသွားသည်ဟူသော သတင်းထွက်ပေါ်လာ၏။ စစ်သည်ရဲမက်တို့သည် ရွာတံခါးကိုပိတ်၍ တအိမ်တက်တအိမ်ဆင်း လိုက်လံရှာဖွေကြရာ ထွက်ခွာရန်ပြင်ဆင်နေသော ခရီးသွား ဇနီးမောင်နှံ၏လှည်းပေါ်၌ ပတ္တမြားရတနာကို တွေ့ရှိသွားကြသည်။ ရဲမက်တို့သည် ဇနီးမောင်နှံနှစ်ယောက်လုံးကို ဖမ်းဆီး၍ အကြီးအကဲဖြစ်သော မင်းချင်းယောကျ်ားထံသို့ ခေါ်ဆောင်သွားကြ၏။

မင်းချင်းယောကျ်ားသည် "သင်ကား ကျေးဇူးသိတတ်သူမဟုတ်၊ သားရေပေါ်အိပ်ပြီး သားရေနားကို စားသူဖြစ်၏" ဟုဆိုကာ ခရီးသွားယောကျ်ားကို ရိုက်နှက်သတ်ဖြတ်စေ၍ ဇနီးဖြစ်သူကို သိမ်းပိုက်လိုက်လေသည်။

× × ×

ဗုဒ္ဓရှင်တော်မြတ်သည် အထက်ပါ အတိတ်ဇာတ်လမ်းကိုဆောင်၍ "ချစ်သားရဟန်းတို့၊ မဟာကာလသည် ခရီးသွားယောကျ်ားအား ခိုးမှုဖြင့် အကွက်ဆင်ဖမ်းဆီးပြီး ဇနီးကို မဘာရား သိမ်းပိုက်ခဲ့၏။ ယင်းမကောင်းမှုကြောင့် ယခုဘဝ၌ အသေဆိုးဖြင့် သေရခြင်းဖြစ်ပေသည်"ဟု မိန့်ကြားတော်မူသည်။

ထို့နောက်တဖန် ဆက်လက်၍ "ကျောက်မှ ဖြစ်သောစိန်သည် မိမိဖြစ်ရာကျောက်တုံးကို ထွင်းဖောက်ဖျက်ဆီးသကဲ့သို့ သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော မကောင်းမှုကံသည်လည်း မိမိဖြစ်ရာ ထိုသတ္တဝါကို နှိပ်စက်ဖျက်ဆီးတတ်ကြောင်း" ဟောကြားဆုံးမတော်မူလေသည်။

[အတ္တဝဂ်၊ မဟာကာလဥပါသကာ ဝတ္ထု၊]



# မ,ဖက်လိုက် မိုက်ဖက်ပါ

ဗုဒ္ဓရှင်တော်မြတ်၏ လက်ဝဲရံအဂ္ဂသာဝကကြီးဖြစ်သော ရှင်မဟာမောဂ္ဂလ္လာန်ကား မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ်တန်ခိုးနှင့်ပတ်သက်၍ အလွန်ထင်ရှား ကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဗုဒ္ဓကိုယ်တိုင်ကပင် 'ဧတဒဂ်'ဘွဲ့ ထူးပြင့် ချီးကျူးခြင်း ခံခဲ့ရ၏။

ရှင်မောဂ္ဂလ္လာန်သည် တခါတရံ နတ်ပြည်သို့ ကြွသွား၍ တွေ့သမျှ နတ်များအား-

"သင်တို့ဟာ ရှေးဘဝက ဘယ်လို ကုသိုလ်ကံတွေကို ပြုလုပ်ခဲ့ကြသလဲ" ဟု မေးမြန်းလေ့ ရှိ၏။

လူ့ပြည်သို့ ပြန်ရောက်သောအခါ ထိုနတ်တို့၏ စည်းစိမ်ချမ်းသာနှင့် အတိတ်ကံအကြောင်းများကို မိမိ၏ တပည့်ဒကာတို့အား ပြန်ပြောင်း ဟောကြားလေ့ရှိ၏။

တခါတရံ၌ကား မထေရ်သည် ငရဲပြည်သို့ကြွသွားပြီးနောက် လူ့ပြည်သို့ ပြန်ရောက်သောအခါ ငရဲသားတို့၏ ဒုက္ခခံစားရပုံနှင့် အတိတ်ဘဝကံအကြောင်းများကို ပြန်လည်ဟောပြောလေ့ရှိ၏။

ရှင်မောဂ္ဂလ္လာန်၏ ဟောပြောမှုကြောင့် လူတို့သည် ငရဲကို ကြောက်ပြီး နတ်ပြည်သို့ရောက်ရန် စိတ်အားထက်သန်လာကြ၏။ ကုသိုလ်ကောင်းမှုတို့ကို ပိုမိုအားထုတ်လာကြ၏။ ဗုဒ္ဓနှင့် ရဟန်းသံဃာတို့အား ရှေးကထက်တိုး၍ ကိုးကွယ်ဆည်းကပ်လာကြ၏။

ထိုအခါ ဗုဒ္ဓအား အန်တုဖက်ပြိုင်နေကြသည့် တိတ္ထိဂိုဏ်းဝင် ရဟန်းတက္ကတွန်းများမှာ ကိုးကွယ်ဆည်းကပ်သူ နည်းပါး၍ လာဘ်သပ်ပကာ ရှားပါးလာကြ၏။ သူတို့သည် ရှင်မောဂ္ဂလ္လာန်၏ လက်ချက်ကြောင့် မိမိတို့ အခက်တွေ့ရခြင်းဖြစ်သည်ဟု ယူဆလျက် ရှင်မောဂ္ဂလ္လာန်အပေါ် ရန်ငြိုးဖွားလာကြလေသည်။

တရံရောအခါ ငါးရာသော တက္ကတွန်းရဟန်းတို့သည် အညီအညွတ် ညှိနှိုင်းတိုင်ပင်၍ ရှင်မောဂ္ဂလ္လာန်အား သတ်ဖြတ် ရှင်းလင်းပစ်ရန် ဆုံးဖြတ်ကြလေသည်။ ထို့နောက် သူတို့သည် မိမိတို့ တပည့် ဒကာများ ထံမှ ငွေကြေးကောက်ခံ စုဆောင်း၍ ရှင်မောဂ္ဂလ္လာန်အားသတ်ရန် ခိုးသားဓားပြအဖွဲ့တဖွဲ့ကို ငှားရမ်း စေလွှတ်လိုက်ကြ၏။

ထိုအချိန်တွင် ရှင်မောဂ္ဂလ္လာန်သည် ရာဇဂြိုဟ်ပြည်၏အနီး ကာဠသိလာမည်သော တောအုပ်၌ သီတင်းသုံး နေထိုင်လျက်ရှိ၏။ ခိုးသားဓားပြတို့သည် ညဉ့်နက်သန်းကောင် အချိန်တွင် ရှင်မောဂ္ဂလ္လာန်ကျောင်းကို သွားရောက် ဝိုင်းဝန်းကြ၏။ သို့သော်

လည်း ကျောင်းထဲသို့ ဝင်ရောက် ရှာဖွေသော အခါ၌ကား မထေရ်၏ အရိပ်အယောင်မျှ ကိုပင် မတွေ့ရချေ။

ရှင်မောဂ္ဂလ္လာန်ကား ခိုးသားဓားပြတို့ လာရောက် ဝိုင်းရံကြောင်းသိရှိသည်နှင့်တပြိုင်နက် အဘိညာဉ်တန်ခိုးဖြင့် လွတ်ရာသို့ ရှောင်ရှားသွားပြီး ဖြစ်ပေသည်။ ထို့ကြောင့် ထိုညတွင် ခိုးသားဓားပြတို့သည် အကြံမအောင်ဘဲ တပ်ခေါက်၍ ပြန်ခဲ့ကြရ၏။

သို့သော်လည်း ခိုးသားတို့ကား တကြိမ်တည်းဖြင့် မိမိတို့အကြံကို လက်မလျှော့ကြချေ။ ဒုတိယအကြိမ် သွား၍ ဝိုင်းရံကြပြန်၏။ ထိုအကြိမ်၌ကား မထေရ်သည် ကျောင်းခေါင်မိုးကို ဖောက်၍ ထွက်ခွာသွားလေ၏။

ထို့နောက် တလခန့်ကြာသောအခါ ခိုးသားတို့သည် တတိယအကြိမ်သွားရောက် ဝိုင်းရံကြပြန်၏။ ထိုအကြိမ်၌ကား မထေရ်သည် မိမိ၏အတိတ်ကံတခုကို ဆင်ခြင်စဉ်းစားမိသဖြင့် မည်သို့ပင် ရှောင်ရှားစေကာမူ ဘဝဋ္ဌကြွေးမှ ပြေးမလွတ်နိုင်ကြောင်း ကောင်းစွာ သိမြင်လေ၏။

ထို့ကြောင့် ရှောင်ရှားခြင်းမပြုဘဲ အမိခံ၍နေ၏။ ခိုးသားတို့သည် ရှင်မောဂ္ဂလ္လာန်အား အလွယ်တကူ ဖမ်းဆီး၍ အရိုးရောအသားပါ ကျေမွပျက်စီးအောင် ထောင်းထုရိုက်နှက်ကြလေသည်။ ထို့နောက် သေပြီဟု ယူဆလျက် မထေရ်၏ ကိုယ်ကို ချုံတခုအတွင်း၌ ပစ်ထားခဲ့ကြလေသည်။

ခိုးသားတို့ ထွက်ခွာသွားသောအခါ ရှင်မောဂ္ဂလ္လာန်သည် ဈာန်သမာပတ်တန်ခိုးဖြင့် မိမိကိုယ်ခန္ဓာကို စုစည်းအားယူပြီး ဗုဒ္ဓရှင်တော်မြတ်ထံ အရောက်သွားလေ၏။ ဗုဒ္ဓထံသို့ရောက်လျှင်–

"ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ တပည့်တော် ပရိနိဗ္ဗာန်ပြုပါတော့မည်"ဟူ၍ လျှောက်တင်၏။

"ချစ်သား မောဂ္ဂလ္လာန်၊ သင်ဘယ်အရပ်မှာ ပရိနိဗ္ဗာန် ပြုမလဲ"

"တပည့်တော် ကာဠသိလာခေါ်တဲ့ တောအုပ်မှာ ပရိနိဗ္ဗာန်ပြုပါမည် ဘုရား"

"ချစ်သား မောဂ္ဂလ္လာန်၊ သင်ပရိနိဗ္ဗာန်မပြုမီ ငါ့အား တရားဟောခဲ့ပါဦးလော့"

ရှင်မောဂ္ဂလ္လာန်သည် ဗုဒ္ဓ၏ မိန့်ကြားချက်ကို ဦးထိပ်ရွက်ပန်ဆင်လျက် ကောင်းကင်သို့ ပျံတက်၍ တန်ခိုးသိဒ္ဓိအမျိုးမျိုးကို ပြသ၏၊ နက်နဲသော တရားဂါထာများကိုလည်း ရွတ်ဆိုဟောပြော၏။ ထို့နောက် ဗုဒ္ဓအား ရှိခိုးကန်တော့ပြီး ကာဠသိလာ တောအုပ်သို့ ပြန်ကြွ၍ ပရိနိဗ္ဗာန်ပြုလေသည်။

ခိုးသားတို့ ဂိုက်နှက်၍ ရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်ပြုရသည့် သတင်းကို ရာဇဂြိုဟ်ပြည့်ရှင်အဇာတသတ်မင်းကြားလျှင် ခိုးသားတို့ကို အမြန်ဆုံး ဖမ်းဆီးစေပြီး မေးမြန်းစစ်ဆေး၏။

ခိုးသားတို့က တက္ကတွန်း ရဟန်းတို့၏ စေခိုင်းချက် အရ ရှင်မောဂ္ဂလ္လာန်အား သတ်ဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်ထွက်ဆိုကြရာ မင်းကြီးသည် ထိုတက္ကတွန်းရဟန်းများကိုလည်း ဖမ်းဆီးစေ၏။

ထို့နောက် တက္ကတွန်းရဟန်းများနှင့်တကွ ခိုးသားအားလုံးကို အရှင်လတ်လတ်မြေမြှုပ်၍ မီးရှို့သတ်စေရန် အမိန့်ချမှတ်လိုက်လေသည်။

တနေ့သောအခါ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ရဟန်းတို့သည် အစည်းအဝေးခန်းမ၌ တရားဆွေးနွေးနေကြရာမှ ရှင်မောဂ္ဂလ္လာန်အကြောင်းကို စကားစပ်မိကြလေ၏။

"ငါ့ရှင်တို့၊ ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီးဟာ တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ လက်ဝဲရံအဂ္ဂသာဝကကြီးဖြစ်ပါလျက် ခိုးသားတို့ လက်ချက်ဖြင့် ဘဝဇာတ်သိမ်းရသည်မှာ မသင့်လျော်ပေစွ"

ဤသို့ ရဟန်းများ ပြောဆိုဆွေးနွေးနေကြစဉ် ဗုဒ္ဓရှင်တော်မြတ်သည် အစည်းအဝေးခန်းမသို့ ရုတ်ဘရက် ရောက်ရှိလာပြီး ရဟန်းတို့အားမေးမြန်းလေသည်။

"ချစ်သား ရဟန်းတို့၊ သင်တို့ ယခုအဘယ်အကြောင်းအရာကို ဆွေးနွေးနေကြသလဲ"

"ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီး အသေဆိုးပုံကို ဆွေးနွေးနေကြပါတယ်ဘုရား"

"ချစ်သားရဟန်းတို့၊ မောဂ္ဂလ္လာန်ရဲ့သေခြင်းဟာ ယခုဘဝအနေဖြင့်ကြည့်လျှင် မလျော်ကန်ဟု ဆိုနိုင်ပေ၏။ သို့သော်လဲ အတိတ်ဘဝက သူပြုခဲ့တဲ့ အကုသိုလ်ကံနဲ့ ယှဉ်ကြည့်ရင်တော့ လျော်ကန်သော သေခြင်းဟူ၍သာ ဆိုရမည် ဖြစ်ပေ၏"

ဗုဒ္ဓက ဤသို့ မိန့်ကြားလိုက်သောအခါ ရဟန်းများသည် ရှင်မောဂ္ဂလ္လာန်၏အတိတ်ကံကိုဖော်ထုတ်ဟောကြားရန် တောင်းပန်ကြလေ၏။ ယင်းတောင်းပန်ချက်အရ ဗုဒ္ဓက အောက်ပါဇာတ်လမ်းကို ဖော်ထုတ်ဟောကြားလေသည်။

× × ×

ရှေးအခါက ဗာရာဏသီပြည်၌ မျက်မမြင် မိဘနှစ်ပါးကို သုပ်ကိုင်ကျွေးမွေးနေသည့် လုလင်ပျိုတယောက်ရှိ၏။ ထိုလုလင်

ပျိုသည် အချိန်အရွယ်ရောက်သော်လည်း သားမယား ယူရန် စိတ်မကူးဘဲ အိုင်တွင်းအိမ်ပြင်အလုပ်ဟူသမျှကို မိမိတယောက်တည်း ဒိုင်ခံ၍သာလုပ်ကိုင်ပေးနေ၏။

မိဘများက အိမ်ထောင်ပြုရန် မကြာခဏ တိုက်တွန်းပြောဆိုကြသော်လည်း လက်မခံချေ။

"အမေ အဖေတို့ အသက်ထင်ရှား ရှိနေသမျှတော့ သား အိမ်ထောင်ပြုဘို့ စိတ်မကူးပါဘူး။ ကျွန်တော် တယောက်ထဲဘဲ ဒိုင်ခံလုပ်ကျွေးပါ့မယ်"

ဤသို့ ပြန်လည်ပြောဆိုပြီး မညည်းမညူ လုပ်ကျွေး ပြုစု၍ သာနေ၏၊ သားအားတိုက်တွန်း၍ မရသောအခါ မိဘတို့သည် မိမိတို့သဘောကျသည့် အမျိုးသမီးတယောက်ကိုရှာ၍ သားနှင့် ပေးစားလိုက်ကြလေသည်။

ထိုအမျိုးသမီးသည် လက်ထပ်ပြီး ရက်ပိုင်းလပိုင်း အတွင်း၌ လင်နှင့်ယောက်မတို့ကို ကောင်းမွန်ရိုသေစွာ ပြုစုကျွေးမွေး၏။ နှစ်လသုံးလခန့် ကြာသောအခါတွင်မူ ဘာမျှမလုပ်နိုင်မကိုင်နိုင်သည့် မျက်မမြင် ယောက္ခမကြီး နှစ်ယောက် အပေါ်ဝယ် မကြည်မဖြူ ဖြစ်၍လာ၏။

"ဒီ ဒုက္ခိတကြီးတွေအတွက် သိပ်ဒုက္ခများတာဘဲ၊ တခြား ဘာမှ မလုပ်ရဘူး။ တနေ့လုံး သူတို့ဝေယျာဝစ္စနဲ့ဘဲ အချိန်ကုန်နေတာဘဲ"

ဤသို့ သေည်ဖြင့် လင်၏ရှေ့တွင် မကြာခဏ ညည်းညူပြောဆို၏၊ တခါတရံတွင်မူ အမှိုက်သရိုက် ထမင်းလုံးစသည်တို့ကို အိမ်ထဲ၌ ဖင့်ဖင့်ဖြန့်ကြဲထားပြီး လင်ပြန်လာပြီးသောအခါ-

"ရှင့်အဘိုးကြီး အဖွားကြီးတွေ လုပ်ထားတာ ကြည့်ပါ အုံး၊ မြင်လို့မှ ကောင်းသေးရဲ့လား" ဟူ၍ လုပ်ကြံ တိုင်တန်း လေသည်။

ဤသို့ ဇနီးသည်က မိဘနှစ်ပါးအပေါ် အပြစ်ရှာ၍ မကြာ ခဏတိုင်တန်းပြောဆိုသည်ကို လင်ယောကျ်ားသည် အစပထမ၌ မည်သို့မျှ တုံ့ပြန်ပြောဆိုခြင်း မပြု၊ မယုံဘဝက် ယုံဘဝက်ဖြင့် နှုတ်ပိတ်၍သာနေ၏။ ပြောဖန်များသော အခါ၌ကား မယား ဖက်သို့ တဖြည်းဖြည်းပါ၍လာ၏။

"ဒီဒုက္ခကြီးတွေနဲ့တော့ ကျမ တအိမ်ထဲ မနေနိုင်တော့ ဘူး။ ရှင့်မိဘတွေကိုမပစ်နိုင်ရင် ကျမဘဲ အိမ်က ဆင်းသွားတော့ မယ်"

ဤသို့ ဇနီးသည်က ရာဇသံ ပေးလိုက်သောအခါ လင် ယောကျ်ားသည် ဇနီးအချစ်ကို မပစ်နိုင်အောင် ဖြစ်နေသော ကြောင့် မိဘနှစ်ပါးကိုဖယ်ရှားရှင်းလင်းပစ်ရန် အကြံထုတ်လေ တော့သည်။

တနေ့သောအခါ ထိုလုလင်ယောကျ်ားသည် မိဘနှစ်ပါး အား တောရွာတရွာ၌ နေထိုင်သည့် ဆွေမျိုးများထံ ဧည့်လည် သွားရန်ဟုအကြောင်းပြ၍ လှည်းဖြင့်တင်ဆောင်ကာဗာရာဏသီ မြို့မှ ထွက်ခဲ့၏။

မြို့ပြင်ရှိတောအုပ်တခုသို့ရောက်လျှင် တပိုဘပါးသွားမည်ဟု ပြော၍လှည်းပေါ်မှဆင်းပြီး လမ်းဘေးရှိ တောအုပ်ထဲသို့ဝင် သွား၏။ ထို့နောက် အတန်ကြာသောအခါ မိမိအသံကို ဖျက်၍ ခိုးသားဓားပြဟန်ဆောင်၍ ထွက်လာပြီး မိဘနှစ်ပါးကိုရိုက်နှက် သတ်ဖြတ်လေသည်။

အဖိုးအို အဖွားအိုတို့သည် မမြင်မကန်းဖြင့် တကယ်ခိုးသား ခားပြများလာသည်ဟု ထင်ကာ "သားရေလွတ်အောင်ပြေး၊ အမေတို့အဖေတို့ကိုငဲ့မနေနဲ့"ဟူ၍ အော်ဟစ်ပြောဆိုကြလေသည်

လုလင်ယောကျ်ားကား မယားစကားကိုသာ နားဝင်နေသဖြင့် သနားစဖွယ် မြည်တမ်းပြောဆိုနေသည့် မိဘများအား လုံးဝ အသနားမဖက်နိုင်တော့ဘဲ အသက်သေအောင် ရိုက်နှက်၍ တောထဲ၌ ပစ်ထားခဲ့လေသည်။

ဤသို့ မိဘနှစ်ပါးအား ရိုက်နှက်သတ်ဖြတ်ခဲ့သည့် အကုသိုလ်ကြောင့် ထိုလုလင် သေသောအခါ အဝီစိငရဲသို့ ကျရောက်၍ နှစ်ပေါင်းသိန်းသောင်းမက ခံစားရ၏။ ငရဲမှလွတ်၍ လူ့ဘဝသို့ ရောက်သောအခါ၌လည်း ဘဝပေါင်းများစွာ ရိုက်နှက်သတ်ဖြတ်ခြင်းခံရ၏။ ရှင်မောဂ္ဂလ္လာန်ဘဝ၌ ခံစားရခြင်းကားနောက်ဆုံးခံစားရခြင်းပင် ဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်သည် ရှင်မောဂ္ဂလ္လာန်၏ အတိတ် ကံကိုဖော်ထုတ်ဟောကြားပြီးနောက် "မပြစ်မှားသင့်သူကို ပြစ်မှားသောသူသည် မင်းပြစ်မင်းဒဏ်သင့်ခြင်း၊ စည်းစိမ်ဥစ္စာ ဆုံးရှုံးခြင်း၊ ကိုယ်ခန္ဓာနာကျင်ထိခိုက်ခြင်းစသော အပြစ်ဒဏ်ဆယ်မျိုးကို တွေ့ကြုံခံစားရမည်မှာ မလွဲဧကန်ဖြစ်ကြောင်း"ဟောကြားဆုံးမတော်မူလေသည်။

[ဒုက္ကာဝဂ်၊ မဟာမောဂ္ဂလ္လာနထေရဝတ္ထု]

# တန်ခိုးပြိုင်ပွဲ

## ဝါးတိုင်ထိပ်မှ စန္ဒကူးသပိတ်

ရာဇဂြိုဟ်ပြည်မှ သူဌေးကြီးတဦးသည် နောက်လိုက် ကျွေးကျွန်များနှင့်အတူ ဂင်္ဂါမြစ်သို့သွား၍ ရေချိုးနေစဉ် ဟိမဝန္တာတောမှ မျောပါလာသည့် စန္ဒကူးတုံးတခုကိုတွေ့ရှိလေသည်။ ထိုအချိန်တွင် ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓရှင်တော်မြတ်နှင့် ပူရာဏကဿပ အစရှိသော ဘာသာရေးဂိုဏ်းဆရာကြီးများ ထင်ရှားလျက် ရှိ၏။ မြို့သူမြို့သားများတွင် ဗုဒ္ဓ၏တရားဓမ္မကို သက်ဝင် ယုံကြည်သူအမြောက်အမြားရှိသကဲ့သို့ တိတ္ထိကြီး ခြောက်ယောက်တို့အား ကိုးကွယ်ဆည်းကပ်သူတို့မှာလည်း မနည်းလှချေ။

စန္ဒကူးတုံးကို ရရှိသည့်သူဌေးကြီးကား မည်သည့်ဘာသာတရားကိုမျှ သက်ဝင်ယုံကြည်သူမဟုတ်ချေ။ ထို့ကြောင့် သူသည် မမြော်လင့်ဘဲ ရုတ်တရက်ရရှိလာသည့် အဘိုးတန်စန္ဒကူးနှစ်တုံး

ကို အသုံးချ၍ လူအများကိုးကွယ်နေသည့် ဘာသာတရားများနှင့်ပတ်သက်၍ စမ်းသပ်ချက်တရပ်ပြုလုပ်ရန် စိတ်ကူးလေသည်။

"ဤလောက၌ ဘုရားရဟန္တာဟုပြော၍ ဂိုဏ်းဆရာလုပ်နေသူတွေကား ပေါများလှ၏။ ရဟန္တာမှန်လျှင် ကောင်းကင်သို့ပျံနိုင်ရပေမည်။ လက်တွေ့အားဖြင့် ကောင်းကင်သို့ပျံနိုင်သူ တဦးတယောက်မျှ မတွေ့ရသေး။ ဤစန္ဒကူးနှစ်တုံးဖြင့် ရဟန္တာ တကယ်ရှိမရှိ ငါစုံစမ်းရတော့မည်"

သူဌေးကြီးသည် ဤသို့ စဉ်းစားပြီးနောက် စန္ဒကူးတုံးဖြင့် ချောမွတ်လှပသည့် သပိတ်တလုံးဖြစ်အောင် ပြုလုပ်စေ၏။ ထို့နောက် ဝါးလုံးများကိုဆက်၍ အတောင် ခြောက်ဆယ်မြင့်သော တိုင်တခုပြုလုပ်စေပြီး ယင်းတိုင်ထိပ်၌ သပိတ်ကို ချိတ်ဆွဲထားလေသည်။ "ဤလောက၌ ရဟန္တာဟု ဆိုသူများသည် ကောင်းကင်သို့ ပျံတက်၍ငါ့သပိတ်ကို ယူကြပါလော" ဟူ၍လည်း စာဆွဲထားလေသည်။

ထိုအခါ ပူရာဏ ကဿပအမည်ရှိသော တိတ္ထိဆရာကြီးသည် သူဌေးထံသို့လာ၍ "ဒါယကာ၊ ငါကားတပည့်ငါးရာတို့၏ ဆရာလုပ်၍ လူအများ၏ကိုးကွယ်မှုကို ခံယူနေသည်မှာ သင်တို့မျက်မြင်ပင်ဖြစ်၏။ ဤသပိတ်သည် ငါနှင့်သာထိုက်တန်ပေ၏။ ငါ့အားလှူပါလော့"ဟူ၍ ပြောဆိုလေ၏။ သူဌေးကလည်း "ကောင်းကင်ဖြင့်ကြွ၍ ယူနိုင်မူ ယူပါလော့"ဟူ၍သာ ပြန်ပြောလိုက်၏။ သူ့နည်းတူ လာ၍ ပြောကြသည့် အခြားတိတ္ထိ ဆရာများမှာလည်း အောင်မြင်မှုမရဘဲ ခပ်ရှက်ရှက်ဖြင့်သာ ပြန်သွားကြရ၏။

ဤသို့သောနည်းဖြင့် ခြောက်ရက်မျှ အချိန်ကြာသွားလေ၏။ ထိုအခါ နာဋပုတ္တအမည်ရှိသော တိတ္ထိဆရာကြီးသည်အကြံတမျိုးရသဖြင့် မိမိ၏တပည့်များကိုခေါ်၍ သူဌေးကြီးအိမ်သို့ သွားပြန်၏။ အိမ်သို့ရောက်လျှင် "သူဌေးကြီး... ငါကားဘာမျှအဖိုးမတန်သည့် သပိတ်တလုံးကိုအကြောင်းပြု၍ လျှို့ဝှက်အပ်သော တန်ခိုးကို မပြလိုပါ။ သို့သော်လည်း ငါမှတပါး သင့်သပိတ်နှင့် ထိုက်တန်သူမရှိသည်မှာ ထင်ရှားပါသည်။ ငါ့အားသာ ဤသပိတ်ကို လှူပါလော့" ဟူ၍ သူဌေးကြီးအား ပြောကြားလေသည်။

ယင်းသို့ လှည့်ပတ်သွယ်ဝိုက်၍ပြောဆိုသော်လည်း သူဌေးကြီးကား တပြားမျှ မလျှော့။ "ကောင်းကင်ပျံနိုင်လျှင်ယူပါ" ဟူ၍သာ တိုတိုပြတ်ပြတ် ပြန်ပြော၏။ ထိုအခါ နာဋပုတ္တသည် "သို့ဖြစ်လျှင် ယခုပင် ငါ ကောင်းကင်သို့ပျံ၍ ယူမည်။ သင်တို့ကြည့်ကြလော့" ဟုဆို၍ လက်တဖက်ကိုမြှောက်၊ ခြေတဖက်ကိုကြွလျက် ကောင်းကင်သို့ပျံမည့်ဟန် ပြုလေသည်။ထိုခဏ၌ သူ့တပည့်များသည် နာဋပုတ္တအား ဝင်၍ ဆွဲထားကြပြီး "ဆရာ ဘာမဟုတ်တဲ့ သစ်သားသပိတ်တလုံးအတွက်နဲ့ အလွန်ကြီးကျယ်တဲ့ တန်ခိုးအာနုဘော်ကို ထုတ်ဖော်ပြသရန် မသင့်ပါ" ဟူ၍ ပြောဆိုတားဆီးကြလေသည်။ မလာမီက ဆရာနှင့် တပည့်တို့ ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း လုပ်ကြခြင်းဖြစ်ပေသည်။

ဤသို့ သရုပ်ပါပါ လုပ်ဇာတ်ဆင်ပြီးနောက် နာဋပုတ္တက "သူဌေးကြီး၊ တပည့်တွေတားကြလို့ ငါတန်ခိုးမပြရတာ သင့်အမြင်ဘဲ။ သပိတ်ကိုသာ လှူပါတော့" ဟု မရှက်မကြောက် တောင်းဆိုလေသည်။ သို့သော် သူဌေးကြီးကား လုံးဝလက်မခံ။

"ကောင်းကင်သို့ မပျံသမျှ ကျွန်ုပ်၏သပိတ်နှင့် မတန်ပါ" ဟူ၍ သာ ပြန်ပြောလိုက်၏။

ဤသို့ဖြင့် စန္ဒကူးသပိတ်၏ ဂယက်သည် ရာဇဂြိုဟ်တမြို့လုံး၌ ပြင်းထန်စွာ ငိုက်ခတ်လျက်ရှိတော့၏။ "ဘုရားဟူ၍ငင်း၊ရဟန္တာ ဟူ၍ငင်းပြောဆိုကြွေကြွေးနေသူများကား ဒုနှင့်ဒေး။ကောင်းကင် သို့ တလက်မပင်ပျံတက်နိုင်သူကား တယောက်မျှ မပေါ်လာ။ လောကကြီးကား အတုအယောင်တွေ များလှပါတကား"ဤသို့ ဝေဖန်ပြောဆိုသံများသည် နားမဆံ့အောင် လျှံထွက်နေလေ တော့သည်။

စန္ဒကူးသပိတ်ကို ချိတ်ဆွဲထား၍ ခုနစ်ရက်မြောက်သောနေ့ နံနက်တွင် ရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှင်ပိဏ္ဍောလနှစ်ပါးတို့သည် မြို့တွင်းသို့ ဆွမ်းခံဝင်ရန်အတွက် ဂိဇ္ဈကုဋ်တောင်မှ ဆင်း၍ တောင်ခြေရှိကျောက်ဖျာတခုပေါ်၌ သင်္ကန်းကို ပြင်ဆင်ဝတ်ရုံ နေကြ၏။ ထိုစဉ်တွင် မြို့တွင်းမှထွက်လာသည့် သေသောက်ကြူး နှစ်ယောက်တို့သည် စန္ဒကူးသပိတ်အကြောင်းကို အချင်းချင်း ပြောဆိုထေ့ငေ့ကြရင်း "လောကကြီးမှာ ဘုရားရဟန္တာဆိုတာ မရှိပါဘူး။ အလကား ညာနေကြတာပါ" ဟူ၍ ဝေဖန်ပြောဆို လာကြ၏။

ယင်းသို့ ပြောဆိုသည်ကို မထေရ်နှစ်ပါး ကြားလျှင် ရှင် မောဂ္ဂလ္လာန်က ရှင်ပိဏ္ဍောလအား ဤသို့ တိုက်တွန်းပြောဆို လေ၏။

"ငါ့ရှင်ပိဏ္ဍောလ၊ဤသေသောက်ကြူး နှစ်ယောက်တို့သည် ဗုဒ္ဓသာသနာကို ထိခိုက်ပုတ်ခတ်၍ ပြောဆိုသွားကြသည်ကို သင် ကြားသည်မဟုတ်လော။ ယင်းသို့ ကြားပါလျက် အမှတ်မဲ့

နေရန် မသင့်။ သင့်တန်ခိုးဖြင့် စန္ဒကူးသပိတ်ကို သွား၍ယူပါလော့”

“ငါ့ရှင်မောဂ္ဂလ္လာန်၊ သင်ကား တန်ခိုးအရာ၌ ဧတဒဂ်ရ ပုဂ္ဂိုလ်ဖြစ်ပါသည်။ သင်ကိုယ်တိုင်သွား၍ ယူပါလော”

ရှင်ပိဏ္ဍောလက ယင်းသို့ ပြန်ကြား ပြောဆိုသော်လည်း ရှင်မောဂ္ဂလ္လာန်ကား ရှင်ပိဏ္ဍောလကိုသာ ထပ်မံ တိုက်တွန်း၍ နေ၏။ ရှင်ပိဏ္ဍောလသည် မငြင်းသာတော့သဖြင့် အဘိညာဉ်စျာန်ကိုဝင်စား၍ အလျားသုံးဂါဝုတ်၊ အနံသုံးဂါဝုတ် ရှိသော ကျောက်ဖြာကြီးကို ခြေမဖျားဖြင့် ညှပ်ယူပြီး ရာဇဂြိုဟ်မြို့ပေါ်၌ ဟင်္သာငှက်ပမာ ပျံ့ဝဲနေလေသည်။

မြို့သူမြို့သားတို့သည် ထိုကျောက်ဖျာကြီးကိုမြင်လျှင် အလွန်ထိတ်လန့်အံ့သြလျက် အမျိုးမျိုး ဝေဖန်ပြောဆိုကာ ပြေးလွှား လှုပ်ရှား၍နေကြ၏။ အချို့ကမူ မိမိတို့ခေါင်းပေါ်သို့ ကျောက်ဖျာကြီးကျလာမည်စိုးသဖြင့် အိမ်အောက်သို့ငုံး၊ နီးရာသစ်ပင်ရင်းသို့ငုံး ဝင်ရောက်ပုန်းအောင်း၍ နေကြ၏။ ခေါင်းပေါ်၌ ဗန်းစကောစသည်ဆောင်း၍ သွားလာနေသူများလည်း မရှားလှချေ။

ရှင်ပိဏ္ဍောလသည် မြို့ပေါ်၌ ခုနစ်ပတ် ပျံ့ဝဲပြီးနောက် ကျောက်ဖျာကိုဖောက်ခွဲ၍ မိမိကိုယ်ကိုထင်ရှားပြလေသည်။ မြို့သူမြို့သားများလည်း ရှင်ပိဏ္ဍောလကို မြင်လျှင် “အရှင်ဘုရား ကျောက်ဖျာကြီးကို မြဲမြဲညှပ်ထားတော်မူပါ။ တပည့်တော်တို့ ခေါင်းပေါ်မကျပါစေနှင့်” ဟူ၍ အော်ဟစ် တောင်းပန်ကြ၏။

ထိုအခါရှင်ပိဏ္ဍောလသည် ကျောက်ဖျာကို မူလနေရာ၌ ပြန်လည်ချထားပြီး သူဌေးကြီး၏ အိမ်ထက်၌ ထန်းခုနစ်ဆင့်မြင့်

သော ကောင်းကင်ပြင်တွင် ရပ်တန့်နေလေသည်။ ထို့နောက် သူဌေးကြီး၏ တောင်းပန်ပင့်ဖိတ်ချက်အရ ကောင်းကင်မှဆင်း သက်၍ သပိတ်ကို အလှူခံပြီး ကျောင်းတော်သို့ ပြန်ကြွခဲ့လေ သည်။

ရှင်ပိဏ္ဍောလ ကန့်ခိုးပြသည့် သတင်းမှာ တခဏခြင်းပျံ့နှံ့ သွားရာ ထိုတန်ခိုးကို မမြင်လိုက်ရသည့် ရဟန်းရှင်လူတို့သည် ရှင်ပိဏ္ဍောလထံ စုဝေးရောက်ရှိလာကြပြီး ထပ်မံပြသရန်တောင်း ပန်ကြ၏။ ဝေဠုဝန်ကျောင်းတော်၌ လူစုလူဝေးကြီးဖြစ်လျက် ဆူဆူညံညံ အသံများကို ကြားတော်မူသဖြင့် ဗုဒ္ဓရှင်တော်မြတ် သည် ရှင်အာနန္ဒာအား အကျိုးအကြောင်းကို မေးမြန်းတော်မူ လေ၏။

ရှင်အာနန္ဒာ၏ လျှောက်တင်ချက်အရ အကျိုးအကြောင်း ကို ကြားသိတော်မူလျှင် ဗုဒ္ဓသည် ရှင်ပိဏ္ဍောလအား ခေါ်၍ မေးမြန်းတော်မူလေ၏။

"ချစ်သား ပိဏ္ဍောလ...၊ သင်သည် ရာဇဂြိုဟ်သူဌေး၏ စန္ဒ ကူးသပိတ်ကို တန်ခိုးဖြင့် ယူဆောင်ခဲ့သည်ဆိုခြင်းမှာ မှန်ပါ သလော"

"မှန်ပါသည်ဘုရား"

"ချစ်သား ပိဏ္ဍောလ၊ သင်သည် ဘာမျှ အဘိုးမတန်သည့် သပိတ်တလုံးအတွက် လျှို့ဝှက်အပ်သော တန်ခိုး အာနုဘော် ကို အဘယ့်ကြောင့် ပြဘိသနည်း"

ဗုဒ္ဓသည် ရှင်ပိဏ္ဍောလအား များစွာအပြစ်ဆို၍ စန္ဒကူး သပိတ်ကို အပိုင်းပိုင်းခွဲစိတ်စေပြီး မျက်စဉ်းမှုန့်အဖြစ် အသုံးပြု ရန်ရဟန်းများအား ခွဲဝေပေးစေ၏။ "ရဟန်းများသည် တန်ခိုး

မပြုရ”ဟူသော ဝိနည်း ဥပဒေတရပ်ကိုလည်း ပညတ်တော်မူလိုက်လေ၏။

## တိတ္ထိတို့ အကွက်ကောင်းယူ

ရှင်ပိဏ္ဍောလကို အကြောင်းပြု၍ ဗုဒ္ဓက တန်ခိုးမပြုရ ဟူ၍ ရဟန်းတို့အား ပညတ်ချက် ထုတ်ပြန်လိုက်သည့် အကြောင်းကို တိတ္ထိတို့ကြားသိကြလျှင် “ငါတို့တော့ အကွက်ကောင်းဆိုက်ပြီ” ဟုယူဆ၍ ဝမ်းအသာကြီး သာသွားကြလေ၏။ ဗုဒ္ဓ၏ ပညတ်ချက်တရပ်ကို ရဟန်းများသည် အသက်ပင်သေစေကာမူ ကျူးလွန် ဖောက်ဖျက်ခြင်း ပြုလေ့မရှိကြောင်း တိတ္ထိတို့ ကောင်းစွာ သိရှိထားကြ၏။ ထို့ကြောင့်သူတို့သည် ရာဇဂြိုဟ်မြို့၌ လှည့်လည်၍ ဝါဒဖြန့် သတင်းလွှင့်ကြလေသည်။

“ရဟန်းဂေါတမဟာ ပညာရှိ ပုဂ္ဂိုလ်တပါးပါဘဲ။ ဒါပေမယ့် သူ့တပည့်တွေ မလိမ်မာလို့ ဥပဒေစည်းကမ်းတွေ ထုတ်ပြန်နေရရှာတယ်။ သူ့တပည့်တွေဟာ ဘာမဟုတ်တဲ့ သစ်သားသပိတ်ကလေး တလုံးအတွက်နဲ့ လျှို့ဝှက်အပ်တဲ့ တန်ခိုးဣဒ္ဓိပါဒ်ကို ထုတ်ပြခဲ့ကြတယ်။ ဒို့ကတော့ ဒီလိုဘာမဟုတ်တဲ့ ပစ္စည်းကလေး တခုအတွက်နဲ့တော့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာကို လူသိရှင်ကြား ထုတ်မပြနိုင်ဘူး။ တကယ်သတ္တိရှိရင် ရဟန်းဂေါတမနဲ့ဘဲ တေ့တေ့ဆိုင်ဆိုင် တန်ခိုးပြိုင်ချင်တယ်”

တိတ္ထိတို့က ကျယ်ကျယ်တမျိုး၊ တိုးတိုးတဖုံဖြင့် ထုတ်လွှင့်လိုက်သည့်သတင်းသည် ရာဇဂြိုဟ်ဘမြို့လုံး၌တောမီးပမာ လျင်မြန်စွာ ပျံ့နှံ့သွားလေသည်။ ထိုသတင်းထို တဆင့်စကားတဆင့်

နားဖြင့် ဗိမ္ဗိသာရမင်း ကြားလေသော် စိုးရိမ်မှုကြီးဖြစ်၍ ကျောင်းတော်သို့ ချက်ခြင်းသွားကာ ဗုဒ္ဓအား မေးလျှောက်လေ၏။

"ဗုဒ္ဓရှင်တော် မြတ်ဘုရား၊ ရဟန်းတို့အားတန်ခိုး မပြရဟု ပညတ်ချက် ထုတ်ပြန်တယ်ဆိုတာ မှန်ပါသလား"

"မှန်ပေတယ် မင်းမြတ်"

"ဒီပညတ်ချက်ဟာ တိတ္ထိတွေကို အားပေး အားမြှောက်ပြုသလိုဖြစ်နေပါတယ်။ ခု သူတို့က ဗုဒ္ဓနဲ့ တန်ခိုးပြိုင်မယ်လို့ ပြောနေကြပါပြီ။ အသို့ပြုပါအံ့နည်း"

"ဒီလိုဆိုရင် ငါဘုရားကိုယ်တိုင်ပင် တိတ္ထိတို့နဲ့တန်ခိုးပြိုင်တော်မူမည် ဒကာတော်မင်းမြတ်"

"မိမိထုတ်ပြန်တဲ့ ဥပဒေကို မိမိကိုယ်တိုင်က လိုက်နာစောင့်ထိန်းခြင်း မပြုပါက သင့်လျော်ပါမည်လား ဘုရား"

"မြတ်သောမင်းကြီး၊ သင်မင်းကြီး ဥယျာဉ်တော်မှ သရက်သီးများကို တခြားလူတို့ ခူးယူစားသောက်လျှင် သင်မည်သို့ပြုမည်နည်း"

"ရာဇဝတ် ဒဏ် ပြင်းထန်စွာ ပေးရပါလိမ့်မည် ဘုရား"

"ထိုသရက်သီးများကို သင်မင်းကြီးကိုယ်တိုင်မူ ခူးဆွတ်စားသုံးခွင့် ရှိပါသလား"

"စားသုံးခွင့် ရှိပါသည်ဘုရား၊ ဒကာတော်မှာ ဥယျာဉ်ပိုင်ရှင်ဖြစ်၍ အပြစ်မရှိပါ"

"မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် တိုင်းသူပြည်သားများအတွက်သာ ဥပဒေပညတ်ချက် ပြုထားဘိသကဲ့သို့ ငါဘုရားသည်လည်း တပည့်သားတော်ဖြစ်သော ရဟန်းများအတွက်သာ

တန်ခိုးမပြရမှာ ပညတ်ထားခြင်းဖြစ်ပေသည်။ ထို့ကြောင့်တိတ္ထိတို့ကို နှိမ်နင်းရန်အတွက် ငါဘုရားကိုယ်တိုင်ပင် တန်ခိုးပြာဋိဟာ ပြတော်မူမည်”

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားရသောအခါ ဗိမ္ဗိသာရမင်းကြီးသည် လွန်စွာဝမ်းမြောက်လျက် “မည်သည့်ဌာန၊ မည်သည့်နေ့ရက်၌ တန်ခိုးပြမည်ကို ထုတ်ဖော်မိန့်ကြားရန်” တောင်းပန်လျှောက်ထားပြန်၏။ ဗုဒ္ဓကလည်း—

“မြတ်သောမင်းကြီး၊ ငါဘုရားသည် ယနေ့မှစ၍ လေးလလွန်မြောက်၍ ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ တန်ခိုးပြာဋိဟာ ပြတော်မူမည်”ဟုထုတ်ဖော်မိန့်ကြားလေသည်။ မင်းကြီးသည် ထိုသတင်းကောင်းကို ယူဆောင်၍ နန်းတော်သို့ပြန်ခဲ့လေ၏။

“ဗုဒ္ဓကိုယ်တော်တိုင် တန်ခိုးပြမည်” ဟူသောသတင်းကို ကြားရသောအခါ တိတ္ထိတို့သည် တုန်လှုပ် ချောက်ချားသွားကြ၏။ ဗုဒ္ဓအား သူ့စကားနှင့်သူ ချည်တုပ်ပြီး တဘက်သတ် အနိုင်ယူမည်ဟု ကြံစည်ထားချက်မှာ မအောင်မြင်ရုံသာမက စန္ဒကူးသပိတ်တုန်းကထက်ပင် ပို၍ အရှက်ကွဲတော့မည်ဖြစ်ကြောင်းကိုတင်သိရှိသွားကြ၏။ သို့သော်လည်း တိတ္ထိတို့သည် မိမိတို့အခြေအနေကို လူတွေမရိပ်မိစေရန် အစွမ်းကုန် ဟန်ဆောင်၍ အသံကောင်း လွှင့်နေကြ၏။ “ရဟန်းဂေါတမကို အလစ်ပေးလို့မဖြစ်ဘူး၊ ထွက်ပြေးလိမ့်မယ်” ဟုဆိုကာ ဗုဒ္ဓရှင်တော်မြတ်ကြွရာသို့ နောက်မှ အမြဲလိုက်ပါနေကြ၏။

# ရာဇဂြိုဟ်မှ သာဝတ္ထိသို့

ဗုဒ္ဓ ရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်၌ ထိုက်တန်သလောက် သီတင်းသုံးနေထိုင်ပြီး ဝါဆိုချိန်နီးသောအခါ သာဝတ္ထိပြည်သို့ ကြွချီတော်မူခဲ့၏။ဗုဒ္ဓနောက်မှ ထက်ကြပ်မကွာ လိုက်နေကြသော တိတ္ထိတို့သည်လည်း သာဝတ္ထိပြည်အထိ လိုက်ပါလာကြ၏။ သာဝတ္ထိသို့ရောက်သောအခါ တိတ္ထိတို့သည် မိမိတို့၏ တပည့်ဒကာများအား လှူ ဆော်တိုက်တွန်း၍ တန်ခိုးပြရန်အတွက် မဏ္ဍပ်တဆောင်ကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်စေ၏။

ကောသလမင်းကြီးသည် ထိုအကြောင်းကိုကြားလျှင် ဇေတဝန်ကျောင်းတော်သို့ သွား၍ "ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ တိတ္ထိတို့သည် တန်ခိုးပြမည်ဟု မဏ္ဍပ်ဆောက်နေကြပါပြီ။ ဒကာတော်သည်လည်း ရှင်တော်မြတ်အတွက် မဏ္ဍပ်တဆောင် ဆောက်လုပ်လိုပါသည်။ ဘယ်နေရာမှာပင် ဆောက်ရပါမည်နည်း"ဟု မေးလျှောက်လေသည်။

"မြတ်သောမင်းကြီး၊ငါဘုရားအတွက် မဏ္ဍပ်ကိုသင်ဆောက်ရန်မလို၊ သိကြားမင်း ဆောက်ပေးလိမ့်မည်"

ထို့နောက်ဗုဒ္ဓက"ကဏ္ဍအမည်ရှိသော သရက်ပင်ရင်း၌တန်ခိုးပြာဋိဟာပြမည်"ဖြစ်ကြောင်းမိန့်ကြားလေရာကောသလမင်းကြီးသည် ဝမ်းမြောက်ဝမ်းသာဖြင့် နန်းတော်သို့ ပြန်သွားလေ၏။

"ဗုဒ္ဓသည် သရက်ပင်ရင်း၌တန်ခိုးပြမည်တဲ့"ဟူသောသတင်းကို တိတ္ထိတို့ကြားလျှင် မိမိတို့၏ တပည့်တပန်းများကိုခေါ်၍ သာဝတ္ထိပြည်အနီး ပတ်ဝန်းကျင်ရှိ သရက်ပင်များကို တပင်မျှမကျန်အောင် ခုတ်လှဲပစ်ကြလေသည်။

ဝါဆိုလပြည့်နေ့ရောက်သောအခါ ဗုဒ္ဓသည်မြို့တွင်းသို့ ဆွမ်းခံဝင်ရန်အလို့ငှာ ဇေတဝန်ကျောင်းတော်မှ နံနက်စောစောထွက်တော်မူခဲ့၏။ ထိုနေ့တွင်ပင် ကဏ္ဍအမည်ရှိသော မင်း၏ ဥယျာဉ်မှူးသည် အကိုင်းအရွက်များကြား၌ ဖုံးကွယ်၍ ကြွင်းကျန်နေသည့် တလုံးတည်းသော သရက်သီးမှည့်ကို ရရှိသဖြင့် ကောသလမင်းကြီးအား ဆက်သရန် ဥယျာဉ်မှ ထွက်ခဲ့လေ၏။ ကဏ္ဍသည် ဥယျာဉ်ဝ၌ပင် ဆွမ်းခံရာမှ ပြန်ကြွလာသည့် ဗုဒ္ဓရှင်တော်မြတ်အား တွေ့မြင်လျှင် ကြည်ညိုလှသောကြောင့် သရက်သီးကို ဆက်ကပ်လှူဒါန်းလေသည်။

ဗုဒ္ဓသည် သရက်သီးကို အလှူခံပြီး ထိုနေရာအနီး၌ပင် ထိုင်၍ ဘုန်းပေး သုံးဆောင်တော်မူ၏။ ဘုန်းပေးပြီးလျှင် သရက်စေ့ကိုကဏ္ဍအား ပေး၍ "ဤနေရာ၌ စိုက်လော့"ဟု မိန့်ကြားတော်မူ၏။ ကဏ္ဍလည်း ဗုဒ္ဓ မိန့်ကြားသည့်နေရာ၌ ယက်၍သရက်စေ့ကို စိုက်ပျိုးလေသည်။ ဗုဒ္ဓသည် ထိုစိုက်ပျိုးသည့်နေရာ၌ လက်ဆေးရည်ကို လောင်းချလိုက်၏။ သရက်စေ့သည် ချက်ခြင်း အညှောင့်ပေါက်၍ ပင်စည်နှင့်တကွ အကိုင်းအခက်များလည်း ထူးဆန်းစွာထွက်ပေါ်လာလေ၏။တခဏအတွင်း၌ပင် အတောင် ၅၀ မျှ မြင့်သည့် သရက်ပင်ကြီးအဖြစ်သို့ ရောက်၍ အသီးအပွင့်များလည်း ချက်ခြင်း သီးပွင့်လာကြလေသည်။ ဥယျာဉ်မှူးကဏ္ဍနှင့် တကွ ဗုဒ္ဓ၏ နောက်တော်မှ လိုက်ပါလာသည့် ရဟန်းတို့သည် သရက်သီးမှည့်များကို အလိုရှိတိုင်း စားသုံးကြရလေ၏။ ဥယျာဉ်မှူး ကဏ္ဍစိုက်ပျိုးသည့် အပင်ဖြစ်၍ ထိုသရက်ပင်သည် ကဏ္ဍသရက်ပင်ဟူ၍ပင် အမည်တွင်လေသည်။

မကြုံစဘူး ထူးဆန်းလှသော ထိုအခြင်းအရာကို တွေ့မြင်ရလျှင် ကဏ္ဍသည် ဝမ်းမြောက်ဝမ်းသာဖြင့်နန်းတော်သို့ အရောက်သွား၍ ကောသလမင်းကြီးအား လျှောက်တင်လေ၏။ မင်းကြီးသည် ကဏ္ဍသရက်ပင်ကို တိတ္ထိတို့ မဖျက်ဆီးစေရန် အစောင့်အရှောက်များကို စေလွှတ် စောင့်ရှောက်စေပြီး မြို့တွင်း၌လည်း "ဗုဒ္ဓရှင်တော်မြတ်သည် ကဏ္ဍသရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာပြတော်မူလိမ့်မည်။ မြို့သူမြို့သားများ ထွက်၍ ကြည့်ရှုကြလော" ဟူ၍ ကြေးကြော်ခြင်း ပြုစေ၏။ မြို့သူမြို့သားများသည် အလုအယက် ထွက်လာကြပြီး တန်ခိုးပြပွဲကိုကြည့်ရှုရန် သရက်ပင်အနီး၌ စုဝေးကြလေသည်။ ထိုသရက်ပင် အနီးဝယ် ရပ်ဝေးရပ်နီးမှ ရောက်လာကြသည့် လူထုပရိတ်သတ်ကြီးဖြင့် ပြည့်ကျပ်လျက် ရှိလေတော့သည်။

သရက်ပင်စောင့်သည့် မင်းချင်းလုလင်တို့သည်အပင်မှ ကြွေကျသည့် သရက်သီးမှည့်များကိုကောက်ယူစားသောက်၍ တိတ္ထိတို့ကိုမြင်လျှင် သရက်စေ့ဖတ်တို့ဖြင့် ပစ်ပေါက်ကြလေ၏။ "ဟယ်ရဟန်းပျက်တို့၊ သင်တို့ကား ရဟန်းဂေါတမနှင့် တန်ခိုးပြိုင်မည်ဟု ကြုံးဝါးနေကြသော်လည်း အထူးအဆန်း တစုံတခုကိုမျှ ပြုလုပ်၍ မပြနိုင်ခဲ့ကြ။ မြို့တွင်းမြို့ပြင်ရှိ သရက်ပင်များကိုသာ အကျိုးမဲ့ ဖျက်ဆီးပစ်ကြဘိ၏" ဟူ၍လည်း ဆဲဆိုကြိမ်းမောင်းကြလေသည်။ တိတ္ထိတို့ကား လူတွေ အထင်ကြီးစေရန် မဏ္ဍပ်ကြီးကို ဟီးနေအောင် ဆောက်လုပ်ထားကြသော်လည်း တစုံတခုကိုမျှ လက်တွေ့ မပြနိုင်ကြသဖြင့် မဏ္ဍပ်တွင်း၌သာ ခပ်ကုတ်ကုတ်နေကြရ ရှာလေသည်။

ထိုအချိန်၌ ရုတ်တရက် လေကြီးမိုးကြီး ပြင်းထန်စွာ ကျရောက်၍ လာရာ တိတ္ထိတို့၏ မဏ္ဍပ်ကြီးမှာ မရှုမလှပြိုကျပျက်စီးလေတော့သည်။ တိတ္ထိတို့သည် အားထားခိုကိုးစရာ လုံးဝမရှိတော့သဖြင့် မိုးထဲလေထဲ၌ တကွဲတပြားစီ ခြေဦးတည့်ရာသို့ထွက်ပြေးကြလေ၏။

သာဝတ္ထိပြည်သား လယ်သမားကြီး တဦးသည် လယ်ထွန်နေရာမှ "ယနေ့ မိမိဆရာတိတ္ထိတို့တန်ခိုးပြလိမ့်မည်" ဟူသောသတင်းကိုကြားသဖြင့် လယ်တောမှခပ်စောစော ပြန်လာခဲ့၏။ယင်းသို့ ပြန်လာစဉ် မြို့တွင်းမှ ထွက်ပြေးလာသည့် ပူရာဏကဿပအမည်ရှိသော တိတ္ထိဆရာကြီးနှင့် လမ်းတွင် တိုးမိနေလေ၏။ ထိုအခါ လယ်သမားကြီးက "အိုရှင်မြတ်၊ ဒီနေ့ အရှင်တို့တန်ခိုးပြိုင်ပွဲကြီး ပြုလုပ်မည်ဆို၍ ကြည့်ရှုရန်အတွက် လယ်တောမှတပည့်တော် စောစောပြန်လာပါသည်။ အရှင်ဘုရားကား ယခုဘယ်ကို ကြွဦးမလို့ပါနည်း" ဟုမေးလေသည်။ တိတ္ထိဆရာကြီးကား မိမိ၏ဖြစ်အင်ကို ပြန်လည်ရှင်းပြမနေနိုင်တော့ဘဲ လယ်သမားကြီးလက်ထဲ၌ အသင့်ပါလာသည့် အိုးတလုံးနှင့် ကြိုးတချောင်းကို တောင်းယူပြီး ဆက်လက်ထွက်ပြေးပြန်၏။ ထို့နောက်သူသည် မြစ်တခု၏ အနီးသို့ ဆိုက်ရောက်သွားရာ လယ်သမားထံမှ ရရှိခဲ့သည့် အိုးကို ကြိုးဖြင့် မိမိလည်ပင်း၌ ချည်၍ မြစ်ထဲသို့ခုန်ဆင်းလိုက်လေတော့သည်။

## ရေအစုံ မီးအစုံ

ကဏ္ဍ သရက်ပင်၏ အနီး ပတ်ဝန်းကျင်၌ကား မရေမတွက်နိုင်အောင် များပြားသည့် လူထုပရိသတ်ကြီး စုဝေးရောက်ရှိနေ

၏။ ပရိသတ်ကြီးသည် ဗုဒ္ဓရှင်တော်မြတ် တန်ခိုးပြမည့်အချိန်ကို စိတ်အားထက်သန်စွာ စောင့်စား မြှော်လင့်၍နေကြ၏။ တိတ္ထိတို့၏ မဏ္ဍပ်ကို ဝှေ့ရမ်းဖျက်ဆီးခဲ့သည့် လေကြီး မိုးကြီးကား ထိုပရိသတ်အား အနည်းငယ်မျှပင် နှောက်ယှက်ထိပါးခြင်းမပြုချေ။ ဤသို့ ထူးခြား ဆန်းကြယ်လှသည့် ဖြစ်ရပ်တို့ကို မျက်မှောက်ထင်ထင် မြင်တွေ့နေရပြီ ဖြစ်သောကြောင့်လည်း လူထုပရိသတ်ကြီး၏ စိတ်ဓာတ်မှာပို၍ ထက်သန်တက်ကြွနေခြင်းဖြစ်၏။ အမှန်အားဖြင့် ဗုဒ္ဓနှင့် တိတ္ထိတို့တန်ခိုးပြိုင်ပွဲမှာ ပွဲမစမီကပင် အရှုံးအနိုင် ပေါ်ပြီးဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်ကား ထိုပရိသတ်ကြီး၏အလယ်၌ ရှည်လျားမြင့်မားသော ရတနာစင်္ကြံကြီးတခုကို ဖန်ဆင်း၍ ထား၏။ မိုးကောင်းသို့ ပြန့်တက်နေသည့် ရတနာစင်္ကြံကြီးမှာ အလျားအားဖြင့် လည်းစကြဝဠာ အစွန်းသို့ပင် ဆိုက်ရောက်၍နေတော့၏။

နေမွန်းတိမ်းခိုန်သို့ ရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်သည်ဂန္ဓကုဋိတိုက်ခန်းမှ ထွက်၍ကျောင်းတော်ဦး၌ ရပ်တန့်နေတော်မူ၏။ ထိုအခါ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန် စသည့် သာဝကကြီးများနှင့်တကွ တပည့်ရင်း ဒကာရင်းတို့သည် ဗုဒ္ဓထံပါးသို့ ချဉ်းကပ်လာကြ၏။

ထိုစဉ်တွင် သံဃ၊ဏီဒေမည်ရှိသော ဥပါသိကာမသည် ဗုဒ္ဓရှင်တော်မြတ်အား လက်အုပ်ချီကာ ဤသို့ လျှောက်တင်လေသည်။

"ဗုဒ္ဓရှင်တော်မြတ်ဘုရား....ဤပရိသတ်ကြီးအလယ်၌ တပည့်တော်မသည် တန်ခိုးပာဋိဟာရိယတခုကိုပြလိုပါသည်။ ခွင့်ပြုတော်မူပါ"

"ချစ်သမီး၊ မည်ကဲ့သို့သော တန်ခိုးပါဋိဟာရိယကို သင်ပြလို ပါသလဲ"

"တပည့်တော်မသည် ဤစကြဝဠာ ကမ္ဘာမြေကြီးတခု လုံးကို ရေထုဖြင့် ပြည့်ပါစေမည်။ ထို့နောက် မိမိကိုယ်ကို ရေကြက်မအသွင်ဖန်ဆင်း၍ အရှေ့ဖက် စကြဝဠာ နခမ်း၌ ငုပ်ပြီး အနောက်ဖက်စကြဝဠာနခမ်း၌ ပေါ်ပါမည်။ အနောက် ဖက်စကြဝဠာနခမ်း၌ ငုပ်ပြီး အရှေ့ဖက် စကြဝဠာ နခမ်း၌ ပေါ်ပါမည်။ ဤသို့ပြုလုပ်ပါက ဗုဒ္ဓ၏တပည့်သာဝိကာမ တဦး သည်ပင် ဤမျှတန်ခိုးကြီးပေ၏။ ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင် ကား အဘယ်ဆိုဘွယ်ရာ ရှိတော့မည်နည်းဟူ၍ ချီးကျူးအံ့သြ ကြပါလိမ့်မည်ဘုရား"

"ချစ်သမီးဃရဏီ၊ သင်၏အစွမ်းကို ငါဘုရားသိ၏။သို့သော် လည်း ယနေ့ကား သင်၏အခွင့်အခါ မဟုတ်ပေ"

ဤသို့ ဗုဒ္ဓက ဃရဏီ၏လျှောက်တင်ချက်ကို ပယ်ရှားလိုက် သောအခါ စူဠအနာထပိဏ်သူဌေးက "မိမိသည် တဆယ့်နှစ်ယူ ဇနာပမာဏရှိသော ပြဟ္မာကြီး၏အသွင်ကို ဖန်ဆင်း၍ပြပါမည်" ဟူ၍ရင်း-

အသက်ခုနနှစ်ရွယ်မျှသာရှိသေးသည့် စိရမည်သောသာမဏေ မလေးက "မိမိသည် ဟသ်ာင်္ငှက်မအသွင် ဖန်ဆင်း၍ ဟိမဝန္တာ တောင်မြင့်မိုရ်တောင်၊ စကြဝဠာတောင်တို့ကို ကျော်လွှား ပျံ သန်း၍ ပြပါမည်"ဟူရင်း-

အသက် ခုနစ်နှစ်မျှသာ ရှိသေးသည့် နန္ဒသာမဏေလေး ကလည်း "မိမိသည် ဇမ္ဗူဒီပါကျွန်းထိပ်မှ စုံမှို့သပြေပင်ကြီးကို

ထမ်းယူလာပြီး ပရိသတ်များအား သပြေသီးများကို ခူးဆွတ် ဓချွချ၍ကျွေးပါမည်”ဟူ၍၎င်း အသီးအသီး လျှောက်တင်ကြ၏။

တန်ခိုးဣဒ္ဓိပါဒ်အရာ၌ ဧတဒဂ်ဘွဲ့ရသော ရှင်မောဂ္ဂလ္လာန်မထေရ်ကမူ “မြင်းမိုရ်တောင်ကို သွားကြား၌ ညှပ်၍ပြပါမည်” ဟူ၍၎င်း “ဖျာကဲ့သို့လိပ်ပြီး လက်ကြား၌ညှပ်၍ပြပါမည်” ဟူ၍၎င်း “မဟာပထဝီမြေကြီးကို ထက်အောက်ပြောင်းပြန်လှန်ပြီး ပရိသတ်အား မြေဩဇာများကို ထုတ်ယူကျွေးပါမည်” ဟူ၍၎င်း ဗုဒ္ဓအား လျှောက်တင်၏။

ဗုဒ္ဓရှင်တော်မြတ်သည် အဆိုပါ လျှောက်တင် ချက်များအားလုံးကို လက်မခံဘဲ ငြင်းဆန်ပယ်ရှားပြီး ကိုယ်တော်တိုင် တန်ခိုးပြာဋိဟာပြရန် ရတနာစင်္ကြံယက်သို့ တက်တော်မူလေသည်။ ထို့နောက် ကိုယ်တော်၏အထက်ပိုင်းမှ မီးတောက်မီးလျှံတို့ကို ထွက်စေပြီး အောက်ပိုင်းမှ ရေအယဉ်တို့ကို ထွက်စေ၏။ တဖန်အောက်ပိုင်းမှမီးလျှံ၊ အထက်ပိုင်းမှ ရေအယဉ်တို့ကို တပြိုင်နက်တည်း ထွက်စေပြန်၏။

ထို့အတူပင် ရှေ့မှမီး၊ နောက်မှရေ၊ နောက်မှမီး၊ ရှေ့မှရေ၊ လက်ျာဘက်မျက်စိမှမီး၊ လက်ဝဲဘက်မျက်စိမှရေ၊ လက်ဝဲဘက်မျက်စိမှမီး၊ လက်ျာဘက်မျက်စိမှ ရေစသည်ဖြင့် ရေမီးအစုံအစုံသောတန်ခိုးပြာဋိဟာတို့ကို ဆက်ကာဆက်ကာ ပြသတော်မူလေသည်။ လူထုပရိသတ်ကြီးကား ကောင်းချီး နှုမော် သာဓုခေါ်၍ မဆုံးအောင်ရှိတော့၏။

ယင်းသို့ တန်ခိုးပြသနေစဉ်အတွင်း တခါတရံ ရပ်နား၍ တရားဒေသနာဟောပြောခြင်းအမှုကိုလည်း ပြုလုပ်ဆောင်ရွက်

တော်မူ၏။ ထိုအခါတရံတွင်မူ နိမ္မိတရုပ်ပွားတော်တဆူကိုဖန်ဆင်း၍ ထိုနိမ္မိတရုပ်ပွားတော်နှင့် ခက်ခဲနက်နဲသော တရားဓမ္မဆိုင်ရာ အချက်အလက်များကို အမေးအဖြေ ပြုလုပ်၍ ရှင်းလင်းဟော ကြားတော်မူ၏။ ထိုဟောကြားချက်များကို ကြားနာရသဖြင့် သစ္စာလေးပါး အမှန်တရားကို သိမြင်သွားသူများလည်း အလွန် ပင် များပြားလှ၏။

## တာဝတိံသာတရားပွဲ

ဤသို့ တနေ့တာပတ်လုံး ထူးခြား ဆန်းကြယ်သော တန်ခိုး ပြာဋိဟာ အမျိုးမျိုးကိုပြသပြီးနောက် ဗုဒ္ဓ ရှင်တော်မြတ်သည် ညဦးယံအချိန်တွင် မြင်းမိုရ်တောင်ထိပ်ရှိတာဝတိံသာနတ်ပြည် သို့ကြွသွားတော်မူလေ၏။ တာဝတိံသာ နတ်ပြည်ကို အစ်းရ သောသိကြားမင်းသည် ဗုဒ္ဓအား ခရီးဦးကြိုပြုကာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသို့ ပင့်ဆောင်သွား၏။

တန်ခိုးပြပွဲကို ကြည့်ရှုနေကြသော လူထု ပရိသတ်ကြီးကား ဗုဒ္ဓရှင်တော်မြတ် ရုတ်တရက် ပျောက်ကွယ်သွားသည်ကို တွေ့ရှိ ရသောကြောင့် ရှင်အနုရုဒ္ဓါမထေရ်ထံ ချဉ်းကပ်၍ "အရှင် မြတ်ဘုရား ဗုဒ္ဓရှင်တော်မြတ်သည် ဘယ်အရပ်သို့ ကြွသွားပါ သနည်း" ဟု မေးလျှောက်ကြ၏၊ ရှင်အနုရုဒ္ဓါကလည်း "ဗုဒ္ဓ ရှင်တော်မြတ်သည် တာဝတိံသာ နတ်ပြည်သို့ ကြွသွား၏။ သုံးလပတ်လုံး နတ်တို့အား တရားဟောကြားပြီး သီတင်းကျွတ် လပြည့်နေ့တွင်မှ လူ့ပြည်ကို ပြန်ကြွလိမ့်မည်" ဟူ၍ မိန့်ကြား လေသည်။

ထိုအခါ တမြို့တရွာမှ လာသူများသည် "ဗုဒ္ဓရှင်တော်မြတ် လူ့ပြည်သို့ ပြန်ကြွလာသည့်တိုင်အောင် စောင့်ဆိုင်းနေမည်" ဟုဆိုကာ သာဝတ္ထိပြည်၌ပင် ယာယီတဲအိမ်များထိုး၍နေကြ၏။ အရေအတွက်အားဖြင့် များပြားလှသော ထိုလူထုပရိသတ်ကြီး အတွက် နေ့စဉ် စားသောက်ရေး ကိစ္စများကို အနာထပိဏ်၊ ဝိသာခါစသည့် သူဌေးသူကြွယ်များကတာဝန်ယူ၍ စီမံဆောင် ရွက်ပေးကြ၏။ ရှင်မောဂ္ဂလ္လာန်၊ ရှင်အနုရုဒ္ဓါ စသည့်ရဟန္တာ ကြီးများကလည်း ထိုပရိသတ်ကြီးအား နေ့စဉ် တရားဟောပြော ဆုံးမခြင်း ပြုကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ကြွလာ၍ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ သီတင်းသုံး နေကြောင်း သတင်းကို ကြားသိကြသောအခါ နတ်ပြည် ဗြဟ္မာ့ပြည်တို့မှ နတ်ဗြဟ္မာပေါင်း မြောက်များစွာတို့သည် ဗုဒ္ဓထံသို့လာရောက် ဖူးမျှော်ကြလေ၏။ ထိုနတ်ဗြဟ္မာအပေါင်းတို့တွင်ဗုဒ္ဓ၏မယ်တော် အဖြစ်မှစုတေ၍ တုသိတာနတ်ပြည်သို့ရောက်နေသည့် သန္တုသိတ နတ်သားလည်း တဦးအပါအဝင်ဖြစ်၏။

ဗုဒ္ဓသည် ထိုနတ်ဗြဟ္မာပရိသတ်အား နက်ခဲနက်နဲသော အဘိ ဓမ္မာတရားကို သုံးလပတ်လုံး အဆက်မပြတ် ဟောကြားတော် မူ၏။ ယင်းသို့ဟောကြားနေစဉ် လူ့ပြည်မှ အချိန်ကာလ အပိုင်း အခြားအရ ဆွမ်းခံချိန်ရောက်သည့်အခါ နိမ္မိတရုပ်ပွားတော် တဆူကို ဖန်ဆင်းထားခဲ့ပြီး ဗုဒ္ဓ ရှင်တော်မြတ်ကိုယ်တိုင်ကား ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။ နိမ္မိတရုပ်ပွားတော် သည် ဗုဒ္ဓကိုယ်စား တရားကို အစီအစဉ်မပျက် ဆက်လက်ဟော ကြားနေ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ဥတ္တကုရုကျွန်း၌ ဆွမ်းခံပြီး ဟိမဝန္တာတောသို့ ကြွ၍ ဆွမ်းဘုန်းပေးတော်မူ၏။ ထိုအချိန်တွင် ရှင်သာရိပုတ္တရာ မထေရ်သည် လူ့ပြည်မှ ကြွလာပြီး ဗုဒ္ဓရှင်တော်မြတ်အား ဝတ်ကြီးဝတ်ငယ်ပြုစုလေ့ရှိ၏။ ဗုဒ္ဓကလည်း နတ်ပြည်၌ မိမိဟောကြားခဲ့သည့် အဘိဓမ္မာတရားကို ရှင်သာရိပုတ္တရာအား အကျဉ်းချုပ်အားဖြင့် ပြန်၍ ဟောကြားလေ၏။ တဖန်ရှင်သာရိပုတ္တရာကလည်း လူ့ပြည်သို့ ပြန်ရောက်သည့်အခါ ဗုဒ္ဓ ဟောကြားလိုက်သည့် တရားအကျဉ်းချုပ်ကို မိမိဉာဏ်ဖြင့် ချဲ့ထွင်၍ တပည့်ဖြစ်သော ရဟန်းငါးရာတို့အား ဟောကြား ပို့ချပေးပြန်လေသည်။

ဤသို့သောနည်းဖြင့် ဗုဒ္ဓသည် ဝါတွင်းသုံးလပတ်လုံး နတ်ဗြဟ္မာတို့အားအဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ထိုအဘိဓမ္မာတရားကို ကြားနာရသဖြင့် ကုဋေပေါင်း များစွာသော နတ်ဗြဟ္မာတို့သည် အကျွတ်တရားကို ရကြကုန်၏။

သီတင်းကျွတ် လပြည့်နေ့ နီးသောအခါ သာဝတ္ထိပြည်၌စုဝေးရောက်ရှိနေကြသော လူထုပရိသတ်ကြီးသည်ရှင်မောဂ္ဂလ္လာန်ထံချဉ်းကပ်၍ "အရှင်ဘုရား ဗုဒ္ဓ ရှင်တော်မြတ်သည် မည်သည့်အချိန် မည်သည့်အရပ်၌ လူ့ပြည်သို့ ကြွဆင်းတော် မူပမည်နည်း" ဟူ၍မေးလျှောက်ကြလေ၏။ ထိုအခါ ရှင်မောဂ္ဂလ္လာန်သည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် တာဝတိံသာ နတ်ပြည်သို့ချက်ခြင်း ကြွသွားကာ ဗုဒ္ဓအား ထပ်မံမေးလျှောက်ပြန်၏။

"ချစ်သား မောဂ္ဂလ္လာန်၊ သင်၏နောင်တော်ဖြစ်သော သာရိပုတ္တရာမထေရ်သည် ဘယ်အရပ်၌ ဝါဆိုသနည်း"

"သက်ဿမြို့၌ဝါဆိုပါသည် ဘုရား"

"သို့ဖြစ်လျှင် ငါဘုရားသည်လည်း သီဘင်းကျွတ် လပြည့်နေ့တွင် သက်ဿမြို့၌ လူ့ပြည်သို့ ကြွဆင်းပေအံ့"

ဤသို့ မိန့်ကြားချက်ကို ကြားသိရလျှင် ရှင်မောဂ္ဂလ္လာန်သည် လူ့ပြည်သို့ ပြန်ဆင်းခဲ့ပြီး လူထုပရိသတ်ကြီးအား ထိုအကြောင်းကို ပြန်လည်မိန့်ကြားလေသည်။ ထိုအခါ လူထုပရိသတ်ကြီးသည် သီတင်းကျွတ် လပြည့်နေ့အမီ သက်ဿမြို့သို့ ရောက်ရှိရန်သာဝတ္ထိပြည်မှခရီးနှင်ခြင်းငှါ ထွက်ကြလေ၏။ရှင်မောဂ္ဂလ္လာန် ရှင်အနုရုဒ္ဓါ စသည့် ရဟန္တာ ကြီးများကလည်း ပရိသတ်အား ရှေ့ဆုံးမှ ဦးဆောင်ကာ လိုက်ပါလာကြ၏။ ဗုဒ္ဓရှင်တော်မြတ်နှင့် ထိုရဟန္တာကြီးများ၏ တန်ခိုးအာနုဘော်ကြောင့်လည်း လူထုပရိသတ်ကြီးသည် သက်ဿမြို့သို့ ချောချောမောမောဖြင့် အချိန်မှီ ဆိုက်ရောက်သွားလေသည်။

သီတင်းကျွတ် လပြည့်နေ့သို့ ရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်သည် သိကြားမင်းအား လူ့ပြည်သို့ ကြွဆင်းတော်မူမည့် အကြောင်းကို ထုတ်ဖော်မိန့်ကြားတော်မူ၏။သိကြားမင်းသည် မြင်းမိုရ်တောင်ထိတ်မှ သက်ဿမြို့သို့ ရွှေစောင်းတန်း၊ငွေစောင်းတန်း၊ ပတ္တမြားစောင်းကန်း ဟူသော စောင်းတန်းသုံးသွယ်ကိုဖန်ဆင်းလေ၏။ စောင်းတန်းသုံးသွယ်တို့တွင် လက်ျာဖက် ရွှေစောင်းတန်းမှနတ်တို့သည်ငင်း၊ လက်ဝဲဖက်ငွေစောင်းတန်းမှ ဗြဟ္မာတို့သည် ၎င်း လိုက်ပါလာကြ၏။ ဗုဒ္ဓရှင်တော်မြတ်ကား အလယ်၌တည်ရှိသော ပတ္တမြားစောင်းတန်းဖြင့် ကြွဆင်းတော်မူ၏။

ဤသို့ နတ်ပြဟ္မာများခြံရံ၍ စောင်းတန်းသုံးသွယ်ဖြင့် ဗုဒ္ဓရှင်တော်မြတ် ကြွဆင်း လာသည်ကိုသင်္ကဿမြို့မှ လူထုပရိသတ်ကြီးသည် အတိုင်းသား လှမ်းမြင်နေရ၏။ ထူးခြား ဆန်းကြယ်အံ့သြဘွယ်ကောင်းသော ဆိုအခြင်းရာကို မြင်တွေ့ကြရသဖြင့် များစွာသော လူတို့သည် ဘုရားအဖြစ်ကို မြှော်မှန်း တောင့်တကြလေသည်။ သင်္ကဿမြို့သို့ ဗုဒ္ဓဆိုက်ရောက်လာသောအခါ ရှင်သာရိပုတ္တရာအမှူးပြုသော ရဟန်းပရိသတ်၊ လူပရိတ်သတ်ကြီးကဗုဒ္ဓအားရှင်လန်းဝမ်းမြောက်စွာကြိုဆိုနေကြ၏။ ထို့နောက်ရှင်သာရိပုတ္တရာသည် ဗုဒ္ဓအား ဤသို့ ဆီးကြို လျှောက်ထားလေသည်။

"ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ယနေ့ ရှင်တော်မြတ်၏ဘုန်းတန်ခိုးကြက်သရေတို့ကို တွေ့မြင်ကြရသော လူအပေါင်းတို့သည် ရှင်တော်မြတ်အား ကြည်ညိုမြတ်နိုး၍မဆုံးအောင် ရှိကြပါသည်။ လူတိုင်းပင်ဘုရားအဖြစ်ကို တောင့်တ ကြပါသည်ဘုရား"

"ချစ်သား သာရိပုတ္တရာ၊ သင်၏စကားသည် မှန်လှပေ၏။ ချွန်ကို ပွားများ၍ ကာမဂုဏ်အာရုံများမှ လွတ်မြောက်ရာ၌ မွေ့လျော် ပျော်ပိုက်နေသည့် အရိယာသူတော်စင်တို့အား လူသားများကို မဆိုထားဘိ နတ်ပြဟ္မာများပင် ကြည်ညိုမြတ်နိုးကြပေသည်"

ဗုဒ္ဓရှင်တော်မြတ်သည် စုဝေး ရောက်ရှိနေသည့် လူထုပရိသတ်ကြီးအား တရားဒေသနာ အမျိုးမျိုးကို ဆက်လက်ဟောကြားတော်မူ၏။ တပည့်သာဝကအသီးအသီးတို့အားလည်း ယင်းတို့၏ အသိဉာဏ်နှင့် ထိုက်တန်သော မေးပြဿနာများကို မေးမြန်း ဖြေကြားခြင်းပြုစေ၏။ လက်ျာရံသာဝကကြီးဖြစ်သော

ရှင်သာရိပုတ္တရာကား ဗုဒ္ဓမှတပါး အခြားမည်သ[illegible] ဘပည့်သာ ဝကမျှ ဖြေဆိုခြင်း မပြုနိုင်သည့် ပြဿနာတရပ်ကို အကျယ် တဝင့်ရဲ့ဝံ့ပြတ်သားစွာ ဖြေဆိုခြင်း ပြုလေသည်။ ဤသည်ကို အကြောင်းပြု၍ ဗုဒ္ဓသည် ရှင်သာရိပုတ္တရာအား ပညာအရာ၌ "အမြတ်ဆုံးပုဂ္ဂိုလ်"ဟူသော တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးဂုဏ်ပြု တော်မူ၏။ ဤတရားပွဲ၌ သစ္စာလေးပါး အမှန်တရားကို သိမြင် သွားသူများမှာလည်း သိန်းသန်းမက များပြားလှပေတော့သည်။

[ဗုဒ္ဓဝင်၊ ဒေဝေါရောဟဏဝတ္ထု]



# ရဟန်း၊ သူကြွယ်

ဗုဒ္ဓရှင်တော်မြတ်လက်ထက်က သာဝတ္ထိပြည်မှ သူကြွယ်တယောက်သည် ဇနီးသည် ကွယ်လွန်သွားသဖြင့် လူဝတ်ကြောင်ဘဝကို စွန့်၍ သာသနာ့ဘောင်သို့ ဝင်ကာ ရဟန်းပြုလေ၏။ ထိုသူကြွယ်သည် ရဟန်းဘဝသို့ ရောက်လာသော်လည်း အခြားသော ရဟန်းများကဲ့သို့ သပိတ်တလုံး သုံးထည်သော သင်္ကန်းဖြင့် ပရိယတ် ပဋိပတ်တရားများကို ကျင့်ကြံအားထုတ်ခြင်း မပြု။ အချိန်ရှိသရွေ့ မိမိ၏ နေရေး ထိုင်ရေးနှင့် စားရေး သောက်ရေး ကိစ္စများကိုသာ ဂရုတစိုက် စီမံခန့်ခွဲလျက် သူကြွယ်ကြီးတဦးကဲ့သို့သာ ဆက်လက် နေထိုင်လေ၏။

အဆိုပါ ရဟန်းသူကြွယ်သည် မိမိနေရန် ကျောင်းကို တခမ်းတနား ဆောက်လုပ်ပြီး ထိုကျောင်းနှင့် တွဲ၍ မီးဖိုဆောင်နှင့် စတိုခန်းများကိုလည်း သီးသန့်ထားရှိ၏၊ စတိုခန်းတွင် ဆန်၊ ဆီ၊

ထောပတ် စသော ရိက္ခာများ အပြည့် သိုလှောင်ထားပြီး ကျေးကျွန်များအား စားကောင်း သောက်ဖွယ်တို့ကို နေ့စဉ် ချက်ပြုတ်စေ၍ ဇိမ်ကျကျ စားသောက်နေ၏။

သက်နန်းဆိုလျှင်လည်း နေ့ဝတ်တမျိုး၊ ညဝတ်တမျိုး ခွဲခြားထားရှိ၏။ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး စသော အသုံးအဆောင်များမှာလည်း အလဲလဲအလှယ်လှယ်ပင်။ ထိုသို့ အသုံးအဆောင် ပစ္စည်းများ ပေါများကြွယ်ဝခြင်းကို အကြောင်းပြု၍ ထိုရဟန်းကို "ဗဟုဘဏ္ဍိက"ဟု ခေါ်ကြ၏။

တနေ့သ၌ ဗုဒ္ဓအား ဖူးမြင်ရန် လာရောက်ကြသော အာဂန္တုရဟန်းတစုတို့သည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ လှည့်လည်ကြည့်ရှုကြစဉ် ထိုရဟန်းသူကြွယ်နေသည့်ကျောင်းအနီးသို့ ရောက်သွားကြ၏။ ထိုအချိန်တွင် ရဟန်းသူကြွယ်၏ အဝတ် သင်္ကန်းများနှင့် အိပ်ရာ ခေါင်းအုံး စသော ပစ္စည်း ပရိဘောဂများကို ကျောင်းပြင်သို့ ထုတ်၍ နေလှန်းထားခိုက်နှင့် ကြုံကြိုက်နေလေသည်။

"ငါ့ရှင်တို့၊ ဒါတွေဟာ ဘယ်သူ့ ပစ္စည်းတွေလဲ"

"ဗဟုဘဏ္ဍိကရဟန်းရဲ့ ပစ္စည်းတွေပါဘုရား"

ဤသို့သော အဖြေကို ကြားသိရသောအခါ အာဂန္တုရဟန်းတို့သည် ဗုဒ္ဓထံသို့ သွား၍ လျှောက်ထား တိုင်တန်းကြလေသည်။

"ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ဗဟုဘဏ္ဍိကဆိုတဲ့ ရဟန်းတပါးဟာ ပစ္စည်း ပရိဘောဂတွေ အမြောက်အမြားနဲ့ သူကြွယ်ကြီးတယောက်လို နေထိုင်သည်ကို တွေ့မြင်ခဲ့ရပါတယ်ဘုရား"

ထိုအခါ ဗုဒ္ဓသည် ဗဟုဘဏ္ဍိက ရဟန်းကို ခေါ်စေပြီး-

"ချစ်သားရဟန်း၊ အလိုရမက်နည်းပါးရန် ဟောကြားဆုံးမနေသည့် ငါဘုရားသာသနာတော်မှာနေပြီး ဘာ့ကြောင့် ပစ္စည်းပရိက္ခရာတွေ အများအပြား ထားရှိဘိသနည်း" ဟု မိန့်ကြားလေသည်။ ဗဟုဘဏ္ဍိကရဟန်းသည် ထိုမိန့်ကြားချက်ကို ကြားလျှင်ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် မိမိကိုယ်၌ ဝတ်ဆင်ထားသည့်အပေါ်ရုံသင်္ကန်းကို ချွတ်ကာ မြေကြီးပေါ်သို့ ပစ်ချလိုက်၏။ ထို့နောက် "တပည့်တော် ခုလို သင်္ကန်းတထည်ထဲနဲ့ဘဲ နေပါတော့မယ် ဘုရား" ဟု လျှောက်ကြားလေသည်။

ဤသို့ ရဟန်းပရိသတ် အလယ်၌ သင်္ကန်းတထည်တည်းဖြင့် အရှက်ကင်းမဲ့စွာ ထိုင်နေသော ဗဟုဘဏ္ဍိကရဟန်းကို ဗုဒ္ဓက ဆုံးမသော် မိန့်ကြားတော်မူပြန်၏။

"ချစ်သားရဟန်း၊ သင်ဟာ ရှေးတုန်းက တဆယ့်နှစ်နှစ်တိုင်တိုင် ဟိရိဩတ္တပ္ပတရားများကိုရှာဖွေလေ့လာနေခဲ့၏။ သို့ပါလျက်ပရိသတ်အလယ်မှာ ယခုလို အရှက်အကြောက် ကင်းမဲ့စွာနေခြင်းမှာ မသင့်လျော်ပေ"

ဗုဒ္ဓကဤသို့မိန့်ကြားလေသော် ရဟန်းများသည် ဗဟုဘဏ္ဍိကရဟန်း၏ အတိတ်ဘဝက ဟိရိဩတ္တပ္ပတရားများ ရှာဖွေလေ့လာခဲ့ပုံကို ဖော်ထုတ်ဟောကြားရန် ဗုဒ္ဓအား တောင်းပန်ကြ၏။ ယင်းတောင်းပန်ချက်အရ ဗုဒ္ဓသည် အောက်ပါ ဇာတ်လမ်းကို ထုတ်ဖော်ဟောကြားတော်မူလေသည်။

× × ×

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြု၏။ မင်းကြီး၏ မိဖုရားသည် မဟိံသနှင့် စန္ဒအမည်ရှိသော သား

နှစ်ယောက် ဖွားမြင်ပြီးနောက် ရုတ်တရက် ကွယ်လွန်သွားရာ မင်းကြီးသည် နောက်ထပ် မိဖုရားတယောက်ကို တင်မြှောက်ပြန်လေ၏။ ထိုမိဖုရားမှ သူရိယ အမည်ရှိသော သားတယောက် ထပ်မံရရှိပြန်၏။မင်းကြီးသည် အထွေးဆုံး သားတော်လေးသူရိယ အား အလွန်ချစ်မြတ်နိုးသောကြောင့် သူ့မိခင်အား "နှမတော် ကြိုက်ရာဆုတဆုကို တောင်းပါ၊ ငါပေးမည်"ဟုမိန့်ကြားလေ၏။ မိဖုရားကား ထိုဆုကို ချက်ခြင်းမယူသေးဘဲ သားတော်သူရိယ အရွယ်ရောက်သည့်အခါကျမှ သားတော်အား ထီးနန်းစည်းစိမ် လွှဲအပ်ရန် တောင်းဆိုလေသည်။ သားတော်ကြီး နှစ်ယောက် ရှိနေသည့်အတွက် သူရိယအားထီးနန်းမပေးနိုင်ကြောင်း မင်းကြီး က ငြင်းပယ်၏။ သို့သော်လည်း မိဖုရားက ထပ် တလဲလဲ တောင်း ဆိုနေသဖြင့် ကတိကို မဖျက်လိုသောကြောင့် နောက်ဆုံးတွင် မင်းကြီးက သဘောတူလိုက်ရလေသည်။

ထို့နောက် မင်းကြီးသည် သားတော်ကြီးနှစ်ပါး ဖြစ်သည့် မဟိံသနှင့် စန္ဒတို့ကို ခေါ်၍ အကျိုးအကြောင်းကို ရှင်းလင်း ပြောပြလေ၏။

"ချစ်သားတို့၊သင်တို့သည်နေပြည်တော်မှ အမြန်ဆုံးထွက်ခွာ၍ သင့်တော်သည့် အရပ်ဒေသတခုသို့သွားရောက်နေထိုင်ကြလော့"

သားတော်ကြီး နှစ်ပါးတို့သည် ခမည်းတော်၏ အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်၍ နေပြည်တော်မှ ထွက်ခွာရန် ပြင်ဆင်ကြ လေ၏။ ထိုအခါ သားတော်လေး သူရိယမင်းသားက မိမိလည်း နောင်တော်များနှင့်အတူ လိုက်ပါသွားလိုကြောင်း ခွင့်တောင်း လေ၏။ မိဖုရားကြီးသည် သားတော်အား အမျိုးမျိုးအဖုံဖုံ နားချ တားဆီးသော်လည်း မရသည့်အဆုံးတွင် ခွင့်ပြုလိုက်ရတော့၏။

မင်းသား သုံးယောက်တို့သည် နေပြည်တော်မှ ထွက်၍ ဟိမဝန္တာတောအတွင်းသို့ ဝင်ခဲ့ကြရာ ရေအိုင်ကြီးတခုအနီးသို့ ဆိုက်ရောက်သွားကြ၏။ ရေအိုင်အနီးရှိ သစ်ပင်တပင်အောက်၌ နားနေကြစဉ် မဟိံသမင်းသားက ညီတော် စန္ဒ မင်းသားအား သောက်ရေသွား၍ ခပ်ရန် စေလွှတ်လိုက်၏။

ရေခပ်ရန်အတွက် ရေအိုင်တွင်းသို့ ဆင်းသွားသော စန္ဒ မင်းသားကို ရေအိုင်စောင့်ဘီလူးက ဖမ်းဆီးထားလေ၏။ မဟိံသ မင်းသားသည် ညီတော်စန္ဒ ပြန်မလာသောကြောင့် သူရိယ မင်းသားကို ထပ်မံစေလွှတ်ပြန်၏။ သူရိယမင်းသားမှာလည်း အချိန်တန်၍ ပြန်မလာသောကြောင့် နောက်ဆုံးတွင် မဟိံသ မင်းသားကိုယ်တိုင် လိုက်သွားရတော့၏။

မဟိံသမင်းသားသည် ရေအိုင်သို့ ရောက်သောအခါ ရေထဲသို့ ရုတ်တရက် မဆင်းသေးဘဲ အခြေအနေကို လေ့လာစူးစမ်း၍နေ၏။ ရေထဲသို့ဆင်းသည့် ခြေရာများသာ ရှိပြီး ပြန်တက်သည့် ခြေရာကို မတွေ့ရသောကြောင့် "ဒီအိုင်ဟာ ဘီလူးစောင့်တဲ့ အိုင်ဖြစ်မှာဘဲ" ဟု စဉ်းစားသုံးသပ်မိလေ၏။

ဤသို့ မဟိံသမင်းသားသည် ရေအိုင်ထဲသို့ ရုတ်တရက် မဆင်းဘဲနေသည်ကို ရေအိုင်စောင့်ဘီလူး မြင်လျှင် ခရီးသွား ယောကျ်ားတယောက် အသွင်ဖြင့်လာ၍ မဟိံသမင်းသားအား ဤသို့ ပြောဆိုတိုက်တွန်းလေသည်။

"အို မိတ်ဆွေ၊ ခရီးပန်းလာသလား၊ ခရီးပန်းလာရင်ရေအိုင် ထဲကိုဆင်းပြီး ရေချိုးပါလား၊ ဒီအိုင်ကရေဟာ အေးလဲအေး ကြည်လဲကြည်မို့ သောက်လို့လဲကောင်းပါတယ်"

မဟိံသမင်းသားကား စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသူဖြစ်၍ မိမိအားဤသို့လာ၍ ပြောဆိုတိုက်တွန်းသူမှာ ရေအိုင်စောင့်ဘီလူးပင်ဖြစ်ရမည်ဟု တထစ်ချမှတ်ယူလိုက်၏။ထို့ကြောင့် "သင်ဟာငါ့ညီနှစ်ယောက်ကို ဖမ်းထားတဲ့ ရေအိုင်စောင့်ဘီလူး မဟုတ်လား" ဟူ၍ ဖော်ထုတ်မေးမြန်းလိုက်ရာ ဘီလူးကလည်း ဟုတ်မှန်ကြောင်း ဝန်ခံရလေသည်။ ထို့နောက်မဟိံသမင်းသားက မိမိ၏ညီနှစ်ယောက်အား ဖမ်းဆီးထားခြင်း အကြောင်းကို ဆက်လက် မေးမြန်း ပြန်၏။

"အဆွေဘီလူး၊ ကျွန်ုပ်ရဲ့ ညီနှစ်ယောက်ကို သင်ဘာ့ကြောင့် ဖမ်းထားပါသလဲ"

"အဆွေမင်းသား၊ ဒီအိုင်ထဲဆင်းလာသူတွေထဲက ဒေဝဓမ္မ ဆိုတာ ဘာလဲလို့ မသိတဲ့လူတွေကို ကျွန်ုပ် ဖမ်းပိုင်ခွင့် ရရှိထားပါတယ်။ ဒါ့ကြောင့် သင့်ညီနှစ်ယောက်ကို ကျွန်ုပ် ဖမ်းထားခြင်းဖြစ်ပါတယ်"

"အဆွေဘီလူး၊ ဒေဝဓမ္မကို သိချင်သလား"

"သိချင်ပါတယ် မင်းသား"

"သိချင်ရင် သင့်အား ဒေဝဓမ္မကို ကျွန်ုပ် ဟောပါမည်။ တရားဟောရန် နေရာထိုင်ခင်းကိုသာ ပြင်ဆင်ပေးပါလော့"

ထိုအခါ ရေအိုင်စောင့်ဘီလူးသည် မဟိံသမင်းသားအား ရေချိုး၊ အဝတ်အစားလဲစေပြီး တရားဟောရန် နေရာထိုင်ခင်း ကိုလည်း ကောင်းမွန်စွာ ပြင်ဆင်ပေးလေ၏။ မဟိံသမင်းသား သည် ခင်းထားသည့်နေရာ၌ထိုင်၍ "ဒေဝဓမ္မဟူသည် မကောင်း သောအမှုကိုပြုလုပ်ရန် ရှက်ခြင်း၊ ကြောက်ခြင်း (ဟိရိ၊ဩတ္တပ္ပ) တရား နှစ်ပါးသင်ဖြစ်ကြောင်း။ ယင်းတရားနှစ်ပါးနှင့် ပြည့်စုံ

သူများကိုသာ သူတော်ကောင်းဟူ၍ ခေါ်ကြောင်း” ရှင်းလင်းပြောကြားလေသည်။

ရေအိုင်စောင့်ဘီလူးသည် မဟိံသမင်းသား၏ ပြောကြားချက်ကို ကြားနာရလေသော် အလွန်နှစ်သက်လှသဖြင့် “ပညာရှိသုခမိန်၊ သင်၏ညီနှစ်ယောက်အနက်မှ တယောက်ကို ကျွန်ုပ်လွှတ်ပေးပါမည်။ ဘယ်သူ့ကို သင်ယူမည်နည်း” ဟူ၍ မေးရာမင်းသားက “ညီငယ်သူရိယမင်းသားကို ယူမည်”ဟု ဖြေကြားလေသည်။

“ပညာရှိသုခမိန်၊ သင်သည် ဒေဝဓမ္မတရားများကို သိရုံသာသိ၏။ ထိုတရားများအတိုင်း ကျင့်ကြံခြင်းကား မပြု”

“ဘာ့ကြောင့် သင် ဒီလို ပြောသလဲ ဘီလူး”

“အကြီးကိုပစ်၍ အငယ်ကိုရွေးချယ်ခြင်းမှာ ကြီးသူကိုရိုသေလေးစားရမည်ဆိုတဲ့ ဆုံးမစကားနဲ့ ဆန့်ကျင်နေသောကြောင့် ဖြစ်ပါတယ်”

“အဆွေဘီလူး၊ နေပြည်တော်မှ ကျွန်ုပ် ထွက်ခဲ့ရခြင်းမှာ ညီငယ်ရဲ့ ထီးနန်းကိစ္စကြောင့် ဖြစ်ပါတယ်။ ညီငယ်ကို ဘီလူးဖမ်းထားတယ်လို့ပြောရင် ဘယ်သူကမှ မယုံဘဲ ကျွန်ုပ်ကိုဝိုင်းပြီးကဲ့ရဲ့ပြစ်တင်ကြပါလိမ့်မယ်။ ဒီလို ကဲ့ရဲ့ကြမှာကို ကြောက်တဲ့အတွက် ညီငယ်ကိုတောင်းဆိုခြင်း ဖြစ်ပေတယ်”

ဘီလူးသည် မင်းသား၏ ရှင်းလင်းချက်ကို နှစ်သက်လှသောကြောင့် “သင်သည် ဒေဝဓမ္မကိုသိလည်းသိ၏။ လက်တွေ့လည်းကျင့်သုံးပေ၏”ဟု ပြောလျက် ညီနှစ်ယောက်လုံးကို လွှတ်ပေးကိုက်လေ၏။

မဟိံသမင်းသားသည် ညီတော်နှစ်ပါးနှင့်အတူ တောထဲ၌ နှစ်ပေါင်းများစွာနေထိုင်ပြီး ဘခမည်းတော် နတ်ရွာစံသော အခါ ဗာရာဏသီပြည်သို့ပြန်၍ ထီးနန်းကိုသိမ်းပိုက်၏။ ညီတော် စန္ဒမင်းသားအား အိမ်ရှေ့မင်းအဖြစ်၎င်း၊ သူရိယမင်းသားအား စစ်သူကြီးအဖြစ်၎င်း ခန့်ထားချီးမြှောက်လေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဤအတိတ်ဇာတ်လမ်းကို ဆောင်ပြီး နောက် ဗဟုဘဏ္ဍိကရဟန်းကို ဆုံးမစကား ထပ်မံမိန့်ကြားတော် မူပြန်၏။

"ချစ်သားရဟန်း၊ သင်သည် ရေအိုင်စောင့် ဘီလူးဖြစ်စဉ်က ဟိရိဩတ္တပ္ပတရားများကို လေ့လာရှာဖွေနေခဲ့ပြီး ယခုဘဝတွင်မူ ပရိသတ်အလယ်၌ အရှက်အကြောက်ကင်းမဲ့စွာ ပြုမူခြင်းမှာ မသင့်လျော်ပေ။

ဗုဒ္ဓ၏ဆုံးမစကားကို ကြားနာရသောအခါ ဗဟုဘဏ္ဍိက ရဟန်းသည် မြေပေါ်သို့ပစ်ချထားသည့် အပေါ်ရုံ သင်္ကန်းကို ပြန်လည်ကောက်ယူ၍ ကောင်းစွာဝတ်ဆင်လေ၏။ ဟိရိဩတ္တပ္ပ တရားများကိုလည်း ရာသက်ပန်စောင့်ထိန်း၍ ရဟန်း တို့၏ ကျင့်ဝတ်သိက္ခာကို ကောင်းစွာကျင့်သုံးဆောက်တည် လေတော့ သည်။

[ဒေဝဓမ္မဇာတ်၊ ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု]

# နာဂမယ်နှင့် လုလင်ပျို

ကဿပဘုရားရှင် လက်ထက်က အကျင့်သီလနှင့် ပြည့်စုံသည့် ရဟန်းငယ်တပါး ရှိ၏။ တနေ့သ၌ ထိုရဟန်းငယ်သည် ဂင်္ဂါ မြစ်ကြောင်းခရီးဖြင့် လှေစီး၍ သွားစဉ် မြစ်ကမ်း၌ ပေါက် ရောက်နေသည့် ပြိတ်မြက်ချုံတခုကို လက်ဖြင့် အမှတ်တမဲ့ လှမ်း၍ ဆွဲကိုင်လိုက်မိ၏။ လှေမှာ အရှိန် ကောင်းကောင်းဖြင့် သွားနေဆဲ ဖြစ်၍ ပြိတ်မြက်ရွက်တခုသည် ပြတ်၍ ရဟန်း၏ လက်ထဲသို့ ပါလာလေ၏။ ရဟန်းတို့၏ ဝိနည်းဥပဒေတွင် စိမ်းစို သော သစ်ပင် သစ်ရွက်များကို ခုတ်ဖြတ် ဖျက်ဆီးခြင်း မပြုရ ဟူသော ပညတ်ချက်တခု ရှိ၏။

ထိုရဟန်းငယ်ကား ပြိတ်မြက်ရွက်ကလေး တရွက်ကို ဖြတ် လိုက်မိခြင်းမှာ မပြောပလောက်သော ပြစ်မှုကလေး တခုသာ ဖြစ်သည်ဟု ယူဆ၍ ထိုအပြစ်“အာပတ်”ကို ကုစားဖြေဖျောက်

ခြင်း မပြုဘဲနေ၏။ သို့သော်လည်း ထိုပြစ်မှုကလေး တခုမှ လွဲ၍ အခြား မည်သည့် ဝိစွန်းမှုမျှ မရှိအောင် အသက်ထက်ဆုံး ရဟန်းသီလကို စောင့်စည်း နေထိုင်သွားလေ၏။

သေခါနီး အချိန်တွင်ကား ထိုရဟန်း၏ စိတ်တွင် မသိုး မသန့် ဖြစ်လာ၏။ ဘဝဘလျှောက်လုံး ဖြူစင်စွာ စောင့်ထိန်းလာခဲ့သည့် သူ၏သီလတွင် ပြိတ်မြက်ရွက်တရွက်ကို ဖြတ်ခဲ့မိခြင်း ဟူသော အမဲစက်တကွက်က အထင်းသား ပေါ်လွင်၍ လာတော့၏။ အခြား ရဟန်း တပါးပါးထံ၌ မိမိအပြစ်ကို ထုတ်ဖော်ပြောကြား၍ ကုစားခြင်း ပြုလိုက်ပါက ပြေပျောက်သွားနိုင်သော အပြစ်လည်း ဖြစ်၏။ သို့သော် ထိုအချိန်တွင် အနီးအနား၌ အခြား ရဟန်းတပါးမျှ မရှိဘဲ ဖြစ်နေရာ စိတ် မသိုး မသန့်ဖြင့်သာ ကွယ်လွန်သွားရှာတော့၏။

ယင်းသို့ ကွယ်လွန်ပြီးနောက် မိမိ စိတ်စွဲလမ်းခဲ့သော ဂင်္ဂါမြစ်ထဲ၌ပင် 'ဧရကပတ္တ'အမည်ရှိသော နဂါးတကောင်အဖြစ်သို့ ရောက်ရှိလေ၏။ ထိုနဂါး၏ကိုယ်ကား လှေငယ်ပမာလာ ရှိ၏။ မိမိ အတိတ်ဘဝကို ပြန်၍ မြင်နိုင်သော တန်ခိုးနှင့်လည်း ပြည့်စုံ၏။

ထိုနဂါးသည် မိမိ၏ ကိုယ်ခန္ဓာကို ကြည့်ရှု၍ "ဘယ်ကဲ့သို့သော မကောင်းမှု အကုသိုလ်ကြောင့် ဤအဟိတ်တိရစ္ဆာန်ဘဝကို ရရှိသနည်း"ဟူ၍ပြန်လည်ဆင်ခြင်လေ၏။ထိုအခါ နှစ်ပေါင်းများစွာ ရဟန်းသိက္ခာကို စောင့်စည်းခဲ့ပါလျက် ပြိတ်မြက်ရွက်တခုကြောင့် ဘဝကူး လွဲခဲ့ရပုံကို တွေးတော စဉ်းစားလျက်များစွာ စိတ်မချမ်းမသာ ဖြစ်ရှာလေ၏။

ထိုနောက် သူသည် နောက်ဘုရားတဆူ ပွင့်တော်မူမှသာ နဂါးဘဝမှ လွတ်အောင်လုပ်ရန် လွယ်ကူမည် ဖြစ်ကြောင်း စဉ်းစားမိသောကြောင့် လူ့ပြည်၌ ဘုရားပွင့်သည့် သတင်းကို အမြဲစုံစမ်း နားစွင့်၍ နေ၏။

နောက်အဖို့၌ကား ဧရကပတ္တနဂါး၌ သမီးတယောက် ရရှိလာ၏။ ထိုအခါ နဂါးမင်းသည် သမီးချောကို ဘမ်းပြ၍ ဘုရားပွင့်သည့်သတင်းကို စုံစမ်းထောက်လှမ်းရန် အကြံ ရလေ၏။ ထို့ကြောင့် သူသည် သမီးပျို နဂါးမလေးအား ဓမ္မသီချင်း တပုဒ်ကို သင်ကြားပေး၏။ ထိုသီချင်းကား လျှို့ဝှက်သော တရားသဘောများဖြင့် ပဟေဠိဆန်ဆန် စပ်ဆိုထားသော သီချင်း ဖြစ်၏။ ဘုရားရှင်တို့၏ တရားကို နာကြားရသူများသာလျှင် ထိုသီချင်းကို အဓိပ္ပာယ်ဖော်နိုင်မည် ဖြစ်ပေသည်။

ထို့နောက် ဧရကပတ္တနဂါးမင်းသည် လပြည့်နေ့၊ လကွယ်နေ့တိုင်း ဂင်္ဂါမြစ်ရေပြင်၌ ကပွဲသဘင်တခုကို ဆင်ယင်ကျင်းပပေး၏။ ထိုကပွဲသဘင်များ၌ နဂါးမလေးသည် အလွန် လှပတင့်တယ်သော မိန်းမပျိုတဦးအသွင်ဖြင့် ပါဝင် ကပြရ၏။ ဘခင် သင်ကြားပေးထားသည့် ဓမ္မသီချင်းကိုလည်း သာယာချိုအေးသောအသံဖြင့် သီဆိုဖျော်ဖြေ၏။

နဂါးမကလေး၏ အလှဂုဏ်သတင်းကို ကြားသိကြရသဖြင့် ဂင်္ဂါမြစ် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများမှ လူတို့သည် ကပွဲသဘင်သို့ တစုတဝေး လာရောက်ကြည့်ရှုကြ၏။ ယင်းသို့ လာရောက်ကြည့်ရှုသူများတွင်လည်း လုလင်ပျိုများကား အများဆုံး ဖြစ်၏။

ဤသို့ဖြင့် အချိန်ကာလသည် တိစတစ ကုန်လွန်သွားရာ ဗုဒ္ဓရှင်တော်မြတ် ပွင့်သည့်အချိန်သို့ ဆိုက်ရောက်လာ၏။ ထိုအချိန်တွင် ဗာရာဏသီမြို့မှ ဥတ္တရအမည်ရှိသော လုလင်ပျိုတယောက်သည် နဂါးမ၏ကပွဲသဘင်ကို ကြည့်ရှုလိုသဖြင့် အိမ်မှ ထွက်လာခဲ့ရာ လမ်းတွင် ဗုဒ္ဓရှင်တော်မြတ်နှင့် တွေ့ဆုံလေ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ဥတ္တရလုလင်အား ခေါ်၍ တရားဟောပြီး နဂါးမ သီဆိုသည့် သီချင်း၏ အဓိပ္ပာယ်ကို ဖော်ပေးသည့် သီချင်းတပုဒ်ကို သင်ကြားပေးလိုက်၏။ ဥတ္တရလုလင်သည် ထိုသီချင်းကို သင်ယူခဲ့ပြီး ကပွဲသဘင်သို့ ဆောလျင်စွာ ထွက်ခွာခဲ့၏။ ပွဲခင်းသို့ ရောက်၍ နဂါးမလေးက ဓမ္မသီချင်းကို သီဆိုသောအခါ ဥတ္တရလုလင်ကလည်း ပရိသတ်ထဲမှ ထ၍ ဗုဒ္ဓ သင်ကြားပေးလိုက်သည့် သီချင်းကို တုံ့ပြန် သီဆိုလေသည်။

ဥတ္တရ၏သီချင်းကို ကြားလျှင် ဧရကပတ္တ နဂါးမင်းသည် လူ့ပြည်၌ ဘုရားပွင့်နေပြီဖြစ်ကြောင်း ကောင်းစွာ သိရှိလေတော့၏။ ထို့ကြောင့် မိမိကိုယ်ကို လူသားအသွင် ဖန်ဆင်း၍ ဥတ္တရလုလင်ထံသို့ ချဉ်းကပ်ကာ မေးမြန်းစုံစမ်းလေ၏။

"အို လုလင်၊ ယခု သင်၏ဆရာ ဗုဒ္ဓရှင်တော်မြတ်သည် ဘယ်မှာ သီတင်းသုံးပါသနည်း"

"မြို့ပြင်က ကုက္ကိုပင်ကြီး တပင်အောက်မှာ သီတင်းသုံးနေပါသည်"

ထိုစကားကို ကြားရလျှင် နဂါးမင်းသည် ဥတ္တရလုလင်ကို ခေါ်၍ ဗုဒ္ဓထံသို့ ချက်ခြင်း သွားလေ၏။ ဗုဒ္ဓထံသို့ ရောက်သည့်အခါ ဗုဒ္ဓအား ရှိခိုးကန်တော့၍ အလွန်ဝမ်းနည်း ကြေကွဲစွာဖြင့် ငိုကြွေးမြည်တမ်း၍ နေရှာလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က "အို နဂါးမင်း၊ အဘယ့်ကြောင့် ဝမ်းပန်းတနဲ ငိုကြွေးနေဘိသနည်း" ဟု မေးမြန်းရာ နဂါးမင်းက မိမိ၏ ခံစားချက်များကို ဤသို့ ဖွင့်ဟလျှောက်ထားလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ကဿပ ဘုရား၏ သာသနာ၌ နှစ်ပေါင်းများစွာ ရဟန်းတရားကို အားထုတ်ခဲ့ပါသည်။ သို့ပါသော်လည်း ပြိတ်မြက်ရွက်တရွက်ကို ဖြတ်ခဲ့မိသည့်အတွက် အဟိတ်တိရစ္ဆာန်ဖြစ်သော နဂါးဘဝသို့ ရောက်ခဲ့ရပါသည်။ နဂါးဘဝမှ လွတ်မြောက်လိုလှသဖြင့် ဗုဒ္ဓရှင်တော်မြတ်အား မြော်လင့်စောင့်စားခဲ့ရသည်မှာလည်း နှစ်ပေါင်းထောင်သောင်းမက ကြာမြင့်ခဲ့ပါပြီ။ ဤအကြောင်းများကြောင့် ဝမ်းသာဝမ်းနည်း ဖြစ်ကာ တပည့်တော် ငိုကြွေးမိခြင်း ဖြစ်ပါသည်ဘုရား"

ဤသို့ နဂါးမင်းက လျှောက်ကြားလေသော် ဗုဒ္ဓရှင်တော်မြတ်သည် နဂါးမင်း၏သောက ပရိဒေဝကို ပြေပျောက်စေနိုင်မည့် တရားဒေသနာတပုဒ်ကို ဟောကြားတော်မူ၏။

"နဂါးမင်း၊ လူ့ဘဝဟူသည် ရခဲဘိ၏။ လူ့ဘဝကို ရပြန်လျှင်လည်း အသက်ရှည်ရှည် နေရဘို့ရန် မလွယ်ကူ။ သူတော်သူမြတ်တို့၏ အဆုံးအမ ဩဝါဒကိုလည်း အလွယ်တကူ ကြားနာခွင့် မရနိုင်။

"သစ္စာလေးပါး အမှန်တရားကို သိမြင်တော်မူကုန်သော ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာဘို့အရေးကား ဤလောက၌ အခက်ခဲဆုံးပင် ဖြစ်တော့၏"

တရားတော်၏အဆုံး၌ များစွာသော လူအပေါင်းတို့သည် မဂ်ဖိုလ်သို့ ဆိုက်ရောက်သွားကြလေ၏၊ ဧရကပတ္တနဂါးမင်းကား တိရစ္ဆာန်မျိုးဖြစ်သောကြောင့် မဂ်ဖိုလ်ကို မရရှာချေ။ သို့သော်လည်း ထိုနေ့မှစ၍ နဂါးအသွင်ကို စွန့်၍ လူလင် အသွင်ဖြင့် ပျော်ရွှင်ချမ်းသာစွာ နေနိုင်သည်အဖြစ်သို့ ရောက်ရှိသွားလေသည်၊ ဥတ္တရလုလင်မှာမူ ဗုဒ္ဓထံ၌ ဓမ္မသီချင်းကို သင်ယူစဉ်ကပင် သောတာပတ္တိဖိုလ်ကို ရရှိခဲ့ပြီး ဖြစ်ပေသည်။

[ဗုဒ္ဓဝဂ်၊ ဧရကပတ္တနာဂရာဇာဝတ္ထု။]



# တန်ဘိုးကြီးသော ထမင်းတနပ်

ရှေးအခါက ဗာရာဏသီပြည် သူဌေးကြီးတဦးတွင် ဂန္ဓအမည် ရှိသော သားတယောက်ရှိ၏။ သူဌေးကြီး ကွယ်လွန်သောအခါ သားဖြစ်သူ ဂန္ဓသည် ဖခင်အရိုက်အရာကို ဆက်ခံရလေ၏။ သူဌေး ကလေးဂန္ဓသည် ဘခင်စုဆောင်းထားခဲ့သည့် ကုဋေကုဋာပေါင်း များစွာသော ပစ္စည်းဥစ္စာတို့ကို ကြည့်၍ "ငါ့ဘခင်ဟာ ဒီပစ္စည်း တွေကို ကုန်အောင် သုံးမသွားနိုင်ရှာဘူး။ အခုငါ့လက်ထက်မှာ တော့ ကုန်အောင်သုံးသွားမည်" ဟူ၍ စဉ်းစားကြံစည်မိလေ သည်။

ဤသို့ကြံစည်ပြီးနောက် သူဌေးကလေးဂန္ဓသည် ငွေသိန်း ပေါင်းများစွာ အကုန်အကျခံ၍ ရေချိုးရုံကြီးတခုနှင့် ထမင်းစား မဏ္ဍပ်တဆောင်ကို ဆောက်လုပ်စေ၏။ ရေချိုးရုံ၌မွှေးကြိုင်သော နံ့သာရည်တို့ဖြင့် ရေချိုးပြီး မဏ္ဍပ်အလယ် ဘင့်ကျယ်ခမ်းနား

သောနေရာ၌ ထိုင်၍ ကြီးကျယ်သော ထမင်းစားပွဲကြီးကို နေ့စဉ်ကျင်းပ၏။ တနပ်စာအတွက် တဖထောင်မျှသော ငွေအသပြာတို့ဖြင့် ထမင်းဟင်းများကို စီမံချက်ပြုတ်စေ၏။ အနံ့ ရောအရသာပါကောင်းမွန်ချိုမြိန်လှသော ထမင်းဟင်းများကို ရွှေခွက်ငွေခွက်တို့ဖြင့်ထည့်၍ လှပတင့်တယ် နူနယ်ပျိုမျစ်သော ကချေသည်အမျိုးသမီးများက သူဌေးအား နေ့စဉ် ဆက်သကြရ၏။

ဗာရာဏသီ မြို့သူမြို့သားတို့သည် ဂန္ဓသူဌေး၏ ထမင်းစားပွဲကို တအံ့တဩငေးမော ကြည့်ရှုနေကြရ၏။ ထမင်းစားမဏ္ဍပ်သို့တကူးတက လာရောက်ကြည့်ရှုသည့် ပရိသတ်များ နေ့စဉ် စည်ကားလျက် ရှိလေသည်။ တနေ့သောအခါ တောရွာသားတယောက်သည် အရောင်းအဝယ်ကိစ္စဖြင့် မြို့ပေါ်သို့ရောက်ခိုက်တွင်ဂန္ဓသူဌေး၏ ထမင်းပွဲကို ဝင်ရောက်ကြည့်ရှုလေ၏။ ထိုတောသားသည် သူဌေး၏ ထမင်းပွဲကိုမြင်လျှင် စားချင်စိတ်များ ပြင်းပြစွာ ပေါ်ပေါက်လာသောကြောင့် သူဌေးထံ ချဉ်းကပ်၍ တောင်းပန် တိုးလျှိုးခြင်း ပြုလေ၏။

ထိုအခါ သူဌေးက သူ့အိမ်၌ သုံးနှစ်တိုင်အောင် အစေအပါးခံလျှင် သူစားသည့် ထမင်းမျိုး ကျွေးမည်ဟု ပြော၏။ တောသားသည် ဝမ်းမြောက်စွာဖြင့် ထိုနေ့မှစ၍ သူဌေးအိမ်၌ အစေအပါးခံ၍ အလုပ်ကိစ္စရှိသမျှကို မခိုမကပ် ပြုလုပ်ဆောင်ရွက်ပေးလေသည်။ ထမင်းအတွက် သူဌေးအိမ်၌ အစေအပါးခံနေခြင်းကို အကြောင်းပြု၍ ထိုတောရွာသားကို ဘတ္တဘတိက ဟူ၍ လူအများက ခေါ်တွင်ကြလေသည်။

သုံးနှစ် ပြည့်သောအခါ သူဌေးသည် ဘတ္တဘတိကအား သူစားသုံးသည့် ထမင်း ဟင်းများကို အခမ်းအနားဖြင့် ကျွေးမွေးရန်

စေခိုင်းညွှန်ကြားလေသည်။ဘတ္တဘတိကသည် သုံးနှစ်သုံးမိုးတိုင်အောင် ဆင်းရဲပင်ပန်းခံခဲ့ရသည်ကို အတိုးချ၍ စားမည်ဟူသော စိတ်ဇောဖြင့် မဏ္ဍပ်အလယ်၌ ထယ်ဝါခန့်ငြားစွာ ထိုင်လေ၏။

သူဌေး၏ ကျေးကျွန်များသည် အဖိုးများစွာ ထိုက်တန်သည့် ထမင်း ဟင်းလျာတို့ကို ရွှေခွက်ငွေခွက်တို့ဖြင့်ထည့်၍ ယူဆောင်လာကြ၏။ထိုအချိန်တွင်ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးသည် မဏ္ဍပ်အနီးသို့ ဘွားကနဲ ရောက်လာပြီး ဆွမ်းရပ်လေ၏။မိမိရှေ့မှောက်သို့ အဆင်သင့် ရောက်ရှိနေသည့် ထမင်းဟင်းများကို အားရပါးရ စားတော့မည် လုပ်နေသော ဘတ္တဘတိကသည် ထိုပစ္စေကဗုဒ္ဓါကိုရုတ်တရက် မြင်လိုက်ရသောအခါ ဤသို့စဉ်းစားမိလေ၏။

"ငါဟာ ရှေးဘဝက ကုသိုလ် အခြေခံနဲ့ခဲ့လို့ ခုဘဝမှာ ထမင်းတနပ်အတွက် သုံးနှစ်သုံးမိုး အစေအပါး ခံခဲ့ရတယ်။ နောက်ဘဝတွေမှာ ဒီလို ဆင်းရဲဒုက္ခမရောက်အောင် ဒီထမင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းလိုက်တော့မယ်"

ဤသို့စဉ်းစား ဆုံးဖြတ်ပြီးနောက် ဘတ္တဘတိကသည် ထမင်းအုပ်ကို ယူဆောင်သွားပြီး ပစ္စေက ဗုဒ္ဓါအရှင်မြတ်၏ သပိတ်၌ လောင်းလှူလေ၏။ ထို့နောက် အရှင်မြတ်အားရှိသေစွာ ရှိခိုးကန်တော့၍ "တပည့်တော်သည် ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်းဝယ် ချမ်းသာသုခနှင့် ပြည့်စုံ၍ အရှင်ဘုရားတို့သိမြင်အပ်သောတရားကို သိမြင်ရပါစေသား" ဟူ၍မြွက်ဆိုဆုတောင်းလေသည်။ပစ္စေက ဗုဒ္ဓါအရှင်မြတ်ကလည်း "သင်တောင်းသည့်အတိုင်း ပြည့်စုံစေသတည်း" ဟုမြွက်ဆိုဆုပေး၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာတောသို့ ပြန်ကြွလေ၏။

မြို့သူမြို့သားတို့သည် ဘတ္တဘတိက၏ ရက်ရောမှုကို တွေ့မြင်ရသောအခါ ကောင်းချီးသြဘာပေး၍ ချီးကျူးထောမနာပြုကြ၏။ ဂန္ဓသူဌေးသည်လည်း ထိုအကြောင်းကိုကြားလျှင် အလွန်နှစ်သက်လှသောကြောင့် ဘတ္တဘတိကအား မိမိ၏ စည်းစိမ်ကိုထက်ဝက်ခွဲ၍ ပေးလေသည်။

ထိုအချိန်မှစ၍ ဘတ္တဘတိကသည် ဂန္ဓသူဌေးနှင့်အတူချစ်ခင်စွာ နေထိုင်၍ သေလွန်သောအခါ နတ်ပြည်သို့ရောက်လေ၏။ ဗုဒ္ဓရှင်တော်မြတ်လက်ထက်၌ကား သူသည် သာဝတ္ထိပြည်ဝယ် ရှင်သာရိပုတ္တရာမထေရ်၏ ဒကာရင်းဖြစ်သော သူကြွယ်တဦး၏ အိမ်၌ ပဋိသန္ဓေနေလာ၏။ သူကြွယ်ကတော်ကြီးသည် ကိုယ်ဝန်ရှိလာသည့်အချိန်မှစ၍ ရှင်သာရိပုတ္တရာနှင့်တကွ ရဟန်းငါးရာတို့အား ဟင်းလျာအမျိုးမျိုးနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်များ ဆက်ကပ် လှူဒါန်းရန် အာသာဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လာ၏။ ထိုအကြောင်းကို သူကြွယ်ကြီးအား ထုတ်ဖော်ပြောကြားလေသော် သူကြွယ်ကြီးကလည်း ဇနီးသည်၏ အာသာဆန္ဒပြည့်ဝအောင် ချက်ခြင်း စီစဉ် ဆောင်ရွက် ပေးလေသည်။

သူကြွယ်ကတော်လည်း ကိုးလလွန် ဆယ်လမြောက်သော အခါ သားယောကျ်ားလေးတယောက်ကို ကောင်းမွန်စွာ မွေးဖွား၏။ ထိုကလေးမွေးဖွားသည့်အချိန်မှစ၍ သူကြွယ်အိမ်၌ အရာရာ အဆင်ပြေလျက် အိမ်သားတိုင်းပင် ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းများကို ခံစားကြရ၏။ ထို့ကြောင့် သားငယ်အား မောင်သုခ ဟု၍ အမည်ပေးကြလေသည်။

မောင်သုခ ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ရှင်သာရိပုတ္တရာထံ၌ ရှင်ပြုလိုကြောင်း မိဘနှစ်ပါးအား ပြောကြားခွင့်ပန်

သာမဏေရှင် သုခသည် သင်္ကန်းဝတ်ပြီးနောက် ရှစ်ရက်မြောက်သောနေ့၌ ရှင်သာရိပုတ္တရာနှင့်အတူ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံလိုက်သွား၏။ လမ်းတွင်လယ်ကွင်းများသို့ ရေသွင်းသည့် ဆည်မြောင်းများကို မြင်လျှင် ရှင်သုခသည် ဤသို့စဉ်းစားမိလေ၏။

"သက်မဲ့ဖြစ်သည့်ရေကို လိုရာသို့ သွယ်ယူ၍ အသုံးချနိုင်ဘိသကဲ့သို့ လူတို့၏ စိတ်ကိုလည်း ကောင်းသောအာရုံသို့ ဆွဲဆောင်၍ ရဟန်းတရားကို ကျင့်သုံးသင့်ပေသည်"

ထို့နောက် ရှင်သုခသည် ရှေ့သို့ ခရီးဆက်ပြန်သောအခါ မြှားတံများကို မီးကင်၍ ဖြောင့်တန်းအောင် လုပ်နေသည့် လေးမားများကို တွေ့မြင်ပြန်၏။ ထိုအခါ သာမဏေသည် "မြှားတံကို ဖြောင့်တန်းအောင် ပြုသကဲ့သို့ မိမိစိတ်ကိုလည်း ဖြောင့်မတ်တည်ငြိမ်အောင် ကြိုးစားအားထုတ်ရန်" စဉ်းစားမိပြန်၏။

ရှေ့သို့တဖန် ခရီးဆက်ပြန်သောအခါ ရှင်သုခသည် သစ်တုံးများကို ကြိုက်သလို ဖြတ်တောက်၍ လှည်းဘီး၊ လှည်းအိမ်သည့်ပစ္စည်းများ ပြုလုပ်နေသည့် လက်သမားများကို တွေ့မြင်ပြန်၏။ ထိုအခါသာမဏေသည် "သက်မဲ့ဖြစ်သော သစ်တုံးများကိုပင် လိုသလို ဖြတ်တောက် သုံးစွဲနိုင်၏။ ငါ့စိတ်ကိုလည်း ငါလိုသလို ဆွဲဆောင် ထိန်းချုပ်နိုင်ရမည်"ဟူ၍ တွေးတောစဉ်းစားမိပြန်၏။

ဤသို့စဉ်းစားပြီးနောက် သာမဏေရှင်သုခသည် ရှင်သာရိပုတ္တရာထံ၌ ခွင့်တောင်းပြီး တရားအားထုတ်ရန် ကျောင်းသို့ပြန်ခဲ့လေ၏။ ကျောင်းသို့ရောက်သောအခါ ကျောင်းတံခါးကိုပိတ်၍ တရားထိုင်လေ၏။

ထိုအချိန်တွင် ရဟန်းသံဃာများ အားလုံးလိုပင် ဆွမ်းခံကြွကုန်ပြီဖြစ်ကြ၍ ဇေတဝန်ကျောင်းတိုက်ကြီး တခုလုံး မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ သာမဏေ၏ တရားအားထုတ်မှုတွင် အနှောက်အယှက် တစုံတရာ မရှိစေရန်အတွက် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးနှင့်တကွ သိကြားမင်း ကိုယ်တိုင်လည်း လာရောက် စောင့်ရှောက်နေ၏။

ရှင်သာရိပုတ္တရာမထေရ်သည် သာမဏေအား ပြန်လွှတ်လိုက်ပြီးနောက် တပါးတည်းဆွမ်းခံကြွလေရာ ဒကာတဦးက ပင့်ဖိတ်၍ ကောင်းမွန်သော ဆွမ်းဘောဇဉ်များကို ဆက်ကပ် လှူဒါန်းလေသည်။ ထိုဒကာသည် မထေရ်အား အိမ်၌ပင် ဆွမ်းဘုဉ်းပေးစေပြီး သူ့သာမဏေအတွက် တပါးစာဆွမ်းကို မထေရ်၏သပိတ်၌ ထည့်ပေးလိုက်၏။

တပည့်သာမဏေကလေး ဆွမ်းစား မှီစေရန်အတွက် ဆွမ်းသပိတ်ပိုက်၍ ခပ်မြန်မြန် ပြန်ကြွလာသော ရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် မိမိ၏ ကျောင်းဆောင်ရှေ့သို့ ရောက်သောအခါ ကျောင်းရှေ့၌ မားမားမတ်မတ် ရပ်တန့်နေသော ဗုဒ္ဓရှင်တော်မြတ်နှင့် ရင်ဆိုင်တိုးလေတော့၏။ ထိုအခါ ကပည့်၏ဆွမ်းကိစ္စအတွက် အရေးကြီးသည်ကို အသာထား၍ သပိတ်ကိုချကာ ဗုဒ္ဓအားရှိခိုးဦးချရပြန်သည်။ ဗုဒ္ဓကား ရှင်သာရိပုတ္တရာအား အာလာပ သလ္လာပ စကားပြောကြားရုံသာ မဟုတ်ဘဲ နက်နဲသောဓမ္မပြဿနာများကိုပါ မေးမြန်းဆွေးနွေး နေလေ၏။ ထို့ကြောင့် အချိန်အတော်ကြာသွားရာ ရှင်သာရိပုတ္တရာမှာ စိတ်တထင့်ထင့် ဖြစ်၍နေ၏။

ကျောင်းခန်းကို ပိတ်၍ တရား အားထုတ်နေသော သုခ သာမဏေကား ခပ်စောစောအချိန်ကပင် အနာဂါမိ မဂ်ဉာဏ် အထိ ပေါက်ရောက်နေပြီးဖြစ်၏။ ဗုဒ္ဓနှင့်ရှင်သာရိပုတ္တရာ တို့၏ တရားဆွေးနွေးချက်များကို အထဲမှနေ၍ ကြားရသောအခါတွင်မူ ကိလေသာအညစ်အကြေးလုံးဝကင်းစင်သော ရဟန္တာအဖြစ်သို့ ချောမောစွာ ဆိုက်ရောက်သွားတော့၏။

ရှင်သာရိပုတ္တရာသည် ဗုဒ္ဓနှင့် စကားလက်စ ပြတ်လျှင်ပြတ်ချင်း ဆွမ်းသပိတ်ကိုပိုက်၍ ကျောင်းခန်းတွင်းသို့ ဝင်ကာ သာမဏေအား ပေးလေသည်။ သာမဏေဆွမ်းစားပြီး၍ မကြာမီမှာပင် နေပူကျဲကျဲအချိန်မှ ညနေစောင်းအချိန်သို့ ရုတ်တရက် ကူးပြောင်းသွားလေ၏။ ထိုအခြင်းအရာကို သတိပြုမိကြသော ရဟန်းတို့သည် အချင်းချင်း တအံ့တဩပြောဆိုကြ၏။ "ငါ့ရှင်တို့ ဒီနေ့ ဘယ်လိုလဲ၊ နေပူကျဲကျဲကနေပြီး ချက်ခြင်းဘဲ မိုးချုပ်သွားပါကလား၊ ပြီးတော့ သုခဆိုတဲ့ ကိုရင်ကလေး ဆွမ်းစားပြီးတာလဲ မကြာသေးဘူး"

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်ကြွလာ၍အကျိုးအကြောင်းကို မေးမြန်းရာ ရဟန်းများက မိမိတို့တအံ့တဩပြောဆိုနေကြပုံကို လျှောက်တင်ကြလေသည်။ယင်းသို့လျှောက်တင်သောအခါ ဗုဒ္ဓက "ရဟန်းတို့၊ ဘုန်းကံရှိသူများ တရားအားထုတ်နေသည့်အခါ နေနတ်သား၊ လနတ်သားတို့က နေနှင့်လတို့ကို ဆိုင်းငံ့ထားကြရ၏"ဟူ၍မိန့်မြွက်တော်မူ၏။ ထို့နောက် သုခသာမဏေ တရားထူးရခြင်းနှင့် ဆက်စပ်၍ အောက်ပါ တရားလင်္ကာတပုဒ်ကို ဟောကြားခဲ့ပေသည်။

"လယ်သမားတို့သည် ဆည်မြောင်းဖြင့် ရေကိုလိုရာသို့သွယ်ယူကြ၏။ လေးသမားတို့သည် မြှားတံကို မီးကင်၍ ဖြောင့်တန်းအောင်လုပ်ကြ၏။ လက်သမား တို့ကလည်း သစ်တုံးများကိုဖြတ်တောက်၍ လိုသလို အသုံးချကြ၏။ ထို့အတူပင် သူတော်ကောင်းများသည်လည်း မိမိစိတ်ကို ထိန်းချုပ်၍ တရားကိုကျင့်ကြပေကုန်၏"

[ဒဏ္ဍဝဂ်၊ သုခသာမဏေရဝတ္ထု]

# ရောဟိနီ မင်းသမီး

တရံရောအခါ ရှင်အနုရုဒ္ဓါမထေရ်သည် နောက်လိုက် ရဟန်း ငါးရာနှင့်အတူ ကပိလဝတ်ပြည်သို့ ကြွတော်မူခဲ့၏။ မထေရ်၏ ဆွေတော်မျိုးတော်တို့သည် မထေရ်ကြွရောက်လာသည့် သတင်း ကိုကြားလျှင် နိဂြောဓာရုံ ကျောင်းတော်သို့ စုဝေးရောက်ရှိလာ ကြ၏။

ရှင်အနုရုဒ္ဓါသည် မိမိထံလာရောက်၍ တွေ့ဆုံနှုတ်ဆက်ကြသူ များတွင် နှမရင်းဖြစ်သော ရောဟိနီ မင်းသမီးတယောက် မပါ ဝင်ဘဲ ဖြစ်နေသည်ကို သတိပြုမိလေသည်။ ထို့ကြောင့် "နှမ တော် ရောဟိနီကား ဘာ့ကြောင့် မလာသနည်း" ဟု ဆွေတော် မျိုးတော်များကို မေးမြန်း၏။

"အရှင်ဘုရား၊ နှမတော်ရောဟိနီမှာ ကိုယ်ရေပြား ရောဂါ စွဲကပ် နေသောကြောင့် မလာရဲဘဲဖြစ်နေပါသည်"

ဆွေတော်မျိုးတော်များက ဤသို့ လျှောက်ကြားသောအခါ ရှင်အနုရုဒ္ဓါသည် လုလင်ယောက်ကိုစေလွှတ်၍ရောဟိနီကိုအခေါ် ခိုင်းလိုက်၏။ ရောဟိနီသည် မနေသာတော့သဖြင့် မိမိကိုယ်ကို အဝတ်အစားများဖြင့် လုံခြုံအောင် ဝတ်ဆင် ဖုံးလွှမ်းကာ ကျောင်းတော်သို့ ရောက်ရှိလာ၏။

"ရောဟိနီ၊ အဘယ့်ကြောင့် သင် ငါ့ထံသို့ မလာဘဲနေသနည်း"

"ကိုယ်ရေပြားရောဂါ စွဲကပ်နေသောကြောင့်ပါ ဘုရား"

"သို့ဖြစ်လျှင် သင်သည် တခုသော ကုသိုလ်ကောင်းမှုကို ပြုလုပ်လေတော့"

"အဘယ်ကောင်းမှုကို ပြုရပါမည်နည်း ဘုရား"

"ဤနိဂြောဓာရုံကျောင်း၌ ရဟန်းများစွာ၏ ဆွမ်းစား စရပ် တဆောင်ကို ဆောက်လုပ်ပါလော"

ရောဟိနီသည် မောင်တော်ရဟန်း၏ ညွှန်ကြားချက်အတိုင်း မိမိလက်ဝတ်ရတနာတို့ကို ရောင်းချ၍ ရရှိသောငွေတသောင်းဖြင့် ဆွမ်းစားစရပ်ကို ဆောက်လုပ်၏။ စရပ်တွင် အမိုးအကာစသည်များပြုလုပ်နေစဉ်မှာပင် စရပ်တွင်း၌ တံမြက်လှည်းခြင်း၊ သောက်ရေအိုးတည်ခြင်းစသော ကိစ္စများကို သူမ ကိုယ်တိုင်နေ့စဉ်ဆောင်ရွက်ပြုလုပ်၏။ထိုအခါ သူမ၏ ကိုယ်မှရောဂါသည် တဖြည်းဖြည်း ညှိုးခြောက်လာလေသည်။

စရပ် ဆောက်လုပ်ပြီးစီးသော အချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည်လည်း ကပိလဝတ်ပြည်သို့ ကြွရောက်လာ၏။ ထို့ကြောင့် ရောဟိနီသည် ဗုဒ္ဓရှင်တော်မြတ်နှင့်တကွ ရဟန်းအပေါင်းအား မွန်မြတ်သော ဆွမ်းဘောဇဉ်ဖြင့် ဆက်ကပ်၍ စရပ် ရေစက်ချပွဲကို

ကျင်းပလေသည်။ သို့သော်လည်း သူမကိုယ်တိုင်ကား ရောဂါ ရှင်းရှင်းမပျောက်သေးသဖြင့် ဗုဒ္ဓရှေ့မှောက်သို့ မလာဘဲ အိမ်၌ပင် နေလေ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ရောဟိနီကို ခေါ်စေပြီး ဤသို့ မိန့်ကြားတော်မူ၏။

"ချစ်သမီးရောဟိနီ၊ သင်သည် မိမိ၏ စရပ်ကို ရေစက်ချ လှူဒါန်းရာသို့ အဘယ့်ကြောင့် မလာဘဲနေဘိသနည်း"

"ကိုယ်ရေပြားရောဂါ စွဲကပ်နေသောကြောင့်ပါ ဘုရား"

"ဒီရောဂါ ဘာ့ကြောင့် စွဲကပ်တယ် ဆိုတာကော သင် သိရဲ့လား"

"မသိပါဘုရား"

"သင်သည် တခုသောဘဝတွင် ဗာရာဏသီမင်း၏ မိဖုရား ဖြစ်ခဲ့၏။ ထိုအခါ မနာလိုဝန်တိုစိတ်ဖြင့် ကချေသည်မတယောက် ၏ အိပ်ရာပေါ်၌ခွေးလေးယားသီးမှုန့်တို့ကိုဖြန့်ကြဲခဲ့၏။ ထိုကချေ သည်မသည် တကိုယ်လုံး ယားယံ၍ အဖုအပိမ့်များ ထွက်ကာ ပြင်းထန်သောဝေဒနာကို ခံစားခဲ့ရ၏။ ထိုမကောင်းမှုကြောင့် သည်သင် ယခုဘဝ၌ ဤဝေဒနာကို ခံစားရခြင်း ဖြစ်ပေသည်"

ထိုနောက်ဗုဒ္ဓရှင်တော်မြတ်က ဆက်လက်၍"ဒေါသမာန်မာန စသည်တို့ကို ဖယ်ရှားမှသာလျှင် ဆင်းရဲဒုက္ခများမှ လွတ်မြောက် နိုင်မည် ဖြစ်ကြောင်း" ဟောကြား ဆုံးမတော်မူ၏။ တရား အဆုံး၌ ရောဟိနီသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။ သူမ၏ကိုယ်မှ ကိုယ်ရေပြားရောဂါမှာလည်း လုံးဝ ကင်းစင် သွားလေသည်။

[ကောဓဝဂ်၊ ရောဟိနီခတ္တိယကညာဝတ္ထု]

# ပျော က်သောသားအား ပြန်တွေ့ခြင်း

တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် သာကေတမြို့သို့ကြွရောက်၍ မြို့အနီးရှိအဥ္စနတောအုပ်၌ သီတင်းသုံးနေတော်မူသည်။ နောက်တနေ့နံနက်တွင် ဗုဒ္ဓသည်ရဟန်းငါးရာနှင့်အတူ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ မြို့တံခါးအနီးသို့ ရောက်သောအခါ မြို့တွင်းမှ ထွက်လာသည့် ပုဏ္ဏားအိုကြီးဘယောက်သည် ဗုဒ္ဓအား မြင်လျှင်မြင်ချင်း ခြေတော်အစုံကို လာရောက်ဖက်ကိုင်ပြီး ဝမ်းနည်းကြေကွဲသော အသံဖြင့် ဤသို့ လျှောက်တင်လေသည်။

"အိုချစ်သား၊ သင်သည် ကြာမြင့်စွာသော ကာလပတ်လုံး အဘယ်သို့ သွားနေဘိသနည်း။ သားသမီးတို့မည်သည် အိုမင်းမစွမ်းဖြစ်နေသော မိဘများကို လုပ်ကျွေးပြုစုရမည် မဟုတ်ပါလော။ အဘယ့်ကြောင့် မယ်တော် ခမည်းတော်တို့အား မျက်နှာ

မပြဘဲ နေဘိသနည်း။ ယခု မယ်တော်ကြီးနှင့် တွေ့ရန် အိမ်သို့ ကြွပါဦးလော"

ဗုဒ္ဓသည် ပုဏ္ဏားကြီးအား မည်သို့မျှ တုံ့ပြန် မိန့်ကြားခြင်း မပြုဘဲ သူပင့်ဆောင်ရာသို့သာ လိုက်ပါသွား၏။ အိမ်သို့ ရောက်လျှင် ရဟန်းများနှင့်အတူ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူသည်။ ထိုအခါပုဏ္ဏေးမကြီးကလည်း ဗုဒ္ဓ၏ ခြေတော်ရင်းသို့ ချဉ်းကပ်၍ ပုဏ္ဏားကြီးနည်းတူလိုက်လှဲ ကြေကွဲသော စကားများကို လျှောက်ထားပြန်၏။ ထို့နောက် သားသမီးများကိုပါ ခေါ်၍ "သားတို့သမီးတို့ရေ- မင်းတို့အကိုကြီး ပြန်လာပြီ။ လာကန်တော့ကြ"ဟု ပြောဆိုစေခိုင်းလေသည်။

ဤသို့လျှင် ပုဏ္ဏားကြီးနှင့် ဇနီးတို့သည် ဗုဒ္ဓအား ပျောက်ဆုံးနေသည့် သားရင်းကို ပြန်တွေ့ဘိသကဲ့သို့ ပြုမူပြောဆိုကြပြီး မွန်မြတ်သော ဆွမ်းဘောဇဉ်များကို ဆက်ကပ် လှူဒါန်းကြ၏။ မိမိတို့ အိမ်သို့သာ နေ့စဉ် ဆွမ်းခံကြွရန်လည်း လျှောက်ထားတောင်းပန်ကြ၏။ ထိုအခါ ဗုဒ္ဓက "ဒါယကာ ပုဏ္ဏားကြီး၊ ငါဘုရားသည် တဦးဘယောက်တည်းသောပုဂ္ဂိုလ်၏ ဆွမ်းကိုသာ အမြဲအလှူခံရန် မသင့်ပေ"ဟု မိန့်ကြားတော်မူ၏။ "သို့ဖြစ်လျှင် အခြားတပါးမှ ပင့်ဖိတ်မှုမရှိသည့်နေ့တိုင်း ကျွန်ုပ်တို့အိမ်သို့ကြွတော်မူပါလော"ဟု လျှောက်ထားပြန်ရာ ဗုဒ္ဓက လက်ခံတော်မူလေသည်။

ထိုနေ့မှစ၍ ဗုဒ္ဓရှင်တော်မြတ်သည် သာကေတမြို့၌ သီတင်းသုံးနေသမျှကာလပတ်လုံး ပင့်ဖိတ်သူမရှိသည့်နေ့တိုင်းပုဏ္ဏားကြီး၏အိမ်သို့သာဆွမ်းခံကြွတော်မူ၏။ ပင့်ဖိတ်သူရှိသည့်နေ့များတွင်မူ ထိုသူတို့၏ဆွမ်းကို လက်ခံပြီး ပုဏ္ဏားကြီးအားလည်း အကြောင်း

ကြားစေ၏။ ဤသို့လျှင် ဗုဒ္ဓအား သားရင်းဟူသော အမှတ်ဖြင့် နေ့စဉ်လို ဆွမ်းကပ်၍ တရားနာနေကြသော ပုဏ္ဏားကြီးနှင့် ဇနီးတို့သည် မကြာမီပင် အနာဂါမ် အရိယာအဖြစ်သို့ ဆိုက်ရောက်ကြလေသည်။

တနေ့သောအခါ တရားစရပ်၌ စုဝေးနေကြသော ရဟန်းတို့သည် ဗုဒ္ဓနှင့် ပုဏ္ဏားကြီး ဇနီးမောင်နှံတို့အကြောင်းကို ပြောဆိုနေကြ၏။

"ငါ့ရှင်တို့၊ ဤပုဏ္ဏားကြီးဇနီးမောင်နှံတို့သည် ဗုဒ္ဓရှင်တော်မြတ်အား သားအရင်းဟုဆိုကာ လုပ်ကျွေးပြုစုနေကြ၏။ ဗုဒ္ဓကလည်း သူတို့စကားကို လက်ခံနေ၏။ အကြောင်း မည်သို့ ရှိလေသနည်း"

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ် ကြွလာ၍ရဟန်းတို့၏ စကားကိုကြားလျှင် "ချစ်သားတို့ ဤပုဏ္ဏားကြီးသည် ငါဘုရား၏ ဘခင်အဖြစ် ဘဝငါးရာ၊ ဘထွေးအဖြစ် ဘဝငါးရာ၊ ဘကြီးအဖြစ် ဘဝငါးရာ ဖြစ်ခဲ့ဘူး၏။ပုဏ္ဏေးမကြီးသည်လည်း ငါဘုရား၏မိခင်အဖြစ် ဘဝငါးရာ၊ မိထွေးအဖြစ်ဘဝငါးရာ၊ မိကြီးအဖြစ် ဘဝငါးရာဖြစ်ခဲ့ဘူး၏။ထို့ကြောင့် ငါဘုရားအားသားရင်းကဲ့သို့ မှတ်ထင်နေကြခြင်းဖြစ်ပေသည်" ဟုမိန့်ကြားတော်မူလေသည်။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် သာကေတမြို့၌ပင် ဝါတွင်းသုံးလပတ်လုံး ဆက်လက်သီတင်းသုံးတော်မူ၏။ ပုဏ္ဏားကြီးနှင့်ပုဏ္ဏေးမကြီးတို့သည်လည်း ထိုဝါတွင်း သုံးလအတွင်း၌ပင် အရဟတ္တဖိုလ်တိုင်အောင် ဆိုက်ရောက်၍ ဘဝဇာတ် ချုပ်ငြိမ်းသွားကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ထိုသူနှစ်ဦးတို့အား သင့်ဂိုဟ်သည့်နေ့၌ ရဟန်းငါးရာနှင့်အတူ သူသာနိသို့ လိုက်ပါပို့ဆောင်တော်မူ၏။ ထို့နောက် "ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီး တို့သည် အဘယ်ဘုံရောက်ရှိကြပါသနည်း" ဟုရဟန်းတို့က မေးလျှောက်ကြသဖြင့် ဗုဒ္ဓက "သေခြင်းကင်းရာနိဗ္ဗာန်သို့ရောက်သွားကြပြီဖြစ်ကြောင်း" မိန့်ကြားတော်မူလေသည်။

[ကောဝေဝဂ်၊ ဗုဒ္ဓပိတုပြာပမ္မာဏဝတ္ထု]

# ဥပါဒါန်

ဗုဒ္ဓရှင်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် တိဿအမည်ရှိသော ရဟန်းပျိုတပါးသည် ဇနပုဒ်ကျောင်း၌ ဝါဆိုသည်ဖြစ်၍ ထူထဲသော ပိတ်စ တထည်ကို ဝါဆိုသင်္ကန်းအဖြစ် အလှူခံရရှိလေသည်။ ရှင်တိဿသည် ထိုပိတ်စကို ရုတ်တရက် သင်္ကန်းမချုပ်ဖြစ်သေးသဖြင့် မိမိ၏ အမဖြစ်သူထံ၌ အပ်နှံထား၏။

အမဖြစ်သူသည် "ဤပိတ်စကား ထူသဲ ကြမ်းတမ်းလှ၏။ ငါ့မောင်နှင့် မသင့်လျော်"ဟု ကြံကာ ပိတ်စကို ထက်သောဓားဖြင့် ခုတ်ဖြဉ်း၍ ထောင်းထုပြီး သေးသွယ်သော ချည်မျှင်များဖြစ်အောင် ပြုလုပ်၏။ ထို့နောက် ထိုချည်များကို ပြန်လည်ရက်လုပ်လိုက်သောအခါ ပါးလွှာနူးညံ့သော ပိတ်စတထည်ဖြစ်လာသည်။

သီတင်းဝါလ ကျွတ်သောအခါ ရှင်တိဿသည် အချုပ်အလုပ်ကျွမ်းကျင်သည့် ရဟန်းငယ် သာမဏေတို့ကို ဖိတ်ခေါ်ထားပြီး အမဖြစ်သူထံသို့သွား၍ မိမိပိတ်စကို ပြန်တောင်း၏။ အမဖြစ်သူက မိမိအသစ်ပြန်၍ ရက်လုပ်ထားသည့် ပိတ်စကို ထုတ်ပေးလျှင် ရှင်တိဿက "မိမိပိတ်စမဟုတ်"ဟုဆိုကာ လက်မခံဘဲနေ၏။ အမဖြစ်သူက "ပါးလွှာနူးညံ့သော ပိတ်စဖြစ်အောင် အသစ်ပြန်၍ ရက်လုပ်ထားပုံ"ကို ရှင်းလင်းပြောပြသောအခါတွင်မှု ရှင်တိဿသည် လွန်စွာ ကျေနပ်နှစ်သိမ့်လျက် ထိုပိတ်စကို ပြန်ယူခဲ့၏။

ထို့နောက် ရှင်တိဿသည် ရဟန်းငယ် သာမဏေတို့၏ အကူအညီဖြင့် သင်္ကန်းချုပ်လုပ်မှု ကိစ္စကို စတင် ဆောင်ရွက်လေသည်။ ယင်းသို့ ဆောင်ရွက်သည့်နေ့တွင် သင်္ကန်းချုပ်သော ရဟန်းများအတွက် ဆွမ်း, ကွမ်း, ဘောဇဉ်တို့ကို အမဖြစ်သူက ကျောင်းသို့ ပို့ဆောင်ပေး၏။

သင်္ကန်းချုပ်ပြီးသောအခါ ထိုသင်္ကန်းကိုကြည့်လျက် ကြီးစွာသောနှစ်သက်ကျေနပ်မှုဖြင့်'နက်ဖြန် ဒီသင်္ကန်းကိုငါဝတ်မည်' ဟုကြံ၍ ကောင်းမွန် သေသတ်စွာ ခေါက်သိမ်းထားလေသည်။

သို့သော်လည်း ရှင်တိဿကား အစာမကြေသည့် ရောဂါဖြင့် ထိုနေ့ညတွင် ရုတ်တရက် ပျံလွန်သွားလေ၏။ ရဟန်းတို့သည် သူ၏ ဆွေမျိုးများအား အကြောင်းကြားပြီး ရှင်တိဿ၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ခြင်း ပြုလိုက်ကြလေသည်။

ရှင်တိဿ၏ ကျန်ရစ်သော သင်္ကန်း ပရိက္ခရာ ပစ္စည်းများသည် ပိုင်ရှင်မဲ့ဖြစ်၍ သံဃာပိုင် (သံဃိက) ပစ္စည်း အဖြစ်သို့

ရောက်သွားကြသည်။ သို့ဖြစ်၍ ရဟန်းတို့သည် ထိုပစ္စည်းများကို ခွဲဝေရန် စုဆောင်းပြင်ဆင်နေကြသည်။ ထိုအချိန်တွင် အဝတ်သန်း တကောင်သည် အောင်ဟစ် မြည်တမ်းလျက် သင်္ကန်းသစ် ပေါ်၌ ထိုမှ ဤမှ ပြေးလွှားနေ၏။ ဂန္ဓကုဋိ ကျောင်းတိုက် အတွင်း၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓ ရှင်တော်မြတ်သည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုအသံကို ကြားသိတော်မူသည်။

ထိုအခါ ရှင်အာနန္ဒာကို ခေါ်၍– "ချစ်သား အာနန္ဒာ၊ ရဟန်းငယ်တိဿ၏သင်္ကန်းပရိက္ခရာတို့ကိုယခု ခွဲဝေခြင်း မပြုသေးဘဲ ခုနစ်ရက်ခန့် ဆိုင်းငံ့ထားဦးလော" ဟု မိန့်ကြားတော်မူသည်။ ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ မိန့်ကြားချက်ကို ရဟန်းများထံ သွားရောက် ပြောကြားလေသည်။ ရဟန်းများလည်း ပစ္စည်းခွဲဝေခြင်း အမှုကို ဆိုင်းငံ့ထားလိုက်ကြပြီး ခုနစ်ရက်မြောက် နေ့ တွင်မှသာ ဆက်လက် ပြုလုပ်ကြလေသည်။

တနေ့သ၌ တရားသဘင်၌ စုဝေးနေကြသော ရဟန်းတို့သည် ရဟန်းငယ် ရှင်တိဿ အကြောင်းကို ဆွေးနွေးပြောဆိုနေကြ၏။ "ငါ့ရှင်တို့ ဗုဒ္ဓရှင်တော်မြတ်သည် သင်္ကန်းပရိက္ခရာတို့ကို ခုနစ်ရက် ကျော်မှသာ ခွဲဝေခွင့်ပြုခဲ့သည်။ အကြောင်းမည်သို့ ရှိလေသနည်း"

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ် ကြွရောက်လာ၍ ရဟန်းတို့ အား အကြောင်းမှန်ကို ဖွင့်ဟ မိန့်ကြားတော်မူလေသည်။

"ချစ်သားတို့....။ ရဟန်းငယ်တိဿသည် သေခါနီးဆဲဆဲ၌ မိမိ၏ သင်္ကန်းသစ်ကို စွဲလမ်းနေခဲ့၏။ ထို့ကြောင့် သေလျှင် သေချင်း ထိုသင်္ကန်းကိုမှီ၍ အဝတ်သန်း ဘဝသို့ ရောက်ခဲ့၏။ သူ့ သင်္ကန်းကို ရဟန်းတို့က ခွဲဝေမည် ပြုသောအခါ 'ငါ့သင်္ကန်း၊

ငါ့သင်္ကန်း’ဟု အော်ဟစ်မြည်တမ်း၍ ထိုမှ ဤမှ ပြေးလွှားနေခဲ့၏။ ခုနစ်ရက် ပြည့်မြောက်သည့် နေ့၌ကား သန်းဘာဝမှ စုတေ၍ တုသိတာ နတ်ပြည်သို့ ဆိုက်ရောက်ခဲ့လေပြီ။ ထို့ကြောင့် ပစ္စည်းများ ခွဲဝေခြင်းကို ငါဘုရား ဆိုင်းငံ့စေခဲ့ခြင်း ဖြစ်ပေသည်”

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားရသောအခါ ရဟန်းတို့သည် “စွဲလမ်းမှု ‘ဥပါဒါန်’ဟူသည် ကြောက်မက်ဘွယ် ကောင်းလေစွတကား”ဟူ၍ သတိသံဝေဂ ရရှိသွားကြ၏။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်က ရဟန်းတို့အား အောက်ပါ တရားဂါထာကို ဆက်လက် ဟောကြားတော် မူလေသည်။

“ရဟန်းတို့…။ သံမှဖြစ်သော သံချေးသည် ထိုသံကို စားပစ်သကဲ့သို့ ဤအတူပင် ပစ္စည်းလေးပါးကို မဆင်ခြင်ဘဲ သုံးဆောင်သူကိုလည်း ထိုမကောင်းမှုကံတို့က ဒုဂ္ဂတိ ဘဝသို့ ပို့ဆောင်ပေးကြကုန်၏”

[မလဝဂ် တိဿထေရ ဝတ္ထု]



# မိုးပျံနန်းရှင်

တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့သို့ကြွရောက်၍ မြို့၏အနီးရှိဘေသကဠ ဒးမည်ရှိသော ပဲ့စင်းခုန် တော၌ သီတင်းသုံးနေတော်မူ၏။ သံသုမာရဂိရိမြို့ကို အုပ်ချုပ်သော ဗောဓိမင်းသားသည် စိတြဲဝဍ္ဎုကီ အမည်ရှိသော လက်သမားကို ခေါ်၍ မိမိအတွက် နန်းပြာသာဒ် အသစ်တဆောင်ကို ဆောက်လုပ်ပေးရန် စေခိုင်းလေ၏။ ထိုလက်သမားသည် မိမိ၏အတတ်ပညာ စွမ်းရည်ကို အစွမ်းကုန် စိုက်ထုတ်၍ အလွန်လှပဆန်းသစ်သော နန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်၏။ ကုမုဒြာ ကြာပွင့်ကဲ့သို့ လှပတင့်တယ်၍ မိုးကောင်းကင်သို့ ပျံတက်တော့မည့် အသွင်ကို ဆောင်နေသော ထိုနန်းပြာသာဒ်ကို 'ကောကနဒ' နန်းဆောင်ဟူ၍ အမည်ပေးလေသည်။

ဗောဓိမင်းသားကား မိမိ၏ နန်းပြာသာဒ်ကို ဆောက်လုပ်မပြီးသေးမီကပင် အကြီးအကျယ် သဘောကျနေ၏။ ထို့ကြောင့် လက်သမားကို ခေါ်၍ "အရှင်တုန်းက သင် ဒီလို ပြာသာဒ်ဆောင်မျိုး ဘယ်နှစ်ဆောင် ဆောက်ဘူးသလဲ"ဟု မေးလေသည်။

"အရှင်မင်းသား၊ ဒီပြာသာဒ်ဆောင်ဟာ ကျွန်ုပ်ရဲ့ အတတ်ပညာ စွမ်းရည်ကို အစွမ်းကုန် စိုက်ထုတ်၍ အရှင်မင်းသားအတွက် အထူးတလည် ဆောက်လုပ်ခြင်း ဖြစ်ပါတယ်။ ဒီလိုပြာသာဒ်ဆောင်မျိုး ဘယ်ခါမျှ ကျွန်ုပ် မဆောက်လုပ်ဘူးသေးပါ"

ဤသို့ လက်သမားက လျှောက်တင်သောအခါ ဗောဓိမင်းသားသည် "ဒီလက်သမားဟာ တခြားသူတွေအတွက် ဒီလိုပြာသာဒ်ဆောင်မျိုးတွေဆောက်လုပ်ပေးနေရင် ငါ့နန်းပြာသာဒ်ကို လူတွေက ချီးကျူးအံ့သြကြတော့မည် မဟုတ်။ နောက်ထပ် ဒီလိုပြာသာဒ်မျိုး မဆောက်နိုင်အောင် လက်သမားကို တနည်းနည်းနဲ့ အပြတ်ရှင်းမှ သင့်မည်"ဟူ၍ စဉ်းစားမိလေသည်။

ယင်းသို့ စဉ်းစားပြီးနောက် ဗောဓိမင်းသားသည် မိမိ၏ အကြံအစည်ကို မိမိနှင့် အလွန် ခင်မင်ရင်းနှီးသည့် သဉ္စိကပုတ္တအမည်ရှိသော မင်းလုလင်အား ထုတ်ဖော် ပြောကြားလေ၏။ သဉ္စိကသည် အလွန်ထူးချွန်ပြောင်မြောက်သည့်ဗိသုကာ ပညာရှင်တဦး အကျိုးမဲ့ ဆုံးရှုံးပျက်စီးခြင်း မဖြစ်စေရန် လက်သမားအား ကြိုတင် သတိပေးထားလေသည်။

သဉ္စိက၏ သတိပေးချက်အရ မင်းသားက "ဆောက်လုပ်ရေး အလုပ်များ ပြီးပြီလော"ဟု မေးသောအခါ "အရှင်မင်းသား၊ မပြီးသေးပါ။ ဆက်လက်လုပ်ရန် ကျန်ပါသေးတယ်"

11

ဟု လက်သမားက လျှောက်တင်၏။ ထို့နောက် ဆက်လက်၍ "အရှင်မင်းသား၊ယခု ကျွန်ုပ်ပြုလုပ်ရမည့် အလုပ်များမှာ အလွန် နူနယ်သိမ်မွေ့သော အစိတ်အပိုင်းများ ဖြစ်၍ အနှောက်အယှက် ကင်းပြီး စူးစူးစိုက်စိုက်လုပ်ဆောင်ရန်လိုအပ်ပါတယ်။ ဒါကြောင့် နေ့စဉ်ထမင်းလာပို့တဲ့ ကျွန်ုပ်ရဲ့ ဇနီးမှလွဲ၍ အခြားသူများအား နန်းတော်ဆောင်ထဲသို့ ဝင်ခွင့်မပြုပါနှင့်" ဟူ၍ လက်သမားက လျှောက်တင်ပြန်၏။ ဗေဒမိမင်းသားကလည်း လက်သမား၏ တောင်းဆိုချက်အတိုင်း "နန်းတော်ဆောင်တွင်းသို့ မည်သူမျှ မဝင်ရ" ဟု အမိန့်ထုတ်ထားလေသည်။

ထိုအခါ လက်သမားသည် နန်းတော်ဆောင်အတွင်း၌ နေ့ ရောညပါ နေထိုင်၍ ပေါ့ပါးသော သစ်သားများဖြင့် ဂဠုန်ရုပ် သဏ္ဍာန်ရှိသော ယာဉ်ပျံတခုကို တီထွင်ပြုလုပ်လေ၏။ မိဇနီး သည် ထမင်းပို့လာသောအခါ အိမ်၌ရှိသော ပစ္စည်းဥစ္စာများကို ရောင်း၍ အဖိုးထိုက်တန်သော ရွှေငွေပစ္စည်းများကိုသာ ထုပ် ပိုးပြင်ဆင်ထားရန် မှာကြားလိုက်၏။ ယာဉ်ပျံပြုလုပ်ပြီးစီးလျှင် ယန္တရားစက်ဘပ်ဆင်၍ ဇနီးနှင့် သားသမီးများကို တင်ဆောင် ကာ တိတ်တဆိတ် မောင်းနှင်ထွက်ပြေးလေ၏။ ဟိမဝန္တာတော အနီးသို့ရောက်သောအခါ မြေပြင်သို့ဆင်းသက်၍ လူသူစုဆောင်း ကာ ကဋ္ဌဝါဟန အမည်ရှိသောမြို့ကို တည်ထောင်နေထိုင်လေ သည်။

ဗေဒမိမင်းသားလည်း နန်းပြာသာဒ်ဆောင်သစ်သို့ ပြောင်း ရွှေ့နေထိုင်ရန်အတွက် နန်းသစ်ဖွင့်ပွဲကို တခမ်းတနား ကျင်းပ ၏။ ထိုအခမ်းအနားသို့ ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းငါးရာတို့ ကိုလည်း ပင့်ဖိတ်၏။ ဗေဒမိမင်းသားနှင့် မိဖုရားတို့ကား သား

သမီးတယောက်မျှ မရရှိကြသေးသဖြင့် သားသမီးကို အလွန် အမင်းလိုချင်နေကြသူများဖြစ်၏။ ထို့ကြောင့် နန်းတော်ဆောင် တံခါးဝမှစ၍ ဗုဒ္ဓကြွလာမည့် လမ်းတလျှောက်၌ အဝတ်ပုဆိုး များကို ခင်းထားကြပြီး "အကယ်၍ ငါတို့၌ သားသမီးရရှိမည် ဖြစ်က ဗုဒ္ဓသည် ဤအဝတ်ပုဆိုးများကို နင်း၍ ကြွပါစေ။ သား သမီးမရမည်ဖြစ်ပါမူ ဤအဝတ်ပုဆိုးများကို မနင်းပါစေသား" ဟူ၍ အဓိဋ္ဌာန်ချက် ပြုထားကြလေသည်။

တပည့်သံဃာငါးရာနှင့်အတူ ကြွလာသော ဗုဒ္ဓရှင်တော်မြတ် သည် ဗောဓိမင်းသား၏ နန်းတော်တံခါးဝသို့ရောက်လျှင် ရှေ့ သို့ ဆက်မကြွဘဲ ရပ်တန့်၍ နေလေသည်။ "အတွင်းသို့ကြွတော် မူပါ ဘုရား" ဟု မင်းသားက လျှောက်တင်သော်လည်း ရှေ့သို့ တလှမ်းမျှပင် မတိုးဘဲ နောက်တော်မှ လိုက်ပါလာသည့် ရှင်အာနန္ဒာကိုသာစောင်းငဲ့၍ကြည့်နေ၏။ ထိုအခါ ရှင်အာနန္ဒာ သည် ဗုဒ္ဓရှင်တော်မြတ်၏ အလိုဆန္ဒကို သိရှိသဖြင့် "ဒကာတော် မင်းသား၊ သင်ခင်းထားသည့် အဝတ်ပုဆိုးများကို ရုပ်သိမ်းပါ လော့" ဟု မိန့်ကြားလေသည်။ အဝတ်ပုဆိုးများကို ရုပ်သိမ်းပေး သည့် အခါကျမှ ဗုဒ္ဓရှင်တော်မြတ်သည် နန်းဆောင်တွင်းသို့ ကြွဝင်တော်မူ၏။

ဗောဓိမင်းသားသည် ဗုဒ္ဓနှင့် ရဟန်းငါးရာတို့အား ဆွမ်း ကွမ်း ဆက်ကပ်ပြီးနောက် ဗုဒ္ဓအား ဤသို့ မေးလျှောက်လေ သည်။

"အရှင်ဘုရား၊ တပည့်တော် ခင်းထားသည့် အဝတ်ပုဆိုး များကို အဘယ့်ကြောင့် ရုပ်သိမ်းခိုင်းပါသလဲ"

"ဒီအဝတ်ပုဆိုးတွေကို ဘယ်လို ရည်ရွယ်ချက်နဲ့ ခင်းကျင်းထားပါသလဲ ဒကာတော်"

"ငါတို့မှာ သားသမီးထွန်းကားဘို့ရှိလျှင် ဗုဒ္ဓရှင်တော်မြတ်သည် ဒီအဝတ်ပုဆိုးများပေါ်၌ နင်း၍ ကြွလိမ့်မည်။ သားသမီးရဘို့လမ်း မရှိပါမူကား ဖယ်ရှားခိုင်းလိမ့်မည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် အဝတ်ပုဆိုးများကို တပည့်တော်တို့ ဖြန့်ခင်းထားခြင်း ဖြစ်ပါသည် ဘုရား"

"သင်တို့မှာ သားသမီး ထွန်းကားဘွယ် မမြင်သောကြောင့်ပင် အဝတ်ပုဆိုးများပေါ်၌ ငါဘုရားနင်း၍ မကြွခြင်းဖြစ်ပေသည် ဒကာတော်"

ဗုဒ္ဓ၏မိန့်ကြားချက်ကို ကြားရလေသော် ဗောဓိမင်းသားသည် မိမိတို့၌ သားသမီးမရနိုင်ခြင်း၏ အကြောင်းကို ဆက်လက် မေးလျှောက်ပြန်၏။ ထို့ကြောင့် ဗုဒ္ဓက ဗောဓိမင်းသားနှင့် မိဖုရားတို့ ကျူးလွန်ကြမှားခဲ့မိသော အကုသိုလ်ကံကို ဖော်ထုတ်လျက် အဝိဇ္ဇာလမ်းစဉ်ကို ပြန်ပြောင်း ဟောကြားတော်မူလေသည်။

ရှေးအခါက မဇ္ဈိမဒေသမှ လူအမြောက်အမြားစီးနင်းလိုက်ပါလာသည့် ကုန်သင်္ဘောကြီးတစင်းသည် ပင်လယ်ပြင်သို့ ခရီးထွက်ခဲ့လေ၏။ ပင်လယ်ပြင်တနေရာသို့ ရောက်သောအခါ လေပြင်းမုန်တိုင်းမိသဖြင့် ကုန်သင်္ဘောကြီး ပျက်စီးနစ်မြုပ်လေ၏။ သင်္ဘောပေါ်၌ စီးနင်းလိုက်ပါလာသည့် ခရီးသည် အားလုံးလိုပင် ရေနစ်သေဆုံးကြလေသည်။ သို့ရာတွင် အလွန်ကံထူးလှသော ခရီးသည်ဇနီးမောင်နှံနှစ်ယောက်ကား ပျဉ်ချပ်တခုကို ဆွဲကိုင်မိ

ကြသဖြင့် သေကံမရောက် သက်မပျောက်ဘဲ ပင်လယ်ပြင်၌ မျောပါနေကြ၏။

နောက်ဆုံးတွင်မူ သူတို့နှစ်ဦးသည် ရေလယ်ကျွန်းတခုအနီးသို့ ဆိုက်ရောက်သွားကြ၏။ ထိုကျွန်းကိုမြင်သောအခါ ဝမ်းပန်းတသာဖြင့် ကမ်းပေါ်သို့ တက်ရောက်၍ စားစရာသောက်စရာများကို ရှာဖွေကြ၏။ ထိုကျွန်းကား ငှက်မျိုးစုံတို့ နေထိုင် ပျော်မွေ့ရာဌာနဖြစ်၍ ငှက်ဥများ ပေါများလှ၏။ အစာရေစာ ငတ်ပြတ်နေသော ဇနီးမောင်နှံနှစ်ဦးတို့သည် အလွယ်တကူရှာဖွေတွေ့ရှိသော ငှက်ဥတို့ကို မီးဖြင့် ဖုတ်ကင်၍ အားပါးတရစားသောက်ကြ၏။ ထို့နောက် ငှက်များကိုပါ ဖမ်းဆီး သတ်ဖြတ်၍ စားသောက်ကာ ထိုကျွန်း၌ပင် ရာသက်ပန် နေထိုင်သွားကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဤအတိတ်ဇာတ်လမ်းကို ပြန်ပြောင်းဟောကြားတော်မူပြီး "ယင်းအတိတ်ဘဝက အကုသိုလ်ကံကြောင့်ပင် ဗောဓိမင်းသားနှင့် မိဖုရားတို့၌ သားသမီးမထွန်းကားခြင်းဖြစ်ကြောင်း" မိန့်ကြားလေသည်။ ထို့နောက်တဖန် "မိမိကိုယ်ကို ချစ်ခင်မြတ်နိုးသူများသည် မိမိ၏ကိုယ်နှုတ်စိတ်သုံးပါးကို အရွယ်သုံးပါးလုံး၌ပင် စောင့်စည်းထိန်းသိမ်းသင့်ကြောင်း" ဟောကြားဆုံးမတော်မူပြန်၏။ ထိုအဆုံးအမကို ကြားနာရလျှင် ဗောဓိမင်းသားနှင့် မိဖုရားတို့သည် သောတာပန် အဖြစ်သို့ ဆိုက်ရောက်သွားကြလေသည်။

[အတ္တဝဂ်၊ ဗောဓိရာဇကုမာရဝတ္ထု]

# ဆိတ်ရှပ် သူဌေး

လွန်ခဲ့သော (၉၁) ကမ္ဘာထက်က ဗန္ဓုမတီပြည်၌ ဝိပဿီ အမည်ရှိသော ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့၏။ ထိုအခါ အဝရေဇအမည်ရှိသော သူကြွယ်သည် ဗုဒ္ဓ သီတင်းသုံး နေထိုင်ရန်အတွက် ဂန္ဓကုဋိ ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းရန် အားထုတ်လေ၏။ သူကြွယ်၏ တူ စူဠအဝရေဇက ကျောင်းဆောက်လုပ် လှူဒါန်းရာတွင် မိမိအားလည်း ကုသိုလ်ပါဝင်ခွင့်ပြုရန်တောင်းပန်၏။ သို့သော် သူကြွယ်က ယင်းတောင်းပန်ချက်ကို လက်မခံဘဲ မိမိတဦးတည်းသာ ဆောက်လုပ်လှူဒါန်းလေသည်။

စူဠအဝရေဇသည် ဦးရီးတော် ကျောင်းဆောင်ဆောက်လုပ်ရာ၌ ကုသိုလ်ပါဝင်ခွင့်မရသောအခါ ထိုကျောင်းတိုက် အတွင်း၌ပင် မွေ့သာလာစရပ်တဆောင်ကို မိမိဘာသာ ဆောက်လုပ်

လေသည်။ စရပ်ကို အဘိုးတန်သော ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတို့ဖြင့် မွမ်းမံ ခြယ်လှယ်ထားသည့်ပြင် ရွှေဆိတ်ရုပ်လေးရုပ်ခံသော တရားဟောပလ္လင်တခုကိုလည်း စရပ်အတွင်း၌ ပြုလုပ်စေ၏။ စရပ် ဆောက်လုပ် ပြီးစီးသော အခါ ရဟန်းသံဃာ အပေါင်းနှင့်တကွဗုဒ္ဓရှင်တော်မြတ်အား လေးလတိုင်တိုင်အလှူကြီးပေးကာ စရပ်ရေစက်ချပွဲကို ဆင်ယင်ကျင်းပလေသည်။

စူဠအဝရောဇသည် အသက်အတိုင်းနေ၍ သေလွန်သောအခါ လူ့ပြည်နတ်ပြည် ကျင်လည်၍ ဤဘဒ္ဒကမ္ဘာအတွင်း တခုသောဘဝ၌ ဗာရာဏသီပြည်တွင် သူဌေးကြီး ဖြစ်လေ၏။ ထိုသူဌေးကြီးသည် တနေ့သောအခါ ဘုရင့်ထံ အခစားဝင်ရန်အတွက် နန်းတော်သို့အသွား လမ်းခရီးတွင် ပုရောဟိတ်ပုဏ္ဏားကြီးနှင့် တွေ့သဖြင့်"ဆရာ၊ဂြိုဟ်နက္ခတ်အသွားအလာ ထူးခြားမှုတစုံတခု ရှိပါသလား"ဟု မေးမြန်းလေသည်။ ပုရောဟိတ်ပုဏ္ဏားကြီးက "သူဌေးကြီး၊ ထူးခြားမှုရှိ၏။ ယနေ့မှစ၍ သုံးနှစ်အတွင်း မိုးအကြီးအကျယ် ခေါင်၍ ငတ်မွတ် ခေါင်းပါးမှုဘေးကြီး ကျရောက်လိမ့်မည်" ဟု ဖြေကြားပြောဆိုလေသည်။

သူဌေးကြီးသည် ပုရောဟိတ်၏စကားကို ကြားရလျှင် နောင်ရေးအတွက် စိုးရိမ်ကြောင့်ကြကြီးစွာ ဖြစ်လျက် ဆန်စပါးအမြောက်အမြားကို ဝယ်ယူစုဆောင်းကာ သိမ်းဆည်းသိုလှောင်ထားလေ၏။ ထို့နောက် ပုရောဟိတ် ဟောကိန်း ထုတ်သည့်အတိုင်းပင် ဗာရာဏသီတပြည်လုံး၌ မိုးခေါင်၍ ဆန်ရေစပါးရှားပါးမှုကြီး ဖြစ်ပေါ်လာ၏။ သူဌေးကြီးသည် မိမိစုဆောင်းသိမ်းဆည်းထားသည့် ဆန်စပါးများကို ခွဲဘာစားသုံးနေရာမှရက်လကြာသောအခါ တစတစ ကုန်ခန်းလာ၏။ ထို့ကြောင့်

နောက်ဆုံး၌ မိမိ၏ ကျေးကျွန်ပရိသတ်များအား ဆက်လက်၍ ကျွေးမွေးစောင့်ရှောက်ထားရန် မတတ်နိုင်တော့သဖြင့် "သင်တို့ သွားလိုရာသို့သွား၍ သင့်သလိုအသက်မွေးကြလေလော့" ဟူ၍ ပြောဆိုခွင့်ပြုလိုက်ရတော့၏။ အိမ်၌ကားသူဌေးကြီးဇနီးမောင်နှံ သား၊ ချွေးမနှင့်ပုဏ္ဏားအမည်ရှိသော ကျွန်တယောက်သာ ကျန်ရစ်၏။

မိသားစုငါးယောက် ဖြစ်သလို စားသောက် နေထိုင်သော်လည်း မိုးမှာ ဆက်၍ခေါင်နေသဖြင့် သူဌေးကြီးအိမ်၌စုဆောင်းထားသည့် ဆန်စပါးများလုံးဝကုန်ခန်းသလောက် ဖြစ်သွား၏။ သူဌေးကတော်ကြီးသည် နောက်ဆုံးအိုးထဲ၌ ကပ်သတ်ကျန်နေသည့်စပါးများကို ခြစ်ချုတ်စုဆောင်း၍ထောင်းရာဆန်တစလယ်စာမျှရလေ၏။ ထိုဆန်တစလယ်ကို ထမင်းချက်၍ ငါးယောက်စာအညီအမျှခွဲဝေပြီး စားသောက်ရန် ပြင်ဆင်နေကြစဉ် ပစ္စေကဗုဒ္ဓတပါး ရုတ်တရက်ကြွရောက်လာ၏။ သူဌေးကြီးသည်အလွန်ဆာလောင် နေသော်လည်း ပစ္စေကဗုဒ္ဓါကို မြင်လျှင် ဤသို့ စဉ်းစားမိလေ၏။

"ရှေးဘဝက ဒါနမျိုးစေ့နည်းပါးခဲ့၍သာ ယခုလို ငတ်မွတ်ခေါင်းပါးမှုနှင့် ငါကြုံတွေ့ရခြင်းဖြစ်၏။ မဝတဝစားရမည့် ထမင်းတနပ်ကို ပစ္စေကဗုဒ္ဓါအား လောင်းလှူ၍ နောင်ဘဝအတွက် ပါရမီဖြည့်မှ သင့်တော့မည်"

ယင်းသို့ ဆင်ခြင်စဉ်းစားပြီးနောက် သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအားအိမ်တွင်းသို့ ပင့်ဖိတ်၍ မိမိတွက်တာ ထမင်းတနပ်စာကို အရှင်မြတ်၏ သပိတ်၌ လောင်းလှူ၏။ "တပည့်တော်သည် ဤကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ငတ်မွတ်ခေါင်းပါး

ခြင်းဘေးမှ ကင်းလွတ်ရပါလို၏။ အလိုရှိသည့်အခါ ကောင်းကင်သို့ မော်ကြည့်ရုံမျှဖြင့် ဆန်စပါးများ မိုးကဲ့သို့ ရွာချ၍ ကျီအပြည့်ဖြစ်ပါစေ၊ ကျွန်မယား၊ ကျွန်သားတို့နှင့်လည်းဘဝတိုင်း မကွဲမကွာဖြစ်ရပါလို၏။”ဤသို့လည်း ဆုတောင်းဆုထွေနာပြုလေသည်။

သူဌေးကြီး၏ အပြုအမူကိုမြင်လျှင် သူဌေးကတော်ကြီးကလည်း အားကျ၍ မိမိဝေငှထမင်းကို ပစ္စေကဗုဒ္ဓါအား လျှူဒါန်းပြန်၏။ “ဤကောင်းမှုကြောင့် တစလယ်ချက် ထမင်းအိုးမှ လာသမျှ လူတိုင်းအား ခူးခပ်ဝေငှသော်လည်း မကုန်မခန်းနိုင် ဖြစ်ပါစေသား”ဟူ၍လည်း ဆုတောင်းခြင်း ပြု၏။ သူဌေးသား ဇနီးမောင်နှံနှင့် ကျွန်ပုဏ္ဏတို့ကလည်း အားကျမခံ မိမိတို့ဝေစုကို လျှူဒါန်းကာ အသီးအသီး လိုသောဆုကို တောင်းကြလေသည်။

ရှင်ပစ္စေကဗုဒ္ဓါသည် “သင်တို့တောင်းသည့်ဆုအတိုင်း ပြည့်စုံပါစေ”ဟု နှုတ်မှမြွက်ဆိုဆုပေးပြီး ဂန္ဓမာဒနတောင်သို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွလေ၏။ ဂန္ဓမာဒနတောင်သို့ ရောက်သည့်အခါ မိမိခံယူခဲ့သော ဆွမ်းကို သိတင်းသုံးဖော်ဖြစ်သော ပစ္စေကဗုဒ္ဓါ ငါးရာတို့အား ဝေငှလှူဒါန်း၏။ ရှင်ပစ္စေကဗုဒ္ဓါ၏ တန်ခိုးအာနုဘော်ကြောင့် တစလယ်ချက်ဆွမ်းသည် ပစ္စေကဗုဒ္ဓါငါးရာစာအတွက် အလုံအလောက်ပင် ဖြစ်လေတော့သည်။

ဗာရာဏသီ သူဌေးနှင့် မိသားစုတို့သည် မိမိတို့၏ ထူးကဲသော ဒါနအတွက် ဝမ်းမြောက်ကြည်နူး၍ မဆုံးအောင် ရှိကြ၏။ သို့သော်လည်း ထိုနေ့အဖို့ မိမိတို့စားစရာ လုံးဝမရှိတော့သဖြင့် အိမ်ထဲ၌ပင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်စက်နားနေကြလေ၏။

ညဦးပိုင်းအချိန်သို့ ရောက်သည့်အခါ သူဌေးကြီးသည် အိပ်ရာမှ နိုး၍ ဝမ်းထဲမှဆာဆာရှိသဖြင့် "ရှင်မရယ် ထမင်းအိုးထဲမှာ ချိုးကပ်ကလေးများ ရှိအုံးမလား၊ ကြည့်ပါဦး"ဟူ၍ သူဌေးကတော်ကြီးအား ပြောကြားလေသည်။ သူဌေးကတော်သည် မိမိကိုယ်တိုင် ခပ်စောစောက ဆေးကြောထားသည့် ထမင်းအိုးကို သူဌေးကြီး စိတ်ကျေနပ်စေရန် သွား၍ ဖွင့်ကြည့်ရာ ကိုယ့်မျက်လုံး ကိုယ်ပင်မယုံနိုင်အောင် ဖြစ်သွားလေ၏။ အကြောင်းကား ငပယ်ပန်းငုံ ကဲ့သို့ဖူးဖွေးလှသော ထမင်းများအိုးထဲ၌ ပြည့်နေသည်ကို တွေ့ရသောကြောင့် ဖြစ်၏။

ထို့နောက် သူဌေးကတော်ကြီးသည် ထူးကဲသော အလှူဒါနက လက်တွေ့ အကျိုးပေးခြင်းဖြစ်ကြောင်း တွေးတောစဉ်းစား မိသဖြင့် သူဌေးကြီးအား ဝမ်းမြောက်စွာ ခူးခပ်ကျွေးမွေး၏။ ကျန်သော မိသားစု လေးယောက်တို့သည်လည်း အလိုရှိ သလောက် ဒူးပူစားသောက်ကြ၏။ သို့သော်လည်း တစလယ် ချက်အိုးမှ ထမင်းကား အရောပင် မယွင်းချေ။ ဗာရာဏသီ တမြို့လုံး၌ ကြွေးကြော်၍ လာရောက် တောင်းခံသူတိုင်းအား ဝေငှ ကျွေးမွေးသော်လည်း မကုန်မခန်းနိုင်အောင် ရှိလေတော့သည်။

ဗာရာဏသီသူဌေးကြီးသည် ယိုဘဝမှ သေလွန်သော် လူ့ပြည် နတ်ပြည် လူ့ပြည် လည်ကျင်လည်၍ ဗုဒ္ဓရှင်တော်မြတ် လက်ထက်တွင် အင်္ဂတိုင်း ဘဒ္ဒိယမြို့ မေဏ္ဍက အမည်ရှိသော သူဌေးကြီးဖြစ်လေ၏။ သူဌေး ကတော်ကား စန္ဒပဒုမာဟု အမည်တွင်၏။

မေဏ္ဍက သူဌေးကြီးသည် ထူးခြားသော ဘုန်းကံရှိသူဖြစ်၍ အလွန်များပြားသော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။ သူ့အိမ် နောက်ဖေးမှ ရှစ်ပယ်မျှ ကျယ်ဝန်းသော အရပ်၌ နွားလား

ပမာဏရှိသည့် ရွှေဖြင့်ပြီးသော ဆိတ်ရုပ်များ ကျောချင်းထိမျှ ပေါ်ပေါက်လာ၏။ အလိုရှိ၍ ရွှေဆိတ်ရုပ်တို့၏ ပါးစပ်တွင်းသို့ နှိုက်လိုက်သည့်အခါ အဝတ်အထည်၊ ဆီ၊ ပျားတင်လဲ၊ ရွှေငွေ စသည့်ပစ္စည်းများ လိုချင်သလောက် ထွက်လာ၏။

သူဌေးကတော်ကြီး စန္ဒပဒုမာသည် ဆန်တစလယ်ကို ချက်၍ လာသမျှ လူတိုင်းအား တနေကုန် ခူးခပ် ပေးဝေသော်လည်း မကုန်ချေ။

သူဌေးသား ဓနဥ္စယကား ကျေးကျွန် အလုပ်သမားတို့အား ပေးရန်ရှိသည့် လခရိက္ခာတို့ကို နေ့စဉ် တာဝန်ခံ၍ ပေးကမ်းရ၏။ ယင်းသို့ ပေးကမ်းသည့်အခါ အသပြာတထောင် အိတ်ကိုကိုင်၍ တနေကုန်ပေးသော်လည်း ထိုအသပြာတထောင်မှာ ကုန်ခန်းသွားသည်ဟူ၍ မရှိချေ။

ဓနဥ္စယ၏ ဇနီးသုမနဒေဝီမှာမူ လိုအပ်သူတို့အား မျိုးစပါးများကို ပေးဝေရ၏။ တောင်းတခုထဲ၌ စပါးအပြည့်ထည့်၍ လာသမျှလူတိုင်းအား တနေကုန် ပေးဝေသော်လည်း တောင်းထဲမှ စပါးများ ကုန်ခန်းသွားခြင်း မရှိဟု ဆို၏။

သူဌေးကျွန် ပုဏ္ဏ၏ ဘုန်းကံကား အဆန်းကြယ်ဆုံး ဖြစ်၏။ သူသည် နွားနှစ်ကောင်ကသော ထွန်ဖြင့် လယ်တခါ ထွန်ယက်တိုင်း မြေကြီး၌ ထွန်သုံးချောင်းစာ အရာထင်၏။

ဤသို့ဖြင့် မေဏ္ဍကသူဌေးနှင့် မိသားစု ငါးဦးတို့သည် မိမိတို့၏ ရှေးဘဝဆုတောင်းအတိုင်း အသီးအသီး ထူးခြားသော ဘုန်းကံ ပါရမီတို့နှင့် ပြည့်စုံကြလျက် ဘဒ္ဒိယမြို့ဝယ် ထင်ရှားကျော်ကြားလျက် ရှိကြ၏။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းသံဃာပေါင်း မြောက်မြားစွာတို့နှင့်အတူ ဘဒ္ဒိယမြို့သို့ ကြွရောက်လာ၏။ ဘဒ္ဒိယ မြို့သူမြို့သားတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် ဗုဒ္ဓအား ခရီး ဦးကြိုပြုကြရာ မေဏ္ဍကသူဌေးကြီးနှင့် မိသားစုတို့လည်း ရှေ့တန်း က ပါဝင်ကြ၏။ ဗုဒ္ဓအား အတိုက်အခံပြုနေသော တိတ္ထိတို့သည် သူဌေးကြီးအား လမ်းမှ ဆီးကြို၍ "သူဌေးကြီး၊ ဂေါတမသည် သင်နှင့်ဝါဒချင်း တူသူမဟုတ်၊ သူ့ထံသို့မသွားလင့်"ဟု တားဆီး နှောက်ယှက်ကြ၏။ မေဏ္ဍကကား တိတ္ထိတို့စကားကို နားမထောင် ဘဲ ဗုဒ္ဓထံသို့ အရောက်သွား၏။

ဗုဒ္ဓထံသို့ ရောက်သည့်အခါ တိတ္ထိတို့က မိမိအား နှောက်ယှက် တားဆီးကြပုံကို ဖွင့်ဟလျှောက်ထားလေသည်။ ဗုဒ္ဓက "သူဌေး ကြီး၊သတ္တဝါတို့မည်သည် မိမိအပြစ်ကို အစွမ်းကုန်ဖုံးကွယ်ပြီး သူ တပါးအပြစ်ကိုသာ ဖော်ထုတ်ပြတတ်ကြ၏။"ဤသို့ မိန့်ကြား၍ သင့်လျော်သော တရားဓမ္မကို ဆက်လက် ဟောကြားတော်မူ၏။ တရားအဆုံးဝယ် မေဏ္ဍက သူဌေးကြီးနှင့် မိသားစု ငါးဦးလုံး သောတာပန်အဖြစ်သို့ ဆိုက်ရောက်ကြလေသည်။

[မလဝဂ်၊ မေဏ္ဍက သေဋ္ဌိ ဝတ္ထု]

မှတ်ချက်။ ။ဗုဒ္ဓအား ခရီးဦးကြိုပြုသော မေဏ္ဍက သူဌေးကြီး၏ မိသားစုဘောင်အသက် ခုနစ်နှစ်မျှသာ ရှိသေးသည့် မြေး မကလေး ဝိသာခါလည်း ပါဝင်၏။ သူမသည်လည်း ဗုဒ္ဓအား ပထမဦးဆုံးအကြိမ် ဖူးမြင်ရရုံဖြင့်ပင် သော တာပန် ဖြစ်သွား၏။ နောက်ပိုင်းတွင်မူ သူမသည် ကျော်ကြားသောအမကြီး ဝိသာခါဟူ၍ ထင်ရှားလာခဲ့ပေသည်။



# မိခင့်မေတ္တာ

ရာဇဂြိုဟ်ပြည်မှ သူဌေးသမီးတယောက်သည် ငယ်ရွယ်စဉ်အချိန်မှစ၍ အိမ်ထောင်သားမွေး လူမှုရေး ကိစ္စများကို ရှုံရှာစက်ဆုပ်လှသဖြင့် လူ့ဘဝကို စွန့်ပယ်၍ ဘိက္ခုနီမ ပြုလုပ်ရန်သာ စိတ်အား ထက်သန်နေ၏။ ထိုအကြောင်းကို မိဘနှစ်ပါးအား ဖွင့်ဟပြောကြား၍ ဘိက္ခုနီမ ပြုလုပ်ခွင့် ပေးပါရန် ခွင့်တောင်းရာ တဦးတည်းသော သမီးဖြစ်၍ မိဘများက ခွင့်မပေးကြချေ။

အချိန်အရွယ် ရောက်သောအခါ ထိုသူဌေးသမီးကို တဦးသော သူဌေးသားနှင့် ထိမ်းမြား လက်ထပ်၍ ပေးလိုက်ကြ၏။ ရောင်နောက် ဆံထုံးပါရစမြဲဖြစ်၍ လင့်အိမ်သို့ လိုက်ခဲ့ရသော်လည်း· သူဌေးသမီးကား အိမ်ထောင်သည် ဘဝ၌ ပျော်ပိုက်ခြင်းမရှိ။ ဝတ်ကြောင်ကို စွန့်ပယ်၍ ဘိက္ခုနီ ဘဝသို့ ကူးပြောင်းခွင့် ရရှိရန်သာ အမြဲမပြတ် တွေးတောစဉ်းစားနေ၏။

သူဌေးသားကား ညားခါစ ဇနီးချောကလေးအား ကြင်နာယုယစွာဖြင့် အရိပ်တကြည့်ကြည့် နေ၏။ သို့သော်လည်း ဇနီးသည်မှာမူ မိမိကဲ့သို့ ရွှင်ရွှင်ပျပျ မရှိလှဘဲ ငပ်မှိုင်မှိုင်ဖြစ်၍ ဖြစ်၍ နေသည်ကိုသာ တွေ့ရသဖြင့် စိုးရိမ်မကင်း ရှိနေလေသည်။ မိဘပေးစား၍သာ ယူခဲ့ရခြင်းဖြစ်၍ မိမိအပေါ် မေတ္တာ မမျှနိုင်ဘဲ ဖြစ်နေသလောဟူ၍ တွေးတော ပူပန်နေ၏။ သို့ရာတွင် ရက်တရက် ဖွင့်ဟ၍လည်း မမေးရက်သောကြောင့် တအုံနွေးနွေး ဖြစ်ကာ အိမ်ထောင်ရေးသုခကို အပြည့်အဝ မခံစားရဘဲ အချိန်ကာလများ ကုန်လွန်ခဲ့ရလေသည်။

ဤသို့ဖြင့် ရက်ပိုင်းမှ လပိုင်းသို့ ကူးလာသောအခါ သူဌေးသားသည် မိမိ၏ ခံစားချက်ကို ဆက်လက်မျိုသိပ်၍ မထားနိုင်တော့ချေ။ ထို့ကြောင့် တနေ့တွင် သူဌေးသမီးအား ဖွင့်ဟမေးမြန်းလေတော့သည်။

"ချစ်နှမ....၊ လက်ထပ်တဲ့နေ့ကစပြီး ဒီနေ့အထိ နှမရဲ့ မျက်နှာဟာ တနေ့တရက်မျှ ကြည်ကြည်သာ မရှိခဲ့ပါလား။ ဒီလိုဖြစ်နေတာ ဘာ့ကြောင့်လဲ။ မောင့်အပေါ် မေတ္တာ မသက်ဝင်နိုင်လို့လား"

"မောင့်အပေါ် မေတ္တာ မသက်ဝင်လို့တော့ မဟုတ်ပါဘူး မောင်ရယ်။ ဒါပေမယ့် နှမဟာ အိမ်ထောင်သားမွေး အလုပ်ကို ငယ်ငယ်ကတဲက အလွန်ရွံရှာ စက်ဆုပ်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်မို့လဲ ခုလို အိမ်ထောင်သည် ဘဝမှာ တနေ့တရက်မျှ မပျော်ပိုက်နိုင်ခြင်း ဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ နှမဟာ ဒီနေ့ဘဲ အိမ်ကထွက်ပြီး ဘိက္ခုနီမ လုပ်ချင်ပါတယ် မောင်ရယ်"

သူဌေးသားက တော့တော့ဆိုင်ဆိုင် မေးမြန်းလာသောအခါ သူဌေးသမီးကလည်း မိမိ၏ စိတ်ဆန္ဒကို ပွင့်ပွင့်လင်းလင်းပင် ဖွင့်ဟပြောကြားလိုက်မိတော့သည်။ ထိုအခါ သူဌေးသားအတွက် စဉ်းစားစရာ အကွက်ဆိုက်လာတော့၏။ "လောကီအာရုံ ကာမဂုဏ်ကို မက်မော တွယ်တာခြင်း မရှိသည့် အမျိုးသမီးတဦးအား ဇနီးသည်အဖြစ် သိမ်းပိုက်ထားခြင်းကား ကိုယ့်အဘက်လည်း အကျိုးမရှိ။ သူ့အတွက်လည်း ခမ္မအန္တရာယ်ပင် ဖြစ်၍ နေပေတော့မည်။ သူ့အလိုသို့ လိုက်၍ သူ့စိတ်ကြိုက်အတိုင်း ဘိက္ခုနီမ လုပ်ခွင့်ပေးလိုက်မည် ဆိုပါမူ သူ့ပါရမီကို ကူညီ၍ ဖြည့်စွမ်းပေးရာပင် ရောက်မည်မဟုတ်ပါလား။" သူဌေးသားသည် ယင်းသို့ စဉ်းစားမိသဖြင့် တထိုင်တည်းဖြင့်ပင် မိမိစိတ်ကို ပိုင်းဖြတ်ကာ သူဌေးသမီးအား ဤသို့ပြောဆိုလိုက်လေသည်။

"လူ့ဘဝမှာ နှမ မပျော်ဘူးဆိုရင်တော့ ဘိက္ခုနီမ လုပ်ချင်တယ်ဆိုတာကို မောင် မတားလိုပါဘူး။ တားလဲမတားကောင်းပါဘူး ချစ်နှမ"

သူဌေးသားထံမှ မမြော်လင့်သော စကားကို ရုတ်တရက် ကြားလိုက်ရသောအခါ သူဌေးသမီးသည် အတိုင်းမသိ ဝမ်းမြောက်သွားလေ၏။ ထို့ကြောင့် အချိန်ဆွဲမနေတော့ဘဲ နေ့ချင်းရက်ချင်းပင် ဘိက္ခုနီမကျောင်းသို့သွားရန်ပြင်ဆင်လေ၏။ သူဌေးသားကလည်း လိုအပ်သော ပရိက္ခရာ ပစ္စည်း များနှင့် အတူ ဘိက္ခုနီမကျောင်းသို့ ကောင်းမွန်စွာ ပို့ဆောင်ပေးလေသည်။

ထိုသူဌေးသမီးဘိက္ခုနီပြုလုပ်သည့်ကျောင်းကား ရှင်ဒေဝဒတ်၏ ဩဇာခံ ဘိက္ခုနီများ နေထိုင်သည့် ကျောင်းဖြစ်၏။ ထိုအချိန်တွင် ရှင်ဒေဝဒတ်သည်ဗုဒ္ဓရှင်တော်မြတ်အား ကဏှကောစ

ပြုလုပ်၍ စင်မြှိုင် သံဃာဂိုဏ်းတခု တည်ထောင်ရန် အားထုတ်ကြိုးပမ်းနေဆဲ ကာလဖြစ်၏။ ရှင်ဒေဝဒတ်အား ထောက်ခံ အားပေးနေသူများတွင် အသိ အလိမ္မာ နည်းပါးသော ရဟန်းငယ်များသာမက ယင်းတို့နှင့် ခင်မင်ရင်းနှီးသော ဘိက္ခုနီ အချို့လည်း ပါဝင်နေကြ၏။

ရာဇဂြိုဟ် သူဌေးသမီးသည် ဘိက္ခုနီ အဖြစ်သို့ရောက်၍ နှစ်လသုံးလခန့် ကြာသောအခါ ကိုယ်လေးလက်ဝန် ရှိလာ၏။ ထိုအခြင်းအရာကို အခြားသောဘိက္ခုနီတို့ မြင်ကြလျှင် ထိတ်လန့်တကြား ဖြစ်လျက် မိမိတို့ဆရာ ရှင်ဒေဝဒတ်ထံသို့ သွားရောက်တိုင်တန်းကြ၏။ ရှင်ဒေဝဒတ်ကား အကြောင်းခြင်းရာကို စုံစမ်းစစ်ဆေးခြင်းမပြုဘဲ မိမိ၏ ပရိသတ် နာမည်ပျက်မည်ကို စိုးရိမ်သောကြောင့် ဘိက္ခုနီကလေးအား လူထွက်လဲပေးစေဟု ဆုံးဖြတ်ချက် ချပေးလိုက်၏။

ထိုအခါ ဘိက္ခုနီ ကလေးသည် ငိုကြွေးချက်မဖြင့် "အရှင်မတို့၊ တပည့်တော်သည် ရှင်ဒေဝဒတ်ကို ရည်ညွှန်း၍ ဘိက္ခုနီ လုပ်ခဲ့သည်မဟုတ်။ ဗုဒ္ဓရှင်တော်မြတ်ကိုသာ ရည်ညွှန်း၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခု တပည့်တော်ကို ဗုဒ္ဓရှင်တော်မြတ်ထံ ပို့ဆောင်ပေးကြပါ" ဟု ပြောဆို တောင်းပန်လေသည်။ သို့ဖြစ်၍ ဘိက္ခုနီကလေးအား ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ခေါ်ဆောင်သွားကြ၏။ ဗုဒ္ဓရှင်တော်မြတ်သည် အကြောင်းဖြစ်အင်ကို ကြားသိတော် မူရလေသော် ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သော ရှင်ဥပါလိ မထေရ်ကိုခေါ်၍ ဤပြဿနာကို စီရင်ဆုံးဖြတ်ရန် တာဝန်ပေးအပ်တော် မူလေသည်။

ထိုအခါ ရှင်ဥပါလိသည် ကောသလမင်းကြီးနှင့်တကွ အနာထပိဏ် သူဌေးကြီး၊ ဝိသာခါ ကျောင်းအမကြီး စသော လူပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌ ပြဿနာကို ရှင်းလင်း မိန့်ကြားပြီး ထိုဘိက္ခုနီ၏ ကိုယ်ဝန်ကို စိစစ်ရန် ဝိသာခါအား ထပ်ဆင့်တာဝန်ပေးပြန်၏။ ဝိသာခါသည် ဘိက္ခုနီအားအခန်းငယ်တခု အတွင်းသို့ ခေါ်သွားပြီး အတွင်းပိုင်း ကိုယ်အင်္ဂါများကို ကြည့်ရှု စစ်ဆေးရာ ဘိက္ခုနီ မဖြစ်မီ လူ့ဘဝက ရခဲ့သော ကိုယ်ဝန် ဖြစ်ကြောင်း ကောင်းစွာ သိရှိလေ၏။ ထိုအကြောင်းကို ရှင်ဥပါလိအား လျှောက်ကြားလေသော် ရှင်ဥပါလိကလည်း ထိုဘိက္ခုနီအား သီလ စင်ကြယ်သူဖြစ်ကြောင်း ဆုံးဖြတ်ချက် ချလိုက်လေသည်။

ထိုဘိက္ခုနီသည် လ,ရက် စေ့သောအခါ သားယောကျ်ားလေး တယောက်ကို မွေးဖွားလေ၏။ တနေ့သ၌ ကောသလမင်းကြီးသည် ဘိက္ခုနီကျောင်းအနီးမှဖြတ်သန်းသွားစဉ် ကလေးငိုသံကြားသဖြင့် အမတ်တို့အား "ဘယ်က ကလေးငိုသံလဲ" ဟု မေးမြန်းလေ၏။ အမတ်တို့က အကြောင်းစုံကို လျှောက်တင်သောအခါ "ဘိက္ခုနီကျောင်း၌ ကလေးငယ် ရှိခြင်းသည် မလျှောက်ပတ်။ တရားဘာဝနာ ပွားရေးတွင်လည်း အနှောက်အယှက်ဖြစ်၏" ဟု မိန့်ကြားပြီး ဘိက္ခုနီထံမှ ကလေးငယ်ကို တောင်းယူ၍ နန်းတွင်း၌ မွေးစားထားလေ၏။ ထိုကလေးငယ်အား 'ကုမာရ ကဿပ' ဟူ၍ အမည်ပေးထား၏။

ကုမာရကဿပသည် အရွယ် ရောက်လာသောအခါ မိမိ၏ မိဘ အရင်းအချာ မည်သူဖြစ်ကြောင်း ထုတ်ဖော်ပြောကြားရန် မင်းကြီးထံ၌ ပူဆာလေသည်။မင်းကြီးလည်း အကြိမ်ကြိမ် ပူဆာ

သောအခါ မနေသာတော့သဖြင့် "ချစ်သား၊ သင့်မိခင်ကား ဘိက္ခုနီ တပါးဖြစ်၏"ဟု ထုတ်ဖော် ပြောကြားရလေတော့၏။ ထိုအခါ ကုမာရကဿပသည် နှန်းတွင်း၌ပင် နေရသော်လည်း မိမဲ့ဖမဲ့ ဘဝကား မျက်နှာငယ်လှ၏ဟု ထင်မြင်ယူဆလျက် သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုလေသည်။

ရှင်ကုမာရကဿပသည် ရဟန်းပြုပြီးနောက် တောထွက်၍ ကမ္မဋ္ဌာန်းကို ကြိုးစား အားထုတ်ရာ တဆယ့်နှစ်နှစ် ကြာမှ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၏။ ထို တဆယ့်နှစ်နှစ် အတွင်း၌ ရှင်ကုမာရ၏ မယ်တော်ဖြစ်သော ဘိက္ခုနီမသည် သားကို မမြင်မတွေ့ရသောကြောင့် မျက်ခွက်နှင့် မျက်ရည်မပြတ်အောင် ရှိနေလေတော့သည်။

တနေ့သ၌ ထိုဘိက္ခုနီသည် သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံလှည့်လည်စဉ် ရှင်ကုမာရကို လှမ်း၍မြင်လိုက်၏။ သူမသည် တဆယ့်နှစ်နှစ်ကြာအောင် ကွဲကွာနေသည့်သားကို ရုတ်တရက် မြင်တွေ့လိုက်ရခြင်း ဖြစ်သောကြောင့် ဣန္ဒြေသိက္ခာကို မထိန်းသိမ်းနိုင်တော့ဘဲ နောက်မှ အလျင်အမြန် လိုက်ပြေးပြီး ရှင်ကုမာရ၏ သင်္ကန်းကို ဆွဲကိုင်လေသည်။ ထိုအခါ ရှင်ကုမာရက မျက်နှာထားခပ်တည်တည်ဖြင့်—

"အို-ဘိက္ခုနီ၊ သင်ကား ဘုရားသာသနာ၌ ရဟန်းပြုနေသူဖြစ်ပါလျက် တဏှာပေမကိုပင် ဖြတ်တောက်ခြင်း မပြုနိုင်ခဲ့၊ ဤမျှသော ကာလပတ်လုံး သင်ဘာလုပ်နေသလဲ"

ဟူ၍ မိန့်ကြားလေသည်။ ဤသို့ သားအရှင်း ခေါက်ခေါက်ကပင် မိမိအပေါ်၌ သံယောဇဉ်မထားဘဲ ပြတ်ပြတ်တင်းတင်း ပြောဆိုခြင်း ခံရသောအခါ ထိုဘိက္ခုနီမသည် သားအပေါ်၌

ထားရှိသော ချစ်ခြင်းကိုဖြတ်တောက်၍ ကမ္ဘဋ္ဌာန်းတရားကို ပွား များအားထုတ်ရာ နေ့ချင်းပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

တနေ့သ၌ တရားသဘင်၌ စုဝေးမိကြသော ရဟန်းတို့သည် ရှင်ကုမာရကဿပနှင့် သူ့မယ်တော် ထေရီမတို့၏ အကြောင်းကို ဆွေးနွေးပြောဆိုနေကြ၏။

"ငါ့ရှင်တို့၊ ပါရမီခံ ရင့်သန်သူများဖြစ်သည့် ရှင်ကုမာရကဿပနှင့် သူ့မယ်တော်တို့သည် ဒေဝဒတ်၏ ပယောဂကြောင့် ဘဝဆုံးရမည့်ဘေးမှ သီသီကလေး လွတ်ခဲ့ကြ၏။ ဗုဒ္ဓ ရှင်တော်မြတ်နှင့် တွေ့ဆုံမိခြင်းကြောင့်သာ သူတို့နှစ်ဦးလုံး မဂ်ဖိုလ်သို့ ဆိုက်ရောက်နိုင်ကြခြင်း ဖြစ်ပေ၏။ ဗုဒ္ဓ ရှင်တော်မြတ်ကား သတ္တဝါတို့၏ အားကိုးရာအစစ် ဖြစ်ပါပေ၏။

ထိုအချိန်တွင် ဗုဒ္ဓကြွလာ၍ ရဟန်းတို့၏ စကားကို ကြားသိလေသော်- "ရဟန်းတို့၊ တဦးတယောက်၏ ချမ်းသာသုခ ရရှိခြင်းတို့သည် သူတပါး၏ ပယောဂကြောင့်မဟုတ်၊ မိမိ၏ ကြိုးစားအားထုတ်မှုကြောင့်သာ ဖြစ်ပေ၏။ အမှန်စင်စစ် မိမိသည်သာ မိမိ၏ ကိုးကွယ်အားထားရာ ဖြစ်၏။ အခြား ဘယ်သူမျှ မိမိ၏ ကိုးကွယ်အားထားရာအစစ် မဖြစ်နိုင်ပေ" ဟူ၍ မိန့်မြွက်ဟောကြားတော် မူလေသည်။ ထိုတရားစကားကို ကြားနာရသဖြင့် ရဟန်းများစွာ အကျွတ်တရား ရရှိသွားကြလေသည်။

[အတ္တဝဂ်၊ ကုမာရကဿပ မာတုထေရီဝတ္ထု]

# ဝက်ပြဿာ

ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေ၏။ ထိုအချိန်တွင် ရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကား မြို့၏အရှေ့ဘက်ရှိဂိဇ္ဈကုဋ်တောင်ပေါ်သို့ မကြာခဏ တက်ရောက်သီတင်းသုံးလေ့ရှိ၏။ တခုသော နံနက်ခင်း၌ ရှင်မောဂ္ဂလ္လာန်သည် ရှင်လက္ခဏမထေရ်နှင့်အတူ ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းသက်လာ၏။ တောင်ခြေသို့ ရောက်သောအခါ ရှင်မောဂ္ဂလ္လာန်သည် ရုတ်တရက် အမှတ်မထင် ပြုံးလိုက်သည်ကို ရှင်လက္ခဏက မြင်၏။ ထို့ကြောင့်....

"ငါ့ရှင် မောဂ္ဂလ္လာန်၊ သင် ဘာအကြောင်းကြောင့် ပြုံးပါသလဲ"ဟု မေး၏။ ထိုအခါ ရှင်မောဂ္ဂလ္လာန်က....

"ငါ့ရှင် လက္ခဏ၊ ဗုဒ္ဓရှေ့ကျမှ ဒီမေးခွန်းကို ထပ်မေးပါ" ဟု ပြန်ပြော၏။

ထို့နောက် မထေရ်နှစ်ပါးသည် ဆွမ်းခံရန် ခရီးဆက်ခဲ့ကြ၏။ ညနေပိုင်းသို့ ရောက်သောအခါ၌လည်း နှစ်ပါးအတူပင် ဗုဒ္ဓရှင်တော်မြတ်ထံသို့ သွားရောက်ကြ၏။

ဗုဒ္ဓရှေ့မှောက်၌ ထိုင်နေကြစဉ် ရှင်လက္ခဏသည် ရှင်မောဂ္ဂလ္လာန်အား နံနက်ပိုင်းက မေးခွန်းကို ထပ်မံမေးမြန်းပြန်၏။ ထိုအခါ ရှင်မောဂ္ဂလ္လာန်သည် မိမိပြုံးရယ်ခဲ့ခြင်းအကြောင်းကို ပြန်ပြောင်းပြောပြလေ၏။

"ငါ့ရှင်လက္ခဏ၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာတုန်းက ပြိတ္တာကြီးတကောင်ကို တပည့်တော် မြင်ခဲ့ရတယ်။ အဲဒီပြိတ္တာဟာ ဒေလျှား သုံးဂါဝုတ်လောက်ရှည်တယ်။ ကိုယ်က လူကိုယ်၊ ခေါင်းကတော့ ဝက်ခေါင်းလိုပါဘဲ။ သူ့ပါးစပ်ထဲက အမြီးကြီးပေါက်နေတယ်။ ပြီးတော့ ပိုးလောက်တွေလဲ ထွက်ကျနေတယ်။ အဲဒီလိုထူးဆန်းတဲ့ သတ္တဝါကြီးကို မြင်ရတဲ့အတွက် တပည့်တော် ပြုံးရယ်ခဲ့ခြင်း ဖြစ်ပါတယ်"

ရှင်မောဂ္ဂလ္လာန်က ဤသို့ ပြောကြားလေသော် ဗုဒ္ဓရှင်တော်မြတ်သည်-"ငါ့တပည့်များ၊ ငါ့စကား မျက်စိအမြင်နှင့် ပြည့်စုံကြပါပေစ"ဟူ၍ ချီးကျူးစကား မိန့်ကြားတော်မူ၏။ ထို့နောက်....

"ချစ်သားရဟန်းတို့၊ ငါသည် ဤပြိတ္တာကြီးကို ဘုရားဖြစ်စအချိန်ကပင် မြင်ခဲ့၏။ သို့သော်လည်း ငါ့စကားကို မယုံကြည်သူများ အကျိုးစီးပွားဆုတ်ယုတ်ဖွယ်ရှိသောကြောင့် ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ပေ"

ဤသို့ ဗုဒ္ဓက ဆက်လက်မိန့်ကြားတော်မူ၏။ ထိုအခါ ရဟန်းများသည် ဝက်ပြိတ္တာကြီး၏ ရှေးမကောင်းမှုကံကို ထုတ်ဖော်ပြောကြားရန် ဗုဒ္ဓအား တောင်းပန်ကြပြန်၏။ ယင်း တောင်းပန်

ချက်အရ ဗုဒ္ဓက အောက်ပါ အတိတ်ဇာတ်လမ်းကို ဖော်ထုတ်ဟောကြားခဲ့ခြင်း ဖြစ်၏။

ကဿပ ဗုဒ္ဓလက်ထက်က တောရွာ ကျောင်းတကျောင်း၌ တပါးနှင့်တပါး အလွန် ချစ်ခင်ကြည်ညိုသော ရဟန်းနှစ်ပါး နေထိုင်ကြ၏။ ထိုရဟန်းနှစ်ပါးတို့တွင် မထေရ်ကြီးသည် မထေရ်ငယ်အား ညီရင်းတမျှ ချစ်ခင်ကြင်နာ၏။ မထေရ်ငယ်ကလည်း မထေရ်ကြီးအား ဆရာသမားကဲ့သို့ ကြည်ညိုလေးစား၏။

နှစ်ပေါင်းများစွာ တိုင်အောင် တစိတ်တဝမ်းတည်းကဲ့သို့ ဖြစ်၍ ညီညွတ်စွာ နေထိုင်ခဲ့ကြသော ထိုရဟန်းနှစ်ပါး၏ကျောင်းသို့ တနေ့သောအခါ ဓမ္မကထိက ရဟန်းတပါး အမှတ်မထင် ဆိုက်ရောက်လာ၏။ ကျောင်းနေမထေရ်နှစ်ပါးတို့သည် အာဂန္တုရဟန်းအား ဧည့်ဝတ်ကျေပွန်စွာ ပြုစုကြ၏။ ဓမ္မကထိက ဖြစ်ကြောင်း သိရှိသောအခါ မိမိတို့အား တရားဟောရန် တိုက်တွန်းကြရာ အာဂန္တုရဟန်းကလည်း တိုက်တန်သလောက် ဟောပြော၏။

နောက်တနေ့နံနက်၌ ကျောင်းနေ မထေရ်နှစ်ပါးတို့သည် အာဂန္တုရဟန်းကို ခေါ်၍ အနီးအနားရှိ ကျေးရွာသို့ ဆွမ်းခံဝင်ကြ၏။ ဆွမ်းစားပြီးသောအခါ အာဂန္တုရဟန်းကို- "ငါ့ရှင်၊ ရွာသူရွာသားတို့အား တရားဟောပါ"ဟု တိုက်တွန်းကြပြန်၏။ ရွာသူရွာသားတို့သည် ထိုရဟန်း၏တရားကို နာရလျှင် အလွန်ပင် ကျေနပ်နှစ်သက်ကြ၏။ နောက်နေ့တွင်လည်း မိမိတို့ရွာသို့ပင် ဆွမ်းခံကြွရန် ပင့်ဖိတ်ကြ၏။

ဤသို့သောနည်းဖြင့် ကျောင်းပတ်ဝန်းကျင်ရှိ ရွာသူရွာသားများက မိမိအား အထူးကြည်ညိုလာကြသည်ကို တွေ့မြင်ရသော

အခါ ဓမ္မကထိကရဟန်းသည် ထိုကျောင်း၌ အမြဲတမ်း နေထိုင်လို စိတ် ဖြစ်ပေါ်လာ၏။ ထိုကျောင်း၌ မိမိ အမြဲတမ်းနေထိုင်နိုင်ရန် ကျောင်းနေ မထေရ်နှစ်ပါးကို ပ,ထုတ်၍ ကျောင်းကို အပိုင်စီးရန် ကြံလေ၏။

ဓမ္မကထိက ရဟန်းသည် ကျောင်းနေ မထေရ်နှစ်ပါးကို ပ,ထုတ်နိုင်ရန်အတွက် မထေရ်နှစ်ပါး စိတ်ဝမ်းကွဲစေမည့် အပြုအမူများကို မသိမသာ စတင်ဆောင်ရွက်၏။ မထေရ်ကြီး ဖြစ်သော ရဟန်းနှင့် တပါးချင်း တွေ့သည့်အခါ မထေရ်ငယ် အပြစ်ကို မသိမသာ ပြောဆို၏။ မထေရ်ငယ်နှင့် တပါးချင်းတွေ့သည့် အခါ၌လည်း မထေရ်ကြီး၏ အပြစ်များကို ဖော်ထုတ် ပြောဆို၏။ ယခင်က အမြဲတမ်း တပူးတွဲတွဲ နေထိုင်ခဲ့ကြသော မထေရ်နှစ်ပါးတို့သည် ဓမ္မကထိက ရဟန်း၏ သွေးခွဲမှုကြောင့် ဆွမ်းခံရာ၌ပင် တကွဲတပြားစီ သွားကြလေ၏။ တပါးနှင့် တပါးလည်း မျက်နှာချင်းပင် မဆိုကြတော့ချေ။

တနေ့သ၌ မထေရ်နှစ်ပါးသည် ဆွမ်းစားစရပ်၌ ဆုံမိကြစဉ် တပါးနှင့်တပါး အချင်းများကြ၏။ ထိုအခါ မထေရ်ကြီးသည် “ဒီကျောင်းမှာ ငါမနေလိုတော့”ဟု ဆို၍ မိမိ၏ သပိတ်သင်္ကန်းကို ယူကာ ကျောင်းမှ ထွက်ခွာသွား၏။ မထေရ်ငယ်ကလည်း အရှုံးမပေးလိုသည့်စိတ်ဖြင့် “တပည့်တော်လဲ ဒီကျောင်းမှာ မနေပါဘူး”ဟု ဆိုကာ တခြားအရပ်သို့ ထွက်ခွာသွားပြန်၏။

ဓမ္မကထိကရဟန်းကား အပေါ်ယံ ဟန်ဆောင်အားဖြင့် မထေရ်နှစ်ပါးကို အချင်းမများကြရန် တောင်းပန် တားဆီး၏။ သို့သော်လည်း အတွင်းစိတ်ကမူ ကျိတ်၍ ဝမ်းသာနေခဲ့၏။ ကျောင်းမှ မထေရ်နှစ်ပါးလုံး ထွက်ခွာသွားသည့် အချိန်တွင်မူ

မိမိ၏ ရည်မှန်းချက် လုံးဝ အောင်မြင်ပြီ ဖြစ်၍ ထိုကျောင်းကို အပိုင်စီးကာ တပါးတည်း ကြိုက်သလို နေထိုင်လေတော့သည်။ ဆွမ်းခံရွာမှ လူများအားလည်း မထေရ်နှစ်ပါး အချင်းများ၍ ကျောင်းမှ ထွက်ခွာသွားကြကြောင်း၊ မိမိက တားသော်လည်း မရကြောင်းများကို ယုံကြည်အောင် လှည့်ပတ် သွယ်ဝိုက်၍ ပြော၏။ သို့သော်လည်း စဉ်းစားဉာဏ်ရှိသူများကမူ ဓမ္မကထိက ရဟန်း၏ လက်ချက်ပင်ဖြစ်ကြောင်း ရိပ်မိကြလေသည်။

တပါး တနေရာဆီ ထွက်ခွာခဲ့ကြသော မထေရ်နှစ်ပါးတို့သည် ရောက်ရာအရပ်၌ သင့်တော်သလို နေထိုင်ကြ၏။ ယင်းသို့ နေထိုင်ကြသော်လည်း ယခင်ကကဲ့သို့ စိတ်ချမ်းသာမှုကား မရတော့ချေ။ မိမိတို့၏ အဖြစ်အပျက်များကို မကြာခဏ ပြန်လည် သတိရပြီး စိတ်ထိခိုက်နေကြ၏။ နှစ်ပေါင်းများစွာ အတူ နေခဲ့ကြသူများ ဖြစ်ပါလျက် မိမိအား နည်းကြည်းဘွယ်စကား များကို ပြောရက်လေခြင်းဟူ၍ တပါးအပေါ်တပါး စိတ်နာ နေကြ၏။

ထိုမထေရ်နှစ်ပါးတို့သည် ဤသို့ တကွဲတပြားစီ လှည့်လည် နေထိုင်ရာမှ နှစ်ပေါင်းများစွာ ကြာသောအခါ ကျောင်း တကျောင်း၌ အမှတ်မထင် ဆုံမည်းမိကြလေသည်။ ထိုကျောင်း သို့ မထေရ်ကြီးက ရှေးဦးစွာ ရောက်ရှိနေပြီး မထေရ်ငယ်က နောက်မှ ဆိုက်ရောက်လာခြင်း ဖြစ်၏။ ကျောင်းနေ ရဟန်းတို့ သည် အာဂန္တုမထေရ်နှစ်ပါးအား ကျောင်းဆောင်တခုတည်း၌ တည်းခိုရန် နေရာ ချထားကြ၏။ မထေရ်နှစ်ပါးတို့သည် တပါး နှင့် တပါး မမြော်လင့်ဘဲ တွေ့ဆုံမိကြသောအခါ ရုတ်တရက် စကားပင် မဆိုနိုင်ဘဲ ငေးငိုင်နေကြ၏။ ထို့နောက် တချိန်က

အလွန်ခင်မင်ရင်းနှီးခဲ့ပုံများကို ပြန်တွေးမိပြီး ဝမ်းနည်းဝမ်းသာ ဖြစ်ကာ မျက်ရည်များ တွေတွေ စီးလာကြ၏။

အတန်ငယ်ကြာသောအခါကျမှ မဒေထရ်ငယ်က မထေရ်ကြီး အား ရှိခိုး၍ စကား စတင်ဆိုလေ၏။

"အရှင်ဘုရားနဲ့ တပည့်တော် နှစ်ပေါင်းများစွာ အတူနေခဲ့ ကြရာမှာ တပည့်တော်ရဲ့ မသင့်တော်တဲ့ အပြုအမူ တစုံတခုကို အရှင်ဘုရား တွေ့မြင်ခဲ့ဘူးပါသလား"

"မတွေ့မြင်ခဲ့ပါဘူး ငါ့ရှင်"

"ဒီလို မတွေ့မြင်ခဲ့ဘူးပါဘဲနဲ့ ဓမ္မကထိကရဟန်းအား တပည့် တော်နဲ့ မပေါင်းနဲ့လို့ ဘာ့ကြောင့် ပြောဆိုခဲ့ပါသလဲဘုရား"

"သူ့ကို ငါ ဒီလို မပြောခဲ့ဘူး ငါ့ရှင်၊ သင်ကသာ ငါ့ကို ဒီလိုပြောတဲ့အကြောင်း ဓမ္မကထိကဆီက သိရတယ်"

ဤမျှ စကားဆိုမိရုံဖြင့်ပင် ဓမ္မကထိက၏ သွေးထိုးမှုကြောင့် တပါးနှင့်တပါးအထင်မှားခဲ့မိကြပုံမှာ ဘွားဘွားပေါ်လာတော့ ၏။ ထို့ကြောင့် မထေရ်နှစ်ပါးတို့သည်အချင်းချင်းဝန်ချ တောင်း ပန်၍ ချက်ခြင်းပင် ပြန်လည် သင့်မြတ်သွားကြ၏။ ထို့နောက် နှစ်ပါးသဘောတူ တိုင်ပင်၍ မူလကျောင်းဟောင်းသို့ ပြန်သွား ကြ၏။ ထိုကျောင်းကို အပိုင်စီးထားသည့် ဓမ္မကထိကရဟန်းမှာ လည်း မထေရ်နှစ်ပါးကို မြင်လျှင် မနေဝံ့တော့သဖြင့် ထိုကျောင်းမှ အမြန်ဆုံး ထွက်ခွာသွားလေတော့သည်။

ဓမ္မကထိက ရဟန်းသည် နှစ်ပေါင်းများစွာ ရဟန်းတရားကို အားထုတ်ခဲ့သော်လည်း မထေရ်နှစ်ပါး စိတ်ဝမ်းကွဲပြားအောင် ခြေထိုးခဲ့မိသော မကောင်းမှုကြောင့် သေလွန်သည့်အခါ အဝီစိ ငရဲသို့ ကျရောက်လေ၏။ ငရဲမှ လွတ်ပြီး နောက်တွင်သော်၊

ဂိဇ္ဈကုဋ်တောင်ထက်၌ ဝက်ပြိတ္တာဖြစ်၍ ဘဝဝဋ်ကြွေးကို ခံစားနေရရှာလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အသက်ပါ ဝက်ပြိတ္တာ၏ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း ဟောကြားတော်မူ၏။ ထို့နောက် "ရဟန်းဟူသည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်စည်းသင့်ကြောင်း" မိန့်ကြားဆုံးမ၍ တရားပွဲ နိဂုံးချုပ်တော်မူလေသည်။

[မဂ္ဂဝဂ်၊ သူကရပေတဝတ္ထု]



# အဖြေမှန်

တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် အာဠဝီပြည်သို့ ကြွရောက်၍ အဂ္ဂါဠဝ စေတီအနီး၌ သီတင်းသုံးနေ၏။ အာဠဝီမြို့သားတို့သည် ရဟန်းသံဃာအပေါင်းနှင့်တကွ ဗုဒ္ဓအား ပင့်ဖိတ်၍ အလှူအတန်းများ ပြုလုပ်ကြ၏။ ဗုဒ္ဓသည် ထိုအလှူပွဲများ၌ မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုသာ ထပ်တလဲလဲ ဟောကြား၏။ မွေးလာလျှင် သေကြရမည်။ သေဘေးကို မည်သူမျှ ရှောင်လွှဲ၍မရ။ ဤသဘောတရားကို လူတိုင်းပင် ကိုယ်ပိုင် အသိဉာဏ်နှင့် ယှဉ်၍ ဆင်ခြင်ပွားများထားသင့်၏။ သို့မှသာ သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်နိုင်မည်။ ဤကား ဗုဒ္ဓဟောကြားချက်၏ လိုရင်းအနှစ်သာရ ဖြစ်ပေသည်။

ထိုတရားကို ကြားနာရသော မြို့သူမြို့သားတို့သည် ကြားနာရဆဲအချိန်၌ စိတ်ပါဝင်စားသလို ရှိကြသော်လည်း နောက်ပိုင်း

တွင်မူ မိမိတို့ အလုပ်ကိစ္စဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြ၏။ရက်ကန်းသည်တဦး၏ သမီးဖြစ်သော တဆယ့်ခြောက်နှစ်အရွယ် သတို့သမီးငယ်ဘယောက်ကား အဆိုပါ မရဏာနုသာတိကမ္မဋ္ဌာန်းကို အထူး စိတ်ဝင်စားလျက် နေ့စဉ်မပျက် ဆက်လက်ပွားများ၍ နေ၏။

ယင်းသို့ ပွားများနေရာမှ သုံးနှစ်ခန့် ကြာသောအခါ ဗုဒ္ဓသည် နောက်တကြိမ် အာဠဝီမြို့သို့ ကြွရောက်လာပြန်၏။ ရက်ကန်းသည်၏ သမီးပျိုသည် ထိုသတင်းကို ကြားသိလျှင် ဗုဒ္ဓထံသို့ သွားရောက်ဖူးမြင်ရန် ကြံစည်လေ၏။ သို့သော်လည်း ထိုနေ့တွင် ဘခင်ဖြစ်သူက အယည်စတခုကို အရေးတကြီး ရက်ရန်ရှိ၍ ရက်ဖောက်လုံးမျ ားကို ရောက်နေရသောကြောင့် ရတ်တရက်မသွားနိုင်ချေ။ ရက်ဖောက်လုံးများကို ရောက်ပြီးနောက် ဘခင်၏ရက်ကန်းရုံသို့ ပို့ရန် ထွက်လာခဲ့ရာ ဗုဒ္ဓ သီတင်းသုံးသည့်ကျောင်းအနီးသို့ရောက်လာ၏။

ထိုအချိန်တွင် ဗုဒ္ဓသည် တရားဟောရန် ပရိသတ် အလယ်၌ထိုင်နေ၏။ ရက်ကန်းသည်၏ သမီးပျိုသည် ပထမဦးစွာ ရက်ဖောက်လုံးများကို ဘခင်ထံ ပို့ပြီးမှ ဗုဒ္ဓထံ သွားရန် အကြံနှင့်အိမ်မှ ထွက်လာခြင်း ဖြစ်၏။ သို့သော်လည်း လမ်းပေါ်မှနေ၍ဗုဒ္ဓအား လှမ်း၍မြင်လိုက်သောအခါ မိမိ၏ အလုပ်ကိစ္စကို သတိမထားနိုင်တော့ဘဲ ဗုဒ္ဓထံသို့သာ ချက်ခြင်း ခြေဦးလှည့်မိလေတော့၏။

ရက်ဖောက်တောင်းကိုရွက်၍ တဒယောက်တည်း ဝင်လာသောမိန်းမပျိုကလေးကို ဗုဒ္ဓနှင့်တကွ ပရိသတ်များက စိတ်ဝင်စားစွာကြည့်ရှုနေကြ၏။ မိန်းမပျိုကား ကြောက်ရွံ့ တွန့်ဆုတ်ခြင်း

အလျှင်း မရှိဘဲ ရက်ဖောက်တောင်းကို ခေါင်းမှ ချ၍ ပရိသတ်အစွန်၌ ထိုင်ပြီးလျှင် ဗုဒ္ဓအား ရှိခိုးကန်တော့လေသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရက်ကန်းသည်၏ သမီးပျိုအား နှုတ်ခွန်းဆက်သည့်အနေဖြင့် ဤသို့ မေးမြန်းတော်မူလေသည်။

"ချစ်သမီး၊ သင် ဘယ်ကလာသလဲ"

"တပည့်တော် မသိပါဘုရား"

"ဘယ်ကိုသွားမလို့လဲ ချစ်သမီး"

"ဒါလဲ တပည့်တော် မသိပါဘုရား"

"သင် မသိဘူးလား"

"တပည့်တော် သိပါတယ်ဘုရား"

"သင် သိသလား"

"မသိပါ ဘုရား"

ဗုဒ္ဓအမေးနှင့် မိန်းမပျို၏ ပဟေဠိဆံသောအဖြေကို ကြားရသောအခါ တရားနာ ပရိသတ်အတွင်း၌ သို့လော၊ သို့လော ဖြစ်လာကြ၏။ "ဒီမိန်းကလေးဟာ စိတ်မှ နှံ့ပါလေစ"ဟူ၍လည်း တချို့က တီးတိုးစကား ပြောလာကြ၏။ ထို့ကြောင့် ဗုဒ္ဓက မိန်းမပျိုအား သူ၏အဖြေကို ထပ်၍ ရှင်းလင်းရန် မိန့်ကြားရပြန်၏။

"ချစ်သမီး၊ သင် ဘယ်ကလာသလဲ၊ ဘယ်ကို သွားမလဲလို့ မေးတဲ့အခါ ဘာ့ကြောင့် တပည့်တော် မသိပါလို့ ဖြေကြားသလဲ"

"တပည့်တော် အိမ်ကလာပြီး ရက်ကန်းရုံသို့ သွားမည်ဆိုတာကို လူတိုင်းပင် သိကြပါတယ်။ ဘယ်ဘဝကနေပြီး လူ့အဖြစ် ရောက်လာတယ်။ သေရင်လဲ ဘယ်ဘဝကို ရောက်မယ်

ဆိုတာကိုတော့ တပည့်တော် မသိပါ။ဒါကြောင့်မို့ တပည့်တော် မသိပါလို့ ဖြေကြားခဲ့ခြင်း ဖြစ်ပါတယ်ဘုရား"

"သင် မသိဘူးလားလို့ မေးတဲ့အခါ တပည့်တော် သိပါတယ်လို့ ဖြေပြီး၊ သင်သိသလားလို့ မေးတဲ့အခါကျတော့ တပည့်တော် မသိပါလို့ ဖြေတာက ဘယ်လို အဓိပ္ပာယ်လဲ ချစ်သမီး"

"တနေ့နေ့မှာ မလွဲမသွေ သေရမယ်ဆိုတာ တပည့်တော်သိလို့ တပည့်တော် သိပါတယ်လို့ ဖြေကြားခဲ့ခြင်း ဖြစ်ပါတယ်။ သို့ပေမယ့် ဘယ်နေ့ဘယ်အချိန်မှာ ဘယ်လိုသေရမယ်ဆိုတာကိုတော့ မသိပါ။ ဒါ့ကြောင့် သင် သိသလားလို့မေးတဲ့အခါ မသိပါလို့ ဖြေကြားခဲ့ခြင်း ဖြစ်ပါတယ်ဘုရား"

ဤသို့ ရှင်းလင်းလျှောက်ထားသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် "ဤမိန်းကလေးကား အဓိပ္ပာယ် လျို့ဝှက်သော မေးခွန်းများကို မှန်ကန်စွာ ဖော်ထုတ် ဖြေကြားနိုင်ပေ၏"ဟူ၍ ချီးကျူးစကား မိန့်ကြားတော်မူ၏။ ပရိသတ်များမှာလည်း တအံ့တသြ ဖြစ်သွားကြလေသည်။ ထို့နောက်တဖန် ဗုဒ္ဓရှင်တော်မြတ်က "အမိုက်မှောင် ဖုံးလွှမ်းနေသည့် ဤလောကကြီး အတွင်း၌ အနည်းငယ်သော သူများသည်သာလျှင် အမှန်တရားကို သိမြင်ကြ၏။ ပိုက်ကွန်တွင်း၌ ဖမ်းမိသော ငှက်များတွင် မုဆိုးလက်မှ လွတ်သည့် ငှက်အနည်းငယ်သာ ရှိသကဲ့သို့ နတ်ပြည်သို့ ရောက်သော သတ္တဝါများမှာလည်း အနည်းငယ်မျှသာ ရှိပေ၏" ဟူ၍ ဟောကြားတော်မူလေသည်။

ရက်ကန်းသည်၏ သမီးပျိုသည် ဗုဒ္ဓ၏တရားကို ကြားနာရလျှင် သံစွာလေးပါးကို သိမြင်သွားလေ၏။ ထို့နောက် သူမသည် ဗုဒ္ဓအား ရှိခိုးပြီး ဘခင်၏ရက်ကန်းရုံသို့ ဆက်လက် ထွက်

ခွာခဲ့လေသည်။ ရက်ကန်းရုံသို့ သူမ ရောက်ရှိသွားချိန်တွင် သူမ၏ ဘခင်သည် ရက်ကန်းစင်၌ ထိုင်လျက်သား အိပ်ပျော်နေ၏။ သူသည် ရက်ဖောက်တောင်း ချသံကြောင့် ရုတ်တရက် လန့်နိုးလာပြီး လွန်းကို ဆွဲလိုက်ရာ ထိုလွန်း၏ အဖျားသည် သမီး၏ ရင်ဘတ်ကို သွား၍ ထိုးမိလေသည်။ သူမသည် ယင်းဒဏ်ရာဖြင့်ပင် သေလွန်၍ တုသိတာနတ်ပြည်သို့ ဆိုက်ရောက်သွားလေသည်။

သူမ၏ဘခင်ကား သမီးအတွက် ပြင်းပြသော စိတ်သောကဝေဒနာဖြင့် မဖြေနိုင်အောင် ရှိခလေ၏။ ထို့ကြောင့် စိတ်သက်သာမှု ရရှိရန်အတွက် ဗုဒ္ဓထံသို့သွား၍ "ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ တပည့်တော်၏ စိတ်သောကဝေဒနာကို သက်သာပျောက်ကင်းအောင် ကူညီတော်မူပါ"ဟူ၍ လျှောက်ထား တောင်းပန်လေသည်။ ဗုဒ္ဓက "ဒါယကာ၊ သံသရာဘဝ အဆက်ဆက်၌ သမီးမသ၍ ငိုကြွေးခဲ့ရသော သင့်မျက်ရည်တို့ကား သမုဒ္ဒရာရေမျှပင် မကတော့ပြီ"စသည်ဖြင့် ဖြေသိမ့်စကား မိန့်ကြားတော်မူ၏။

ရက်ကန်းသည်လည်း ဗုဒ္ဓ၏ တရားစကားကြောင့် စိတ်သောက ဝေဒနာမှ သက်သာမှု ရရှိပြီး ဗုဒ္ဓထံ၌ ရဟန်းပြုလေသည်။ ထို့နောက် ကမ္မဋ္ဌာန်းတရားကို အားထုတ်သဖြင့် မကြာမီပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေတော့သည်။

[လောကဝဂ်၊ ပေသကာရဓီတာဝတ္ထု]

# အကာအကွယ်

ရာဇဂြိုဟ်ပြည်၌ တိဿနှင့် ဒတ္တအမည်ရှိသော ကလေးသူငယ် နှစ်ယောက်တို့သည် အိမ်နီးချင်း ကစားဖော် ကစားဖက်များ ဖြစ်ကြ၏။ အသက်အရွယ်အားဖြင့် နှစ်ယောက်လုံး ဆယ်နှစ်ကျော်မျှသာ ရှိကြသေး၏။ တိဿ၏ မိဘများသည် ဗုဒ္ဓအား ကိုးကွယ်ဆည်းကပ်သူများ ဖြစ်၏။ ဒတ္တ၏ မိဘများကား တိတ္ထိ ရဟန်းတို့၏ တပည့်သာဝကများ ဖြစ်ကြသည်။

တိဿသည် ဒတ္တနှင့်အတူ ဂုံညင်းကစားသည့်အခါ "နမော ဗုဒ္ဓဿ=ဗုဒ္ဓအား ရှိခိုးပါ၏" ဟု နှုတ်မှ မြွက်ဆို၍ ကစားလေ့ရှိ၏။ ဒတ္တကမူ "နမော အရဟန္တာနံ=ရဟန္တာကြီးများအား ရှိခိုးပါ၏" ဟု ဆို၍ ကစားလေ့ရှိသည်။ ယင်းသို့ ကစားသည့်အခါတိုင်းလည်း တိဿကသာ အနိုင်ရလေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ဒတ္တကလည်း အဆိုပါ "နမော ဗုဒ္ဓဿ" ဂါထာကို ရွတ်ဆိုခြင်း ပြုခဲ့သည်။

တနေ့သ၌ ဒတ္တသည် ဘခင်ဖြစ်သူနှင့်အတူ တောသို့ထင်းခုတ်ရန် လိုက်သွား၏။ တနေ့တာ ခုတ်၍ရရှိသည့် ထင်းများကို လှည်းဖြင့်တင်ဆောင်၍ သားအဘနှစ်ယောက် ပြန်လာကြရာ မြို့ပြင်ဘက် သုသာန်အနီးသို့ ရောက်လျှင် အရိပ်ကောင်းသော ညောင်ပင်ကြီးတပင်ကို တွေ့မြင်ကြသည်။

ထိုအခါ လှည်းကိုရပ်တန့်၍ ညောင်ပင်အောက်၌ ထမင်းစားရင်း အနားယူကြသည်။ နွားနှစ်ကောင်ကိုလည်း မြက်စားရေသောက်ရန် ခေတ္တ လွှတ်ထားကြသည်။ ထမင်းစားပြီးနောက် သားအဘနှစ်ယောက်သည် မောမောပန်းပန်းဖြင့် အတန်ငယ် အိပ်ပျော်သွားကြသည်။

အိပ်ရာမှ နိုးသောအခါကား နေအတော် စောင်းနေလေပြီ။ နွားနှစ်ကောင်ကိုလည်း အနီးအနား၌ မတွေ့ရတော့ချေ။ ထို့ကြောင့် ဒတ္တ၏ဘခင်သည် စိုးရိမ်တကြီးဖြင့် နွားများကို လိုက်လံရှာဖွေလေသည်။ သူ့နွားများမှာ နွားအုပ်တအုပ်နှင့်ရော၍ မြို့ထဲသို့ လိုက်ပါသွားကြောင်း သိရှိရသဖြင့် သူသည်လည်း မြို့ထဲသို့ လိုက်သွား၏။ မြို့ထဲ၌ သူ့နွားများကို ဖမ်းဆီးရမိခဲ့သော်လည်း မြို့တံခါး ပိတ်ထားပြီဖြစ်၍ ထိုနေ့ည၌ သူသည် မြို့ပြင်သို့ မထွက်နိုင်တော့ပေ။

ညောင်ပင်အောက်၌ တယောက်တည်း ကျန်ရစ်ခဲ့သော ဒတ္တကား ဘခင် လာနိုးလာနိုးဖြင့် တမြော်မြော်ဖြစ်နေရှာ၏။ နေဝင်၍ အမှောင်ထု လွှမ်းမိုးလာသည့်တိုင်အောင် သူ့ဘခင်ကား ပေါ်မလာသေး။ လရောင်ကင်းသောညဖြစ်၍ ညောင်ပင်ကြီးအောက်၌ ဘာကိုမျှ မမြင်ရအောင် မှောင်မိုက်နေ၏။ အနီးရှိ သုသာန်မှ တောခွေးတို့၏ အူသံများကိုလည်း အတိုင်းသား

ကြားနေရ၏။ ဤသို့ တုန်လှုပ်ချောက်ချားဘွယ်ကောင်းလှသော အခြေအနေတွင် တယောက်တည်းဖြစ်နေပါက လူကြီးများပင် အသဲမယားဘဲ နေနိုင်သည်မဟုတ်။ သို့သော်လည်း အသက် ဆယ် နှစ်အရွယ်မျှသာ ရှိသေးသော ဒတ္တကားကြောက်ရမှန်းလန့်ရမှန်း ပင် ကောင်းစွာ မသိသေးချေ။ ထို့ကြောင့် သူသည် အပူအပင် ကင်းမဲ့စွာဖြင့်ပင် လှည်းအောက်၌ ပုဆိုးတထည်ကို ခင်း၍ အိပ်လေသည်။

ယင်းသို့ တယောက်တည်းအိပ်နေသည်ကို ညအခါ သုသာန် အနီး၌ လှည့်လည်၍ အစာရှာသော ဘီလူးနှစ်ကောင်တို့ တွေ့မြင် သွားကြသည်။ ဘီလူးတကောင်က "ဒီကလေးကို ဖမ်း၍ စားကြ စို့"ဟု ဆိုလျှင် သူ့အဖော်က မလုပ်ရန် တားသည်။ သို့သော် ထိုဘီလူးသည် အဖော်၏စကားကို နားမထောင်ဘဲ ဒတ္တ၏ ခြေ ထောက်ကို သွား၍ ဆွဲလေသည်။ ဒတ္တသည် ရုတ်တရက် လန့်နိုး လာပြီး သူ့နှုတ်မှ "နမော ဗုဒ္ဓဿ၊ နမော ဗုဒ္ဓဿ"ဟု ထပ် တလဲလဲ ရွတ်ဆို၏။ ခြေထောက်ကို ဆွဲမိသော ဘီလူးသည် အလွန် အမင်း ထိတ်လန့်ကြောက်ရွံ့လျက် နောက်သို့ ချက်ခြင်း ဆုတ် သွား၏။

ထိုအခါ သူ၏ အဖော်ဘီလူးက "သင်သည် မပြစ်မှားသင့်သူ ကို ပြစ်မှားခဲ့၏။ ထိုအပြစ် ပြေပျောက်စေရန် ဒဏ်ဆောင်ရမည်" ဟု ဆို၏။ "မည်သည့်ဒဏ်ကို ဆောင်ရမည်နည်း"ဟု မေးလျှင် "ဤကလေး စားရန်အတွက် ဘုရင့်နန်းတော်တွင်းမှ ပွဲတော်အုပ် ကို ယူဆောင်ပေးရမည်"ဟု ပြောကြားလေသည်။ ထိုဘီလူး သည် မိမိတန်ခိုးဖြင့် ဘုရင့်နန်းတော်တွင်းသို့ ဝင်၍ ပွဲတော်အုပ် ကို ယူဆောင်လာပြီး ဒတ္တအား ကျွေးလေ၏။ ဒတ္တကား ထို

အကြောင်းများကို မသိ။ မိဘနှစ်ပါးက သူ့အား လာရောက်ကျွေးမွေးသည်ဟုသာ မှတ်ထင်ခဲ့၏။

နောက်တနေ့ နံနက်တွင် ဘုရင့်နန်းတော်တွင်းမှ ပွဲတော်အုပ်ပျောက်သဖြင့် ပွက်ပွက်ညံ၍ နေလေသည်။ မင်းချင်းယောကျ်ားတို့သည် နန်းတွင်း၌ အနှံ့အပြား ရှာဖွေကြသော်လည်း အစအန မတွေ့သောကြောင့် မြို့တွင်းသို့ ထွက်၍ ရှာကြပြန်သည်။ ဒတ္တ၏ဘခင်ကား နံနက်စောစောကပင် နွားနှစ်ကောင်နှင့်အတူ ပြန်ရောက်လာခဲ့၏။ ဒတ္တသည် ညက အဖြစ်အပျက်ကို သူ့ဘခင်အား ပြောပြရာ ဘခင်မှာ အံ့သြမဆုံး ရှိလေသည်။

ထို့နောက် သားအဘ နှစ်ယောက်တို့သည် ထင်းလှည်းကို မောင်းနှင်ကာ မြို့ထဲသို့ ဝင်လာကြသည်။ ပွဲတော်အုပ်ရှာသော မင်းချင်းယောကျ်ားတို့သည် မြို့တံခါးဝ၌ စောင့်၍ ဝင်သူ ထွက်သူများကို ရှာဖွေစစ်ဆေးကြသည်။ ဒတ္တတို့လှည်းကို ရှာဖွေသောအခါ လှည်းပေါ်၌ တင်ဆောင်လာသည့် ပွဲတော်အုပ်ကို အလွယ်တကူဖြင့်ပင် တွေ့ရှိသွားကြသည်။ ထို့ကြောင့် သားအဘ နှစ်ယောက်လုံးကို ဖမ်းဆီး၍ ဗိမ္ဗိသာရ မင်းကြီးထံ ခေါ်ဆောင်သွားကြ၏။

"ဒီပွဲတော်အုပ်ကို သင်တို့ ဘယ်ကရသလဲ"

ဤသို့ မင်းကြီးက မေးမြန်းစစ်ဆေးသောအခါ ဒတ္တသည် ညက အဖြစ်အပျက်ကို မကြောက်မရွံ့ ခဲ့ံ့ဝံ့စွာ ပြန်ပြောင်းလျှောက်တင်လေသည်။

"အရှင်မင်းကြီး၊ ညက သြောင်ပင်အောက်၌ ကျွန်ုပ်တယောက်တည်း အိပ်ပျော်နေစဉ် တစုံတယောက်က ခြေထောက်ကို လာ၍ ဆွဲသောကြောင့် လန့်နိုးခဲ့ပါသည်။ 'နမော

ဗုဒ္ဓသို၊ နမော ဗုဒ္ဓါယ’ဟု ရွတ်ဆိုလိုက်သောအခါ ထိုသူ ပျောက်ကွယ်သွားပါသည်။ ထို့နောက် မကြာမီပင် လူနှစ်ယောက်လာပြီး ဤပွဲတော်အုပ်ဖြင့် ကျွန်ုပ်အား ထမင်းကျွေးကြပါသည်။ ကျွန်ုပ်ကား အိပ်ချင်မူးတူးဖြစ်နေသောကြောင့် မိဘများကပင် လာရောက်ကျွေးမွေးသည်ဟု မှတ်ထင်ခဲ့ပါသည်။ ထမင်းစားပြီးနောက် ကျွန်ုပ်လည်း ချက်ခြင်း အိပ်ပျော်သွားခဲ့ပါသည်။”

ဗိမ္ဗိသာရမင်းကြီးကား သောတာပန်အဆင့်သို့ပင် ရောက်ပြီးသော ဗုဒ္ဓ၏ တပည့်သာဝကတဦး ဖြစ်၏။ ထို့ကြောင့် ဒတ္တ၏ လျှောက်တင်ချက်ကို ကြားရလျှင် အဖြစ်မှန်ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဒတ္တတို့အား တစုံတရာ အရေးယူခြင်းမပြုဘဲ ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်သွားသည်။ ဒတ္တ၏ မိခင်သည်လည်း ထိုသတင်းကို ကြားသိရသဖြင့် နောက်မှ လိုက်သွား၏။

ကျောင်းတော်သို့ ရောက်သောအခါ မင်းကြီးက ဒတ္တ၏ အဖြစ်အပျက်ကို ဗုဒ္ဓအား လျှောက်ကြား၏။ ဗုဒ္ဓက ဗုဒ္ဓ၊ ဓမ္မ၊ သံဃဂုဏ်များကို ဆင်ခြင်အောက်မေ့ခြင်းသည် အကောင်းဆုံးသော အကာအကွယ်ဖြစ်ကြောင်း မိန့်ကြား၍ တရားဟောတော်မူလေ၏။

တရားအဆုံး၌ ဒတ္တသည် မိဘနှင့်ပါးနှင့်အတူ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သွားလေ၏။ ထို့နောက် သူတို့သုံးဦးလုံးပင် သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုကြရာ အရဟတ္တဖိုလ်အထိ ဆိုက်ရောက်ခဲ့ကြလေသည်။

[ပကိဏ္ဏကဝဂ်၊ ဒါရုသာကဋိကပုတ္တ ဝတ္ထု]



# စိဉ္စမာဏာ

"စိဉ္စမာဏာ"

သူမကား အမည်အားဖြင့် လှပဘိသကဲ့သို့ ရုပ်အဆင်းအား ဖြင့်လည်း ဆွဲဆောင်မှု အပြည့်ရှိသော သာဝတ္ထိ၏ သမီးပျို တဦးဖြစ်၏။ သို့သော်လည်း သူမ၏ ဘဝဇာတ်ကြောင်းကား များစွာ မကောင်းလှချေ။

သူမတွင် မိဘအရင်းအချာမရှိ။ မွေးစားမိဘများသာရှိ၏၊

သာဝတ္ထိမြို့မှ အတော်အတန် ကြွယ်ဝချမ်းသာသော သူကြွယ် ဇနီးမောင်နှံတို့သည် အစိရဝတီမြစ်ဆိပ်သို့ ရေချိုး သွားကြစဉ် လမ်းဘေးရှိမန်ကျည်းပင်ကြီးတပင်အောက်၌ မွေးကင်းစကလေး ငယ်တယောက်ကို အမှတ်မထင် တွေ့ရှိကြလေ၏။ ကလေးငယ် ကား မိန်းကလေးတည်း။ သားသမီးတယောက်မျှ မရှိသူများ ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြင့် ထိုမိန်းကလေးကို ကောက်ယူ

မေးစားခဲ့ကြ၏။ မန်ကျည်းပင်အောက်မှ ကောက်ယူရရှိခဲ့သည်ကို အကြောင်းပြု၍ "စိဉ္စမာဏ"ဟု အမည်ပေး ကင်ပွန်းတပ်လိုက်ကြ၏။

စိဉ္စမာဏသည် အချိန်တန် အရွယ်ရောက်၍ အပျိုပေါက်ဖြစ်လာသည့်အခါ ထူးခြားသော အလှပိုင်ရှင်တဦး ဖြစ်လာ၏။ အချို့ကမူ သူမသည် မန်ကျည်းပင်တွင် သန္ဓေယူခဲ့သည့် "သံသေသူကလေး"ဖြစ်ခြင်းကြောင့် သာမန်မိန်းမပျိုများထက် အလှပိုခြင်း ဖြစ်သည်ဟု ပြောဆိုကြ၏။

စိဉ္စမာဏကား အလှဂုဏ်အားဖြင့်သာ ထူးခြားထင်ပေါ်သည် မဟုတ်။ ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ယောဂီရောင်အဝတ်ကို ဝတ်ဆင်လျက်· ဘာသာတရားကို ရှိသေ ကိုင်းရှိုင်းသူကလေးတဦး အဖြစ်ဖြင့်လည်း လူသိများနေပေ၏။

စိဉ္စမာဏ ဆည်းကပ်ကိုးကွယ်သည့် ဘာသာတရားကား ထိုအချိန်က သာဝတ္ထိပြည်၌ တန်ခိုးကြီးနေသည့် တိတ္ထိဂိုဏ်းကြီး ၆ ခု အနက်မှ တခုသော တိတ္ထိဂိုဏ်းကြီးဖြစ်၏။

စိဉ္စမာဏသည် မွေးစားမိဘများမှ ဆက်နွယ်၍ထိုတိတ္ထိရဟန်းများနှင့် ငယ်စဉ်ကပင် ရင်းနှီးခဲ့၊ အကျွမ်းဝင်ခဲ့၏။ သူမတို့အိမ်လည်း တိတ္ထိရဟန်းပဲ့၏ စားအိမ်သောက်အိမ်ဖြစ်ပေရာ ယင်းတို့နှင့် နေ့စဉ် ထိတွေ့နေရသော စိဉ္စမာဏသည် တိတ္ထိရဟန်းတို့၏ "တပည့်မလေး"အဖြစ်သို့ စောစီးစွာ ရောက်ရှိခဲ့လေသည်။

နိဒါန်းစပ်၌ကို အကြောင်းပြု၍ ဆရာရင်း တပည့်ရင်း အဖြစ်သို့ ရောက်ရှိလာခဲ့သူ ဖြစ်သည့်အတိုင်း စိဉ္စမာဏသည် တိတ္ထိတို့၏ တရားမှေမှားသည်၊ မှန်သည်ကို ဝေဖန်စပ်ကြားခြင်း မပြုဘဲ တဖက်သတ် ယုံကြည်ကိုးကွယ်၍ နေခဲ့၏။ တိတ္ထိတို့၏ကျောင်းသို့

နေ့စဉ်သွား၍ ပြုဘွယ်ရှိသည့် ဝေယျာဝစ္စများကို မညည်းမညူ ပြုလုပ်ဆောင်ရွက်လေ့ရှိ၏။ ငယ်ရွယ်နုပျိုသူဖြစ်၍ တက်တက်ကြွ ကြွရှိလှသော တပည့်မတဦးအား တိတ္တိဘိုကလည်း အလူးပင် အရေးပေးကြ၏။ အားကိုးအားထားလည်း ပြုကြ၏။

တခုသော ညနေခင်း၌ စိဥ္စမာဏသည် တိတ္တိကျောင်းသို့ သွား၍ တိတ္တိတို့အား ရှိခိုးကန်တော့လေ၏။ အခါတိုင်း ပျူပျူ ငှာငှာရှိလှသော တိတ္တိတို့သည် ထိုနေ့တွင်မူ မိမိအား နှုတ်ဆက် စကားပင် မဆိုဘဲ သုန်သုန်မှုန်မှုန် ဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရှိရလေသည်။ ထို့ကြောင့် မိမိတွင် အပြစ်တစုံတခု ရှိလေ သလောဟူသော သံသယဖြင့် စိဥ္စမာဏသည် ဤသို့မေးလျှောက် လေသည်။

"အရှင်မြတ်တို့ တပည့်တော်မ အပေါ်မှာ ဘယ်လို မကျေ နပ်စရာများ ရှိပါသလဲ။ ဘာ့ကြောင့် စကားမဆိုဘဲ နေကြပါ သလဲ"

"ချစ်နှမ၊ ရဟန်းဂေါတမဟာ ငါတို့အပေါ်မှာ အနိုင်ယူပြီး ငါတို့ကိုဒုက္ခရောက်အောင်လုပ်နေတာ သင်မသိဘူးလား။ ဒါကို မသိကျိုးကျွံပြုနေတာဟာ သင့်အပြစ်ဘဲပေါ့"

"ဒီကိစ္စမှာ တပည့်တော်မက ဘယ်လို လုပ်ပေးရမယ်ဆိုတာ အမိန့်ရှိကြ စေချင်ပါတယ်ဘုရား"

"ရဟန်းဂေါတမကို လူတွေအကြည်ညိုပျက်အောင် လုပ်နိုင် မှ တို့သက်သာမယ်။ ဒီကိစ္စကိုလဲ နှမဘဲ တာဝန်ယူနိုင်လိမ့်မယ်လို့ တို့ ယုံကြည်ပါတယ်"

"ဒီလောက်ဆိုရင် တပည့်တော်မ နားလည်ပါပြီ။ အရှင် ဘုရားတို့ စိတ်အေးလက်အေး နေကြပါ"

အကင်းပါးသော စိဥ္စမာဏသည် တထွာပြရုံဖြင့် တတောင် မြင်သူဖြစ်၏။ တိတ္တိတို့၏ အရိပ်အမြွက်စကားဖြင့်ပင် မိမိဘာလုပ်ရမည်ကို ကောင်းစွာ သဘောပေါက်ပြီး ဖြစ်လေသည်။ သို့ဖြစ်၍ တိတ္ထိတို့အား နှစ်သိမ့်စကား ပြောကြားပြီး အိမ်သို့ အေးအေးဆေးဆေးစွာ ပြန်ခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အနာထပိဏ်သူဌေး၏ ပင့်ဖိတ်ချက်ဖြင့် ခြောက်ဝါအလွန် ခုနစ်ဝါမြောက် ကာလ၌ သာဝတ္ထိပြည်သို့ကြွရောက်ခဲ့၏။ သာဝတ္ထိပြည်၌ တချိန်က တန်ခိုးကြီးခဲ့သောတိတ္ထိရဟန်းတို့သည် ဗုဒ္ဓကြွရောက်လာသည့်အချိန်မှ စ၍ တဖြည်းဖြည်းတန်ခိုးမှိန်လာခဲ့ကြ၏။ ကောသလမင်းကြီးနှင့်တကွ အနာထပိဏ်ဝိသာခါစသည့် သူဌေးသူကြွယ်များကလည်း ဗုဒ္ဓကိုသာ ကိုးကွယ်ဆည်းကပ်လာကြ၏။ တိတ္ထိတို့ကား နေထွက်လာသည့် အချိန်၌ ပိုးစိန်းကြူးများ အရောင်မတောက် နိုင်တော့ဘိသကဲ့သို့ ရှိကြလေသည်။

ထိုအခါ တိတ္ထိတို့သည် နေ့စဉ် စားသောက်ရေးအတွက်ပင် အခက်ကြုံလာကြသဖြင့် ဗုဒ္ဓအပေါ်၌ မနာလို ဝန်တိုစိတ်များ တိုးပွားလာကြ၏။ ဗုဒ္ဓ၏ ဂုဏ်သိက္ခာကို ချိုးဖျက်ရန်လည်းကြံစည် အားထုတ်လာကြ၏။ အကြံပက်စက်သော တိတ္ထိ ရဟန်းတပါးကမူ ဗုဒ္ဓ၏ဂုဏ်သိက္ခာကိုဖျက်ဆီးရာတွင် မိမိတို့၏ တပည့်မတဦးဖြစ်သော စိဥ္စမာဏကို အသုံးချရန် အကြံပေးတင်ပြလေသည်။ ယင်းအကြံကို အားလုံးကပင် သဘောတူကြသဖြင့် စိဥ္စမာဏအား အထက်ပါအတိုင်း ပြောဆိုကြခြင်း ဖြစ်ပေသည်။

စိဥ္စမာဏသည် အရွယ်ဂုဏ်၊ အလှဂုဏ်နှင့် ပြည့်စုံသူ ဖြစ်သည့်အတိုင်း မိမိ၏ စွမ်းအားကို အကြွင်းမဲ့ ယုံကြည်၏။ သို့ဖြစ်

၍ တိတ္ထိတို့ထံ၌ အာမခံခဲ့ပြီး မိမိတာဝန်ကို မဆိုင်းမတွပင် အကောင်အထည် ဖော်လေတော့သည်။

သူမသည် နောက်နေ့ညနေတွင် မိမိ၏ကိုယ်ကို အစွမ်းကုန်ဆင်ယင်ခြယ်သ၍ဇေတဝန်ကျောင်းတော်ဘက်ဆီသို့ တယောက်တည်း ထွက်ခဲ့လေ၏။ မြို့တံခါးပြင်သို့ရောက်လျှင် ကျောင်းတော်မှ တရားနာပြီး ပြန်လာသည့် မြို့သူမြို့သားများနှင့် ရင်ဆိုင်တွေ့ဆုံမိလေသည်။ ထိုသူများတွင် သူမနှင့်သိကျွမ်းသူအချို့က "နေဝင်မိုးချုပ်ကြီးမှာတယောက်ထဲ ဘယ်သွားမလို့လဲညီမ" ဟူ၍ မေးမြန်းစပ်စုကြ၏။

**စိဉ္စမာဏကား** မပွင့်တပွင့်ဖြင့် "ကျမကိစ္စနဲ့ ကျမသွားတာပါ၊ ပြောလို့တော့ ဘယ်ဖြစ်မလဲ" ဟူ၍ ပြန်ကြားပြောဆိုလေ၏။ မေးသူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ခြင်းပင်ဖြစ်၏။ သူမသည် ဇေတဝန်ကျောင်း အနီးရှိ တိတ္ထိတို့ကျောင်း၌ ညအိပ်နေပြီး နံနက်စောစောတွင် မြို့ထဲသို့ပြန်ခဲ့လေသည်။ ထိုအခါ နံနက်စောစော ဗုဒ္ဓအား ဖူးမြင်ရန် ထွက်လာကြသည့် မြို့သူ မြို့သားများနှင့် မြို့တံခါးအနီးတွင် ဆုံမိပြန်လေသည်။ "ဘယ်ကလာသလဲ"ဟု မေးသည့်အခါ ရှေးနည်းတူပင် မတင်မကျ ပြောပြန်၏။

ဤသို့သောနည်းဖြင့် နေ့စဉ်ရက်ဆက် ပြုလုပ်လာပြီး ဆယ်ရက်၊ ဆယ့်ငါးရက်ခန့် ကြာသောအခါ "ဇေတဝန်ကျောင်းတော်၌ ရဟန်းဂေါတမနှင့်အတူ ညအိပ်လာခဲ့သည်"ဟု ပြောဆိုလေသည်။သူမ၏စကားကို လူများစုက မယုံကြည်ကြသော်လည်း ပညာမဲ့တတ်ခံနည်းသူ အချို့ကား အနည်းငယ် သံသယ ရှိလာကြ၏။

သုံးလကျော် လေးလပိုင်းသို့ ရောက်လာသော အခါ၌ကား သူမသည် ဝမ်းပိုက်ကို အဝတ်ကြမ်းများဖြင့် ရစ်ပတ်၍ ကိုယ်ဝန်ဆောင်သော မိန်းမအသွင်ကို ဆောင်ကာ သွားလာလေ၏။ ရဟန်းဂေါတမနှင့်ရသော ကိုယ်ဝန်ဖြစ်သည်ဟူ၍လည်း သတင်းလွင့်လေ၏။ ထိုသတင်းကို လူမိုက်များက ယုံသလိုလိုရှိကြ၏။ သို့ရာတွင် ဗုဒ္ဓ၏တရားကို ယုံကြည်သော မြို့သူမြို့သား အများစုတို့ကား လုံးဝ အခြေအမြစ်မရှိသော သတင်း ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ကြ၏။ ထို့ကြောင့် ယင်းသတင်းကို ရေးကြီးခွင်ကျယ်လုပ်၍ ဝေဖန် ပြောဆိုခြင်းပင် မပြုကြချေ။ ဗုဒ္ဓရှင်တော်မြတ်အား တမင်သက်သက် မဟုတ်မမှန် စွပ်စွဲခြင်းသာ ဖြစ်၍ နောက်ဆုံးတွင် အမှန်တရားသည် ပေါ်ပေါက်လာရမည်သာ ဖြစ်ကြောင်း ယုံကြည်ထားကြလေသည်။

ဤသို့ဖြင့် ရှစ်လကျော် ကိုးလပိုင်းသို့ ဆိုက်ရောက်လာ၏။ ထိုအခါ စိဉ္စမာဏသည် မိမိ၏ဝမ်းပိုက်ကို သစ်သားစများ ခုခံ၍ အဝတ်ဖြင့် ရစ်ပတ်ကာ ပူသထက်ပူအောင် ပြုလုပ်၏။ လက်ဖမိုး ခြေဖမိုးများကိုလည်း ဖူးဖူးရောင်အောင် ပြုလုပ်၍ ကိုယ်ဝန် ရင့်မာသော မိန်းမတဦးအသွင်ကို ဆောင်လျက် ဇေတဝန် ကျောင်းတော်ဖက်သို့ ထွက်ခဲ့လေသည်။

ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓရှင်တော်မြတ်သည် ပရိသတ် လေးပါးတို့အား တရားဟောလျက် ရှိ၏။ စိဉ္စမာဏသည် ဗုဒ္ဓ ရှေ့မှောက်သို့ အရောက်သွား၍ ဗုဒ္ဓအား လက်ညှိုးထိုးကာ ဤသို့ စွပ်စွဲ ပြောဆိုလေသည်။

"အို ရဟန်းကြီး၊ သင်သည် ပရိသတ်အလယ်၌ ခန့်ခန့် ညားညား တရား ဟောနေဘိ၏။ ကျွန်ုပ်မှာကား သင့်ကို

အကြောင်းပြု၍ ကိုယ်ဝန်အရင့်အမာဖြစ်ခဲ့ပြီ။ ကျွန်ုပ် သားဖွား ရန်အတွက် အစီအစဉ်များ အမြန် ပြုလုပ် ဆောင်ရွက်ပေးပါ လော"

ဤသို့ ရဲရဲရင့်ရင့် ဝံ့ဝံ့စားစားဖြင့် အများပရိသတ်၏ ရှေ့မှောက်၌ စွပ်စွဲပြောဆိုလာသောအခါ တရားနာ ပရိသတ်များ မှာ အံ့သြငေးမော၍ နေကြ၏။ ဗုဒ္ဓရှင်တော်မြတ်ကား အနည်း ငယ်မျှ လှုပ်ရှားခြင်း မရှိဘဲ တည်ငြိမ်သော အသံတော်ဖြင့် ဤသို့ ပြန်လည် မိန့်ကြားတော်မူလေသည်။

"နှမ၊ သင်ဆိုသောစကား မှားသည် မှန်သည်ကို သင်နှင့် ငါသာ သိပေ၏"

"ရဟန်းကြီး၊ မှန်ပေ၏။ ဒီကိစ္စကို သင်နှင့် ကျွန်ုပ်မှ တပါး တခြား ဘယ်သူ သိနိုင်ပါအံ့နည်း"

စိဉ္စမာဏက ယင်းသို့ ပြန်လည်ပြောဆိုနေစဉ်မှာပင် ကခြေ အနေသည် ရုတ်တရက် ပြောင်းလဲသွား၏။ ဘယ်က ရောက်လာ သည်ဟု မသိရသော ကြွက်ကလေး လေးကောင်တို့သည် စိဉ္စမာဏ ၏ ကိုယ်ပေါ်သို့ ရုတ်တရက် ဝင်ရောက်၍ ဝမ်းပိုက်၌ ရစ်ပတ် ချည်နှောင်ထားသည့် ကြိုးများကို ကိုက်ဖြတ် ပစ်လိုက်ကြ၏။ အထဲ၌ ခုခံထားသည့်အဝတ်နှင့် သစ်သားစများ ပြုတ်ကျ၍ လုပ်ကြံမှုကြီး ဗူးပေါ်သလို ပေါ်လေတော့၏။ အမှန်စင်စစ် သာသနာဖျက် လုပ်ငန်းတရပ်ကို နတ်သိကြားများက ဝင်ရောက် ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်၏။

လုပ်ကြံမှုကြီး ဗူးပေါ်သလို ပေါ်လာသည့်အခါ တရားနာ ပရိသတ်များသည် စိဉ္စမာဏအား ရိုက်နှက်ပုတ်ခတ်၍ ကျောင်း ပြင်သို့ နှင်ထုတ်လိုက်ကြလေသည်။ ဗုဒ္ဓ၏ မျက်ကွယ်သို့ ရောက်

လေသော် မဟာပထဝီမြေကြီးသည် ကွဲအက်၍ စိဥ္စမာဏအား အဝီစိငရဲသို့ ပို့ဆောင်လိုက်လေတော့သည်။

အထက်ပါ လုပ်ကြံမှုနှင့်ပတ်သက်၍ နောက်ပိုင်းမှ နေ၍ စိဥ္စမာဏအား ကြိုးကိုင်ခဲ့သူများမှာ တိတ္ထိရဟန်းတို့ဖြစ်ကြောင်း သာဝတ္ထိမြို့တွင် သဘင်းပေါက်ကြားသွားလေ၏။ ထို့ကြောင့် တိတ္ထိတို့အပေါ်၌ အကြည်ညိုပျက်သူများ ယခင်ကထက်ပင် တိုးတက်များပြားလာ၏။ တိတ္ထိတို့၏ သာသနာသည် ရှေးကထက်ပင် ပို၍ ညှိုးမှိန်လေတော့၏။

တနေ့သောအခါ စိဥ္စမာဏသည် ဗုဒ္ဓအား မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲပြောဆိုသည့်အတွက် ပျက်စီးရပုံကို ရဟန်းများ စုဝေးပြောဆိုနေကြ၏။ ထိုစဉ်တွင် ဗုဒ္ဓရှင်တော်မြတ် ကြွလာ၍ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း "မုသာဝါဒ" ကံသည် အလွန် ကြီးလေးကြောင်း။ မုသား ပြောဝံ့သူသည် မည်သည့် အကုသိုလ် အလုပ်ကိုမဆို လုပ်ရန် ဝန်မလေးတော့ကြောင်း ဟောကြား မိန့်မြွက်တော်မူလေသည်။

[လောကဝင်၊ စိဥ္စမာဏဝိကာဝတ္ထု]

# သုန္ဒရီ

စိဥ္စမာဏ မိန်းမပျိုကို အသုံးချ၍လျက် ဗုဒ္ဓမြတ်စွာအား နာမည် ပျက် အရှက်ရစေရန် ကြံဆောင်ခဲ့သော တိတ္ထိရဟန်းတို့သည် ထိုကကြံ မအောင်မြင်သောအခါ အခြား နည်းလမ်းတမျိုးကို စဉ်းစား ရှာဖွေကြပြန်၏။ သို့သော် ထိုနည်းလမ်းမှာလည်း ပထမ နည်းနှင့် ထူးမခြားနားပင် ဖြစ်လေသည်။

တိတ္ထိတို့၏ တပည့်သာဝကများတွင် သုန္ဒရီ အမည်ရှိသော ပရိဗိုဇ်မကလေးတဦးလည်း ပါဝင်၏။ သူမသည် ရုပ်ဆင်းအင်္ဂါ ချောမောလှပရုံသာမက ငယ်ရွယ်နုပျို၍ လှန်းစွာ ထက်မြက် တက်ကြွသော တပည့်မကလေး ဖြစ်ပေသည်။ ထို့ကြောင့် တိတ္ထိတို့သည် တနေ့တွင် မိမိတို့ထံ လာရောက်ဝတ်ပြုသော ပရိဗိုဇ်မ ကလေး သုန္ဒရီအား စိဥ္စမာဏနည်းတူ ပြောဆို သိမ်းသွင်းကြ ပြန်၏။ သူမကလည်း မိမိဆရာများပေးသည့်တာဝန်ကို ရွှောရွှော ရှူရှူဖြင့်ပင် လက်ခံခဲ့၏။

ယင်းသို့ လက်ခံခဲ့ပြီးနောက် သုန္ဒရီသည် ဇေတဝန်ကျောင်းတော်သို့ နေ့စဉ် ဝင်ထွက်သွားလာခြင်း ပြုလေသည်။ ညနေပိုင်းတွင် ကျောင်းတော်ဆီသို့ ရှေ့ရှုထွက်ခဲ့ပြီး ကျောင်းတော်အနီးရှိ တိတ္ထိတို့ကျောင်းတခု၌ ညအိပ်၏။ နံနက်လင်းသောအခါ အိပ်ရာမှ ထခဲ့ပြီး ဇေတဝန်ကျောင်းတော်မှ ပြန်လာဟန် ဆောင်ကာ မြို့တွင်းသို့ ဝင်လေသည်။

လမ်း၌ တွေ့သူများက မေးလျှင်လည်း သူမသည် စိဉ္စမာဏကဲ့သို့ပင် မတင်မကျ အဖြေပေး၍ ယုန်ထင်ကြောင်ထင် ဖြစ်အောင် ပြုလုပ်၏။ စိဉ္စမာဏကိစ္စ၌ တိတ္ထိတို့၏ မသမာမှုကို သိရှိခဲ့ကြရပြီး ဖြစ်၍ သူမ၏စကားကို ယုံကြည်သူကား အလွန်ပင်နည်းပါး၏။ "တိတ္ထိတွေတော့ နောက်တခါ ကြံကြပြန်ပြီ" ဟူ၍ များစွာသော လူတို့က နားလည်သဘောပေါက်ပြီး ဖြစ်နေလေသည်။

သို့ရာတွင် ဇေတဝန်ကျောင်းတော်သို့ သုန္ဒရီပရိဗိုဇ်မကလေး ဝင်ထွက် သွားလာနေ၍ ရက်အတန်ကြာသောအခါ သာဝတ္ထိတမြို့လုံးအား ချောက်ချားစေသည့် သတင်းတရပ် ရုတ်တရက် ထွက်ပေါ်လာ၏။

"သုန္ဒရီဆိုတဲ့ ပရိဗိုဇ်မလေးတယောက် ပျောက်ဆုံးနေသတဲ့"

ဤသတင်းကိုအကျယ်ဆုံး အသံလွှင့်သူများကား တိတ္ထိရဟန်းတို့၏ အသိုင်းအဝိုင်းများ ဖြစ်၏။ တိတ္ထိတို့သည် ဤသတင်းကို မြို့လုံးပျံ့အောင်အလွှင့်ခိုင်းပြီး မိမိတို့ကိုယ်တိုင်လည်း ကောသလမင်းကြီးထံ သွားရောက်တိုင်ကြားကြသည်။

"ဒကာတော် မင်းကြီး၊ ကျုပ်တို့ရဲ့ တပည့်မဖြစ်တဲ့ သုန္ဒရီ ပရိဗိုဇ်မလေး ပျောက်ဆုံးနေပါတယ်။ အမြန်ဆုံး တွေ့ရှိအောင် စုံစမ်း ရှာဖွေပေးပါလော"

"သူမ ဘယ်နေရာမှာ ရှိမယ်လို့ အရှင်ဘုရားတို့ ထင်မြင်ကြပါသလဲ"

"ဒကာတော်မင်းကြီး၊ လွန်ခဲ့တဲ့ ရက်အတော်ကြာက စပြီး သုန္ဒရီဟာ ဇေတဝန်ကျောင်းကို ဝင်ထွက် သွားလာနေတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် ကျုပ်တို့ကတော့ ဂေါတမရဲ့ ဇေတဝန်ကျောင်းကို သံသယမကင်း ရှိနေကြပါတယ်"

"သို့ဖြစ်လျှင် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ရှာဖွေကြလော"

ကောသလမင်းကြီးသည် ယင်းသို့ အမိန့်ပေးပြီး မင်းချင်း ယောကျ်ားအချို့ကို တိတ္ထိတို့နှင့်အတူ ထည့်ပေးလိုက်၏။ တိတ္ထိတို့ကား မင်း၏အမိန့်ကို ရရှိခဲ့ပြီးဖြစ်၍ မျက်နှာထားတင်းတင်းဖြင့် ဇေတဝန်ကျောင်း ပရိဝုဏ်အတွင်းသို့ ဝင်ရောက် ရှာဖွေကြလေသည်။

မင်းချင်းယောကျ်ားတစုနှင့် တိတ္ထိရဟန်းများ မိမိတို့ပရိဝုဏ် အတွင်း၌ တစုံတခုကို လိုက်လံရှာဖွေနေသည်ကို မြင်လျှင် အချို့သော ရဟန်းသာမဏေများသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။ တီးတိုးစကားဖြင့် ထိုသတင်း ချက်ခြင်းပျံ့နှံ့ကာ ရပေါင်း များစွာသောရဟန်းတို့ စုဝေးလာကြပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။ အချို့သော ရဟန်းငယ်တို့ကား "ဗုဒ္ဓအား အန္တရာယ်ပြုလေမည်လော" ဟူသော စိုးရိမ်စိတ်ဖြင့် လိုအပ်သလို ခုခံကာကွယ်ရန်ပင် ကြံတင် စဉ်းစားနေကြ၏။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ဂန္ဓကုဋိကျောင်းဆောင် တွင်း၌ တပါးတည်း သီတင်းသုံးတော်မူလျက် ရှိ၏။ အသိဉာဏ် ရင့်ကျက်ပြီးသော ထေရ်ကြီးဝါကြီး အရှင်မြတ်များမှာလည်း မိမိတို့လုပ်ငန်းကို ဣန္ဒြေမပျက် ဆောင်ရွက်နေကြပေသည်။

ရှာဖွေရေးအဖွဲ့ဝင်များသည် ကျောင်းတိုက်တွင်း၌ လှည့်လည် ကြည့်ရှုနေရာမှ ပရိဝုဏ်အစွန်ရှိ အမှိုက်ပုံတခုအနီးသို့ ရောက်ရှိ လာကြ၏။ ထိုအခါ အဖွဲ့ဝင်တဦးနှုတ်မှ ကျယ်လောင်သော အသံတသံ ထွက်ပေါ်လာလေသည်။

"တွေ့ပြီ....ဒီမှာတွေ့ပြီ"

အဖွဲ့ဝင်များအားလုံး အသံရှင်လက်ညှိုးညွှန်ရာသို့ ဝိုင်းဝန်း ကြည့်ရှုကြရာ အမှိုက်သရိုက်များကြား၌ သုန္ဒရီ၏ အလောင်း ကို အထင်အရှား တွေ့မြင်ကြလေသည်။ ထိုအခါ တိတ္ထိတို့၏ မျက်နှာများမှာပို၍တင်းမာခက်ထန်လာကြ၏။ အလွန်နာကြည်း ခံပြင်းသော အမူအရာဖြင့် "တကယ်ယုတ်မာရက်စက်တဲ့ ကြောင် သူတော်တွေဘဲ" စသောစကားများကို နှုတ်မှ ဖွင့်၍ ဆိုလာကြ သည်။

ထို့နောက်သူတို့သည် သုန္ဒရီ၏ အလောင်းကို ထမ်းစင်ပြင့် တင်၍ ဘုရင့်နန်းတော်သို့ ယူဆောင်သွားကြ၏။ "အရှင်မင်း ကြီး ရှုပါလော၊ ရဟန်းဂေါတမ၏ တပည့်တို့သည် မိမိတို့အပြစ် ၏ မကောင်းမှုကို ဖုံးပိရန်အတွက် သုန္ဒရီကို သတ်၍ စွန့်ပစ် ထားကြပါသည်" ဤသို့အစရှိသော စကားများကို ကောသလ မင်းကြီးအား လျှောက်တင်ကြသည်။

ကောသလမင်းကြီးသည် တိတ္ထိတို့၏ စကားကို ကြားလျှင် မည်သို့မျှ အဆုံးအဖြတ် မပေးသေးဘဲ "အချင်းတို့၊ သို့ဖြစ်လျှင်

သုန္ဒရီ၏အလောင်းကို မြို့တွင်း၌ လှည့်လည်ပြသ၍ သုသာန်သို့ ပို့ဆောင်ကြကုန်လော” ဟု မင်းချင်းယောကျာ်းတို့အား မိန့်ကြားလိုက်သည်။

ထိုအခါတိတ္ထိတို့သည် အလောင်းစဉ်နောက်မှ ခြံရံလိုက်ပါလျက် မြို့တွင်း၌ လှည့်လည်ကာ ဤသို့ ကြွေးကြော် ကြေငြာခြင်း ပြုကြလေသည်။

“ အချင်းတို့ သာကီဝင်မင်းသားရဟန်းများ၏ အမှုကိုရှုကြပါကုန်လော။ သူတို့ဆရာရဟန်းဂေါတမသည် ပရိဗိုဇ်မကလေး သုန္ဒရီနှင့် တိတ်တဆိတ် ကျူးလွန် ဖောက်ပြန်နေခဲ့၏။ ဤအကြောင်းကို လူအများမသိအောင် ဖုံးဖိရန်အတွက် တပည့်များကသုန္ဒရီကိုဖျောက်ဖျက်ပစ်ခဲ့ကြ၏။ ယခုကား သူတို့၏ ယုတ်မာမှုကြီး ပေါ်ပေါ်သလို ပေါ်လေပြီ”

တိတ္ထိတို့၏ ကြွေးကြော်ကြေငြာချက်ကို ကြားရသောအခါ များစွာသော မြို့သူမြို့သားတို့သည်အဟုတ်ထင်သွားကြ၏။ရဟန်းများကို မြင်လျှင် ရင့်သီးသော စကားလုံးများဖြင့် ဆဲဆိုရှုတ်ချကြသည်။ ရဟန်းတို့သည် ဤအကြောင်းကို ဗုဒ္ဓအားလျှောက်တင်ကြသည်။

ထိုအခါ ဗုဒ္ဓက “ချစ်သားတို့ သင်တို့အား ကဲ့ရဲ့ ရှုတ်ချသူများကို သင်တို့က ဤသို့တုံ့ပြန်၍ ဆိုကြကုန်လော” ဟု မိန့်ကြား၍ ပြန်ပြောရမည့် စကားကို သင်ကြားပေးလေသည်။

“မဟုတ်မမှန်ပြောဆိုသောသူသည်၎င်း၊ မိမိပြုလျက်မပြုဟုဆိုသောသူသည်၎င်း ငရဲသို့ ရောက်ရ၏။ ထိုသူနှစ်ဦးတို့သည် ယုတ်

မာသော မကောင်းမှု ရှိကုန်သည်ဖြစ်၍ နောင်ဘဝ၌ ငရဲခံ ရခြင်း တူမျှကြကုန်၏”

ဗုဒ္ဓသင်ကြားပေးသည့်အတိုင်း ရဟန်းများက တို့ပြန်ချေပ ကြလျှင် လူတို့၏ ဆဲဆိုစွပ်စွဲသံများ တဖြည်းဖြည်း တိတ်ဆိတ် သွားလေသည်။

ကောသလမင်းကြီးကား ဗုဒ္ဓအား ကိုးကွယ်ဆည်းကပ်နေသူ ဖြစ်သော်လည်း အမြော်အမြင် များစွာရှိသူမဟုတ်။ သို့ဖြစ်၍ တိတ္ထိတို့၏ စကားကို မယုံတဝက်ယုံတဝက် ဖြစ်နေ၏။ မည်သို့ ပင်ဖြစ်စေ အမှုမှန်ကို ဖော်ထုတ်ပေးရန်ကား သူ့တာဝန်ဖြစ် ပေသည်။ ထို့ကြောင့် မင်းချင်းယောကျ်ားများကို စေလွှတ်၍ စုံ စမ်းထောက်လှမ်းခြင်း ပြုစေသည်။

မြို့တွင်း၌လှည့်လည်၍ လျှို့ဝှက်စွာ စုံစမ်းထောက်လှမ်းသော မင်းချင်းတယောက်သည်သေရည်ဆိုင်သို့ဆိုက်ရောက်သွား၏။ ထို အချိန်တွင် သေရည်ဆိုင်၌ သေသောက်နေကြသော သေသောက် ကြူးတစုတို့ အချင်းချင်း ရန်ဖြစ်နေကြ၏။ တယောက်သောသေ သောက်ကြူးက မူးမူးရူးရူးဖြင့် “သုန္ဒရီကို သတ်တာငါကွ”ဟု ထုတ်ဖော်ဝင့်ကြွားရာ အခြားသူများက မခံမရပ်နိုင် ဖြစ်နေကြ လေသည်။

ထိုအခါ မင်းချင်းတို့သည် သေသောက်ကြူးများကို ဝင် ရောက်ဖမ်းဆီးပြီး မင်းကြီးထံ ခေါ်ဆောင်သွားကြသည်။ မင်း ကြီးက မေးမြန်းစစ်ဆေးလျှင် တိတ္ထိတို့က ငွေပေး၍ အသတ်ခိုင်း

ခြင်းဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံကြသည်။ မင်းကြီးသည် တိတ္ထိတို့ကို ဖမ်းဆီးစေပြီး သုန္ဒရီကို သတ်သူများမှာ မိမိတို့သာဖြစ်ကြောင်း မြို့တွင်း၌ လှည့်လည် ကြွေးကြော်ခိုင်း၏။ ထို့နောက် စေခိုင်းသူ တိတ္ထိတို့နှင့်တကွ သုန္ဒရီကို သတ်သော သေသောက်ကြူးတို့အား သေဒဏ် ချမှတ်လိုက်လေသည်။

[နိရယဝဂ်၊ သုန္ဒရီပရိဗ္ဗာဇိကာဝတ္ထု။]

# သားလေးယောက်၏ ဘခင်

သာဝတ္ထိပြည်မှ ပုဏ္ဏားကြီးတယောက်၌ သားလေးယောက်ရှိ၏။ ပုဏ္ဏားကြီးသည် ထိုသားများ အရွယ်ရောက်လာသောအခါ သင့်တော်သော အမျိုးသမီးများနှင့် ထိမ်းမြားလက်ထပ်၍ ပေးလိုက်၏။ မိမိ၌ရှိသော အသပြာရှစ်သိန်းအနက်မှ သားတယောက်လျှင် တသိန်းကျပ်ကိုလည်း အမွေခွဲ၍ ပေးလိုက်သည်။

နောက်အခါတွင် ပုဏ္ဏားကြီး၏ ဇနီးဖြစ်သော ပုဏ္ဏေးမသည် ကွယ်လွန်၍ သွားလေ၏။ ထိုအခါ သားလေးယောက်တို့သည် "ငါတို့ဖခင် နောက်အိမ်ထောင်ပြုလျှင် သူ့ထံတွင် ကျန်ရှိနေသော ပစ္စည်းများကို ငါတို့ရမည် မဟုတ်" ဟူ၍ တွေးတောစိုးရိမ်လာကြ၏။ ထို့ကြောင့် ဖခင်ကြီး ကျေနပ်နှစ်သက်အောင် အမျိုးမျိုးပြောဆိုပြုစုကြပြီး၊ ကျန်သောပစ္စည်းများကို မိမိတို့အား အမွေ ခွဲဝေပေးရန် တောင်းပန်ကြလေသည်။

ပုဏ္ဏားကြီးသည် သားများ၏ စကားကို ယုံကြည်အားကိုးကာ "ငါ့တကိုယ်စာ စားဝတ်နေရေးကား ပူပန်ဘွယ်မရှိ" ဟု ယူဆလျက် မိမိတွင်ရှိသောအသပြာလေးသိန်းကို သားဘယောက်လျှင် တသိန်းကျစီ ခွဲဝေပေးလိုက်ပြန်၏။ မိမိဘကိုယ်စာအတွက် အနည်းငယ်မျှသာ ယူထားပြီး အဝတ်အထည်၊ အသုံးအဆောင်အားလုံးနှင့်တကွ အိုးအိမ်အဆောက်အဦများကိုပါ သားများ၏လက်ဝယ်သို့ ခွဲဝေ အပ်နှင်းလိုက်သည်။

ယင်းသို့ ပစ္စည်းအားလုံးကို အမွေခွဲ၍ ပေးပြီးနောက် ပုဏ္ဏားကြီးသည် သားကြီးဖြစ်သူ၏ အိမ်တွင် နေသိုင်၏။ အမွေရပြီးစဖြစ်၍ ရှင်ပျနေသောသားကြီးနှင့်ချွေးမတို့ကလည်း ကြည်ကြည်ဖြူဖြူဖြင့်ပင် ကျွေးမွေးပြုစု၍ နေကြ၏။ "ငါတို့ဖခင်သည် ငါတို့အိမ်မှာ ၄-၅ ရက်နေပြီး တခြားသားများအိမ်သို့ သွားလိမ့်မည်" ဟု သူတို့တွက်ဆထားကြဟန်ရှိ၏။ သို့သော် ခုနစ်ရက်တပတ်ခန့် ကြာလာသည့်တိုင်အောင် ပုဏ္ဏားကြီးကား တခြားသားများအိမ်သို့ သွားလိုဟန် မပြချေ။

ထိုအခါ သားရော ချွေးမပါ မျက်နှာမသာကြတော့ပေ။ အထူးအားဖြင့် အဘိုးကြီး မကြားတကြားတွင် ချွေးမပါးစပ်မှ မကျေနပ်သံများ စတင် ထွက်ပေါ်လာ၏။ သားကြီးကလည်း "အဖေ့သားငယ်တွေက အဖေ့ကို မြှော်နေကြမှာပေါ့" စသည်ဖြင့် ရေလာမြောင်းပေးစကားများကို ပြောဆိုလာတော့သည်။

သို့တိုင်အောင် ပုဏ္ဏားအိုကြီးမှာ မသာနှမလှုပ်ပင် ရှိနေရာ ချွေးမဖြစ်သူမှာ အလွန်အမင်း မကျေမနပ်ဖြစ်လာ၏။ ဤအဘိုးကြီးအား မိမိတို့အိမ်၌သာ တသက်လုံးကျွေးမွေး၍ ထားရတော့မည်လော ဟူ၍ ပူပန်စိုးရိမ်လာ၏။ ထို့ကြောင့် သူမသည် "ဤ

အဘိုးကြီးကား ရိပ်ခမ်းသံဖမ်းပြောရုံဖြင့် ရိပ်မိမည် မဟုတ်။ ပြောင်ဖွင့်၍ ပြောမှ ဖြင်တော့မည်”ဟု စဉ်းစားလျက် အခွင့်အခါကို စောင့်ကြည့်နေလေသည်။

တနေ့သ၌ ပုဏ္ဏားကြီးသည် နံနက်စောစော အိမ်မှ ထွက်သွားရာ နေအတော်မြင့်သည့်တိုင်အောင် ပေါ်မလာချေ။ ထိုအခါ သားငယ်များ အိမ်သို့ သွားပြီဟု မှတ်ထင်သဖြင့် ချွေးမလုပ်သူမှာ ကျိတ်၍ ဝမ်းသာနေ၏။ အမှန်စင်စစ် အဘိုးကြီးကား မြစ်ဆိပ်သို့ သွား၍ ရေချိုးနေခြင်းဖြစ်၏။ ရေချိုးပြီး၍ မိမိတို့ အိမ်သို့ပင် တန်းတန်းမတ်မတ် ပြန်လာသည်ကို တွေ့မြင်ရသောအခါ ချွေးမဖြစ်သူသည် အိမ်ခမှ ဆီး၍ ဤသို့ပြောဆိုလေတော့သည်။

“အဘိုးကြီးပြန်လာပြီလား။ သားငယ်တွေရဲ့အိမ်ကိုသွားနေ့ဘို့ စိတ်မကူးတော့ဘူးလား။ သားကြီးဖြစ်လို့မို့ ကျမတို့ကို အမွေပစ္စည်း ဘယ်လောက်များ ပိုပေးထားလို့လဲ”

ပုဏ္ဏားကြီးသည် မိမိ၌ရှိသမျှ ပစ္စည်းအားလုံးကို အမွေခွဲပေးခဲ့သည်မှာ လပိုင်းပင် မကြာသေးပါဘဲလျက် ဤမျှ စော်ကား မော်ကားပြောရက်သော ချွေးမ၏စကားကိုကြားရသောအခါ အကြီးအကျယ် စိတ်ပျက်သွား၏။ ရှက်လည်း ရှက်သွား၏။ ထို့ကြောင့် အိမ်ပေါ်သို့ပင် မတက်တော့ဘဲ ချက်ခြင်းလှည့်ထွက်ခဲ့ပြီး ဒုတိယမြောက် သားအိမ်သို့ လာခဲ့လေသည်။

ဒုတိယသားနှင့် ချွေးမတို့သည် ရောက်ခ ၄-၅ရက်တွင် ပုဏ္ဏားကြီးအား ကောင်းမွန်စွာ ကျွေးမွေးပြုစုကြပါ၏။ သို့သော်လည်း ထိုမှ နောက်ပိုင်းတွင်မူ သားကြီးနှင့် ချွေးမတို့နည်းတူပင် ပြုမူလာကြသောကြောင့် ပုဏ္ဏားကြီးခမြာ တတိယသားအိမ်သို့

ရောက်ခဲ့ရပြန်သည်။ တတိယသားနှင့် စတုတ္ထသားတို့ကလည်း အကိုကြီးများ၏ ခြေရာကို နင်းလာကြပြန်ရာ နောက်ဆုံးတွင် ပုဏ္ဏားကြီးသည် နေစရာထိုင်စရာ မရှိသော အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ရှိလေတော့သည်။

ထိုအခါ သူသည် ပရိဗိုဇ်ရဟန်းတို့၏ ကျောင်းတကျောင်းသို့ သွား၍ ခိုကပ်နေထိုင်ခြင်းပြု၏။ ပရိဗိုဇ်ရဟန်း အသွင်ဖြင့် အိမ်စဥ်လျှောက်၍ ဆွမ်းခံကာ မိမိ၏ တဝမ်းတခါးကို ထိန်းကျောင်းခြင်းပြု၏။ယင်းသို့ ဆင်းရဲပင်ပန်းစွာနေထိုင်စားသောက်ရသောအခါ သူ၏ချုပ်သွင်မှာ နေ့ချင်းညချင်းအိုမင်းရင့်ရော်လာ၏။ မိမိအား အဖက်လုပ်၍ ဆက်ဆံ ခေါ်ပြောမည့်သူပင် မရှိတော့သောကြောင့် စိတ်ဓာတ်လည်း အလွန်အမင်း ကျဆင်းလာ၏။

ထို့ကြောင့် တနေ့သ၌ သူသည် မိမိ၏ ကြုံလှီချိနဲ့သော ကိုယ်ခန္ဓာနှင့် အားကိုးရာမဲ့ ဖြစ်နေသော ဘဝအခြေအနေကို ကြည့်ရှုသုံးသပ်လျက် "အဘယ်သူသည် ငါ၏ ဒုက္ခကိုသက်သာပျောက်ကင်းအောင်ပြုနိုင်ပါအံ့နည်း" ဟု စဥ်းစားမိလေ၏။ ထိုအခါ သူသည် ဗုဒ္ဓဂေါတမကို သတိရလာ၏။ ဗုဒ္ဓဂေါတမသည် မိမိထံ ရောက်လာသူတိုင်းအား ချစ်ခင်ကြင်နာစွာ ဆက်ဆံလေ့ရှိကြောင်း၊ ထိုသူတို့၏ ဒုက္ခအမျိုးမျိုးကိုလည်း သက်သာပျောက်ကင်းအောင် ပြုလုပ်ပေးလေ့ရှိကြောင်း ပြောဆိုကြသည်များကို သူ မကြာခဏကြားခဲ့ဘူး၏။ ထို့ကြောင့် ယင်းသို့ သတိရလာခြင်း ဖြစ်၏။

ထိုအခါ ပုဏ္ဏားကြီးသည် မိမိ၏ ညစ်နွမ်း စုတ်ပြတ်သော အဝတ်အစားများကို တတ်နိုင်သမျှသေသေသပ်သပ်ဖြစ်အောင်

ပြင်ဆင်ဝတ်ရုံ၍ တောင်ဝှေးတချောင်းကို အားပြု၍ ဇေတဝန်ကျောင်းတော်ဆီသို့ ဦးတည်ထွက်ခွာလာခဲ့၏။

ဗုဒ္ဓသည် မိမိထံပါးသို့ ရောက်ရှိလာသော ပုဏ္ဏားကြီးအား ပျူငှာစွာ သီးကြို နှုတ်ဆက်တော်မူ၏။

"အို- ပုဏ္ဏားကြီး၊ သင်၏ကိုယ်ကား ကြုံလှီချိနဲ့လှပါဘိ၏။ သင်၏အဝတ်အစားများလည်း ညစ်နွမ်းလှဘိ၏။ အဘယ်သို့ဖြစ်လာသနည်း"

"အို-ရှင်ဂေါတမ၊ ကျွန်ုပ်တွင် သားလေးယောက်ရှိပါ၏။ သို့သော်လည်း ယခု ထိုသားလေးယောက်တို့က အိမ်မှ နှင်ချထားသောကြောင့် ကျွန်ုပ်မှာ အားကိုးရာမဲ့ ဖြစ်နေပါသည်။

"ပုဏ္ဏားကြီးသို့ဖြစ်လျှင် သင့်အား ငါးပုဒ်သော ဂါထာတို့ကို ငါသင်ကြားပေးအံ့။ ဗြဟ္မဏတို့ စည်းဝေးရာအရပ်သို့ ဝင်၍ ထိုဂါထာတို့ကို သင်ရွတ်ဆို နိုင်အံ့လော"

"ကျွန်ုပ် ရွတ်ဆိုနိုင်ပါသည် ရှင်ဂေါတမ၊ ယခုပင် သင်ကြားပေးပါလော"

ဗုဒ္ဓသည် သားမိုက် သားဆိုးတို့၏ ဘခင်တဦး ဆင်းရဲဒုက္ခရောက်နေပုံကို ဖွဲ့ဆိုထားသည့် ဂါထာငါးပုဒ်ကို ပုဏ္ဏားကြီးအား သင်ကြားပေးလိုက်၏။ ပုဏ္ဏားကြီးသည် ထိုဂါထာတို့ကို သင်ယူခဲ့ပြီး ဗြဟ္မဏတို့ စည်းဝေးရာ မဏ္ဍပ်သို့ ရှေးရှုသွားလေ၏။ ဤအစည်းအဝေး၌ မိမိ၏ သားလေးယောက်လုံး တက်ရောက်နေကြောင်းလည်း သူသိ၏။

မဏ္ဍပ်သို့ ရောက်လျှင် သူသည် အထဲသို့ရုတ်တရက်ဝင်၍ ဗုဒ္ဓ သင်ကြားပေးလိုက်သည့်ဂါထာများကို ရွတ်ဆိုလေ၏။ ထိုဂါထာတို့ကို ကြားကြလေသော် ပရိသတ်ကြီး တခုလုံး လှုပ်လှုပ်ရွရွ

ဖြစ်လာ၏။ ဗြာဟ္မဏတို့၏ထုံးတမ်းစဉ်လာကား မိဘပစ္စည်းကို စားသုံးခဲ့သော သားသမီးသည် မိဘများကို ကောင်းစွာလုပ်ကျွေး ပြုစုရ၏။ ယင်းသို့ မပြုစုပါက ပြင်းထန်စွာ အပြစ်ဒဏ်ခတ်ရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားပေသည်။ထို့ကြောင့် ဤကဲ့သို့ လှုပ်လှုပ်ရွရွ ဖြစ်လာခြင်း ဖြစ်၏။

ထိုအခါ ပုဏ္ဏားကြီး၏ သားလေးယောက်တို့သည် ထိုင်နေရာမှ ထလာကြပြီး ဘခင်၏ ခြေကိုဖက်ကာ မိမိတို့၏ အပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်ကြ၏။ "ကျွန်ုပ်တို့သည် ယနေ့မှစ၍ အသက်ထက်ဆုံး ဘခင်ကို ကောင်းမွန်စွာ လုပ်ကျွေးပြုစုကြပါတော့မည်"ဟူ၍ ပရိသတ် အလယ်၌ ထုတ်ဖော် ပြောကြသည်။

ထို့နောက် သူတို့သည် ဘခင်ကို ထမ်းစင်ဖြင့် တင်၍ အိမ်သို့ ခေါ်ဆောင်ခဲ့ကြ၏။ အိမ်သို့ရောက်လျှင် ရေချိုး၍ အဝတ်သစ်၊ အစားသစ်များ လဲလှယ်ပေးပြီး ကောင်းမွန်သော အစားအစာများ ကျွေးမွေးကြ၏။မိမိတို့ ဇနီးများအားလည်း ဘခင်ကို ရိုသေလေးစားစွာ ပြုစုဆက်ဆံကြရန် ပြောဆိုသုံးမကြလေသည်။

ဤသို့ ချမ်းချမ်းသာသာ နေရသောအခါ ပုဏ္ဏားကြီး၏ ကိုယ်ခန္ဓာသည် ၄-၅ရက် အတွင်း၌ပင် ပြည့်ဖြိုးတောင့်တင်းလာ၏။ ပုဏ္ဏားကြီးသည် မိမိကိုယ်ကို ကြည့်ရှု၍ 'ငါကား ဤသို့သော ချမ်းသာမှုကို ရဟန်းဂေါတမကြောင့်သာ ရရှိခြင်းဖြစ်၏'ဟု ကြံလျက် ဖြူစင်သော အဝတ်တစုံကိုယူကာ ဇေတဝန်ကျောင်းတော်သို့ ထွက်လာခဲ့၏။

ကျောင်းတော်သို့ရောက်လျှင် ဗုဒ္ဓအား ရှိခိုးဝတ်ပြု၍"အရှင်ဂေါတမ၊ သင်သည် ကျွန်ုပ်၏ ဆရာဖြစ်ပါသည်။ ဤဝတ်စုံကို အလှူခံပါလော"ဟု လျှောက်တင်၏။ ဗုဒ္ဓသည် ဝတ်စုံကို အလှူခံ

၍ ပုဏ္ဏားကြီးအား တရားဟောပြောတော်မူလေသည်။ တရားနာ ရသောအခါ ပုဏ္ဏားကြီးသည် သရဏဂုံ သုံးပါး၌ တည်၍ "အရှင်ဂေါတမ၊ အကျွန်ုပ်သည် နေ့စဉ် သားလေးယောက်တို့ ထံမှ ထမင်းအိုးလေးလုံး ရရှိပါသည်။ ထိုထမင်းအိုးများ အနက်မှ နှစ်လုံးကို ရှင်ဂေါတမအား လှူပါသည်"ဟု လျှောက်ကြား လေသည်။ ဗုဒ္ဓကမူ "ကောင်းပေ၏ ပုဏ္ဏားကြီး။ သို့သော်လည်း ငါဘုရားကား သင့်လျော်သော အရပ်သို့သာ ဆွမ်းခံကြွမြဲ ဖြစ် ပေသည်"ဟု မိန့်ကြားတော်မူလိုက်၏။

ပုဏ္ဏားကြီးသည် အိမ်သို့ ပြန်ရောက်လျှင် သားလေးယောက် လုံးကို ခေါ်၍ "ချစ်သားတို့၊ ငါသည် ဂေါတမအား နေ့စဉ် ထမင်းအိုးနှစ်လုံး လှူခဲ့၏။သင်တို့သည် ရဟန်းဂေါတမ ကြွလာ သည့်အခါ မမေ့လျော့ကြကုန်လင့်"ဟု မှာကြားထားလေသည်။

ဗုဒ္ဓသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွသည့် နေ့များ၌ ရံခါ ပုဏ္ဏားကြီး၏ သားကြီးအိမ်သို့၎င်း၊ ရံခါ သားလတ်၊ သားငယ် တို့၏ အိမ်သို့၎င်း ကြွဝင်တော်မူ၏။ ထို သားလေးယောက်လုံးက ပင် ကောင်းမွန်စွာ ကြိုဆိုပင့်ဖိတ်၍ မွန်မြတ်သော ဆွမ်းဘော ဇဉ်များ လောင်းလှူကြလေသည်။

တနေ့သ၌ သားကြီး၏ အိမ်တွင် မင်္ဂလာပွဲတခု ကျင်းပရာ ဗုဒ္ဓနှင့် ရဟန်းငါးရာကို ပင့်ဖိတ်၍ နို့ဃနာ ဆွမ်းဆက်ကပ်၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဗုဒ္ဓသည် မိဘကို လုပ်ကျွေးခြင်း ၏ အကျိုးကျေးဇူးများကို ဖွင့်ဟပြောကြားတော်မူသည်။ တရား အဆုံး၌ ပုဏ္ဏားကြီးနှင့်တကွ သားချွေးမ အားလုံး သောတာပန် ဖြစ်သွားကြလေသည်။

[နာဂဝဂ် ပရိဇိဏ္ဏ ဗြဟ္မဏပုတ္တဝတ္ထု]



# လူပျင်းလုံ့လ

တရံရောအခါ သာဝတ္ထိပြည်မှ ငါးရာသော အမျိုးကောင်းသားတို့သည် ဗုဒ္ဓ၏တရားကို ကြားနာရ၍ သဒ္ဓါတရားပေါက်ကာ စိတ်တူကိုယ်တူဖြင့် တစုတဝေးတည်း ရဟန်းပြုကြလေသည်။ ရဟန်းပြုပြီး၍ ရက်အနည်းငယ်ကြာသောအခါ ဗုဒ္ဓထံ၌ ကမ္မဋ္ဌာန်းပွားများအားထုတ်နည်းကို သင်ယူပြီး တောကျောင်းသို့ သွား၍ တရားအားထုတ်ရန် ညှိနှိုင်းတိုင်းပင်ကြ၏။ ထိုအခါ တိဿအမည်ရှိသော ရဟန်းငယ်တပါးသည် တရားအားထုတ်လိုစိတ်လည်းမရှိ၊ ဆင်းရဲပင်ပန်းမည်ကိုလည်း ကြောက်သဖြင့် အဖော်ရဟန်းများနှင့်အတူ လိုက်ပါမသွားဘဲ ဇေတဝန်ကျောင်းတော်၌ပင် နေရစ်၏။

တောကျောင်းသို့သွားသော ရဟန်းတို့ကား ဝါတွင်းသုံးလပတ်လုံး ကမ္မဋ္ဌာန်းကို မနေမနား အားထုတ်ကြရာ တပါးမကျန်

အရဟာတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေ၏။ ဝါကျွတ်သောအခါ မိမိတို့ ရရှိသော တရားထူးကို ဗုဒ္ဓအား ထုတ်ဖော် လျှောက်ကြားရန် သာဝတ္ထိပြည်သို့ ပြန်လာကြ၏။ ယင်းသို့ ပြန်လာကြစဉ် သာဝတ္ထိမြို့တော်အနီးရှိ ရွာငယ်တခုသို့ ဆွမ်းခံချိန်တွင် ရောက်ရှိသဖြင့် ရွာတွင်းသို့ စီတန်းကာ ဆွမ်းခံဝင်ကြလေ၏။

ရွာသူ ရွာသားတို့သည် ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော ရဟန်းတို့ကိုမြင်လျှင် ကြည်ညိုလှသောကြောင့် တအိမ်လျှင် နှစ်ပါး သုံးပါးစီ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူကြ၏။ ထို့နောက် ဤကဲ့သို့ တနေ့မျှသာ ဆွမ်းလောင်းလှူရသည်ကို အားရကျေနပ်ခြင်း မရှိကြသဖြင့် ရဟန်းများအား မိမိတို့ရွာ၌ ရက်အနည်းငယ်မျှ ဆက်လက်သီတင်းသုံးရန် ပင့်ဖိတ်ကြပြန်၏။ ရဟန်းများကား ဗုဒ္ဓရှင်တော်မြတ်အား ဖူးမြင်လိုသည့်ဆန္ဒ ပြင်းပြလှပြီ ဖြစ်သောကြောင့် တနေ့တရက်မျှ ဆိုင်းငံ့ရမည်ကိုပင် ဝန်လေးလျက်ရှိကြ၏။ သို့ရာတွင် ဒါယကာတို့၏ သဒ္ဓါတရားကို ငဲ့ညှာထောက်ထားရမည့် ဝတ္တရားကလည်း တဖက်တွင် ရှိနေသောကြောင့် လုံးလုံးကြီး ငြင်းပယ်ရန်လည်း မသင့်လျော်ချေ။ သို့ဖြစ်၍ နောက်ဆုံးတွင် နှစ်ဦးနှစ်ဖက် အဆင်ပြေမည့် အစီအစဉ် တရပ်ကို ညှိနှိုင်း သတ်မှတ်၍ သဘောတူ လက်ခံလိုက်ကြ၏။

ထိုအစီအစဉ်ကား ထိုနေ့မှာပင် ရဟန်းများသည် သာဝတ္ထိမြို့တော်အရောက်ခရီးဆက်ကြပြီး နောက်တနေ့ နံနက်တွင် စောစောထ၍ ရွာငယ်သို့ ဆွမ်းခံကြွလာကြရန် ဖြစ်၏။ မြို့တော်နှင့် ရွာငယ်မှာ တယူဇနာခရီး ပျော့ပျော့သာ ရှိပေရာ နံနက်စောစောထ၍ ကြွလာပါက ဆွမ်းခံချိန် ကောင်းကောင်း မှီနိုင်ပေသည်။

ဤသို့ဖြင့် ရဟန်းများသည် သာဝတ္ထိသို့ နေ့ချင်း ခရီးဆက်ခဲ့ကြပြီး ညနေပိုင်းတွင် ဗုဒ္ဓရှင်တော်မြတ်ထံ ဝင်ရောက်ဖူးမျှော်ကြလေ၏။ မိမိတို့ ရရှိသိမြင်ခဲ့သော တရားထူးများကိုလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ဗုဒ္ဓအား ထုတ်ဖော် လျှောက်ထားကြ၏။ ဗုဒ္ဓရှင်တော်မြတ်ကလည်း ထိုရဟန်းတို့အား ချီးကျူးစကား မြွက်ကြားလေသည်။ ထို့နောက် ရဟန်းတို့သည် လမ်းခရီးရှိ ရွာငယ်မှ ဒါယကာတို့၏ ပင့်ဖိတ်ချက်အရ နောက်တနေ့တွင် ထိုရွာငယ်သို့ ဆွမ်းခံသွားကြရမည် ဖြစ်ကြောင်းကိုလည်း ဗုဒ္ဓအား လျှောက်ကြားပြီး မိမိတို့ တည်းခိုရာကျောင်းသို့ ပြန်လာခဲ့ကြလေ၏။

တောကျောင်းသို့ မလိုက်ဘဲ မြို့၌ နေရစ်သော ရဟန်းငယ် ရှင်တိဿသည် မိမိ၏ အဖော်ရဟန်းများ ပြန်ရောက်လာကြောင်း သတင်းကြားလျှင် ချက်ခြင်းလာ၍ တွေ့ဆုံနှုတ်ဆက်၏။ ဗုဒ္ဓထံ သွားရောက်ဖူးမြင်သည့်အခါ၌လည်း ရောရောယောင်ယောင်ဖြင့် သူလိုက်ပါသွားခဲ့၏။ သို့ဖြစ်၍ တောပြန်ရဟန်းတို့အား ဗုဒ္ဓက ချီးကျူးစကား မြွက်ကြားသည်ကို ကြားရလျှင် သူ့အားကျလာ၏။ ထို့ကြောင့် "ငါသည်လည်း ဤရဟန်းများနည်းတူ ဗုဒ္ဓ၏ ချီးကျူးခြင်းကို ခံရအောင်လုပ်မည်" ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

ယင်းသို့ စိတ်ပိုင်းဖြတ်လိုက်သည်နှင့်အညီ ထိုညတွင် ရှင်တိဿသည် ကမ္မဋ္ဌာန်းကို မနားမနေ အားထုတ်လေတော့၏။ ညဉ့်သုံးယံပတ်လုံး တရေးတမောမျှပင် အိပ်စက်ခြင်းမပြုဘဲ ထိုင်လိုက်၊ စင်္ကြံ လျှောက်လိုက်ဖြင့်သာ အချိန်ကို ကုန်လွန်စေ၏။ သန်းကောင်ယံကျော်လွန်၍ နံနက်ပိုင်းသို့ ရောက်လာသောအခါ ငိုက်မျဉ်း၍

လာသဖြင့် ထိုင်မနေနိုင်တော့ချေ။ ထို့ကြောင့် စင်္ကြံလျှောက် လျက်ဖြင့်သာ ဆက်လက်၍ ကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများရာ စင်္ကြံဦး၌ ကျောက်တုံးတခုကိုတိုက်မိသဖြင့် ကျောက်တုံးပေါ်သို့ လဲကျပြီး ပေါင်တဖက် ကျိုးသွားလေ၏။

ဤသို့ လဲကျ၍ အော်ဟစ်သည့်အသံကြောင့် အဖော်ရဟန်းများသည် အိပ်ရာမှ နိုးလာကြပြီး ရှင်တိဿအား ဝိုင်းဝန်းပြုစုကြလေသည်။ သို့ဖြင့်ပင် မိုးစင်စင်လင်းခဲ့လေရာ ထိုရဟန်းများမှာ ရွာငယ်သို့ ဆွမ်းခံကြရန် အချိန် နောက်ကျသွားလေတော့၏။ ရွာငယ်မှ ဒါယကာတို့သည် ဆွမ်းဟင်းများကို စီမံချက်ပြုတ်၍ ရဟန်းများကို စောင့်မျှော်နေကြ၏။ အချိန်ကုန်သည့်တိုင်အောင် ရဟန်းများ ပေါ်မလာသောအခါ များစွာ စိတ်ပျက်လက်ပျက် ဖြစ်သွားလေတော့၏။

ထိုနေ့နံနက်တွင် ဗုဒ္ဓသည် ဇေတဝန် ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်များကို အစဉ်အတိုင်း လှည့်လည်၍ ကြည့်ရှုတော်မူသည်။ ထိုရဟန်းတို့ တည်းခိုရာကျောင်းသို့ရောက်သော် ရဟန်းများကိုတွေ့၍ "သင်တို့ ယနေ့နံနက် ရွာငယ်သို့ ဆွမ်းခံသွားရန်ရှိသည်မဟုတ်လော၊ အဘယ်ကြောင့် မသွားကြသနည်း" ဟု မေးမြန်းတော်မူလေသည်။ ထိုအခါ ရဟန်းများသည် ရှင်တိဿ၏ အဖြစ်အပျက်ကြောင့် မိမိတို့ အစီအစဉ် ပျက်သွားရပုံကို ပြန်ပြောင်းလျှောက်ထားကြ၏။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က "ချစ်သားရဟန်းတို့၊ ဤတိဿကား ယခုမှသာ သင်တို့အား အနှောက်အယှက်ပေးသည် မဟုတ်၊ ရှေးကလည်း အနှောက်အယှက် ပေးဘူးသည်သာ ဖြစ်၏" ဟု မိန့်ကြား၍ အောက်ပါဇာတ်ကို ဟောကြားတော်မူလေသည်။

ရှေးသရောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီးတယောက်ရှိ၏။ ထိုဆရာကြီးထံတွင် အတိုင်းတိုင်းအပြည်ပြည်မှ လာရောက်၍ ပညာသင်ယူနေကြသည့် တပည့်လုလင်ပေါင်း ငါးရာမျှရှိ၏။ သူတို့သည် အများအားဖြင့် ဘုရင့်သားတော်များနှင့် သူဌေးသူကြွယ်သားသမီးများသာ ဖြစ်ကြ၏။ ယင်းသို့ ဖြစ်သော်လည်း သူတို့သည် ဆရာကြီးစေခိုင်းသည့် အမှုကြီးငယ်တို့ကို ရိုသေကျိုးနွံစွာ ပြုလုပ်ဆောင်ရွက်လေ့ ရှိကြပေသည်။

တနေ့သ၌ လုလင်တို့သည် ဆရာကြီး၏ အမိန့်အရ ထင်းခွေရန် တောသို့ ထွက်ခွာခဲ့ကြ၏။ တောသို့ ရောက်သည့်အခါ အခြားသော လုလင်တို့သည် မိမိတို့ အစွမ်းရှိသလောက် ကြိုးစားအားထုတ်၍ ထင်းများကို ရှာဖွေစုဆောင်းကြ၏။ ထိုလုလင်တို့အထဲ၌ အလွန်အပျင်းကြီးသော လုလင်တယောက် ပါရှိရာ သူသည် ဘာကိုမျှ ကြိုးကြိုးစားစား မလုပ်ချင်ဘဲ နေရာတကာ၌ အစွမ်းကုန် အချောင်ခိုလေ့ရှိသည်။

သူသည် မလွှဲသာ၍ တောထဲသို့ လိုက်ပါခဲ့ရသော်လည်း အခြားလုလင်များကဲ့သို့ ထင်းရှာရန် လုံးဝ စိတ်မပါချေ။ ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းခြင်း မပြုရဘဲ သက်သက်သာသာဖြင့် ထင်းရနိုင်မည့် နည်းလမ်းကိုသာ ရှာကြံစဉ်းစား၍ နေ၏။

သူသည် အခြားလုလင်များနှင့်အတူ တောထဲ၌ လှည့်လည်စဉ် အရွက်များ ကြွေကျ၍ အကိုင်းအခက်မျှသာ ကျန်နေသည့် ရေခံတက်ပင် တပင်ကို တွေ့မြင်လေသည်။ နေရာတကာ၌ အချောင်ကြိုက်တတ်သော လုလင်ကား ထိုရေခံတက်ပင်ကို မြင်လျှင် "ငါတော့ ထင်းတော တွေ့ပြီ" ဟု တွေးတောလျက် ဝမ်းအသာကြီး

သာသွား၏။ ထို့ကြောင့် အဖော်များနှင့်အတူ ဆက်၍ လိုက်မသွားတော့ဘဲ မိမိတယောက်ထဲ မသိမသာ နောက်ချန်နေခဲ့ပြီး ခံတက်ပင်ရင်းတွင် အားပါးတရ အိပ်စက်လေသည်။ သူ့အကြံကား ပြန်ခါနီးတွင်မှ ခံတက်ကိုင်းခြောက်များကို ချိုး၍ သယ်ဆောင်သွားရန် ဖြစ်၏။

အခြားလုလင်တို့သည် တနေ့တာပတ်လုံး ထင်းများကို ရှာဖွေစုဆောင်းကြပြီး ညနေစောင်းသောအခါ ထင်းစည်းကိုယ်စီဖြင့် ပြန်လာကြ၏။ ထိုအခါ သူတို့သည် ခံတက်ပင်ရင်း၌ အိပ်စက်နေသဲဖြစ်သော လုလင်ကိုမြင်ကြ၍ ခြေဖြင့် ကန်ကျောက်ကာနှိုးခဲ့ကြပြီး မြို့သို့ အရောက်ပြန်ခဲ့ကြ၏။ အိပ်ပျော်နေသော လုလင်သည် ရုတ်တရက် လန့်နိုးလျှင် ရေခံတက်ပင်ပေါ်သို့ ကဗျာကသီတက်၍ အကိုင်းအခက်များကို ချိုးလေသည်။ ရေခံတက်ကိုင်းများကား သူထင်သလို အခြောက်များမဟုတ်ဘဲ အစိုများ ဖြစ်နေသောကြောင့် အလွယ်တကူ ချိုး၍မရဘဲ ရှိလေသည်။

သို့သော်လည်း အချိန်မရှိတော့ပြီဖြစ်၍ လုလင်သည် ကိုင်းစိုများကိုပင် မရအရ ချိုးယူလေ၏။ ယင်းသို့ ချိုးယူစဉ် သစ်ကိုင်းတခု၏ အဖျားဖြင့် သူ၏ မျက်စိတဖက်ကို ထိုးမိသောကြောင့် ယင်းမျက်စိကို လက်ဖြင့်ပိတ်ကာ ခံတက်ပင်ပေါ်မှ ဆင်းခဲ့ရလေသည်။ ထို့နောက် သူသည် မိမိချိုးယူရရှိသည့် ထင်းစိုများကို စုစည်းသယ်ဆောင်၍ တယောက်တည်း အိမ်သို့ ပြန်ခဲ့လေ၏။ လုလင်ငါးရာတို့အနက် ထိုလုလင်မှာ နောက်ဆုံးမှ ပြန်ရောက်သူဖြစ်၍ ထင်းများကို စုပုံသည့်နေရာ၌ သူ့ထင်းများသည် အပေါ်ဆုံးသို့ ရောက်ရှိနေ၏။

ထိုနေ့မှာပင် ဒီဃာဝါပါမောက္ခဆရာကြီးသည် ဇနပုဒ်ကျေးရွာတခုမှ ဖိတ်ကြားချက်တရပ်ကို လက်ခံရရှိထား၏။ ယင်းဖိတ်ကြားချက်အရ ဆရာကြီးသည် တပည့်လုလင် ငါးရာတို့အား နောက်တနေ့နံနက်တွင် ထိုကျေးရွာသို့ စေလွှတ်ရန် စီစဉ်ထား၏။

တပည့်တို့ ခရီးမသွားမီ သောက်သုံးသွားရန်အတွက် နံနက်စောစောထ၍ ဆန်ပြုတ်ကို ကျိုပေးကြရန်လည်း ကျွန်မတို့ကို စေခိုင်းထား၏။

ဆရာကြီး စေခိုင်းသည့်အတိုင်းပင် နောက်တနေ့ နံနက်တွင် ကျွန်မတို့သည် အိပ်ရာမှ စောစောထ၍ ဆန်ပြုတ်ရန် ပြင်ဆင်ကြ၏။ သို့ရာတွင် ထင်းပုံမှထင်းများကို ယူသည့်အခါ အပေါ်ဆုံး၌ ရှိသော ထင်းစိုများကို ယူမိကြသဖြင့် ရတ်တရက် မီးမမွှေးမရဘဲ ရှိကြလေသည်။ လုလင်များသည် ဆန်ပြုတ်သောက်ရန် စောင့်ဆိုင်းနေကြစဉ်ပင် မိုးစင်စင်လင်းကာ အချိန် လင့်သွားတော့၏။ ဖိတ်ကြားသည့်ရွာမှာ တမနက်ခရီးနီးပါးမျှ ရှိသောကြောင့် အချိန်မီ ရောက်နိုင်တော့မည်မဟုတ်သဖြင့် လုလင်များလည်း မသွားဖြစ်တော့ချေ။

ဆရာကြီးသည် တပည့်တို့ကိုမြင်လျှင် "သင်တို့ ဘာ့ကြောင့် မသွားကြသနည်း" ဟု မေးမြန်း၏။ တပည့်တို့ကလည်း အပျင်းကြီးသော လုလင်တယောက်ကြောင့် မိမိတို့ အစီအစဉ် ပျက်ရပုံကို ပြန်ကြား ပြောဆိုကြ၏။ ထိုအခါ ဆရာကြီးက "တပည့်တို့၊ စောစောလုပ်ရမည့်အလုပ်ကို နောက်မှ လုပ်သူတိုင်းဟာ ဒီလုလင်လိုပင် နောင်တတဖန် ပူပန်ရတတ်၏" ဟူ၍ ဆုံးမသြဝါဒစကား မိန့်ကြားလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် အထက်ပါ အတိတ်ဇာတ်လမ်းကို ဆောင်၍ ထကြွလုံ့လနည်းသောသူသည် မြတ်သောအသိပညာကို မရနိုင်ကြောင်း ဟောကြား ဆုံးမတော်မူသည်။ တရားအဆုံး၌ များစွာသောလူတို့ အကျွတ်တရား ရရှိသွားကြလေသည်။

[မဂ္ဂဝဂ်၊ ပဓာနကမ္မိက တိဿထေရ ဝတ္ထု။]

# ဘုံခုနစ်ဆင့်ပြာသာဒ်ပေါ်မှစစ်ပွဲ

သာဝတ္ထိပြည် ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးကြီးတဦး၌ သုန္ဒရသမုဒ္ဒအမည်ရှိသော သားတယောက်ရှိ၏။ သူဌေးကြီးသည် တဦးတည်းသော သားအား အစွမ်းကုန် အလိုလိုက်အကြိုက်ဆောင်၍ ကျွေးမွေးစောင့်ရှောက်ထား၏။ အချိန်တန် အရွယ်ရောက်လျှင် သားနှင့် လက်ဆက်ပေးရန်အတွက် ဂုဏ်ရည်တူသော သူဌေးသမီးတယောက်ကိုလည်း ရွေးမလောင်းအဖြစ် ရည်မှန်း လျာထားပြီး ဖြစ်လေသည်။

သို့ရာတွင် သူဌေးကြီး၏ ရည်ရွယ်ချက်ကို ဖျက်သိမ်းချေမှုန်းမည့် ဖြစ်ရပ်တခုသည် အမှတ်မထင် ဖြစ်ပေါ်လာလေ၏။ တနေ့သ၌ ဇေတဝန်ကျောင်းတော်သို့ တရားနာသွားကြသော မြို့သူမြို့သားများကို သူဌေးသား သုန္ဒရမြင်လျှင် အားကျ၍ သူပါ တရားနာလိုက်သွားလေ၏။

ထိုနေ့၌ ဗုဒ္ဓရှင်တော်မြတ်သည် ပရိသတ်များအား တရားဟောသည့်အခါ ဟောရိုးဟောစဉ် တရားများအပြင် သုန္ဒရ၏ စရိုက်နှင့် သင့်လျော်မည့် တရားဓမ္မကိုလည်း အထူး သီးသန့်၍ ဟောကြားတော်မူ၏။ ထိုတရားကား လောကီအာရုံ ကာမဂုဏ်တို့၏အပြစ် ထုတ်ဖော်ညွှန်ပြသည့် ဟောကြားချက် ဖြစ်၏။

သုန္ဒရကား ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသည့် သူဌေးသား တယောက် ဖြစ်လင့်ကစား လူ့ဘဝ လူ့စည်းစိမ်ကို တွယ်တာ မက်မောခြင်း မရှိလှ။ အိမ်ထောင် ပြုရန်ပင် စိတ်မပါလှဘဲ တကိုယ်တည်း အေးအေးချမ်းချမ်းသာ နေလိုသူ ဖြစ်၏။ ဗုဒ္ဓ၏ တရားကို ကြားနာရသည့်အခါ၌ကား လောကီစည်းစိမ်များ အပေါ်၌ ပို၍ အပြစ်မြင်လာပြီး ဤသို့ စဉ်းစား တွေးတောမိလေသည်။

"ဗုဒ္ဓ၏ တရားတော်ကား နူးညံ့သိမ်မွေ့လှ၏၊ ဖြူစင် သန့်ရှင်းလှပေ၏။ အိမ်ရာထောင်သော လူ့ဘောင်၌သာ နေပါက ဤဖြူစင်မြင့်မြတ်သော တရားကို ကျင့်ကြံအားထုတ်ရန် မလွယ်။ ရဟန်းပြုမှသာ ဤတရားကို ကျင့်ကြံ အားထုတ်နိုင်ပေမည်။ ငါသည် ယနေ့ပင် လူ့ဘောင်မှထွက်၍ ရဟန်းပြုတော့အံ့"

သုန္ဒရသည် ဤသို့စဉ်းစားပြီး တရားပွဲ သိမ်းသောအခါ ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ မိမိအား ရဟန်းပြုပေးရန် တောင်းပန် လျှောက်ထားလေသည်။ "မိဘနှစ်ပါး၏ ခွင့်ပြုချက်ရသူကိုသာ ငါဘုရား ရဟန်းပြုပေးနိုင်မည်" ဟူ၍ ဗုဒ္ဓက မိန့်ကြားသဖြင့် သုန္ဒရသည် အိမ်သို့ပြန်လာပြီး မိဘနှစ်ပါးထံ ခွင့်ပန်၏။

မိဘများကား တဦးတည်းသော သားအား ရဟန်းပြုခွင့် ပေးရန် လုံးဝပင်မလိုလားကြ။ "ချစ်သား၊ ငါတို့ကား သင့်ကို

သေမှသာ မတတ်သာ၍ ခွဲခွာသွားကြရပါမည်။ အသက် ရှင်ပါလျက် ခွဲခွာရမည့်အလုပ်ကိုမူ ငါတို့ လုံးဝ သဘောမတူနိုင်ပါ” ဟူ၍သို့ ပြောဆိုတားမြစ်ကြသည်။

သို့ရာတွင် သုန္ဒရကလည်း အလျှော့မပေးတော့ချေ။ “ရဟန်း ပြုခွင့် မရလျှင် လူ့ဘဝမှာပင် မနေလိုတော့ပါ”ဟု ဆို၍ အစာငတ်ခံကာ ဆန္ဒပြလေသည်။ မတတ်သာသည့်အဆုံး၌ မိဘများသည် သား၏ဆန္ဒကို လိုက်လျောလိုက်ရတော့၏။

ထိုအခါ သုန္ဒရသည် ဗုဒ္ဓထံသို့ ချက်ခြင်းသွားကာ ရဟန်း ပြုလေ၏။ မိဘများသည် သားရဟန်းအား မိမိတို့အိမ်သို့ နေ့စဉ် ပင့်ဖိတ်၍ ဆွမ်းလောင်းလှူကြ၏။ သားတော်မောင်သည် တနေ့တွင် ပြန်၍ စိတ်လည်လာပြီး သင်္ကန်းဝတ်ကို ချွတ်ခွာလာစေရန် နှောင်ကြိုး တဲထားကြခြင်း ဖြစ်၏။ သုန္ဒရကလည်း မိဘတို့၏ ရည်ရွယ်ချက်ကို ကောင်းစွာ ရိပ်စားမိ၏။ ထို့ကြောင့် မိဘများ၏ သံယောဇဉ်နှောင်ကြိုးကို အပြီးသတ် ဖြတ်တောက်နိုင်မှသာ ရဟန်းတရားကို လွတ်လွတ်ကျွတ်ကျွတ် အားထုတ်နိုင်မည် ဖြစ်ကြောင်း သဘောပေါက်လျက် သာဝတ္ထိပြည်မှ ရုတ်တရက် ထွက်ခွာ၍ (၄၅)ယူဇနာကွာဝေးသော ရာဇဂြိုဟ်ပြည်သို့ သွားရောက် သီတင်းသုံးလေသည်။

မိဘများကား သား၏မျက်နှာကိုပင် မမြင်ရတော့သဖြင့် မျက်ရည်နှင့်မျက်ခွက် မပြတ်အောင် ရှိကြတော့၏။ အထူးအားဖြင့် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပသောအခါများ၌ သား၏ သူငယ်ချင်း အပေါင်းအသင်းများ သွားလာ ပျော်ပါးကြပုံကို မြင်ကြရလျှင် သားကို ပို၍ လွမ်းဆွတ် သတိရကြ၏။ “ငါတို့

သား ရှိလျှင် ဤသို့ပင် ပျော်ရွှင်နေလိမ့်မည်”ဟု တွေးတော၍ တနုံ့နုံ့ခံစားနေကြရရှာ၏။

ယင်းသို့ရှိစဉ် တခုသောနံနက်ခင်း၌ အလွန်တရာ ချောမော လှပသော မိန်းမပျိုတယောက် သူဌေးကြီးအိမ်သို့ ဆိုက်ရောက် လာ၏။ သူမကား သာဝတ္ထိ တမြို့လုံး၌ ထင်ရှားကျော်ကြား ရေပန်းစားသော ပြည့်တန်ဆာမ ဖြစ်၏။ သူမသည် သူဌေးကြီး နှင့် သူဌေးကတော်ကြီးတို့၏ အကြောင်းကို ကြား၍ သတင်း မေးရန် ဝင်ရောက်လာခြင်းဖြစ်၏။ အကြောင်းစုံကို မေးမြန်း ပြောဆိုပြီးနောက် သူမက မေးခွန်းတခု ထုတ်လိုက်၏။

“သူဌေးကြီးတို့၏သားကို လူထွက်အောင် ကျမ လုပ်ပေးပါ မည်။ဒီအတွက် ကျမကို ဘယ်လိုများ တုံ့ပြန်ချီးမြှင့်ပါမည်လဲ”

“ချစ်သမီး၊ ဤကဲ့သို့သာ သင်စွမ်းဆောင်နိုင်မည်ဆိုပါက သင့်အား ဤအိမ်ရှိ စည်းစိမ်အားလုံးကို အပ်နှင်း၍ အိမ်ရှင်မ အဖြစ် ထားပါအံ့”

ဤဝန်ခံချက်ကို ရရှိလျှင် သူမသည် သူဌေးအိမ်မှ ရွှေငွေ ပစ္စည်းများကို လုံလောက်အောင် တောင်းယူ၍ ရာဇဂြိုဟ်ပြည် သို့ ထွက်ခဲ့လေ၏။ ရာဇဂြိုဟ်သို့ ရောက်သည့်အခါ ပုဏ္ဏားတော် ရှင်သုဒ္ဓိန်ရည်တင်းသုံးနေထိုင်ရာဌာနနှင့် အနီးမှ ဆွမ်းခံကြွသည့် ခရီးလမ်း များကို ရှေးဦးစွာ စုံစမ်း၏။ ထို့နောက် ရှင်သုဒ္ဓိန် နေ့စဉ် ဆွမ်းခံကြွလေ့ရှိသော ခရီးလမ်းတနေရာ၌ နေအိမ်ပြာသာဒ် တဆောင်ကို ငှားရမ်းနေထိုင်လေ၏။

နောက်တနေ့ နံနက်တွင် ရှင်သုဒ္ဓိန်ကြိုက်တတ်သည့် အစား အစာများကို ကောင်းစွာ ချက်ပြုတ်စီမံထားလေ၏။ ထို့နောက် မိမိကိုယ်ကိုလည်း အစွမ်းကုန် မွမ်းမံခြယ်သ၍ ဆွမ်းခံကြွလာ

သော ရှင်သုန္ဒအား ဆီးကြို ဆွမ်းလောင်းလေသည်။ ဤသို့ နှစ်ရက် သုံးရက် ဆွမ်းလောင်းပြီးသောအခါ "အရှင်ဘုရား၊ တပည့်တော်မအိမ်မှာပင်ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု ပင့်ဖိတ်၏။ ရဟန်းသည် ထိုပင့်ဖိတ်ချက်ကို လက်ခံပြီး၊ အိမ်တွင်းသို့ ဝင်၍ ဆွမ်းဘုဉ်းပေးခြင်းပြုလေသည်။ သူမကလည်း မွန်မြတ်သော ဘောဇဉ်တို့ဖြင့် ရဟန်းတော် ကျေနပ်နှစ်သက်အောင် ပြုစုလုပ်ကျွေး၏။ နောက်နေ့များတွင်လည်း မိမိအိမ်၌ပင် ဆွမ်းဘုဉ်းပေးရန် တောင်းပန် လျှောက်ထားရာ ရှင်သုန္ဒရသည် ကြည်ဖြူစွာဖြင့်ပင် လက်ခံလိုက်လေသည်။

သို့ဖြင့် အရှင်မြတ်သည် သူမ၏ အိမ်၌ပင် နေ့စဉ် ဆွမ်းဘုဉ်းပေးခြင်းပြု၏။ သူမကလည်း အရှင်မြတ်ကြိုက်တတ်သည့် အစားအစာများဖြင့် တရင်းအနှီး ပြုစုလုပ်ကျွေးလေရာ ရသတဏှာ၏ ဆွဲဆောင်မှုကိုခံရသော အရှင်မြတ်သည် သူမ၏ ပြုစုမှုကို သာယာကျေနပ်၍ နေမိလေတော့သည်။

ထို့နောက် ရက်အတန်ကြာသောအခါ၌ကား သူမသည် ရှေ့သို့တဆင့်တိုးရန် ကြံစည်လေ၏။ လမ်းအတွင်းရှိ ကလေးများကို မိမိအိမ်သို့ လာ၍ ဆော့ကစားကြရန် သွေးဆောင် စည်းရုံးထားလေ၏။ အရှင်မြတ်ကြွရောက်၍ ဆွမ်းဘုဉ်းပေးနေချိန်တွင် ကလေးများသည် ဆူညံစွာ ဆော့ကစားနေကြရာ အိမ်အောက်ထပ်၌ မြူမှုန်များ တသောသော ထလျက် ရှိလေသည်။ သူမက ပြောဆို တားမြစ်သော်လည်း ကလေးများကား ဂရုမစိုက်ကြချေ။

ထိုအခါ သူမသည် အရှင်မြတ်အား ဤသို့လျှောက်ထားလေ၏။ "အရှင်ဘုရား၊ ဒီအိမ်အောက်ထပ်မှာတော့ ကလေးတွေ

လာဆော့ကြလို့ ဆုညည်ရှုပ်ထွေးလှုပါတယ်၊ နက်ဖြန်အိမ်အပေါ် ထပ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ”

ဤနည်းဖြင့် သူမသည် နောက်တနေ့တွင် အရှင်မြတ်အား ဘုံခုနစ်ဆင့်ရှိသော နေအိမ်ပြာသာဒ်၏အပေါ်ထပ်သို့ ပင့်ဆောင်၍ တံခါးကို မသိမသာ ပိတ်ထားလိုက်၏။ အမွှေးနံ့သာတို့ဖြင့် ထုံမွှမ်းလျက် အထူးတလည် ခင်းကျင်း ပြင်ဆင်ထားသောနေရာ၌ ရဟန်းအား ထိုင်စေ၏။ သူမကိုယ်တိုင်လည်း ထိုနေရာတွင် ကာသိတုင်းဖြစ် နူးညံ့ ချောအိသော အဝတ်အစားများကို ဝတ်ဆင်၍ မွှေးနံ့သာခြယ်သကာ အလှဆုံးဖြစ်အောင် ဖီးလိမ်း ပြင်ဆင်ထားလေသည်။

ထို့နောက် သူမသည်ဆွမ်းဘုဉ်းပေးနေသော အရှင်မြတ်အား ယပ်ခတ်ပေးကာ အနီး၌ ထိုင်နေ၏။ ချိုသာသော အသံဖြင့် တီတီတာတာ ချစ်ဖွယ်ရာ စကားများကိုလည်း အဆက်မပြတ် တတွတ်တွတ် ပြောဆိုလျှောက်ထားနေ၏။မယ်ကြောဘွယ်ကောင်း သောအမူအရာ၊ ကြည်သာသော အပြုံးတို့ဖြင့်လည်း ရဟန်း ငယ်အား စိတ်ဖောက်ပြားအောင် ဖြားယောင်း သွေးဆောင် နေလေသည်။

ရဟန်းငယ်ကား အမှန်စင်စစ် “သပဒါနစာရိက” ခေါ် အိမ်စဉ်အတိုင်းဆွမ်းခံသည့် ‘ဓုတင်’အကျင့်ကို ဆောက်တည်နေ သူ ဖြစ်၏။ သို့သော်လည်း ရသတဏှာဖြင့် နှောင်ဖွဲ့မှုကို ခံရ သဖြင့် ထိုအကျင့်ကို ဖောက်ဖျက်ကာ ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်ထက်သို့ပင် တက်မိခဲ့ချေပြီ။ ဆိတ်ငြိမ်သော နေရာ၌ မိန်းမပျိုတဦး၏ အာရုံငါးပါးဖြင့် ဖြားယောင်း မြှူဆွယ်မှုကို အတိအလင်း ခံရနေချေပြီ။

သို့ရာတွင် ယခုအချိန်အထိကား သူ၏စိတ်သည် ယိမ်းယိုင်ဖောက်ပြားခြင်းအနည်းငယ်မျှ မရှိသေး။ မိန်းမပျို၏ အမူအရာများကို မမြင်ဟန် မသိဟန်ပြု၍ ကျောက်ရုပ်ပမာ တည်ငြိမ်စွာ ထိုင်နေလေသည်။

ဤသို့ မိမိ၏ ဖြားယောင်းမြူဆွယ်မှုကြောင့် လုံးဝတုန်လှုပ်ခြင်း မရှိဘဲ ဣန္ဒြေမပျက်ထိုင်နေသည်ကို တွေ့ရသောအခါ သူမသည် စိတ်မရှည်နိုင်တော့ချေ။ မိမိ၏ အဆုံးသတ် လိုလားချက်ကို တိတိလင်းလင်းပင် ဖွင့်ဟ ထုတ်ဖော်၍ ပြောဆိုလိုက်လေသည်။

"အို....ရဟန်းငယ်၊ သင်ကား ပျိုမျစ်နုနယ် တင့်တယ်သောအဆင်းရှိသူ ဖြစ်ပေ၏။ ဤသို့ပျိုမျစ်နုနယ်သောဘဝကို သင်္ကန်းဝတ်ဖြင့် အချည်းနှီး မကုန်လွန်စေသင့်ပါ။ ယခုပင် သင်္ကန်းကို စွန့်ခွာ၍ ကျွန်ုပ်နှင့်အတူ ပျော်ပျော်ပါးပါး နေလှည့်ပါလော့"

ဤသို့ ရဲရဲတင်းတင်း ပွင့်လင်းစွာ ပြောဆိုလိုက်သော သူမ၏ စကားကို ကြားရသောအခါ ရဟန်းငယ်မှာတုန်လှုပ်ချောက်ချားလျက် သတိတရား သက်ဝင်လာ၏။ "ငါကားရသတဏှာ၏ အလိုသို့လိုက်ခဲ့မိသဖြင့် ဝိသဘာဂနယ်နိမိတ် အတွင်းသို့ သက်ဆင်းခဲ့မိချေပြီတကား" ယင်းသို့ သတိတရား သက်ဝင်လာသဖြင့် ထိုအန္တရာယ်စက်ကွင်းမှ ရုန်းထွက်ရန် အားယူ ပြင်ဆင်လိုက်လေ၏။

ထိုအချိန်တွင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းငယ်၏ အဖြစ်အပျက်ကို ဒိဗ္ဗစက္ခုဖြင့် ပြက်ပြက်ထင်ထင်သိမြင်တော်မူ၏။ ထို့ကြောင့် အနည်းငယ် ပြုံးတော်မူလိုက်ရာ အပါးတော်

၌ ခ့စားနေသော ညီတော်အာနန္ဒာက ရုတ်တရက် မြင်လိုက်သဖြင့် “အရှင်ဘုရား၊ အဘယ့်ကြောင့် ပြုံးရယ်တော်မူပါသနည်း” ဟု မေးလျှောက်၏။

“ချစ်သား အာနန္ဒာ၊ ရာဇဂြိုဟ်ပြည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ ရဟန်းငယ် သုန္ဒရသမုဒ္ဒနှင့် ပြည့်တန်ဆာမတို့ စစ်ခင်းနေကြ၏။ ဤသည်ကို မြင်၍ ငါဘုရား ပြုံးရယ်ခြင်းဖြစ်၏”

“အရှင်ဘုရား၊ အဘယ်သူက အောင်ပွဲဆင်ရန် ရှိပါသနည်း”

“ချစ်သား အာနန္ဒာ၊ ရဟန်းငယ် သုန္ဒရသမုဒ္ဒက အောင်ပွဲဆင်ရန် ရှိပေ၏။”

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် ဇေတဝန်ကျောင်းတော်မှပင် နေ၍ ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်ကာ အောက်ပါ တရားဂါထာကို ဟောကြားတော်မူ၏။

“ချစ်သား သုန္ဒရ၊ ဤလောက၌ အကြင်သူသည် လောကီအာရုံ ကာမဂုဏ်တို့ကိုစွန့်ပယ်၍ အိမ်ရာထောင်သော လူ့ဘောင်မှ ထွက်ခွာ၏။ ဤသို့ ကာမဘဝကို စွန့်ပယ်၍ စင်ကြယ်သော အကျင့်ရှိသူကိုသာ သူတော်စင် ဗြာဟ္မဏဟူ၍ ငါဘုရားခေါ်ဆိုပေ၏”

ဤဒေသနာကို ကြားနာရသောအခါ ရဟန်းငယ်ရှင်သုန္ဒရသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေ၏။ ထို့နောက် ဈာန်အဘိညာဉ်တန်ခိုးဖြင့် ပြာသာဒ်၏ အမိုးကို ဖောက်ထွင်း၍ ထွက်လာခဲ့ပြီး ဗုဒ္ဓ၏ခြေတော်ရင်း၌ဝပ်စင်းဦးခိုက်လေသည်။

[ဗြာဟ္မဏဝဂ်၊ သုန္ဒရသမုဒ္ဒရထေရဝတ္ထု]



# မကျသင့်သော မျက်ရည်

သာဝတ္ထိပြည်၌ တဦးနှင့်တဦး အလွန်ချစ်ခင်၍ အမြဲတမ်းသွားအတူလာအတူ နေကြသော သူကြွယ်ငါးယောက်ရှိ၏။ သူတို့သည် တရံရောအခါ ဗုဒ္ဓ၏ တရားတော်ကို နာကြားရသဖြင့် "ငါတို့ကား အသက်ကြီးပြီ။ လူ့ဘောင်၌ နေ၍ အကျိုးမရှိ။ ဗုဒ္ဓထံ၌ ရဟန်းပြုကြကုန်အံ့" ဟု တိုင်ပင်ဆွေးနွေးမိကြလေသည်။ ထို့နောက် မိမိတို့၏ ပစ္စည်း ဥစ္စာများကို သားမယားတို့အား ပေးအပ်ခဲ့ပြီး မျက်ရည် စက်လက်ဖြစ်နေသော ဆွေမျိုးတို့ကို စွန့်ကာ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြ၏။

ထိုရဟန်းကြီးငါးပါးတို့သည် ရဟန်းဘဝသို့ ရောက်လာကြသော်လည်းအချင်းချင်း မခွဲနိုင်သောကြောင့် ဇေတဝန်ကျောင်းတိုက်၏ အစွန်ကျသော နေရာတနေရာ၌ သင်ရှက်မိုးသော တဲကျောင်းတခုကို ဆောက်လုပ်၍ အတူတကွ နေထိုင်ကြ၏။ သူတို့

သည် အသက်ကြီးရင့်သူများဖြစ်၍သုတ်၊ဝိနည်း၊အဘိဓမ္မာတရားကိုလည်း သင်ယူလေ့လာခြင်း မပြုနိုင်ကြ၊ ကမ္မဋ္ဌာန်း ပွားများခြင်းအလုပ်ကိုလည်း မယ်မယ်ရရမလုပ်ကြဘဲ ပျော်ပျော်ပါးပါး စားစားသောက်သောက်ဖြင့်သာ အချိန်ဖြုန်း၍နေကြ၏။

ထိုရဟန်းကြီးတို့သည်ဆွမ်းခံသွားသောအခါအများအားဖြင့် မိမိတို့ သားမယားအိမ်သို့သာ သွားလေ့ရှိကြ၏။ ရဟန်းကြီးတပါး၏ ဇနီးဟောင်းမှာ အလွန်အချက်အပြုတ် ကောင်းသူဖြစ်ရာ ရဟန်းကြီးများသည် သူမ၏ အိမ်၌ နေ့စဉ်လို ဆွမ်းဘုန်းပေးကြ၏။ သူမကလည်း အစွမ်းကုန် စီမံချက်ပြုတ်၍ လုပ်ကျွေးပြုစု၏။ ထို့ကြောင့်လည်း ကိုယ်တော်ကြီးများသည် သူမ၏ လက်ရာကို တနေ့မျှ လက်မလွှတ်နိုင်အောင် ဖြစ်နေကြလေသည်။

တနေ့သောအခါ၌ကား အဆိုပါ ဟင်းချက်ကောင်းသော မိန်းမသည် ရောဂါတခုဖြင့် မမြော်လင့်ဘဲရုတ်တရက်ကွယ်လွန်သွား၏။ သူမ ကွယ်လွန်သွားကြောင်းကို ကြားကြလေသော် ကိုယ်တော်ကြီး ငါးပါးတို့သည် အချင်းချင်း လည်ပင်းဖက်ကာ အော်ဟစ် ငိုကြွေးကြလေသည်။

ယင်းသို့ အော်ကြီးဟစ်ကျယ် ငိုကြွေးနေကြသည်ကို အနီးပတ်ဝန်းကျင်ရှိ ရဟန်းများကြားလျှင် စုဝေးရောက်ရှိလာကြပြီး အကျိုးအကြောင်းကို မေးမြန်းကြ၏။

"အရှင်ဘုရားတို့၊အဘယ့်ကြောင့်ယခုလိုဝမ်းပန်းတနဲ ငိုကြွေးနေကြပါသလဲ"

"တပည့်တော်တို့ရဲ့ ဆွမ်းကွမ်း အမတယောက် သေသွားလို့ ငိုနေကြခြင်း ဖြစ်ပါတယ်။ သူလို ဆွမ်းကွမ်းအမတော့

တပည့်တော်တို့ နောက်ထပ်အစား ရနိုင်တော့မှာ မဟုတ်ပါဘူး ကိုယ်တော်တို့”

သားမယားကို စွန့်၍ ရဟန်းပြုလာကြပါလျက် ဆွမ်းကွမ်းအမအတွက် မျက်ရည်ဖိုင်ဖိုင်စီးနေကြသည်ကို တွေ့မြင်ကြရသောအခါ ထိုရဟန်းများ တအံ့တသြ ဖြစ်သွားကြသည်။ ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ ဇေတဝန်ကျောင်းတိုက်ကြီးအတွင်း၌ “ကြား၍မျှ မလျော်သည့် အဖြစ်ဆန်း တခုပေတကား” ဟု ဝေဖန် ပြောဆိုကြလေသည်။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်ကြွလာ၍ “ချစ်သားရဟန်းတို့၊ အဘယ်စကားကို သင်တို့ဝေဖန်ပြောဆိုနေကြပါသနည်း” ဟု မေးမြန်းတော်မူသည်။ ရဟန်းတို့ကထိုအကြောင်းကို လျှောက်တင်ကြသောအခါ “ချစ်သားတို့၊ ဤရဟန်းကြီးများသည် ယခုမှသာ ဤသို့ငိုကြွေးသည်မဟုတ်၊ ရှေးကလည်း ငိုကြွေးဘူး၏” ဟု မိန့်ကြား၍ အတိတ်ကို ဆောင်တော်မူလေသည်။

× × ×

ရှေးသရောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း မင်းပြုသော် ဘုရားလောင်းသည် သမုဒ္ဒရာစောင့် နတ်ဖြစ်၏။ ထိုအခါ ကျီးဖိုနှင့် ကျီးမနှစ်ကောင်တို့သည် အစာရှာသွားကြစဉ် သမုဒ္ဒရာနား၌ လူတို့က နဂါးအားပူဇော်ပသထားသည့် နို့ဃနာ အသား ငါး သေအရက် စသော စားသောက်ဘွယ်ရာတို့ကို တွေ့မြင်၍ အလိုရှိတိုင်း စားသောက်ကြ၏။

သေအရက်ကို သောက်မိကြသဖြင့် မူးယစ်လာသောကြောင့် ထိုကျီးဖိုကျီးမတို့သည် သမုဒ္ဒရာရေစပ်သို့ဆင်း၍ ရေ

ကစားကြပြန်၏။ ယင်းသို့ ရေကစားနေစဉ် ကျီးမသည်လှိုင်းတံပိုးအရှိန်ဖြင့် သမုဒ္ဒရာတွင်းသို့ မျောပါ၍ ရေနစ်သေဆုံးလေသည်။

ထိုအခါ ကျန်ရစ်သော ကျီးဖိုသည် "ငါ၏ကျီးမ သေဆုံးခဲ့ပြီ" ဟု ဟစ်အော်မြည်တမ်း၍ ပြင်းပြစွာ ငိုကြွေး၏။ အခြားသောကျီးများသည် ထိုအသံကို ကြားလျှင် စုဝေးရောက်ရှိလာကြပြီးဝိုင်ဝန်းငိုကြွေးကြ၏။ ထို့နောက်ကျီးများသည် "ဤသမုဒ္ဒရာရေကို ငါတို့ကျီးအားလုံး၏ အင်အားဖြင့် သွန်ထုတ်၍ ကျီးမကို ဆယ်ယူကြအံ့" ဟု စဉ်းစားမိကြလေသည်။ ယင်းသို့ ကြံစည်ပြီး ကျီးများသည် သမုဒ္ဒရာရေကို နှုတ်သီးဖြင့် စုတ်ယူ၍ ကုန်းပေါ်သို့ သွားကာ သွန်ချကြ၏။ ဤသို့ ခေါက်တုံ့ခေါက်ပြန် ပြုလုပ်ကြလေသော် အချိန်ကြာသောအခါ ဆားငန်ရေကြောင့် ကျီးများအာခေါင် ခြောက်လာကြ၏။ မေးရိုးများညောင်း၍ မျက်စိများလည်း နီလာကြ၏။ ထိုအခါ တကောင်သောကျီးက ဤသို့ပြောဆို၏-။

"အဆွေတို့၊ ငါတို့၏မေးရိုးများသည် ညောင်းလှပြီ။ အာခေါင်များလည်း ခြောက်လှပြီ။ သို့သော်လည်း ဤသမုဒ္ဒရာရေကား အနည်းငယ်မျှမလျော့။ ပြည့်မြဲတိုင်းသာပြည့်၏။ ငါတို့သည် သမုဒ္ဒရာရေကို ကုန်ခန်းအောင် ပြုလုပ်နိုင်မည်မဟုတ်"

ထိုကျီး၏ စကားကို ကြားလျှင် ကျီးအုပ်ကြီးသည် သမုဒ္ဒရာရေကို ဆယ်ယူ သွန်ထုတ်ခြင်း အလုပ်ကို ဆက်၍ မလုပ်ကြတော့ဘဲ လက်လျှော့လိုက်ကြ၏။ ယင်းသို့ လက်လျှော့လိုက်ကြရသော်လည်း ကျီးအုပ်ကြီးသည် ရုတ်တရက် ထွက်ခွာမသွားကြသေး။ "ငါတို့၏ ချစ်စွာသောကျီးမသည် ယုတ်မာဆိုးဝါးသော ဤ

သမုဒ္ဒရာကြောင့် ပျက်စီးခဲ့ရလေပြီ။” ဤသို့စသည်ဖြင့် ကျီးမကို တမ်းတ၍ ငိုကြွေးမြည်တမ်းနေကြပြန်၏။

ဤသို့ငိုကြွေးနေကြသည်ကို သမုဒ္ဒရာစောင့်နတ်မြင်၍ “ ဤကျီးများသည် တအုပ်လုံး ပျက်စီးရှာတော့မည်။ ငါကယ်မှ ဖြစ်တော့မည်”ဟုကြံ၍ ကြောက်မက်ဘွယ်ကောင်းသော အသွင်သဏ္ဌာန်တခုကို ဖန်ဆင်း ပြသလေ၏။ ထိုအခါမှ ကျီးများ ကြောက်လန့်၍ ထွက်ပြေးကြလေသည်။

ဗုဒ္ဓသည်ဤဇာတ်တော်ကို ဟောကြားပြီးနောက် ထိုရဟန်းကြီး ငါးပါးတို့အား ဩဝါဒစကား ဆက်လက်မိန့်ကြားတော်မူ၏။

“ချစ်သားတို့၊ ကိလေသာတည်းဟူသော တောကိုမှီ၍ အိုနာ၊ သေဟူသော ဘေးဒုက္ခများ ဖြစ်ပွား ပေါ်ပေါက်လာရ၏။ သင်တို့သည် ဆင်းရဲဒုက္ခမှ လွတ်ကင်းလိုလျှင် ထိုကိလေသာတော အရှုပ်ကို ခုတ်ထွင် ရှင်းလင်းပစ်ကြလေလော”

ကရားအဆုံး၌ ရဟန်းကြီး ငါးပါးလုံး သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားကြလေသည်။

[မဟာဝဂ်၊ ပဉ္စမဟာသက္ကသဘာ ဝဂ္ဂနှင့် ဒေသနာပါဠိ ... ဓမ္မ... တော်တို့ကို ဆက်... ...ထားပါသည်။]

# ရွှေတောင်သူဌေး

ရှေးအခါက ဗာရာဏသီမြို့တော်၌ မြို့သူမြို့သားတို့သည် ပရိနိဗ္ဗာန် စံဝင်သွားသော ဂဿပ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဌာပနာ၍ စေတီတော်ကြီးတဆူကို တည်ထားကိုးကွယ်ရန် စီမံ အားထုတ်ကြလေသည်။ ထိုစေတီကြီးကို ရွှေအုတ်တို့ဖြင့် စီ၍ တည်ဆောက်ကြခြင်းဖြစ်ရာ များစွာသော လူတို့သည် မိမိတို့၏ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာတို့ကို စေတနာ ထက်သန်စွာ လှူ ဒါန်းကြ၏။

စေတီတည်ဆောက်ရေးလုပ်ငန်းကို ကြီးကြပ်ရသော ရဟန္တာ မထေရ်တပါးသည် မြို့တွင်း၌ လှည့်လည်၍ လူတို့အား စေတီ တော်အတွက် ကူညီပါဝင်ကြရန် နှိုးဆော်လေ့ရှိ၏။ ထိုမထေရ် သည် ယင်းသို့နှိုးဆော်ရင်း ရွှေပန်းထိမ်သည် တဦး၏ အိမ်သို့ ရောက်ရှိသွား၏။ ရွှေပန်းထိမ်သည်ကား ထိုအချိန်တွင် ဇနီး

သည်နှင့် ခိုက်ရန် ဖြစ်ပွားနေလေသည်။ ထို့ကြောင့် မထေရ် တိုက်တွန်း ပြောဆိုသည့် စကားကိုကြားလျှင် စိတ်ဆိုးလက်စဖြင့် "အရှင်တို့ရဲ့ မြတ်စွာဘုရားကို ရေထဲသို့ ပစ်ချလိုက်ပါလော့"ဟု ပြောလိုက်လေသည်။

ထိုစကားကို ဇနီးဖြစ်သူကြားလျှင် "အရှင်၊ ကျမကို စိတ်ဆိုးရင် ကျမကိုသာ ဆဲဆိုရိုက်နှက်သင့်ပါသည်။ မြတ်စွာဘုရားကို မစော်ကားပါနှင့်"ဟု ကန့်ကွက်ပြောဆို၏။ ထိုအခါ ရွှေပန်းထိမ်သည်သည် မိမိအမှားကို မြင်သဖြင့်မထေရ်မြတ်အား ဝန်ချတောင်းပန်လေ၏။

"ဒါယကာ၊ သင်သည် ငါ့ကို တောင်းပန်ရန်မလို။ မြတ်စွာဘုရားကိုသာ တောင်းပန်လော့"

ဤသို့ ညွှန်ကြားပြောဆိုသော မထေရ်မြတ်၏ စကားအတိုင်း ရွှေပန်းထိမ်သည်သည် ရွှေပန်းခိုင်သုံးခုဖြင့် မြတ်စွာဘုရား၏ ဌာပနာတိုက်သို့ သွားရောက်ကန်တော့လေ၏။ ယင်းသို့ ကန်တော့ရန် အတွက် ရွှေပန်းခိုင်များ ပြုလုပ်ရာတွင် မိမိ၏ သားသုံးယောက်တို့အား အကျိုးအကြောင်း ပြောပြ၍ ပါဝင်ကူညီရန် တိုက်တွန်း၏။ သို့သော်လည်း သားကြီးနှင့် သားလတ်တို့သည် ဘခင်၏ စကားကို နားမထောင်ကြ။ သားငယ် တယောက်သာလျှင် ဘခင်ပြောသည့်အတိုင်း လိုက်နာ၍ ရွှေပန်းခိုင်များ ပြုလုပ်ရာတွင် ပါဝင်ကူညီခြင်း ပြုခဲ့၏။

ရွှေပန်းထိမ်သည်သည် ထိုဘဝမှ စုတေလျှင် လူ့ပြည် နတ်ပြည်တို့တွင် ကံအားလျော်စွာ ကျင်လည်၍ ဂေါတမဗုဒ္ဓ၏ လက်ထက်တွင် ဗာရာဏသီပြည် သူဌေးသမီး တယောက်၏ ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ထို သူဌေးသမီးကား ဘုံခုနစ်ဆင့်ရှိသော

ပြာသာဒ်ပေါ်၌တင်၍ မိဘတို့က ကောင်းစွာထိန်းသိမ်း မောင့်ရှောက်ထားရာမှ ဝိဇ္ဇာဓိုရ်တယောက်နှင့် ယဉ်ပါးကာ ကိုယ်ဝန်ရရှိလာခြင်းဖြစ်၏။

သို့ဖြစ်၍ သူဌေးသမီးသည် ကလေး မွေးဖွားလာသောအခါ ထိုကလေးကို အိုးတလုံး၌ထည့်၍ ဂင်္ဂါမြစ်ထဲသို့ မျှောလိုက်ရန် အိမ်စေကျွန်မအား စေခိုင်းလေသည်။ မြစ်ထဲ၌ မျှောလာသော အိုးကို မြစ်ဆိပ်၌ ရေချိုးနေသည့် မိန်းမနှစ်ယောက် တွေ့မြင်ကြလျှင် တယောက်က "ငါ့အိုး"ဟု ဆိုလေ၏။ ကျန်တယောက်ကလည်း "အိုးထဲမှာပါတဲ့ ပစ္စည်း ငါ့ပစ္စည်း"ဟု ဆိုပြန်၏။

ထိုအိုးကို ဆယ်ယူ၍ ကြည့်ရှုကြသောအခါ ကလေးငယ်ကို တွေ့မြင်ကြ၍ သူ့ရထိုက်၊ ငါ့ရထိုက် အငြင်းပွားကြသဖြင့် တရားရုံးသို့ ရောက်သွားကြလေ၏။ တရားရုံးက "အိုးထဲမှာပါတဲ့ပစ္စည်း ငါ့ပစ္စည်း"ဟု ဆိုခဲ့သော မိန်းမအား အနိုင်ပေးလိုက်၏။

အနိုင်ရသော မိန်းမသည် ကလေးငယ်အား 'ဇင္ဃိလ'ဟုအမည်ပေး၍ ကောင်းစွာ ကျွေးမွေးပြုစုထားလေသည်။ ဇင္ဃိလကလေး ခုနစ်နှစ်-ရှစ်နှစ် အရွယ်သို့ ရောက်သောအခါ မွေးစားမိခင်သည် မိမိကိုးကွယ်ဆည်းကပ်နေသော ရှင်မဟာကစ္စည်းထံတွင် ကလေးကို ရှင်ပြုပေးရန် အပ်နှံလေ၏။

ရှင်မဟာကစ္စည်းသည် "ဤကလေးကား ဘုန်းရှင် ကံရှင် တဦးဖြစ်၏။ ငယ်ရွယ်စဉ် လောကီချမ်းသာကို ခံစားစေဦးအံ့"ဟုကြံ၍ တက္ကသိုလ်ပြည်သို့ ခေါ်ဆောင်သွားပြီး မိမိ၏ ဒကာရင်းဖြစ်သော သူကြွယ်တဦးထံ၌ အပ်နှံထား၏။ ထိုသူကြွယ်ကလည်း ဇင္ဃိလ ကလေးအား ဂရုတစိုက် ကျွေးမွေးပြုစု၏။ အတတ်ပညာများကိုလည်း သင်ကြားပေး၏။

တဖြည်းဖြည်း အရွယ်ရောက်လာသော ဇဋ္ဋိလ သတို့သား သည် လိမ္မာရေခြား ရှိလှပြီး မွေးစားဖခင်၏ ရောင်းရေးဝယ် တာ လုပ်ငန်းများ၌ ကူဖော်လောင်ဖက် ရသာ၏။ ထို့ကြောင့် အရွယ်နှင့် မလိုက်အောင်ပင် ဘခင်၏ ယုံကြည်အားကိုးမှုကို ရရှိ လာခဲ့၏။

တနေ့သ၌ ဘခင်သူကြွယ်သည် အလုပ်ကိစ္စ တခုရှိသဖြင့် အိမ်၌ ရောင်းချရန်ရှိသော ကုန်ပစ္စည်းများကို ဇဋ္ဋိလအား လွှဲ အပ်ခဲ့ပြီး ခရီးထွက်သွားလေ၏။ ကိစ္စပြီးစီး၍ အိမ်သို့ ပြန်လာ သောအခါ၌ကား သူကြွယ်မှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ် သွားတော့၏။ အဘယ့်ကြောင့်ဆိုသော် အိမ်နှင့် အပြည့်ဝယ်ယူ စုဆောင်းထားခဲ့သော ပစ္စည်းများမှာ ကုန်လုနီးပါး ဖြစ်နေသည် ကို တွေ့ရသောကြောင့် ဖြစ်၏။

ထို့ကြောင့် သူကြွယ်သည် ဇဋ္ဋိလကို ချက်ခြင်းခေါ်၍ မေး လေသည်။

"ချစ်သား၊ အိမ်မှာထားခဲ့တဲ့ ကုန်ပစ္စည်းတွေ ဘယ်ရောက် ကုန်သလဲ"

"ဘခင်မှာထားခဲ့တဲ့ဈေးနဲ့ အားလုံး ရောင်းလိုက်ပါတယ်"

ဇဋ္ဋိလသည် ယင်းသို့ ဖြေကြားပြီး ကုန်ရောင်းရသည့် အသပြာငွေတို့ကို ထုတ်ပေးလေသည်။ ၂ လ ၃ လစာ ပစ္စည်း များကို ၂ ရက် ၃ ရက်အတွင်းကုန်အောင်ရောင်းချခဲ့ရကြောင်း သိလျှင် သူကြွယ်မှာ အားရကျေနပ်မဆုံးအောင် ရှိတော့သည်။ ထို့ကြောင့် ထူးခြားသော ဘုန်းကံရှင်တဦး လက်လွတ်မသွား စေရန် မိမိသမီးရင်းနှင့် ပေးစားလိုက်၏။

ထို့နောက် သမီးနှင့် သမက်အတွက် အိမ်သစ်တလုံး ဆောက်လုပ်စေသည်။ ထိုအိမ်သစ်သို့ ဇင့်ဂိုလတို့ဇနီးမောင်နှံ တက်ရောက်နေထိုင်သည့်နေ့တွင် အိမ်နောက်၌ အတောင်ရှစ်ဆယ်ခန့်ရှိသော ရွှေတောင်ကြီး ထူးဆန်းစွာ ပေါ်ထွက်လာလေသည်။ ထိုနေ့မှစ၍ တက္ကသိုလ်ပြည်၌ ဇင့်ဂိုလသူဋ္ဌေးဟူသော အမည်မှာ ထင်ရှားလာလေတော့သည်။

ဗုဒ္ဓရှင်တော်မြတ် ဂန္ဓာရတိုင်းသို့ ကြွရောက်လာသောအခါ ဇင့်ဂိုလသူဋ္ဌေးသည် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ တရားနာ၏။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းစသော ကောင်းမှုကုသိုလ်တို့ကိုလည်း အစဉ်မပြတ် ပြုလုပ်၏။ သားသုံးယောက်ရရှိ၍ အရွယ်ထောက်လာသောအခါ ဇင့်ဂိုလသည် လူ့စည်းစိမ်ကို ငြီးငွေ့၍ ရဟန်းပြုရန် စိတ်ဆန္ဒ ဖြစ်ပေါ်လာ၏။

ယင်းအခါ "ကျွန်ုပ်ဇမ္ဗူဒိပ်ကျွန်း၌ ငါကဲ့သို့ ကြွယ်ဝချမ်းသာသူ ရှိပါ၏လော။ ထိုကဲ့သို့သောသူ ရှိမှသာ ငါရဟန်းပြုရန် သင့်ပေမည်" ဟု စဉ်းစားမိပြန်၏။ ထို့ကြောင့် သူသည် မိမိ၏ အမှုထမ်း ၄-၅ ယောက်တို့အား ရွှေအုပ်၊ ရွှေခြေနင်း၊ ရွှေနှင်တံ စသည်တို့ကိုပေး၍ "သင်တို့သည် ဇမ္ဗူဒိပ်ကျွန်း၌ လှည့်လည်၍ ငါကဲ့သို့ ကြွယ်ဝချမ်းသာသူကို စုံစမ်းရှာဖွေကြချေလော" ဟု စေခိုင်းလိုက်လေ၏။

ထိုအမှုထမ်းတို့သည် ရွှေအုပ်၊ ရွှေခြေနင်းစသည်တို့ကို ရောင်းချဟန်ဖြင့် တမြို့မှတမြို့ လှည့်လည်စုံစမ်းကြရင်း အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ ဆိုက်ရောက်သွားကြ၏။ ဘဒ္ဒိယမြို့၌ မေဏ္ဍက သူဋ္ဌေးကြီးသည် အလွန်ကြွယ်ဝချမ်းသာကြောင်း သတင်းကြားသိရသဖြင့် ထိုသူဋ္ဌေးကြီးအိမ်သို့ ဝင်၍ စုံစမ်းကြသည်။ သူဋ္ဌေးကြီး၏ အိမ်

နောက်ဖေး၌ နွားလားခန့် ပမာဏရှိသော ရွှေဆိပ်ရုပ်တို့ ကျော ချင်းထိမျှ တည်ရှိနေသည်ကို မြင်ကြလျှင် အလွန်အံ့သြကြ လျက် တက္ကသိုလ်ပြည်သို့ ပြန်ပြီး ဇင့်လသူဌေးကြီးအား ထို အကြောင်းကို အစီရင်ခံကြလေသည်။

သူဌေးကြီးသည် တသိန်းတန် ကမ္ဗလာ အထည်တခုကိုပေး၍ "အခြား မြို့များသို့လည်း လှည့်လည် စုံစမ်းကြဦးလော" ဟူ၍ အမှုထမ်းတို့ကို ဒုတိယအကြိမ် လွှတ်လိုက်ပြန်၏။ ဤတကြိမ်တွင် အမှုထမ်းတို့သည် ရာဇဂြိုဟ်ပြည်သို့ ဆိုက်ရောက်သွားကြလေ၏။ ရာဇဂြိုဟ်ပြည်၌ ဇောတိကသူဌေးသည် အချမ်းသာဆုံး ဖြစ် ကြောင်း ကြားသိကြသဖြင့် ဇောတိကအိမ်သို့သွား၍ တသိန်း တန် ကမ္ဗလာထည်ကို ရောင်းချကြသည်။ ဇောတိကသည် တသိန်း တန် ကမ္ဗလာထည်ကိုဝယ်၍ တံခါးမုခ်၌ အမှိုက်လှဲနေသော ကျွန်မအား ခြေသုတ်အဝတ်လုပ်ရန် ပေးလိုက်လေသည်။

ဇင့်လ၏ အမှုထမ်းတို့သည် ထိုအခြင်းအရာကိုမြင်လျှင် အလွန် အလွန် အံ့သြကာ မိမိတို့သူဌေးထံ ပြန်၍ သတင်းပို့ကြပြန်၏။ ထိုအခါ ဇင့်လသည် သားသုံးယောက်ကိုခေါ်၍ မိမိ ရဟန်းပြု တော့မည်ဖြစ်ကြောင်းကို ပြောကြားလေ၏။ ထို့နောက် "ချစ် သား၊ အိမ်နောက်ဖေးရှိ ရွှေတောင်မှ ရွှေတုံးများကို ထုခွဲ၍ ယူချေလော" ဟု ဆို၍ သားကြီးအား ပေါက်တူးတလက် ပေး လိုက်၏။

သားကြီးသည် ဘခင်စေခိုင်းသည့်အတိုင်း သွား၍ ရွှေတောင် ကို ပေါက်တူးဖြင့် ပေါက်၏။ သို့သော် ကျောက်တုံး ကျောက် ပြင်ကဲ့သို့ မာကျော၍နေသဖြင့် ရွှေတုံး တပိုင်းတစမျှ မရရှိချေ။

ဤအကြောင်းကို ဘခင်ထုံ ပြန်၍ပြောသောအခါ ဘခင်က သားလတ်ကို စေခိုင်းပြန်၏။ သားလတ် သွား၍ ပေါက်သော အခါ၌လည်း ရေးနည်းတူပင် ဖြစ်နေသောကြောင့် နောက်ဆုံးတွင် သားငယ်၏အလှည့် ရောက်လာ၏။ သားငယ် သွား၍ ပေါက်သောအခါ၌ကား မြေစိုင်ခဲကို ပေါက်ဘိသကဲ့သို့ ရွှေတုံး ရွှေခဲများ ပဲ့ထွက်လာလေသည်။

ထိုအခါ သူဌေးကြီးသည် "ချစ်သားတို့၊ ဤရွှေတောင်သည် ငါနှင့် ငါ့သားငယ်အတွက်သာ ပေါ်ပေါက်လာခြင်း ဖြစ်၏။ သင်တို့နှစ်ယောက်အတွက် မဟုတ်ပေ"ဟု ပြောကြား၍ သားငယ်အား အမွေပေးခဲ့ပြီး ဗုဒ္ဓထံသို့သွားကာ ရဟန်းပြုလေသည်။ ရဟန်းပြုပြီးနောက်လည်း ရက်အနည်းငယ် အတွင်းမှာပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသည်။


တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရှင်ဇဗ္ဗိလအပါအဝင် နောက်လိုက် ရဟန်းငါးရာနှင့်အတူ တက္ကသိုလ်ပြည်သို့ ကြွရောက်လာပြန်၏။ ရှင်ဇဗ္ဗိလ၏ သားတို့သည် ဗုဒ္ဓရှင်တော်မြတ် အမှူးရှိသော ရဟန်းသံဃာတို့အား မိမိတို့နေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူကြသည်။

ဆွမ်းခံရာမှ အပြန်တွင် အချို့သော ရဟန်းတို့က ရှင်ဇဗ္ဗိလအား "ငါ့ရှင်၊ လူ့ဘဝတုန်းက စည်းစိမ်တွေကို ပြန်တွေ့ရတော့ သင့်စိတ်ထဲမှာ ဘယ်လို နေပါသလဲ"ဟု မေးမြန်းကြသည်။ ရှင်ဇဗ္ဗိလက "တပည့်တော်မှာ ဒီလို တွယ်တာမှုတွေ မရှိတော့ပါ"ဟု၍ ပြန်ပြောလေသည်။ ရဟန်းများသည် ရှင်ဇဗ္ဗိလ၏ စကားကို မယုံကြသဖြင့် ဗုဒ္ဓအား လျှောက်ကြပြန်သည်။

ထိုအခါ ဗုဒ္ဓက "ချစ်သားတို့၊ ဇင္ဂိလသည် တပ်မက်မှု ကင်းစင်သော အရိယာ သူတော်စင် ဖြစ်ခဲ့လေပြီ"ဟု မိန့်ကြားတော်မူသည်။

ဇင္ဂိလသည် ရှေပန်းထိမ်သည် ဖြစ်စဉ်က ရဟန္တာအရှင်မြတ်အား "အရှင်တို့ရဲ့ မြတ်စွာဘုရားကို ရေထဲသို့ ပစ်ချလိုက်ပါလော"ဟု ပြောဆိုမိခဲ့၏။ ဤဝစီကံကြောင့် သူသည် ယခုဘဝ မွေးခါစအရွယ်၌ မြစ်ထဲတွင် အမျှောခံခဲ့ရ၏။ ဇနီးသည်၏ပြောစကားဖြင့် နောင်တတရားရကာ စေတီတော်အား ရွှေပန်းခိုင်နှင့် ပူဇော်ကန်တော့ခဲ့ခြင်းကြောင့် ယခုဘဝ၌ ရွှေတောင်ကြီး ပေါက်လာရခြင်းဖြစ်သည်။စေတီတော်အား ပူဇော်ကန်တော့ရန်အတွက် ရွှေပန်းခိုင်ပြုလုပ်ရာတွင် သားငယ်တယောက်တည်းသာ ပါဝင်ကူညီခဲ့ခြင်းကြောင့် သူတယောက်တည်းသာ အမွေရရှိခဲ့ခြင်း ဖြစ်သည်။ ဤအကြောင်းများကိုလည်း ဗုဒ္ဓက ထုတ်ဖော်ဟောကြားတော်မူလေသည်။

[ဓမ္မပဒဋ္ဌကထာ၊ ဇင္ဂိလသေဋ္ဌိဝတ္ထု]



# တံလျှပ်ကို ရေထင်၍

တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအချိန်တွင် ရှင်မဟာ ကဿပ ကိုယ်တော်မြတ်ကြီးသည်လည်း တပည့်ရင်း ဖြစ်သော ရဟန်းငယ်တပါးနှင့်အတူ ရာဇဂြိုဟ်ပြည်၌ပင် သီတင်းသုံးလျက် ရှိ၏။

ရှင်မဟာကဿပ၏တပည့် ရဟန်းငယ်ကား ကျင့်ဝတ်သိက္ခာ နှင့် ပြည့်စုံ၍ လိမ္မာရေးခြား ရှိလှ၏။ ဆရာ၏ ဆုံးမဩဝါဒကို မြေဝယ်မချ လိုက်နာ၍ ပရိယတ်၊ ပဋိပတ်နှစ်ပါးကို ကြိုးစား အားထုတ်၏။ ထို့ကြောင့်လည်း ငယ်ငယ် ရွယ်ရွယ်ဖြင့်ပင် လောကီဈာန်တရားကို ပေါက်ရောက်ခဲ့လေသည်။

ရှင်မဟာကဿပသည် မြို့တွင်းသို့ ဆွမ်းခံ ကြွသည့်အခါ အများအားဖြင့် ရဟန်းငယ်ကိုလည်း မိမိနှင့်အတူ ခေါ်ဆောင်

သွားလေ့ ရှိ၏။ ထူးခြားသော အကြောင်းကိစ္စရှိသည့် နေ့များတွင်ကား ရဟန်းငယ်အား အတူခေါ်မသွားဘဲ မိမိတပါးတည်း ကြွလေ့ရှိ၏။ တခါတရံတွင်မူ ရှင်မဟာကဿပသည် ခုနစ်ရက်ပတ်လုံး နေရာမှ မထဘဲ နိရောဓသမာပတ်ကို ဝင်စားနေတတ်၏။ ထိုအခါမျိုး၌လည်း ရဟန်းငယ်မှာ မိမိတပါးတည်း ဆွမ်းခံကြွရတတ်၏။

တခုသော နံနက်ခင်း၌ ဆရာအရှင်မြတ် နိရောဓသမာပတ်ဝင်စားနေသဖြင့် ရဟန်းငယ်သည် မိမိတပါးတည်း သပိတ်ပိုက်ကာ မြို့တွင်းသို့ ဆွမ်းခံထွက်ခဲ့လေ၏။ တလမ်းဝင် တလမ်းထွက် လှည့်လည်ရာမှ ရွှေပန်းထိမ်အလုပ်ကို လုပ်ကိုင်သော မိမိဦးရီးတော်တယောက်၏ အိမ်ရှေ့သို့ ဆိုက်ရောက်လာသဖြင့် အိမ်ထဲသို့ဝင်ကာ ခင်းထားအပ်သောနေရာ၌ ထိုင်နေ၏။

ထိုအချိန်တွင် ဦးရီးနှင့် ဇနီးတို့မှာ အလုပ်ကိစ္စတခုဖြင့် အပြင်သို့ သွားနေကြသဖြင့် အိမ်တွင်မရှိကြ။ အရွယ်ရောက်စဖြစ်သော သမီးပျိုတယောက်သာ အိမ်၌ ကျန်ရစ်၏။

ထိုသမီးပျိုသည် ရဟန်းငယ် ကြွလာသည်ကို မြင်လျှင် မိဘများ မှာထားခဲ့သည့်အတိုင်း ဆွမ်းဟင်းများကို ခူးခပ်ပြင်ဆင်၍ ရဟန်းငယ်၏သပိတ်၌ လောင်းလှူ၏။ ထိုစဉ်တွင် မိန်းမပျို၏လက်သည် ရဟန်းငယ်၏လက်နှင့် အမှတ်မထင် ထိခိုက်မိသွားလေသည်။ ရဟန်းငယ်သည် နူးညံ့သော အတွေ့အထိကြောင့် မိမိ၏ စက္ခုန္ဒြေကို ဖျက်၍ မိန်းမပျိုအား ခြေဆုံးခေါင်းဆုံး ကြည့်မိလေတော့သည်။ မိန်းမပျို၏ ပြည့်ဖြိုးသော ကိုယ်ကာယ

နှင့် လှပသော မျက်နှာတို့ကို နီးကပ်စွာ မြင်တွေ့လိုက်ရသော အခါ လောကီချစ်ခြင်း သမာဓိစွမ်းအားဖြင့် ငုပ်လျှိုးနေသော ရဟန်းငယ်၏ ကိလေသာ ရာဂစိတ်များမှာ ထောင်းကနဲထ၍ လာကြလေတော့သည်။

အမှန်စင်စစ် ရဟန်းငယ်သည် ဆရာကောင်း ဆရာမြတ်၏ ဆုံးမသြဝါဒကို နာခံ၍ ဆိတ်ငြိမ်သောတောရကျောင်း၌ ရဟန်းတရားဖြင့်သာ ပျော်မွေ့နေခဲ့သူ ဖြစ်၏။ ထို့ကြောင့်လည်း ဤကဲ့သို့သော ဝိသဘာဂအာရုံများနှင့် တကြိမ်တခါမျှ နှဖူးတွေ့ ဒူးတွေ့ မကြုံခဲ့ရဘူးပေ။ ယင်းသို့ မကြုံတွေ့ရအောင်လည်း အမြဲ သတိထား၍ ရှောင်ရှားခဲ့ပေသည်။

ယနေ့တွင်မူ ဦးရှီးတော်၏အိမ်သို့ ဆွမ်းခံဝင်ရင်း မမြော် လင့်ဘဲ မိမိနှင့် သက်တူရွယ်တူ မိန်းမပျိုကလေးနှင့် နှစ်ဦးချင်း ဆုံဆည်းခဲ့၏။ သို့တိုင်အောင်လည်း မျက်လွှာကိုချ၍ ဣန္ဒြေရရ ထိုင်နေစဉ်ဝယ် တစုံတရာ စိတ်လှုပ်ရှားမှု၊ စိတ်ဖောက်ပြန်မှု မရှိ ခဲ့ပေ။ သူမ ဆွမ်းလာလောင်း၍ ရုတ်တရက် လက်ချင်းထိခိုက်မိ သောအခါ၌ကား နူးညံ့သော အတွေ့အထိကြောင့် သတိ လက်လွှတ်ဖြစ်ကာ သူ၏ စောင့်စည်း ထိန်းချုပ်မှုများ ဒလဟော ကျိုးပေါက် ပျက်စီးသွားလေတော့သည်။ ယင်းနှင့် တပြိုင်နက် တည်းမှာ နှစ်လများစွာ ပွားများဝင်စားခဲ့သည့် ဈာန်အဘိညာဉ် များလည်း ပျက်ပြားသွားလေတော့၏။

ဆွမ်းခံရာမှ ကျောင်းသို့ ပြန်ရောက်သောအခါ ရဟန်းငယ် သည် ဆွမ်းကိုပင် ကောင်းစွာ မစားနိုင်တော့ပေ။ တမှိုင်မှိုင်

တတွေတွေဖြင့် အခန်းအောင်း၍သာ နေလေတော့၏။ ရှင်မဟာကဿပသည် နိရောဓသမာပတ် ဝင်စားရာမှ ထသောအခါ ပြုနေကျဝတ်ကြီးဝတ်ငယ်ကိုပင် မှန်မှန်မပြုတော့ဘဲ အမှုအရာ ပျက်ပြားနေသော ရဟန်းကို မြင်လျှင် ခေါ်၍ မေးမြန်း စုံစမ်းလေသည်။ ရဟန်းငယ်က "အရှင်ဘုရား၊ တပည့်တော် ရဟန်း ဘောင်၌ မပျော်မွေ့တော့ပါ။ လူထွက်ပါတော့မည်" ဟူ၍ ဖွင့်ဟ လျှောက်ထားလေသည်။

ရှင်မဟာကဿပကား ရဟန်းငယ်၏အဖြစ်ကို ကောင်းစွာ ရိပ်စားမိပြီဖြစ်၍ ကိလေသာ ကာမဂုဏ်တို့၏အပြစ်ကို ဖော်ပြ၍ ဆုံးမ ဩဝါဒပေးတော်မူ၏။

"ငါ့တပည့်၊ လောကီအာရုံ ကာမဂုဏ်တို့ကား စင်စစ် နှစ်သက်တွယ်တာဘွယ် မရှိ။ ဒုက္ခအတိသာ ဖြစ်၏။ ယင်းတို့ကို တွယ်တာ မက်မောသူသည် တံလျှပ်ကို ရေထင်၍ လိုက်သော သမင်မိုက်ကဲ့သို့ ဒုက္ခဖြင့်သာ အဆုံးသတ်ရမည် မလွဲပေ"

ကိလေသာမြှားချက် စူးဝင်နေပြီဖြစ်သော ရဟန်းငယ်ကား ဆရာမထေရ်၏ အဆုံးအမကို လုံးဝ နားမဝင်တော့ချေ။ သို့ဖြစ်၍ ရှင်မဟာကဿပသည် ရဟန်းငယ် လူဝတ်လဲသည်ကို ဥပေက္ခာ ပြုလိုက်ရတော့၏။

ရဟန်းငယ်သည် လူဝတ်လဲပြီးနောက် သူ့ဦးရီး အိမ်သို့ သွားလေ၏။ သူ့ဦးရီးကလည်း သူ့အား ကောင်းစွာလက်ခံ၍ သမီးငယ်နှင့် ထိမ်းမြားပေးလိုက်၏။ မိမိ၏ လိုအင်ဆန္ဒ ပြည့်ဝ သွားသဖြင့် သူသည် ကာလအတန်ကြာမျှ လူ့ဘဝ လူ့စည်းစိမ် ကို ပျော်ရွှင်ချမ်းမြေ့စွာ ခံစားနေလေသည်။

ရက်ပိုင်းမှ လပိုင်းသို့ ကူးလာသောအခါ၌ကား လူ့ဘဝ၏ အတွင်းသရုပ်မှာ တဖြည်းဖြည်း ပေါ်လာတော့၏။ ငယ်ရွယ်စဉ်မှစ၍ ရဟန်းဘဝ၌နေခဲ့သော မောင်လူထွက်သည် လူ့အလုပ်၊ လူ့ကိစ္စများကို ကျွမ်းကျွမ်းကျင်ကျင် မလုပ်တတ်။ လုပ်ချင်စိတ်လည်း မရှိ။ ထို့ကြောင့် ယောက္ခမများကလည်း မကြည်ဖြူ၊ ခိန်းမကလည်း ငြူစူသဖြင့် အနေရအထိုင်ရ ခက်လာလေ၏။

အိမ်တွင် မနေလိုသဖြင့် အပြင်သို့ထွက်၍ သွားလာလည်ပတ်လေရာ အရက်သမား၊ ဖဲသမား လူဆိုးသူခိုးများနှင့် အပေါင်းအသင်း ဖြစ်လာ၏။ နောက်ဆုံးတွင် ယောက်ခမက "အလုပ်ကိုလက်ကြောတင်းအောင် မလုပ်ချင်ရင် အိမ်မှာ မနေနဲ့"ဟုဆို၍ အိမ်မှ နှင်ချလိုက်၏။

သို့ဖြင့် မောင်လူထွက်မှာ အိုးမဲ့အိမ်မဲ့ဖြစ်လျက် မကောင်းသော အပေါင်းအသင်းများနှင့် လေလွင့်ကာ အစွမ်းကုန် ပျက်စီးလေတော့သည်။ တနေ့သ၌ သူကြွယ်တဦး၏အိမ်ကို ဖောက်ထွင်းခိုးယူမှုဖြစ်ပွား၍ ခိုးသူတို့အား မင်းချင်းယောကျ်ားတို့က ဝိုင်းဝန်းဖမ်းဆီးကြရာ အခြားသူများမှာ လွတ်မြောက်သွားကြသော်လည်း မလည်မဝယ်ဖြစ်သော မောင်လူထွက်ကိုမူ လက်ရဖမ်းဆီးမိကြလေသည်။ သူ့အား တရားရုံးသို့တင်၍ စစ်ဆေးရာပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်လိုက်၏။

ထို့နောက် မင်းချင်းယောကျ်ားတို့သည် သူ့ကို လက်ပြန်ကြိုးတုပ်ပြီး ကြိမ်လုံးဖြင့် ရိုက်နှက်ကြွေးကြော်ကာ လမ်းမခရီးဖြင့် သုသာန်သို့ ခေါ်ဆောင်သွားကြ၏။ ဤသို့ သေဘေးနှင့် ရင်ဆိုင်တွေ့ကြုံရသောအခါ သူသည် မိမိ၏ ဆရာသခင်အရှင်

မဟာကဿပ မိန့်ကြားလိုက်သော ဆုံးမစကားကို နားတွင်ကြားယောင်လာတော့၏။ "ဆရာ့စကားကို နားမထောင်ခဲ့မိခြင်းကား မှားခြင်းကြီးမှားလေစွ" ဟူ၍လည်း ယူကြုံးမရ ဖြစ်လာလေ၏။

ဤသို့ မင်းချင်းယောကျ်ားတို့၏ ရိုက်နှက် ခေါ်ဆောင်ရာသို့ လိုက်ပါလာရာမှ လမ်းထောင့်တနေရာသို့ ရောက်သောအခါ၌ကား သူသည် ရုတ်တရက် အံ့အားသင့်သွား၏။ အကြောင်းမှာမူ မမြှော်လင့်ဘဲ မိမိ၏ဆရာ ရှင်မဟာကဿပကို ဖူးတွေ့လိုက်ရသောကြောင့်ဖြစ်၏။ မထေရ်သည် ဆွမ်းခံလှည့်လည်ရင်း သူ့ကိုမြင်သဖြင့် သူ့ရှေ့သို့ ကြွရောက်လာခြင်းဖြစ်၏။ ယင်းသို့ကြွရောက်လာပြီး မထေရ်သည် မင်းချင်းယောကျ်ားတို့အား ချည်နှောင်ထားသော ကြိုးကို အနည်းငယ်လျှော့ပေးရန် မိန့်ကြားတော်မူ၏။ ကြိုးကို လျှော့လိုက်သောအခါ သူသည် ရီဝေသော မျက်လုံးအစုံဖြင့် မထေရ်ကိုကြည့်လျက် လက်အုပ်ချီလိုက်သည်၊ "ကျေးဇူးရှင် ဆရာသခင်ဘုရား၊ တပည့်မိုက်ကို ခွင့်လွှတ်တော်မူပါ" ဤသို့လည်း နှုတ်မှ မြွက်၍ တောင်းပန်၏။

မထေရ်သည် တပည့်၏ အဖြစ်ဆိုးကိုကြည့်ကာ ကရုဏာပြည့်လျှမ်းသောအသံဖြင့် ဤသို့မိန့်ကြားတော်မူ၏။

"ငါ့တပည့်၊ သင်သည် ရှေ့ကလေ့လာဘူးသော ကသိုဏ်းပရိကံကို ပြန်လည်၍ နှလုံးသွင်းလော့"

ဆရာမြတ်၏ သတိပေးချက်ကို ကြားရသောအခါ သူသည် ယခင်က ပွားများခဲ့ဘူးသော ကသိုဏ်းပရိကံကို ပြန်၍ရလာသည်။ ထို့ကြောင့် ခန္ဓာကိုယ်၏နာကျင်မှုကို ဂရုမစိုက်ဘဲ ကသိုဏ်းဝန်းအာရုံကို စူးစိုက်၍ ပွားများရာ တခဏချင်း

အတွင်း၌ပင် ယခင်က ရရှိခဲ့ဘူးသော လောကီစျာန်ကို ပြန်လည် ရရှိ လာ၏။

ဤသို့ လောကီစျာန်ကို ပြန်လည်ရရှိလာသဖြင့် စျာန်ဝင်စားလျက်ဖြင့်သာမင်းချင်းယောကျ်ားတို့ခေါ်ဆောင်ရာသို့ လိုက်ပါလာလေ၏။ သုသာန်သို့ ရောက်၍ သူသတ်ယောကျ်ားတို့က သူ့အားသတ်ရန် ကားစင်သို့ တင်၍ ဓားလှံလက်နက်များကို ပြင်ဆင်ကြသော်လည်း သူကား အနည်းငယ်မျှ တုန်လှုပ်ကြောက်ရွံ့ခြင်း မရှိ၊ ပကတိ တည်ငြိမ်လျက်သာ ရှိ၏။

ထိုအခြင်းအရာကို သူသတ်ယောကျ်ားတို့ မြင်လျှင်"ဤသူကား မိမိအားသတ်ဖြတ်ရန် ကားစင်သို့ တင်ထားသော်လည်း ကြောက်ရွံ့တုန်လှုပ်ခြင်း လုံးဝမရှိဘဲ တည်ငြိမ်စွာ နေဘိ၏။ အံ့ဘွယ်ကောင်းပေစွ" ဟုပြောဆို၍ဗိမ္ဗိသာရမင်းကြီးထံသွားရောက်လျှောက်ထားကြသည်။ မင်းကြီးသည် ချမှတ်ထားသော သေဒဏ်ကို ပယ်ဖျက်၍ ဗုဒ္ဓရှင်တော်မြတ်ထံသို့ လည်း ထိုအကြောင်းကို လျှောက်ကြားစေ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ကားစင်ထက်၌ပင် ရှိသေးသောထိုသူထံသို့ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်၍ ဤသို့ မိန့်မြွက်တော်မူလေသည်။

"လူ့ဘောင်လောက၏အနှောင်အဖွဲ့များကိုဖြတ်၍ တောအရပ်၌ အနှောင်အဖွဲ့ ကင်းငြိမ်းစွာ နေရသူဖြစ်ပါလျက် ဤသူသည် ထိုအိမ်ယာထောင်သည့် အနှောင်အဖွဲ့ညွှတ်ကွင်းသို့ဘဖန်ပြန်ဆင်းခဲ့၏။ဤသူကိုသင်တို့သတိထား၍ရှုစားကြပါကုန်လော"

ဤတရားဒေသနာကို ကြားနာရလျှင် ထိုသူကား ကားစင်ထက်၌ နေလျက်ပင် သင်္ခါရ တရားတို့၏ ဖြစ်ပျက်မှု သဘာဝကို ဆင်ခြင်သုံးသပ်၍ ဝိပဿနာပွားများရာ မကြာမီ သောတာပတ္တိ မဂ်ဉာဏ်ကို သိမြင်လေ၏၊ ထိုအခါသူသည် ဈာန်အဘိညာဉ်တန်ခိုးဖြင့်ကောင်းကင်သို့ပျံတက်၍ ဗုဒ္ဓထံသို့ ကြွသွား၏။ ဗုဒ္ဓထံသို့ ရောက်သည့်အခါ ပရိသတ်များ၏ရှေ့မှောက်၌ပင် ရဟန်းအဖြစ်ကို ခံယူ၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

[တဏှာဝဂ် ဥဂ္ဂသေနဘိက္ခုဝတ္ထု]

# ပဍ္ဍမြား သူဌေး

ရှေးသရောအခါ ဗာရာဏသီပြည်၌ မဟာသာလနှင့် စူဠသာလ အမည်ရှိသော သူကြွယ်ညီအစ်ကို နှစ်ယောက်ရှိ၏။ သူတို့သည် ကြံစိုက်ပျိုး၍ အသက်မွေးသူများဖြစ်ကြ၏။ တနေ့သ၌ ညီဖြစ်သူ စူဠသာလသည် ကြံခင်းသို့ သွား၍ ကြည့်ရှုရာမှ ရင့်သော ကြံနှစ်ချောင်းကို မိမိတို့ ညီအကိုနှစ်ယောက် စားသုံးရန် ခုတ်ယူလာခဲ့၏။

ထိုအချိန်က အသီးအပင်များ လွန်စွာ အဆီဩဇာ ပြည့်ဝခဲ့သည်။ သို့ဖြင့်၍ ကြံချောင်းမှ အရည်ကို ယခုခေတ်မှာကဲ့သို့ ညှစ်၍ ယူရန် မလိုပေ။ ခုတ်ဖြတ်ပြီး ထောင်လိုက်ရုံဖြင့်ပင် ရေစစ်မှ ရေများထွက်သကဲ့သို့ ကြံရည်များ ယိုကျလာပေသည်။

ထို့ကြောင့် စူဠသာလသည် ကြံရည်များ ယိုထွက်မကျစေရန် မိမိ၏ ကြံနှစ်ချောင်းကို ဖက်ရွက်ဖြင့် လုံခြုံအောင် ထုပ်စည်း

၍ ပြန်လာခဲ့၏။ယင်းသို့ပြန်လာစဉ် လမ်း၌ပစ္စေကဗုဒ္ဓါအရှင်မြတ် တပါးကို တွေ့မြင်၍ ကြည်ညိုသော စိတ်များ တဖွားဖွားဖြစ် ပေါ်လာ၏။

ထိုအခါ သူသည် မိမိ၏ အဝတ်တထည်ကို လမ်းဘေး၌ ဖြန့်ခင်း၍ ရှင်ပစ္စေကဗုဒ္ဓအား ခေတ္တထိုင်ရန် တောင်းပန် လျှောက်ထား၏။ ထို့နောက် အရှင်မြတ်ထံမှ သပိတ်ကိုယူ၍ မိမိအလှူငှာပါသော ကြံချောင်းမှ အရည်တို့ဖြင့် ပြည့်စေပြီး ရှင်ပစ္စေက ဗုဒ္ဓအား ဆပ်ကပ်လေသည်။ အရှင်မြတ်လည်း တထိုင်တည်းဖြင့်ပင် ကြံရည်ကို ဘုဉ်းပေး သုံးဆောင်တော်မူသည်။

ဤသို့ ဘုဉ်းပေး သုံးဆောင်သည်ကို မြင်လျှင် စူဠသာလသည် ပို၍ ကြည်ညိုလာ၏။ သို့ဖြစ်၍ အကိုကြီးအတွက် ယူခဲ့သော ကြံချောင်းမှအရည်များကိုပါ ထပ်မံလောင်းလှူပြန်၏။ရှင်ပစ္စေက ဗုဒ္ဓကား ထိုကြံရည်များကိုသပိတ်ဖြင့် ခံယူသွားပြီး မိမိ၏သီတင်းသုံးဖော်တို့အား တဆင့် ပေးလှူလေသည်။

စူဠသာလသည် အိမ်သို့ ပြန်ရောက်သည့်အခါ ရှင်ပစ္စေကဗုဒ္ဓအား ကြံရည်လှူခဲ့ရပုံကို အကိုဖြစ်သူအား ပြန်လည် ပြောပြသည်။ အကိုဖြစ်သူကလည်း ညီနှင့်ထပ်တူပင် ကြည်ဖြူ ဝမ်းမြောက်ခဲ့လေသည်။ ထိုနေ့မှစ၍ ညီအကိုနှစ်ဦး၌ စည်းစိမ်ဥစ္စာများ တနေ့တခြား တိုးပွားလာခဲ့ပေသည်။

မဟာသာလတို့ ညီအကိုနှစ်ဦးသည် သက်တမ်းစေ့၍ သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြလေ၏။ ဝိပဿီမြတ်စွာဘုရားလက်ထက်၌ကား ဗန္ဓုမတီပြည်သူကြွယ်တဦး အိမ်၌ ညီအကိုနှစ်ယောက် ဖြစ်လာကြပြန်သည်။ အကိုသည် သေန၊ ညီကား အပရာဇိတ ဟု အမည်တွင်လေသည်။

ဗန္ဓုမတီပြည်သို့ ဝိပဿီမြတ်စွာဘုရား ကြွလာသောအခါ အကိုကြီးသေနသည် သွားရောက်၍တရားနာယူခဲ့၏။ ထို့နောက် မြတ်စွာဘုရား၏ တရားကို နှစ်သက်သဖြင့် ရှိသမျှပစ္စည်းအားလုံးကို ညီအားလွှဲအပ်ခဲ့ပြီး ရဟန်းပြုခဲ့ရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေ၏။

ညီငယ် အပရာဇိတကား ကာမဂုဏ်စည်းစိမ်ကို မစွန့်လွှတ်နိုင်သောကြောင့် လူ့ဘောင်၌ပင် ဆက်လက်နေထိုင်၏။ ယင်းသို့နေထိုင်ရင်း သံသရာ အကျိုးစီးပွားအတွက် တစုံတခုသောကောင်းမှုကို ပြုလုပ်လိုကြောင်း သူ့အကိုအား လျှောက်ထား၏။ အကိုဖြစ်သော ရဟန်းတော် ရှင်သေနက မြတ်စွာဘုရားသီတင်းသုံးရာဌာနဖြစ်သည့် ဂန္ဓကုဋီကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းရန် ညွှန်ကြားပြောဆိုလေသည်။

ထိုအခါ အပရာဇိတသည် ကြီးကျယ်ခန့်ညားသော ဂန္ဓကုဋီကျောင်းဆောင်တခုကို ချက်ခြင်း ဆောက်လုပ်၏။ ထိုကျောင်းဆောင်၏ တိုင်၊ အမိုး၊ အကာ စသည်တို့ကား ရတနာခုနစ်ပါးဖြင့် စီခြယ်အပ်သည်သာ ဖြစ်ကုန်၏။ ကျောင်းပရိဝုဏ်ကိုတံတိုင်းလေးဖက် ကာရံ၍ အတွင်း၌ အုတ်အင်္ဂတေဖြင့် ညီညာစွာ ခင်းကျင်းထားလေသည်။ ရေတွင်းရေကန် ပန်းမာလ်သစ်ပင် စသည်တို့ကိုလည်း လိုလေသေး မရှိအောင် ပြုလုပ်စေသည်။

ဆောက်လုပ်မှု ကိစ္စများ ပြီးစီးလျှင် အပရာဇိတသည် ကျောင်းပရိဝုဏ်အတွင်း၌ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတို့ကို နေရာအနှံ့ကြဲဖြန့်ထားစေသည်။ ဘုရားရှင်သီတင်းသုံးမည့်နေရာ အနီးတွင်မူ ထူးခြားစွာ အရောင်ထွက်သော ပတ္တမြားလုံးများကို ချထားစေသည်။

ထို့နောက် အပရာဇိတသည် နောင်တော် ရဟန်းမှ တဆင့် ဘုရားရှင်အား ကျောင်းဆောင်သို့ ကြွရောက်သီတင်းသုံးရန် ပင့်ဖိတ်၏။ နောက်ပါ ရဟန်းသံဃာတို့နှင့်အတူ ကျောင်းဆောင်သို့ ကြွလာသော ဘုရားရှင်သည် ပရိဝုဏ်အတွင်း၌ ဖြန့်ကြဲထားသော ကျောက်မျက်ရတနာတို့ကို မြင်လျှင် တံခါးဝ၌ ရပ်တန့်နေတော်မူ၏။ အပရာဇိတက "အရှင်ဘုရား၊ ဤကျောက်မျက်ရတနာများကို တပည့်တော်တို့ စောင့်ရှောက်ပါမည်" ဟု လျှောက်ထားမှ အထဲသို့ ဝင်တော်မူလေသည်။

အပရာဇိတသူကြွယ် ဆောက်လုပ် လှူဒါန်းသည့် ဂန္ဓကုဋိကျောင်းဆောင်၌ ဘုရားရှင်သီတင်းသုံးတော်မူသောအခါ များစွာသော ရဟန်းရှင်လူတို့သည် နေ့ညမပြတ် လာရောက်ဖူးမျှော်ကြသည်။ အပရာဇိတသည် ထိုသူတို့အား ပရိဝုဏ်တွင်း၌ ကြဲဖြန့်ထားသော ရတနာတို့ကို မိမိတို့လက်ဖြင့် နိုင်သလောက် ကောက်ယူခွင့် ပြုထား၏။ အိတ်,ခွက် စသည်တို့ဖြင့် ထည့်ယူမှသာ တားမြစ်ခြင်း ပြုစေ၏။

တနေ့သ၌ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတယောက်သည် ဘုရားဖူးလိုဟန်ဖြင့် ကျောင်းတော်သို့ လာရောက်၍ ဘုရားရှင်အနီး၌ ချထားသော ပတ္တမြားလုံးကြီးကို ခိုးယူသွားလေသည်။ ဤအကြောင်းကို ကျောင်းဒကာ အပရာဇိတသိလျှင် "ပရိဝုဏ်အတွင်း၌ ဖြန့်ကြဲထားသည့် အခြား ရတနာတို့ကို မယူဘဲ၊ ဘုရားရှင် အနီး၌ ထားသည့်ပတ္တမြားလုံးကိုမှ ယူရက်လေခြင်း" ဟူ၍ စိတ်မကောင်းဖြစ်သွားလေသည်။

ထို့ကြောင့် သူသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ "အရှင်ဘုရား၊ ယနေ့မှစ၍ ဖြစ်လေရာဘဝတိုင်း၌ တပည့်တော်၏ပစ္စည်း

ကို မည်သူမျှခိုးဝှက်လုယက်၍ မယူနိုင်ပါစေသား”ဟု ဆုတောင်း၏။ ဘုရားရှင်ကလည်း “သင်တောင်းသည့်ဆု ပြည့်ပါစေ”ဟု မိန့်မြွက်တော် မူလိုက်၏။

ဤသို့ဖြင့် အပရာဇိတသည် အသက်ထက်ဆုံး များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ သေလွန်သောအခါ နတ်ပြည်သို့ ရောက်ပြန်၏။ ဗုဒ္ဓရှင်တော်မြတ် ပွင့်အံ့နီးသော အချိန်တွင်ကား ရာဇဂြိုဟ်ပြည် သူဌေးတဦး၏ အိမ်တွင် ပဋိသန္ဓေနေလာ၏။ သူ့ကို မွေးဖွားသည့် အချိန်တွင် သူဌေးကြီး အိမ်သူ အိမ်သားများ ဝတ်ဆင်ထားသည့် လက်ဝတ်ရတနာတို့သည် ထူးခြားစွာ အရောင်တောက်လာသည်ကို တွေ့မြင်ကြရ၏။ ယင်းသို့ အရောင်တောက်လာခြင်းကို အကြောင်းပြု၍ ထိုကလေးအား ဇောတိကဟု အမည်မှည့်ကြလေသည်။

ဇောတိက သတို့သား အရွယ်ရောက်လာသော် ဘခင်သူဌေးကြီးသည် လက်သမားများကိုခေါ်၍ သားနေထိုင်ရန် အိမ်ကို ဆောက်စေ၏။ ထိုအခါ သိကြားမင်းသည် လက်သမားဆရာ၏ အသွင်ဖြင့်လာ၍ အလွန်ဆန်းပြားတင့်တယ်သော အိမ်ကို စီမံဆောက်လုပ်ပေးလေသည်။

သိကြားမင်းသည် ရှေးဦးစွာ ညီညာပြန့်ပြူးသော မြေအပြင်၌ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကို ဆောက်လုပ်၏။ထိုပြာသာဒ်ကား အတွင်းရော အပြင်ပါ ရတနာ ခုနစ်ပါးတို့ဖြင့် စီခြယ်မွမ်းမံအပ်သည်ဖြစ်၍ အရောင်တဖိတ်ဖိတ်ထွက်၍ နေလေသည်။ ထို့နောက် တံတိုင်းခုနစ်ထပ်နှင့်တကွ ဥယျာဉ်ရေကန် ပန်းမာလ်သစ်ပင်တို့ကိုလည်း သူ့နေရာနှင့်သူ အစီအစဉ်တကျ ဖန်တီးထား၏။

တံတိုင်း ခုနစ်ထပ်တို့၏ အကြားအကြား များစွာသော ရေ အိုးကြီးတို့သည်၎င်း၊ သီးမျိုးစုံ ပဒေသာပင်တို့သည်၎င်း အလို အလျောက် ဖြစ်ပေါ်လာကြ၏။ တံခါးမုတ် ခုနစ်ထပ်တို့၌လည်း နတ်ဘီလူး တယောက်စီလာ၍ စောင့်ရှောက်နေကြသည်။ ဤ သည်တို့မှာ သူဌေးသားကလေး ဇောတိက၏ ထူးခြားသော ဘုန်းကံကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။

ဘခင် သူဌေးကြီးသည် ခမ်းနား ဆန်းကြယ် အံ့ဩဘွယ် ကောင်းသော အဆောက်အဦတို့ကို မြင်လျှင် လွန်စွာ ဝမ်း မြောက်လျက် ဇောတိကအား ခေါ်၍ ပြသ၏။ ထို့နောက် တူလ ကာယီ အမည်ရှိသော ဥတ္တရကုရုကျွန်းသူကလေးနှင့် လက်ထပ် ထိမ်းမြား၍ သူဌေးကြီးရာထူး အဆောင်အယောင်များကို လွှဲ အပ် ပေးလိုက်လေသည်။

သူဌေးကတော်ကလေး တူလကာယီကား ဘဝဟောင်းမှ ဇောတိက၏ ပါရမီဖြည့်ဖက် ဖြစ်သည်။ ထို့ကြောင့်ပင် သူမအား နတ်တို့က တန်ခိုးဖြင့် ဆောင်ယူလာခဲ့ခြင်း ဖြစ်ပေသည်။ သူမ သည် မိမိနှင့်အတူ အနည်းငယ်သော သလေးဆန်နှင့် ပတ္တမြား မီးဖိုဟာခုကို ဆောင်ယူလာခဲ့၏။ ထမင်း,ဟင်း ချက်လိုသည့်အခါ ထိုပတ္တမြား မီးဖိုပေါ်၌ အိုးကိုတင်လိုက်လျှင် အချိန်အနည်းငယ် အတွင်း၌ပင် ကျက်ခြင်းသို့ ရောက်၏။ သူမ ယူဆောင်ခဲ့သည့် သလေးဆန်မှာလည်း မည်မျှပင် ထုတ်ယူ ချက်ပြုတ်သော်လည်း ကုန်ခန်းသွားသည်ဟူ၍ မရှိပေ။

ဤသို့ဖြင့် ဇောတိက ဇနီးမောင်နှံတို့သည် ပတ္တမြား မီးဖိုဖြင့် ချက်သည့် ထမင်း, ဟင်းများကိုသာ နေ့စဉ် စားသောက်နေကြ ၏။ ညအခါ၌လည်း မီးခွက်မီးတိုင်တို့ကို ညှိထွန်းခြင်း မပြု။

ကျောက်မျက်ရတနာတို့၏ အလင်းရောင်ဖြင့်သာ နေထိုင်ကြလေသည်။

ဇောတိက၏ စည်းစိမ်ကို တကူးတက လာရောက်ကြည့်ရှုသူများကား နေ့စဉ် မစဲနိုင်အောင်ရှိ၏။ ဇောတိကသည် ထိုသူတို့အား ထမင်း, ဟင်းကျွေးမွေး၍ ညှော်ခံ၏။ ရွှေ၊ ငွေ၊ အဝတ်အထည်စသော ပစ္စည်းဥစ္စာများကိုလည်း ထိုက်တန်စွာ ပေးကမ်းဝေငှ၏။ ယင်းသို့ ကျွေးမွေး ပေးကမ်းငြားသော်လည်း သူ၏ပစ္စည်းဥစ္စာတို့ကား လျော့ပါးသွားခြင်းမရှိ။ တနေ့ထက်တနေ့ တိုးပွား၍သာ လာလေသည်။

တနေ့သ၌ ဗိမ္ဗိသာရ မင်းကြီး ကိုယ်တိုင်လာရောက်ကြည့်ရာ ဇောတိကသည် ခရီးဦးကြို ပြုလျက် မင်းကြီးအားမိမိ နေအိမ်အတွင်း၌ လှည့်လည်ပြသ၏။ ပတ္တမြားကျောက်တို့ဖြင့် ခင်းကျင်းထားသော အခန်းတခုသို့ ရောက်သောအခါ မင်းကြီးသည် အလွန်နက်သော ချောက်ကြီးဟု မှတ်ထင်၍ ရွှေသို့ ခြေမလှမ်းဝံ့ဘဲ ရှိနေ၏။ ဇောတိကက ချောက်မဟုတ်ကြောင်း လျှောက်တင်၍ ရှေ့ဆောင်သွားသော အခါတွင်မှ မင်းကြီးလည်းနောက်မှ လိုက်ဝံ့လေတော့သည်။

အိမ်တွင်း၌ လှည့်လည်ပြသပြီးနောက် ဇောတိကသည် မင်းကြီးအား နံနက်စာ ပွဲတော်ကို ဆက်သ၏။ ဇောတိက၏ သလေးဆန် ထမင်းမှာ အလွန်အရသာ ရှိလှသဖြင့် မင်းကြီးမှာ စားမဝအောင် ဖြစ်နေ၏။

ဇောတိကကား မင်းကြီး အစားလွန်၍ တစုံတခုဖြစ်လျှင် မိမိ၌ တာဝန်ရှိကြောင်း စဉ်းစားမိ၏။ ထို့ကြောင့် "အရှင်မင်းကြီး၊ မျှတရုံ သုံးဆောင်တော်မူပါ"ဟု သတိပေး လျှောက်·

တင်၏။ ထိုအခါ မင်းကြီးသည် မချင့်မရဲဖြင့်ပင် ထမင်းပွဲကို မျက်နှာလွှဲလိုက်ရလေသည်။

မင်းကြီးသည် နံနက်စာ သုံးဆောင်ပြီးသော် အလ္လာပ သလ္လာပ စကားပြောဆိုလျက် ချမ်းသာစွာ ထိုင်နေ၏။ ထိုအခါ သူဌေးကတော် တူလကာယီသည် အနီး၌ထိုင်ကာ မင်းကြီးအား ယပ်ခတ်ပေးနေလေသည်။ ယင်းသို့ ယပ်ခတ်နေစဉ် မင်းကြီး၏ ဗောင်းတော်မှ အနံ့လေသည် သူမ၏ မျက်စိကို ခတ်မိသဖြင့် မျက်ရည်များ ယိုစီးလာကုန်၏။ မင်းကြီးသည် ထိုအခြင်းအရာ ကို မြင်လျှင် ဇောတိကအား ဤသို့ မိန့်ကြားတော်မူ၏။

"အချင်း ဇောတိက၊ သင့်ဇနီးကား မိမိစည်းစိမ်ကို ငါလုယူ လိမ့်မည်ဟူ၍ စိုးရိမ်နေဟန်ရှိ၏"

"အရှင်မင်းကြီး၊ ဤသို့မဟုတ်ပါ။ ကျွန်ုပ်၏ ဇနီးမှာ ဆီမီး ရောင်ကို မမြင်ဘူးဘဲ ပတ္တမြားရောင်ဖြင့်သာ အမြဲနေထိုင်သူ ဖြစ်ပါသည်။ ဆီမီးရောင်ဖြင့် အရှင်မင်းကြီး၏ကိုယ်မှ အနံ့လေ ခတ်မိသောကြောင့် သူမ၏ မျက်စိမှ မျက်ရည်ယိုခြင်း ဖြစ်ပါ သည်"

ထို့နောက် ဇောတိကသည် "အရှင်မင်းကြီး၊ ယနေ့မှစ၍ အရှင်မင်းကြီးသည် ပတ္တမြားရောင်ဖြင့်သာ နေတော်မူပါ"ဟု လျှောက်ဘင်၍သခွားသီးခန့်ရှိသော ပတ္တမြားလုံးကို ဆက်သ၏။

ဗိမ္ဗိသာရ မင်းကြီးလည်း- "ငါ၏ မိတ်ဆွေ ဇောတိက၏ စည်းစိမ်ကား ကြီးကျယ်လှပါပေသည်" ဟူ၍ ချီးကျူးကာ နန်းတော်သို့ ပြန်ခဲ့လေသည်။

ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓမြတ်စွာ ကြွရောက်လာသောအခါ ဇော တိက သူဌေးသည် ကျောင်းတော်သို့သွား၍ တရားနာယူခဲ့၏။

ဥပါသကာ၏ အဖြစ်ခံယူ၍ အလှူပေးခြင်း၊ သီလ ဆောက်တည်ခြင်းများကိုလည်း နေ့စဉ်မပြတ် ပြုလုပ်ခဲ့၏။

ထို့နောက် နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာသောအခါ ဗိမ္ဗိသာရ မင်းကြီးသည် သားတော် အဇာတသတ်မင်းသား လုပ်ကြံသဖြင့် နတ်ရွာစံလေ၏။ အဇာတသတ်မင်းသား နန်းတက်လာ၏။ ထိုမင်းသားကား ဇောတိကအိမ်သို့ ဗိမ္ဗိသာရမင်းကြီး ကြွရောက်ကြည့်ရှုစဉ် အခါက ခမည်းတော်နှင့်အတူ လိုက်ပါခဲ့ဘူး၏။ ထိုစဉ်ကပင် သူသည် "ငါ့ခမည်းတော်ကား လွန်စွာညံ့ဖျင်း၏။ ငါသာ ဘုရင်ဖြစ်ရင် ဒီသူဌေးရဲ့ စည်းစိမ်ကို လုယူမည်" ဟူ၍ အကြံဖြစ်ခဲ့လေသည်။

ဘုရင်အဖြစ်သို့ ရောက်ရှိလာသည့် အခါတွင်မူ အဇာတသတ်သည် မင်းသားဘဝက အကြံအစည်ကို အကောင်အထည်ဖော်ရန် အားထုတ်လေတော့၏။ တနေ့သ၌ သူသည် ရဲမက်စစ်သည် မြောက်မြားစွာနှင့်အတူ ဇောတိက၏ စည်းစိမ်ကို လုယူရန်နန်းတော်မှ ထွက်ခဲ့လေသည်။ ဇောတိက၏ နေအိမ်သို့ ရောက်လျှင် စစ်သည်များကို လေးဘက်လေးတန်မှ ဝိုင်းရံပိတ်ဆို့စေ၍ မိမိကိုယ်တိုင် အိမ်တွင်းသို့ဝင်ရန် ကြိုးစားလေ၏။

သို့သော်လည်း ထိုစဉ်တွင်ပင် မင်းနှင့်တကွ ရဲမက်စစ်သည်အားလုံး ထိတ်လန့် တုန်လှုပ်ကာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။ အကြောင်းကား စစ်အင်္ဂါ လေးပါးနှင့် ပြည့်စုံသော စစ်တပ်ကြီး တခုသည် မိမိတို့ရှေ့မှ မားမားမတ်မတ် ဆီးကာနေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်၏။

အမှန်စင်စစ် ထိုစစ်တပ်ကြီးမှာ ဇောတိက၏ ပတ္တမြားတံတိုင်း၌ မိမိတို့၏ အရိပ်များ ထင်ဟပ်နေခြင်းသာ ဖြစ်၏။

အဇာတသတ်နှင့် သူ့စစ်သည်တို့ကား ဇောတိက၏ ဘုန်းကံ အရှိန်ကို နကိုကပင် လန့်နေကြသူများဖြစ်၏။ ဘုရင် ဖြစ်လျက် နှင့် တိုင်းသူပြည်သားတဦး၏ စည်းစိမ်ကို လုယူခြင်းမှာ မတရား သော အလုပ်ဖြစ်ကြောင်းလည်း မှူးကြီး မတ်ရာ့သေနာပတိများ က ကောင်းစွာ သဘောပေါက်နေကြ၏။ ဒေဝဒတ်နှင့်ပေါင်း မိနေသော အဇာတသတ်မင်းမှာမူ မိုက်စိတ် မှန်နေချိန်ဖြစ်၍ မည်သူ့စကားကိုမျှ နားမထောင်ဘဲ ထင်ရာစိုင်းခဲ့ခြင်းဖြစ်သည်။

တံတိုင်းတွင် အရိပ်ထင်နေသော စစ်တပ်ကြီးကို မြင်လျှင် အဇာတသတ်မင်း၏ စစ်သည်တို့သည် ရှေ့မတိုးဝံ့တော့ဘဲ ခပ် လှမ်းလှမ်းသို့ ဆုတ်ခွာနေကြ၏။ ထိုစဉ်တွင် တံခါးမှတ်၌ စောင့်သော နတ်ဘီလူးသည် ကြောက်မက်ဘွယ်သောအသွင်ဖြင့် ထွက်လာ၍ ခြိမ်းချောက်လေရာ မင်းနှင့်တကွ စစ်သည်အားလုံး ဆုတ်ခွာထွက်ပြေးကြလေတော့သည်။

မြင်းစီး၍ ဆုတ်ခွာလာသော အဇာတသတ်မင်းသည် လမ်း တွင် မိမိစစ်သည်များနှင့် ကွဲသွားပြီး ဝေဠုဝန် ကျောင်းတော် သို့ တယောက်တည်း ဆိုက်ရောက်သွားလေ၏။ ထိုနေ့တွင် ဇော တိက သူဌေးသည်လည်း နံနက်စောစောကပင် အိမ်မှထွက်ခဲ့ပြီး ကျောင်းတော်၌ ဥပုသ်စောင့်၊ တရားနာနေ၏။ ဇောတိကသည် ကျောင်းတော်တွင်းသို့ ရုတ်တရက် ဝင်လာသော မင်းကြီးကို မြင်လျှင် ခရီးဦးကြိုပြု၍ အရိုအသေ ပေးလေသည်။ ထိုအခါ မင်းကြီးသည် ဇောတိကအား ဤသို့ အပြစ်ဆိုလေ၏။

"အချင်းဇောတိက၊ သင်သည် ကျေးကျွန်တို့ကို ငါနှင့် စစ် ထိုးရန် စီစဉ် မှာထားခဲ့ပြီး ဤကျောင်းတော်၌ ရှောင်ရှားနေဘိ သလော"

"အရှင်မင်းကြီး၊ ဤအကြောင်းကို ကျွန်ုပ်လုံးဝ မသိပါ။ အရှင်မင်းကြီးသည် အဘယ်ကြောင့် ကျွန်ုပ်နှင့် စစ်ထိုးလိုပါသနည်း"

"သင်၏ နေအိမ်ဗိမာန်ကို လိုသောကြောင့်ပင် ဖြစ်ပေသည်"

"အရှင်မင်းကြီး၊ကျွန်ုပ်၏ နေအိမ်ကိုအရှင်မင်းကြီးကဲ့သို့သော မင်းပေါင်း တရာပင် လာရောက် တိုက်သော်လည်း ရမည် မဟုတ်ပါ"

ဤစကားကို ကြားလျှင် အဇာတသတ်မင်းသည် လွန်စွာ စိတ်ဆိုးသွား၏။ မိမိ၏ တန်ခိုးအာဏာကို စော်ကားခြင်းဖြစ်သည်ဟု ယူဆလျက် မခံမရပ်နိုင် ဖြစ်သွားလေ၏။ ထိုအခါ ဇောတိကသည် လက်တွေ့ပြလိုသဖြင့် "အရှင်မင်းကြီး မယုံလျှင် ယခု ကျွန်ုပ်လက်၌ ဝတ်ဆင်ထားသော လက်စွပ်တို့ကို ချွတ်ယူစမ်းပါလော" ဟူ၍ လျှောက်တင်၏။

အဇာတသတ်မင်းကား ထိုင်၍ ခုန်လျှင် ၁၈ တောင်၊ ရပ်၍ ခုန်လျှင် အတောင်ရှစ်ဆယ်မြင့်အောင် ခုန်နိုင်၏။ ဤမျှခွန်အားဗလကောင်းသော မင်းကြီးသည် ပြင်းထန်သော မခံချင်စိတ်ဖြင့် အစွမ်းကုန်ထုတ်၍ ဇောတိက၏ လက်စွပ်တို့တို့ ချွတ်ယူနိုင်ရန် ကြိုးစား၏။ ချွေးများပင် တပြိုက်ပြိုက်ကျလာ၏။ သို့သော်လည်း လက်စွပ်တို့ကား တကွင်းမျှ ကျွတ်မလာပေ။

ထိုအခါ ဇောတိကသည် "အရှင်မင်းကြီး၊ မင်းကြီး၏ဝတ်လဲတော်ကိုဖြန့်ပါလော"ဟုဆို၍ မိမိ၏လက်ချောင်းများကိုအောက်စိုက်လိုက်ရာ အကွင်းနှစ်ဆယ်သောလက်စွပ်တို့သည်အလိုလိုကျွတ်၍ ကျလာကုန်၏။ အဇာတသတ်မင်းလည်း မည်သို့မျှပြန်မပြောနိုင်တော့ဘဲ အံ့ဩငေးမော၍ နေလေသည်။

ဤသို့ဖြင့် ဇောတိကသည် အဇာတသတ်မင်းအား လက်တွေ့ပြကာ အနိုင်ယူလိုက်၏။ ယင်းသို့ အနိုင်ရခဲ့သော်လည်း မိမိ၏အောင်မြင်မှုကို ဂုဏ်ယူဝင့်ကြွားခြင်းမရှိ။ "ပစ္စည်းဥစ္စာဟူသည် ရန်သူမျိုးငါးပါးကို အမြဲ ဖိတ်ခေါ်လျက်ရှိပေသည်တကား" ဟူသော အသိတရားသည် သူ့စိတ်တွင်းသို့ ချက်ခြင်းဝင်ရောက်လာ၏။ ထို့ကြောင့် ဇောတိကသည် ထိုနေ့တွင်ပင် ပစ္စည်းဥစ္စာတို့ကို စွန့်ပယ်ပြီး ဗုဒ္ဓထံ၌ ရဟန်းပြု၍ ဝိပဿနာကို အားထုတ်ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော့၏။

ဇောတိက အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားသည်နှင့်တပြိုင်နက်ပင် သူ၏ စည်းစိမ်ဥစ္စာအားလုံးလည်း ကွယ်ပျောက်သွားလေ၏။

သီတင်းသုံးဖော် ရဟန်းတို့က "ငါ့ရှင်၊ လူ့ဘဝကစည်းစိမ်တွေကို ပြန်သတိရမနေဘူးလား" ဟု မေးလျှင်၊ ရှင်ဇောတိကက "သတိမရပါ" ဟု ဖြေ၏။ ဤအကြောင်းကို ဗုဒ္ဓရှင်တော်မြတ်အား လျှောက်ကြလေသော်၊ ဗုဒ္ဓက "ချစ်သားတို့၊ ဇောတိကသည် တဏှာမှုကို အကြွင်းမဲ့ ပယ်ခွာပြီး ဖြစ်ပေသည်" ဟု မိန့်ကြားတော်မူသည်။ ယင်းသို့ ဗုဒ္ဓ၏ ထောက်ခံမိန့်ကြားချက်ကို ကြားနာရသည့်အခါကျမှ ရဟန်းများ အားလုံး သံသယ ကင်းရှင်းသွားကြတော့သည်။

[ဗြာဟ္မဏဝဂ်-ဇောတိကထေရဝတ္ထု]



# အဆိပ်ပြင်းသော မြွေ

အရှေ့လောကဓာတ်မှ နေရောင်ခြည်ထွက်ပြူစ နံနက်စောစော အချိန်ကာလဝယ် သာဝတ္ထိမြို့တော်၏တောင်ဘက်တခုသောလယ်ကွင်းပြင်၌ လယ်သမားကြီးတယောက် လယ်ထွန်လျက်ရှိ၏။ သူကား မိုးဦးလေဦးကျလာပြီဖြစ်၍ အချိန်မှီ စိုက်ပျိုးနိုင်ရန်အတွက် အိပ်ရာမှ စောစောစီးစီး ထကာ အားကြိုးမာန်တက် ထွန်ယက်နေခြင်းဖြစ်၏။

ထိုအချိန်တွင် လယ်ကန်သင်းတဖက် ခပ်လှမ်းလှမ်းအရပ်မှ ရဟန်းတော်နှစ်ပါး ကြွလာသည်ကို တွေ့မြင်ရလေ၏။ လယ်သမားကြီးသည် လယ်ထွန်မှုကို အမောပြေ ခေတ္တရပ်တန့်၍ ကြည့်ရှုနေစဉ် ရဟန်းတော်များသည် သူ့အနီးသို့ ရောက်လာကြ၏။ အနီးကပ်၍ ကြည့်ရှုသည့်အခါ ဗုဒ္ဓရှင်တော်မြတ်နှင့် ရှင်အာနန္ဒာတို့ ခရီးကြွချီလာခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

လယ်သမားကြီးသည် ဗုဒ္ဓအား မကြာခဏ ဖူးမြင်ဘူး၏။ ဗုဒ္ဓတရားကိုလည်း အတန်အသင့် ကြားနာဘူးသူ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓအား လေးစားကြည်ညိုမှုရှိသူ ဖြစ်သည်နှင့်အညီ လယ်ကန်သင်းပေါ်သို့ တက်လာပြီး ဗုဒ္ဓအား ရိုသေစွာ ရှိခိုးကန်တော့လေသည်။ ဗုဒ္ဓသည် လယ်သမားကြီးအား တစုံတရာ ပြောဆိုမိန့်ကြားခြင်းမပြုဘဲ ရှေ့သို့ ခရီးဆက်၍ ကြွတော်မူခဲ့၏။

မလှမ်းမကမ်းသို့ ရောက်သည့်အခါ ဗုဒ္ဓရှင်တော်မြတ်သည် လမ်းဘေးတနေရာသို့ လက်ညှိုးညွှန်၍ "ချစ်သားအာနန္ဒာ အဆိပ်ပြင်းသောမြွေကို မြင်၏လော" ဟု မိန့်ကြားတော်မူ၏။ ရှင်အာနန္ဒာကလည်း "မြင်ပါသည် ဘုရား" ဟုပြန်ကြားလျှောက်ထား၏။

ထိုစကားကို လယ်သမားကြီးကြားလျှင် မိမိသွားလာရာ လမ်းခရီး၌ တည်ရှိသော မြွေကို ဖယ်ရှား ရှင်းလင်းပစ်ရန်အတွက် ဗုဒ္ဓလက်ညှိုးညွှန်ခဲ့သော နေရာသို့ သွားရောက် ကြည့်ရှု၏။ ထိုနေရာသို့ ရောက်သည့်အခါ မြွေကို မတွေ့ရဘဲ အထုပ်တခုကိုသာ တွေ့ရသောကြောင့် ဖွင့်လှစ်ကြည့်ရှုရာ များစွာ အံ့အားသင့်သွားလေ၏။အကြောင်းမူကား အထုပ်ထဲ၌ မြောက်မြားစွာသော ငွေအသပြာတို့ကို တွေ့ရှိရသောကြောင့်ဖြစ်၏။ ဤမျှများပြားသော ငွေအသပြာတို့ကို မိမိတသက်တာ၌ မကိုင်တွယ်ဘူးသူဖြစ်၍ ဝမ်းသာလုံးဆို့သွား၏။ "အဆိပ်ပြင်းသောမြွေ" ဟူ၍ ဗုဒ္ဓမိန့်ကြားခဲ့သည့် စကားကိုပင် မေ့လျော့သွားလေသည်။ အမှန်စင်စစ် ထိုငွေထုပ်ကား သူခိုးများ ကျကျန်ရစ်ခဲ့သည့် ပစ္စည်းဖြစ်၏။

ထို့ကြောင့် သူသည် ငွေထုပ်ကို ယူလာခဲ့ပြီး မိမိလယ်ထွန်သည့် နေရာ အနီးရှိ သစ်ပင်အောက်၌ ဝှက်ထားလိုက်၏။ ထို့နောက်၌ကား ဣန္ဒြေမပျက် လယ်ကို ဆက်၍ ထွန်နေ၏။ သူ့အကြံကား အိမ်သို့ ပြန်သည့်အခါကျမှ ငွေထုပ်ကို မသိမသာ ယူသွားရန်ဖြစ်ပေသည်။

ထိုအချိန်တွင် သာဝတ္ထိမြို့တော်တွင်းရှိ သူဌေးကြီးတဦး၏ နေအိမ်၌ လူအများ ယောက်ယက်ခတ်လျက် ရှိကြလေသည်။ အကြောင်းမှာ လွန်ခဲ့သောညက အဘိုးတန် ရွှေငွေရတနာများကို လူဆိုးများ ဖောက်ထွင်းခိုးယူသွားကြသောကြောင့် ဖြစ်ပေသည်။ သူဌေးကြီးသည် ဤအကြောင်းကို နံနက်လင်းမှပင် သိရှိ၍ ကျေးကျွန်အစောင့်အရှောက်တို့အား သူခိုးနောက်သို့ ခြေရာခံ၍ လိုက်ကြရန် စေခိုင်းလေသည်။ ကျေးကျွန်တို့သည် မင်းချင်း ယောကျ်ားတို့နှင့်အတူ ခြေရာခံ၍ လိုက်ကြ၏။ သူခိုးများသည် မြို့တော်၏ တောင်ဘက်မြို့ရိုးရှိ ရေပြွန်ပေါက်မှ ထွက်ပြေးသွားကြကြောင်း တွေ့ရှိရလေသည်။

မြို့ပြင်ဘက်အထိ ဆက်၍ လိုက်ကြသည့်အခါ လယ်ကွင်းအနီး၌ သူခိုးများ ဝေစုခွဲဝေသည့် နေရာကိုရင်း၊ လယ်သမားကြီး၏ ခြေရာကိုရင်း တွေ့ရှိကြပြန်၏။ နောက်ဆုံး၌ကား လယ်သမားကြီး ဝှက်ထားသည့် ငွေထုပ်ကိုပါ တွေ့ရှိ၍ လယ်သမားကြီးကို ဖမ်းဆီးကြလေသည်။

မင်းချင်းယောကျ်ားတို့သည် လယ်သမားကြီးအား သူခိုးဟု စွပ်စွဲ၍ မင်းထံသို့ ခေါ်ဆောင်သွားကြ၏။ ကောသလမင်းကြီးကလည်း ခိုးထုပ်ခိုးထည်ပါ တွေ့နေပြီဖြစ်၍ အထူးတလည် စစ်

ဆေးခြင်း မပြုတော့ဘဲ မင်းချင်းယောကျ်ားတို့၏ စကားကိုပင် အတည်ပြုကာ သေဒဏ် ချမှတ်လိုက်လေသည်။

ထိုအခါ ပါးကွက်အာဏာသားတို့သည် လယ်သမားကြီး အား လက်ပြန်ကြိုးတုပ်ကာ သုသာန်သို့ ခေါ်ဆောင်သွားကြ ၏။ ဤသို့ သေဘေးနှင့် ရင်ဆိုင်တွေ့ကြုံရသောအခါ လယ်သမား ကြီးသည် ဗုဒ္ဓ မိန့်ကြားခဲ့သည့် စကားများကို ပြန်ပြောင်း သတိရလာ၏။

"ငါကား မိုက်မဲလေစွ၊ ဗုဒ္ဓက 'အဆိပ်ပြင်းသောမြွေ' ဟု သတိပေး မိန့်ကြားပါလျက်နှင့်ပင် ဤငွေထုပ်ကို ကောက်ယူမိ ကြခဲ့သလော၏။

ဤသို့လျှင် မိမိကိုယ်ကို အပြစ်တင်၍ မဆုံးအောင် ရှိလေ သည်။

ပါးကွက်အာဏာသားတို့သည် လယ်သမားကြီးအား လမ်း တလျှောက်လုံး မညှာမတာ ရိုက်နှက်နှိပ်စက်၍ သွားကြ၏။ မည် မျှပင် ညှဉ်းပန်းနှိပ်စက်သော်လည်း လယ်သမားကြီးကား ငိုယို တောင်းပန်းခြင်းမပြု။ "အဆိပ်ပြင်းသောမြွေ၊ အဆိပ်ပြင်းသော မြွေ" ဟူ၍သာ နှုတ်မှ ထပ်တလဲလဲ မြည်တမ်းသွား၏။ တခါ တရံတွင်မူ "ဗုဒ္ဓ" "ရှင်အာနန္ဒာ" ဟူသော စကားလုံးများ သည်း သူ့နှုတ်ဖျားမှ ထွက်ပေါ်လာ၏။

ဤသို့ ထူးထူးဆန်းဆန်း မြည်တမ်းသော စကားများကို ကြားရသောအခါ ပါးကွက်အာဏာသားတို့က "အဆိပ်ပြင်း သော မြွေ" ဆိုတာ ဘာလဲ။ "ဗုဒ္ဓနှင့် ရှင်အာနန္ဒာ တို့က သင်နဲ့ ဘာဆိုင်သလဲ" စသည်ဖြင့် မေးမြန်းစုံစမ်းကြ၏။ သို့သော် လယ်

သမားကား အဖြေမပေး။ "ကောသလ မင်းကြီးကိုသာ ဒီအကြောင်း ငါပြောနိုင်မည်" ပြန်ကြား ပြောဆိုလေသည်။

သို့ဖြစ်၍ အာဏာသားတို့သည် လယ်သမားကြီးအား မင်းကြီးထံ ပြန်ခေါ်သွားရလေ၏။ မင်းကြီးကမေးလျှင် လယ်သမားသည် အကြောင်းစုံကို ထုတ်ဖော်လျှောက်တင်လေသည်။ ထိုအခါ မင်းကြီးသည် "သင်ကား လောကတွင် အမြတ်ဆုံး ပုဂ္ဂိုလ်ကို သက်သေထူဘိ၏"ဟု ဆို၍ ဗုဒ္ဓရှင်တော်ထံသို့ လယ်သမားကို ခေါ်ဆောင်သွား၏။ မင်းကြီး၏ လျှောက်ထားချက်အရ ဗုဒ္ဓက အဖြစ်မှန်ကို ရှင်းလင်း မိန့်ကြားရာ မင်းကြီးလည်း လုံးဝ သံသယကင်းရှင်းသွားတော့၏။

ထို့နောက် မင်းကြီးသည် လယ်သမားကို အပြစ်ဒဏ်မှ လွှတ်ပေးပြီး ဗုဒ္ဓအား ဤသို့ လျှောက်ထားပြန်၏။

"အရှင်ဘုရား၊ ဤသူသည် အရှင်ဘုရားကို သက်သေမထူနိုင်ပါက ကျေနပ်ချမ်းသာစရာ အသက်ဆုံးရှုံးဘွယ် ရှိပါသည်။ အရှင်ဘုရား၏ စကားကြောင့်သာ အသက်ချမ်းသာခွင့် ရခြင်း ဖြစ်ပါသည် ဘုရား"

"မြတ်သောမင်းကြီး၊ မှန်ပေ၏။ အသိဉာဏ်နှင့်ပြည့်စုံသောသူသည် နောင်တတဖန် ပူပန် ဆင်းရဲရမည့် အလုပ်ကို မလုပ်သင့်။ မျက်ရည်ပေါက် ကြီးငယ်ကျရမည့် အလုပ်ကို မလုပ်သင့်"

ဗုဒ္ဓက ဤသို့ တရားလမ်းပြ၍ ဆုံးမတော်မူရာ လယ်သမားသည် သောတာပတ္တိမဂ်ဉာဏ်ကို အမြန် ရရှိသွားလေသည်။

[ဗာလဝဂ် ကဿကဝတ္ထု]

# သဒ္ဒါလွန်သူ

သာဝတ္ထိပြည်မှ ဝက္ကလိ အမည်ရှိသော ဗြဟ္မဏအနွယ်ဝင်လုလင်ပျိုတဦးသည် မြို့တွင်းသို့ ဆွမ်းခံကြွလာသော ဗုဒ္ဓရှင်တော်မြတ်ကို ဖူးတွေ့ရလျှင် အလွန်ပင် မြတ်နိုးကြည်ညိုလှသဖြင့် ဆွမ်းခံခြင်းကိစ္စ ပြီးစီး၍ ဗုဒ္ဓမြတ်စွာ ကျောင်းတော်သို့ ပြန်ကြွသည့်အခါတွင် သူသည် ကျောင်းတော်အထိ လိုက်ပါခဲ့၏။

ဗုဒ္ဓ၏ နောက်လိုက်နောက်ပါ ရဟန်းအချို့ကမူ ဤလုလင်သည် ဗုဒ္ဓမြတ်စွာအား အရေးကြီးသော မေးခွန်းပြဿနာ တရပ်ရပ်ကို လျှောက်ထား မေးမြန်းလို၍ လိုက်လာခြင်းပေလောဟု တွေးထင်နေကြ၏။ အမှန်စင်စစ် ဝက္ကလိကား ဤသို့မဟုတ်ပေ။ ယောက်ျားမြတ်တို့၏ လက္ခဏာ အပေါင်းနှင့် ပြည့်စုံလျက် တင့်တယ်မှု၏ အထွဋ်အထိပ်သို့ ရောက်နေသောဗုဒ္ဓ၏ ရုပ်အဆင်း

တော်အား ကြည့်ရှုဖူးမြင်၍ မဝနိုင်အောင် ရှိနေသောကြောင့် ကျောင်းတော်အထိ လိုက်ပါခဲ့ခြင်းဖြစ်၏။

ကျောင်းတော်သို့ ရောက်သည့် အခါ၌လည်း ဝက္ကလိသည် ဗုဒ္ဓဟောကြားသည့် တရားစကား၌ စိတ်ပါဝင်စားခြင်း မရှိ၊ အခြားသူများကဲ့သို့ မေးခွန်းပြဿနာတရပ်ရပ်ကို လျှောက်ထား မေးမြန်းခြင်းလည်းမပြုဘဲ ဗုဒ္ဓ၏ မျက်နှာတော်ကိုသာ မမှိတ်မသုန်သော မျက်စိဖြင့် တစိမ့်စိမ့်ကြည့်ရှုဖူးမျှော်၍ နေလေသည်၊

ဤသို့ဖြင့် ဝက္ကလိသည် ဗုဒ္ဓအား မျက်စိအောက်မှ အပျောက်မခံလို။ ဗုဒ္ဓထံပါးမှ မခွဲမခွာလိုဖြစ်နေတော့၏။ ထို့ကြောင့် သူသည် အိမ်သို့ပင် မပြန်တော့ဘဲ ဗုဒ္ဓထံ၌ မိမိအား ရဟန်းပြုပေးရန် တောင်းပန်၏။ ဗုဒ္ဓကလည်း သူ့ကို ရဟန်းပြုပေးလိုက်၏။

ရဟန်းဖြစ်လာသောအခါ ရှင်ဝက္ကလိသည် အခြားသူများကဲ့သို့ ကမ္မဋ္ဌာန်းတရား အားထုတ်ရန်လည်းမကြံ၊ စာပေသင်အံလေ့လာရန်လည်း လုံးဝစိတ်မကူးဘဲ ဗုဒ္ဓထံပါး၌သာ တွယ်ကပ်၍နေ၏။

ဗုဒ္ဓကြွလေရာသို့ ရှင်ဝက္ကလိ အမြဲပါ၏။ ရဟန်း ပရိသတ်၊ လူပရိသတ်တို့အား ဗုဒ္ဓတရားဟောနေသည့်အချိန်တွင်လည်း ပရိသတ်ထဲ၌ ရှင်ဝက္ကလိ အမြဲရှိနေ၏။ သို့ရာတွင် ဗုဒ္ဓ၏ တရားစကားများကား သူ့နားထဲသို့ တလုံးမျှမဝင်။ ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမျှော်ကြည့်ရှု၍ နေခြင်းဖြင့်သာ အချိန်ကုန်၍ နေလေသည်။

ဗုဒ္ဓရှင်တော်မြတ်ကား ရှင်ဝက္ကလိ ဤကဲ့သို့ အချည်းနှီး နေသည်ကို နှစ်သက်တော်မမူ။ သို့သော်လည်း ယခုကဲ့သို့ အသိဉာဏ်နုနယ်သေးသည့် အချိန်တွင် တစုံတရာ မိန့်ကြားရန် မသင့်သေး။

သဒ္ဓါဓာတ် ထက်သန်လွန်းသူတို့၏ စိတ်ဓာတ်သည် ဖူးပွင့်စ ပန်းကလေးများပမာ လွန်စွာ နုနယ်သိမ်မွေ့၏။ အနည်းငယ်သော ဆန့်ကျင် ဘက်ဝတ္ထုနှင့် ထိတွေ့ ရုံမျှနှင့် ကျေမွ ပျက်စီး တတ်၏။ သူ၏ အသိဉာဏ် ရင့်ကျက်လာသည့် အချိန်အထိ စောင့်ဆိုင်းပြီးမှ ဝက္ကလိ၏ အစွဲကို ချေချွတ်တော့မည်။ ဤသို့ ဗုဒ္ဓက စဉ်းစားကြံဆ ထားခဲ့လေသည်။

ဤသို့ဖြင့် အချိန်သည် တရွေ့ရွေ့ ကုန်လွန်ခဲ့သော်လည်း ရှင်ဝက္ကလိ၏ အပြုအမူတို့ကား ထူးခြား ပြောင်းလဲ၍မလာချေ။ ဗုဒ္ဓအဆင်းတော်ကို ဖူးမျှော်ကြည်ညိုခြင်းဖြင့်သာ ပျော်မွေ့ကျေနပ်နေဆဲဖြစ်၏။ သို့ရာတွင် ဝက္ကလိသည် ရဟန်းဘဝ၌ ရက်,လအတန်ကြာခဲ့ပြီဖြစ်၍ သိမ်မွေ့ပျော့ပျောင်းစွာ ပြောဆို ဆုံးမမှုကိုမူ ခံယူနိုင်မည့်အခြေအနေသို့ ဆိုက်ရောက်လာပြီဖြစ်ကြောင်း ဗုဒ္ဓရှင်တော်မြတ်က ပိုင်းခြားသိမြင်တော် မူခဲ့သည်။

သို့ဖြစ်၍ ဗုဒ္ဓသည် ရှင်ဝက္ကလိအား ဆုံးမစကား တရပ်ကို စတင် မိန့်ကြားတော်မူလေသည်။

"ချစ်သား ဝက္ကလိ၊ အပုပ်ကောင်ဖြစ်သော ဤခန္ဓာကိုယ်ကို ကြည့်ရှုနေခြင်းဖြင့် အကျိုးမရှိ။ တရားကို မြင်အောင်ရှုနိုင်မှသာ ငါဘုရားကို မြင်သည်မည်၏။ တရားကို မမြင်သူသည် ငါဘုရားကိုလည်း မျက်ကွယ်ပြုရာ ရောက်ပေ၏"

ဗုဒ္ဓသည် ရှင်ဝက္ကလိအား ဤသို့သော စကားဖြင့် အကြိမ်ကြိမ် သတိပေးဆုံးမ၏။ သို့သော် ရှင်ဝက္ကလိကား အသိတရားမသက်ဝင်ခဲ့။ မိမိ၏ထက်သန်လွန်ကဲသော သဒ္ဓါဓာတ်ကိုလည်း ဖြတ်တောက်ချိုးနှိမ်ပစ်ရန် မစွမ်းနိုင်ခဲ့။ ထို့ကြောင့် မပြတ်မလပ်

သတိပေး ဆုံးမနေသည့် ကြားမှပင် ဗုဒ္ဓရှင်တော်မြတ်ကို စွန့်ခွာသွားရန် မစွမ်းနိုင်ဘဲ ဖြစ်၍ နေခဲ့လေသည်။

ထိုစဉ်အတွင်း ဝါဆိုရန် အချိန်နီးကပ်လာသဖြင့် ဗုဒ္ဓသည် သာဝတ္ထိပြည်မှ ထွက်ခွာ၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်လာ၏။ ရှင်ဝက္ကလိသည်လည်း ဗုဒ္ဓနှင့် အတူပင် လိုက်ပါလာခဲ့၏။ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေလျက် ဝါဆိုမည့်နေ့တွင် ဤသို့ အကြံဖြစ်ပေါ်လာ၏။

"ဤဝက္ကလိကို သိမ်မွေ့သောနည်းဖြင့် ဆုံးမ၍ ရတော့မည် မဟုတ်။ မာမာတင်းတင်း ပြောဆိုမှသာ သဒ္ဓါတတ် လျော့ပါး၍ သတိတရား သက်ဝင်လာပေတော့မည်"

ယင်းသို့ အကြံဖြစ်သည်နှင့်အညီပင် ဗုဒ္ဓသည် ဝက္ကလိအား မိမိ၏အပါးတော်မှ ချက်ခြင်းထွက်ခွာသွားရန် ဖွင့်ဟမိန့်ကြားတော်မူလေသည်။

"ဝက္ကလိ၊ သင်သည် ငါဘုရား၏အပါးမှ ထွက်သွားတော့လော့"

"ဝက္ကလိ၊ သင်သည် ငါဘုရား၏အပါးမှ ထွက်သွားတော့လော့"

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားရလျှင် ရှင်ဝက္ကလိသည် ထိုအမိန့်ကို မပယ်လှန်ရဲတော့ချေ။ ထို့ကြောင့် မကြည်သောမျက်နှာ၊ မသာသောနှလုံးဖြင့် ဗုဒ္ဓ၏အပါးတော်မှ ထွက်ခွာခဲ့ရလေတော့သည်။

"ဗုဒ္ဓသည် ငါ့အား နှင်ထုတ်လိုက်လေပြီ၊ ယခု ငါ့မှာ အားကိုးရာ ကင်းမဲ့ခဲ့လေပြီ"

ဤသို့သော စိုးရိမ်ပူပန်မှုဖြင့် ရှင်ဝက္ကလိခမျာ ဆောက်တည်ရာမရှိ ဖြစ်နေလေသည်။ ဗုဒ္ဓကိုသာ ပုဂ္ဂိုလ်စွဲဖြင့် အားကိုးမှီခိုနေခဲ့သူဖြစ်၍ အားကိုးရာအစစ်ဖြစ်သော တရားဓမ္မကို ရှာကြံအားထုတ်ရန် အကြံသည် သူ့တွင် ယခုတိုင် မပေါ်သေးချေ။

"တရားကို မြင်အောင် ရှုနိုင်မှသာ ငါဘုရားကို မြင်သည်မည်၏။

"တရားကို မမြင်သူသည် ငါဘုရားကိုလည်း မျက်ကွယ်ပြုရာရောက်ပေ၏"

ပုဂ္ဂိုလ်စွဲကို စွန့်ခွာ၍ သစ္စာလေးပါး အမှန်တရားကို သိမြင်အောင် အားထုတ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ဤသို့ သွယ်ဝိုက်မိန့်ကြားခဲ့သော ဗုဒ္ဓ၏ ဆုံးမစကားကို ယခုတိုင် သူသဘောမပေါက်သေးချေ။ ထို့ကြောင့် သူသည် တနေရာတည်း၌ အတည်တကျ မနေနိုင်ဘဲ ရောက်ရာပေါက်ရာသို့ လျှောက်၍ သွားနေခဲ့၏။ သုံးလတာမျှသော ဝါတွင်းကာလကို အချည်းနှီးကုန်လွန်စေခဲ့၏။

ထိုသို့ သုံးလခန့်မျှ စိတ်မချမ်းသာမှုကို ခံစားနေခဲ့ရသော ရှင်ဝက္ကလိသည် သီတင်းကျွတ်လ၏ တခုသော ညနေခင်းအချိန်တွင် ရည်ရွယ်ချက်မရှိဘဲ ဂိဇ္ဈကုဋ်တောင်ဘက်သို့ ထွက်လာခဲ့၏။ တောင်ခြေမှတဆင့် တောင်ထိပ်သို့ တက်ခဲ့ရာ လမ်းဘေး၌ နက်ရှိုင်းသော တောင်ကြားချိုင့်ဝှမ်းများကို သူတွေ့မြင်ရ၏။

ထိုအခါ "ငါ့အား အသက်ရှင်ခြင်းဖြင့် အကျိုးမရှိတော့ပြီ။ ဤတောင်ကြား ချိုင့်ဝှမ်း၌ လိမ့်ချ၍ အသေခံတော့အံ့" ဤသို့သော စိတ်ရိုင်းစိတ်မိုက်များ ဖြစ်ပေါ်လာလေသည်။ အား

ကိုးရာမဲ့ဘဝကို စိတ်အနာကြီးနာလျက် ကြံမိကြံရာကို ကြံစည် မိလေတော့သည်။


ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဗုဒ္ဓရှင်တော် မြတ်သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဝက္ကလိ၏ အကြံကို သိမြင်တော်မူ၏။ ယင်းသို့သိမြင်သည်နှင့် တပြိုင်နက် အဘိညာဉ်တန်ခိုးဖြင့် ရှင် ဝက္ကလိ၏ ရှေ့မှောက်သို့ ချက်ခြင်း ကြွရောက်လာသည်။ ထို့နောက် ရှင်ဝက္ကလိ၏ ရှေ့၌ ရပ်တည်လျက် ယုန်းလင်းတောက်ပသော ရောင်ခြည်တော်ကို လွှတ်လိုက်လေသည်။

ဗုဒ္ဓ၏ မျက်နှာတော်ကို မြင်ရလျှင် ရှင်ဝက္ကလိ၏ စိတ်သည် ပူပန်စိုးရိမ်မှု ကင်းစင်၍ ကြည်လင်တက်ကြွလာလေသည်။ အချိန် ကြာမြင့်စွာ ခန်းခြောက်နေသော ရေကန်ထဲသို့ ရေအလျှံ အဆက်မပြတ် စီးဝင်လာဘိသကဲ့သို့ ကြည်နူးဝမ်းသာခြင်းတို့ဖြင့် ပြည့်လျှံ၍ လာလေ၏။

ထိုအခါ ဗုဒ္ဓသည် ရှင်ဝက္ကလိအား နှစ်သိမ့်အားပေးစကားကို မိန့်ကြားတော်မူသည်။ ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားနာရလျှင် ရှင်ဝက္ကလိ၏ကိုယ်သည် ပီတိအဟုန်ဖြင့် မြောပါလျက် ကောင်း ကင်သို့ပျံတက်သွားလေသည်။ ဤသို့ကောင်းကင်၌ ပျံနေဆဲအခိုက် မှာပင် လက္ခဏာရေးသုံးပါးကို ဆင်ခြင် သုံးသပ်မိကာကိလေ သာကင်းစင်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

ထို့နောက် ရှင်ဝက္ကလိသည် ကောင်းကင်မှ သက်ဆင်း၍ ဗုဒ္ဓ ၏ ခြေတော်ရင်း၌ ဝပ်စင်း ကန်တော့၏။ ဗုဒ္ဓက ရှင်ဝက္ကလိ အား သဒ္ဓါဓိုတ် လွန်ကဲသော ပုဂ္ဂိုလ်ထူးတပါးဟူ၍ ချီးကျူး ဂုဏ်ပြုတော်မူခဲ့လေသည်။

[ဘိက္ခုဝဂ်၊ ဝက္ကလိထေရဝတ္ထု]



# စိတ်ကြွမ်း မာန်လျှော့

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်သည့် ရှင်ပေါဋ္ဌိလ မည်သော မထေရ်တပါး ရှိ၏။ ထိုမထေရ်သည် ငါးရာသော ရဟန်းတို့အား နေ့စဉ် စာပေပို့ချ၍ နေသော်လည်း ကမ္မဋ္ဌာန်းအလုပ်ကိုမူ အားထုတ်ခြင်း မပြုချေ။ သူ့ထံ၌ စာပေသင်ယူခဲ့သော ရဟန်းများစွာတို့သည် ကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်ကြသဖြင့် မဂ်ဖိုလ်ကို ဆိုက်ရောက်သွားကြ၏။ ရှင်ပေါဋ္ဌိလသည် ထိုရဟန်းများကို မြင်သော်လည်း သတိသံဝေဂ မရ။ "ငါကား ပိဋကတ်သုံးပုံကို ဆောင်နိုင်သူတည်း"ဟူသော မာနဖြင့် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်ကူးမျှမထည့်ဘဲ စာပေပို့ချ၍သာ နေလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဤအကြောင်းကို သိမြင်တော်မူ၍ မိမိထံသို့ လာရောက်ဆည်းကပ်သော ပေါဋ္ဌိလအား "အချည်းနှီး

သော ပေါ္ဌိလ၊ အချည်းနှီးသော ပေါ္ဌိလ”ဟူသော စကား ဖြင့်သာ ခေါ်ဝေါ်မိန့်ကြားတော်မူ၏။ ပိဋကတ်သုံးပုံကို နှုတ်ငုံ ဆောင်၍ ရဟန်းငါးရာတို့အား စာပေပို့ချနေသည့် မိမိကဲ့သို့ သော ပုဂ္ဂိုလ်အား ဗုဒ္ဓက “အချည်းနှီးသော ပေါ္ဌိလ”ဟု ခေါ်ဝေါ်ပြောဆိုသည်ကို ကြားရသောအခါ ရှင်ပေါ္ဌိလသည် တုန်လှုပ်ထိတ်လန့်သွား၏။ မိမိသန္တာန်၌ မဂ်ဖိုလ်တရားထူးများ မရှိခြင်းကြောင့်သာ ဗုဒ္ဓက ဤသို့ ခေါ်ဝေါ်ခြင်း ဖြစ်ကြောင်း ကိုလည်း တွေးတောမိလေ၏။

ထိုအခါ ရှင်ပေါ္ဌိလသည် စာပေပို့ချခြင်းအလုပ်ကို စွန့်ခွာ ၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရန် စိတ်ဆုံးဖြတ်လိုက်၏။ ယင်းသို့ ဆုံးဖြတ်ပြီး နောက်တနေ့ နံနက်စောစောတွင် ဇေတဝန် ကျောင်းတော်မှ တပါးတည်းထွက်ခဲ့ရာ ယူဇနာ ၁၂၀ ဝေး သော တောကျောင်းတခုသို့ ဆိုက်ရောက်သွား၏။ ထိုကျောင်း ၌ သုံးကျိပ်သော အရိယာရဟန်းများ နေထိုင်လျက်ရှိရာ ရှင် ပေါ္ဌိလသည် မထေရ်ကြီးဖြစ်သော ရဟန်းထံ ချဉ်းကပ်၍ တောင်းပန်လေသည်။

“ငါ့ရှင်၊ သင်သည် ကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်ပါ လော၊ ကျွန်ုပ်အား ကမ္မဋ္ဌာန်း ပေးပါလော”

“ငါ့ရှင်၊ သင်ကား ပိဋကတ်သုံးပုံကိုပင် နှုတ်ငုံဆောင်နိုင်သူ ဖြစ်ပါသည်။ ထိုကြောင့် တပည့်တော်တို့က သင့်အား တစုံတရာ ညွှန်ကြားပြသရန် မရှိပါ။ သင့်ကိုသာ တပည့်တော်တို့က မှီခို အားထားရပါမည်”

မထေရ်ကြီးသည် ဤသို့ပြောဆို၍ ရှင်ပေါ္ဌိလအား ကမ္မဋ္ဌာန်း မပေးဘဲနေ၏။ ထိုအခါ ရှင်ပေါ္ဌိလသည် ဒုတိယမြောက် မထေရ်

ထံသို့ ချဉ်းကပ်၍ ရှေးနည်းတူ တောင်းပန်ပြန်၏။ ထိုမထေရ်က လည်း အလားတူပင် ငြင်းဆိုပြန်ရာ နောက်တပါးထံသို့ သွားရ ပြန်၏။ ဤနည်းအားဖြင့် ရှင်ပေါဋ္ဌိလသည် နောက်ဆုံးတွင် ရဟန်းသုံးကျိပ်တို့အနက် အငယ်ဆုံးဖြစ်သော သာမဏေကလေး ထံသို့ ရောက်သွားလေသည်။

အသက်အားဖြင့် ခုနစ်နှစ်အရွယ်မျှသာ ရှိသော သာမဏေ ကလေးသည် ရှင်ပေါဋ္ဌိလ ရောက်သွားချိန်၌ သက်န်းတထည်ကို ချုပ်နေ၏။ ရှင်ပေါဋ္ဌိလသည် ထိုသာမဏေကလေးအား လက် အုပ်ချီ၍ "ငါ့ရှင်၊ သင်သည် ငါ၏ မှီခိုအားထားရာ ဖြစ်ပါ လော"ဟု ဆိုလေသည်။

"အရှင်ဘုရား၊ အရှင်သည် တပည့်တော်ထက် အသက်သိက္ခာ အားဖြင့် များစွာကြီးပါသည်။ အကြားအမြင် ဗဟုသုတလည်း အလွန်များပါသည်။ ထို့ကြောင့် တပည့်တော်ကသာ အရှင့်ကို မှီခိုအားထားရပါမည်။ အရှင့်ကိုမူ တပည့်တော်က တစုံတရာ ညွှန်ကြားပြသရန် မရှိပါ"

ယင်းသို့ သာမဏေက ဆိုသော်လည်း ရှင်ပေါဋ္ဌိလသည် အလျှော့မပေးဘဲ ထပ်မံတောင်းပန်ပြန်၏။ ထိုအခါ သာမဏေ က "အရှင်ဘုရားတပည့်တော် ညွှန်ကြား ပြောဆိုသည့်အတိုင်း အကြွင်းမဲ့ လိုက်နာနိုင်မည်ဆိုပါမူ အရှင်ဘုရားအား တပည့်တော် ကမ္မဋ္ဌာန်းပေးပါမည်"ဟု လျှောက်တင်လေသည်။ ရှင်ပေါဋ္ဌိလ ကလည်း "ငါ့ရှင်၊ သင်က မီးပုံထဲသို့ အဆင်းခိုင်းလျှင်ပင် မတွန့်မဆုတ် ဆင်းပါမည်"ဟု ဝန်ခံချက်ပေး၏။

ထိုအခါ သာမဏေသည် အနီး၌ရှိသော ရေအိုင်တခုကို ညွှန် ပြ၍ "အရှင်ဘုရား ဤရေအိုင်ထဲသို့ အမြန်သက်ဆင်းပါလော"

ဟု ပြောဆိုရာ ရှင်ပေါဠိလသည် မဆိုင်းမတွပင် ဆင်းသက်လေ၏။ မထေရ်၏ သင်္ကန်းစွန်းကို ရေစွတ်ရုံမျှ ရှိသောအခါ "အရှင်ဘုရား၊ ပြန်၍ တက်ခဲ့ပါလော့"ဟု သာမဏေကဆိုရာ မထေရ်သည် ချက်ခြင်းပင် ပြန်တက်ခဲ့၏။

ဤသို့ လက်တွေ့ စမ်းသပ်ပြီးနောက် သာမဏေသည် ရှင်ပေါဠိလအား ကမ္မဋ္ဌာန်းတရားကို ဟောကြားညွှန်ပြလေ၏။

"အရှင်ဘုရား၊ အပေါက်ခြောက်ခုရှိသော တောင်ပို့ထဲသို့ ဖွတ်တကောင် ဝင်သွားသည်ဆိုပါစို့။ ထိုဖွတ်ကို ဖမ်းလိုလျှင် အခြားသော အပေါက်ငါးခုကိုပိတ်ပြီး ကျန်အပေါက်တခုတည်းမှသာ စောင့်၍ ဖမ်းရပါမည်။ သို့မှသာ ထိုဖွတ်ကို မိနိုင်မည်ဖြစ်ပါသည် အရှင်ဘုရား။ ဤဥပမာအတိုင်းပင် တပည့်တော်တို့ကိုယ်၌လည်း မျက်စိ၊ နား၊ နှာခေါင်းစသော အပေါက်ခြောက်ခုရှိပါသည်။ ယင်းအပေါက်ခြောက်ခုမှပင် အဆင်း၊ အသံ၊ အနံ့စသော အာရုံခြောက်ပါးတို့လည်း အပြဲမပြတ် ဝင်ရောက်လျက်ရှိကြပါသည်။ ထို့ကြောင့်အရှင်သည် အာရုံခြောက်ပါးတို့ မဝင်နိုင်အောင် မျက်စိ၊ နား၊ နှာခေါင်းစသည့် ပဉ္စဒွါရ အပေါက်ငါးခုကို ပိတ်ပြီး မနောဒွါရဖြင့် ပြုသင့်ပြုထိုက်သော ဆင်ခြင်သုံးသပ်မှုကို ပြုပါလော့"

အကြားအမြင် ဗဟုသုတ များပြားလှသော ရှင်ပေါဠိလသည် သာမဏေ၏အကျဉ်းအားဖြင့် ဟောကြားလမ်းညွှန်မှုကို ကြားနာရလျှင် မီးတောက်မီးလျှံကြီးကို ညှိထွန်းပြသလိုက်ဘိသကဲ့သို့ ဉာဏ်အမြင်ရှင်း၍ ထင်းကနဲဖြစ်သွား၏။ ထို့ကြောင့် ယင်းလမ်းညွှန်ချက်ကို အခြေခံလျက် မိမိကိုယ်ခန္ဓာပေါ်၌ အသိဉာဏ်စေစားကာ ရဟန်းတရားကို အားထုတ်လေသည်။

ဤသို့ ရှင်ပေါဋ္ဌိလ တရားအားထုတ်နေသည်ကို ယူဇနာတရာ နှစ်ဆယ်ဝေးသော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် လှမ်း၍မြင်တော်မူ၏။ သို့ဖြစ်၍ အဝေးမှပင် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်၍ ရှင်ပေါဋ္ဌိလအား အားပေးတိုက်တွန်းစကား မိန့်ကြားတော်မူသည်။

"ချစ်သား ပေါဋ္ဌိလ၊ ကြိုးစားအားထုတ်မှုရှိလျှင် အသိဉာဏ်တိုးပွား၏။ ကြိုးစားအားထုတ်မှုမရှိလျှင် အသိဉာဏ်ခန်းခြောက်၏။ ထို့ကြောင့် သင်သည် အသိဉာဏ်တိုးပွားအောင် ကြိုးစားအားထုတ်မှုပြုလေလော"

ဗုဒ္ဓ၏ အားပေးတိုက်တွန်းမှုကို ခံယူ၍ ဆက်လက်အားထုတ်သောရှင်ပေါဋ္ဌိလသည် မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

[မဂ္ဂဝဂ်၊ ပေါဋ္ဌိလထေရ ဝတ္ထု]

# ခေမာဒေဝီ

ခေမာဒေဝီသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ မိဖုရားကြီး ဖြစ်၏။ မိန်းမချော မိန်းမလှတို့ပေါ်ထွက်ရာ မဒ္ဒရာဇ်တိုင်း သာဂလမြို့သူဖြစ်၍ ပြင်ဘက်ကင်းသော အလှဘုရင်မ တဦးအဖြစ် သင်ရှားလျက် ရှိသည်။ မိဖုရားကြီးတပါး၏ အခမ်းအနား အဆောင်အယောင်များကလည်း သူမ၏အလှကို ပို၍ပေါ်လွင် သင်ရှားစေလျက် ရှိသည်။

အလှပိုင်ရှင်ဟို၏ သဘာဝအတိုင်း သူမသည် မိမိကိုယ်ကို အစွမ်းကုန် ပြုပြင်ခြယ်သလျက် အလှအပဖြင့်သာ ထာဝစဉ် ပျော်မွေ့နေလေ့ရှိ၏။ ဗိမ္ဗိသာရမင်းကြီးကား ဗုဒ္ဓအား ပထမ ဦးဆုံးအကြိမ် စတင်ဖူးတွေ့ရသည့် အချိန်မှစ၍ ဗုဒ္ဓ၏တပည့် သာဝက တဦးအဖြစ်ဖြင့် စွဲမြဲစွာရပ်တည်ခဲ့သည်။ ဝေဠုဝန်

ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း၍ ဘုရားသွားကျောင်းတက် မပျက်အောင် နေခဲ့သည်။

ဘုရင်မင်းမြတ်သည် ခေမာမိဖုရားကြီးအား လွန်စွာချစ်ခင်မြတ်နိုး၏။ အရာရာတွင် အလိုလိုက်၍ အကြိုက်ကို ဆောင်ခဲ့၏။ သို့သော်လည်း မိဖုရားကြီးအား ဘုရားဖက်၊တရားဖက်သို့ အနည်းငယ်မျှ ဆွဲဆောင်သိမ်းသွင်း၍ မရသည့်အတွက်ကား စိတ်မချမ်းမြေ့မှုတရပ်ကို ခံစားနေရလေသည်။

ဘုရင်မင်းမြတ် ဝေဠုဝန်ကျောင်းတော်သို့ တရားနာသွားသည့်အခါတိုင်း မိဖုရားကြီးအား ခေါ်၏။ သို့သော် မိဖုရားကြီးကား အကြောင်းအမျိုးမျိုးပြကာ ရှောင်ရှားနေလေ့ရှိ၏။ဗုဒ္ဓနှင့် ရဟန်းသံဃာအပေါင်းအားရွှေနန်းတော်သို့ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်သည့် အခါများ၌လည်း မိဖုရားကြီးသည် မိမိအဆောင်တော်မှထွက်၍ ဗုဒ္ဓအားဖူးမျှော်ကန်တော့ခြင်းပင် မပြုခဲ့ချေ။

အမှန်စင်စစ် ဤသို့ ခေမာမိဖုရားကြီးက ဗုဒ္ဓအားရှောင်ရှားနေခဲ့ခြင်းမှာ ဗုဒ္ဓအပေါ်၌ အမျက်မာန်ပွား၊ရန်ငြိုးထားစရာရှိနေသောကြောင့် မဟုတ်ပေ။ မိမိ၏အလှဂုဏ်ကို အထိမခံလိုသောကြောင့်သာ ဖြစ်ပေသည်။ သူမသည် ဗုဒ္ဓထံသို့ ကိုယ်တိုင်ကိုယ်ကျ တကြိမ်တခါမျှ မရောက်ဘူးသေးသော်လည်း ဗုဒ္ဓ၏ ဂုဏ်သတင်းများကို နားမဆံ့အောင် ကြားနေခဲ့ရ၏။

ယင်းသို့ကြားခဲ့ရသော သတင်းစကားများအနက်မှ ဗုဒ္ဓသည် ကိုယ်ခန္ဓာ၏ မတင့်မတယ် စက်ဆုပ်ဖွယ်ကောင်းပုံကို ဖော်ထုတ်ဟောကြားလေ့ရှိသည် ဟူသော စကားတရပ်လည်း ပါရှိခဲ့၏။ ထိုသတင်းစကားကြောင့်ပင် သူမသည် ဗုဒ္ဓထံသို့ မချဉ်းကပ်လိုခြင်းဖြင်၏။ ဗုဒ္ဓက ပရိသတ်အလယ်၌ သူမ၏ကိုယ်ခန္ဓာကို ပြစ်

ဘင်ရှုတ်ချစကား ပြောကြားလိုက်ပါက အရှက်ကွဲမည်ကို တွေး
သော စိုးရိမ်ကာ ဗုဒ္ဓအား ရှောင်ရှားနေခဲ့ခြင်း ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရားအား ဗုဒ္ဓထံသို့ချဉ်းကပ်
စေရန် နည်းလမ်းများကို အစဉ်မပြတ် ရှာကြံနေခဲ့၏။ "တနည်း
မဟုတ်တနည်းဖြင့် ဒီမိဖုရားကို ဗုဒ္ဓရှေ့မှောက်သို့ရောက်စေမည်"
ဟူ၍ စိတ်ပိုင်းဖြတ်ထားခဲ့၏။ နောက်ဆုံး သူရှာကြံစဉ်းစား၍
ရရှိချက်အရ နန်းတွင်းအဆိုတော်များအား ဝေဠုဝန်ဥယျာဉ်၏
သီချင်းကဗျာတို့ကို သီကုံးစပ်ဆိုရန် တိတ်တဆိတ် ညွှန်ကြားစေ
ခိုင်းခဲ့လေသည်။

မင်းကြီး၏ စေခိုင်းညွှန်ကြားချက်အရ နန်းတွင်းအဆိုတော်
တို့သည် ဝေဠုဝန်ဥယျာဉ်၏ သာယာစိုပြေပုံ၊ ပျော်ရွှင်ကြည်နူး
ဖွယ် ကောင်းပုံတို့ကို သီချင်းဖြင့်တမျိုး၊ ကဗျာလင်္ကာဖြင့်တဖုံ
စပ်ဆိုသီကုံးကြ၏။ နန်းတွင်းသူ မောင်းမပျိုတို့၏နှုတ်၌ ရေပန်း
စားနေသော ထိုသီချင်းကဗျာတို့ကို ခေမာမိဖုရား ကြားလျှင်
ဝေဠုဝန်ဥယျာဉ်သို့ သွားရောက်ကြည့်ရှုလိုသည့်စိတ်ဆန္ဒ ပြင်းပြ
စွာ ဖြစ်ပေါ်လာလေသည်။

အမှန်စင်စစ် ဝေဠုဝန်ဥယျာဉ်သို့ သူမ မရောက်ဖြစ်သည်မှာ
အချိန်အတန်ကြာခဲ့ပြီ ဖြစ်၏။ ယင်းသို့ မရောက်ဖြစ်ခဲ့ခြင်းမှာ
လည်း ဗုဒ္ဓနှင့်တွေ့ဆုံရမည်ကို စိုးရွံ့နေသောကြောင့်ပင် ဖြစ်၏။

ခေမာမိဖုရားသည် သာယာသည့် တခုသောနံနက်ခင်း၌ ဗိမ္ဗိ
သာရမင်းကြီးအား ပန်ကြား၍ နောက်လိုက် အခြွေအရံများနှင့်
အတူ ဝေဠုဝန်ဥယျာဉ်သို့ ထွက်ခဲ့၏။ နံနက်ခင်းအချိန်၌ ထွက်ခဲ့
ခြင်းမှာ ဗုဒ္ဓနှင့်မတွေ့လိုသဖြင့် ဗုဒ္ဓဆွမ်းခံကြွမည့်အချိန်ကို တမင်
ရွေးချယ်ခဲ့ခြင်း ဖြစ်ပေသည်။ ဗိမ္ဗိသာရမင်းကြီးကား မိမိ၏ကြံ

ပမ်းချက် အကောင်အထည် ပေါ်လာပြီဖြစ်၍ အလွန်အမင်း ဝမ်းသာလျက် ရှိလေသည်။

ဝေဠုဝန်ဥယျာဉ်သည် ရာဇဂြိုဟ်မြို့တော်၏ မြောက်ဖက် မနီးမဝေး အရပ်တွင် တည်ရှိ၏။ စိမ်းစိုသော ဝါးပင်များ အစီရရီ ပေါက်ရောက်နေခြင်းကြောင့် "ဝေဠုဝန" ဝါးတောဥယျာဉ်ဟု ခေါ်ခြင်းဖြစ်၏။ ခေမာမိဖုရားသည် ထိုဥယျာဉ်တွင်း၌လှည့်လည် ၍ စိုပြေလန်းဆန်းသော သစ်ပင်ပန်းပင်မျိုးစုံတို့ကို ကြည့်ရှုနေရ သဖြင့် အတိုင်းမသိ ပျော်ရွှင်ကြည်နူးလျက်ရှိ၏။ တပင်မှတပင်သို့ ပြေးခုန်ကစားနေသည့် ရှဉ့်သတ္တဝါကလေးများကလည်း သူမ အဘို့ စိတ်ဝင်စားဘွယ်တမျိုး ဖြစ်နေပေသည်။ ဤဝေဠုဝန် ဥယျာဉ်ကား ကာလကြာမြင့်စွာကပင် ရှဉ့်နက်တို့အား အစာ ကျွေး၍ မွေးမြူရာဌာန ဟူ၍ ထင်ရှားခဲ့၏။ ထို့ကြောင့် ရှဉ့်များ အထူး ပေါများသည်ကို တွေ့ရလေသည်။

ဥယျာဉ်၏ တနေရာတွင် စိမ်းလဲ့ကြည်လင်သော ရေဖြင့် ပြည့်လျှံနေသည့် ရေကန်ကြီးရှိ၏။ ထိုရေကန်၌ ကြာမျိုးငါးပါး တို့ ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။ ကျေးငှက်သာရကာတို့ ကလည်း သာယာသောအသံဖြင့် တွန်မြည်ကျူးရင့်ကာ လေထဲ ၌ ဂျဲဝဲ ပျော်မြူးနေကြသည်။

ခေမာမိဖုရားသည် ကျယ်ဝန်းသော ဥယျာဉ်ကြီးတခုလုံးကို စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုနေစဉ် ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ ကျောင်းပရိဝုဏ်အနီးသို့ ရောက်ရှိလာ၏။ သူမ အဘို့ တမနက်ခင်းလုံး ပျော်ရွှင်ကြည်နူးစရာများကိုသာအဆက် မပြတ် တွေ့မြင်နေရသောကြောင့် ဗုဒ္ဓကိုပင် သတိမရဘဲ ရှိနေ သည်။ ယခု ဗုဒ္ဓ၏ ကျောင်းပရိဝုဏ်အနီးသို့ ရောက်လာသည့်

အခါတွင်လည်း ပရိဝုဏ်တခုလုံး တိတ်ဆိတ် ငြိမ်သက်နေသော ကြောင့် ရဟန်းသံဃာတော်များနှင့်တကွ ဗုဒ္ဓရှင်တော်မြတ်သည် ဆွမ်းခံကြွရာမှ ပြန်မရောက်လာသေးဟု သူမ မှတ်ထင်နေသည်။

ထိုစဉ်တွင် မိဖုရားကြီးအား စောင့်ရှောက်ရန် လိုက်ပါလာသည့် အမတ်ကြီးက ဗုဒ္ဓ၏ကျောင်းပရိဝုဏ်တွင်းသို့ ဝင်ရောက်ကြည့်ရှုသင့်ကြောင်းတိုက်တွန်းပြောဆိုနေပြန်သည်။ အမှန်စင်စစ် ဗိမ္ဗိသာရကိုယ်တိုင်က မိဖုရားကြီးအား ဗုဒ္ဓရှေ့မှောက်သို့ ရောက်အောင် ပို့ဆောင်ပေးရန် မှာကြားလိုက်သည့်အတွက် အမတ်ကြီးက ဤသို့ တိုက်တွန်း ပြောဆိုခြင်းဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်ကား ထိုအချိန်တွင် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးပြီဖြစ်၍ ဂန္ဓကုဋိတိုက်ရှေ့၌ ထိုင်တော်မူလျက် ရဟန်းပရိသတ်အား တရားဒေသနာ မိန့်ကြားနေသဲဖြစ်၏။ ရည်ရွယ်ချက်မရှိဘဲ ပရိဝုဏ်အတွင်းသို့ ဝင်လာခဲ့မိသော ခေမာမိဖုရားသည် ဗုဒ္ဓရှင်တော်မြတ်နှင့် ပက်ပင်းသွား၍ တိုးလေသည်။ ထို့ကြောင့် မရှောင်သာတော့ဘဲ ပရိသတ်အစွန်၌ထိုင်ကာ ဗုဒ္ဓအား ရှိခိုး ကန်တော့ရလေတော့သည်။

သူမသည် မိမိ၏ရုပ်ရေရူပကာယအပေါ် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားလိုက်မည်ကို စိုးရိမ်သဖြင့် ဗုဒ္ဓအား ရှောင်ရှားနေခဲ့၏။ သို့သော်လည်း လပြည့်ဝန်းကဲ့သို့ တင့်ရှန်းကြည်လင်သော ဗုဒ္ဓ၏ မျက်နှာတော်ကို တွေ့တွေ့ဆိုင်ဆိုင် ဖူးတွေ့လိုက်ရသော အခါတွင်မူ ထိုကဲ့သို့သော စိုးရိမ်မှုများ လုံးဝကင်းစင်၍မြတ်နိုးကြည်ညိုစိတ်များ တဖွားဖွားပေါ်လာလေသည်။

ထိုစဉ်တွင် ဗုဒ္ဓရှင်တော်မြတ်သည် နတ်မိမယ်တမျှ ချောမောလှပသည့် အမျိုးသမီးငယ်တဦးကို တန်ခိုးဖြင့် ဖန်ဆင်းထား

လေသည်။ ထိုအမျိုးသမီးငယ်သည် ဗုဒ္ဓ၏ ခြေတော်ရင်း၌ ထိုင်လျက် ဗုဒ္ဓအား ယပ်ခတ်ပေးနေသည်ကို ခေမာမိဖုရားကြီး မြင်တွေ့ရလေသည်။

မိမိကိုယ်ကို အလှဆုံး အချောဆုံးဟု မှတ်ထင်နေခဲ့သော ခေမာမိဖုရားကြီးသည် မိမိထက် အဆပေါင်းများစွာ ပို၍ လှပချောမောသော ထိုအမျိုးသမီးကို မြင်ရလျှင် တအံ့တသြ ငေးမောကြည့်ရှု၍ နေမိ၏။ 'ငါ့အလှဆုံး' ဟူသော မာနစိတ်သည်လည်း တခဏချင်းပင် လွင့်စင်သွားတော့၏။

ဗုဒ္ဓရှင်တော်မြတ်သည် ပရိသတ်အား သြဝါဒစကားကိုဆက်လက် မိန့်ကြားနေတော်မူ၏။အမျိုးသမီးငယ်ကိုသာ စူးစိုက်ကြည့်ရှုနေသော ခေမာမိဖုရားကား ဗုဒ္ဓသည် မည်သည့်စကားများကို မိန့်ကြားနေသည် ဟူ၍ပင် သတိမပြုမိချေ။

ခေမာမိဖုရားက စူးစိုက်ကြည့်ရှုနေချိန်အတွင်းမှာပင် အမျိုးသမီးငယ်၏ အသွင်မှာ တဖြည်းဖြည်း ရင့်ရော်လာ၏။ ပထမအရွယ်မှ ဒုတိယအရွယ်သို့ရင်း၊ ဒုတိယအရွယ်မှ တတိယအရွယ်သို့ရင်း၊ တဆင့်တဆင့် ပြောင်းလဲ ဖောက်ပြန်၍လာ၏။ နောက်ဆုံးတွင်မူ ဆံဖြူသွားကျိုး၊ အမြင်ဆိုးလှသော အဖွားအိုကြီး အဖြစ်သို့ ရောက်ရှိသွားလေသည်။

ဤသို့ တခဏအတွင်း၌ ဖောက်ပြန် ယိုယွင်းသွားပုံကို မြင်ရလျှင် ခေမာမိဖုရားသည် ထိတ်လန့် တုန်လှုပ်သွား၏။ "ချောမောလှပပါသည်ဆိုသော ငါ၏ခန္ဓာကိုယ်သည် ခိုင်မြဲတည်တံ့ခြင်း မရှိပါတကား" ဟူ၍ သံဝေဉာဏ်ဖြစ်ပေါ်လာ၏။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်ကလည်း ခေမာမိဖုရားသို့ ဦးတည်၍ ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ် အခြင်းအရာတို့ကို ဟော ကြား ညွှန်ပြတော်မူသည်။

"ချစ်သမီး ခေမာ၊ ဤခန္ဓာကိုယ်ကား မစင်မကြယ် ရွံစဖွယ် တို့ဖြင့် ပြည့်နေ၏။ ဒုက္ခတို့၏ စုဝေးရာ ဖြစ်၏။ လူမိုက်တို့သည် သာလျှင် ဤခန္ဓာကိုယ်ကို မြတ်နိုးတွယ်တာ၍ နေကြ၏။"

အားထုတ်ဆည်းပူးအပ်သော ပါရမီရှိသော ခေမာမိဖုရား ကြီးသည် တရားတော်၏ အဆုံး၌ သစ္စာလေးပါးကို သိမြင်၍ အရိ ယာအဖြစ်သို့ဆိုက်ရောက်သွား၏။ထို့နောက်ဘုရင်ဗိမ္ဗိသာရအား ပန်ကြား၍ ဘိက္ခုနီဘဝသို့ တက်လှမ်းခဲ့ရာ ခေမာထေရီဟူသော အမည်ဖြင့်ထင်ရှားခဲ့၏။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံသော ဘိက္ခုနီမ ဟူ၍ ဗုဒ္ဓ၏ ချီးကျူး ဂုဏ်ပြုခြင်းကိုလည်း ခံခဲ့ရလေ သည်။

[၂၄-တဏှာဝဂ်၊ ခေမာထေရီ ဝတ္ထု နှင့်
၂၆-ဗြာဟ္မဏဝဂ်၊ ခေမာဘိက္ခုနီဝတ္ထု]



# သူဌေးသားနှင့် ကချေသည်

လရောင်ရွန်းသော ညတညတွင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီး၏ နန်းရင်ပြင်၌ ဇာတ်သဘင်ပွဲကြီး ခြိမ့်ခြိမ့်သဲမျှ ကျင်းပနေ၏။ ပွဲခင်းအတွင်းမှ ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည့် တူရိယာသံများကလည်း ရာဇဂြိုဟ်တမြို့လုံးကို ဖုံးလွှမ်းလျက်ရှိ၏။

မြို့သူမြို့သားတို့သည် လှပတင့်တယ်စွာ ဝတ်စားဆင်ယင်ကြလျက် ပွဲခင်းသို့ အလုအယက် လာရောက်နေကြ၏၊ သူတို့သည် ထိုင်ခုံညောင်စောင်း အဆင့်ဆင့် ခင်းကျင်းလျက် ပွဲခင်းအတွင်း၌ စောစောကပင် နေရာယူထားကြပြီး ဖြစ်ပေသည်၊ ဘုရင်မင်းမြတ်နှင့် မင်းညီမင်းသားများ အတွက်ကား ရှေ့တန်း၌ အထူးသီးသန့် နေရာများ ခင်းကျင်းထားပေသည်၊

ယနေ့ည ကပြမည့် ဇာတ်သဘင်ကြီးမှာ အဖွဲ့သားငါးရာခန့် ပါဝင်သည့် နယ်လှည့်ဇာတ်အဖွဲ့ကြီးဖြစ်၏။ တနှစ်မှ တကြိမ် လောက်သာ ရောက်လာတတ်သော အဖွဲ့ဖြစ်၍ တမြို့လုံးကပင် မြော်လင့် အားထားနေကြ၏။ အဖွဲ့သားအင်အား များပြား တောင့်တင်းသည်နှင့်အမျှ ကကြိုးကကွက်လည်း အလွန်စုံလင် သော အဖွဲ့ကြီး ဖြစ်ပေသည်။ သို့ရာတွင် ထိုအဖွဲ့ကြီး၏ နာမည် အကြီးဆုံး ကကွက်ကား ဂျွမ်းဘားအက ဖြစ်သည်။

ခုနစ်ပျံကျော်လွှား ဘားဂျွမ်းအက အမျိုးမျိုး၌ ကျွမ်းကျင် သည့် ကချေသည် လုလင်ပျို၊ လုံမပျိုပေါင်း များစွာ ဇာတ် အဖွဲ့ကြီး၌ ပါဝင်၏။ သူတို့အထဲတွင် ဇာတ်ဆရာကြီး၏သမီးပျို စိတြလီလာမှာ ပွဲကြည့်ပရိသတ်၏ အသဲစွဲ ဖြစ်ပေသည်။

ပွဲစထွက်ချိန် ရောက်သည်နှင့် တပြိုင်နက် ဇာတ်အဖွဲ့ဝင်များ တဦးပြီးတဦး ထွက်လာကာ မိမိတို့ဆိုင်ရာ ကကြိုးကကွက်တို့ကို အသီးသီး တင်ဆက်ကြ၏။ တဦးချင်းအက နှင့် အုပ်စုလိုက်အက စုံတွဲအက စသည်များကို တလှည့်စီ တင်ဆက်သွားရာ ပရိသတ် များ ကြည့်ရှုမညည်းဖြစ်နေကြ၏။

ထိုစဉ်တွင်ပင် စိတြလီလာ၏ အလှည့်သို့ရောက်လာ၏။ သူမ ထွက်လာသည်နှင့် တပြိုင်နက် အကိုကားလသားတို့၏ လက်ခုပ် ဩဘာသံကြီးများ ရှည်လျားစွာ ထွက်ပေါ်လာ၏။ သူမက လည်း ကြည်လင်ဝိုင်းစက်သော မျက်လုံး၊ ရွှင်ပြုံးချိုသာသော မျက်နှာဖြင့် ပရိသတ်ကို နှုတ်ဆက်လိုက်၏။

ထို့နောက် သူမသည် အတောင်နှစ်ဆယ်ခန့်မြင့်သော ဝါးတန်း ပေါ်သို့တက်၍ လမ်းလျှောက်ပြ၏။ မှူးကြွသော သီချင်းကိုဆို၍ နွဲ့နှောင်းပျတ်လတ်စွာ ကပြဖြေဖျော်၏။ တခါတရံတွင်မူ ဝါး

တန်းပေါ်မှနေ၍ ရွှေဂုံမြေနောက်ကျွမ်းမျိုး နှစ်ပတ် သုံးပတ် ထိုးပြလိုက်ရာ ပွဲကြည့်ပရိသတ် တခုလုံး ဟာကနဲ ဖြစ်သွား လေသည်။

အချိန်စေ့၍ ဝါးတန်းပေါ်မှ စိတြလီလာ ဆင်းလာသည့် အခါတွင်မူ ဘုရင်မင်းမြတ်နှင့်တကွ မင်းညီမင်းသား၊ သူဌေး သူကြွယ်တို့ထံမှ ဆုတော် လပ်တော်များ အတောမသတ် ထွက် ပေါ်လာလေသည်။

ရာဇဂြိုဟ်ပြည်၌ စိတြလီလာတို့ ဇာတ်အဖွဲ့ကြီး ကပြ၍ခုနစ် ညပြည့်မြောက်သည့်နေ့တွင် မဟာသေန သူဌေးကြီးနှင့် သူဌေး ကတော်တို့ ခေါင်းချင်း ရိုက်နေကြသည်။ သူတို့၏ တဦး တည်းသောသား ဥဂ္ဂသေနသည် ခုနစ်ညလုံး ဆက်တိုက်ပွဲကြည့် ခဲ့၏။ နောက်ဆုံးည ပွဲမှပြန်လာသောအခါ တနေကုန် အိပ်ရာမှ မထဘဲနေ၏။ "အိပ်ရေးပျက်၍ နေမကောင်း ထိုင်မကောင်း ဖြစ် လေ သလော" ဟူသော စိုးရိမ်ကြောင့်ကြစိတ်ဖြင့် သူဌေးကတော် ကြီးသည် သူ့အိပ်ရာ ဘေးသို့လာ၍ကြည့်ရှု မေးမြန်းလေသည်။

"ချစ်သား၊ အဘယ့်ကြောင့် အိပ်ရာမှ မထသနည်း။ နေ မကောင်း ထိုင်မသာ ဖြစ်နေသလော"

"နေမကောင်း ထိုင်မသာ မဖြစ်ပါဘူး မိခင်"

"သို့ဖြစ်လျှင် အိပ်ရာမှထ၍ ထမင်း စားပါအုံးလော ချစ်သား"

"မိခင်၊ ကျွန်တော်သည် ထမင်း မစားလိုပါ၊ အိပ်ရာမှလဲ မထလိုပါ"

"အဘယ့်ကြောင့်နည်း ချစ်သား"

"ကျွန်တော်သည် ကချေသည်မ စိတြလီလာကိုချစ်ခင် စွဲလမ်း၍ နေပါသည်၊ သူမကို မရလျှင် လူ့ပြည်၌ပင် မနေလိုတော့ပါ"

ဥဂ္ဂသေန၏ စကားကိုကြားလျှင် သူဌေးကတော်ကြီးမှာ လွန်စွာ စိုးရိမ်ပူပန်သွား၏။ ထို့ကြောင့် သူဌေးကြီးအား ချက်ခြင်း အကြောင်းကြားပြီး သားကို တိုးတိုးတိတ်တိတ် ချော့မော့ ပြောဆိုကြသည်။

"ချစ်သား၊ ကချေသည်မဆိုတာ ဒို့သူဌေးမျိုးနဲ့ လားလားမှ မတန်ပါဘူး။ ကိုယ်နဲ့ အဆင့်အတန်းတူတဲ့ အမျိုးသမီးတွေထဲက ကြိုက်ရာကိုပြောပါ။ ဖေဖေတို့ ချက်ခြင်း ထိမ်းမြားပေးပါမယ်"

မည်သို့ပင် ချော့မော့ ပြောဆိုကြသော်ကာမူ ဥဂ္ဂသေနကား မိဘတို့ စကားကို နားမဝင်တော့။ စိတြလီလာ၏ ရုပ်သွင်ကိုသာ သူ့စိတ်ထဲ၌ ထင်မြင်စွဲလမ်းနေတော့၏။

ထို့ကြောင့် သူဌေးကြီးသည် နောက်ဆုံး၌ သားအကြိုက်ကို လိုက်လျောရတော့သည်။ မိတ်ဆွေတဦးအား အသပြာ တထောင်ပေး၍ ဇာတ်ဆရာကြီးထံ သမီးတောင်း စေလွှတ်လိုက်ရသည်။

ထိုအခါ ဇာတ်ဆရာကြီးက- "ကျွန်ုပ်ရဲ့ သမီးကို အသပြာ တထောင်ဖြင့် မပေးနိုင်ပါ။ ကျွန်ုပ်တို့နဲ့အတူ လိုက်ပါနိုင်မှသာ သမီးနှင့် ပေးစားနိုင်ပါမည်" ဟူ၍ စကားပြန်လိုက်၏။

ယင်းစကားကို ဥဂ္ဂသေနကြားလျှင် မိဘနှစ်ပါးအား ထောက်ထားငဲ့ညှာခြင်း လုံးဝမပြုတော့ဘဲ စိတြလီလာ၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့လေသည်။ သူတို့ ဇာတ်အဖွဲ့ကြီးသည်လည်း အခြားမြို့ကြီးများသို့လှည့်လည်ကပြရန် ရာဇဂြိုဟ်မှ ထွက်ခွာခဲ့သည်။

သူဌေးသားဘဝကိုစွန့်၍ ဇာတ်သဘင်ထဲသို့ လိုက်ပါခဲ့သော ဥဂ္ဂသေနသည် သဘင်ပညာကို တလုံးတပါဒမျှ တတ်ကျွမ်းနားလည်သူမဟုတ်။ ထို့ကြောင့် သွားလေရာ၌ လူပိုတယောက်ကဲ့သို့ ဖြစ်နေ၏။ သူဌေးသားဟူသော အရှိန်ဖြင့် အစပိုင်း၌ စိတြဲလိလာက ချစ်ခင်မြတ်နိုးဟန်ပြ၏၊ ယောက္ခမကြီးကလည်း အရေးပေး၏။

သို့သော်လည်း နောက်ပိုင်းတွင်မူ သူဌေးသား၏ အရှိန်အဝါများသည် တစတစ ကျဆင်းလာသည်။ လူစေ့တက်စေ့ အလုပ်လုပ်ရသော ဇာတ်အဖွဲ့ကြီးထဲ၌ သူဌေးသားဟူ၍ သူ့ကို အပိုကျွေးမထားနိုင်ကြတော့ချေ။ ရှေ့ပိုင်းသို့ထွက်၍ က,တတ်၊ ဆိုတတ်သူ မဟုတ်သဖြင့် ထမင်း,ဟင်း ချက်ခြင်း၊ အထုပ်အပိုးသယ်ခြင်း စသော နောက်ပိုင်းအလုပ်များကို သူ့အားစေခိုင်းလာကြသည်။ လှည်းမောင်းခြင်း၊ နွားကျောင်းခြင်း စသော လုပ်ငန်းများကိုလည်း သူလုပ်လာရသည်။

ဤသို့ တမြို့မှ တမြို့ လှည့်လည် က,ပြနေစဉ်မှာပင် စိတြဲလိလာသည် သားတယောက်ကို ဖွားမြင်လေ၏။ ဥဂ္ဂသေနကားသားတယောက်အဖေ ဖြစ်လာသည့်တိုင်အောင် သဘင်ပညာကို တတ်ကျွမ်းနားလည်မှု မရှိသေး။ ထို့ကြောင့် ထမင်းချက်၊ နွားကျောင်းစသည့် အလုပ်ကြမ်းများကိုသာ ပင်ပန်းကြီးစွာ လုပ်နေရရှာ၏။

ဤအခြေအနေတွင်စိတြဲလိလာကလည်း သူ့ချစ်လင်အပေါ် တနေ့တခြား အထင်အမြင် သေးလာသည်။ မထီမဲ့မြင် ပြုလာသည်။ သားကို သိပ်သည့်အခါ၌ပင် ရိုးရိုးတန်းတန်း မသိပ်ဘဲ "နွားကျောင်းသားရဲ့သား၊အိပ်ပါတော့လား" "လှည်းသမား

ရှိသား အိပ်ပါတော့လား” စသည်ဖြင့် စောင်းမြောင်း နှိမ့်ချသော စကားများကို ဆို၍ သိပ်လေသည်။

ထိုစကားများကိုကြားလျှင် ဥဂ္ဂသေနသည် များစွာ စိတ်ထိခိုက်သွားသည်။ ထိုဇာတ်အဖွဲ့ထဲ၌ ဆက်လက် လိုက်ပါ နေရမည်ကိုပင် ခပ်ရှက်ရှက် ဖြစ်လာသည်။ သို့သော်လည်း သူ့အတွက် အခြားသို့ထွက်ပြေးရန်ကား မလွယ်လှ။ အမွေဖြတ်ထားသည့် မိဘတို့ကလည်း သူ့အားပြန်၍ လက်ခံပါမည်လော။

ဇနီးဖြစ်သူက မိမိအပေါ် မောက်မာ စော်ကားနေခြင်းမှာ အနုပညာ မာန်ကြောင့်ပင် ဖြစ်သည်။ အကပညာကို သူမထက် သာအောင် တတ်မြောက်လျှင် ဤကဲ့သို့ စော်ကားဝံ့တော့မည် မဟုတ်။ ဤသို့ တွေးတော စဉ်းစားမိသော ဥဂ္ဂသေနသည် ယောက္ခမ ဖြစ်သူ ဇာတ်ဆရာကြီးထံ၌အကပညာကို တိတ်တဆိတ် သင်ယူခြင်း ပြုလေသည်။

မခံချင်သောစိတ်ထား၊ ကြီးမားသော ဇွဲမာန်ဖြင့် အားထုတ်သင်ယူခဲ့ရာ မကြာမီပင် အကပညာ၌ သူမတူအောင် ပေါက်မြောက်လာခဲ့သည်။ ထိုအခါ သူသည် စိတ္တလီလာကို ကျော်၍ ဇာတ်အဖွဲ့ကြီး တခုလုံး၏ ခေါင်းဆောင်နေရာသို့ ရောက်ရှိလာသည်။ စိတ္တလီလာနှင့်တကွ ဇာတ်အဖွဲ့ကြီး တခုလုံး၏ ချစ်ခင်လေးစားမှုကိုလည်း ပြန်လည် ရရှိလာခဲ့သည်။

ဥဂ္ဂသေနကို အကြောင်းပြု၍ ရှေးကထက် ပို၍ နာမည်ကြီးလာသော ဇာတ်အဖွဲ့ကြီးသည် ရာဇဂြိုဟ်သို့ နောက်တကြိမ် ရောက်ရှိခဲ့ပြန်သည်။ဤတကြိမ်တွင်မူ မိမိတို့ မြို့သား သူဌေးသားပါဝင်လာသည့်အတွက် မြို့သူမြို့သားများကလည်း အထူးစိတ်ဝင်

စား နေကြ၏။ ထို့ကြောင့် ပွဲကြည့်ပရိသတ် ပို၍များပြားနေပေသည်။

ဥဂ္ဂသေနသည် အထူးအစီအစဉ် တရပ်အနေဖြင့် ပထမဦးဆုံးနေ့တွင် နံနက်ပိုင်း၌ မိမိဘဦးတည်း ကပြရန် စီစဉ်ထား၏။ ပရိသတ်များကား နံနက်မိုးမလင်းမီကပင် ပြည့်ကျပ်၍ နေလေသည်။ ပွဲခင်း အလယ်၌ အတောင် ခြောက်ဆယ်ခန့် မြင့်သော ဝါးတိုင်တလုံး စိုက်ထူထားသည်။

ငြိမ့်ညောင်းသော တူရိယာသံနှင့် အတူ ဥဂ္ဂသေနသည် ဝါးတိုင်းရင်းသို့ ရောက်ရှိလာသည်။ ထို့နောက် ဝါးတိုင်ထိပ်သို့ တက်၍ အကြိမ်ကြိမ် လှည့်ပတ်ကာ မတ်တတ်ရပ်ပြသည်။ ဝါးတန်းပေါ်၌ လမ်းလျှောက်၍ ကကြိုးကကွက် အမျိုးမျိုး ကပြတင်ဆက်သည်။ ပရိသတ်တို့၏ လက်ခုပ် ဩဘာသံများကား မစဲနိုင်အောင် ရှိတော့သည်။

ယင်းသို့ ရှိနေစဉ်မှာပင် ပွဲကြည့် ပရိတ်သတ်တို့၏ မျက်လုံးများသည် ရုတ်တရက် မိမိဆီမှ လွဲဖယ်လျက် ဘေးတနေရာသို့ ရောက်ရှိသွားသည်ကို ဥဂ္ဂသေန တွေ့မြင်လိုက်ရသည်၊ ထိုနေရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ဗုဒ္ဓရှင်တော်မြတ် အမှူးရှိသော ရဟန်းသံဃာများ ဆွမ်းခံကြွလာသည်ကို သူတွေ့မြင်လေသည်။

သက်စွန့်ဆံဖျား ကပြနေသူကို ဥပေက္ခာပြုလျက် ဗုဒ္ဓထံသို့ သာ အာရုံရောက်နေသော ပရိသတ်ကို မြင်လျှင် ဥဂ္ဂသေနသည် များစွာ စိတ်ပျက်သွား၏။ အကကို ရပ်တန့်ခေးမောနေလေ၏။

ထိုစဉ်တွင် ဗုဒ္ဓ ရှင်တော်မြတ်က ရှင်မောဂ္ဂလ္လာန်အား—

"ချစ်သား မောဂ္ဂလ္လာန်၊ ဥဂ္ဂသေနကို အတတ်ပညာ ဆက်

လက် ပြသရန် ပြောကြားချေလော”ဟု စေခိုင်းတော်မူသည်။ ရှင်မောဂ္ဂလ္လာန်သည် ဝါးတိုင်ရင်းသို့ သွား၍ ဥဂ္ဂသေနအား အတတ်ပညာ ဆက်လက် ပြသရန် တိုက်တွန်းတော်မူသည်။

ရှင်မောဂ္ဂလ္လာန်၏ စကားကို ကြားရလျှင် ဥဂ္ဂသေနသည် အားတက်၍ ဆက်လက် ကပြပြန်သည်။ လေထဲ၌ အကြိမ်ကြိမ် ခုန်ပျံလှည့်ပတ်၍ တိုင်ထိပ်ပေါ်တွင် တဖန်ရပ်လိုက်သည်။ ထို အချိန်တွင် ဗုဒ္ဓက လှမ်း၍ ထူးခြားသော စကားတရပ်ကို မိန့် ကြားတော် မူလိုက်သည်။

“ချစ်သား ဥဂ္ဂသေန၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် သုံး ပါးလုံး၌ တွယ်တာမှုကို စွန့်လော့။ အားလုံးအပေါ်၌ လွတ်လွတ် ကျွတ်ကျွတ် စိတ်ထားနိုင်မှသာ အိုခြင်း၊ သေခြင်း ကင်းရာသို့ ရောက်နိုင်၏”

ဗုဒ္ဓ၏ စကားမှာ တိုတောင်းသော်လည်း သိမ်မွေ့နက်နဲလှ ၏။ သာမန်လူတယောက် သဘောပေါက် နားလည်ရန် မလွယ်။ ဥဂ္ဂသေနကား ဇာတ်သဘင်သည် တဦးဖြစ်နေလင့်ကစား ပါရမီ ဓာတ်ခံ ရင့်သန်သူဖြစ်၏။ဘဝအတွေ့အကြုံလည်းကြွယ်ဝပြီးသူဖြစ် ၏။ သူဌေးသား ဘဝမှ ဇာတ်သဘင်ထဲသို့ လိုက်ပါ၍ ထမင်းချက် နွားကျောင်း လုပ်ခဲ့ရ၏။ ထို့နောက် အကပညာကို သူမတူ အောင် ကျွမ်းကျင်တတ်မြောက်၍ သဘင်လောက၏ သရဖူကို ဆောင်းနိုင်ခဲ့၏။ သူ့ဘဝတွင် အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တလှည့်စီ တွေ့ကြုံခံစားခဲ့ရပြီး ဖြစ်ပေသည်။

ဥဂ္ဂသေနသည် ဗုဒ္ဓ၏စကားကို မိမိဘဝနှင့်ယှဉ်၍ ဆင်ခြင် သုံးသပ်မိသည်။

"ဘဝဟူသည် အတိတ်ကိုရင်း၊ ပစ္စုပ္ပန်ကိုရင်း၊ အနာဂတ်ကိုရင်း မပိုင်ဆိုင်ပါတကား၊ မပိုင်ဆိုင်သည့် အရာ၌ စွဲလမ်းမှုထားနေခြင်းသည် အချည်းနှီးပါတကား"

ဤသို့သော အသိဉာဏ်အလင်းရောင်သည် ရုတ်တရက် ထွက်ပေါ်လာ၏။ ယင်းသို့ ထွက်ပေါ်လာသည်နှင့် မဇ္ဈိမနေ့ခင်းမှာပင် အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားတော့သည်။

ထိုအခါ ဥဂ္ဂသေနသည် တိုင်ထိပ်မှ ဆင်းလာပြီး ဗုဒ္ဓထံ၌ ရဟန်းအဖြစ်ကို တောင်း၏။ ဗုဒ္ဓက "ဧဟိဘိက္ခု-လာလော့ရဟန်း" ဟူသော စကားကို မြွက်ကြားလိုက်သည်နှင့် တပြိုင်နက် သူသည် လူ့အသွင်ပျောက်၍ ရဟန်းအသွင်သို့ ချက်ခြင်း ရောက်သွား၏။

စိတ်ပြလီလာသည်လည်း ချစ်လင်ကို အားကျ၍ ဘိက္ခုနီဘင်သို့ ကူးပြောင်းကာ ဗုဒ္ဓတရားကို ကျင့်ကြံအားထုတ်ခဲ့ရာ မကြာမီပင် ရဟန္တာမအဖြစ်သို့ ရောက်ပြန်သည်။

ရာဇဂြိုဟ်၏ ဇာတ်သဘင်ကြီးကား ဗုဒ္ဓ၏ ဓမ္မသဘင်အဖြစ်ဖြင့် ပွဲသိမ်းသွားလေသည်။

[တကျော်ဝဂ်၊ ဥဂ္ဂသေနဝ သဒ္ဒိပုတ္တဝတ္ထု]

# ခုနစ်နှစ်အရွယ်တန်ခိုးရှင်

ဗာရာဏသီပြည်၌ အန္နဘာရအမည်ရှိသော သူဆင်းရဲဘယောက် ရှိ၏။ သူသည် သုမန အမည်ရှိသော သူဌေးကြီးကို အမှီပြု၍ မြက်ရိတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူ ဖြစ်၏။

တနေ့သ၌ အန္နဘာရသည် မြက်ရိတ်ရာမှအပြန် အိမ်ရှေ့၌ ဆွမ်းရပ်နေသော ပစ္စေကဗုဒ္ဓတပါးကို မြင်၍ မိမိအတွက် ချက်ပြုတ်ထားသော ထမင်းကို ရက်ရောစွာ လောင်းလှူလိုက်၏။ "ဤကောင်းမှုကြောင့် တပည့်တော်သည် ဖြစ်လေရာဘဝတိုင်း၌ 'မရှိ' ဟူသော စကားကိုပင် မကြားရပါစေသား" ဟူ၍လည်း ဆုတောင်းလိုက်၏။

အန္နဘာရသည် မိမိ စားမည့်ထမင်းကို မစားဘဲ ပစ္စေကဗုဒ္ဓအား လှူလိုက်သည့်အကြောင်းကို သုမန သူဌေးကြီး ကြားသိလျှင် ဤသို့ခေါ်၍ ပြောလေသည်။

"အဆွေ အနန္ဒာရ၊ သင်၏ ကုသိုလ်အဘို့ကို ငါ့အား ခွဲဝေပေးပါလော"

အနန္ဒာရက မိမိပြုသည့် ကုသိုလ်ကောင်းမှုကို အခြားသူတို့အား အမျှဝေပေးရကောင်းမှန်းပင် သိသူမဟုတ်။ ထို့ကြောင့် ပစ္စေကဗုဒ္ဓနောက်သို့ လိုက်၍ လျှောက်ထား မေးမြန်းပြီးမှ သုမန သူဌေးအား အမျှ ပေးဝေလေသည်။

သုမနသူဌေးသည် လွန်စွာ ကျေနပ် ဝမ်းမြောက်လျက် အနန္ဒာရအား များစွာသော စည်းစိမ်ဥစ္စာတို့ကို ခွဲဝေပေး၏။ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်ကလည်း ထိုနည်းတူပင် ပေးပြန်ရာ အနန္ဒာရမှာ နေ့ချင်းညချင်းပင် သူဌေးဘဝသို့ ရောက်ရှိသွားတော့သည်။

အနန္ဒာရသည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်လေ၏။ ဗုဒ္ဓရှင်တော်မြတ်လက်ထက်တွင်မူ ကပိလဝတ်ပြည်၌ ဗုဒ္ဓ၏ ဘထွေးတော် အမိတောဒန၏သား ဖြစ်လာ၏။ အမည်ကား အနုရုဒ္ဓဟု တွင်၏။

အနုရုဒ္ဓကား လွန်စွာ နုနယ်သိမ်မွေ့သူ ဖြစ်၏။ မိဘများကလည်း အလွန် အလိုလိုက်ထားကြသောကြောင့် စီးပွားရေး၊ လူမှုရေးကိစ္စများကို အနည်းငယ်မျှ နားမလည်။ ထမင်းကို ဘယ်ကရသည်ဟူ၍ပင် မသိရှာချေ။

တနေ့သ၌ မင်းသားငယ် အနုရုဒ္ဓသည် သူငယ်ချင်းများဖြစ်သော ဘဒ္ဒိယ၊ ကိမိလတို့နှင့်အတူ စကားပြောနေစဉ် "ထမင်း ဘယ်က ဖြစ်သလဲ" ဟူသော အကြောင်းသို့ ရောက်သွားလေ၏။ ထိုအခါ ကျီထဲသို့ စပါးထည့်နေသည်ကို မြင်ဘူးသော ကိမိလက "ထမင်းဆိုတာ ကျီက ဖြစ်တာပေါ့" ဟု ဆိုလေသည်။

ဘဒ္ဒိယမင်းသားကား စပါးကိုပင် မြင်ဘူးသူ မဟုတ်။ ထမင်းအိုးထဲမှ ထမင်းခူးသည်ကိုသာ မြင်ဘူး၏။ ထို့ကြောင့် "ထမင်းဆိုတာ ထမင်းအိုးထဲက ဖြစ်တာပေါ့"ဟု ဆိုပြန်သည်။

သူတို့နှစ်ဦးလုံး၏စကားကိုပင် အနုရုဒ္ဓသည် နားမလည်ရှာပေ။ အဘယ့်ကြောင့်ဆိုသော် သူသည် စပါးကိုရင်း၊ ထမင်းချက်သည်ကိုရင်း မမြင်ဘူးပေ။ အိုးထဲမှ ခူးခပ်၍ ပွဲတော်အုပ်တွင် အဆင်သင့် ထည့်ပေးသည့် ထမင်းကိုသာ မြင်ဘူး၏။ ထို့ကြောင့် သူက "သင်တို့နှစ်ရောက်ပြောတဲ့ စကားတွေဟာ အဓိပ္ပာယ် မရှိပါဘူး၊ အမှန်တော့ ထမင်းဆိုတာ ပွဲတော်အုပ်ထဲက ဖြစ်တာပါ" ဟု ပြောကာ အနိုင်ယူခဲ့လေသည်။

တနေ့တွင်လည်း အနုရုဒ္ဓသည် သူငယ်ချင်းများ ဖြစ်သော မင်းသား ငါးယောက်နှင့် မုန့်များကို အလောင်းအစား ပြု၍ ဂေါ်လီကစားရာ သူကချည်း ရှုံးနေလေ၏။ သူ့ မယ်တော်ထံသို့ လူလွှတ်၍ မုန့်များကို အခေါက်ခေါက် အခါခါ တောင်းနေ၏။ နောက်ဆုံးအခေါက်တွင်မူ မယ်တော်က "မုန့် မရှိ"ဟု ပြောလွှတ်လိုက်လေသည်။

အနုရုဒ္ဓကား "မရှိ" ဟူသော စကားကို မကြားဘူးသည် ဖြစ်၍ မယ်တော်ပြောလိုက်သည့် "မုန့် မရှိ" ဆိုသည်မှာလည်း မုန့်တမျိုးပင် ဖြစ်လိမ့်မည်ဟု မှတ်ထင်ခဲ့၏။ ထို့ကြောင့် ယင်း "မုန့်မရှိကိုပင် ပေးလိုက်ပါ"ဟု မယ်တော့်ထံ အတောင်းခိုင်းလိုက်လေသည်။

ထိုအခါ မယ်တော်သည် "ငါ့သားငယ်ကား 'မရှိ' ဟူသော စကားကိုပင် မသိရှာသေး၊ ယခုမူ သိအောင် ပြုရတော့အံ့" ဟု

ကြံ၍ အချည်းနှီးသော ရွှေခွက်ကို အပေါ်မှဖုံးအုပ်ကာ သားထံသို့ ပို့စေ၏။

အနုရုဒ္ဓသည် ရွှေခွက်ကို ဖွင့်လိုက်ရာ ထူးကဲသော အနံ့အရသာနှင့်ပြည့်စုံသော မုန့်တို့ကို တွေ့ရှိရသောကြောင့် မင်းသားတစုမှာ စားမဝအောင် ရှိကြလေသည်။

အိမ်သို့ပြန်ရောက်သောအခါ အနုရုဒ္ဓသည် "သူ့မယ်တော်အား"မယ်မယ်၊ ရှေးအခါက ကျွန်တော့်အား ဘာ့ကြောင့် မုန့်မရှိကို မပေးခဲ့ပါသနည်း"ဟု မေးလေသည်။ မယ်တော်လည်း လွန်စွာအံ့အားသင့်လျက် မင်းစေလုလင်ကို မေးကြည့်ရာ အချည်းနှီးပေးလိုက်သော ရွှေခွက်၌ မုန့်အပြည့်ပါလာကြောင်း သိရှိရလေသည်။ မင်းသားငယ်၏ ဘုန်းကံကြောင့် နတ်တို့က ထည့်ပေးလိုက်သော မုန့်ဖြစ်ဖွယ်ရာ ရှိကြောင်းကိုလည်း တွေးတောမှန်းဆမိလေသည်။ ထို့ကြောင့် ထိုနေ့မှစ၍ အနုရုဒ္ဓက မုန့်တောင်းလျှင် ရွှေခွက်ချည်းကိုသာ အပို့ခိုင်းလေသည်။

ဗုဒ္ဓရှင်တော်မြတ် ကပိလဝတ်ပြည်သို့ ကြွလာသောအခါ သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းမျိုးတို့ကိုခေါ်၍ ဤသို့ မိန့်ကြားလေသည်။

"အမောင်တို့၊ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လျှင်မင်းညီမင်းသားများဖြင့်ခြံရံ၍ နိုင်ငံအနှံ့လှည့်လည်စေမည်ဟု သင်တို့ ဆိုခဲ့ကြ၏။ ယခု ငါ့သားသည် ဘုရားဖြစ်ပေပြီ။ ဆွေတော်မျိုးတော်ထဲမှ ရဟန်းကား တပါးမျှမရှိသေး၊ ထို့ကြောင့် တအိမ်လျှင် တယောက်စီထွက်၍ ရဟန်းပြုကြကုန်လော့"

သုဒ္ဓေါဒနမင်းကြီး၏တိုက်တွန်းချက်အရ သာကီဝင်မင်းသားငယ်တို့သည် တယောက်ပြီးတယောက်ထွက်၍ ရဟန်းပြုကြသည်။

ထိုအခါ အနုရုဒ္ဓ၏ နောင်တော်ဖြစ်သော မဟာနာမ်မင်းသားသည် အနုရုဒ္ဓထံသို့လာ၍ တိုင်ပင်ဆွေးနွေးလေသည်။

"ညီငယ်အနုရုဒ္ဓ၊ ယခုအခါ သာကီဝင် မင်းသားတို့သည် တအိမ်လျှင်တယောက်ကျ ထွက်၍ ဗုဒ္ဓထံ၌ ရဟန်းပြုနေကြ၏။ ဤအိမ်၌ကား သင်နှင့်ငါ ညီအကိုနှစ်ယောက်သာရှိ၏။ သို့ဖြစ်၍ သင်ဖြစ်စေ၊ ငါဖြစ်စေ၊ ရဟန်းပြုသင့်လေ၏။ ညီငယ်၏စိတ်ဆန္ဒမည်သို့ရှိပါသနည်း"

"နောင်တော်၊ ရဟန်းဆိုတာ မည်ကဲ့သို့ နေထိုင်ကျင့်ကြံရပါသလဲ"

မဟာနာမ်မင်းသားသည် ရဟန်းများ နေထိုင် ကျင့်ကြံရပုံတို့ကို ညီငယ်အားရှင်းလင်းပြောပြ၏။ ဖန့်ရည်ဆိုးသော အဝတ်ကိုဝတ်၍တထပ်တည်းသောထမင်းကိုသာစားရခြင်း၊ မြို့ထဲရွာထဲ၌မနေဘဲ တောကျောင်း၌ တပါးတည်းနေရခြင်းစသော ရဟန်းကျင့်ဝတ်တို့ကို ကြားသိရလျှင် အနုရုဒ္ဓသည် ရဟန်းပြုရန် တွန့်ဆုတ်နေလေ၏။

ထိုအခါ မဟာနာမ်က "ညီငယ်၊ သို့ဖြစ်လျှင် ငါပင်ရဟန်းပြုတော့အံ့၊ သင်ကားမိဘများကိုလုပ်ကျွေး၍နေခဲ့ပါလော့" ဟုဆို၏။ထို့နောက် စားဝတ်နေရေးအတွက် လယ်ထွန်ခြင်း၊ ပေါင်းစိုက်ခြင်းစသောလုပ်ငန်းကိစ္စများဆောင်ရွက်ရပုံတို့ကို ရှင်းလင်းပြောပြပြန်သည်။ ထမင်း ဖြစ်ရာကိုပင် မသိခဲ့သော အနုရုဒ္ဓမင်းသားကား လူ့ဘဝ၌စားစရာ၊ ဝတ်စရာတို့ကိုလွယ်လွယ်ကူကူဖြင့်ပင် ရရှိသည်ဟု မှတ်ထင်နေခဲ့၏။ ယခုကဲ့သို့ ကြောင့်ကြကြီးစွာ စိုက်ထုတ်လုပ်ကိုင်ရပုံတို့ကို ကြားသိရသောအခါ လူ့ဘောင်၌လည်း နေလိုစိတ်မရှိတော့ချေ။ ထို့ကြောင့် မဟာနာမ်

အား "နောင်တော်၊ညီငယ်ပင် ရဟန်းပြုပါတော့အံ့" ဟု ကတိပြုလိုက်လေသည်။

ထို့နောက်အနုရုဒ္ဓသည် မယ်တော့်ထံသွား၍ ရဟန်းပြုခွင့်တောင်း၏။ မယ်တော်က ခွင့်မပြုလိုသဖြင့် အကြိမ်ကြိမ်ငြင်းပယ်နေ၏။ သို့တိုင်အောင်လည်း အနုရုဒ္ဓက အလျှော့မပေးသောအခါ "သားတော်ရဲ့ သူငယ်ချင်း ဘဒ္ဒိယမင်းသား ရဟန်းပြုရင်သားတော်ကိုလဲ မယ်မယ်ရဟန်းပြုခွင့်ပေး၏" ဟု မယ်တော်ကဆိုလေသည်။

ဘဒ္ဒိယမင်းသားကား ထိုအချိန်က ကပိလဝတ်ပြည်ကို စီမံအုပ်ချုပ်နေရသူဖြစ်၏။ သို့ဖြစ်၍ သူသည် မည်သည့်နည်းနှင့်မျှရဟန်းပြုနိုင်လိမ့်မည် မဟုတ်ဟု ယူဆသောကြောင့် အနုရုဒ္ဓ၏မယ်တော်က အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်း ဖြစ်၏။

အမှန်အားဖြင့်လည်း ဘဒ္ဒိယသည် ရဟန်းပြုရန် စိတ်ဆန္ဒလုံးဝမရှိချေ။ အနုရုဒ္ဓကလာ၍ အဖော်ညှိသော အခါတွင်မူသူငယ်ချင်းအပေါ် အားနာသည့်စိတ်ဖြင့် "ပြုတာပေါ့" ဟုခပ်ပေါ့ပေါ့ပြောလိုက်မိ၏။

အနုရုဒ္ဓကား ထိုစကားကို အရအမိဆွဲကိုင်၍ အပါခေါ်လေတော့သည်။ "တနှစ်လောက်စောင့်ပါဦး" "ခြောက်လလောက်စောင့်ပါဦး"ဟု အချိန်ဆွဲသော်လည်းမရ။ ခုနစ်ရက်အတွင်းမှာပင် သူနှင့်အတူလိုက်၍ ရဟန်းပြုပါတော့မည်ဟု သဘောတူညီချက်ပေးလိုက်ရလေတော့သည်။

ဤသို့ဖြင့်နောက်ဆုံးတွင် ဘဒ္ဒိယနှင့်အနုရုဒ္ဓတို့ ပါဝင်သည့်သာကီဝင်မင်းသား ၆ ယောက်တို့သည် ဗုဒ္ဓမြတ်စွာ၏ နောက်တော်သို့ လိုက်ပါ၍ ရဟန်းပြုကြရန်အတွက် ကပိလဝတ်ပြည်မှ

ထွက်ခွာခဲ့ကြ၏။ သူတို့နှင့်အတူ ဥပါလိအမည်ရှိသော ဆတ္တာသည်ကိုလည်း နောက်လိုက်နောက်ပါအဖြစ် ခေါ်ဆောင်ခဲ့ကြ၏။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ကပိလဝတ်ပြည်မှ ခရီးအတော်ကွာလှမ်းသည့် အနုပိယအမည်ရှိသော တောမြို့ကလေးသို့ဆိုက်ရောက်နေပြီဖြစ်၏။ မင်းညီ မင်းသားတို့၏ အဆောင်အယောင်များဖြင့် ခမ်းနားကြီးကျယ်စွာ ထွက်လာခဲ့ကြသော မင်းသား ၆ ယောက်တို့သည် ကပိလဝတ်ပြည် နယ်နိမိတ်ကိုကျော်လွန်၍ တောအုပ်တခုအတွင်းသို့ ဆိုက်ရောက်လာကြသောအခါ "ငါတို့သည် ဤတောအုပ်အတွင်း၌ အဘိုးထိုက်အဘိုးတန်ဝတ်စားတန်ဆာများဖြင့် သွားရန် မသင့်၊ ခိုးသားဓားပြတို့၏ အန္တရာယ်ကိုဖိတ်ခေါ်သကဲ့သို့ ဖြစ်၏" ဟု စဉ်းစားမိကြလေသည်။

ထို့ကြောင့် မိမိတို့၏ ဝတ်စားတန်ဆာတို့ကို ချွတ်၍ဥပါလိအား အပ်နှံကြလေသည်။

"အချင်းဥပါလိ၊ သင်သည် ဤအရပ်မှပင် နေပြည်တော်သို့ပြန်လေလော့။ ဤအဝတ်တန်ဆာတို့ကိုရောင်းချ၍ အသက်မွေးလေလော့"

မင်းသားတို့က ဤသို့ ပြောဆိုကြသော်လည်း ဥပါလိကားမပြန်လိုချေ။ "အရှင့်သားတို့နှင့် ကောင်းတူဆိုးဖက် လိုက်ပါရစေ" ဟူ၍ ထပ်တလဲလဲ တောင်းပန်နေ၏။ နောက်ဆုံးတွင် မင်းသားတို့၏ အာဏာကို မလွန်ဆန်ဝံ့၍ တယောက်တည်းပြန်ခဲ့ရာ ခရီးအတန်ငယ်ရောက်သောအခါ ဤသို့ စဉ်းစားမိလေ၏။

"သာကီဝင်မင်းမျိုးတို့သည် ခက်ထန် ကြမ်းကြုတ်သူများဖြစ်၏။ မင်းသားတို့ကို သတ်၍ အဝတ်တန်ဆာတို့ကို ယူဆောင်

သာ၏ဟု မှတ်ထင်သဖြင့် ငါ့ကို သတ်ကြလိမ့်မည်။ မင်းသားများပင် စည်းစိမ်ကို စွန့်၍ ရဟန်းပြုနိုင်ကြလျက် ကျေးကျွန်မျှသာ ဖြစ်သော ငါကား အဘယ့်ကြောင့် ရဟန်းမပြုနိုင်ဘဲ ရှိအံ့နည်း”

ယင်းသို့ စဉ်းစားမိသဖြင့် ဥပါလိသည် ပစ္စည်းထုပ်ကို သစ်ပင်ဘပင်၌ ဆွဲချိတ်ခဲ့ပြီး မင်းသားတို့နောက်သို့ ပြန်၍ လိုက်ခဲ့လေသည်။ မင်းသားတို့လည်း ဥပါလိကိုခေါ်၍ ခရီးဆက်ခဲ့ကြရာ ဗုဒ္ဓထံသို့ ဆိုက်ရောက်သွားကြ၏။

ထိုအခါ မင်းသားတို့က ဗုဒ္ဓအား “အရှင်ဘုရား တပည့်တော်တို့ သာကီဝင်မင်းမျိုးများသည် ဇာတိမာန် အလွန် ကြီးမားသူများ ဖြစ်ကြပါသည်။ ရဟန်း ဖြစ်သောအခါ ရိုသေရာဖြစ်အောင် ဥပါလိကို ပထမဦးဆုံး ရဟန်းပြုပေးပါလော”

ဗုဒ္ဓရှင်တော်မြတ်သည် မင်းသားတို့ လျှောက်ထားသည့်အတိုင်း ဥပါလိကို ပထမဦးစွာ ရဟန်းပြုပေး၏။ ထို့နောက်တွင်မှ မင်းသား ၆-ယောက်တို့ကို ရဟန်းပြုပေးလေသည်။

မင်းသားတို့အား ရဟန်းပြုပေးပြီးသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် အရောက် ခရီး ဆက်တော်မူခဲ့ပြီး ဝေဠုဝန်ကျောင်း၌ ဝါဆိုတော်မူလေသည်။

ရှင်ဥပါလိ၊ ရှင်ဘဒ္ဒိယစသော ရဟန်းသစ် ခုနစ်ပါးတို့သည် ဗုဒ္ဓ၏ တရားကို ကြိုးစား အားထုတ်ကြရာ ထိုဝါတွင်း၌ပင် ထူးခြားသော အသိဉာဏ်များကို အသီးအသီး ရရှိကြလေ၏။ ရှင်အနုရုဒ္ဓကား နတ်မျက်စိကဲ့သို့ ဖောက်ထွင်း သိမြင်နိုင်သည့် ဒိဗ္ဗစက္ခု အဘိညာဉ်အရာ၌ ထူးချွန်သော ပုဂ္ဂိုလ်ဘပါးအဖြစ်သို့ ဆိုက်ရောက်လေသည်။

တရံရောအခါ ရှင်အနုရုဒ္ဓသည် မိမိ၏ အတိတ်ဘဝဖြစ်စဉ်များကို ပြန်၍ ဆင်ခြင်စဉ်းစားရာ မြက်ရိတ်သမား အန္နဘာရဘဝက မိမိ၏ ကျေးဇူးရှင် ဖြစ်ခဲ့ဘူးသော သုမန သူဌေးကြီးကို သွား၍ သတိရလေသည်။ "သုမနသူဌေးကြီးသည် ယခုဘယ်ဘဝ ရောက်နေသနည်း" ဟု ကြည့်ရှုသောအခါဝိဇ္ဈာဋဝီ တောအုပ်အနီးရှိ မုဏ္ဍအမည်ရှိသော ရွာ၌ စူဠသုမန အမည်ရှိသော သတို့သားငယ် ဖြစ်ကြောင်း သိမြင်လေသည်။

ထိုအခါ အနုရုဒ္ဓသည် စူဠသုမနသူငယ်ကို သာသနာ့ဘောင်သို့ ဝင်လာအောင် ဆွဲဆောင်ရန်အတွက် မုဏ္ဍရွာကြီးသို့ကြွခဲ့၏။ စူဠသုမန၏ ဘခင်ဖြစ်သော မဟာမုဏ္ဍ ဥပါသကာကြီးသည် ရှင်အနုရုဒ္ဓအား ယခင်ကပင် သိကျွမ်းနေသူဖြစ်၍ မထေရ်ကို အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူ၏။ ဝါတွင်း လုံးလပတ်လုံး မုဏ္ဍရွာကြီး၌ သီတင်းသုံးရန်လည်း တောင်းပန်လျှောက်ထား၏။ ထိုအချိန်တွင် စူဠသုမနသည် အသက် ၇ နှစ်မျှသာ ရှိသေး၏။

ရှင်အနုရုဒ္ဓသည် မုဏ္ဍရွာကြီး၌ ဝါဆိုလျက် မဟာမုဏ္ဍဥပါသကာ၏ အိမ်သို့ နေ့စဉ် ဆွမ်းခံကြွ၏။ ယင်းသို့ ဆွမ်းခံကြွရင်း ပဝါရဏာနီးလာသောအခါ ဥပါသကာကြီးထံမှ စူဠသုမနသူငယ်ကို တောင်းယူ၍ ရှင်ပြုပေးလေသည်။ ရှင်ပြုရန်အတွက် ဆံပင်ရိတ်နေစဉ် မထေရ်သည် သူငယ်အား (၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို သင်ကြားပေးလေ၏။ ယင်းသင်ကြားပေးချက်အရ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း စသည်တို့ကို ဆင်ခြင်သုံးသပ်နေသော စူဠသုမနသည် ခေါင်းရိတ်ပြီးသည်နှင့် တပြိုင်နက် သစ္စာလေးပါးကို ထိုးထွင်းသိမြင်လျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေတော့သည်။

ဝါကျွတ်သောအခါ ရှင်အနုရုဒ္ဓသည် စူဠသုမန သာမဏေ ကလေးကို ခေါ်ပြီး ဟိမဝန္တာ တောအတွင်း၌ တဲကျောင်း ကလေးတခု ဆောက်၍ နေထိုင်လေ၏။ ထိုသို့နေစဉ် အတွင်း မထေရ်အား လေနာရောဂါထလေရာ သာမဏေက "အရှင်ဘုရား၊ ယခင်က လေနာရောဂါ ထလျှင် မည်သည့် ဆေးဖြင့် ပျောက်ကင်းခဲ့ပါသနည်း"ဟု မေးလျှောက်လေ၏။

"ငါ့ရှင်သာမဏေ၊ အနဝတတ်အိုင်မှ ရေကိုသောက်ရသဖြင့် ငါ့ရောဂါ သက်သာခဲ့ဘူး၏"

"သို့ဖြစ်လျှင် အနဝတတ်ရေကို တပည့်တော်သွား၍ ဆောင် ယူပါမည်"

သာမဏေသည် ဤသို့ လျှောက်ထားပြီး အဘိညာဉ်တန်ခိုး ဖြင့်ကောင်းကင်သို့ပျံတက်၍ အနဝတတ်ရေအိုင်သို့ ကြွချီခဲ့လေ သည်။

အနဝတတ်ရေအိုင်ကို စောင့်ရှောက်နေသည့် ပန္နက အမည် ရှိသော နဂါးမင်းသည် သာမဏေကိုမြင်လျှင် ရေမပေးလိုသဖြင့် ကြီးစွာသောပါးပျဉ်းကိုဖန်ဆင်း၍ ရေအိုင်တခုလုံးကို ဖုံးအုပ် ထားလေသည်။ သာမဏေက မိမိဆရာဖြစ်သော ရှင်အနုရုဒ္ဓ မထေရ်အတွက် သောက်ရေတအိုးချပေးရန် တောင်းပန်သော် လည်း နဂါးမင်းကားမပေး။ "သင့်အစွမ်းသတ္တိဖြင့် ယူနိုင်လျှင် ယူသွားပါ"ဟုသာပြော၏။

ထိုအခါ သာမဏေသည် ကြီးစွာသော ဗြဟ္မာမင်း၏ ကိုယ် ကို ဖန်ဆင်း၍ နဂါးမင်း၏ကိုယ်ပေါ်၌ ဖိချလိုက်ရာ အိုင်တွင်း မှရေတို့သည် အပေါ်သို့ ပန်းထွက်လာကုန်၏။ သာမဏေသည်

ယင်းသို့ပန်းထွက်လာသည့် ရေတို့ကို အိုးဖြင့်ခံယူပြီး ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာခဲ့သည်။

နဂါးမင်းသည် စိတ်ဆိုးမာန်ဆိုးဖြင့် သာမဏေ နောက်သို့ ဒလကြမ်းလိုက်ခဲ့ရာ ကျောင်းသို့ နောက်မှ မှီလာ၏။ ကျောင်းသို့ ရောက်၍ ရှင်အနုရုဒ္ဓမထေရ်ကိုတွေ့လျှင် "အရှင် ဘုရား၊ ဤသာမဏေသည် တပည့်တော်၏ရေအိုင်မှ ရေကို တပည့်တော် မပေးဘဲ ယူသွားပါသည်။ သောက်သုံးခြင်းမပြုပါလင့်" ဟု တိုင်တန်းလျှောက်တင်၏။ သာမဏေကလည်း "အရှင်ဘုရား၊ ဤနဂါးမင်းက သင့်အစွမ်းသတ္တိဖြင့် ယူနိုင်လျှင် ယူသွားပဟု ဆိုသောကြောင့် တပည့်တော်ယူခဲ့ခြင်းဖြစ်ပါသည်။ သောက်သုံး တော်မူပါလော" ဟုလျှောက်တင်ပြန်သည်။ သာမဏေသည် မုသားပြောမည့်သူမဟုတ်ကြောင်းကောင်းစွာသိရှိတော်မူသဖြင့် မထေရ်သည် အနဝတတ်ရေကို သောက်လေရာ ချက်ခြင်းပင် လေနာရောဂါ ပျောက်ကင်းသွားတော့၏။

ထို့နောက် မထေရ်က နဂါးမင်းအား သုမနသာမဏေသည် အသက်အားဖြင့်ငယ်သော်လည်း အလွန် ကြီးမားသောတန်ခိုး အာနုဘော်နှင့် ပြည့်စုံကြောင်း ထုတ်ဖော် ပြောကြားလေ၏။ နဂါးမင်းလည်း ထိုအခါတွင်မှသာမဏေအား ဝန်ချတောင်းပန် ခြင်းပြုကာ မိမိနေရာသို့ ပြန်သွားလေသည်။

ရှင်အနုရုဒ္ဓမထေရ်သည် ဟိမဝန္တာ တောအတွင်း၌ ရက် အနည်းငယ်နေပြီးနောက်သာဝတ္ထိပြည်သို့ ဆက်လက်ကြွချီတော် မူသည်။ ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူလျက်ရှိရာ ရှင်အနုရုဒ္ဓ သည် သာမဏေငယ်နှင့်အတူ ဗုဒ္ဓရှင်တော်မြတ်ထံ သွားရောက်

ဖူးမြင်လေ၏။ အချို့သောရဟန်းငယ်များနှင့်သာမဏေတို့သည် ရှင်အနုရုဒ္ဓနှင့်အတူပါလာသည့် စူဠသုမန သာမဏေကလေးကို မြင်လျှင် ခေါင်းပုတ်ခြေပုတ်ပြု၍ နောက်ပြောင် ကျီစယ်ကြ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ထိုအခြင်းအရာကို မြင်လျှင် "ဤရဟန်းသာမဏေတို့ကား သာမဏေငယ်၏ အရည်အချင်းကို မသိကြသဖြင့် မထီမဲ့မြင်ပြုကြကုန်၏။ ယခု ငါ သိအောင်ပြုရတော့အံ့"ဟု ကြံ၍ ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူလေသည်။

"ချစ်သားအာနန္ဒာ၊ ငါဘုရားသည် အနဝတတ်အိုင်မှရေကို သောက်သုံးခြင်းငှာ အလိုရှိ၏။ သာမဏေတို့အား ဆောင်ယူခိုင်းလေလော့"

ရှင်အာနန္ဒာသည် ကျောင်းတိုက်အတွင်းရှိသာမဏေပေါင်း ငါးရာကျော်တို့ကို စည်းဝေးစေပြီး အကြီးဆုံးသာမဏေမှ စ၍ အနဝတတ်အိုင်မှရေကို ယူဆောင်ပေးရန် စေခိုင်းရာသိုသာမဏေများက မိမိတို့မစွမ်းဆောင်နိုင်ကြောင်း ပြန်ကြားလျှောက်တင်ကြသည်။ နောက်ဆုံးတွင် အငယ်ဆုံးဖြစ်သော သုမနသာမဏေ၏အလှည့်သို့ ကျရောက်သောအခါတွင်မူ သုမန သာမဏေက "တပည့်တော်သွားရောက် ယူဆောင်ပါမည်" ဟူ၍ အလွယ်တကူပင် လက်ခံလိုက်၏။

ထို့နောက် သုမနသာမဏေသည် ကြီးမားသော ရေအိုးတလုံးကို လက်ဖြင့်ဆွဲကိုင်၍ ကောင်းကင်သို့ ပျံတက်ကာ ဟိမဝန္တာဘောသို့ ရှေ့ရှုထွက်ခဲ့၏။ ပန္နက နဂါးမင်းသည် သာမဏေငယ်ကိုမြင်လျှင် ခရီးဦးကြိုပြု၍ အနဝတတ်ရေကို မိမိ

ကိုယ်တိုင်ခပ်ယူပေးလေသည်။ သာမဏေငယ်လည်း ရေအိုးကိုယူ၍ကောင်းကင်ခရီးဖြင့်ပင် ပြန်ခဲ့ပြီး ဗုဒ္ဓအားဆက်ကပ်၏။

သုမနသာမဏေ၏ တန်ခိုးအာနုဘော်ကို မြင်ကြရသောအခါ ကျောင်းတော်ရှိ ရဟန်းသာမဏေတို့သည် "အသက် ၇ နှစ်အရွယ်မျှသာရှိသေးသည့် သာမဏေငယ်၏ တန်ခိုး အာနုဘော်ကား အံ့ဘွယ်ရှိပေစွဘကား" ဟု ချီးကျူး ပြောဆိုနေကြ၏။ ထိုစကားကို ဗုဒ္ဓရှင်တော်မြတ်ကြားလျှင် "ချစ်သားတို့၊ငယ်ရွယ်သူပင်ဖြစ်လင့်ကစား ကြိုးစားအားထုတ်မှုရှိသူကား၍လောကဥ္စ တင့်တယ်လှပေ၏" ဟူ၍ မိန့်ကြားတော်မူလေသည်။

[ဘိက္ခုဝဂ်၊ သုမနသာမဏေရဝတ္ထု။]



# အန္တရာယ်

ဗာရာဏသီပြည်မှ မဟာဓနေ အမည်ရှိသော ကုန်သည်ကြီးသည် လှည်းငါးရာတို့ဖြင့် ရောင်းချရန် ကုန်ပစ္စည်းများကို တင်ဆောင်၍ သာဝတ္ထိပြည်သို့ ရွေ့ရှုထွက်ခဲ့၏။ သူ တင်ဆောင်လာသည့် ကုန်ပစ္စည်းများကား ကာသိတိုင်းဖြစ် အဝတ်အထည်များ ဖြစ်၏။ ကာသိတိုင်း၏ မြို့တော်မှာ ဗာရာဏသီဖြစ်ပေရာ အဝတ်ကောင်း အထည်ကောင်းမှန်သမျှ ဗာရာဏသီမှပင် အများဆုံး ထွက်ရှိလေသည်။

မဟာဓနေ ကုန်သည်ကြီး သာဝတ္ထိပြည်သို့ ရွေ့ရှုထွက်ခဲ့ခြင်းမှာ အကြောင်းထူးတရပ် ရှိပေသည်။ ထိုအချိန်တွင် သာဝတ္ထိ၌ ကြီးကျယ်သော နက္ခတ်ပွဲသဘင်တခု ဆင်ယင်ကျင်းပရန် အချိန်နီးကပ်လျက်ရှိ၏။ သာဝတ္ထိ မြို့သူမြို့သားတို့သည် ကာသိတိုင်းဖြစ် အဝတ်အထည်တို့ကို အလွန်ကြိုက်နှစ်သက်ကြ၏၊ ပွဲလမ်းသဘင်

သွားသည့်အခါ ကာသိတိုင်းဖြစ် အဝတ်အထည် တို့ကိုသာ ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လေ့ရှိကြ၏။ နက္ခတ်ပွဲသဘင် အမှီသာ ရောက်ရှိသွားပါက မဟာခနေ၏ အဝတ်အထည်များမှာ နေ့ချင်းရက်ချင်းပင် ကုန်သွားနိုင်ဖွယ်ရာ ရှိပေသည်။ ထို့ကြောင့်လည်း လှည်းငါးရာဖြင့် အဝတ်အထည်များ အပြည့်တင်ကာ သာဝတ္ထိသို့ ရှေ့ရှုထွက်ခဲ့ခြင်း ဖြစ်ပေသည်။

ဤသို့ အချိန်ကောင်းနှင့်ကိုက်၍ ကတိုက်ကရိုက် ထွက်လာခဲ့ရသော်လည်း ဤတခေါက် ခရီးကား အစကတည်းကပင် အဆင်မပြေလှ။ ရရာနွားနှင့် လှည်းများကို ငှားရမ်းခဲ့ရသဖြင့် ချို့နဲ့သော နွားများနှင့် မခိုင်ခံ့သော လှည်းများ ပါဝင်နေရာ မှန်းသလောက် ခရီးမတွင်ဘဲ ဖြစ်နေ၏။ ထို့ပြင် တန်ခူးလကုန်၍ ကဆုန်လဆန်းစသာ ရှိသေးသော်လည်း မိုးဦးက စောစောကျလာ၏။ ထို့ကြောင့် လမ်းတလျှောက်လုံးတွင် ရွံ့နွံဗွက်တောများ ထူပြောကာ ခရီးပို၍ နှောင့်နှေးနေရပြန်သည်။

ဗာရာဏသီနှင့် သာဝတ္ထိမှာ ပုံမှန်အားဖြင့် ခုနစ်ရက်ခရီးဖြစ်၏၊ သို့ရာတွင် ယခုတခေါက်ကား ခြောက်ရက်ကျော် ခုနစ်ရက်မြောက်လာသော်လည်း ခရီးတဝက်မျှသာ ရှိသေး၏။

ယင်းသို့ စိတ်ပျက်ဘွယ်ရာ အခြေအနေများနှင့်သာ ရင်ဆိုင်နေရစေကာမူ မဟာခန ကုန်သည်ကြီးကား စိတ်အားမလျှော့။ ကြီးမားသော ဇွဲမာန်ဖြင့် အစွမ်းကုန် ခရီးပြင်းနှင်ခဲ့ရာ နောက်ဆုံးတွင် သာဝတ္ထိသို့ ဆိုက်ရောက်လာခဲ့၏။

သူရောက်ချိန်တွင် သာဝတ္ထိ၏ နက္ခတ်ပွဲသဘင်ကား ပြီးစီးသွားလေပြီ။

သူ့အဖို့ အလာကောင်းသော်လည်း အခါနှောင်းသွားပြီ ဖြစ်၏။ ပွဲသဘင်ပြီးစ အချိန်တွင်အဝတ်ကောင်း အထည်ကောင်း ဝယ်မည့်သူကား ရှားပါးလှဘိ၏။ သို့ဖြစ်ရကား မည်သို့မျှ မတတ်နိုင်ချေ။ ကုန်သည်ဟူသည် အရှုံးနှင့်အမြတ် တလှည့်စီ ကြုံရမည့်သာဖြစ်၏။ ဒီတမြို့၌ ‹ရောင်းကွက်မရှိလျှင်နောက်တမြို့သို့ ပြောင်းရမည်သာ ဖြစ်၏။

မဟာဓနသည် လှည်းနှင့်နွားများ ခရီးအပန်းပြေကြစေရန် သာဝတ္ထိ၌တရက်နှစ်ရက်သာ ရပ်နားမည်။ ထို့နောက် တမြို့တနိုင်ငံသို့ ခရီးထွက်၍ ဈေးကွက်ကို ရှာဦးမည်ဟု စိတ်ကူးပြန်၏။ သို့ရာတွင် ပြဿဒါး မလွတ်သော သူ့ခရီးမှာ ကြံတိုင်းမအောင် ဆောင်တိုင်းမမြောက် ဖြစ်ရပြန်သည်။

တရက်နှစ်ရက် နားနေစဉ် အတွင်း၌ပင် မိုးသည် နေ့မစဲ ညမစဲ ရွာလာ၏။ အစီရဝတီ မြစ်ရေကလည်း လျှံတက်လာ၏။ ထို့ကြောင့် ရှေ့သို့ ရှတ်တရက် ခရီးဆက်နိုင်ရန် အရေးမှာ မြော်လင့်ချက်နှင့် ဝေးရပြန်တော့သည်။

ဤအခြေအနေတွင်မူ ကုန်သည်ကြီးလည်း စိတ်မပူတော့ချေ။ ဖြစ်သမျှအကြောင်း အကောင်းချည်းဟုသာ သဘောထားလိုက်တော့၏။ "ဘယ်ကိုမျှ ဆက်မသွားတော့ဘဲ သာဝတ္ထိ၌ပင် တမိုးတွင်းလုံး ခိုနားနေမည်။အထည်များကိုလည်း ရောင်းရသမျှ ကြိုးစားရောင်းချမည်။ မိုးကုန်၍ ဆောင်းဦး ပေါက်လာသော အခါ၌ကား ပွဲလမ်းသဘင်များ တခုပြီးတခု ရှိမည်။ ထိုအခါ မိမိ၏ အထည်များ ရောင်း၍ပင် လောက်မည်မဟုတ်။" ဤသို့ အကောင်းဘက်ကိုသာ တွေး၍ စိတ်အေးအေး ထားလိုက်လေတော့သည်။

ဤသို့ စဉ်းစား ဆုံးဖြတ်ပြီးနောက် ကုန်သည်ကြီးသည် လှည်းငါးရာနှင့်တကွ နေ့ရှည်လများ စခန်းချ နေထိုင်ရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်၏။ ယာယီတဲအိမ်များ ထိုး၍ လူနှင့်ပစ္စည်းများကို နေရာချထားပေး၏။ စားရေရိက္ခာ ပြည့်စုံရေးအတွက်လည်း တပည့်တို့အား ညွှန်ကြားစေခိုင်းလေ၏။

ထိုအခါ်နိတွင် မြို့တွင်းသို့ ဆွမ်းခံကြွလာသော ဗုဒ္ဓရှင်တော်မြတ်သည် တပင်တပန်း စီမံဆောင်ရွက်နေသော မဟာဓနကုန်သည်ကြီးကိုမြင်လျှင် ပြုံးတော်မူလေသည်။ နောက်တော်မှလိုက်ပါလာသော ရှင်အာနန္ဒာက ပြုံးခြင်း၏ အကြောင်းကိုမေးလျှောက်လေသော် "ချစ်သား အာနန္ဒာ၊ ဤကုန်သည်ကြီးကား ဤအရပ်၌ နေ့ရှည်လများ စခန်းချ နေထိုင်၍ အဝတ်အထည်များကို ရောင်းချရန်သာ ကြံစည် စိတ်ကူးနေဘိ၏။ မိမိ၏အသက်အန္တရာယ်ကိုမူ မသိလေဘကား" ဟု မိန့်ကြားတော်မူ၏။

"အရှင်ဘုရား၊ ဤကုန်သည်ကြီး၌ အသက်အန္တရာယ် ရှိပါသလား"

"ချစ်သား အာနန္ဒာ၊ မှန်၏။ ခုနစ်ရက်အတွင်း၌ အသက်အန္တရာယ်ကို ငါမြင်၏"

ထိုအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓထံ၌ခွင့်တောင်းကာ လှည်းစခန်းအနီးသို့တပါးတည်းကြွရောက်၍ ဆွမ်းရပ်လေ၏။ မဟာဓန ကုန်သည်ကြီးသည် မထေရ်အားမှန်မြတ်သော ဘောဇဉ်တို့ကိုလောင်းလှူ၏။ မထေရ်သည် ဆွမ်းကို ခံယူပြီးနောက် ရုတ်တရက်ကြွမသွားသေးဘဲ ကုန်သည်ကြီးအား ပဋိသန္ထာရ စကားပြောကြား၏။

"ဒါယကာ၊ သင်တို့သည် ဤအရပ်၌ ဘယ်မျှကြာအောင်နေမည်နည်း"

"မိုးကုန်၍ ဆောင်းဦးပေါက်သည်အထိ နေရန် ကြံရွယ်ပါသည် ဘုရား"

"ဒါယကာ၊ အသက်အန္တရာယ်ဟူသည် သိနိုင်ခဲဘိ၏။ မမေ့မလျော့ နေထိုင်လော"

ရှင်အာနန္ဒာသည် ဤသို့သတိပေးစကားမိန့်ကြားပြီး ကျောင်းသို့ပြန်ကြွခဲ့၏။ မဟာဓနေ ကုန်သည်ကြီးသည် ရှင်အာနန္ဒာ၏ သတိပေးစကားကြောင့် ထိတ်လန့်တုန်လှုပ်သွား၏။ "ငါကား စီးပွားရေးကိုသာ စိတ်စော၍ သံသရာရေးကို မေ့လျော့နေခဲ့၏။ ရှင်အာနန္ဒာ၏ ကျေးဇူးကား ကြီးမားလှပေ၏" ဤသို့ စဉ်းစားကာ ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းအပေါင်းကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၏။ ခုနစ်ရက်မြောက်သော နေ့၌ ဗုဒ္ဓက ဩဝါဒစကား မြွက်ကြားတော်မူ၏။

"ဒါယကာ၊ အသိပညာနှင့် ပြည့်စုံသောသူသည် ဤအရပ်၌ ဤမျှ နေထိုင်၍ ဤမည် ဤမည်သော ကိစ္စကို ပြုအံ့ဟု မိမိ ကိစ္စကိုသာ စဉ်းစား၍ မနေသင့်။ အသက်အန္တရာယ်ကိုလည်း သတိပြုသင့်၏။

ဗုဒ္ဓ၏ ဩဝါဒ စကားကိုကြားနာရလျှင်မဟာဓနေသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွား၏။ ဗုဒ္ဓရှင်တော်မြတ် ပြန်ကြွသွားပြီးနောက် မကြာမီပင် မဟာဓနေအား ဦးခေါင်းခဲသော ရောဂါတခု ရုတ်တရက် ဖြစ်ပေါ်လာ၏။ ရောဂါမှာ တစတစ ပြင်းထန်လာရာ ထိုည၌ပင် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ ဆိုက်ရောက်သွားလေသည်။

[မဂ္ဂဝဂ်၊ မဟာဓနေ ဝါဏိဇဝတ္ထု]

# လရောင်ထွက်သည့် ပုလ္လဲအားပျို

ရာဇဂြိုဟ်ပြည်၌ ပညာရှိစွာ အတောင်အဘာန် ချမ်းသာကြွယ်ဝသည့် ပုဏ္ဏားကြီးတဦးအိမ်တွင် ထူးဆန်းသော သားတယောက် မွေးဖွားလာခဲ့၏။ ထိုကလေးငယ် မွေးဖွားပြီးစ အချိန်မှစ၍ သူ၏ ချက်မှ လာန်းသဏ္ဍာန်ရှိသော အလင်းရောင်တခု မသိမသာ ထွက်ပေါ်နေ၏။ ထိုအလင်းရောင်သည် မွေးကင်းစ အရွယ်၌ မသိသာလှသော်လည်း ရက်ရလာသည်နှင့်အမျှ တဖြည်းဖြည်း ပို၍ ပို၍ ထင်ရှားလာလေသည်။

မိဘတို့သည် ကလေးငယ်၏ ထူးဆန်းသော အခြင်းအရာကို မြင်ကြလျှင် လက္ခဏာဗေဒင် ကျွမ်းကျင်တတ်မြောက်သူများကို ဖိတ်ခေါ်၍ ပြသကြ၏။ "ကလေးငယ်သည် အလွန်ထူးခြားသော ဘုန်းရှင်ကံရှင်တဦးဖြစ်သည်။ ကြီးမားသော တန်ခိုးသိဒ္ဓိနှင့် ပြည့်စုံသူဖြစ်လိမ့်မည်" စသည်ဖြင့် လက္ခဏာဆရာတို့က

ဟောကိန်းထုတ်ကြသည်။ ယင်းသို့သော ဟောကိန်းများကြောင့်လည်း မိဘများသည် ကလေးကို ပို၍ဂရုစိုက်ကာ ကျွေးမွေးပြုစုခဲ့ကြ၏။ ချက်မှ ယရောင်ထွက်ခြင်းကို အကြောင်းပြု၍ ကလေး၏ နာမည်ကိုလည်း 'စန္ဒာဘာ'ဟု မှည့်ခေါ်ခဲ့ကြ၏။

ပုဏ္ဏားငယ်ကလေး စန္ဒာဘာ၏ သတင်းမှာ တစတစ အရပ်ထဲ၌ ပျံ့နှံ့သွားရာ အိမ်သို့လာရောက်ကြည့်ရှုသူများ နေ့စဉ်မပြတ် စည်ကားလျက် ရှိတော့သည်။ ထိုသူများသည် စားဘွယ်သောက်ဘွယ် အမျိုးမျိုးနှင့် အဝတ်အထည်တို့ကို ယူဆောင်၍ လာကြသောကြောင့် ပုဏ္ဏားကြီး၏ အိမ်၌ အလှူန်ပင် လာဘ်လာဘရွှင်လျက် ရှိလေသည်။

ဤသို့ဖြင့်ပင် 'စန္ဒာဘာ' ကလေးသည် ၄-၅ နှစ်သားအရွယ်သို့ ရောက်လာ၏။ ထိုအချိန်တွင် သူ့ထံသို့ လာရောက်သူများ ယခင်ကထက်ပင် ပို၍ များပြားလာလေသည်။ အကြောင်းကား စန္ဒာဘာကလေး၏ ချက်ကို ကိုင်တွယ် သုံးသပ် ရသူများသည် အန္တရာယ်ကင်းသည်။ စည်းစိမ်ဥစ္စာတိုးပွားသည် ဟူသော ပ ါးစပ်သတင်းတရပ် ထွက်ပေါ်လာသောကြောင့် ဖြစ်ပေသည်။

ထိုသတင်းကြောင့် ရောဂါပျောက်ကင်းလိုသည့် ဝေဒနာရှင်များ၊ ရာထူး တိုးတက်လိုသည့် မှူးမတ်များ၊ နေ့ချင်း ရက်ချင်း ချမ်းသာကြွယ်ဝလိုသည့် ကုန်သည်များ စသူတို့သည် ပုဏ္ဏားကြီး၏ အိမ်သို့ နေ့မစဲညမစဲ ဆိုက်ရောက်လာကြသည်။ စန္ဒာဘာ၏ ချက်ကို ကိုင်တွယ် သုံးသပ်ခွင့် ရရှိရန်လည်း ပုဏ္ဏားကြီးအား တောင်းပန် တိုးလျှိုးခြင်း ပြုကြသည်။ ပစ္စည်းဥစ္စာ အသပြာ ကြေးငွေ စသည်တို့ကိုလည်း မိခိတို့ စွမ်းအားရှိသလောက် ယူ

ဆောင်လာကြပြီး ပုဏ္ဏားကြီးအား လက်ဆောင်အဖြစ်ပေးကမ်းကြသည်။

ယင်းသို့ စန္ဒာဘထံ တကူးတက လာရောက်ကြသူများတွင် ရာဇဂြိုဟ်မြို့တွင်းမှ လူများသာမက ရာဇဂြိုဟ်မှ အတော်အတန် ခရီးကွာလှမ်းသည့် မြို့ရွာတို့မှ လူများလည်း တခါတရံ ရောက်လာကြ၏။ သို့သော်လည်း ထိုကဲ့သို့ ခရီးဝေးမှလာကြရသူများအတွက်ကား လမ်းပန်းအခက်အခဲကြောင့် များစွာပင် ဆင်းရဲပင်ပန်းကြရှာလေသည်။

ဤအခြေအနေတွင် အချို့သောသူများက စန္ဒာဘ၏ဖခင်ပုဏ္ဏားကြီးအား အကြံတခုပေးကြသည်။ ထိုအကြံကား စန္ဒာဘကို ခေါ်ဆောင်၍ နယ်လှည့် ခရီးထွက်ရန် ဖြစ်သည်။ ယင်းသို့ ခရီးထွက်ပါက အခြားသော မြို့ရွာတို့မှ စန္ဒာဘ၏ ချက်ကို ကိုင်တွယ် သုံးသပ်လိုသူများ အလွယ်တကူ ဆန္ဒပြည့်ဝမည်။ မိမိတို့လည်း ငွေကြေးပစ္စည်း ပိုမိုရရှိမည်။ စန္ဒာဘသည်လည်း ယခုအချိန်တွင် အသက် ၂၀ နီးပါးရှိနေပြီဖြစ်သည်။

ထိုအကြံကို ပုဏ္ဏားကြီးက သဘောတူသဖြင့် ခရီးထွက်ရန် ပြင်ဆင်ကြသည်။ စန္ဒာဘကို လှည်းယာဉ်တစီးဖြင့် တင်ဆောင်၍ အစောင့်အရှောက်အဖြစ် ပုဏ္ဏားရှစ်ယောက် လိုက်ပါလျက် ရာဇဂြိုဟ်ပြည်မှ ခရီးထွက်ခဲ့ကြလေသည်။

စန္ဒာဘတို့အဖွဲ့သည် တမြို့မှတမြို့လှည့်လည်ကြသည်။ ရောက်လေရာ မြို့ရွာတို့၌ တနေရာတွင် ရပ်နားတည်းခို၍ မိမိတို့သတင်းကို ဖြန့်ဝေကြသည်။ ထိုအခါ မြို့ခံလူတို့သည် သူတို့ထံလာ၍ စန္ဒာဘ၏ ချက်ကို ကိုင်တွယ် သုံးသပ်ခွင့် ရရှိရန် တောင်းဆိုကြသည်။ ယင်းသို့ တောင်းဆိုသူများထံမှ တရာနှစ်ရာ စသည်ဖြင့်

အဘိုးအခ သတ်မှတ်တောင်းယူကြသည်။ ဤသို့ဖြင့် တမြို့တမြို့၌ ငွေကြေးမြောက်မြားစွာ ရရှိကြလေသည်။

ယင်းသို့ နယ်လှည့် စီးပွားရှာနေသော စန္ဒာဘတို့အဖွဲ့သည် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာ၏။ သာဝတ္ထိမြို့တော်၏ တောင်ဖက်တံခါးအနီး၌ စခန်းချနေကြစဉ် ဇေတဝန်ကျောင်းတော်သို့ တရားနာ ထွက်လာကြသည့် မြို့သူမြို့သားများကို သူတို့ တွေ့မြင်ကြသည်။

ထိုအခါ သူတို့သည် မြို့သူမြို့သားများအား စန္ဒာဘ၏ အကြောင်းကို ပြောကြားကြသည်။ "ရောဂါပျောက်လိုသူ၊ ရာထူးစည်းစိမ် တိုးတက်လိုသူများသည် ထူးဆန်းသော ဤပုဏ္ဏားပျို၏ ချက်ကို ကိုင်တွယ်သုံးသပ်ကြပါကုန်လော" ဟူ၍ကြွေးကြော်ကြေငြာကြလေသည်။

မြို့သူမြို့သားများကား သူတို့စကားကို စိတ်ပါဝင်စားခြင်းမရှိကြ။ ဇေတဝန်ကျောင်းတော်ဆီသို့သာ ခြေလှမ်းမပျက် ဆက်၍သွားနေကြသည်။ အချို့ကမူ "သင်တို့ စန္ဒာဘ ပုဏ္ဏားသည် ငါတို့၏ ဗုဒ္ဓရှင်တော်မြတ်လောက် ထူးခြားဆန်းကြယ်မည်မဟုတ်ပါ" ဟူ၍ တုံ့ပြန် ပြောဆိုကြလေသည်။

ထိုစကားကိုကြားလျှင် စန္ဒာဘနှင့် သူ့အဖော်ပုဏ္ဏားတို့သည် ဗုဒ္ဓ၏ ထူးခြားဆန်းကြယ်ပုံကို တွေ့မြင်လိုကြသဖြင့် ဇေတဝန်ကျောင်းတော်သို့ လိုက်လာကြ၏။ ဗုဒ္ဓရှင်တော်မြတ်အနီးသို့ ရောက်သည်နှင့် တပြိုင်နက် စန္ဒာဘ၏ချက်မှ ထွက်မြဲဖြစ်သော အရောင်အလင်းသည် ချက်ခြင်းပျောက်ကွယ်သွားလေ၏။ မိမိ၏ ချက်မှ အလင်းရောင် ထူးဆန်းစွာ ပျောက်ကွယ်သွားသည်ကိုမြင်

လျှင် စန္ဒာဘသည် နောက်သို့ ပြန်ဆုတ်၏။ ထိုအခါ အလင်းရောင်သည် ယခင်အတိုင်း ထွက်လာပြန်သည်။

ယင်းသို့ သုံးကြိမ်တိုင်တိုင် ရှေ့တိုးနောက်ဆုတ်ပြုလုပ်၍ စုံစမ်းကြည့်ပြီး ဗုဒ္ဓ၏ တန်ခိုးအာနုဘော်ကြောင့် မိမိ၏ အလင်းရောင်ကွယ်ပျောက်သွားခြင်း ဖြစ်ကြောင်း သိလျှင် စန္ဒာဘသည် ဗုဒ္ဓအား ဤသို့ မေးလျှောက်လေသည်။

"အရှင်ဂေါတမ၊ အရှင်သည် အလင်းရောင်ကို ကွယ်ပျောက်စေနိုင်သည့် ဂါထာမန္တန်ကို တတ်မြောက်ပါသလော"

"တတ်မြောက်ပေသည် စန္ဒာဘ"

"ထိုမန္တန်ကို ကျွန်ုပ်အား သင်ကြားပေးနိုင်ပါမည်လော"

"ငါကဲ့သို့ ရဟန်းဝတ်လျှင် သင်ကြားပေးနိုင်ပေ၏ စန္ဒာဘ"

ဗုဒ္ဓမိန့်ကြားချက်ကိုကြားလျှင် စန္ဒာဘသည် မန္တန်ကို လိုချင်သည့်ဇောဖြင့် ဗုဒ္ဓထံ၌ ရဟန်းပြုလေသည်။ မိမိ၏ အဖော်ပုဏ္ဏားတို့ကိုမူ "သင်တို့ နှစ်ရက် သုံးရက်မျှ စောင့်နေကြပါဦး၊ ရှင်ဂေါတမထံမှ မန္တန်ကို ရလျှင် ကျွန်ုပ် ပြန်ခဲ့ပါမည်" ဟု မှာထားခဲ့၏။

ဗုဒ္ဓသည် ပုဏ္ဏားပျိုစန္ဒာဘအား ရဟန်းပြုစေပြီး သုံးဆယ်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကို သင်ကြားပေး၏။ "သင်လိုချင်သည့် မန္တာန်ကို မသင်ယူမီ ရှေးဦးစွာ ဤကမ္မဋ္ဌာန်းကိုသင်ယူလေ့လာပါဦးလော" ဟူ၍ စန္ဒာဘအား မိန့်ကြားတိုက်တွန်း၏။ စန္ဒာဘသည် ဗုဒ္ဓသင်ကြားပေးသည့်အတိုင်း "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ" စသည်ဖြင့် ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ ရက်ပိုင်းအတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ရက်အနည်းငယ်ကြာသောအခါ စန္ဒာဘ၏အဖော်ပုဏ္ဏားတို့သည် စန္ဒာဘကို ပြန်ခေါ်ရန် ဇေတဝန်ကျောင်းတော်သို့ လိုက်လာကြ၏။ ထိုပုဏ္ဏားတို့အား ရှင်စန္ဒာဘက "ပုဏ္ဏားတို့၊ သင်တို့သာ ပြန်ကြကုန်လော့။ ကျွန်ုပ်ကား ရဟန်းဘဝမှ မစွန့်ခွာနိုင်တော့ပြီ" ဟု ပြန်ကြားပြောဆိုလေသည်။

ထိုစကားကို ကြားသော ရဟန်းတို့သည် ဗုဒ္ဓထံသို့ သွား၍ ဘိုင်တန်းလျှောက်ဘင်ကြသည်။

"ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ အလင်းရောင်ကို ပျောက်ကွယ်စေနိုင်သည့်မန္တာန်ကို သင်ယူလို၍ ရဟန်းပြုနေသော စန္ဒာဘက သူသည်ရဟန်းဘဝမှ မစွန့်ခွာနိုင်တော့ပြီ-ဟု ပြောဆိုနေပါသည်။ ဟုတ်နိုင်ပါမည်လော"

"ချစ်သားတို့၊ စန္ဒာဘ၏ စကားသည် အမှန်ပင် ဖြစ်ပေ၏။ စန္ဒာဘသည် ဘဝတကျော ကင်းသော ရဟန္တာအဖြစ်သို့ရောက်လေပြီ"

ထိုအခါ လာရောက်လျှောက်ဘင်သော ရဟန်းများ သံသယကင်းရှင်း သွားကြလေ၏။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်က စန္ဒာဘသည် အတိတ်ဘဝက ကဿပမြတ်စွာဘုရား၏စေတီတော်အတွင်း၌ စန္ဒကူးနံ့သာဖြင့် လဝန်းသဏ္ဍာန်ပြုလုပ်၍ ပူဇော်ခဲ့ဘူးသော ကောင်းမှုကြောင့် ယခုဘဝတွင် သူ၏ချက်မှ လဝန်းသဏ္ဍာန်ရှိသော အလင်းရောင် ထွက်ပေါ်ခြင်း ဖြစ်ကြောင်း ထုတ်ဖော် ဟောကြားတော်မူလေသည်။

[ဗြာဟ္မဏဝဂ်၊စန္ဒာဘထေရဝတ္ထု]



# လက်ညှိုးပန်းနှင့် သောင်းကျန်းသူ

အန္တက ပုဏ္ဏားကြီးသည် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလ၏ ပုရောဟိတ်ဆရာကြီးဖြစ်၏။ တရံရောအခါ ပုရောဟိတ်ကတော် ဖြစ်သော မန္တာနီ ပုဏ္ဏေးမသည် ညသန်ကောင်အချိန်၌ သား ယောကျ်ားကလေးကို ဖွားမြင်လေ၏။ ယင်းသို့ ဖွားမြင်ချိန်တွင် အိမ်၌ရှိသော ဓားလှံ လက်နက်များသည် ထူးဆန်းစွာ အရောင် ထွက်၍ တလက်လက် တောက်ပသည်ကို တွေ့မြင် ကြရသော ကြောင့် အိမ်သူအိမ်သားများ တအံ့တဩ ဖြစ်သွားကြလေ သည်။

ပုရောဟိတ်ပုဏ္ဏားကြီးသည် ယင်းသို့ထူးဆန်းသော အခြင်း အရာကိုမြင်လျှင် အိမ်ပြင်သို့ထွက်၍ ကောင်းကင်၌ ဂြိုဟ်နက္ခတ် အသွားအလာကိုကြည့်ရှုရာ စောရနက္ခတ်နှင့် ယှဉ်နေကြောင်း

တွေ့ရှိရလေ၏။ သို့ဖြစ်၍ မိမိသားငယ်သည် ကြီးပြင်းသောအခါ ခိုးသားဓားပြတဦး ဖြစ်လာမည်ကို တွက်ဆသိရှိ လေသည်။

နံနက်လင်းသောအခါ ပုဏ္ဏားကြီးသည် နေ့စဉ်ပြုနေကျ ဝတ် အတိုင်း ဘုရင်မင်းမြတ်အား ခစားရန် နန်းတော်သို့ ဝင်လေ၏။

"အရှင်မင်းမြတ်၊ ချမ်းသာစွာအိပ်ရပါ၏လော"ဟု မင်းကြီး အား မေးလျှောက်လျှင် မင်းကြီးက နန်းတော်တွင်းမှ ဓား လှံ လက်နက်များ အရောင်တလက်လက် တောက်သည်ကို မြင်ရသော ကြောင့် စိတ်ဓာတ်ချောက်ချားနေကြောင်း ဖွင့်ဟ မိန့်ကြားလေ သည်။

"ဆရာ ပုဏ္ဏား၊ ငါ၏ထီးနန်း စည်းစိမ်အန္တရာယ် သော်ငြား၊ တိုင်းပြည်၏အန္တရာယ်သော်ငြား ဖြစ်ဖွယ်ရာ မြင်ပါသလော"

"အရှင်မင်းမြတ်၊ ယင်းသို့သော အန္တရာယ်များ ဖြစ်ဖွယ်ရာ မရှိပါ။ ကျွန်ုပ်၏အိမ်၌ ခိုးသားဓားပြဖြစ်မည့် ကလေးသူငယ် တဦး မွေးဖွားသောကြောင့် ဓား လှံ လက်နက်များ အရောင် တောက်ခြင်း ဖြစ်ပါသည်"

"ဆရာ၏သားသည် တကိုယ်တည်းသော ခိုးသားဓားပြ ဖြစ် မည်လော။ သို့တည်းမဟုတ် တိုင်းပြည်ကိုပုန်ကန်မည့် သူပုန် ခေါင်းဆောင် ဖြစ်မည်လော"

"တကိုယ်တည်းသော ခိုးသားဓားပြသာ ဖြစ်ပါလိမ့်မည် အရှင်မင်းမြတ်"

"သို့ဖြစ်လျှင် ကိစ္စမရှိပါ။ သင့်သားကို ကောင်းစွာ ကျွေးမွေး ပြုစုပါလော"

ဘုရင်မင်းမြတ်၏ မိန့်ကြားချက်ကို ကြားလျှင် ပုရောဟိတ် ဆရာကြီးသည် ဝမ်းမြောက်စွာ အိမ်သို့ပြန်လာခဲ့ပြီး သားငယ်ကို

ကောင်းမွန်စွာ ကျွေးမွေးပြုစုထားလေ၏။ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် ပြုလုပ်သူ ဖြစ်မလာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် သားငယ်၏အမည်ကို "အဟိံသက"ဟု မှည့်ခေါ်ထားလေသည်။

အဟိံသက အရွယ်ရောက်လာသောအခါ ပညာသင်ရန် တက္ကသိုလ်ပြည်သို့ စေလွှတ်လိုက်၏။ အဟိံသကသည် ဉာဏ်ထက်မြက်သူဖြစ်၍ အတတ်ပညာကို ကြိုးကြိုးစားစား သင်ယူအားထုတ်ရုံသာမက ဆရာ၏ဝေယျာဝစ္စကိုလည်း တက်ကြွဖျတ်လတ်စွာ ဆောင်ရွက်လေ၏။ ထို့ကြောင့် ဆရာကတော်နှင့်တကွ ဒိသာပါမောက္ခဆရာကြီး၏ အရေးပေးခြင်းကို အထူး ခံယူရရှိလေသည်။

ထိုအခါ အခြားသော တပည့်လုလင်တို့သည် အဟိံသက အပေါ်၌ မနာလိုဝန်တိုဖြစ်လာကြ၏။ ထို့ကြောင့် ဆရာကြီး၏ အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေရန် အမျိုးမျိုးသောနည်းဖြင့် ကြံဆောင်ကြလေသည်။ ပညာလည်းတော်၊ တာဝန်လည်း ကျေပွန်လှသူဖြစ်၍ အခြားနည်းဖြင့် အဟိံသက၏ဂုဏ်သိက္ခာကို ပျက်ပြားစေရန် မလွှမ်းဆောင် နိုင်ကြသော အခါ ဆရာကြီး ကတော်နှင့် ဖောက်ပြားနေသည်ဟု သတင်းလွှင့်ကြသည်။

ဆရာကြီးကား အစပိုင်းတွင် ထိုတပည့်တို့၏ ဂုံးချောစကားကို မယုံကြည်ချေ။ မိမိအား ထိုအကြောင်းကို လာပြောသည့် တပည့်များအား မာန်မဲ၍ လွှတ်လိုက်၏။ အကြိမ်ကြိမ်လာ၍ ပြောသည့်အခါကျမှ သံသယဝင်လာသောကြောင့် အဟိံသက၏အနေအထိုင်ကို ဂရုစိုက်၍ လေ့လာအကဲခတ်လေသည်။

အဟိံသက၏ ဆရာကတော်နှင့် တရင်းတနှီးနေထိုင်ဆက်ဆံပုံကိုမြင်ရလျှင် တပည့်တို့၏စကားကို ရာနှုန်းပြည့် ယုံကြည်သွားတော့၏။ ထိုအခါ ဆရာကြီးသည် အဟိံသက၏ မျက်နှာကိုပင် မကြည့်လို၊ မမြင်လိုတော့သဖြင့် တစုံတခုသော နည်းပရိယာယ်ဖြင့် ဖျောက်ဖျက်ပစ်ရန် ကြံစည်လေတော့သည်။

တနေ့သ၌ ဆရာကြီးသည် အဟိံသကကိုခေါ်၍ ဤသို့ပြောဆိုလေသည်။

"ချစ်သား အဟိံသက၊ သင်ကား ပညာလည်း တော်၏။ လိမ္မာရေးခြားလည်း ရှိ၏။ ထို့ကြောင့် သင့်အားထူးခြားသော အတတ်ပညာတရပ်ကိုလည်း သင်ကြားပေးအံ့။ သို့သော် ထိုပညာကို အလွယ်တကူ သင်ကြားပေး၍ မဖြစ်။ လူ့လက်ညှိုးတထောင်ဖြင့် ယဇ်ပူဇော်မှသာတတ်မြောက်နိုင်သော ပညာဖြစ်၏။ သို့ဖြစ်၍ သင်သည် လူ့လက်ညှိုးတထောင်ကို ရအောင်ရှာချေလော့"

ဒိသာပါမောက္ခဆရာကြီး၏ စကားကိုကြားလျှင် အဟိံသကသည် ဓားလှံလေးမြားစသော လက်နက်များကို ယူဆောင်၍ တက္ကသိုလ်ပြည်မှ ထွက်ခဲ့၏။ တိုင်းပြည်၏ အစွန်အဖျားဖြစ်သော တောအုပ်ကြီးတခုသို့ ရောက်သောအခါ ထိုတောအုပ်ကြီးအတွင်း၌ ခိုအောင်းနေထိုင်၍ လာသမျှလူတို့ကို ဖမ်းဆီးသတ်ဖြတ်ပြီး လက်ညှိုးနှစ်ချောင်းကို ဖြတ်ယူထားလေသည်၊

ယင်းသို့ ဖြတ်ယူရရှိသော လက်ညှိုးများကို အဟိံသကသည် မိမိနေထိုင်သည့် သစ်ပင်၌ဆွဲချိတ်ထားလေ့ရှိရာ ကျီးငှက်များစားသဖြင့် ပျက်စီးလေကုန်၏။ ထို့ကြောင့် သူသည် နောက်ပိုင်းတွင် ရရှိသည့် လက်ညှိုးများကို ကြိုးဖြင့်သီ၍ လည်ပင်း၌ ဆွဲထား၏။ ဤသို့လက်ညှိုးများကို ပန်းကုံးကဲ့သို့ ကြိုးဖြင့်သီ၍ လည်ပင်းတွင်

ဆဲ့ထားသည့်အချိန်မှစ၍ သူသည်“အင်္ဂုလိမာလ ခိုးသားကြီး”ဟူသောအမည်ဖြင့် ထင်ရှားလာခဲ့လေသည်။

အင်္ဂုလိမာလခိုးသားကြီး၏ သတင်းသည် တနေ့တခြား ပြန့်နှံ့လာခဲ့ရာ သူနေသည့် တောအုပ်တွင်းသို့ ဖြတ်သန်းသွားလာဝံ့သူ မရှိသလောက် ဖြစ်လာခဲ့၏။ ထိုအခါ သူသည် အခြား တောအုပ်တခုသို့ ပြောင်းရွှေ့၍ ခိုအောင်းနေပြန်၏။ဤနည်းအားဖြင့် သူသည် နောက်ဆုံးတွင် သာဝတ္ထိပြည်၏ အစွန်အဖျားဖြစ်သော တောအုပ်သို့ ဆိုက်ရောက်လာ၏။

သူရောက်သည့်အချိန်မှစ၍ ထိုတောအုပ်တွင်းသို့လည်း လူများ မလာကြတော့ချေ။ ထိုအခါ သူသည် အစွန်အဖျားရှိ ရွာများသို့ ညအချိန်တွင် ဝင်ရောက်၍ ရရာလူကို ဖမ်းဆီးသတ်ဖြတ်လေသည်။ အင်္ဂုလိမာလကား သုံးယူဇနာခရီးကို တရှိန်တည်း ပြေးနိုင်သူဖြစ်၍ မည်သူမျှမှီအောင် မလိုက်နိုင်ကြ။ ထို့ကြောင့် ရွာသိမ်ရွာငယ်တို့မှ လူများသည် မိမိတို့ရွာ၌ မနေဝံ့ကြတော့ဘဲ သာဝတ္ထိနေပြည်တော်သို့ ပြောင်းရွှေ့နေထိုင်ကြရ၏။

တနေ့သ၌ ယင်းသို့ ပြောင်းရွှေ့ လာကြသူများ စုဝေး၍ ဘုရင့်နန်းတော်ရှေ့သို့ သွားကာ ကြွေးကြော် အော်ဟစ် ကြလေသည်။

“အရှင်မင်းကြီး၊ ကျွန်ုပ်တို့တိုင်းပြည်၌ ခိုးသားကြီး အင်္ဂုလိမာလ ထကြွသောင်းကျန်းနေပါသည်။ အမြန်ဆုံး ဖမ်းဆီး နှိမ်နင်းတော်မူပါလော”

ထိုသူတို့၏အော်ဟစ်တောင်းဆိုမှုကြောင့် ကောသလမင်းကြီးသည် အေးအေး မနေသာတော့ချေ။ “အင်္ဂုလိမာလ ခိုးသားကြီးကို နက်ဖြန်ပင် ဘုရင်မင်းမြတ် ကိုယ်တိုင် မြင်းသည်တော်

ငါးရာဖြင့် ထွက်၍ လက်ရဖမ်းမည်''ဟု ကြေငြာချက် ထုတ်ပြန် ရလေတော့သည်။

ယင်းသို့ ကြေငြာချက် ထွက်ပေါ်လာသောအခါ ပုရောဟိတ် ပုဏ္ဏားကြီးသည် ဇနီးဖြစ်သော ပုဏ္ဏေးမအား ဤသို့ ထုတ်ဖော် ပြောလေ၏။

''ရှင်မ၊ ယခု ထကြွ သောင်းကျန်းနေသည့် ခိုးသားကြီး အင်္ဂုလိမာလဟူသည် အခြားသူ မဟုတ်။ ငါတို့သား အဟိံသက ပင် ဖြစ်၏''

ဤစကားကို ကြားသိရလျှင် ပုဏ္ဏေးမသည် စိုးရိမ်ပူပန်ခြင်း ကြီးစွာဖြင့် ပုဏ္ဏားကြီးအား သားထံသို့သွား၍ ခေါ်ရန် တောင်း ပန် တိုက်တွန်း၏။ သို့သော် ပုဏ္ဏားကြီးက သူမသွားဝံ့ဟု ဆိုကာ တွင်တွင်ကြီး ငြင်းဆန်နေလေသည်။

ကြီးမားသော မိခင်တို့၏မေတ္တာဖြင့် လှုံ့ဆော် တိုက်တွန်း အပ်သော ပုဏ္ဏေးမသည် ''ရှင်မသွားဝံ့လျှင် ကျွန်မ သွားပါမည်၊ သားအတွက် ကျွန်မအသက်ကို အသေခံပါမည်''ဟု ဆို၍ နောက် တနေ့နံနက်တွင် အိမ်မှ ခပ်စောစော ထွက်ခဲ့လေသည်။

အင်္ဂုလိမာလသည် တောထဲ၌ နေရသည်မှာ ကာလကြာခဲ့ပြီ ဖြစ်၍ ငြီးငွေ့လာပြီ ဖြစ်သောကြောင့် မိမိ ရရှိထားသော လက်ညှိုးများကို ရေတွက်ကြည့်ရာ တဆောင်ပြည့်ရန် နှစ်ချောင်း မျှသာ လိုတော့ကြောင်း တွေ့ရှိရလေသည်။ ထို့ကြောင့် သူသည် ''ယနေ့ ငါပထမဦးဆုံး တွေ့ရှိသူကို လက်ရဖမ်းပြီး လက်ညှိုး ပေါင်းတထောင် ပြည့်စေတော့အံ့''ဟု ကြံလျက် တောအုပ်တွင် စောင့်နေ၏။

ထိုအချိန်တွင် သူ၏မိခင်ဖြစ်သော မန္တာနီပုဏ္ဏေးမသည် "ချစ်သားအဟိံသက၊ ကောသလမင်းကြီးသည် ယနေ့သင့်ကိုလာ၍ဖမ်းလိမ့်မည်။ အသက်မသေရန်မိခင်ထံသို့ အမြန်လာခဲ့လော" ဟု အော်အင်လျက် တောအုပ်ဝသို့ရောက်လာ၏။ အင်္ဂုလိမာလသည် ပုဏ္ဏေးမလာသည်ကို အဝေးမှ လှမ်း၍မြင်လျှင် မိခင်မှန်းမသိသောကြောင့် "ဤမိန်းမကိုပင် သတ်၍ လက်ညှိုးနှစ်ချောင်းကို ဖြက်ယူတော့အံ့" ဟူသော အကြံဖြင့် စောင့်ဆိုင်းနေ၏။

ယင်းသို့ စောင့်ဆိုင်းနေစဉ်မှာပင် အခြားတဖက်ဆီမှ ခပ်သွက်သွက် လျှောက်လာသည့် ရဟန်းတပါးကို မြင်တွေ့လိုက်ရသောကြောင့် အင်္ဂုလိမာလ၏ စိတ်အာရုံမှာ ချက်ခြင်း ပြောင်းလဲသွားတော့၏။ ကေသရာဇာခြင်္သေ့မင်းသည် အားနွဲ့သော သားကောင်ထက် အားရှိသော သားကောင်ကို ပို၍ဖမ်းဆီးလိုသကဲ့သို့ အင်္ဂုလိမာလသည်လည်း အားနွဲ့သော မိန်းမသားတဦးထက် ဝင့်ဝင့်စားစားရှိလှသော ထိုရဟန်းကိုသာ ပို၍ ဖမ်းဆီးလိုစိတ်ဖြစ်ပေါ်လာ၏။ "ဤရဟန်းသည် ငါ့ကိုပင် ပမာမထားသောကြောင့် ဤတောအုပ်သို့ ဝင့်ဝင့်စားစား လာရောက်လေသလော" ဟု တွေးတောလျက် ထိုရဟန်း၏နောက်သို့ ဓားထမ်း၍ လိုက်လေတော့သည်။

နောက်မှလိုက်လာသော အင်္ဂုလိမာလသည် အားကုန်တုတ်၍ ပြေးသော်လည်း ရှေ့မှသွားသော ရဟန်းကား ဂူမြွေမပျက် တလှမ်းချင်းသာ ဆက်၍ လျှောက်နေသည်ကို တွေ့ရ၏။ သို့ရာတွင် သူသည် ချွေးသီးချွေးပေါက်များ ပေါ်စီး ထွက်ကျလာသည့်တိုင်အောင် လိုက်သော်လည်း ရဟန်းကို မမှီ။ မြေအပြင်သည် လှိုင်း

တံပိုးထသကဲ့သို့ နိမ့်တုံမြင့်တုံ ဖြစ်နေသောကြောင့် သူ့ခြေလှမ်းများမှာ ရှေ့သို့ မတိုးဘဲ ဖြစ်နေ၏။

ထိုအခါ အင်္ဂုလိမာလသည် "အလွန် လျင်မြန်လှသည့် သမင်ဒရယ်စသော သတ္တဝါများပင် ငါ့လက်မှ မလွတ်နိုင်။ ဖြေးဖြေးသာ သွားသည့် ဤရဟန်းကို ငါ မမှီနိုင်သည်မှာကား အံ့ဘွယ်ရှိပေစွ"ဟု စဉ်းစားမိလေသည်။ ထို့ကြောင့် သူသည် အပြေးကို ခေတ္တရပ်တန့်၍ "အို ရှင်ရဟန်း ရပ်ဦးလော၊ ရပ်ဦးလော"ဟု လှမ်း၍ ဆို၏။

"အချင်း အင်္ဂုလိမာလ၊ ငါကား ရပ်၏။ သင်သာ မရပ်ဘဲ သွားနေသူ ဖြစ်၏"

"အို ရှင်ရဟန်း၊ သင် မရပ်မနား သွားနေသည်ကို ကျွန်ုပ် မျက်မြင်ပင် ဖြစ်ပါသည်။ သို့ပါလျက် 'ငါကား ရပ်၏၊ သင်သာ မရပ်'ဟု အဘယ့်ကြောင့် ဆိုဘိသနည်း။ ရဟန်းဖြစ်လျက် မုသားဆိုခြင်းသည် မသင့်လျော်ပါ"

"အချင်း အင်္ဂုလိမာလ၊ ငါသည် သူ့အသက်သတ်ခြင်းစသော မကောင်းမှုတို့ကို ပယ်ရှားပြီးသူ ဖြစ်၍ အပါယ်သို့ လားရန် မရှိ၊ နိဗ္ဗာန်တံခါးဝ၌သာ ရပ်တည်နေသူ ဖြစ်၏။ သင်ကား ထိုကဲ့သို့သော မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်နေသူ ဖြစ်၍ ငရဲစ အပါယ်သို့ သွားရမည့်သူ ဖြစ်၏။ ထို့ကြောင့် ငါကား ရပ်၏၊ သင်သာ မရပ်ဟု ဆိုခြင်း ဖြစ်ပေသည်"

ထိုစကားကို ကြားလျှင် အင်္ဂုလိမာလသည် "ဤမျှအဘိုးတန်သောစကားကို ဆိုတတ်သူကား သာမန်လူ မဟုတ်တန်ရာ။ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏သား ဘုရားဂေါတမဆိုသူပင် ဖြစ်ပေလိမ့်မည်"ဟု စဉ်းစားမိလေသည်။

ယင်းသို့ စဉ်းစားမိသည်နှင့် တပြိုင်နက် သူသည် လည်၌ ဆွဲထားသော လက်ညှိုးများကိုရင်း၊ လက်၌ စွဲကိုင်ထားသည့် ဓား၊ လှံ၊ လေးမြှားတို့ကိုရင်း ပစ်ချ၍ ဗုဒ္ဓခြေရင်း၌ ဝပ်စင်းကန်တော့လေသည်။

ဗုဒ္ဓသည် အင်္ဂုလိမာလအား သင့်မြတ်သော တရားဓမ္မကို ဟောကြားတော်မူ၏။ တရားအဆုံး၌ အင်္ဂုလိမာလသည် အရဟတ္တဖိုလ်ကို သိမြင်၍ ဧဟိ ဘိက္ခုရဟန်းအဖြစ်ကိုပါ ရရှိသွားတော့၏။

ထိုအခါ ဗုဒ္ဓသည် ရှင်အင်္ဂုလိမာလကို ခေါ်၍ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူခဲ့၏။ မန္တာနီပုဏ္ဏေးမသည် ရဟန်းဝတ်ဖြင့် ဗုဒ္ဓ၏နောက်တော်မှ လိုက်ပါလာသည့် ရှင်အင်္ဂုလိမာလကို အလွန်ဝမ်းမြောက်လျက် သူမလည်း နောက်မှလိုက်ခဲ့လေ၏။

"ဗုဒ္ဓသည် အင်္ဂုလိမာလ ခိုးသားကြီးအား ဆုံးမ၍ ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်လာခဲ့သတဲ့"

ဤသတင်းသည် သာဝတ္ထိမြို့တော်တွင်း၌ တမုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။ ထိုအချိန်တွင် ကောသလမင်းကြီးကား အင်္ဂုလိမာလကို ဖမ်းဆီးရန်အတွက် စစ်သည်ရဲမက်တို့ကို စုဆောင်းပြင်ဆင်နေဆဲ ရှိသေး၏။ အင်္ဂုလိမာလသည် ဗုဒ္ဓနောက်သို့ပါလာပြီ ဖြစ်ကြောင်း ကြားသိရသော အခါတွင်မူ မင်းကြီးသည် စစ်သည်ရဲမက်များ ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ချက်ခြင်းထွက်လာခဲ့လေ၏။

ကျောင်းတော်သို့ရောက်၍ ဗုဒ္ဓ ရှင်တော်မြတ်အား အကျိုးအကြောင်းကို မေးလျှောက်နေစဉ် ရှင်အင်္ဂုလိမာလသည်လည်း ဗုဒ္ဓထံပါးသို့ ကြွရောက်လာ၏။ ထိုအခါ မင်းကြီး၏ မှူးမတ်ဗိုလ်ပါတို့သည် ထိတ်လန့်ကြောက်ရွံ့ကာ နေရာမှ ထ၍ ရှောင်

ရှား ပြေးလွှားကြကုန်၏။ မင်းကြီးကား ရာဇပလ္လင်ပေါ်၌ မပျက်စေရန်အတွက် ကြောက်ကြောက်ဖြင့်ပင် နေရာမှ မထဘဲ ထိုင်နေရရှာလေ၏။

ထို့နောက်မင်းကြီးသည်ဗုဒ္ဓရှင်တော်မြတ်အား ဤသို့လျှောက်တင်လေ၏။

"အရှင်ဘုရား၊ လူပေါင်းများစွာကို ရက်စက်စွာ သတ်ဖြတ်ခဲ့သော အင်္ဂုလိမာလကို ဒဏ်တော်အား လွှဲအပ်တော်မူပါ။ ထိုက်သင့်သော ပြစ်ဒဏ်ကို ဒဏ်တော် စီရင်ပါမည်။"

"မြတ်သောမင်းကြီး၊ အင်္ဂုလိမာလသည် ကိလေသာကင်းစင်ပြီး အရိယာသူတော်စင် ဖြစ်လေပြီ။ မင်းပြစ်မင်းဒဏ်ဖြင့် စီရင်ရန် မသင့်တော့ပေ"

ဗုဒ္ဓသည် ဤသို့မိန့်ကြား၍ မင်းကြီးအား တရားရေအေးကို တိုက်ကျွေး ဟောကြားတော်မူရာ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ကျောင်းတော်မှ ပြန်ခဲ့လေသည်။

ရဟန်းတော် ရှင်အင်္ဂုလိမာလသည် နောက်တနေ့ နံနက်တွင် အခြားရဟန်းများနည်းတူ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လေ၏။ ထိုအခါ မြင်သမျှ လူတို့သည် "ဤသူကား ငါတို့အဘကို သတ်သူတည်း၊ ဤသူကား ငါတို့သားကို သတ်သူတည်း" စသည်ဖြင့် ပြောဆို၍ ဆွမ်းမလောင်းဘဲ ရှောင်ရှား ပုန်းကွယ်၍ နေကြ၏။ အချို့ကလည်း ခဲတုတ်စသည်တို့ဖြင့် ပစ်ပေါက်ကြ၏။

ဤသို့ဖြင့် ရှင်အင်္ဂုလိမာလသည် ဆွမ်းတဇွန်းမျှပင် မရဘဲ အချည်းအနှီးသော သပိတ်ဖြင့် ကျောင်းသို့ ပြန်ခဲ့ရလေ၏။ အခြားသော ရဟန်းတို့က မျှတပေးကမ်းသည့် ဆွမ်းကိုသာမှီဝဲ သုံးဆောင် နေရရှာ၏။

ဤအကြောင်းကို ဗုဒ္ဓရှင်တော်မြတ် ကြားသိလျှင်“ချစ်သား အင်္ဂုလိမာလ၊ သင်ပြုခဲ့သည့် မကောင်းမှုများကြောင့် ဤကဲ့သို့သော ဆင်းရဲဒုက္ခကို သင်ခံစားရခြင်းဖြစ်၏။ သူတော်ကောင်းတရားကို နှလုံးသွင်း၍ သည်းခံလော”ဟူ၍ မိန့်ကြားဆုံးမတော်မူ၏။

တနေ့သ၌ ရှင်အင်္ဂုလိမာလသည် ဇေတဝန်ကျောင်းတော်အနီး၌ မီးမဖွားနိုင်၍ အလွန် ဆင်းဒုက္ခရောက်နေသော မိန်းမဘယောက်ကို မြင်လျှင်သနားကရုဏာ သက်ဝင်လှသောကြောင့် ဗုဒ္ဓထံသို့ သွားရောက် လျှောက်ထားလေ၏။ ဗုဒ္ဓသည်သူ့အား သစ္စာပြုသည့် ပရိတ်ဂါထာတပုဒ်ကို သင်ကြားပေးပြီး ထိုမိန်းမအနီးသို့ သွားရောက် ရွတ်ဆိုရန် ညွှန်ကြားလိုက်လေသည်။

ဗုဒ္ဓညွှန်ကြားသည့်အတိုင်း သွားရောက် ရွတ်ဆိုသောအခါ ကိုယ်ဝန်သည် တခဏအတွင်း၌ပင် ချောမောလွယ်ကူစွာဖွားမြင်လေ၏။ ထိုအချိန်မှစ၍ မိန်းမများ မီးမဖွားနိုင်လျှင် ရှင်အင်္ဂုလိမာလကို လာ၍ပင့်ကြ၏။ အချို့ကလည်း ကိုယ်ဝန်ဆောင်မိန်းမများကို အရှင်မြတ်ထံ ခေါ်ဆောင်လာကြ၏။ တခါတရံတွင်မူ အရှင်မြတ်ထိုင်ခဲ့သည့် နေရာကို ရေဆေး၍ ထိုရေဖြင့် ကိုယ်ဝန်ဆောင် မိန်းမများ၏ ခေါင်းပေါ်သို့လောင်းရုံဖြင့်ပင် ကိုယ်ဝန်သည် ချောမောစွာ မွေးဖွားခဲ့လေ၏။

ဤသို့ဖြင့် ရှင်အင်္ဂုလိမာလသည် ကိုယ်ဝန်ဆောင် မိန်းမတို့၏ အားကိုးရာ ဖြစ်လာခဲ့၏။ လူသားတို့၏ ချမ်းသာမှုကို ဆောင်ကြဉ်းသည့် ပုဂ္ဂိုလ်တပါးအဖြစ်ဖြင့် ကြည်ညိုသူများ တနေ့တခြား တိုးပွားလာ၏။ ထို့ကြောင့်ဆွမ်းအတွက် အခက်အခဲ

လုံးဝမရှိတော့ဘဲ တရားကို ချမ်းချမ်းသာသာ ဆင်ခြင်ပွားများ၍ နေနိုင်လေတော့သည်။

ယင်းသို့ တရားဖြင့်သာ အစဉ်ပျော်မွေ့သည့် သူတော်စဉ်ဘဝသို့ လုံးလုံးလျားလျား ကူးပြောင်း ရောက်ရှိလာခဲ့သော်လည်း အချို့သော ရဟန်းများသည် ရှင်အင်္ဂုလိမာလအပေါ်၌ အထင်မကြီးကြချေ။ "လူပေါင်း တထောင်နီးပါးမျှကို ရက်စွာ သတ်ဖြတ်ခဲ့သူ တဦးသည် တရားထူး တရားမြတ်ကို ပေါက်ရောက်သိမြင်နိုင်မည်မဟုတ်" ဟူ၍ ထင်မြင်ယူဆနေကြ၏။

တရံရောအခါ ကောသလမင်းကြီးသည် ပြည်သူပြည်သားတို့နှင့် ယှင်ပြိုင်၍ အလှူပွဲကြီးတရပ် ကျင်းပရာ ရဟန်းငါးရာတို့အား တပါးလျှင် ဆင်တစီးကျစီဖြင့် ပင့်ဆောင်ရန် စီစဉ်ကြ၏။ ထိုအခါ ဆင်တစီးလိုနေသောကြောင့် ရှင်အင်္ဂုလိမာလအားဆင်ရိုင်းတကောင်ဖြင့် ပင့်ဆောင်ရ၏။ သို့သော်လည်း ထိုဆင်ရိုင်းသည် ရှင်အင်္ဂုလိမာလအပါးဝယ် ပြားပြားဝပ်လျက် ငြိမ်သက်စွာ လိုက်ပါလေသည်။

ထိုအလှူမှ ပြန်လာကြသောအခါ အချို့သော ရဟန်းတို့က ရှင်အင်္ဂုလိမာလအား "ငါ့ရှင် ဆင်ရိုင်းကြီးဘေးက လိုက်ရတာ မကြောက်ဘူးလော" ဟု မေးမြန်းကြ၏။ "တပည့်တော်မှာ ကြောက်ခြင်းဆိုတာ မရှိပါ" ဟူ၍ရှင်အင်္ဂုလိမာလက ဖြေကြားလျှင် ထိုစကားကို မယုံကြည်ကြသောကြောင့် ရဟန်းများသည် ဗုဒ္ဓထံသို့ သွားရောက် လျှောက်ထားကြသည်။

ဗုဒ္ဓက "ချစ်သားတို့၊ ကိလေသာရန်ကိုအောင်မြင်၍ သစ္စာလေးပါးကို သိမြင်ပြီးသူသည် ကြောက်ခြင်းတရားကိုလည်းလွန်

ပြောက်ပြီးဖြစ်၏” ဤသို့ ထုတ်ဖော်မိန့်ကြားမှ ထိုရဟန်းများ ကျေနပ်သွားကြ၏။

သို့ရာတွင် ရှင်အင်္ဂုလိမာလ၏ အခြေအနေကို ကောင်းစွာ သဘောမပေါက်သည့် ရဟန်းများကား ဆက်လက်ရှိနေခဲ့သည် သာဖြစ်၏။

ရှင်အင်္ဂုလိမာသည် ရဟန်းဘဝသို့ရောက်ရှိပြီးနောက် နှစ်ပေါင်းများစွာ မကြာမီမှာပင် ဘဝဇာတ် ချုပ်ငြိမ်းခဲ့လေသည်။

ထိုအခါ ဓမ္မသဘင်၌ စုဝေးနေကြသော ရဟန်းတို့သည် “အင်္ဂုလိမာလသည်အဘယ်ဘဝသို့ရောက်လေသနည်း”ဟူ၍ပြော ဆိုဆွေးနွေးနေကြ၏။ ထိုစဉ်တွင် ဗုဒ္ဓရှင်တော်မြတ် ကြွရောက်လာပြီး အင်္ဂုလိမာလသည် ဘဝသုံးပါးမှ လွတ်မြောက်၍ ပရိနိဗ္ဗာန် စံသွားပြီဖြစ်ကြောင်း ထုတ်ဖော် မိန့်ကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓက ဆက်လက်၍ လူပေါင်းတထောင်နီးပါး မျှကို သတ်ဖြတ်ခဲ့သူဖြစ်လင့်ကစား ထိုမကောင်းမှုများကို အရိယ မဂ်ဉာဏ်တည်းဟူသော ကုသိုလ်ဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်ခဲ့သည့်အတွက် အင်္ဂုလိမာလသည် အပါယ်ဆင်းရဲမှ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်းရှင်းလင်းမိန့်ကြားတော်မူ၏။

ယင်းမိန့်ကြားချက်ကို ကြားနာရလျှင် အားလုံးသောရဟန်း များ သံသယကင်းစင်၍ အမြင်မှန်ရရှိသွားကြလေသည်။

[ ၁၃– လောကဝဂ် ၆– အင်္ဂုလိမာလထေရ ဝတ္ထု၊ ၂၆-ဗြာဟ္မဏဝဂ်၃၉-အင်္ဂုလိမာလထေရဝတ္ထုတို့ကို မဇ္ဈိမပဏ္ဏာသ အင်္ဂုလိမာလသုတ်ပါဠိ အဋ္ဌကထာ ဖြင့် ဖြည့်စွက်ရေးသားပါသည်။ ]

# လင်ထက်သာသော မယား

ရာဇဂြိုဟ်ပြည်၌ ဝိသာခနှင့် ဓမ္မဒိန္နာဟူသော သူဌေးဇနီးမောင်နှံ နှစ်ဦး ရှိခဲ့၏။ ထိုဇနီးမောင်နှံသည် တဦးနှင့်တဦး အလွန်ချစ်ခင်ကြင်နာလျက် ပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းသင်း နေထိုင်ခဲ့ကြသော်လည်း သားသမီးကား တဦးတယောက်မျှ ထွန်းကားခြင်း မရှိချေ။ သားသမီးသံယောဇဉ်လည်း မရှိ။ စည်းစိမ်ဥစ္စာကလည်း အပြည့် ဖြစ်နေသောကြောင့်လည်း သူတို့ဘဝမှာ ပို၍ အေးချမ်းဖြောင့်ဖြူးလျက် ရှိလေသည်။

သူဌေး ဝိသာခသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရနှင့် တက္ကသိုလ်ပြည်၌ အတူ ပညာသင်ခဲ့သူ ဖြစ်၏။ ထို့ကြောင့် ဘုရင်မင်းမြတ်သည် ဝိသာခအား များစွာ အရေးပေးထား၏။ ဝိသာခသည် ဘုရင်၏ယုံကြည်အားထားခြင်းခံရသူ ဖြစ်၍ နန်းတော်သို့ နေ့စဉ် ဝင်ထွက်ခွင့် ရရှိနေပေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် ဘုရင်ဗိမ္ဗိသာရ၏ ကြိုတင်ပင့်လျှောက်ထားချက်အရ ရာဇဂြိုဟ် ပြည်သို့ ရှေးဦးစွာ ကြွရောက်တော်မူလာ၏။ ဘုရင်ဗိမ္ဗိသာရသည် များစွာသော မှူးမတ်ပြည်သူတို့နှင့်အတူ ဗုဒ္ဓထံ ချဉ်းကပ်၍ တရား နာယူခဲ့ရာ ဘုရင်မင်းမြတ် အမှူးရှိသည့် တသိန်း နှစ်သောင်း သော ပြည်သူတို့သည် သောတာပန်အဖြစ်သို့ ဆိုက်ရောက်ခဲ့ကြ ၏။ ထိုသူတို့တွင် ဘုရင်မင်းမြတ်၏ မိတ်ဆွေရင်းဖြစ်သော သူဌေး ဝိသာခသည် ရှေ့တန်းမှ ပါဝင်ခဲ့ပေသည်။

ဘုရင်ဗိမ္ဗိသာရသည် ရာဇဂြိုဟ်ပြည်၏ မြောက်ဖက်တွင် တည် ရှိနေသော ဝေဠုဝန် ဥယျာဉ်၌ ဗုဒ္ဓနှင့် တပည့်သံဃာတို့အတွက် ကျောင်းသင်္ခမ်းများဆောက်လုပ် လှူဒါန်းခဲ့၏။ ဗုဒ္ဓရှင်တော်မြတ် သည်လည်း ဝေဠုဝန် ကျောင်းတော်၌ နှစ်ကာလ ကြာမြင့်စွာ သီတင်းသုံးနေတော်မူခဲ့၏။

သူဌေး ဝိသာခသည် သောတာပန်အဖြစ်သို့ ရောက်သည့် နေ့မှစ၍ ဗုဒ္ဓထံသို့ အမြဲမပြတ် ဆည်းကပ်ခဲ့၏။ မိမိအိမ်သို့ ပင့် ဖိတ်၍ ဆွမ်းလောင်းလှူခြင်း၊ ကျောင်းတော်သို့ သွား၍ တရား နာခြင်းများကို အမြဲမပြတ် ပြုလုပ်နေခဲ့၏။ သူဌေးကတော် ဓမ္မဒိန္နာကား အိမ်မှုကိစ္စများကို စီမံဆောင်ရွက်နေရသူ ဖြစ်၍ တရံတခါမှသာ တရားနာ လိုက်နိုင်လေသည်။

တခုသော ညနေချမ်းအချိန်ဝယ် ဓမ္မဒိန္နာသည် ညနေစာ ထမင်းဟင်းများ စီမံချက်ပြုတ်ပြီး ဖြစ်၍ မိမိကိုယ်ကို ပြင်ဆင် ခြယ်သလျက် အိမ်အပေါ်ထပ်မှ နေ၍ တရားနာသွားသော ခင်ပွန်းသည်ကို စောင့်မြော်နေလေသည်။ သူဌေးသည် ယနေ့

အခါတိုင်းထက် ပို၍ အိမ်ပြန် နောက်ကျ နေသလော ဟူ၍ သူမ၏စိတ်တွင် မှတ်ထင်နေ၏။

ထိုစဉ်အတွင်း နောက်လိုက်လုလင်ငယ်တဦးနှင့်အတူ ကျောင်းတော်မှ ပြန်လာသည့် သူဌေးဝိသာခကို ပြတင်းပေါက်မှ လှမ်း၍ တွေ့မြင်ရသည်။ သို့သော် သူဌေး၏ အမူအရာမှာ အခါတိုင်းနှင့် မတူ တမူထူးခြားလျက်ရှိသည်ကို သူမ ချက်ခြင်း အကဲခတ်မိ၏။ အခါတိုင်းဆိုလျှင် သူဌေးသည် သူမကို မြင်သည်နှင့် တပြုံးပြုံးနက် ကြည်လင်သောအပြုံးဖြင့် အဝေးမှနေ၍ နှုတ်ဆက်စမြဲ ဖြစ်၏။ ယနေ့ကား သူမ၏မျက်နှာကိုပင် လှမ်း၍မကြည့်ဘဲ ခပ်တည်တည် အမူအရာဖြင့်သာ အိမ်ထဲသို့ ဝင်လာ၏။

နေ့စဉ်ပြုနေကျထုံးစံအတိုင်း ဓမ္မဒိန္နာသည် လှေကားတဝက်သို့ ဆင်း၍ သူဌေးအား လက်ကမ်းကြိုဆိုခြင်းပြု၏။ ထိုအခါတွင်လည်း သူဌေးသည် သူမ ကမ်းပေးသည့်လက်ကို မဆွဲမကိုင်ဘဲ မိမိဘာသာ တက်လာခဲ့၏။

ထို့နောက် ဓမ္မဒိန္နာသည် အဆင်သင့်စီမံချက်ပြုတ်ထားသော တမင်းဟင်းများကို ခူးခပ်ပြင်ဆင်၍ သူဌေးအား ကျွေးမွေးလေသည်။ သူမကိုယ်တိုင်လည်း အနီး၌ ထိုင်၍ ယပ်ခတ်ပေးနေ၏။ သူဌေးကား စကားတခွန်းမျှ လှစ်ဟ ပြောဆိုခြင်း မပြုဘဲ တိတ်ဆိတ်စွာ စားသောက်၍ နေရာမှ ထသွားလေသည်။

ထိုအခါ ဓမ္မဒိန္နာသည် မိမိစိတ်ကို မျိုသိပ်၍ မနေနိုင်တော့ချေ။ သူဌေးနောက်သို့ ချက်ခြင်းလိုက်သွားပြီး ဖွင့်ဟ မေးမြန်းလေတော့သည်။

"အရှင်၊ ကျွန်မကို ဘာ့ကြောင့် စကား မဆိုပါသလဲ။ ကျွန်မအပေါ်မှာ ဘယ်လို မကျေနပ်စရာများ ရှိနေလို့ပါလဲ"

"နှမ! သင့်အပေါ်၌ မကျေနပ်စရာ တစုံတခုမျှ မရှိပါ။ ငါကား ထူးကဲသောတရားကို နာခဲ့ရသဖြင့် ကာမဂုဏ်စည်းစိမ်၌ မပျော်မွေ့နိုင်တော့ပြီ။ ထို့ကြောင့် ဤအိမ်ရှိ စည်းစိမ် ဥစ္စာတို့ကို နှမပင် လက်ခံသိမ်းပိုက်ပါလော"

ဝိသာခ၏ စကားများသည် ဓမ္မဒိန္နာ၏ မီးလဲပြာဖုံး ဖြစ်နေသော စိတ်ကို နှိုးဆွပေးသကဲ့သို့ ဖြစ်သွား၏။ ထိုစကားများကို ကြားလျှင် သူမက "အရှင် သူတပါးထွေးသည့် တံတွေးပေါက်ကို ကျမ ကောက်၍ မမျိုလိုပါ။ အရှင် ခွင့်ပေးမည် ဆိုပါက ကျမလဲ ယနေ့ပင် ရဟန်းပြုလိုပါသည်" ဟု ပြောဆိုလေသည်။

ဝိသာခကား ဇနီးသည်ထံမှ ဤကဲ့သို့သော စကားများ ထွက်ပေါ်လာလိမ့်မည်ဟူ၍ လုံးဝ မြော်လင့်မထားခဲ့ချေ။ သူမသည်လည်း အခြားသော အမျိုးသမီးများကဲ့သို့ လောကီ စည်းစိမ်ကို တွယ်တာမက်မောနေသူတဦး ဖြစ်သည်ဟု မှတ်ထင်နေခဲ့၏။ ယင်းကဲ့သို့ မှတ်ထင်နေရာမှ သူမလည်း ရဟန်း ပြုလိုပါသည်ဟု ဖွင့်ဟ ပြောဆိုလာသောအခါ သူမ၏ မွန်မြတ်သော စိတ်ဆန္ဒကို မတားမြစ်ရန် မသင့်တော့ပေ။ ထို့ကြောင့် "နှမ ရဟန်း ပြုမည်ဆိုလျှင် မောင် ဝမ်းမြောက်စွာ ခွင့်ပေးပါသည်" ဟု အလိုက်သင့် ပြောဆိုရလေတော့သည်။

ဤသို့ဖြင့် ဝိသာခနှင့် ဓမ္မဒိန္နာတို့ ဇနီးမောင်နှံ နှစ်ဦးတွင် ဇနီးသည်ဖြစ်သူ ဓမ္မဒိန္နာက မထင်မှတ်ဘဲ ဘိက္ခုနီမ အဖြစ်သို့ ရောက်ရှိလာ၏။ ဝိသာခကား အနာဂါမ်အရိယာ အဖြစ်သို့ ရောက်ရှိနေပြီးသူ ဖြစ်လင့်ကစား ဇနီးသည်ကို ဦးစားပေးလိုက်ရသဖြင့် ရဟန်းပြုရန် အခွင့်အရေးကို လက်လွှတ်လိုက်ရတော့သည်။ မိမိတို့အား မှီခို စားသောက်နေကြရသော ကျေးကျွန်

သင်းပင်းတို့ကို ၎င်းညွှာထောက်ထားလျက် မိမိ၏အိုးအိမ် စည်းစိမ်ကိုပင် အခြေမပျက်အောင် ဦးစီးလုပ်ကိုင်၍ နေရလေသည်။

ဘိက္ခုနီဘဝသို့ ရောက်ရှိလာသော ဓမ္မဒိန္နာထေရီမသည် မြို့ကျောင်း၌ ရက်အနည်းငယ်သာနေပြီး ဆိတ်ငြိမ်သော တောကျောင်းသို့သွား၍ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်လေ၏။ ရှေးရှေးသောဘဝတို့၌ ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီရှိသူဖြစ်၍ တလကျော် နှစ်လခန့် အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သဖြင့် မြို့ကျောင်းသို့ ပြန်လာခဲ့လေသည်။

သူဌေးဝိသာခသည် ဓမ္မဒိန္နာထေရီမပြန်လာကြောင်း ကြားသိလျှင် "ဤအရှင်မသည် တလကျော် နှစ်လ အတွင်း၌ပင် တောကျောင်းမှ ပြန်လာ၏။ သာသနာ့ဘောင်၌ မပျော်ပိုက်၍ ပြန်လာခြင်းပေလော"ဟု ကြံစည်စဉ်းမိဖြင့် ဤအကြောင်းကို စုံစမ်းလေ့လာရန် ဘိက္ခုနီကျောင်း တော်သို့ သွားလေသည်။ ကျောင်းတော်သို့ရောက်လျှင် အရိယာပုဂ္ဂိုလ်များသာ ဖြေဆိုနိုင်မည့် နက်နဲနက်နဲသော တရားပြဿနာတို့ကိုထေရီမအား မေးလျှောက်လေ၏။ ထိုပြဿနာတို့ကို ထေရီမက ကောင်းစွာ ရှင်းလင်း ဖြေဆိုလိုက်ရာ ဝိသာခ၏ သံသယစိတ်များ လုံးဝ ကင်းပျောက်သွားတော့သည်။

ထို့နောက် ထေရီမက "ဒါယကာ ဝိသာခ၊ ကျွန်ုပ်၏ ရှင်းလင်း ဖြေဆိုချက်များအပေါ် သံသယကင်းရှင်းစေရန် သင်၏ ပြဿနာတို့ကို ဗုဒ္ဓအားလည်း ထပ်မံမေးလျှောက်ဦးလော"ဟူ၍ ပြောကြားလေသည်။

ဝိသာခသည် ဗုဒ္ဓထံသို့သွား၍ မေးလျှောက်ရာ ဗုဒ္ဓ၏ဖြေကြားချက်တို့မှာ ထေရီမ၏ ဖြေကြားချက်တို့နှင့် တထပ်တည်း ကျနေလေသည်။

ဗုဒ္ဓက ဆက်လက်၍ ဓမ္မဒိန္နာထေရီမသည် စွဲလမ်းမှု၊ ကြောင့်ကြမှု လုံးဝကင်းစင်သည့် ရဟန္တာမဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်မိန့်ကြားရာ သူဌေးဝိသာခမှာ ဝမ်းမြောက်ကျေနပ်၍ မဆုံးအောင် ရှိလေတော့သည်။

ဓမ္မဒိန္နာထေရီမကား တရားဟောရာတွင် ရှင်းလင်းပြတ်သားမှု ရှိလှသဖြင့် ဧတဒဂ်ဘွဲ့ထူးကိုပင် ရရှိခဲ့ပေသည်။

[မြဘဟ္မဏဝဂ်၊ ဓမ္မဒိန္နာထေရီဝတ္ထု]



# ဘဝဟောင်းမှ မိခင်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သာနုအမည်ရှိသော သာမဏေကလေးတပါးရှိ၏။ ထိုသာမဏေကလေးသည် အကျင့်သိက္ခာနှင့် လွန်စွာ ပြည့်စုံ၏။ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေခပ်ခြင်း၊ ဆီမီးညှိထွန်းခြင်း စသော ကျောင်း၏ဝေယျာဝစ္စများကိုလည်း မလစ်ဟင်းအောင် ဆောင်ရွက်လေ့ရှိ၏။

ဇေတဝန်ကျောင်းတော်၌ နေ့စဉ်မပြတ် တရားပွဲများကျင်းပ၍ ဓမ္မကထိကရဟန်းတော်များက တလှည့်စီ တရားဟောပြောခြင်း အစဉ်အလာတရပ်ရှိခဲ့၏။ သာနုသာမဏေကလေးသည် ထိုကဲ့သို့သော တရားပွဲများအတွက် ကျောင်းတိုက်တွင်း၌ လှည့်လည်၍ ကြွေးကြော်ခြင်းပြုလေ့ရှိ၏။

တနေ့သ၌ တရားပွဲတွင် အလှည့်ကျ တရားဟောမည့် ဓမ္မကထိကပုဂ္ဂိုလ် အဆင်သင့် မရှိသဖြင့် သာနုသာမဏေကလေးကို

ပင် တရားဟောရန် ပရိသတ်က ဝိုင်း၍ တိုက်တွန်းကြလေသည်။ သာနုကား အသက်အရွယ်အားဖြင့် ငယ်ရွယ်သူဖြစ်လင့်ကစား ကြောက်ရွံ့ တွန့်ဆုတ်ခြင်း လုံးဝမရှိ။ ပလ္လင်ပေါ်သို့ ရဲဝံ့စွာ တက်၍ မိမိ သင်အံ လေ့ကျက်ထားသည့် သုတ္တန်ဒေသနာကို ပီပြင် ပြတ်သားစွာ ရွတ်ဆို ဟောပြောလေ၏။

တရားအဆုံးဝယ် ပရိသတ်၏ သာဓုခေါ်သံကြီးသည် ပဲ့တင် ထပ်မျှ ထွက်ပေါ်လာ၏။ ရဟန်းတော်များသာမက အနီး ပတ် ဝန်းကျင်ရှိ နတ်ဒေဝါတို့ကလည်း ဝမ်းမြောက် ဝမ်းသာ ကောင်းချီးပေးကြလေ၏။

ထိုအချိန်တွင် တခုသော အတိတ်ဘဝက သာမဏေ၏မိခင် ဖြစ်ဘူးသော ဘီလူးမသည်လည်း တရားနာရန် ရောက်ရှိနေ၏။ ထိုဘီလူးမသည် သာမဏေ၏တရားကို ကြားနာရလျှင် အလွန် ဝမ်းမြောက်လျက် မိမိသည် ယိုသာမဏေ၏ ဘဝဟောင်းက မိခင်ဖြစ်ကြောင်း ထုတ်ဖော်ကြွေးကြော်လေသည်။

ထိုအချိန်မှစ၍ နတ်တို့သည် သာမဏေအားငှင်း၊ ဘီလူးမ အားငှင်း ရိုသေလေးစားမှု ပြုလာကြ၏။ တန်ခိုးကြီးသော နတ် ဘီလူးတို့ကပင် ထိုဘီလူးမအား ရှေးဦးကြိုပြုကာ အရိုအသေ ပေးလာကြ၏။ သား၏ အရှိန်အဝါကြောင့် ဘီလူးမမှာ လွန် စွာ မျက်နှာကြီးလျက်ရှိတော့သည်။

တကျောင်းလုံး၏ ကြည်ညိုလေးစားမှုကို ရရှိနေသော သာနု သာမဏေကလေးသည် တစတစဖြင့် အသက် ၂၀ အရွယ်သို့ ရောက်လာ၏။ အရွယ်ရောက်လာသည်နှင့်အမျှ သူ၏စိတ်များ မှာလည်း ဖောက်ပြန် ထွေပြား၍ လာတော့၏။ ယခင်ကကဲ့သို့ ပရိယတ်ပဋိပတ် လုပ်ငန်းတို့၌ မွေ့လျော် ပျော်ပိုက်ခြင်း မရှိဘဲ

လောကီအာရုံ ကာမဂုဏ်ဘက်သို့ စိတ်ရောက်၍နေသောကြောင့် ပဥ္စင်းဘဝသို့ တက်လှမ်းရန် စိတ်မပါတော့ချေ။

ထိုကြောင့် သူသည် ကျောင်းတော်မှ တပါးတည်း ထွက်ခဲ့၍ မိခင်အိမ်သို့ သွားကာ လူထွက်လိုကြောင်း ပြောကြားလေသည်။

မိခင်ကား "ငါ့သားသည် သင်္ကန်းဝတ်ဖြင့် ရာသက်ပန် အရိုးထုတ်သွားလိမ့်မည်"ဟု ယုံကြည်နေခဲ့ရာမှ ယခုကဲ့သို့ မမြော်လင့်သောစကားကို ရုတ်တရက် ကြားလိုက်ရသောကြောင့် များစွာ အံ့အားသင့်သွားလေ၏။

မိခင်သည် သာမဏေအား အမျိုးမျိုးအဖုံဖုံ ဖြောင်းဖြ ပြောဆို၍ လူမထွက်ရန် တောင်းပန်၏။ သို့သော် သာမဏေကား နားမဝင်။ အဝတ်အစားများ ဆောလျင်စွာ စီမံချုပ်လုပ်ပေးရန်သာ တွင်တွင်ကြီး နားပူနေတော့သည်။

ထိုအခါ မိခင်သည် "ချစ်သား.... သို့ဖြစ်လျှင် ဆွမ်းစားပြီးအောင် ဆိုင်းပါဦး၊ သားအတွက် ဆွမ်းဟင်းများကို မိခင် စီမံချက်ပြုတ်ပါဦးအံ့"ဟု ဆို၍ ဆွမ်းချက်နေလေသည်။

မိခင်ဟောင်း ဖြစ်သော ဘီလူးမသည် "ယခု ငါ့သား သာမဏေ ဘယ်ရောက်နေသနည်း"ဟု ဆင်ခြင်စဉ်းစားရာ လူထွက်ရန်အတွက် မိခင်ရင်းအိမ်သို့ ရောက်နေကြောင်း သိမြင်လေသည်။ ထိုအခါ ဘီလူးမသည် မိခင်ရင်း၏ အိမ်ရှေ့၌ထိုင်နေသည့် သာမဏေ၏ကိုယ်၌ ဝင်ပူးလေသည်။

ဆွမ်းချက်နေသော မိခင်ကြီးသည် အိမ်ရှေ့ခန်းသို့ ထွက်လာသောအခါ ပါးစပ်မှအမြှုပ်တစီစီထွက်လျက် ကြမ်းပြင်ပေါ်သို့ လဲကျနေသော သာမဏေကို မြင်၍ အလန့်တကြား အော်ဟစ်လေ၏။ အိမ်နားနီးပါးမှ လူများသည်လည်း ဝိုင်း၍လာကြပြီး

သာမဏေအား ပြုစုကြ၏။ သို့သော် သာမဏေကား ခေါင်းမထူနိုင်ချေ။

မိခင်ကြီးသည် သာမဏေအား ဘီလူးဝင်ပူးနေမှန်းသိလျှင် "သီလရှိသူများကို နတ်ဘီလူးတို့ မနှောင့်ယှက်ဟု ကြားဘူးပါသည်။ ငါ့သား သာမဏေကိုမူ အသယ့်ကြောင့် နတ်ဘီလူးတို့ ပူးဝင်ကြကုန်ဘိသနည်း" ဟူ၍ မြည်တမ်း ငိုကြွေးလေ၏။

ထိုအခါ သာမဏေ၏ ကိုယ်၌ ပူးဝင်နေသော ဘီလူးမက "သီလရှိသူများကို နတ်ဘီလူးတို့ မနှောက်ယှက်ကြပါ။ ဤသာမဏေကား မကောင်းသော အကြံကို ကြံစည်ခြင်းကြောင့် ဘီလူးဝင်ပူးခြင်း ဖြစ်ပါသည်" ဟူ၍ တုံ့ပြန် ပြောဆိုလေသည်။

ယင်းသို့ ပြောဆိုပြီးနောက် ဘီလူးမသည် သာမဏေ၏ကိုယ်မှ ထွက်ခွာသွားလေ၏။ ထိုအခါ သာမဏေသည် ပြန်လည်သတိရလာပြီး မိခင်ကြီး ငိုကြွေးနေသည်ကို မြင်၍ အကျိုးအကြောင်း မေးမြန်းလေသည်။

"အို....မိခင်၊ ကျွန်ုပ်သည် အသက် သေဆုံးသွားသည်လည်း မဟုတ်။ ပျောက်ဆုံးသွားသည်လည်းမဟုတ်။ သင့်မျက်မှောက်၌ ပင်ထင်ရှားနေပါ၏။သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ငိုကြွေးနေဘိသနည်းမိခင်...."

"ချစ်သား၊ကာမဂုဏ်တို့ကို စွန့်ပြီးမှလူ့ဘောင်သို့ တဖန်ပြန်ဆင်းလာသူသည်လည်း အသက်ရှင်ပါလျက် သေသူဟုပင် ဆိုထိုက်၏။ ထိုကြောင့် မိခင်ငိုကြွေးနေခြင်း ဖြစ်ပေသည်"

ထို့နောက် မိခင်ကြီးသည် ဘီလူးပူးဝင်ခဲ့ပုံကိုရင်း၊ ဘီလူးမက ပြောခဲ့သည့်စကားကိုရင်းသာမဏေအားပြန်၍ပြောပြလေ၏။

သာမဏေလည်း "ငါ့အကြောင်းကို လူရောနတ်ပါ သိကုန်ကြလေပြီ"ဟု ဆင်ခြင်လျက် လူထွက်ရန်အကြံကိုစွန့်ကာ ပဥ္စင်းဘဝကို ခံယူလိုက်လေသည်။ မိခင်ကြီးသည် အတိုင်းမသိသော ဝမ်းမြောက်ခြင်းဖြင့် သာမဏေအား လိုအပ်သော သင်္ကန်းပရိက္ခရာတို့ကို လှူဒါန်းလေ၏။

ပဥ္စင်းအဖြစ် ရောက်ရှိလာသော ရှင်သာနုကိုဗုဒ္ဓရှင်တော်မြတ်က တရားပြ၍ ဆုံးမတော်မူ၏။ "စိတ်ကို ပေါက်လွှတ်ပဲစား မထားသင့်ကြောင်း။ မှန်ယိုသောဆင်ကို ချွန်းဖြင့် အုပ်သကဲ့သို့ စိတ်ကိုလည်း သတိပညာဖြင့် အမြဲ ထိန်းကျောင်းထားသင့်ကြောင်း"များကို ဟောကြား ညွှန်ပြတော် မူ၏။

တရားအဆုံးဝယ်ရှင်သာနုသည် သစ္စာလေးပါး အမှန်တရားကို ထိုးထွင်းသိမြင်သွားလေသည်။

[နာဂဝဂ်၊ သာနုသာမဏေရ ဝတ္ထု။]

# ဝေသာလီသို့ တခေါက်

ဝေသာလီကား မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ တချိန်က ထင်ရှားခဲ့သော ဝဇ္ဇီတိုင်း၏မြို့တော်ဖြစ်၏။ ဝဇ္ဇီတိုင်းသည် လိစ္ဆဝီမင်းတို့၏ လွတ်လပ်သော သမ္မတနိုင်ငံဖြစ်၏။ လိစ္ဆဝီမင်းတို့သည် မိမိတို့ တိုင်းနိုင်ငံကို တဦးတည်းသော ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခြင်းမပြု။ မင်းညီမင်းသား အားလုံးပါဝင်သော လွှတ်တော်အစည်းအဝေးမှ အများသဘောတူ ချမှတ်ပေးလိုက်သော ဆုံးဖြတ်ချက်ဖြင့်သာ တိုင်းရေးပြည်ရာများကို စီရင်ဆောင်ရွက်ကြသည်။ အကြီးအကဲဖြစ်သူ "သမ္မတ"ကိုလည်း လွှတ်တော်မှပင် အလှည့်ကျ ရွေးချယ်ခန့်ထား၏။

ဝေသာလီသည် လူဦးရေ ထူထပ်များပြား၏။ ကြီးကျယ်ခမ်းနားသော အိမ်ခြေတိုက်တာများနှင့်လည်း ပြည့်စုံ၏။ လူဦးရေ ဆင့်ကဲဆင့်ကဲ တိုးတက်လာမှုကြောင့် မြို့ရိုးတံတိုင်းတို့ကိုပင် သုံး

ကြိမ်တိုင် ချည်ထွင်ခဲ့ရသည်။ တိုင်းပြည်၏ အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ရသော လိစ္ဆဝီ မင်းသားများသည်ပင် (၇၇၀၇) ယောက်မျှရှိ၏။ အခြားသော သူဌေးသူကြွယ် ကုန်သည် လယ်လုပ်စသည်တို့နှင့်ပေါင်းသော် ဝေသာလီ၏လူဦးရေမှာ သန်းနှင့်ချီ၍ ရှိပေသည်။

ကျုံးမြောင်း၊ မြို့ရိုး၊ ပြအိုး၊ စစ္စင် စသည့် မြို့တော်၏အင်္ဂါရပ်များအားလုံးဝေသာလီ၌ရှိ၏။ဥယျာဉ်၊ ရေကန်၊ ပန်းခြံ၊ ပွဲရုံ၊ စသည့်အဆောက်အဦများကိုလည်း မြို့တွင်းမြို့ပြင်၌ လိုလေသေးမရှိအောင်ဆောက်ထား၏။ လိစ္ဆဝီမင်းသားတို့နေထိုင်ရာ (၇၇၀၇) ဆောင်သောပြာသာဒ်ဘုံဆောင်တို့ကြောင့် ဝေသာလီသည် ပို၍ခန့်ညားခဲ့၏။ သို့သော်လည်း မြို့တော်တခုလုံး၏အဓိကကြက်သရေဆောင်ကား မြို့လယ်ရှိ လွှတ်ရုံး အဆောက်အဦ ဖြစ်ပေသည်။

တရံရောအခါ၌ကား ဝေသာလီပြည်တွင် နှစ်နှစ်-သုံးနှစ်မျှမိုးဆက်တိုက်ခေါင်သဖြင့်ဆန်ရေစပါးရှားပါးလာခဲ့၏။ ဆင်းရဲသားတို့သည် ထမင်းနပ်မှန် မစားကြရသောကြောင့် ရောဂါအမျိုးမျိုးစွဲကပ်၍ သေကျေပျက်စီးကြ၏။ ထိုအခါ သားရဲဘီလူးတို့ကလည်း ဝင်ရောက်နှိပ်စက်ကြပြန်ရာ တိုင်းပြည်ပျက်လုနီးပါးအခြေအနေသို့ ဆိုက်ရောက်လာခဲ့၏။

ယင်းသို့သော အခြေအနေတွင် မြို့သူမြို့သားတို့သည် လွှတ်ရုံးအဆောက်အဦရှေ့၌ စုဝေးကြွေးကြော်ခြင်း ပြုကြသည်။

"အရှင်မင်းသားတို့ ယခုအခါ ကျွန်ုပ်တို့တိုင်းပြည်၌ ကပ်ကြီးသုံးပါး ဆိုက်ရောက်လျက်ရှိပါသည်။ ဤကဲ့သို့ ကပ်သုံးပါးဆိုက်ခြင်းမှာ တိုင်းပြည်အုပ်ချုပ်သောမင်းတို့ တရားမစောင့်ခြင်းကြောင့်သာ ဖြစ်ပါသည်။ ထို့ကြောင့် အရှင်မင်းသားတို့

သည် ယခုအချိန်မှစ၍ မင်းကျင့်တရားနှင့်အညီ စီမံအုပ်ချုပ်ကြပါကုန်လော”

လိစ္ဆဝီ မင်းသားတို့သည် မြို့သူမြို့သားတို့၏ ကြွေးကြော်ကောင်းဆိုချက်ကိုကြားလျှင် လွှတ်တော်အစည်းအဝေးကို ချက်ခြင်းခေါ်ယူလိုက်ကြသည်။ ထိုအစည်းအဝေးသို့ မြို့သူမြို့သားတို့၏ ကိုယ်စားလှယ်များကိုလည်း ဖိတ်ခေါ်၍ တိုင်ပင်ဆွေးနွေးကြသည်။ မိမိတို့၏ ဆောင်ရွက်ချက်များတွင် ရာဇဓမ္မနှင့် ဆန့်ကျင်သည့်အမှု တစုံတရာရှိမရှိ ဝေဖန်သုံးသပ်ကြသည်။

ထိုအခါ မြို့သူမြို့သားတို့သည် လိစ္ဆဝီမင်းသားတို့၏ အပြစ်အနံ တစုံတခုကိုမျှ မတွေ့ရှိကြချေ။ လိစ္ဆဝီမင်းသားတို့သည် အမြဲမပြတ် စည်းဝေးလေ့ရှိကြ၏။ အညီအညွတ် ဆွေးနွေး တိုင်ပင်၍ အမှုကိစ္စများကို ပီပြင် ဆောင်ရွက်ကြ၏။ ဥပဒေနှင့် ဆန့်ကျင်သည့် ပီပြင် သုံးဖြတ်ချက်ကိုလည်း တခါတခါမျှ မပြုလုပ်ခဲ့ကြ။ အသက်သိက္ခာကြီးသူများအား ရိုသေလေးစားကြ၏။ မြို့စောင့်နတ် ရွာစောင့်နတ်တို့အားလည်း အခါအားလျော်စွာ ပူဇော်ပသမှု ပြုကြ၏။ အမျိုးသမီးများအား ဗလက္ကာရပြု၍ သိမ်းပိုက်ခြင်းမရှိ။ မိမိတို့တိုင်းပြည်၌ သူတော်သူမြတ်များ နေနိုင်အောင် ကာကွယ်စောင့်ရှောက်၍ ပေးခဲ့ကြ၏။

ဤသို့လျှင် လိစ္ဆဝီမင်းသားတို့သည် အပရိဟာနိယ တရားခုနစ်ပါးနှင့်အညီသာစီရင်အုပ်ချုပ်ခဲ့သည်ကို တွေ့ရှိကြရ၏။ ထို့ကြောင့် ယခု ကပ်သုံးပါး ဆိုက်ခြင်းမှာ မင်းသားတို့၏ အပြစ်ကြောင့်မဟုတ်။ အခြားသော အကြောင်းတခုကြောင့်သာ ဖြစ်သည်ဟု ယူဆကြလေသည်။

ထိုအခါ အချို့သောသူများကို ဗလိနတ်စာကျွေးလျှင် ကပ်ရောဂါ ပျောက်ပါလိမ့်မည်ဟု အကြံပေးကြ၏။ သို့သော် သူတို့ အကြံပေးသည့်အတိုင်း ဗလိနတ်စာ ကျွေးသော်လည်း ကပ်ရောဂါကားမပျောက်ချေ။

ထိုအချိန်တွင် ပုရာဏကဿပ၊ မက္ခလိဂေါသာလအစရှိသော ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့သည် ရဟန္တာဟု ကျော်ကြားလျက် အမြို့မြို့အနယ်နယ်၌ ထင်ရှားနေကြ၏။ ဗုဒ္ဓရှင်တော်မြတ်ကား ဝေသာလီနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည့် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်နေခိုက်ဖြစ်သည်။ ထို့ကြောင့် အချို့သော ဝေသာလီ ပြည်သူပြည်သားတို့သည်လည်း ဗုဒ္ဓ၏ ဂုဏ်သတင်းကို ကြားသိနေကြပြီး ဖြစ်ပေသည်။

ဝေသာလီပြည်၏ အရေးကို ဆက်လက် တိုင်ပင်ကြသောအခါ ဂိုဏ်းဆရာကြီး ခြောက်ယောက်ကို ပင့်ဖိတ်ရန် အချို့က တင်ပြ၏။ အချို့ကလည်း ဗုဒ္ဓအားပင့်ရန် အကြံပြု၏။ နောက်ဆုံးတွင်မူ ဗုဒ္ဓအားပင့်ရန် အကြံကို အများသဘောတူကြသဖြင့် မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသား ခေါင်းဆောင်သည့်အဖွဲ့တဖွဲ့ကို ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လိုက်ကြသည်။

မဟာလိကား ဗုဒ္ဓ ပထမဦးဆုံးကြွလာချိန်က ရာဇဂြိုဟ်ပြည်၌ ရှိနေခဲ့သူဖြစ်၏။ ဘုရင်ဗိမ္ဗိသာရနှင့်အတူ ဗုဒ္ဓ၏ တရားကို ကြားနာရ၍ သောတာပန် အဖြစ်သို့ပင် ဆိုက်ရောက်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း ဗုဒ္ဓအား ပင့်ဆောင်ရန် တာဝန်ကို သူ့အား ပေးလိုက်ကြခြင်း ဖြစ်ပေသည်။

မဟာလိသည် ရာဇဂြိုဟ်ပြည်သို့ ရောက်လျှင် ရှေးဦးစွာ ဗိမ္ဗိသာရမင်းကြီးထံချဉ်းကပ်၍ ဗုဒ္ဓအားဝေသာလီသို့ ပင့်ဆောင်

လိုကြောင်း ခွင့်တောင်း၏။မင်းကြီး၏ခွင့်ပြုချက်အရ ဗုဒ္ဓထံ သွား ရောက် လျှောက်တင်သောအခါ ဗုဒ္ဓက အလွယ်တကူဖြင့်ပင် လက်ခံတော်မူလိုက်၏။

ဗုဒ္ဓရှင်တော်မြတ်ဝေသာလီပြည်သို့ကြွတော်မူမည့်အကြောင်း ကို ဗိမ္ဗိသာရမင်းကြီး ကြားသိလေသော် လမ်းခရီးကို ချက်ခြင်း ပြုပြင် ရှင်းလင်းစေ၏။ ရာဇဂြိုဟ်မှငါးယူဇနာအကွာ၌ ဂင်္ဂါမြစ် တည်ရှိ၍ ဂင်္ဂါမြစ်မှ သုံးယူဇနာ ဆက်၍ သွားသော် ဝေသာလီ သို့ ရောက်၏။ ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ် အထိ ငါးယူဇနာခရီးကို ကောင်းစွာ သုတ်သင် ရှင်းလင်းစေပြီး တယူဇနာလျှင် တကျောင်းတဆောင်ကျ ဆောက်လုပ်ရန်လည်း ညွှန်ကြား စေခိုင်းထားလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းငါးရာ ခြံရံ၍ ရာဇဂြိုဟ်ပြည်မှ စတင် ထွက်ခွာတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးလည်း မှူးမတ် ပရိသတ်များနှင့်အတူ လိုက်ပါ ပို့ဆောင်၏။ လမ်းတလျှောက် တွင် တံခွန်ကုက္ကားစိုက်ထူ၍ ပန်းများဖြန့်ကြဲခြင်း၊ ထီးဖြူမိုးပေး ခြင်းသည့် ပူဇော်မှုများကို ကြီးကျယ်စွာ ပြုလုပ်ကြ၏။ တယူ ဇနာ ခရီးသို့ ရောက်သည့်အခါ အဆင်သင့် ကြိုတင်ဆောက်လုပ် ထားသည့် တကျောင်း၌ ဗုဒ္ဓနှင့် ပရိသတ်များ ရပ်နားတည်းခို ကြ၏။ နောက်တနေ့ နံနက်တွင် လူတို့ဆက်ကပ်သည့် ဆွမ်းကို ခံယူ သုံးဆောင်ပြီး ရှေ့သို့ တဖန် ခရီးဆက်ပြန်သည်။

ဤနည်းအားဖြင့် ငါးရက်မြောက်သောနေ့၌ ဂင်္ဂါမြစ်ကမ်း သို့ ဆိုက်ရောက်လာသည်။ ထိုအခါ ဘုရားအမှူးရှိသော ရဟန်း ငါးရာတို့သည် အဆင်သင့်ပြင်ဆင်ထားသော လှေများပေါ်သို့ တက်ရောက်တော်မူကြသည်။ ဗိမ္ဗိသာရမင်းကြီးသည် လည်ပင်း

တိုင်အောင် နက်သောရေသို့ သက်ဆင်း၍ "အရှင်ဘုရား၊ တပည့်တော်သည် ဗုဒ္ဓရှင်တော်မြတ် ပြန်ကြွလာသည်အထိ ဤမြစ်ကမ်း၌ စောင့်ဆိုင်းနေပါမည်" ဟု လျှောက်ကြားလိုက်၏။

လှေများ ဝေသာလီပြည်ဘက် ဆိပ်ကမ်းသို့ ရောက်လျှင် လိစ္ဆဝီမင်းသားတို့က ခမ်းနားကြီးကျယ်စွာ ကြိုဆိုပင့်ဆောင်ကြသည်။ ဗုဒ္ဓရှင်တော်မြတ် မြေသို့ခြေတော်ချသည်နှင့် တပြိုင်နက်မှာပင် မိုးကြီးသည်းထန်စွာ ရွာလာသဖြင့် ဝေသာလီမြို့တွင်း မြို့ပြင်ရှိ အညစ်အကြေးမှန်သမျှတို့သည် မြစ်တွင်းသို့ မျောပါသွားကြလေသည်။ ဗုဒ္ဓရှင်တော်မြတ်သည် သန့်ရှင်း စင်ကြယ်သော ခရီးဖြင့် လိစ္ဆဝီမင်းသားတို့၏ ပူဇော်မှုကို ခံယူလျက် ဆက်လက် ကြွချီတော်မူရာ သုံးရက်အကြာတွင် ဝေသာလီမြို့သို့ ဆိုက်ရောက်တော်မူသည်။

ဗုဒ္ဓ ဝေသာလီသို့ ဆိုက်ရောက်သည်နှင့် တပြိုင်နက် တန်ခိုးကြီးသော သိကြားမင်း၊ နတ်မင်းတို့သည်လည်း စုဝေး ရောက်ရှိလာကြ၏။ ထိုအခါ လူတို့အား အနှောက်အယှက်ပေးနေကြသော ဘီလူး၊ သဘက်တို့သည် လွတ်ရာသို့ ရှောင်ရှား ထွက်ပြေးကြတော့သည်။

ဗုဒ္ဓရှင်တော်မြတ်သည် မြို့တံခါးအနီး၌ရပ်တန့်၍ ရှင်အာနန္ဒာအား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို ဖွဲ့ဆို သီကုံးထားသည့် ရတနသုတ်ပရိတ်ဂါထာများကို သင်ကြားပေးတော်မူသည်။ ထို့နောက် "ချစ်သား အာနန္ဒာ၊ သင်သည် ဝေသာလီမြို့ကို လှည့်ပတ်၍ ဤရတနသုတ်ပရိတ်ကို ရွတ်ဆိုချေလော့" ဟု မိန့်ကြားတော်မူသည်။

ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ ကျောက်သပိတ်တွင် ရေအပြည့်ထည့်၍ ယူဆောင်ခဲ့ပြီး၊ မြို့ရိုးတံတိုင်းသုံးထပ်တို့အကြား၌ ညဉ့်သုံးယံပတ်လုံး လှည့်ပတ်ကာ ရတနသုတ်ကို ရွတ်ဆိုလေသည်။ ယင်းသို့ ရွတ်ဆိုရင်း ကျောက်သပိတ်မှ ရေဖြင့် ဘေးပတ်ဝန်းကျင်သို့ ပက်ဖျန်း၏။ အကြိုအကြား၌ ခိုအောင်းနေသော ဘီလူးသဘက်တို့သည် ထိုရေပေါက်ဖြင့် ထိမှန်ခြင်း ခံရလျှင် ဆက်လက်ခိုအောင်းခြင်း မပြုနိုင်တော့ဘဲ မြို့ပြင်သို့ ဒရောသောပါး ထွက်ပြေးကြ၏။ ရောဂါဝေဒနာ ခံစားနေရသူများမှာလည်း ပရိတ်ရေဖြင့်ထိရုံမျှဖြင့်ပင်ချက်ခြင်းရောဂါပျောက်ကင်း၍ ရှင်အာနန္ဒာ၏ နောက်သို့ စုရုံးလိုက်ပါလာကြသည်။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်ကား လိစ္ဆဝီမင်းတို့ပင့်ဆောင်ရာသို့ လိုက်ပါ၍ မြို့လယ်ရှိလွှတ်ရုံးအဆောက်အဦ၌ သီတင်းသုံးနေတော်မူ၏။ လိစ္ဆဝီမင်းတို့နှင့်တကွ များစွာသော လူထုပရိတ်သတ်ကြီးသည် ဗုဒ္ဓအား ခြံရံ၍ ထိုင်နေကြသည်။ ဗုဒ္ဓသည် ထိုပရိသတ်အား ရတနသုတ်ကိုပင် ထပ်မံ ဟောကြားတော်မူရာ ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးကို ထိုးထွင်း သိမြင်သွားကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် လွှတ်ရုံးအဆောက်အဦ၌ ခုနစ်ရက်ပတ်လုံး ဆက်လက် သီတင်းသုံးတော်မူသည်။ ထိုခုနစ်ရက်ပတ်လုံးလည်း ရတနသုတ်ကိုပင် ထပ်ပြန်တလဲလဲ ပြန်၍ ဟောကြားတော်မူသည်။

ယခုအခါ ဝေသာလီပြည်၌ ရောဂါဘယအားလုံး ကင်းရှင်းသွားပေပြီ။ ဘီလူးသဘက်တို့လည်း တကောင်တမြီးမျှပင်မကျန်အောင် ထွက်ပြေးသွားကြပြီဖြစ်၏။ သည်းထန်စွာ ရွာချလိုက်

သော မိုးကြောင့် လူ၊ တိရစ္ဆာန်၊ ပန်းမာလ်၊ သစ်ပင်အားလုံး စိုပြေလန်းဆန်းလာကြပြီ ဖြစ်ပေသည်။ မြို့သူမြို့သားအားလုံးတို့သည် ကြည်လင်ရွှင်ပျ တက်ကြွသော စိတ်ဓာတ်ဖြင့် လှုပ်ရှားသွားလာနေကြပြီဖြစ်ရာ ဝေသာလီမြို့မှာ ပုံမှန်အခြေအနေသို့ ပြန်လည် ဆိုက်ရောက်လာတော့သည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် လိစ္ဆဝီမင်းတို့အား ပန်ကြား၍ ဝေသာလီမှ ပြန်လည် ထွက်ခွာတော်မူခဲ့သည်။ လိစ္ဆဝီမင်းတို့ကလည်း ကြီးကျယ်သော အခမ်းအနားဖြင့် ဂင်္ဂါမြစ်ကမ်းသို့ ရောက်အောင် ပို့ဆောင်ပေးကြသည်။

ဂင်္ဂါမြစ်ကို ဖြတ်ကူးရန်အတွက် ဗုဒ္ဓနှင့် ရဟန်းငါးရာတို့ လှေများပေါ်သို့ ရောက်သောအခါ ထိုမြစ်တွင်း၌ နေသည့် နတ်နဂါးတို့ကလည်း ပူဇော်မှု အမျိုးမျိုးကို ပြုလုပ်ကြသည်။ ရတနာ ခုနစ်ပါးဖြင့်ပြီးသော လှေတို့ကို ဖန်ဆင်း၍ ထိုလှေများပေါ်သို့ ဗုဒ္ဓအား ပင့်ဆောင်ကြသည်။ မြစ်ရေပြင် တခုလုံး ကိုလည်း ကြာမျိုးငါးပါးဖြင့် လှပအောင် တန်ဆာဆင်ကြသည်။ ဗုဒ္ဓသည် နိမ္မိတရုပ်ပွားတော်များကို ဖန်ဆင်းကာ ထိုနတ်နဂါး အသီးသီးတို့၏ လှေများပေါ်သို့ ကြွရောက်၍ ပူဇော်ကန်တော့ခြင်းကို ခံယူတော်မူသည်။ ရောင်စုံပန်းကုံးပန်းဆိုင်းတို့ဖြင့် လှပတင့်တယ်စွာ ဆင်ယင်ထားသည့် ရတနာလှေပေါ်၌ ထီးဖြူဖြင့် မိုးကာပေးခြင်းကို ခံယူလျက် တည်ငြိမ်ခန့်ညားစွာနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်အား နတ်နဂါးအပေါင်းတို့သည် ဖူးမျှော်ကြည်ညို၍ မဆုံးအောင် ရှိကြလေသည်။

ဤသို့ နတ်နဂါးတို့၏ ပူဇော်မှုကို ခံယူပြီးနောက် ဗုဒ္ဓနှင့် ရဟန်းငါးရာ စီးနင်းလိုက်ပါသည့် လှေများသည် ဂင်္ဂါမြစ်

တဖက်ကမ်းသို့ ဆိုက်ရောက်လာကြ၏။ ထိုအခါ အသင့်စောင့်ကြို နေသော ဗိမ္ဗိသာရမင်းကြီးသည် ကြီးကျယ်သော အခမ်းအနား ဖြင့်ပင် ဗုဒ္ဓအား ရာဇဂြိုဟ်ပြည်သို့ ပြန်လည် ပင့်ဆောင်ခဲ့လေ သည်။


ရာဇဂြိုဟ်ပြည်သို့ ပြန်ရောက်ပြီး နောက်တနေ့တွင် တရားစရပ် ၌ စုဝေးမိကြသော ရဟန်းတို့သည် ဗုဒ္ဓ၏ ဝေသာလီခရီးကို ချီးကျူး ပြောဆိုနေကြ၏။

"ငါ့ရှင်တို့၊ ဗုဒ္ဓရှင်တော်မြတ်၏ အာနုဘော်ကား အံ့သြ ဘွယ် ကောင်းလှပေစွ။ ဝေသာလီပြည်သို့ ကြွရောက်ရာတွင် ကုန်းလမ်းခရီး၌ လူတို့က အစွမ်းကုန် ပူဇော်ခဲ့ကြ၏။ ရှစ်ယူဇနာ ရှိသော ခရီးလမ်းတလျှောက်လုံး၌ မြေပြင်ကို ညီညာအောင် ပြုလုပ်၍ သဲခင်းပေးခဲ့ကြ၏။ ပန်းမျိုးစုံတို့ကို ဖြန့်ကြဲခဲ့ကြ၏။ ရေလမ်းခရီးတွင်လည်း နတ်နဂါးတို့က ရတနာလှေများဖြင့် ပင့်ဆောင်၍ ပူဇော်ခဲ့ကြ၏။ ထီးဖြူများ ဆောင်းမိုး၍ တံခွန်၊ ကုက္ကားများကို စိုက်ထူခဲ့ကြ၏"

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ် ကြွလာ၍ "ချစ်သား ရဟန်း တို့၊ ဝေသာလီခရီး၌ ကြီးစွာသော ပူဇော်မှုကို ခံရခြင်းသည် ငါဘုရား၏ တန်ခိုး အာနုဘော်ကြောင့် ဖြစ်သည် မဟုတ်။ နတ်နဂါးတို့၏တန်ခိုးအာနုဘော်ကြောင့် ဖြစ်သည်လည်းမဟုတ်။ အတိတ်ဘဝက အနည်းငယ်သော စွန့်လွှတ်မှု၏အစွမ်းသတ္တိသာ ဖြစ်ပေသည်"ဟု မိန့်ကြားတော်မူသည်။

ထို့နောက် အနည်းငယ်မျှသော ချမ်းသာကို စွန့်လွှတ်ခြင်းဖြင့် ကြီးကျယ်များပြားသော ချမ်းသာကို ရရှိနိုင်ကြောင်း သိမြင်သော ပညာရှိများသည် ထိုအနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ရန် ဝန်မလေးသင့်ကြောင်း မိန့်ကြားဆုံးမတော်မူသည်။

[ပကိဏ္ဏကဝဂ်၊ အတ္တနောပုဗ္ဗကမ္မဝတ္ထု]



# အလှူပြိုင်ပွဲ

တရံရောအခါ ဗုဒ္ဓရှင်တော်မြတ်သည် အတိုင်းတိုင်းအပြည်ပြည်သို့ လှည့်လည်ကြွချီရာမှ သာဝတ္ထိပြည်သို့ ဆိုက်ရောက်သဖြင့် ဇေတဝန်ကျောင်းတော်သို့ ဝင်ရောက်သီတင်းသုံးတော်မူ၏။ ဗုဒ္ဓရှင်တော်မြတ် ကြွရောက်လာကြောင်း ကြားသိလျှင် ကောသလမင်းကြီးသည် နောက်တနေ့နံနက်တွင် ပုဟန်းငါးရာနှင့်တကွ ဗုဒ္ဓအား နန်းတော်သို့ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်၏။ သင်္ကန်းပရိက္ခရာစသော ပစ္စည်းများကိုလည်း ထိုက်တန်စွာ လှူဒါန်း၏။

သာဝတ္ထိမြို့သူ မြို့သားတို့သည် မင်းကြီး၏အလှူကိုမြင်ကြလျှင် အားကျ၍ နောက်တနေ့တွင် မိမိတို့ဘာသာ စုပေါင်း၍ အလှူပွဲကြီးတခု ပြုလုပ်ကြပြန်၏။ ထိုအလှူမှာ တမြို့လုံးစုပေါင်း၍ပြုလုပ်သည့် အလှူဖြစ်ခြင်းကြောင့် မင်းကြီး၏အလှူထက်ပင် ပို၍ကြီးကျယ် စည်ကားလေသည်။

ထိုအကြောင်းကိုကြားသိလျှင် ကောသလမင်းကြီးသည် မခံချင်စိတ်ဖြင့် နောက်တနေ့တွင် ပြည်သူပြည်သားတို့၏အလှူထက်ကြီးကျယ်သော အလှူပွဲကြီးကို ပြုလုပ်ပြန်လေသည်။ ဤသို့ဖြင့် သာဝတ္ထိပြည်၌ မင်းနှင့်ပြည်သူတို့ တဖက်နှင့်တဖက် မည်သူကမျှ အနိုင်မခံအရှုံးမပေးဘဲ အလှူပြိုင်ပွဲကြီး ကျင်းပလာခဲ့ရာ ခြောက်ကြိမ်လွန်၍ ခုနစ်ကြိမ်မြောက်သို့ပင် ရောက်ရှိလာခဲ့၏။

ထိုအခါ ကောသလမင်းကြီးသည်မိမိ၏အလှူကို မြို့သူမြို့သားတို့ မမှီနိုင်အောင် မည်ကဲ့သို့ခင်းကျင်းစီစဉ် ရပါမည်နည်းဟူ၍ အကြံထုတ်လျက် စားမဝင် အိပ်မပျော်ဖြစ်နေ၏။ ဤအကြောင်းကို မလ္လိကာမိဖုရားကြီးသိလျှင် "အရှင်မင်းကြီး၊ ဒီကိစ္စအတွက် စိုးစဉ်းမျှ ကြောင့်ကြပူပင်တော် မမူပါလင့်။ နှမတော် လုံးဝတာဝန်ယူ၍ စီစဉ်ပါမည်"ဟု လျှောက်တင်လေသည်။

ထို့နောက် မလ္လိကာမိဖုရားသည် ရွှေနန်းတော်ရင်ပြင်၌ ကြီးကျယ်သော မဏ္ဍပ်ကြီးတခုကို နေ့ချင်းပြီး ဆောက်လုပ်စေ၏။ ထိုမဏ္ဍပ်ကြီးအတွင်း၌ ဗုဒ္ဓနှင့်တကွ ရဟန်းငါးရာတို့ ထိုင်ရန် နေရာပလ္လင်များကို ခင်းကျင်းစေပြီး မဏ္ဍပ်အလယ်တွင်မူ ရွှေနီ ပုစ္ဆန်ခွံအုပ်သော လှေတော်ဆယ်စင်းကို နံ့သာရေများထည့်၍ ထားရှိစေ၏။

မလ္လိကာမိဖုရားသည် ဆင်တင်းကုပ်မှ ဆင်ငါးရာတို့ကို ယူဆောင်စေပြီး ရဟန်းတပါး တပါးထိုင်မည့် ပလ္လင်အနီး၌ ဆင်တစီးကျစီကို ထီးဖြူတစင်းစီ ဆောင်းမိုးလျက် ရပ်တန့်နေစေ၏။ ဆင်တင်းကုပ်၌ဆင်ယဉ်ငါးရာမပြည့်ဘဲ တစီးလိုနေသောကြောင့် အခက်ကြုံနေသည်ကို မလ္လိကာမိဖုရားက ရုတ်တရက် ဖြတ်ထိုးဉာဏ်ဖြင့် ဖြေရှင်းပေးလိုက်၏။ မလ္လိကာဖြေရှင်းလိုက်ပုံကား ရှင်

အင်္ဂုလိမာလကိုယ်တော်ကြီးနေရာ၌ ဆင်ရိုင်းတစီးကို နေရာချပေးလိုက်ခြင်း ဖြစ်ပေသည်။

နောက်တနေ့နံနက် ဆွမ်းခံချိန်ကျရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းငါးရာနှင့်အတူ အလှူမဏ္ဍပ်သို့ကြွရောက်လာ၏။ ဗုဒ္ဓနှင့်ရဟန်းငါးရာတို့သည် ဆင်တစီးကျစီက ထီးဖြူတစင်းကျစီဖြင့် ဆောင်မိုးပေးခြင်းကိုခံယူလျက် ပလ္လင်ငါးရာတို့၌ အသီးသီး ထိုင်နေကြလေ၏။ ရှင်အင်္ဂုလိမာလ၏ အနီး၌တည်သောဆင်သည် ဆင်ရိုင်းပင်ဖြစ်သော်လည်း မထေရ်၏ အရှိန်အဝါကြောင့် ဆင်ယဉ်များကဲ့သို့ပင် မလှုပ်မရှက် ငြိမ်သက်စွာ ရပ်တည်နေလေသည်။

ထိုအချိန်တွင် နှစ်ပါး နှစ်ပါးသော ရဟန်းတို့၏ကြား၌ တယောက်စီ တယောက်စီသော မင်းသမီးတို့သည် ယပ်ခတ်ပေးနေကြ၏။ တယောက်စီ တယောက်စီသော မင်းသမီးတို့ကား နံ့သာတုံးများကို သွေးနေကြလေ၏။ ထိုမှတပါး အခြားသော မင်းသမီးတို့အနက် အချို့က နံ့သာရေတို့ကို မဏ္ဍပ်အလယ်ရှိ လှေများအတွင်းသို့ လောင်းထည့်နေကြ၏။အချို့ကမူ လှေများအတွင်းရှိ နံ့သာရေတို့ကို ကြာညိုစည်းတို့ဖြင့် မွှေနှောက်ပေးနေကြ၏။ သို့အားဖြင့် မဏ္ဍပ်တခုလုံး သင်းပျံ့မွှေးကြိုင်၍ နေလေသည်။

မလ္လိကာမိဖုရားကြီး၏ ဆန်းပြားသောအစီအမံဖြင့် ခမ်းနားကြီးကျယ်စွာ ကျင်းပနေသည့် ဤအလှူပွဲကြီးကိုမြင်လျှင် မြို့သူမြို့သားတို့သည် အံ့သြချီးကျူး၍မဆုံးအောင် ရှိကြလေသည်။ "ဤတခါမှာဖြင့် ကျွန်ုပ်တို့ဖက်က အရှုံးကြီး ရှုံးပါပြီ" ဟူ၍လည်း ဝန်ခံစကား ပြောကြား လျှောက်တင်ကြသည်။

မှန်ပေ၏။ သူတို့သည် မြို့သူမြို့သားတို့၏စုပေါင်းအင်အားဖြင့် များပြားသော ငွေကြေးပစ္စည်းတို့ကို အကုန်အကျခံနိုင်ကြပေ၏။ သို့သော်လည်း ဆင်ငါးရာ၊ ထီးဖြူငါးရာတို့ကိုမူ ရရှိနိုင်ဘွယ် မလွယ်။ ငါးရာမကသော မင်းသမီးတို့ကို ရရှိဘို့အရေးကား ပို၍ပင် ဝေးလှတော့သည်။ ထို့ကြောင့်လည်း ဤကဲ့သို့ အတိအလင်းအရှုံးပေးကြခြင်းဖြစ်၏။

ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့သည် အတိုင်းမသိသော ကြည်နူးဝမ်းမြောက်ခြင်းဖြင့် ဘုရားအမှူးရှိသော သံဃာအား အလွန်အလွန် မွန်မြတ်သောဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်ကြလေ၏။ အဘိုးအတိုင်းမသိ ထိုက်တန်သည့် သက်န်းပရိက္ခရာအမျိုးမျိုးကိုလည်း လှူဒါန်းကြ၏။

ထိုအလှူပွဲကိုကြည့်၍ မျူးမတ်အပေါင်းနှင့်တကွ သာဝတ္ထိ ပြည်သူတရပ်လုံး ရှင်ပြုံးကြည်နူးကြ၏။ ဇုဏှအမည်ရှိသော အမတ်ကြီးကား "ဤကဲ့သို့သောအလှူကို ဘုရင်မင်းမြတ်တို့သာ ပြုနိုင်ပေသည်၊ အံ့ဘွယ်ရှိပေစွတကား" ဟူ၍ တွေးတောလျက် အားကျသည့်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာ၏။

သို့ရာတွင် ယင်းအလှူနှင့်ပတ်သက်၍ မကြည်မဖြူ ငြူစူစိတ်ပွား၍ မကျေမနပ် ဖြစ်နေသူတဦးလည်း ထူးခြားစွာရှိနေ၏။ ထိုသူကား အခြားမဟုတ်၊ ဘုရင်မင်းမြတ်၏ ကာဠအမည်ရှိသော အမတ်ကြီးပင် ဖြစ်၏။ ထိုအမတ်ကြီးသည် "ဤမင်းကား တနေ့ချင်းဖြင့် များစွာသော ပစ္စည်းဥစ္စာတို့ကို ဖြုန်းတီးပစ်၏။ မိုက်မဲလေစွတကား" ဟု တွေးတောလျက် နှမြောတသ၍ နေလေသည်။

ဘုရင်နှင့်မိဖုရားတို့သည် မိမိတို့၏အတုမဲ့ အလှူတွင် ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် ထူးခြားသောတရားဒေသနာကို ဟောကြားချီးမြှင့်လိမ့်မည်ဟု မြှော်လင့်နေကြ၏။ သို့သော်လည်း ဗုဒ္ဓကားဆွမ်းဘုဉ်းပေးပြီးသည်နှင့်တပြိုင်နက် လေးပါဒရှိသော ဂါထာတပုဒ်မျှကိုသာ ဟောကြား၍ ကျောင်းတော်သို့ပြန်ကြွလေသည်။

ထိုအခါ ကောသလဘုရင်သည် အလွန်ပင် စိတ်မချမ်းမသာဖြစ်သွားလေ၏။

"ဗုဒ္ဓသည် အဘယ်ကြောင့် အလှူနှင့်ထိုက်တန်သည့် တရားကို ဟောကြားခြင်း မပြုသနည်း"

"ငါသည် ဤအလှူပွဲ၌ မည်ကဲ့သို့သော အမှားအယွင်းကို ပြုလုပ်မိလေသနည်း"

ဤသို့ တွေးတောပူပန်၍ နေ၏။

ထို့ကြောင့် ကောသလဘုရင်သည် ကျောင်းတော်သို့ ချက်ခြင်းလိုက်သွားပြီး ဗုဒ္ဓအား မေးလျှောက်လေသည်။

"အရှင်ဘုရား၊ ဒကာတော်၏အလှူပွဲ၌ အဘယ့်ကြောင့် ထိုက်တန်စွာ တရားဟောကြားခြင်း မပြုပါသနည်း"

"မြတ်သောမင်းကြီး၊ သင်၏အလှူပွဲ၌ ပရိသတ်သည် မစင်ကြယ်ခဲ့။ ထို့ကြောင့် ငါဘုရားသည် တရားကို အကျယ်တဝင့် မဟောကြားခဲ့ခြင်း ဖြစ်၏"

ထို့နောက် ဗုဒ္ဓသည် ကာဠအမတ်နှင့် ဇုဏှအမတ်တို့၏အသီးအသီး အကြံအစည်ဖြစ်ကြပုံများကို ဆက်လက်မိန့်ကြား၍ သင့်လျော်သော ဩဝါဒဒေသနာတရပ်ဖြင့် အဆုံးသတ်တော်မူခဲ့၏။

"မြတ်သောမင်းကြီး၊ လူမိုက်တို့သည် အလှူဒါနပြုလုပ်ခြင်းကို ချီးကျူးဝမ်းမြောက်ခြင်း မပြုနိုင်ကြ။ ပညာရှိသူတို့သည်

သာလျှင် အလှူဒါနပြုလုပ်ခြင်းကို ချီးကျူးဝမ်းမြောက်ခြင်း ပြုလေ့ရှိကြပေသည်''

ကောသလမင်းကြီးသည် နန်းတော်သို့ပြန်ရောက်လျှင် ကာဠ အမတ်ကို တိုင်းပြည်မှ နှင်ထုတ်လေ၏။ ဇုဏှအမတ်ကိုမူ များစွာသော စည်းစိမ်ဥစ္စာတို့ဖြင့် ချီးမြှင့်မြှောက်စားခြင်း ပြုလေသည်။

[၁၃-လောကဝဂ်၊ ၁၀-အသဒိသဒါနဝတ္ထု]

ဤတွင် ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ အမှတ် [၂] ပြီးပြီ။

* ဗုဒ္ဓအဖြစ်သို့ ရောက်ရှိရန် မည်ရွေ့မည်မျှ ကြိုးစားအားထုတ်ရပါသလဲ?
* ဗုဒ္ဓ၏ လျှို့ဝှက်နက်နဲသော ထူးခြားချက်ဆိုသည်မှာဘာလဲ ?
* ဗုဒ္ဓ၏ အတိုင်းအဆမရှိ၊ ကြီးမြင့်နက်ရှိုင်းသော ဉာဏ်ပညာသည် မည်သည့် အမြင့်မျိုးသို့ တိုင်အောင် ထွင်းဖောက်၍ ကြည့်မြင်နိုင်သလဲ ?
* ဗုဒ္ဓ၏ ဉာဏ်အမြင်ဖြင့် ရှုမြင်သုံးသပ်၍ ချမှတ်ခဲ့သော လမ်းစဉ်သည် ဘယ်ဟာလဲ ?
* ထိုဗုဒ္ဓ လမ်းစဉ်ကို လက်တွေ့ ကျင့်ကြံနေသူများအား အခါမလင့် အကျိုးပေးသည် ဆိုသည်မှာ မှန်သလား ?
* မသေမီ ရှေးအဖို့မှာပင် ငြိမ်းချမ်းမှုအား ရရှိနိုင်ပုံကို ဗုဒ္ဓက မည်သို့ မိန့်ကြားခဲ့သလဲ ?

မွန်မိုယ အချိန်ယူ ရေးသားထားသော

# ဗုဒ္ဓ၏

# ဝိသေသ လက္ခဏာများ

အထက်ဖော်ပြပါ လေးပင်နက်ရှိုင်းလှသော ဗုဒ္ဓ၏ဓမ္မများကို ပါဠိမဖက် စကားပြေသက်သက်ဖြင့်သာ လူတိုင်း ရှင်းလင်းစွာ နားလည်ရန် အနုပညာမြောက် ရေးသား တင်ပြထားသည်။

နှလုံးလှစာပေမှ မကြာမီ ထွက်လာပါတော့မည်။

ဆက်လက်ထွက်လာမည့် ‘နှလုံးလှ’ စာအုပ်ကောင်းများ

ဓမ္မာစရိယ ဦးဌေးလှိုင်

၏

# ပေတဝတ္ထု

မမြင်ရသော ‘တမလွန်လောကမှဖြစ်ရပ်ဆန်းများ’ ဗုဒ္ဓကိုယ်တွေ့ ထုတ်ဖော် ဖွင့်ဆိုထားသည်ကို တစုတဝေးတည်း ဖတ်ရှုရမည်။

လူတိုင်း သေကြရအံ့။ မသေဘူးသောအိမ် မရှိ။

လူတိုင်းသိသင့်၏။ အိမ်တိုင်းထားရမည့် စာတအုပ်။

---

# အနာဂါမ် ဆရာသက်ကြီးနှင့် လူပုဂ္ဂိုလ်ထူးများ

အထူးညွှန်းရန်မလို၊ စာတတ် ဆရာတော်များပင် သူ့ထံ၌ နည်းခံခဲ့ကြရ၏။ ယနေ့ပင်လျှင် ဂျပန်၊ ဣန္ဒိယ အမေရိကနှင့် ဥရောပ တို့၌ သူ့နည်း သူ့သတင်းများ သင်းပျံ့နေဆဲ။

နောက် သူ့တရားနှင့် သူ့လိုပုဂ္ဂိုလ်ထူးများ။

---

မိုးကုတ်ဆရာတော်၏

# အဘိဓမ္မာ ပဋ္ဌာန်း တရား

ဆရာတော် ချုပ်ချက် မူရင်းအတိုင်း တည်းဖြတ် စီစဉ်ထားသည်။ စာအုပ် မဖြစ်ပေါ်ဘူးသေး။

ဆရာတော်၏ ပဋိစ္စသမုပ္ပါဒ် တရားကဲ့သို့ပင် ပွင့်လင်း၏၊ နက်နဲ၏။ အဆုံးအဖြတ်၊ ဇာတ်လမ်း၊ သရုပ်များဖြင့် ‘၂၄-ပစ္စည်း’ အဓိပ္ပာယ်ကို ‘ခန္ဓာ ဉာဏ်ရောက်’ သင်ကြားခဲ့သော နှုတ်တိုက် မှတ်တမ်းကြီး။

# သမိုင်းနောက်ခံ ဝတ္ထုကြီး

* ၆-ရာစုနှစ်က အိန္ဒိယနိုင်ငံမှ တောတောင် အထပ်ထပ်ကို ဖြတ်ကျော်ပြီး၊ တရုတ်ပြည်သို့ ဗုဒ္ဓ၏ တရားဓမ္မ ဖြန့်ဖြူးရန် အသက်ဆံဖျား စွန့်စားသွားရောက်ခဲ့သော ဘိက္ခုနရိန္ဒယသ၏ ကိုယ်ရေး အတ္ထုပ္ပတ် ပုံသဏ္ဍာန်ဖြင့် ရေးသားထားသည့် ထူးခြားဆန်းကြယ်သော သမိုင်းဝင် ဝတ္ထုကြီးဖြစ်သည့်–

ရာဟုလာသံကိစ္စည်း ၏

# အမေ့ခံ ခရီးသည်

ပါရဂူ

မြန်မာပြန်သည်

* ဤဝတ္ထုကြီးသည် အသက်ဆံဖျား သွားရောက်ခဲ့သည့် ခရီးသွား မှတ်တမ်းကြီးသဖွယ်လည်း ဖြစ်သည်။

* ချစ်ခန်း၊ ကြိုက်ခန်း၊ စွန့်စားခန်းများ ပါဝင်နေသဖြင့် အချစ်နှင့် စွန့်စားခန်း ဝတ္ထုကြီးလည်းဖြစ်သည်။

* ဗုဒ္ဓဘာသာသမိုင်းနှင့် ဗုဒ္ဓတရားကို ဦးစားပေး ဖော်ပြထားသဖြင့် ဓမ္မဝတ္ထုကြီး အနေဖြင့်လည်း တည်ရှိနေပေသည်။

အရွယ်ကြီး၊ ဆိုက်ကြီး၊ အခန့်ချုပ်၊ စာမျက်နှာ ၅၀၀ ကျော်၊ နှလုံးလှ အပြင်အဆင်ဖြင့် မကြာမီ ထွက်လာပါတော့မည်။

# ဓမ္မပဒ

## ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ–လန်ဒန်)

○ ဓမ္မပဒသည် ကမ္ဘာ့စာပေနယ်၌ နေရာယူထားသော ကျမ်းတဆူ ဖြစ်၏။ ဗုဒ္ဓဘာသာဝင်များသာမက အခြား ဘာသာဝင်များက လည်း ဓမ္မပဒကို စိတ်ဝင်စားကြသည်။ အလေးအနက် ပြုကြသည်။ အဘယ့်ကြောင့်နည်း။

○ ဓမ္မပဒသည် ဗုဒ္ဓကိုယ်တော်တိုင် မြွက်ကြားခဲ့သည့် ဇာတ်သိမ်းများ ဖြစ်၏။ အတွေးအခေါ် သဘောတရားများလည်း ဖြစ်၏။ ဝါဒ လမ်းစဉ်နှင့် လမ်းညွှန်ချက်များလည်း ဖြစ်၏။ ဆန့်ကျင်ဘက် အယူဝါဒ သမားများအား တုံ့ပြန်ရာ၌ အထိရောက်ဆုံးသော လက်ဆောင်မွန်လည်း ဖြစ်၏။

○ အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုး၊ လိမ္မာခြင်းနှင့် မိုက်မဲခြင်း၊ အကျိုးနှင့်အပြစ် စသည်ကို ခွဲခြမ်းမြစ်မြစ်၍ လင်းပါး ညွှန်ပြရာ၌ ဓမ္မပဒသည် ဩဇာအကြီးမားဆုံးသော တရားသူကြီး ဖြစ်၏။

○ ဓမ္မပဒကို ပုံစံအမျိုးမျိုးဖြင့် ထုတ်နုတ် ရေးသားခဲ့ဘူးကြပြီ။ ယခု ဓမ္မပဒသည် မည်သည့် ဓမ္မပဒနှင့်မျှ မတူ။ အပြည့်အစုံ လိုရင်း ကျကျ ရှင်းလင်းပီပြင်သော ဓမ္မပဒဖြစ်သည်။

**နှလုံးလှစာပေ၏မူအတိုင်း ဝေဝေဆာဆာ ထွက်လာပါမည်။**

# ဓမ္မာစရိယ ဦးဓွေးလှိုင်၏

# ရတနာသုံးပါးကျေးဇူး

## [ကိုယ်တွေ့ဝတ္ထုများ]

* သရဏဂုံနှင့် ပင်လယ်ထဲ မျောနေသူ။
* ဗုဒ္ဓါနုဿတိနှင့် မင်းဖြစ်ခြင်း။
* ဂျပန် ကင်ပေတိုင်နှင့် လူဆိုးများကို မျက်စိ ကန်းစေသည့် အရဟံဂုဏ်တော်နှင့် ၂၄-ပစ္စည်း။
* သရဏဂုံ၊ ငါးပါးသီလ၊ ကန်တော့ခန်း၊ ဂုဏ်တော်၊ ပရိတ်၊ ဆုတောင်း၊ အမျှဝေ....စသော အခြေခံ ဘာသာရေးကိစ္စ အတွက် စနစ်တကျ လွယ်လွယ်ကူကူ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။
* စာဖတ်တတ်ခါစ ကလေးငယ်များ နားလည် သဘောပေါက်၍ စိတ်ပါဝင်စား ရှိစေမည့် ကိုယ်တွေ့ဝတ္ထုများ။
* အတုမရှိ ဂုဏ်တော်ပွင့်နှင့် ဆုတောင်းခြင်း မြင်ကွင်းကျယ်။

၁၀-ချိုး ဆိုက်ကြီး စာမျက်နှာ ၅၀၀-ကျော်ဖြင့်
စက်တင် ရိုက်နှိပ်နေပြီ ဖြစ်၍

နှလုံးလှ စာပေမှ မကြာမီ ဖြန့်ချိတော့မည်

ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ ၂

- လူသားတိုင်းသည် မိမိတို့ အလိုရှိရာ အရပ်ဌာနသို့ ရှေးရှု၍ သွားနေကြ၏။ မိမိတို့ အလိုရှိသော အရာဝတ္ထုကို ရှာဖွေ၍ နေကြ၏။ သို့သော်...ကြိုးစား၍ သွားတိုင်း ရောက်သည်မဟုတ်။ ကြိုးစား၍ ရှာဖွေတိုင်း ရရှိသည်လည်း မဟုတ်။

- လမ်းကောင်း လမ်းမှန်ကို သိသူသာလျှင် သက်သက်သာသာဖြင့် လိုရာသို့ရောက်နိုင်သည်။

- အသိမှန် အမြင်မှန် ရှိသူသာလျှင် လိုချင်သည့် အရာဝတ္ထုကို လွယ်လွယ်ကူကူ ရရှိနိုင်သည်။

- ဗုဒ္ဓသည် လမ်းမှန်နှင့်လမ်းမှားကို ညွှန်ပြတော်မူ၏။ အသိမှန်နှင့် အမြင်မှန်ကို ညွှန်ပြတော်မူ၏။ ဘဝခရီးသည်ဖြစ်သော ကျွန်ုပ်တို့သည် မည်သည့်လမ်းသို့ လိုက်ကြမည်နည်း။ မည်သည့် အသိအမြင်ကို ရယူကြမည်နည်း။ ကျွန်ုပ်တို့သည် တခုတခုသော တွန်းအား ဆွဲအား ဖိအားကြောင့် ခဏတာမျှသော စိတ်ကြိုက်နှောင်ကြိုး လိုက်မှားမိကြသော် ဘဝအသချေ အရှုံးနှင့် ရင်ဆိုင်ရချိမ့်မည်။ ခွင့်သာခိုက်တွင် ထိုက်ရာတန်ရာကို အရှုံးမဲ့ ဖမ်းယူနိုင်ဘို့လိုသည်။

- ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများသည် လူသားတို့အတွက် လမ်းကောင်း လမ်းမှန်ကိုပြရာ၌၊ အသိမှန် အမြင်မှန်ကိုပြရာ၌ ဘက်ပေါင်းစုံမှ မီးမောင်း ထိုးပြသကဲ့သို့ ရှိသည်။ မိမိတို့၏ဘဝကို အဓိပ္ပာယ်ရှိရှိ ပျော်ရွှင်ချမ်းမြေ့ အောင် [illegible]ည်ဆောက်လိုသူတိုင်းအတွက် တန်ဘိုး မဖြတ်နိုင်သော လက်ဆောင်ကောင်းတခုဖြစ်သည်။